
www.burmeseclassic.com

လူထု စိန်ဝင်း

# ရှက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၄၀၀ ၂၅၅ ၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၀ ၅၁၉ ၀၅၁၁

မျက်နှာဖုံးဒီဇိုင်း ဘဒွေးကြည်
ထုတ်ဝေသူ ဒေါ်အေးအေးပြုံး
ပင်ဝါးရုံစာပေ
အမှတ် ၂၂၂၊ စံပယ်မာဃလမ်း
ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်သူ ဦးဇော်မြင့်ဝင်း
ကာလာဇုန်ပုံနှိပ်တိုက်
အမှတ် ၁၈၄(ဘီ)၊ ၃၁ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်ခြင်း ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၁၀၀၀
တန်ဖိုး ၂၅၀၀ ကျပ်

၈၀၈.၈၄
စိန်ဝင်း၊ လူထု
ရှက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ်/ လူထုစိန်ဝင်း။
ရန်ကုန်၊ ပင်ဝါးရုံစာပေ၊ ၂၀၁၀။
စာမျက်နှာ ၃၇၀၊ ၁၃၀ x ၂၁၀ စင်တီမီတာ
(၁) ရှက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ်

## လူထုစိန်ဝင်း

# ရှက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ်

www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်

ဤစာအုပ်တွင်ပါရှိသော ဆောင်းပါးအများစုမှာ Weekly Eleven ဂျာနယ်တွင် ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ်များအတွင်း ဖော်ပြပါရှိခဲ့သော ဆောင်းပါးများဖြစ်ပါသည်။ ဆောင်းပါးအဆုံးတွင်ပါရှိသော ရက်စွဲများမှာ ၎င်းဆောင်းပါးကို စာရေးသူ ရေးသားခဲ့သောရက်၊ သို့မဟုတ် ဂျာနယ်တွင် ပါရှိသောရက် ဖြစ်ပါသည်။

# မာတိကာ


၁။ လောင်းမှာလား သကြံန်ရေ ၁၁

၂။ ဦးဆောင်လမ်းပြသူကောင်းပဲ လိုတယ် ၁၅

၃။ သတင်းသမားလူငယ်တွေကို ကျေးဇူးတင်တယ် ၁၉

၄။ ပါးစပ်နဲ့အလုပ်မလုပ်နဲ့ ၂၃

၅။ နတ်ရုပ်စောင်းတာမကြည့်နဲ့ ကိုယ့်တာဝန်ကျေဖို့ပဲလိုတယ် ၂၇

၆။ လာမယ့်ဘေး ပြေးတွေ့လိုက်စမ်း ၃၂

၇။ ရိုးသားမှု၊ ဝါသနာပါမှုနဲ့ သတင်းလုပ်ငန်း ၃၆

၈။ စိန်နားကပ်ရောင်နဲ့ ပါးမပြောင်စေချင် ၄၂

၉။ လုပ်သင့်တာကို လုပ်သင့်တဲ့အတိုင်း လုပ်သင့်တဲ့အချိန်မှာလုပ် ၄၆

၁၀။ စိတ်ချမ်းသာပျော်ရွှင်လိုပါသလား ၅၀

၁၁။ ကုံကော်ရိပ်မှာ ချွေးသိပ်ခိုနား တီးတိုးစကားမဆိုနိုင်ပြီ ၅၄

၁၂။ ဂျာနယ်တွေဖတ်ရတာ ဆားမပါတဲ့ဟင်းလိုပဲ ၅၈

၁၃။ အပြောင်းအလဲလုပ်ရမှာ မကြောက်ပါနဲ့ ၆၂

၁၄။ ဦးနှောက်ခြောက်လိုက်ရတာ ၆၇

၁၅။ ကလေးတွေ ပုတ်သင်ညိုဖြစ်မှာစိုးတယ် ၇၁

၁၆။ ပြည်တွင်းဖြစ်နိုင်ငံခြားသား ကိုရွှေဗမာများသို့ ၇၄

၁၇။ ပညာမာနလေးတော့ ရှိကောင်းပါတယ် ၇၈

၁၈။ ပတ္တမြားမှန်ရင် အရောင်ထွက်မှာပဲ ၈၃

၁၉။ အဖြူရောင်မုသား အပြစ်မရှိတဲ့လား ၈၈

၂၀။ လွမ်းစရာရှိမှ လွမ်းပါတယ် ၉၃

၂၁။ ပြည်တွင်းဖြစ်ယန်းကီးများ ၉၇

၂၂။ စာဖတ်သူများသို့ ပြန်ကြားချက် ၁၀၁

၂၃။ မရှိမဖြစ် အဆွေခင်ပွန်းကောင်း ၁၀၆

၂၄။ နန္ဒောပနန္ဒနဂါး ချွတ်တော်မူပုံ ၁၀၉


www.burmeseclassic.com

www.burmeseclassic.com


၂၅။ သူတို့ပြန်လာကြမှာပါ ၁၁၄
၂၆။ လူလိမ္မာတွေများနေရင် ၁၁၈
၂၇။ ဟုတ်သလိုလိုက မဟုတ်ဘူး ၁၂၃
၂၈။ လူသားအားလုံး မေတ္တာဝေတဲ့နေ့ ၁၂၇
၂၉။ မေတ္တာခြံမှ လုံပါတယ် ၁၃၂
၃၀။ မူဝံကြွယ်ကြွေကျခြင်းနဲ့ ကမ္ဘာဖျက်ကပ်ကြီးကြုံရခြင်း ၁၃၇
၃၁။ ရှေးတန်ဖိုးနဲ့ ခေတ်တန်ဖိုး ၁၄၃
၃၂။ ဆောင်းပါးလား၊ ကြော်ငြာလား ခွဲခြားသိပါရစေ ၁၄၇
၃၃။ အညာသားတွက် မေတ္တာအညာစာ ၁၅၁
၃၄။ စာရိတ္တပညာနဲ့ ပြည်သူ့နီတိသင်ကြားပေးဖို့လိုနေပြီ ၁၅၅
၃၅။ ငယ်ငယ်ကသင်ခဲ့ရတဲ့ မှင်စာလေးတာတေအကြောင်း ၁၆၁
၃၆။ ပင်လယ်ရောက်မှ ချောင်းကိုသတိရလိမ့်မယ် ၁၆၆
၃၇။ အတွေ့အကြုံဆိုတာ ပညာမဟုတ်ပါ ၁၇၂
၃၈။ ဓမ္မဆိုတာ ရင်ကိုငြိမ်းအေးစေတယ်၊ လိပ်ပြာသန့်စေတယ် ၁၇၆
၃၉။ ပြိုင်ဘက်ဆိုတိုင်း ရန်ဘက်မဟုတ်ပါ ၁၈၂
၄၀။ ဒုက္ခိတဖြစ်တာကိုပဲ ကျေးဇူးတင်ရသေးတော့တယ် ၁၈၇
၄၁။ မန္တလေးရဲ့ဝိညာဉ် (၁) ၁၉၁
၄၂။ မန္တလေးရဲ့ဝိညာဉ် (၂) ၁၉၇
၄၃။ မန္တလေးရဲ့ဝိညာဉ် (၃) ၂၀၃
၄၄။ မန္တလေးရဲ့ဝိညာဉ် (၄) ၂၀၈
၄၅။ ခြင်ချောလဲစာနဲ့ ငွမ်းဆီထီစာ ၂၁၃
၄၆။ ခေါင်းငုံ့မထားနဲ့၊ ရဲရဲကြီးမော့ထားလိုက်စမ်းပါ ၂၁၉
၄၇။ ဟမ်ဘာဂါနဲ့ ပေါက်စီကြားက မုန့်ပြားသလက်၊ မုန့်စိမ်းပေါင်း ၂၂၄
၄၈။ 'ညှော်ကြော်မယ်ဗျို့'အော်တဲ့ ပြည်သူ့နီတိအခြေခံ ၂၂၆
၄၉။ ပါပါ၊ မာမား၊ အားပူချေးနဲ့ အိုပါးတဲ့လား ၂၃၄
၅၀။ ရက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ် ၂၃၈
၅၁။ ကျွန်တော့်အိမ်မှာ တံခါးတွေအမြဲဖွင့်ထားတယ် ၂၄၃
၅၂။ အောင်မြင်မှုဆိုတာ ရလဒ်လားလုပ်ရပ်လား ၂၄၇
၅၃။ မတူပေမယ့် တွဲလို့ရတယ် ၂၅၁
၅၄။ အိမ်ဦးနတ်အစွဲနဲ့ ရောင်းကုန်စိတ်ခါတ် ၂၅၆
၅၅။ ဘယ်သူကပညာပေးခံသင့်တာလဲ ၂၆၁
၅၆။ ဆရာမလုပ်နဲ့ လေနည်းနည်းလျှော့ ၂၆၅
၅၇။ လူဆိုးနဲ့ လူယုတ်မာ ၂၇၀
၅၈။ လူယဉ်က လူရိုင်းဖြစ်ရခြင်းအကြောင်း ၂၇၅
၅၉။ နှောင်ကြိုးနဲ့မီဒီယာ၊ နှောင်ကြိုးမဲ့မီဒီယာ ၂၈၀
၆၀။ ဓမ္မနဲ့ အဓမ္မကြား 'ဝင်း–ဝင်း'အဖြေရှိနိုင်သလား ၂၈၅
၆၁။ ချိန်ထိုးကြည့်စရာ ကျင့်ဝတ်နမူနာ ၂၉၀
၆၂။ ပုရစ်ကြော်နဲ့ ယုန်သားထောင်းအလွမ်းပြေ ၂၉၅
၆၃။ လူယဉ်ကျေးဖြစ်ချင်ပေမယ့် ၃၀၀
၆၄။ အိုက်ဒီယောလော်ဂျီ ချုပ်ခြိုးကျမဖြစ်ဖို့အရေးကြီးတယ် ၃၀၅
၆၅။ ခဏအေး၊ အစဉ်ပူဖြေရှင်းနည်းရဲ့ အန္တရာယ် ၃၁၀
၆၆။ မုန်ကန်ပြီး တရားမျှတစွာကစားတဲ့ပြိုင်ပွဲကြည့်ချင်တာပါ ၃၁၅
၆၇။ နှစ်သစ်အဓိဋ္ဌာန်ပြုတဲ့အခါ ၃၁၉
၆၈။ သူခိုးသေဖော်ညိုစာမျိုးတွေ ၃၂၃
၆၉။ အထီးကျန်ဝေဒနာ မြန်မာပြည်မှာမရှိ ၃၂၈
၇၀။ ဖယောင်းလိုပျော့ပျောင်းတဲ့ သံမဏိလူသား ၃၃၂
၇၁။ ရယ်စရာတွေများပြီး ဟာသရှားတယ် ၃၃၇
၇၂။ ၁၀၁ ကြိမ်မြောက် သတိပေးနှိုးဆော်ခြင်း ၃၄၁
၇၃။ သက်သတ်လွတ်စားတဲ့ကျားရှိသလား ၃၄၅
၇၄။ မြန်မာအခေါ်ခံရဖို့ မထိုက်တန်တဲ့သူတွေ ၃၄၉
၇၅။ ပရဟိတနဲ့ မီးရှိလို့ မီးခိုးထွက်တဲ့ကိစ္စ ၃၅၃
၇၆။ ခြသေ့်မှန်ရင် မြက်မစားဘူး ၃၅၈
၇၇။ မစားကောင်း မသောက်ကောင်းတဲ့အရာ ၃၆၂
၇၈။ ဝါးတားဂိတ်အစ၊ မော်နီကာဂိတ်အလယ်၊ သက်ဆင်ဂိတ်အဆုံး ၃၆၇


www.burmeseclassic.com

www.burmeseclassic.com

# လောင်းမှာလားသင်္ကြန်ရေ

## သင်္ကြန်နီးပြီ

သင်္ကြန်တေးသံတွေ လေထဲမှာပျံ့လွင့်နေကြပြီ။ မနေ့တစ်နေ့ကပင် အရိုးပြိုင်းပြိုင်းဖြစ်နေတဲ့ အိမ်ရှေ့က ပိတောက်ပင်သုံးပင်လည်း ရွက်နုစိမ်းတွေ ဝေဆာအုပ်ဆိုင်းနေပြီ။ တစ်ကိုင်းတလေမှာဆို ပိတောက်ဖူးလေးတွေတောင် တွေ့ရနိုင်တယ်။ ရွက်ဟောင်းကြွေ၊ ရွက်သစ်ဝေတာပေါ့။ သဘာဝတရားကတော့ မှန်မှန်ကြီးလည်ပတ်ပြီး သူ့တာဝန်သူ ထမ်းဆောင်နေပေတာပဲ။

## ပါးစပ်သင်္ကြန်ကျ

သင်္ကြန်နီးတော့ ဂျာနယ်သမားလေးတွေက သင်္ကြန်အကြောင်း ရှေးဟောင်းနှောင်းဖြစ်လေးတွေ ရေးပေးပါလို့ တောင်းဆိုကြတယ်။ မန္တလေးသားကို သင်္ကြန်အကြောင်းရေးပေးပါလို့ပြောတာဟာ ရှူဠလိပ် ရေထဲလွှတ်သလို ဖြစ်တယ်ဆိုတာ လူငယ်လေးတွေ ဘယ်သိကြမှာလဲ။ မန္တလေးသားနဲ့ သင်္ကြန်ဆိုတာက ဘယ်လိုမှခွဲမရနိုင်တာမျိုး ဖြစ်တယ်။ ဘယ်လောက်ဝေးတဲ့အရပ်ကို ရောက်နေရောက်နေ သင်္ကြန်ရောက်ပြီဆိုတာနဲ့ ဖြစ်တဲ့နည်းနဲ့ အပြေးပြန်ကြတာချည်းပဲ။ ရန်ကုန်မှာကျောင်းတက်နေစဉ်ကများဆိုရင် စာမေးပွဲနောက်ဆုံးနေ့မတိုင်ခင်ည သူများတကာတွေ ခေါင်းမဖော်နိုင်အောင် စာကျက်ကောင်းနေချိန်မျိုးမှာ စာအုပ်တွေသိမ်းပြီး အထုပ်ပြင်နေတာလေ။ နောက်တစ်နေ့ စာမေးပွဲဖြေပြီးတာနဲ့ အထုပ်ဆွဲပြီး ဘူတာတန်းဆင်းတော့တာ။ မီးရထားဌာနက တက္ကသိုလ်ကျောင်းသား တစ်ဝက်ခလျှော့ပြီး လက်မှတ်ရောင်းမယ့်ရက်ကိုတောင် ဘယ်တော့မှ စောင့်တာမဟုတ်ဘူး။ အဲဒီလောက် အဖြစ်သည်းကြတာ။ ပြန်ချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်လို့မရတဲ့နေရာမျိုး ရောက်နေရင်တောင်မှ ပါးစပ်နဲ့တော့ သင်္ကြန် ဝင်ကျလိုက်မိသေးတာ။ တစ်နေ့လုံး၊ တစ်ညလုံး 'မြနန္ဒာ' ဆိုလိုက်၊ 'တူးပို့ တူးပို့' ဆိုင်းချက်လိုက်လိုက်နဲ့ မမောနိုင်တော့ဘူး။

## မြို့နဲ့မြို့မ တစ်သားတည်း

'ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့လွင် ...
ဟောတစ်ရုံ ... ဟောတစ်ရုံ ပန်းမျိုးစုံတဲ့ပြင် ...
ရွှေမန်းမာလာပန်းဥယျာဉ် ရှုမငြီးအောင်ပင်
နှစ်ကူးရေနန်း ငွေငန်းမောင်လန်းရွှင် ...'

'သင်္ကြန်လေ ... သုတ်ဖြူးဆော်သွေး အေးအေးညှင်းညှင်း
ဂီတတွေ ဆောင်ကြဉ်းလို့ပင် ... ပျော်ငန်းနွဲ့တူယှဉ် နွဲ့ယိမ်းကာ
ဖော်သွေးငင် သင်္ကြန်မာလာ ဖော်ဆွေပျော်စေချင် ...
မာကြစေ ခါရေသဘင်၊ သာကြစေ ခါရေသဘင်
ရွှဲလို့စိုအောင် လောင်းပါတော့လေ ငန်းငွေတေးနွဲ့ယှဉ်
ငေးလို့နေအောင် လှစေနှမရေ တောင်းတဲ့ဆုများပင် ...'

မန္တလေးသားနဲ့သင်္ကြန် ခွဲထားလို့မရသလိုဘဲ သင်္ကြန်နဲ့ မြို့မကိုလည်း ခွဲပြောလို့မရဘူး။ မြို့မဟာ မန္တလေး၊ မန္တလေးဟာ မြို့မ တစ်သားတည်း ဖြစ်နေတယ်။ မြို့မက သိပ်တော်တာ၊ သိပ်ကောင်းတာလို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြတာ မဟုတ်ပါဘူး။ ဇီးကွက်လောက်တော့ ငှက်တိုင်းလှသလို မြို့မလိုအသင်းတွေ၊ မြို့မထက်သာတဲ့အသင်းတွေ အများကြီးရှိမှာပါ။ ဒါပေမဲ့လို့ မန္တလေးနဲ့ မြို့မ တစ်သားတည်းကျနေတာမျိုးကတော့ တခြား ဘယ်မြို့မှာမှ တွေ့နိုင်မယ်မထင်ပါဘူး။ မြို့မက မန္တလေးကို ချစ်သလို မန္တလေးကလည်း မြို့မကို ချစ်ကြတယ်။

## မန္တလေးဝိညာဉ်ဦးထိပ်ပန်ဆင်

မြို့နဲ့ မြို့မ တစ်သားတည်းကျတာကို အသိသာအထင်ရှားဆုံးက သင်္ကြန်ပွဲတော်ဖြစ်တယ်။ ရေပက်မဏ္ဍပ်တစ်ခုရှေ့ မြို့မရောက်ပြီဆိုလို့ကတော့ မဏ္ဍပ်က သင်္ကြန်ပျိုမေတွေနဲ့ မြို့မ တစ်ကြော့ပြီးတစ်ကြော့ သီဆိုကပြကြတာများ နာရီဝက်လည်းမပြီး၊ တစ်နာရီလည်းမပြီးနိုင်ဘူး။ နောက်က အသင်းတစ်သင်း ရောက်လာပြီဆိုမှ မလွှဲသာလို့ခွဲကြတာ၊



ဒါတောင် ပရိသတ်အတော်များများက မြို့မကားနောက်ကို အပြေးလိုက်သွားတတ်ကြသေးတယ်။ မြို့မကလည်း လူတွေချစ်အောင်လုပ်တတ်တယ်။ မန္တလေးရဲ့ဝိညာဉ်ကို မြို့မက အမြဲဦးထိပ်မှာထားတယ်။ မန္တလေးရဲ့ ဓလေ့စရိုက်၊ မန္တလေးရဲ့ အနုအယဉ်၊ မန္တလေးရဲ့ အစဉ်အလာယဉ်ကျေးမှု အနုပညာ ဆိုတာတွေက မန္တလေးရဲ့ အသက်ဝိညာဉ်ပဲမဟုတ်လား။ ဒါတွေကို မြို့မက အမြဲဦးထိပ်ပန်ဆင်တယ်။ သင်္ကြန်ပြီးသွားတာနဲ့ ပွဲပြီးမီးသေ ဖြစ်မသွားဘူး။ ကဆုန်ညောင်ရေသွန်းပွဲတော် ရောက်တော့လည်း မြို့မက ငွေငန်းကြီးနဲ့ထွက်လာပြီး ညောင်ရေသွန်းတာပဲ။ တန်ဆောင်တိုင်ပွဲရောက်တော့လည်း စစ်ကိုင်းတောင်ရိုးမှာ အဖိတ်နေ့ည တစ်ညလုံး လှည့်ပတ်ဖျော်ဖြေနေတာလေ။ ဒီတော့ မြို့က မချစ်ဘဲဘယ်ရှိတော့မှာလဲ။

## သင်္ကြန်ဇာတ်လမ်းလေးတွေ

သင်္ကြန်ဆိုတာက လူငယ်တွေ စိတ်လွတ်ကိုယ်လွတ် ပျော်ချင်တိုင်း ပျော်ကြစမ်းဆိုပြီး လူကြီးမိဘတွေကိုယ်တိုင်က ခွင့်ပြုထားတဲ့ပွဲ ဖြစ်လေတော့ မီးကုန်ယမ်းကုန် ပျော်ကြတာပါပဲ။ ရပ်ကွက်တွေထဲက အမျိုးသမီး ရေပက်မဏ္ဍပ်တွေဆိုရင် သမီးပျိုလေးတွေ တစ်နှစ်တစ်ခါ ပျော်စေဖို့ မိဘတွေကိုယ်တိုင်က ဦးစီးကြီးကြပ်လုပ်ပေးကြတာ။ သမီးလေးတွေ ဆိုကြကကြ၊ ရေပက်ကြနဲ့ ရွှင်လန်းမြူးထူးနေတာကို မိဘတွေက စင်ပေါ်ကနေပြီး ထိန်းသိမ်းစောင့်ရှောက်နေကြတာ။ အမေတွေ၊ ကြီးတော်တွေ ဒီလို လိုက်ပါနေတဲ့ကြားက သင်္ကြန်ဇာတ်လမ်းလေးတွေ အစပျိုးခဲ့ကြရတယ်။ မျက်လုံးချင်းဆုံကြ၊ အကြည့်ချင်းဖလှယ်ကြနဲ့ စခဲ့ကြတာပေါ့လေ။

သင်္ကြန်ပြီးသွားတော့ ဈေးချိုထဲလမ်းသလားကြ၊ ဒါမှမဟုတ် ကျောင်းသွားကျောင်းပြန် ကျောင်းပေါက်ဝမှာ ရစ်သီရစ်သီလုပ်၊ ဒီလိုနဲ့ပဲ ဖူးစာဆုံသူတွေက ဆုံကြ၊ တစ်သက်တာ သူငယ်ချင်းကောင်းဖြစ်သူတွေက ဖြစ်သွားကြတော့တယ်။ အခုခေတ်တော့ ဒီလိုလွမ်းစရာလေးတွေ ဘယ်ရှိနိုင်တော့မှာလဲ။ မဏ္ဍပ်ရှေ့ ကားထိုးရပ်လိုက်တာနဲ့ ရေပိုက်တွေနဲ့ ခေါင်းမဖော်နိုင်အောင် ဝိုင်းထိုးကြတာလေ။ ဘယ်မှာမျက်လုံးချင်းဆုံပြီး ရင်ခုန်စရာတွေ ကျန်ရစ်နိုင်တော့မှာလဲ။ ရှေးကသင်္ကြန်ကိုပဲ လွမ်းမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ပိုက်တစ်ချောင်း ငါးသောင်း၊ခြောက်သောင်း

ခုခေတ်က ကြော်ငြာမဏ္ဍပ်ကြီးတွေက အကြီးကြီးပါပဲ။ စင်ပေါ်မှာ လူတွေကလည်း အများကြီးပါပဲ။ ဒါပေမဲ့လို့ အဲဒီအကြီးကြီးနဲ့ အများကြီး တွေက နေရာတစ်နေရာမှာသာ စုပြုံရှိနေတာဆိုတော့ တစ်မြို့လုံးမှာတော့ ခပ်ခြောက်ခြောက်ပါ။ ရပ်ကွက်တွေထဲ၊ လမ်းတွေထဲမှာ ရှေးကလို ရေပက် မဏ္ဍပ်တွေနဲ့ သီဆိုကပြဖျော်ဖြေတာမျိုး မရှိတော့ဘူး။ ရေပက်ခံကားတွေ ကလည်း အကြီးကြီးတွေနဲ့ အများကြီးရှိတဲ့နေရာတွေကို သွားကြတယ်။ ရပ်ကွက်ထဲက မဏ္ဍပ်လေးတွေကို မသွားကြတော့ဘူး။ ဒီတော့ ရပ်ကွက် တွေထဲက လူငယ်တွေနဲ့ ကလေးတွေ မပျော်ကြရဘူး။ ပိုက်ဆံတတ်နိုင် သူက ကားငှားပြီးလည်ရင်လည်၊ မိန်းကလေးများက အကြီးကြီးတွေနဲ့ အများကြီးတွေမှာ ပိုက်တစ်ချောင်းကိုင်ရဖို့ ငွေလေးငါးခြောက်သောင်းပေးပြီး ပက်ရင်ပက်၊ ဘာရင်ခုန်စရာမှ မရှိနိုင်ဘူး။ ဘာဇာတ်လမ်းတွေမှလည်း ဖြစ်မလာနိုင်ဘူး။

### ရွှေအောင်လောင်းမေ မာပါစေ

'သကြိန်လေညင်းလုလင် ... မြူးရွှင်တော့ပေ ...
ပိတောက်တွေထုံတဲ့ဝတ်မှုံ ဝတ်ဆံကြားတွေ ...
ဝတ်ရည်ဆွတ်ဖျန်းလို့သာ ဖြတ်သန်းကာ ကြိုင်လန်းစွာ
ငွေငန်းကို ကြိုလာပါတော့တယ်လေ ...'
'ဘယ်သူတွေ ထိုလေပြည်ကိုစေ ... ဟောဒီရေနန်းဗိမာန်
ငွေငန်း မိဋ္ဌာန် ရောက်ပြန်ပြီလေ ... နှစ်ဦးဂီတလက်ဆောင်
မာပါစေ သာပါစေ (လုပေါင်းခတဲ့တို့မေ)၊
လောင်းမှာလား သကြိန်ရေ၊ ရွှေအောင်လောင်းမေ မာပါစေ ...'

မြို့မငြိမ်းရဲ့ 'သကြိန်လေညင်းလုလင်' သီချင်းသံလေးကို နားထဲမှာ ကြားယောင်နေမိတယ်။ စကားလုံးလေးတွေ လှလိုက်တာ၊ နုလိုက်တာ၊ စိတ်ကူးလေးတွေကလည်း ယဉ်လိုက်တာ။ အပြင်ဘက်မှာတော့ လက်ဖက် ရည်ဆိုင်ကက်ဆက်က 'ယောက်ဖရေ'ဆိုတဲ့အသံတွေ ညံနေအောင် ထွက် နေပါတော့တယ်။

၃၁၊ ၃၊ ၂၀၀၈



BURMESE CLASSIC .com

## ဦးဆောင်လမ်းပြသူကောင်းပဲလိုတယ်

နာဂစ်မုန်တိုင်းကြီး တိုက်ခတ်အပြီး ၁၀ ရက်လောက်အကြာမှာ ပြင်ဦးလွင်က လူငယ်စာရေးဆရာ ကိုမင်းရာတစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာပါတယ်။ သူက အကြောင်းမရှိဘဲ ရန်ကုန်ကို မလာ တတ်ပါဘူး။ မိဘနှစ်ဦးကို အဖော်ပြုနေရသူဖြစ်တာကြောင့် ညအိပ်ညနေ ခရီးထွက်ခဲပါတယ်။

### လိပ်ပြာမလုံလို့

'လူတွေသိန်းနဲ့ချီပြီး သေကျေပျောက်ဆုံးဖြစ်ရတဲ့ ကပ်ဆိုး၊ ဘေးဆိုး ကြီးမှာ လူတိုင်း တစ်ပိုင်တစ်နိုင် တတ်စွမ်းသမျှ ပိုင်းဝန်းကူနေကြတဲ့ အချိန်မှာ ဒီအတိုင်းကြီး ငုတ်တုတ်ထိုင်နေရတာ လိပ်ပြာမလုံဖြစ်ရတယ် ဆရာရယ်။ အဲဒါကြောင့် ဆရာတို့နဲ့တိုင်ပင်ပြီး ကိုယ်ထိလက်ရောက် ဘာတွေလုပ်နိုင်သလဲဆိုတာ စဉ်းစားမယ်။ ဘယ်သွားပြီး ဘာလုပ်ရလုပ်ရ လုပ်ဖို့ရည်ရွယ်ပြီး ဆင်းလာခဲ့တာပဲ'

ကိုမင်းရာက စိတ်အားထက်သန်စွာ လာရင်းအကြောင်းကို ရှင်းပြ ပါတယ်။ အမေလူထုဒေါ်အမာ တစ်နှစ်မှာ ခြောက်လလောက် ပြင်ဦးလွင် မှာ အပူရှောင်နေထိုင်သမျှကာလပတ်လုံး အနားမှာ လက်ကသုံးတောင်ဝေး ပြုစုစောင့်ရှောက်ရုံမျှမက အမေမော့ဆီ ရောက်လာသမျှ ရပ်ဝေးရပ်နီး ဧည့်သည်မှန်သမျှကိုလည်း စိတ်ရှည်လက်ရှည်နဲ့ စေတနာဝန်ထမ်း ဧည့်လမ်းညွှန်လုပ်ပေးနေကျ၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝသူတစ်ဦးအနေနဲ့ ငြိမ်မနေနိုင်ဘူးဆိုတာ အံ့သြဖွယ်ရာမဟုတ်ပါဘူး။ ဒါလူငယ်ရဲ့ ဇီဇ စိတ်ဓာတ်ပဲ ဖြစ်တယ်။ လူငယ်တိုင်းဟာ အများအကျိုးဆောင်ရွက်လိုစိတ် ရှိတယ်။ လိုအပ်ရင် ကိုယ်ကျိုးတောင်စွန့်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာကမြန်မာပါပဲ

မုန်တိုင်းကြီးပြီးလို့ လေးငါးရက်အကြာမှာပဲ စင်ကာပူနိုင်ငံရောက် တပည့်လေးတွေဆီက ပဏာမ စုဆောင်းကောက်ခံရရှိတဲ့ အလှူငွေ ရောက်လာပါတယ်။ ရက်ပိုင်းလောက်ခြားပြီးတော့ သြစတြေးလျ၊ အမေရိကန် နိုင်ငံများရောက် တပည့်ကျောင်းသူ၊ ကျောင်းသားများဆီကလည်း တစ်နိုင်တစ်ပိုင် ရောက်လာကြပါတယ်။ ဒီလူငယ်လေးတွေဟာ နိုင်ငံရပ်ခြားမှာ နေ့မအား၊ ညမအား ကြိုးစားပမ်းစား လုပ်ကိုင်ရှာဖွေရရှိတဲ့ ချွေးနည်းစာလေးတွေနဲ့ ပို့ပေးရှာကြတာပါ။ အချို့ဆို နိုင်ငံခြားရောက်နေတာ ဆယ့်လေးငါးနှစ်မကတောင် ရှိနေပါပြီ။ ဒါပေမဲ့ မြန်မာစိတ်ကတော့ မပျောက်ပါဘူး။ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်ကြာကြာ၊ မြန်မာက မြန်မာပါပဲ။ နိုင်ငံခြားရောက်နေသူတိုင်းကို အမေကျော် ဒွေးတော်လွမ်းသူအဖြစ် ဘယ်သတ်မှတ်လို့ ဖြစ်မှာလဲ။ မြန်မာပြည်တွင်းမှာနေရင်းက ဒွေးတော်လွမ်းသူတွေ၊ နိုင်ငံခြားရူး ရူးနေသူတွေလည်း အများကြီးရှိနေတာပဲမဟုတ်လား။ တစ်နိုင်ငံလုံးခြုံပြီးကြုံတွေ့ရတဲ့ ဒီလိုဘေးဆိုးကပ်ဆိုးကြီးရင်ဆိုင်ရတဲ့အခါကျတော့ ဘယ်သူတွေက ကရုဏာတရား ကြီးမားတယ်၊ ဘယ်သူတွေကတော့ ခေါင်းပါးကြတယ်ဆိုတာ ထင်ထင်ရှားရှား မြင်တွေ့နိုင်ကြပါတယ်။ နိုင်ငံခြားရောက် မြန်မာလူငယ်လေးတွေရဲ့ စေတနာကို သာဓုခေါ်ပါတယ်။ ပြည်တွင်းက တပည့်ဟောင်းတွေကလည်း ဒုနိုင်သမျှ ပစ္စည်းတွေ စုဆောင်းပြီး အခေါက်ခေါက်အခါခါ လေဘေးသင့်ရာအရပ်များကို သွားရောက်လှူဒါန်းကြပါတယ်။ ပြန်လာတဲ့အခါ သူတို့ဆီက ကြားရသမျှ သတင်းများကလည်း ရင်ဆို့စရာချည်းပါပဲ။

## အကျီပါချွတ်ပေးခဲ့ရ

တစ်ခေါက်မှာတော့ ဒုက္ခသည်တွေက 'ထဘီမပါဘူးလား၊ ထဘီမပါဘူးလား'လို့ချည်း မေးကြတယ်။ ထဘီတွေ ရှာဝယ်ဦးမှဖြစ်မယ်လို့ ပြောကြတယ်။ ဟုတ်သားပဲ။ လှူသမျှလူတိုင်းက ပုဆိုးတွေ၊ အကျီတွေ၊ ဘောင်းဘီတွေချည်း လှူကြမှာ။ ထဘီကို ဘယ်စဉ်းစားမိမှာလဲ။ အဲဒါကြောင့် ထဘီတွေရှာပြီး ဝယ်နိုင်းရတယ်။ တော်ပါသေးရဲ့။ ထဘီတွေကို အထက်ဆင်တပ်ပြီးသား၊ ချုပ်ပြီးသားရောင်းကြတာတွေ ရှိနေပေလို့။ ယောက်ျားလုံချည်တွေပဲ ချုပ်ပြီးသားရှိတယ်ထင်တာ။ မိန်းမလုံချည်ပါ



ချုပ်ပြီးသား ရှိတာကိုး။ ခေတ်ကိုပဲ ကျေးဇူးတင်ရသေးတယ်။ မိုးထဲ၊ ရေထဲ၊ ရွှံ့ထဲ၊ ဗွက်ထဲ၊ ခက်ခက်ခဲခဲနဲ့ အခေါက်ခေါက်အခါခါ သွားနေကြရပေမယ့် လူငယ်လေးတွေ မညည်းကြဘူး။ တက်တက်ကြွကြွ လှုပ်ရှားနေကြဆဲပါ။ လူငယ်တွေအားလုံး ကိုယ့်အသိ၊ ကိုယ့်စေတနာနဲ့ ကိုယ့်ထမင်းကိုယ်စားပြီး လုပ်နေကြတာပါ။ တစ်ခါများ လူငယ်တွေအားလုံး အကျီမပါ၊ ကျောဗလာနဲ့ ပြန်လာကြတယ်။ ဝတ်စရာမရှိတဲ့လူတွေအတွက် အကျီတွေ ချွတ်ပေးခဲ့ကြရလို့တဲ့လေ။ အာဂလူငယ်တွေပေပဲ။

## အဆင့်မြင့်တဲ့ မြန်မာ့စိတ်၊ မြန်မာ့ယဉ်ကျေးမှု

ဒီရက်ပိုင်းအတွင်း ထွက်သမျှဂျာနယ်တွေမှာလည်း မုဒိတာပွားစရာ သတင်းဓာတ်ပုံတွေချည်း တွေ့နေရတယ်။ အမြို့မြို့အနယ်နယ်ကို သွားရောက်ပြီး လှူဒါန်းကူညီသူတွေထဲမှာ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေ၊ လူရွှင်တော်တွေ၊ ရုပ်ရှင်ထဲမှာ လူကြမ်းသရုပ်ဆောင်လုပ်သူတွေ နည်းနည်းနောနောမဟုတ်ဘူး။ နယ်ပယ်အသီးသီးမှာ ရောက်ရှိနေကြတဲ့ ဆရာဝန်လူငယ်တွေကလည်း ကိုယ့်အိတ်ထဲကငွေထုတ်ပြီး သွားလှူကြတယ်။ သူတို့လှူတာသိတော့ တခြားဆရာဝန်တွေရော ဆရာဝန်မဟုတ်သူတွေပါ လာရောက်လှူဒါန်း ထည့်ဝင်ကြတာကြောင့် သုံးလေးခေါက်လောက်တောင် သူတို့လှူနိုင်ခဲ့ကြပြီလို့ သိရတယ်။ လူငယ်တွေသာ မကပါဘူး။ မဟာဂန္ဓာရုံဆရာတော်ကြီးလို၊ သီတဂူဆရာတော်ကြီးလို၊ ဓမ္မဒူတရှင်ဆေကိန္ဒလို ဆရာတော်တွေလည်း မနေနိုင်ရှာပါဘူး။ ဘေးနပ်ရိက္ခာတွေ၊ အဝတ်အထည်နဲ့ အိုးခွက်ပန်းကန်တွေ၊ စောင်တွေ၊ ခြင်ထောင်တွေ ကားကြီးတွေပေါ်တင်ပြီး တစ်ရွာဝင်တစ်ရွာထွက် လိုက်လံဝေငှနေကြပါတယ်။ ဒီလိုသတင်းတွေ၊ ဓာတ်ပုံတွေ ဖတ်ရ၊ မြင်ရ၊ ကြားရတဲ့အတွက် မုဒိတာပွားရသလို ကရုဏာတရားနဲ့ စေတနာသဒ္ဓါတရားလည်း ပွားများရပါတယ်။ ဒါမြန်မာ့စိတ်ဓာတ်၊ မြန်မာ့ယဉ်ကျေးမှုပဲလို့လည်း ဂုဏ်ယူထက်ရတယ်။ ဒီအတွက် ဂျာနယ်တွေကို ကျေးဇူးတင်ရသေးတော့တယ်။

## ဘယ်ပေါ်ထိလိုက်မယ့်လူငယ်

တစ်ရက်တော့ မိတ်ဆွေစာနယ်ဇင်းသမားတစ်ဦး ရောက်လာပြီး လေဘေးဒုက္ခသည်တွေအကြောင်း၊ ဂျာနယ်တွေအကြောင်း ပြောရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

'မင်းသားမင်းသမီးငယ်လေးတွေ၊ အဆိုတော်လေးတွေ၊ မော်ဒယ်လေးတွေကို မျက်စေ့နောက်ပြီး ကြည့်မရဖြစ်နေတာ၊ ခုတော့လည်း မဆိုးရှာကြဘူးခင်ဗျ။ ဒုက္ခသည်တွေရှိရာ ကိုယ်တိုင်ကိုယ်ကျသွားပြီး လှူဒါန်းကူညီနေကြတာ ချီးကျူးမိပါတယ်'လို့ ပြောပါတယ်။

မှန်ပါတယ်။ ဒီကလေးတွေ ချီးကျူးစရာကောင်းပါတယ်။ သူတို့ရဲ့ အလုပ်အကိုင် သဘောသဘာဝအရ လူသိထင်ရှား ပေါ်ပြူလာဖြစ်အောင် ဝတ်စားပြောဆိုနေကြရပေမယ့် သူတို့လည်း မြန်မာပဲ။ ပြီးတော့ လူငယ်လေးတွေပဲ။ အများအကျိုးဆောင်လိုစိတ် မရှိဘဲဘယ်နေပါ့မလဲ။ လိုအပ်ရင် သူတို့လူငယ်တွေဟာ ကိုယ်ကျိုးစွန့်နိုင်ကြပါတယ်။ အနစ်နာခံနိုင်ကြပါတယ်။ ဒါ လူငယ်တိုင်းရဲ့ သဘာဝပါ။ လူငယ်တွေဟာ ဘယ်ခေတ်မှ မညံ့ခဲ့ပါဘူး။ ရှေ့ကဦးဆောင်လမ်းပြသူ မရှိလို့သာ တချို့က ယောင်ဝါးဝါးဖြစ်နေတာပါ။ ဦးဆောင်လမ်းပြကောင်း ရှိလို့ကတော့ လူငယ်တိုင်းဟာ 'စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မယ်'ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

၂၆၊ ၅၊ ၂၀၀၈



# သတင်းသမားလူငယ်လေးတွေကို ကျေးဇူးတင်တယ်

တစ်လော်လေးက လူငယ်ဂျာနယ်သမားလေးတစ်ယောက်က 'နာဂစ်မုန်တိုင်းကြီးအရေးမှာ ကျွန်တော်တို့ ဒီခေတ်ဂျာနယ်တွေ တာဝန်ကျေဘယ်လို့ ယူဆပါသလား'လို့ မေးလာပါတယ်။ သူရောက်လာချိန်က အသက်ရှူကျပ်ပြီး မောနေလို့ တစ်ခွန်းနှစ်ခွန်းပဲ ပြောလိုက်နိုင်ပါတယ်။ သူလည်း အလိုက်တသိနဲ့ ဘာမှဆက်မမေးတော့ဘဲ ပြန်သွားပါတယ်။

'တာဝန်ကျေပါတယ်။ တကယ်ကို ချီးကျူးပါတယ်။ ကျေးဇူးလည်းတင်တယ်' အဲဒါလောက်ပဲ ဖြေလိုက်နိုင်ပါတယ်။ ဒီခေတ်လူငယ်လေးများဟာ အတုယူစရာမရှိ၊ ကန့်ကူလက်လှည့် သင်ပြပေးမယ့်ဆရာမရှိ၊ ဖတ်ရှုလေ့လာစရာ စာအုပ်စာတမ်း များများစားစားမရှိတဲ့ အခြေအနေမျိုးမှာ စမ်းတဝါးဝါးနဲ့ မှဆိုးစိုင်သင် သဘောထားပြီး ကြိုးစားနေကြရတာကြောင့် အမှန်အတိုင်းဝန်ခံရရင် သူတို့တစ်တွေ ဒါလောက်လုပ်နိုင်မယ်ဆို့တောင် မထင်မိပါဘူး။ အခုတော့ သူတို့လုပ်နိုင်ကြတာ အံ့မခန်းပါပဲ။

## သတင်းငတ်တာထမင်းငတ်တာထက်ဆိုး

မေလ ၂ ရက်နေ့ ညနဲ့ မေလ ၃ ရက် တစ်မနက်လုံး တိုက်နေတဲ့ မုန်တိုင်းကြီးကြောင့် ရန်ကုန်တစ်မြို့လုံး အမိုးတွေလန်၊ သစ်ပင်တွေလဲ၊ ကြိုးတွေပြုတ်၊ ဖုန်းတွေပြတ်ဖြစ်နေရတဲ့အထဲက မေလ ၅ ရက်နေ့မှာ ထွက်လာနိုင်တဲ့ ဂျာနယ်ရှိပါတယ်။ အဲဒီမှာ မုန်တိုင်းဒဏ် အပြင်းထန်ဆုံးခံခဲ့ရတဲ့ လပွတ္တာဘက်ကသတင်းတွေ ဓာတ်ပုံတွေ အများကြီးဖော်ပြထားပါတယ်။ ရန်ကုန်မြို့ကြီးတစ်မြို့လုံး သစ်ပင်တွေ၊ ဓာတ်တိုင်တွေ၊ ပြိုလဲနေတာတွေ၊ အမိုးတွေလန်နေတာတွေလည်း ဖော်ပြနိုင်ခဲ့ပါတယ်။ ဒီအချိန်က သတင်းငတ်တဲ့ဒဏ်ကို 'နေမထိ ထိုင်မသာ' ဖြစ်နေတက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ခံစားနေရတာကြောင့် ဂျာနယ်တစ်စောင်ထွက်လာတာ တွေ့ရတော့ ဝမ်းသာလိုက်တာ။ သုံးလေးရက်လောက် ကမ္ဘာကြီးနဲ့ အဆက်ပြတ်နေရာက ရန်ကုန်မြို့ကြီးအကြောင်း၊ တစ်နိုင်ငံလုံးအကြောင်း၊ ကမ္ဘာကြီးအကြောင်း သိလိုက်ရတဲ့အတွက် ဂျာနယ်သမား လူငယ်လေးတွေကို အတိုင်းမသိ ကျေးဇူးတင်မိပါတယ်။ သတင်းငတ်တာက ထမင်းငတ်တာထက် ဆိုးတာကိုး။

### သာဓုအကြိမ်ကြိမ်ခေါ်

မေလ ၈ ရက်နေ့နောက်ပိုင်းကျတော့ ဂျာနယ်တွေ တစ်စောင်ပြီး တစ်စောင် ဆက်တိုက်ဆိုသလို ထွက်လာကြတယ်။ မြစ်ဝကျွန်းပေါ်ဒေသက အပျက်အစီးတွေနဲ့ ဒုက္ခသည်တွေရဲ့ ကြေကွဲစရာအဖြစ်ဆိုးတွေကိုလည်း ပြည့်ပြည့်စုံစုံ သိကြရတယ်။ သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံ သိရလေတော့ တစ်နိုင်ငံလုံးက ပြည်သူပြည်သားတွေသာမက ကမ္ဘာတစ်ခုလုံးက ကမ္ဘာသူကမ္ဘာသားအားလုံးကပါ 'ဒီလောက်ကြီးမားတဲ့ သဘာဝဘေးဆိုးကပ်ဆိုးကြီးကို နိုင်ငံတစ်ခုတည်းရဲ့အားနဲ့တော့ဖြင့် ဝန်နဲ့အား မမျှလောက်ပေဘူး။ အားလုံးဝိုင်းပြီး တစ်ယောက်တစ်လက် ကူညီမှ ဖြစ်ပေလိမ့်မယ်'လို့ သိရှိနားလည်ကြပြီး ကူညီမှုတွေ ရက်ရက်ရောရော ပြုလာကြပါတယ်။ ပြည်တွင်းကဆိုရင်လည်း ဆရာတော် သံဃာတော်ကြီးများကိုယ်တိုင် ရွံ့ထဲ၊ ဗွက်ထဲမှာ သင်္ကန်းကြီးတွေတဖားဖားနဲ့ မနေမနား သွားလာလှုပ်ရှား ကူညီနေရှာကြပါတယ်။

ဂျာနယ်တွေကလည်း သတင်းနဲ့ ကူညီအလုပ်အကျွေးပြုကြရုံသာမက ဒုက္ခသည်ကူညီရေး လုပ်ငန်းတွေမှာလည်း ကိုယ်တိုင်ကိုယ်ကျ စည်းရုံးလှုံ့ဆော်ပြီး လေဘေးသင့်ဒေသများသို့ အရောက်သွားရောက် ကူညီကြတာများကို တွေ့မြင်ရပြီး အကြိမ်ကြိမ်သာဓုခေါ်နေမိပါတော့တယ်။

### ကြည်ညိုမိပါတယ်

ဒီခေတ် ဂျာနယ်သမားလူငယ်တွေ တာဝန်ကျေကြပါတယ်။ လေးစားရုံမက 'ကြည်ညို'တယ်လို့တောင် ဆိုလိုက်ချင်ပါတယ်။ ဂျာနယ်တွေရဲ့ ကျေးဇူးကြောင့်သာ ဒါလောက်မြန်မြန်နဲ့ များများကြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေ လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူ



ပြည်သားအားလုံးက အသိအမှတ်ပြုကာ ဂုဏ်ပြုမှတ်တမ်းတင်ကြရမှာပါ။ 'ဂျာနယ်အသက် တစ်မနက်'လို့ နှိမ့်ချတတ်တဲ့ အသိုင်းအဝိုင်းက လူများလည်း အသိအမှတ်မပြုဘဲ နေနိုင်လိမ့်မယ် မထင်ပါဘူး။

သတင်းစာတို့၊ ဂျာနယ်တို့ဆိုတဲ့ သတင်းလုပ်ငန်းများမှာ လုပ်ကိုင်နေကြတဲ့ သတင်းသမားများဟာ သမိုင်းဖန်တီးသူများ မဟုတ်ကြပေမယ့် သမိုင်းကို မပျောက်နိုင်အောင်၊ မလိမ်နိုင်အောင်၊ မကွယ်ဝှက်နိုင်အောင် အချက်အလက် အထောက်အထားတွေကို မှန်မှန်ကန်ကန် တိတိကျကျ မှတ်တမ်းတင်ပေးသူများ ဖြစ်ပါတယ်။ အဲဒါကြောင့် ဉာဏ်အမြော်အမြင်ကြီးမားသူ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရများက သတင်းစာနဲ့ သတင်းဂျာနယ်၊ မဂ္ဂဇင်းများကို စတုတ္ထမဏ္ဍိုင်နေရာမှာ ထိုက်ထိုက်တန်တန် ထားကြတာဖြစ်တယ်။

ရှေးပဒေသရာဇ်ခေတ်အခါက 'ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရား မကောင်းလျှင် ငါ့မိဖုရားကိုရေး'ဆိုတဲ့ မင်းတုန်းမင်းတရားကြီးရဲ့ မိန့်ကြားတော်မူချက်ဟာ အထင်ရှားဆုံးသာဓကတစ်ခုအဖြစ် သမိုင်းမှာ မှတ်တမ်းတင်ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။

### မင်းနဲ့ပြည်သူကူညီလို့

မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင်ရဲ့ အားပေးမှုကိုရလေတော့ ရတနာပုံနေပြည်တော်သတင်းစာဟာ အဲဒီခေတ် အင်္ဂလိပ်လက်အောက်ရောက် ရန်ကုန်မြို့က အင်္ဂလိပ်လူမျိုးတွေထုတ်ဝေတဲ့ သတင်းစာများနဲ့ ကောင်းကောင်းကြီး ရင်ဘောင်တန်းနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့ အဓိကအကျဆုံးကူညီအားပေးသူက မင်းတုန်းမင်းတရားကြီးဖြစ်ပြီး ဒုတိယကတော့ သတင်းစာဖတ်ပရိသတ် ပြည်သူပြည်သားများ ဖြစ်ပါတယ်။ အဲဒီခေတ်က သတင်းစာတိုက်ဆိုပေမယ့် စာရေးတော်ကြီးလို့ခေါ်ကြတဲ့ ဦးအဟီးနဲ့ ဘိုးဝဇီရတို့အပြင် တခြားသတင်းထောက်ရယ်လို့ မရှိပါဘူး။ သတင်းစာပါ သတင်းတော်တော်များများဟာ သတင်းစာဖတ်ပရိသတ်များဆီက ရေးသားပေးပို့ကြတဲ့ အကြောင်းအရာများဖြစ်ပါတယ်။ မင်းနဲ့ပြည်သူက ယုံယုံကြည်ကြည်နဲ့ အားပေးကြတဲ့အတွက် ရတနာပုံနေပြည်တော် သတင်းစာရယ်လို့ ဖြစ်ထွန်းအောင်မြင်ခဲ့ရတာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ကျင့်ဝတ်သီလမြဲမြံစေ

သတင်းစာကောင်းတစ်စောင်ဆိုတာ နိုင်ငံ့လက်ရုံး၊ နိုင်ငံ့ပခုံး ဖြစ်ပါတယ်။ ပခုံးသဖွယ် နိုင်ငံ့တာဝန်ကို ထမ်းရွက်သယ်ပိုးပြီး လက်ရုံးသဖွယ် နိုင်ငံ့ရန်စွယ်ရန်ညှောင့်များကို ဖယ်ရှားရှင်းလင်း သုတ်သင်ပေးပါတယ်။ အဲဒါကြောင့် သတင်းစာကောင်းရှိခြင်းဟာ နိုင်ငံ့ကျက်သရေလို့ ဆိုနိုင်ပါတယ်။ သတင်းစာကောင်းတစ်စောင် ဖြစ်လာဖို့အတွက် စာဖတ်ပရိသတ် နိုင်ငံသူနိုင်ငံသားများရဲ့ အားပေးထောက်ပံ့ ကူညီမှုကို လိုအပ်ပါတယ်။ သတင်းသမားများကလည်း ပြည်သူပြည်သား စာဖတ်ပရိသတ်များရဲ့ ရာနှုန်းပြည့် ယုံကြည်မှုကိုရဖို့အတွက် သတင်းသမားတို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ပြည်သူပြည်သားများရဲ့ နား၊ မျက်စိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရုံမျှမက သတင်းသမားတို့ရဲ့ ကျင့်ဝတ်သိက္ခာများကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင်ထိန်းသိမ်းဖို့လိုအပ်ကြောင်း နှိုးဆော်လိုက်ရပါတယ်။

၂၊ ၆၊ ၂၀၀၈



# ပါးစပ်နဲ့ အလုပ်မလုပ်နဲ့

ရှေးနှစ်ပေါင်း ငါးဆယ်၊ ခြောက်ဆယ်ကာလက မြန်မာနိုင်ငံရဲ့ စီးပွားရေးကို လူကြီးများက ဦးဆောင်ဦးရွက်ပြုခဲ့ကြတယ်။ ဆန်စက်ပိုင်၊ သစ်စက်ပိုင်၊ အထည်စက်ပိုင်၊ မီးခြစ်စက်ပိုင်၊ ထီးစက်ပိုင် စတဲ့လုပ်ငန်းရှင်ကြီးများဟာ အများအားဖြင့် အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ်များ ဖြစ်ကြတယ်။

### ဝန်ထမ်းအလုပ်မက်မောကြ

တိုင်းပြည်လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံ့စီးပွားရေးကို မြန်မာလူမျိုးများကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်လာကြပြီး ခေတ်နဲ့အညီ ကုမ္ပဏီလုပ်ငန်းအမျိုးမျိုး ထူထောင်ကြတဲ့အခါမှာလည်း အထက်ကဆိုခဲ့တဲ့ စက်ပိုင်ကြီးတွေပဲ ရှေ့ဆောင်ရှေ့ရွက် လုပ်ကိုင်ခဲ့ကြပါတယ်။ စစ်မဖြစ်မီခေတ်နဲ့ စစ်ပြီးကာလများမှာ လူငယ်ပညာတတ်များရဲ့ အဓိကရည်မှန်းချက်က အစိုးရဝန်ထမ်း အရာရှိလုပ်ဖို့သာ ဖြစ်တယ်။ ၇ တန်း၊ ၈ တန်းလောက်သာ အောင်တဲ့သူများကလည်း မြေတိုင်းစာရေးလောက်၊ တောခေါင်းလောက်တော့ မျှော်မှန်းကြတယ်။ စီးပွားရေးလုပ်ဖို့ စိတ်မဝင်စားကြဘူး။ အရောင်းအဝယ်အလုပ်ကို အောက်တန်းကျတယ်လို့ ယူဆကြတယ်။ အဲဒါကြောင့် ရှေးခေတ်စီးပွားရေးနယ်ပယ်အသီးသီးမှာ တရုတ်၊ ကုလားတွေသာ အများဆုံးလုပ်ကိုင်ကြတယ်။ သူတို့တတွေကတော့ သူတို့နိုင်ငံရဲ့ အငတ်ဘေးဆိုးကြီးတွေက ထွက်ပြေးရောက်ရှိလာကြပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကြိုးရာကျပန်း လုပ်ကိုင်စားသောက်နေထိုင်ကြရတာ ဖြစ်လေတော့ ဘယ်အလုပ်မျိုးကိုမှ အောက်ကျတယ်လို့ သဘောမထားကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

## ဆန့်ကျင်ဘက်ပြောင်းလဲ

အခု မျက်မှောက်ခေတ်မှာတော့ အခြေအနေဟာ ဆန့်ကျင်ဘက်ကို ပြောင်းလဲသွားတာ တွေ့ရတယ်။ စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးမှာ ခေတ်ပညာတတ်လူငယ်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လုပ်ကိုင်လာကြတယ်။ ဝန်ထမ်းလုပ်ဖို့ သိပ်စိတ်မပါကြတော့ဘူး။ စီးပွားရေးလုပ်ငန်း အသေးစား၊ အလတ်စား၊ အကြီးစား တော်တော်များများကို ဦးဆောင်ဦးရွက်ပြုနေကြသူ(အခုခေတ် အာတွေ့နေကြတဲ့အပြောအရ စီအီးအို) များဟာ လူငယ်နဲ့ လူလတ်ပိုင်းများသာဖြစ်ကြတယ်။ အသက်အားဖြင့် သုံးဆယ်နဲ့ လေးဆယ်ကြားအရွယ်များ ဖြစ်ကြတယ်။ အလွန်ဆုံးရှိလှမှ လေးဆယ့်ငါး၊ ခြောက် လောက်ပဲ။ ငါးဆယ်ကျော် ခြောက်ဆယ်တန်းတွေ အတော်နည်းတယ်။ ဒါ တော်တော်အားရစရာကောင်းတဲ့ အခြေအနေဖြစ်တယ်။

## စောင့်ရတာမကြိုက်ဘူး

အသက်ငယ်တော့ ခေတ်မီတယ်။ တက်ကြွသွက်လက်တယ်။ ဘာလုပ်လုပ် တုံ့ဆိုင်းဖင့်နွှေးမှုမရှိဘူး။ အဆုံးအဖြတ်မြန်ပြီး တိကျပြတ်သားတယ်။ လူငယ်သဘာဝက စောင့်ဆိုင်းနေရတာကို မကြိုက်ဘူး။ လူကြီးတွေရဲ့ လက်သုံးစကား 'မြွေမသေ တုတ်မကျိုး'ဆိုတာမျိုးကို သဘောမကျဘူး။ 'တုံးတိုက်တိုက် ကျားကိုက်ကိုက်' လုပ်တတ်တယ်။ အဲဒီတော့ လုပ်ငန်းတိုးတက်မှုနှုန်း မြန်တယ်။ တစ်ရှိန်ထိုး ထောင်တက်သွားတတ်တယ်။ ဒါက ကောင်းတဲ့အပိုင်း။

## ဝုန်းခနဲတက်၊ ဝုန်းခနဲကျ

မကောင်းတဲ့အပိုင်းလည်း ရှိပါတယ်။ အရှိန်အဟုန်နဲ့ ထိုးတက်သွားတဲ့လုပ်ငန်းဟာ တက်လာတဲ့အရှိန်အဟုန်ထက်ပင် ပိုပြီးမြန်ဆန်တဲ့ အရှိန်နဲ့ ဝုန်းခနဲ ပြိုလဲကျဆင်းသွားတတ်ခြင်း ဖြစ်တယ်။ ဒီလိုအကျမျိုးဟာ တော်တော် အထိနာပါတယ်။ အဖတ်ဆယ်မရတော့လောက်အောင်ကို ဖြစ်တတ်ပါတယ်။ ဒီအဖြစ်မျိုးတွေ အတော်များများ တွေ့မြင်လာရတဲ့အခါ လေ့လာဆန်းစစ်ကြည့်မိပါတယ်။ ဒီလိုဖြစ်ရပ်မျိုး ကြုံတွေ့သူတွေထဲမှာ ရင်းနှီးကျွမ်းဝင်တဲ့ တပည့်တပန်းတွေလည်း ပါနေတတ်တာကိုး။



## အပျော်တမ်းဈေးရောင်းသလို

အဲဒီလိုလေ့လာကြည့်တော့ ဦးဆောင်ဦးရွက်ပြုကြတဲ့ လူငယ်တွေ အရည်အချင်းညံ့ဖျင်းတာကြောင့်လည်း မဟုတ်ဘူး။ ကြိုးစားအားထုတ်မှု နည်းပါးလျော့ကျသွားတာကြောင့်လည်း မဟုတ်ဘူး၊ ဈေးကွက်ပျက်သွားတာကြောင့်လည်း မဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။ လုပ်ငန်းကျဆုံးသွားသူ အများစုမှာ တူညီတဲ့ချို့ယွင်းချက်ကြီးတစ်ခု ရှိပါတယ်။ အဲဒီချို့ယွင်းချက်ကြီးကြောင့် ကျဆုံးသွားရတာလို့ ယူဆမိပါတယ်။ အဲဒီအချက်ကတော့ အလုပ်ကို အလုပ်နဲ့တူအောင်မလုပ်ကြခြင်းပဲ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်တာကို စီးပွားရေးပုံစံနဲ့မလုပ်ဘဲ ကျောင်းသူကျောင်းသားတွေ ရန်ပုံငွေဈေးရောင်းပွဲလုပ်ကြသလို အပျော်တမ်းဆန်ဆန် လုပ်နေကြပါတယ်။ ရောင်းရေးဝယ်ရေးကိစ္စ၊ ငွေပေးငွေယူကိစ္စများမှာ စာချုပ်စာတမ်းနဲ့ ပြေစာဖြတ်ပိုင်းနဲ့လုပ်ဆောင်တာ အင်မတန်နည်းပါတယ်။ နားလည်မှုနဲ့ နှုတ်ကတိနဲ့ ပြီးကြတာများပါတယ်။ အလုပ်သမားဝန်ထမ်း ခန့်ထားရာမှာလည်း နှုတ်နဲ့ပဲ ခန့်လိုက်ကြတာပါပဲ။ အလုပ်ခွင်စည်းကမ်း၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးပြီး စာချုပ်စာတမ်းနဲ့ ခန့်ထားမှုမျိုး မရှိသလောက်ဖြစ်တယ်။

## စာမျက်နှာ ၂၀ ကျော်ပါ စာချုပ်

နိုင်ငံခြားသားတွေ လုပ်ပုံလုပ်နည်းတစ်ခုလောက် နမူနာပြောပြချင်ပါတယ်။ ကျောင်းသားတပည့်တစ်ဦး နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုမှာ အလုပ်ဝင်လုပ်တော့ မခန့်မီမှာ သဘောတူညီချက် ကနဦးစာချုပ် တစ်ခု ပေးပါတယ်။ သေသေချာချာဖတ်ပြီးမှ သဘောတူရင် လက်မှတ်ထိုးပါလို့ ပြောလိုက်ပါတယ်။ စာချုပ်လက်မှတ်မထိုးမီမှာ တပည့်က လာပြီး တိုင်ပင်လို့ သေသေချာချာ ဖတ်ကြည့်လိုက်ပါတယ်။ စာချုပ်က စာမျက်နှာ ၂၀ ကျော် ပါပါတယ်။ အလုပ်ရဲ့ သဘောသဘာဝတွေကို အကျယ်တဝင့် ရှင်းလင်းရေးသားထားပြီး ဝန်ထမ်းရဲ့တာဝန်တွေကိုလည်း အသေးစိတ် ရေးထားပါတယ်။ နောက်ပြီးတော့ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်တွေကိုလည်း တိတိကျကျ ဖော်ပြထားပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်နဲ့ အရေးယူမှုဆိုင်ရာ စည်းကမ်းချက်တွေလည်း ဖော်ပြထားပါသေးတယ်။ ဘက်စုံ လိုလေသေးမရှိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကြောင့်၊ ငါ့ကြောင့်

အဲဒီလို တိတိကျကျလုပ်တော့ အငြင်းပွားစရာပြဿနာ မပေါ်တော့ဘူးပေါ့။ ကျွန်တော်တို့မြန်မာတွေကတော့ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စမျိုးဖြစ်ဖြစ် 'နားလည်မှု'နဲ့ပဲ လုပ်တတ်ကြတယ်။ 'အချင်းချင်းတွေပဲ ပြောစရာမလိုပါဘူး'ဆိုတဲ့ စကားတစ်ခွန်းကို 'ရေလဲ'နဲ့ သုံးလေ့ရှိတယ်။ စာချုပ်စာတမ်းနဲ့ လုပ်ရကောင်းမှန်းကို မသိကြဘူး။ အဲဒီလိုလုပ်ကြတာ အစပိုင်းမှာတော့ တက်ကြွတုန်းမို့ကောင်းပါရဲ့။ ဒါပေမဲ့ နောက်ပိုင်းအချိန်ကြာသွားတာနဲ့အမျှ အဆင်မပြေတာလေးတွေ တွေ့လာရတဲ့အခါမျိုးကျတော့ 'သူ့ကြောင့်၊ ငါ့ကြောင့်'ဆိုတဲ့ လက်ညှိုးထိုးမှုတွေ ပေါ်လာကြပါတော့တယ်။ 'သူ့တာဝန်၊ ငါ့တာဝန်'ရယ်လို့ စကတည်းက တိတိကျကျ သတ်မှတ်ထားတာမရှိဘဲ 'နားလည်မှု'နဲ့ လုပ်ခဲ့ကြတာကိုး။ ဒီလိုနဲ့ပဲ နောက်ဆုံးကျတော့ အမိုက်ကစ ပြဿဒ်မီးလောင်အဖြစ်မျိုးရောက်ပြီး အဖတ်ဆယ်မရတော့တဲ့ အခြေအနေမျိုးထိ ရောက်ရှိသွားကြတော့တာပါပဲ။ အဲဒါကြောင့် ဘာအလုပ်ပဲလုပ်လုပ် ပါးစပ်နဲ့ပဲမလုပ်ကြပါနဲ့။ အလုပ်ကို အလုပ်နဲ့တူအောင် စာရွက်စာတမ်းနဲ့ တိတိကျကျလုပ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

၂၃၊ ၆၊ ၂၀၀၈



## နှုတ်ရုပ်စောင်းတာမကြည့်နဲ့၊ ကိုယ့်တာဝန်ကျေဖို့ပဲလိုတယ်

'စာရင်းမရှိ အင်းမရှိ၊ စာချုပ်စာတမ်းမရှိ၊ ပါးစပ်နဲ့အလုပ်လုပ်တာ ကျွန်တော်တို့လူမျိုးရဲ့ အမျိုးသားစရိုက်လက္ခဏာများ ဖြစ်နေသလားခင်ဗျာ။ စာရွက်စာတမ်းနဲ့ အလုပ်လုပ်ဖို့၊ ပါးစပ်နဲ့ အလုပ်မလုပ်ဖို့ ဆရာရေးခဲ့တာ တော်တော်လေးများပါပြီ။ အခုထိလည်း ရေးနေရတုန်းပါလားဆရာရယ်'

'ပါးစပ်နဲ့ အလုပ်မလုပ်နဲ့' ဆိုတဲ့ဆောင်းပါး ပါလာတဲ့နေ့မှာပဲ ကျောင်းသားဟောင်းတစ်ယောက် ရောက်လာပြီး ပြောတာဖြစ်ပါတယ်။

'ကျွန်တော့်အဖြစ်နဲ့ ဆရာရေးလိုက်တာနဲ့ ဒက်ထိကြီးကို တိုက်ဆိုင်နေတာကြောင့် တမင်ကိုလာခဲ့တာပါ။ ထုံးစံအတိုင်း ဆရာ့ကို ရင်ဖွင့်ချင်လို့'

သူက နယ်မြို့တစ်မြို့မှာ နေပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ရင်း တစ်ဖက်မှာ လူငယ်သဘာဝ အများအကျိုးဆောင်တဲ့ လုပ်ငန်းလေးတွေလည်း တက်တက်ကြွကြွလုပ်ပါတယ်။ ရပ်ကွက်သာရေးနာရေးကအစ စာကြည့်တိုက်ဖွင့်တာ၊ ပညာဒါနသင်တန်းတွေ ဖွင့်တာမျိုးတွေ လုပ်ပါတယ်။ နောက်တော့ ဝိုင်းတဲ့ဝန်းတဲ့လက်တွေများလာပြီး အော့စ်ရောဂါတားဆီးကာကွယ်ရေးတို့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ဆိုတာတွေပါ လုပ်ဆောင်နိုင်လာပါတယ်။

### ဆောင်းတာလုပ်တာကြော်ငြာစရာမလို

စတင်လုပ်ဆောင်စဉ်က စိတ်တူကိုယ်တူ သူငယ်ချင်း လေးငါးယောက်လောက် ကိုယ့်ပိုက်ဆံ ကိုယ်ထုတ်ပြီး လုပ်ခဲ့ကြတာဖြစ်တယ်။ နောက်တော့ သူတို့လုပ်ရပ်ကို သဘောကျတဲ့ မြို့မိမြို့ဖတွေက ဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

လှူကြတန်းကြ၊ ကူညီကြဆိုတော့ အသင်းအဖွဲ့လေးတစ်ခုလို ခိုင်ခိုင်မာမာ ဖြစ်သွားတယ်။ လုပ်အားပေးမယ့်လူငယ်တွေလည်း တစ်နေ့တခြား များသထက် များလာတယ်။ လှူမယ့်တန်းမယ့်သူတွေလည်းရှိ၊ ဝိုင်းဝန်းလုပ်ဆောင်ကြတဲ့ လူငယ်တွေလည်းများဆိုတော့ မြို့ပတ်ဝန်းကျင် ကျေးရွာတွေအထိ ခြေဆန့်ပြီး စာသင်တာ၊ စာကြည့်တိုက်ဖွင့်တာတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ခဲ့ကြတယ်။

ဒီလိုနဲ့ သုံးလေးနှစ်ကြာလာတော့ သူတို့အဖွဲ့လေးရဲ့အကြောင်းကို လူတော်တော်များများ သိလာကြတယ်။ 'ပန်းသတင်း လေညင်းဆောင်' ဆိုတဲ့စကား အရှိသားမဟုတ်လား။ ကောင်းတာလုပ်တဲ့သူဟာ မောင်းခတ်ကြော်ငြာဖို့မလိုဘူး။ 'လူသတင်း လူချင်းဆောင်'သွားကြတာပါပဲ။

## အကူအညီတောင်းကြ၊ကူညီကြ

အဖွဲ့လေးရဲ့သတင်းက မွှေးပျံ့နေလေတော့ ဟိုအဖွဲ့အစည်းကလာပြီး HIV-AIDS လက်ကမ်းကြော်ငြာလေးတွေ ကျေးရွာတွေအရောက် ဖြန့်ပေးပါဦးလို့ အကူအညီတောင်းလိုက်၊ ဒီအဖွဲ့ကလာပြီး သဘာဝထိန်းသိမ်းရေးတွေ ဟောပြောပေးပါဦးလို့ အကူအညီတောင်းလိုက်နဲ့ အကူအညီတောင်းတာတွေ များလာပါတယ်။ တချို့အဖွဲ့အစည်းကြီးများကလည်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းတွေလှူကြ၊ ပညာဒါနသင်တန်းများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းသုံးစာအုပ် စတာတွေလှူကြလုပ်ပေးကြတယ်။ တချို့အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းများကဆို ငွေကြေးထောက်ပံ့ကူညီတာတွေတောင် လုပ်ပေးကြတယ်။ လုပ်ငန်းတွေလုပ်တာနဲ့အမျှ အဖွဲ့ရဲ့ဂုဏ်သတင်းကလည်း ကြီးမားသထက် ကြီးမားလာတယ်။ ဒီတော့ ထုံးစံအတိုင်း ပါဝင်လုပ်ကိုင်ချင်သူတွေလည်း တစ်နေ့တခြား များသထက်များလာတော့တာပေါ့။

## နားလည်မှုနဲ့ပဲ

လူတွေများလာတာနဲ့အတူ စရိုက်တွေလည်း မျိုးစုံဖြစ်လာပါတယ်။ အများအကျိုးဆောင်လိုစိတ်ရှိသူများကြားမှာ အဖွဲ့အစည်းကို ခုတုံးလုပ်ပြီး နာမည်ကောင်းရအောင် လုပ်ချင်သူတွေ၊ ထင်ပေါ်ကျော်ကြားချင်သူတွေ၊ 'ပရတစ်ပဲဖိုးလုပ်ပြီး အတ္တတစ်ကျပ်ဖိုး'လုပ်ချင်သူမျိုးတွေလည်း ပါလာ



တော့တာပေါ့။ ဒီလို လူတွေများ၊ စရိုက်တွေစုံတော့ ပြဿနာတွေလည်း များလာပါတယ်။ အဖွဲ့က စတင်လုပ်ဆောင်စဉ်ကတည်းက စိတ်တူကိုယ်တူ သူငယ်ချင်းတစ်စု စေတနာ့ဝန်ထမ်းလုပ်ခဲ့ကြတာဆိုတော့ ဖွဲ့စည်းပုံတွေ သင်းပင်းစည်းမျဉ်းစည်းကမ်းတွေ စနစ်တကျရေးဆွဲထားတာ ဘယ်ရှိမှာလဲ၊ ထုံးစံအတိုင်း 'နားလည်မှု'နဲ့ လုပ်ကြတာပေါ့။

## နောက်ဆုံးတော့ကွဲကြပြဲကြ

ဒီလိုနဲ့ လေးငါးခြောက်နှစ်သက်တမ်း ရှိလာတဲ့အခါကျတော့ အဖွဲ့အတွင်း တီးတိုးတီးတိုးစကားပြောကြတာမျိုးတွေ ရှိလာတယ်။ ငွေကြေးကိုင်တွယ်သုံးစွဲမှုနဲ့ ပတ်သက်ပြီး သံသယပွားတာမျိုးတွေ အနံ့ထွက်လာတယ်။ စာရင်းရှင်းတမ်း မှန်မှန်မထုတ်ပြန်တာကို ထောက်ပြဝေဖန်လာကြတယ်။ ကူညီထောက်ပံ့သူတွေဆီ ရှင်းတမ်းကို မှန်မှန်ကန်ကန် မရေးဘဲ ဝေ့လည်ကြောင်ပတ် ရေးပို့တာတွေကို မကျေမနပ် ဖြစ်လာကြတယ်။ ဒီကြားထဲ နိုင်ငံခြားမှာ ညီလာခံတက်ဖို့လို၊ သင်တန်းတက်ဖို့လို အခွင့်အရေးလေးတွေ ပေါ်လာလေတော့ သူသွားမယ်၊ ငါသွားမယ်နဲ့ သဘောထားတွေ ကွဲသထက် ကွဲလာကြတော့တယ်။ ခပ်တိုတိုပြောရရင် နောက်ဆုံးကျတော့ ကွဲကြပြဲကြပြီး အသင်းလေး ပျက်သွားပါလေရော။

'အချို့က ရက်ရကောင်းမှန်းကို မသိဘူးဆရာရဲ့၊ နိုင်ငံခြားသွားဖို့ အခွင့်အရေးရတိုင်း သူတို့ချည်းသွားချင်ကြတာ။ တစ်ခါတလေများ တစ်လတည်း နှစ်ခေါက်လောက်တောင် သွားတယ်ခင်ဗျ။ နောက်လူတွေကို အလှည့်ပေးဖို့ စဉ်းတောင်မစဉ်းစားကြဘူး။ သိပ်မျက်နှာပြောင်တာ'

သူဟာ အခုထိ ရင်ထဲမှာ တနုံ့နုံ့ခံစားနေရဆဲနဲ့ တူပါတယ်။ ပြောရင်းအသံတွေတောင် တုန်နေပါတယ်။

## နှာခေါင်းစောင်းတာမကြည့်နဲ့

သူဟာ အသင်းကို စတင်တည်ထောင်သူတစ်ဦးဖြစ်လေတော့ အများကြီးအောင်မြင်ပြီးခါမှ ခုလိုပျက်သွားရတာကို တော်တော်တော့ ရင်နာမခံချင်ဖြစ်နေပုံရပါတယ်။ နောက်များတော့ တော်ပါပြီ။ လူအများနဲ့ လုပ်ရမယ့်ကိစ္စဆို ဝေးဝေးရှောင်ပါတော့မယ် ဆိုတဲ့စိတ်မျိုး ဖြစ်နေပြီလို့ ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

'စိတ်မပျက်ပါနဲ့ကွယ်။ လူအများနဲ့ လုပ်ရတယ်ဆိုတာ ဒီလိုပါပဲ။ စိတ်ရှည်ရှည်ထားနိုင်မှ တော်ကာကျတာပေါ့'

'လူများလို့ စကားများတာလောက်က ကိစ္စမရှိပါဘူးဆရာရယ်။ သည်းခံနိုင်ပါတယ်။ ကုသိုလ်ရေးလုပ်တဲ့နေရာမှာတောင် ကိုယ်ကျိုးရှာ အမြတ်ထုတ်ချင်တဲ့ စိတ်ဓာတ်မျိုးတွေကိုသာ သည်းမခံနိုင်တာပါ'

'ကမ္ဘာတစ်ခုလုံးမှာကိုက လူတွေရဲ့ စာရိတ္တစံနှုန်းတွေ ပျက်စီးချင်တိုင်း ပျက်စီးနေတာမဟုတ်လားကွယ်။ ဘယ်သူ့ကိုမှ အပြစ်တင်မနေနဲ့။ နတ်ရုပ်စောင်းတာ မကြည့်နဲ့ဆိုတဲ့ ရှေးစကားရှိတယ်။ သူများတွေ မကောင်းတာကို ပြောမနေနဲ့။ အရေးအကြီးဆုံးက ကိုယ်တိုင် ကောင်းတာ လုပ်ဖို့ပဲ။ မကောင်းတာလုပ်တဲ့သူဟာ နောက်ဆုံးကျ မကောင်းတာဖြစ်ပြီး ကောင်းတာလုပ်သူက ကောင်းတာဖြစ်မှာပါပဲ'

သူ စိတ်ပြေသွားအောင် နှစ်သိမ့်လိုက်ရပါတယ်။

## ဆုတ်ကပ်ကြီးထဲမှာ

ဒီလူငယ်ကြုံတွေ့ခဲ့ရတဲ့ ပြဿနာကလည်း စာရွက်စာတမ်းနဲ့ အလုပ်မလုပ်ဘဲ 'ပါးစပ်နဲ့'၊ 'နားလည်မှုနဲ့' လုပ်ခဲ့ကြတာကြောင့် ပေါ်ပေါက်လာရတာပဲဖြစ်ပါတယ်။ အများနဲ့ဆိုင်တဲ့ကိစ္စမျိုး လုပ်တဲ့အခါမှာ အများနဲ့လုပ်မှပဲ ဖြစ်ပါတယ်။ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ အဲဒီလို အများနဲ့လုပ်တော့ အတွေးအခေါ်အကြံအစည်တွေနဲ့ လုပ်အားတွေ အများကြီးရလိုက်သလိုပဲ၊ မတူတဲ့စရိုက်တွေနဲ့ မတူတဲ့သဘောထားတွေလည်း အများကြီးရှိမှာ သေချာပါတယ်။ နောက်ပြီးတော့ စိတ်ကောင်းစေတနာကောင်းရှိတဲ့သူတွေပါသလို ,စိတ်ဓာတ်အောက်တန်းကျတဲ့သူတွေလည်း ပါမှာပါပဲ။ ပြောရမယ်ဆိုရင် ခေတ်ကာလကိုက 'ဆုတ်ကပ်'ကြီး ဖြစ်လေတော့ မကောင်းတဲ့သူတွေက ခပ်များများပါမှာ သေချာပါတယ်။

## မူလကိုထိန်းတယ်

ကိုယ်လုပ်တဲ့အလုပ်ကို မူလအစကတည်းက စနစ်တကျ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ကိုင်ခွင့်၊ ရပိုင်ခွင့်တွေ၊ အခွင့်အာဏာတွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေ၊ အရေးယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ တာဝန်ခွဲဝေမှုတွေနဲ့ အနိုင်အမာ ရှင်းရှင်းလင်းလင်းလုပ်ထားခဲ့ရင် ဘယ်လောက်



မကောင်းတဲ့သူပဲဖြစ်ဖြစ် ထင်ရာစိုင်းလို့ မရနိုင်ပါဘူး။ စည်းကမ်းတွေက ထိန်းသိမ်းထားပါလိမ့်မယ်။ ဥပမာ ငွေကြေးကိုင်တွယ်သုံးစွဲမှုဆိုပါတော့။ ဥက္ကဋ္ဌ၊ ဒါမှမဟုတ် အတွင်းရေးမှူးလက်မှတ်ပါမှ ဘဏ္ဍာရေးမှူးက ငွေထုတ်ပေးရမယ်။ ငွေလက်ခံသူက လက်မှတ်ထိုးယူရမယ်ဆိုတဲ့ စည်းကမ်းသတ်မှတ်ထားရင် ကြားလူက ငွေယူသုံးစွဲလို့ မရနိုင်ဘူးပေါ့။ ဒါ့အပြင် ဥက္ကဋ္ဌတစ်ဦးတည်းသဘောနဲ့ ငွေဘယ်လောက်ပဲ ထုတ်ပေးနိုင်ခွင့်ရှိတယ်၊ အတွင်းရေးမှူးတစ်ဦးတည်းသဘောနဲ့ဆို ဘယ်လောက်ပဲ ထုတ်ပေးနိုင်ခွင့်ရှိတယ်၊ ငွေဘယ်လောက်ထိသုံးဖို့လိုရင် အမှုဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့မှရမယ် ဆိုတာမျိုးတွေ တိတိကျကျ သတ်မှတ်ထားပြီး မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မယ်ဆိုရင်လည်း ပြဿနာမဖြစ်နိုင်ပါဘူး။ ငွေထုတ်ယူသုံးစွဲသူကလည်း ဘယ်နေရာမှာ ဘယ်လိုသုံးစွဲတယ်ဆိုတာကို ငွေပြေစာဖြတ်ပိုင်းများနဲ့တကွ တင်ပြနိုင်ဖို့လိုပါတယ်။ စာရင်းစစ်ကလည်း လစဉ်မှန်မှန် စာရင်းစစ်ဆေးနေရပါမယ်။ ဒီလိုသာ အားလုံးလိုက်နာဆောင်ရွက်မယ်ဆိုရင် ပြဿနာဖြစ်စရာလမ်း တော်တော်နည်းပါတယ်။

## ဇိုက်ဆိုးကိုစွန့်ပစ်

စီးပွားရေးလုပ်ငန်းပဲဖြစ်ဖြစ်၊ လူမှုရေးလုပ်ငန်းပဲဖြစ်ဖြစ်၊ လူအများနဲ့ လုပ်ကိုင်ဆောင်ရွက်ကြရတဲ့ လုပ်ငန်းမျိုးတွေမှာ သဘောထားကွဲ၊ ပြဿနာတွေတက်ဖြစ်ကြတာ၊ မသမာမှုနဲ့ အာဏာနဲ့လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်မှုတွေ များပြားတာ၊ ရေရှည်မခံဘဲ ပြိုကွဲပျက်စီးဖြစ်ကြတာများရဲ့ အဓိကအကြောင်းရင်းက အလုပ်ကို အလုပ်နဲ့တူအောင်မလုပ်ဘဲ ကျောင်းနေပုံငွေ ဈေးရောင်းပွဲလုပ်သလို အပျော်တမ်းသဘောမျိုးနဲ့ လုပ်ကိုင်ကြမှုဖြစ်တယ်။ လုပ်ငန်းတစ်ခုအောင်မြင်ပြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက်ဆိုရင် 'နားလည်မှု'နဲ့လုပ်တာ၊ 'ပါးစပ်နဲ့အလုပ်လုပ်တာ' စတဲ့ 'အမျိုးသားသဏ္ဍာန်'သဖွယ်ဖြစ်နေတဲ့ စရိုက်မျိုးကို လုံးဝစွန့်ပစ်လိုက်ဖို့ အထူးကိုထိုအပ်ကြောင်း နှိုးဆော်လိုက်ရပါတယ်။

၁၊ ၇၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## လာမယ့်ဘေးပြေးတွေ့လိုက်စမ်း

'ပြဿနာဖြစ်မှာကြောက်လွန်းလို့ ဝင်မပါဘူး။ ဝေးဝေးပဲနေတယ်'

ဒီစကားမျိုး မကြာခဏကြားဖူးကြမှာပါ။ အလုပ်ခွင်ထဲမှာဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာဖြစ်ဖြစ်၊ ယုတ်စွအဆုံး ပြဿနာတွေ၊ ဒုက္ခတွေပယ်သတ်ဖို့ နေရာဖြစ်တဲ့ ကမ္ဘဋ္ဌာန်းကျောင်းမှာဖြစ်ဖြစ် ပြဿနာလေးတွေ၊ ပြဿနာကြီးတွေဆိုတာ ရှောင်လွှဲလို့မရပါဘူး။ ရှိနေကြစမြဲပါ။ လူတွေ စုဝေးနေတဲ့ နေရာမှန်သမျှ ပြဿနာကို ရှောင်လွှဲလို့မရနိုင်ပါဘူး။

### ဓားကကိုယ့်လာခုတ်ရင် ဘယ့်နှယ်လုပ်မလဲ

အဲဒီလိုပြဿနာမျိုး ကြုံရတဲ့အခါမှာ လူအတော်များများက အထက်မှာပြောခဲ့တဲ့အတိုင်း ပြောတတ်ကြတယ်။ 'ဓားခုတ်ရာ လက်ဝင်မလျှိုဘူး' ဆိုတဲ့ သဘောပေါ့။ ရှောင်နေလို့ရတဲ့ ပြဿနာမျိုးဆိုရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့ ခက်တာက လူ့လောက၊ လူ့ပတ်ဝန်းကျင်မှာက 'တစ်နွယ်ငင် တစ်စင်ပါ' ဖြစ်တတ်တယ်။ ကင်းကင်းရှင်းရှင်းနေချင်လို့ ရလေ့မရှိဘူး။ ဓားခုတ်ရာ လက်ဝင်မလျှိုပေမယ့် ဓားက ကိုယ့်ဘက်ပါလှည့် ခုတ်ရင် ဘယ့်နှယ့်လုပ်မလဲ။ ဓားကိုင်တဲ့သူက လူစိတ်ပျောက်နေတဲ့ အမူး၊ အရူး ဖြစ်ချင်ဖြစ်နေနိုင်တယ်လေ။ အဲဒီအခါမျိုးမှာ အေးအေးနေလို့ရနိုင်ပါ့မလား။ ပြဿနာကို ရှောင်လွှဲနေခြင်းဟာ အေးငြိမ်းမသွားစေနိုင်ရုံမက ပြဿနာကို ပိုပြီးတောင်ကြီးထွားသွားစေပါတယ်။

### ကံဆိုးသူ မောင်ရှင်ဖြစ်လေမလား

စောစောက 'ဓား'ကိုစွပဲ နမူနာထားပြောပါရစေ၊ ဓားကိုင်တဲ့သူက တွေ့ရာမြင်ရာလူကို လိုက်ခုတ်နေတယ်။ ကိုယ်က ကိုယ့်အိမ်ထဲမှာပဲ တံခါးပိတ်ပြီး ရှောင်နေတယ်။ တကယ်လို့များ အဲဒီဓားကိုင်တဲ့သူက အမူး၊ ဒါမှမဟုတ် အရူးဖြစ်နေလို့ အိမ်တွေပါလိုက်ပြီး မီးရှို့နေတယ်ဆိုရင် ဘယ်လိုဖြစ်လာမလဲ။ အိမ်ထဲမှာပဲ မီးအလောင်ခံပြီး ငြိမ်နေဦးမှာလား။ အိမ်ထဲကထွက်၊ ရပ်ကွက်ထဲကလူတွေကို ဆော်ဩပြီး လူရမ်းကားဓားသမားကို ဝိုင်းပြီးချေမှုန်းမပစ်သင့်ဘူးလား။ ဓားခုတ်ခံရမှာကြောက်လို့ မီးလောင်ခံသေတော့မယ်ဆိုပြီး ဘယ်သူမှတော့ အိမ်ထဲကမထွက်ဘဲ နေမှာမဟုတ်ပါဘူး။ ထွက်တော့ထွက်လာပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးကြမှာပါပဲ။ အဲဒီလိုပြေးလို့ လွတ်ရင်တော့ကောင်းပါရဲ့။ လူရမ်းကားဓားသမားရဲ့ ဓားချက်ကို လွတ်အောင်ရှောင်ဖို့ဆိုတာ 'ကံသေကံမ'ပြောလို့ရနိုင်တာမျိုး မဟုတ်ဘူးလေ။ မတော်လို့ 'ကံဆိုးသူ မောင်ရှင်'ဟာ ကိုယ်ဖြစ်သွားရင် ဘယ့်နှယ့်လုပ်ပါ့မလဲ။

### အလုံးနဲ့ပေါက်လည်းသေနိုင်တယ်

ဘယ့်နှယ်မှလုပ်လို့ မရပါဘူး။ လူရမ်းကားဓားသမားကို မဖယ်ရှားသရွေ့တော့ တစ်နေ့မဟုတ်တစ်နေ့မှာ 'ကံဆိုးသူမောင်ရှင်' ဖြစ်လာရမှာ အသေအချာပါပဲ။ အဲဒီလိုမဖြစ်ချင်ရင် တစ်ခုတည်းသောနည်းလမ်းကတော့ လူရမ်းကားဓားသမားကို တစ်နည်းနည်းနဲ့ နှိမ်နင်းဖယ်ရှားပစ်ဖို့သာဖြစ်တယ်။ ကိုယ်တစ်ဦးတည်း၊ တစ်ယောက်တည်းတော့ ဘယ်စွမ်းဆောင်နိုင်မှာလဲ။ ကိုယ်က လူစွမ်းကောင်းမှမဟုတ်တာ။ ဒါပေမဲ့ ရပ်ကွက်ထဲမှာ လူတွေအများကြီးရှိတယ်လေ။ ဓားသမားက တစ်ယောက်တည်းပဲ။ လူတွေတစ်အိမ်တစ်ယောက်ထွက်လာပြီး ဓားသမားလူရမ်းကားကို အိမ်မှာရှိတဲ့ အလုံး၊ ကြက်သွန်တွေနဲ့ တစ်ယောက်တစ်ချက် ဝိုင်းပေါက်ကြရုံနဲ့တင် ဓားသမား ဖိဝိနှိချုပ်ပြီး လူရမ်းကားဇာတ်သိမ်းသွားနိုင်ပါတယ်။

### နိုင်ငံတော်ကစမ်းသပ်တာ

ပြဿနာကိုရှောင်တယ်ဆိုတာ ကြောက်လို့ပါ။ တကယ်လို့ ပြဿနာဆိုတာမျိုးဟာ ကိုယ့်အစွမ်းအစကို စမ်းသပ်ဖို့၊ သဘာဝတရားက(မိုးနတ်မင်းကြီးကလို့ ယူချင်လည်းယူ) ဖန်တီးပေးလိုက်တာပဲလို့ သဘောထားလိုက်မယ်ဆိုရင် ကြောက်မှာမဟုတ်တော့ပါဘူး။ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ သူ့သဘာဝအလျောက် ပေါ်ပေါက်လာရတဲ့ အခက်အခဲတွေ၊



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတွေဆိုတာ ရှိတတ်တာချည်းပါပဲ။ မဆန်းပါဘူး။ ပြဿနာတစ်ခု ဖြစ်တိုင်း ဖြစ်တိုင်းမှာ အဲဒီပြဿနာကို ဖြေရှင်းကျော်လွှားနိုင်မယ့် အဖြေ နည်းလမ်းဆိုတာ တစ်ပါတည်း ကပ်ပါလာလေ့ရှိပါတယ်။ အဲဒီအဖြေကို ရှာတတ်ရင်၊ ရှာချင်စိတ်ရှိရင် မလွယ်ပေမယ့် တွေ့နိုင်တယ်ဆိုတာ အသေအချာပါ။

### လူမှာအကြံရှိတယ်

ပြဿနာကို ဖြေရှင်းကျော်လွှားဖို့ နည်းလမ်းအဖုံဖုံကို စဉ်းစားကြံဆရင်းနဲ့ လူသားတွေဟာ လက်ရှိအနေအထားကိုရောက်တဲ့အထိ တိုးတက်လာခဲ့ကြတာ ဖြစ်ပါတယ်။ အာခီမီးဒီးတို့၊ နယူတန်တို့၊ အက်ဒီဆင်တို့လို အဝေးကြီးခေတ်ကသူတွေကို နမူနာမပြဘဲ ကိုယ်တွေ့ကြုံခဲ့ရတာလေးကိုပဲ ပြောပြပါမယ်။ တစ်ခါတုန်းက ဘာမှဝယ်လို့မရနိုင်တဲ့ နေရာတစ်ခုကို ရောက်သွားပါတယ်။ အဲဒီလိုရောက်နေခိုက် သင်္ကြန်ပွဲတော်နဲ့ ကြုံကြိုက်လေတော့ မြန်မာတို့ထုံးစံအတိုင်း ပျော်ပွဲရွှင်ပွဲတွေ လုပ်ချင်ကြပါတယ်။ ဒီတော့ လူတွေအချင်းချင်း ခေါင်းချင်းရိုက်ကြ၊ အကြံထုတ်ကြ နောက်ဆုံးကျတော့ တီးဝိုင်းတစ်ဝိုင်းစာ တူရိယာပစ္စည်းတွေ အစုံအလင်ရပြီး အငြိမ့်တွေ၊ ပြဇာတ်တွေတောင် ကနိုင်ခဲ့ပါတယ်။ အိုးစည်၊ ဒိုးပတ်နဲ့ သံချပ်ဝိုင်းတွေလည်း လုပ်နိုင်ခဲ့ကြပါတယ်။

### လက်ဖြစ်တူရိယာ

တူရိယာဝိုင်းမှာ တယော၊ မယ်ဒလင်၊ ဒုံမင်း စတဲ့ကြိုးတပ်တူရိယာတွေ ပါပါတယ်။ ဘာတွေနဲ့ လုပ်တယ်ထင်ပါသလဲ။ ဂိုးလ်ဒင်းပစ် မုန့်သေတ္တာဘူးခွံက အသံအိုးဖြစ်ပြီး ပုဆိုးကချည်မျှင်တွေကို တစ်ပင်ချင်း ဆွဲထုတ်ပြီးတော့ လိုအပ်သလိုပြန်ကျစ်တာတွေက 'တစ်ကြိုး'၊ 'နှစ်ကြိုး' ဆိုတာတွေ ဖြစ်လာတယ်လေ။ တယောဘိုးတံ မြင်းမြီးနေရာမှာလည်း သစ်ပင်က သစ်စေးကော်နဲ့သုတ်ထားတဲ့ ချည်မျှင်တွေပဲ ဖြစ်ပါတယ်။ အိုးစည်၊ ဒိုးပတ်နဲ့ ဗုံအရွယ်အစား အမျိုးမျိုးအတွက်တော့ သားရေအစား သတင်းစာစက္ကူတွေကို တစ်ရွက်ပြီးတစ်ရွက် ကော်နဲ့ကပ်၊ ပုလင်းနဲ့လိမ့်၊ ထပ်ကပ်၊ လိမ့်နဲ့ လိုချင်တဲ့အထူရအောင် လုပ်ယူပါတယ်။ ပြီးသွားတော့ ဒိုးပတ်အရွယ်၊ ဗုံအရွယ်ထွင်းထားတာတွေမှာ ကပ်ပြီး လျှော်ကြိုးနဲ့ နာနာ



တုပ်လိုက်တဲ့အခါ ဗုံသံ၊ ဒိုးပတ်သံ ထွက်လာတော့တာပါပဲ။ ဝါးပတ္တလား၊ သံပတ္တလား စတာတွေလည်း ဒီလိုပဲလုပ်ယူကြပါတယ်။ စက္ကူနဲ့လုပ်တဲ့ ဗုံတွေဟာ တစ်ပွဲတီးတော့ ကောင်းကောင်းခံပါတယ်။

### မီးရှိလို့ မီးခိုးထွက်

လူတွေမှာ စွမ်းရည်ကိုယ်စီရှိကြပါတယ်။ အသုံးမချဘဲထားလို့ ငုတ်နေကြတာပါ။ ကျဉ်းထဲကျပ်ထဲရောက်လို့ ဘယ်လိုမှ မတတ်နိုင်ဘူးဆိုတဲ့အခါရောက်ရင် ညှစ်ထုတ်လိုက်တိုင်း စွမ်းရည်တွေထွက်လာလေ့ရှိပါတယ်။ အဲဒါကြောင့် ဘယ်လိုအခက်အခဲ၊ ဘယ်လိုပြဿနာကိုမှ ကြောက်စရာမလိုပါဘူး။ ရဲရဲရင်ဆိုင်ဝံ့ရင် ကျော်လွှားနိုင်မှာ သေချာပါတယ်။ မီးရှိလို့ မီးခိုးထွက်တယ်။ မီးခိုးထွက်လို့ မီးရှိတယ်ဆိုတဲ့ သဘောအတိုင်း ပြဿနာတိုင်းမှာ ဖြစ်လာရတဲ့ အကြောင်းရင်းဇစ်မြစ် ရှိမြဲဖြစ်တယ်။ အကြောင်းရင်းဇစ်မြစ်ကို ဘက်ပေါင်းစုံက လေ့လာရှာဖွေရင် တစ်ချိန်ချိန်မှာ တွေ့လာမှာပါ။ ဖြစ်ရတဲ့အကြောင်းရင်းကို ရှင်းလင်းဖယ်ရှားနိုင်ရင် ပြဿနာဟာ ပပျောက်သွားမှာဖြစ်တယ်။ အရေးကြီးတာက ပြဿနာစတင်ပေါ်ပေါက်လာရတဲ့ အခြေခံအကြောင်းရင်းကို ရှာတွေ့ဖို့သာဖြစ်တယ်။ အဲဒီလို ရှာဖွေရာမှာ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံက လှည့်ပတ်ကြည့်ရှုသုံးသပ်ဖို့လိုပါတယ်။ ဆန္ဒစွဲနဲ့မကြည့်မိဖို့လည်း သတိထားရပါလိမ့်မယ်။

ပြဿနာတို့၊ အခက်အခဲတို့ဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ ပြဿနာတွေ၊ အခက်အခဲတွေကြောင့် လူ့စွမ်းလူစတွေ တိုးတက်လာတာပါ။ ကြောက်လို့ ရှောင်ပြေးရင် ပြဿနာပိုကြီးလာဖို့ပဲရှိတယ်။ ဘယ်တော့မှ ပြေလည်မှာမဟုတ်ပါဘူး။ ဒါကြောင့် 'လာမယ့်ဘေး ပြေးတွေ့ပါ' လို့ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါတယ်။

၄၊ ၇၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## ရှီးသားမှု၊ ဝါသနာပါမှုနဲ့ သတင်းလုပ်ငန်း

အခုတလော ဂျာနယ်အတော်များများမှာ 'သတင်းထောက် အလို ရှိသည်'ဆိုတဲ့ ကြော်ငြာတွေ တွေ့နေရတယ်။ အရင်ကလည်း မကြာ မကြာ တွေ့ရပါတယ်။ ဂျာနယ်တွေ စောင်ရေအများကြီး တိုးတက်လာ လို့ လုပ်ငန်းတိုးချဲ့ကြတဲ့အတွက် သတင်းထောက်တွေ တိုးပြီးခေါ်တာ ဖြစ်ရင်တော့ သိပ်ကောင်းတယ်။ ဝမ်းသာစရာဖြစ်တယ်။

### အကြောင်းရင်းလေးခု

မကြာမီရက်ပိုင်းတွေကပဲ ဂျာနယ်တိုက်နှစ်ခုက အယ်ဒီတာနှစ်ဦး တစ်ရက်စီကွာပြီး ရောက်လာကြလို့ စကားစပ်မိတဲ့အခါကျတော့ ဂျာနယ် လုပ်ငန်းအောင်မြင် တိုးချဲ့နေလို့ ခေါ်ကြရတာမဟုတ်ဘူး။ လူမမြဲလို့ ခဏခဏ ခေါ်နေရတာလို့ သိရတယ်။ အကြောင်းရင်းကို ထပ်ဆင့်စေ့ငု လိုက်တော့ အကြောင်းတော်တော်များများကို ပြောပြကြတယ်။ သူတို့ နှစ်ယောက် ပြောခဲ့တာတွေကို ချုပ်ကြည့်လိုက်တော့ ...

(၁) သူတို့လိုချင်သလောက် လစာမပေးနိုင်တာ
(၂) အများစုက နိုင်ငံခြားထွက်ဖို့ 'ခုတုံး'တစ်ခုအနေနဲ့ ဝင်လုပ်ကြတာ
(၃) ရုံးဆင်းရုံးတက်အချိန်ရယ်လို့ သတ်မှတ်ချက်မရှိတဲ့ လုပ်ငန်းသဘာဝ ရဲ့ ပင်ပန်းမှုဒဏ်မခံနိုင်တာ
(၄) တချို့ကျတော့ သတင်းမီဒီယာလုပ်ငန်းဆိုပြီး စိတ်ကူးမျှော်မှန်းခဲ့တာ တွေနဲ့ မကိုက်လို့ စိတ်ပျက်သွားတာဆိုတဲ့ အချက်လေးချက်ကို တွေ့ ရတယ်။



### ရွေးချယ်စရာတွေများတယ်

ပြောကြတဲ့အချက်တွေကတော့ ဒါထက်မကပါဘူး။ ဒါပေမဲ့ လိုရင်းကို ချုပ်ပြီး သုံးသပ်ကြည့်တော့ ဒီခေါင်းစဉ်လေးခုထဲမှာ အကျုံးဝင်နေတာ ချည်းပါပဲ။ တစ်ချက်စီနဲ့ပတ်သက်ပြီး သူတို့ အကျယ်တဝင့် ရှင်းပြတာ တွေကို ကြည့်ရအောင်။

အချက်(၁)နဲ့ပတ်သက်ပြီး ပြောကြတာက "သူတို့ဂျာနယ်တွေ စတင် ကြတဲ့ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ် အချိန်ကာလတုန်းကတော့ သူတို့ ပေးတဲ့လစာတွေဟာ စံပြုဖြစ်လောက်အောင်ကို များနေတာကြောင့် အလု အယက်ကို လျှောက်လွှာတွေတင်ခဲ့ကြတယ်။ အခုအချိန်ကျတော့ အခြေ အနေက မတူတော့ဘူး။ ပြင်ပကုမ္ပဏီကြီးတွေကလည်း အရည်အချင်း ပြည့်ဝသူဆိုရင် လစာကို တစ်သိန်းခွဲ၊ နှစ်သိန်းကနေပြီး လေးငါးခြောက် သိန်းအထိ ပေးလာကြတယ်။ အရည်အချင်းရှိတဲ့ လူငယ်တွေမှာ ရွေး ချယ်စရာတွေ အများကြီးရှိလာတယ်။ အထူးသဖြင့် နာဂစ်ဖြစ်ပြီးနောက်ပိုင်း မှာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေအပြင် တခြားနိုင်ငံတကာ အဖွဲ့အစည်းတွေ အများအပြား ဝင်ရောက်လာခဲ့ကြတယ်။ အဲဒီတော့ လူငယ်လုပ်သားတွေ အများကြီးစုဆောင်းခေါ်ယူကြတယ်။ တချို့အဖွဲ့ကြီး များကဆို လူပေါင်းလေးရာလောက်ထိကို ခေါ်ကြတယ်။ နိုင်ငံတကာ အဖွဲ့အစည်းကြီးတွေမှာ အလုပ်လုပ်နိုင်ဖို့ မူလကတည်းက စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ကြတဲ့ လူငယ်တွေဟာ မူလအလုပ်ကထွက်ပြီး အပြေးအလွှား ကူးပြောင်းသွားကြတယ်။ စီမံချက်ပြီးလို့ စာချုပ်သက်တမ်းကုန်ရင် ဘာ အာမခံချက်မှမရှိဘူးဆိုတာကိုတော့ သူတို့လေးတွေ မစဉ်းစားမိကြဘူး။

### ဆော်ဒယ်လ်ဂဲလ်က မီဒီယာသင်တန်းတက်

အချက်(၂)နဲ့ပတ်သက်လို့ ပြောတာက ပြည်ပမှာဖွင့်တဲ့ ဟိုသင်တန်း ဒီသင်တန်းဆိုတာတွေ အများကြီးရှိနေတယ်။ ဂျာနယ်တိုက်တွေမှာ သက်ရှိလုပ်နေတဲ့ သူတွေအတွက် လမ်းပွင့်နေတယ်။ အဲဒီပြင်ပသင်တန်း တွေကတစ်ဆင့် အဆက်အသွယ်မိသွားရင် ပြည်ပအလုပ်အကိုင်တစ်ခုခု ရှိတ်မိသွားနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးတွေ လူငယ်တွေမှာ ရှိနေကြ တယ်။ ဂျာနယ်မှာ တကယ်လုပ်ချင်တာမဟုတ်ဘဲ 'ခုတုံး'အဖြစ် အသုံး ချဖို့ ဝင်လုပ်တာ၊ မီဒီယာသင်တန်းဆိုပြီး ဘာမဆိုင်ညာမဆိုင် ဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပိုင်ရှင်နဲ့ရင်းနှီးတဲ့ 'မော်ဒယ်ဂဲလ်'ကို သွားတက်ခိုင်းတာ၊ ကြော်ငြာကောက်တဲ့ ကလေးမကို သွားတက်ခိုင်းတာမျိုးတွေ အများကြီးပဲလို့ ရှင်းပြပါတယ်။

## အကျမခံနိုင်လို့

နံပါတ်(၃)အချက်ကတော့ ထွေထွေထူးထူးပြောစရာ သိပ်မရှိပါဘူး။ တစ်ခါတလေ နှစ်ည၊ သုံးညဆက်တိုက် အိပ်မပြန်ရတဲ့ညတွေ ရှိတတ်တဲ့ ဂျာနယ်လုပ်ငန်းသဘာဝရဲ့ဒဏ်ကို တော်ရုံလူတွေ မခံနိုင်ဘူးလို့ သူတို့ကိုယ်တိုင် ဝန်ခံကြပါတယ်။

နံပါတ်(၄)အချက်နဲ့ ပတ်သက်လို့ကလည်း သူတို့မှာ ပြောစရာသိပ်မရှိပါဘူး။ အစတုန်းကတော့ သူတို့ကိုယ်တိုင်လည်း အဲဒီလူငယ်တွေလိုပဲ စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ဖူးကြတာကိုး။ အဲဒါကြောင့် အဲဒီလူငယ်တွေကို အပြစ်မတင်ကြပါဘူး။ အခြေအနေကို သုံးသပ်ပြတဲ့ သဘောပါပဲ။

## မရှုံ့မကြောက်

သူတို့ပြောသွားကြတဲ့ အချက်အားလုံးကို သေသေချာချာ စဉ်းစားကြည့်ပါတယ်။ စဉ်းစားပြီး ကောက်ချက်ချမိတာကတော့ 'အဲဒီလူငယ်တွေအားလုံးဟာ မူလအစကတည်းကိုက သတင်းလုပ်ငန်းကို တကယ်တမ်းနှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်းကြီး ဝါသနာရှိကြတာ မဟုတ်ဘူး'ဆိုတာပဲ ဖြစ်ပါတယ်။ သတင်းလုပ်ငန်းကလွဲပြီး တခြားဘာကိုမှ မလုပ်ချင်ဘူးဆိုလောက်အောင်ကို အရူးအမူးစွဲလမ်းသူ(devoted ဖြစ်သူ)ဆိုရင် လစာဘယ်လောက်ရရ၊ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ ဘယ်လောက်ပဲ ဘေးအန္တရာယ် ထူပြောထူပြော မလုပ်ရရင်ကို မနေနိုင်ပါဘူး။ တစ်ပြားမှမရရင်လည်း လုပ်မှာပါပဲ။ မတွန့်မဆုတ်ဝင်တိုးပြီး သတင်းရဖို့၊ ဓာတ်ပုံရဖို့ လုပ်မှာပါပဲ။ နံပါတ်(၄)အချက်က ပုဂ္ဂိုလ်လိုလည်း ကိုယ်စိတ်ကူးယဉ်ခဲ့တာနဲ့ မကိုက်လို့ဆိုပြီး ရှောင်ကွင်းသွားမှာ မဟုတ်ပါဘူး။ ပေးတဲ့အခြေအနေ၊ ရတဲ့အခွင့်အရေးဘောင်အတွင်းက မဖြစ်ဖြစ်အောင် လုပ်မှာပါပဲ။ အတတ်ပညာဆိုတာ ဒီလိုလုပ်ရင်းကိုင်ရင်းနဲ့ပဲ ကျွမ်းကျင်လိမ္မာလာကြတာ မဟုတ်လား။ အခြေအနေမပေး၊ အခွင့်အရေးမရရင် ရအောင်ဖန်တီးယူတတ်ခြင်းဟာ 'အတတ်ပညာ'ပဲ မဟုတ်လား။ ဘယ်သူမှ မွေး



ကတည်းက တတ်လာကြတာမဟုတ်ဘူး။ အန္တရာယ်တွေကို ရင်ဆိုင်၊ အခက်အခဲတွေကိုကျော်ဖြတ်ရင်း အရည်အသွေးတွေ တောက်ပြောင်လာကြရတာသာ ဖြစ်ပါတယ်။

## အစိမ်းသက်သက်ပဲကောင်းတယ်

'သတင်းထောက် အလိုရှိသည်' ကြော်ငြာတွေ ဖတ်ကြည့်တော့ 'နမူနာသတင်း သုံးလေးပုဒ်'နဲ့အတူ လျှောက်ရမယ်လို့ ဆိုထားကြတာချည်းပါပဲ။ စကတည်းကိုက မှားနေပြီလို့ ပြောလိုက်ချင်ပါတယ်။ အဲဒါကြောင့်လည်း 'သတင်းသမားကောင်း'မရကြတာလို့လည်း ကောက်ချက်ချလိုက်မိတယ်။ သတင်းသမားကောင်းရဖို့ သတင်းရေးတတ်စရာ မလိုပါဘူး။ တစ်လလောက်သင်ရုံနဲ့ အခြေခံသတင်းရေး၊ သတင်းလိုက်လုပ်တတ်ရုံတော့ ဖြစ်ပါတယ်။ ကျွမ်းကျင်ဖို့သာ ဆက်ပြီးလေ့ကျင့်သွားရမှာပါ။ သတင်းသမားဖြစ်ဖို့ လွယ်ပါတယ်။ 'သတင်းသမားကောင်း' ဖြစ်ဖို့သာ ခက်တာပါ။ သတင်းသမားကောင်းရဖို့ဆိုရင် စာနယ်ဇင်းလုပ်ငန်းထဲမှာ တစ်ခါမှမလုပ်ဖူးတဲ့ အစိမ်းသက်သက်လူငယ်တွေကို ရွေးချယ်တာအကောင်းဆုံးပါပဲ။ အဖြူထည် အစိမ်းသက်သက်ကလေးတွေက ကိုယ့်မူကိုယ့်ဝါဒနဲ့ကိုက်အောင် စိတ်ကြိုက်သင်ကြားပေးလို့ရတယ်။ လုပ်ဖူးလုပ်စရှိတဲ့သူက အရင်လုပ်ခဲ့တဲ့နေရာက ပါလာတဲ့စရိုက်တွေကို ချေချွတ်ပစ်ဖို့ခက်တယ်။ အဲဒါကြောင့် ဘယ်သူပဲလာအကြံတောင်းတောင်း အစိမ်းသက်သက် လူငယ်လူသစ်လေးတွေကိုပဲ ခေါ်ပါလို့ တိုက်တွန်းလေ့ရှိပါတယ်။

## ရိုးသားမှုယုံကြည်တယ်

အဲဒီအစိမ်းသက်သက် လူငယ်လေးတွေကို အချက်နှစ်ချက်နဲ့သာ အကဲဖြတ်ရွေးချယ်ပါလို့လည်း အကြံပေးလေ့ရှိပါတယ်။ ရိုးသားမှုနဲ့ သတင်းလုပ်ငန်းကို မလုပ်ရမနေနိုင်လောက်အောင်ကို နှစ်နှစ်ကာကာ ဝါသနာကြီးမား စွဲလမ်းမှုတို့ ဖြစ်ပါတယ်။

သတင်းလုပ်ငန်းဆိုတာ ဒီခေတ်မှာ တိုင်းပြုပြည်ပြုလုပ်ငန်းဖြစ်သလို စီးပွားရေးလုပ်ငန်းလည်း ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတို့ရဲ့ သဘာဝအတိုင်း မသမာတဲ့နည်းလမ်းနဲ့ ကိုယ်ကျိုးရှာတာတွေ ရှိတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မရိုးသားသူက သတင်းသမားလုပ်လာရင် မသမာတဲ့နည်းနဲ့ ကိုယ်ကျိုးရှာတာမျိုးတွေ အများကြီးလုပ်နိုင်ပါတယ်။ သတင်းသမားရဲ့ သဘာဝအရ အများကြီးလုပ်ခွင့်သာပါတယ်။ ဒီအခွင့်သာတာကို အသုံးချပြီး ကိုယ်ကျိုးရှာတဲ့အတွက် သတင်းစာဂျာနယ်တိုက်ကို ထိခိုက်ရုံသာမက သတင်းမီဒီယာလုပ်ငန်း နယ်ပယ်ကြီးတစ်ခုလုံးအပေါ်မှာပါ 'ယုံကြည်မှု'ကင်းမဲ့သွားစေနိုင်ပါတယ်။ 'ယုံကြည်မှု'ဆိုတာ သတင်းလုပ်ငန်းရဲ့ အသက်ပါ။ ယုံကြည်မှုရှိမှ အများက အားပေးထောက်ခံမှာ၊ ကူညီပံ့ပိုးမှာဖြစ်တယ်။ အများပြည်သူလူထုရဲ့ ကူညီပံ့ပိုးမှု၊ အားပေးထောက်ခံမှုမရဘဲနဲ့ ဘယ်အရာမှ မရပ်တည်နိုင်ပါဘူး။ 'ခွေးရူးကောင်းစား တစ်မွန်းတည့်'ဆိုတဲ့ စကားကို သတိထားဖို့ လိုပါတယ်။ 'လူတွေ့မေး'လုပ်တဲ့အခါမှာ ရိုးသားမှုရှိမရှိဆိုတာ သိသာထင်ရှားအောင်မေးဖို့ အထူးအရေးကြီးပါတယ်။

## စာမဖတ်ရင်မဖြစ်ဘူး

သတင်းလုပ်ငန်းကို မလုပ်မနေနိုင်လောက်အောင်ကို ဝါသနာကြီးသူဟုတ်မဟုတ်ဆိုတာကလည်း လျှောက်လွှာထဲရေးထားတာကို ကြည့်ပြီး အကဲဖြတ်လို့ မရနိုင်ဘူး။ 'လူတွေ့'မေးတဲ့အခါကျမှ သိနိုင်တာမျိုးဖြစ်တယ်။ အဓိက စစ်ဆေးသင့်တာက စာဘယ်လောက်ဖတ်သလဲ၊ နိုင်ငံတကာအရေးကိစ္စတွေ ဘယ်လောက်စိတ်ဝင်စားသလဲ။ ဘယ်လောက်သိသလဲဆိုတာမျိုးပဲ ဖြစ်ပါတယ်။ စာမဖတ်တဲ့သူဟာ ဘယ်တော့မှ သတင်းသမား မဖြစ်နိုင်ဘူး။ နိုင်ငံတကာအရေးကိစ္စ စိတ်မဝင်စားသူဟာလည်း ဘယ်တော့မှ သတင်းသမားမဖြစ်နိုင်ဘူး။ စာဖတ်တာနဲ့ပတ်သက်ပြီး မမေးမဖြစ်မေးရမယ့် မေးခွန်းကတော့ သတင်းစာပညာနဲ့ ပတ်သက်တဲ့ ဘယ်စာအုပ်ဖတ်ဖူးသလဲဆိုတာ ဖြစ်တယ်။ မြန်မာဘာသာနဲ့ထုတ်တဲ့ သတင်းစာပညာစာအုပ်ဆိုလို့ အုပ်ရေနှစ်ဆယ်အစိတ်ထက် ပိုမရှိပါဘူး။ အဲဒီထဲက တစ်အုပ်တစ်လေတောင် မဖတ်ဖူးသူဆိုရင်တော့ စဉ်းစားမနေပါနဲ့တော့၊ တကယ်ဝါသနာပါလွန်းလို့ လာလျှောက်တာမဟုတ်ပါဘူး။ သတင်းသမားကောင်းဖြစ်ဖို့အတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့–

၁။ ရိုးသားမှု

၂။ မလုပ်ရမနေနိုင်အောင် ဝါသနာကြီးမှု

အဲဒီနှစ်ခုကိုသာ 'လူတွေ့'မေးတဲ့အခါမှာ သေချာအောင်မေးပါ။



ဒီနှစ်ခုနဲ့ မညီညွတ်သူဟာ ဘယ်တော့မှ သတင်းသမားကောင်း မဖြစ်နိုင်ဘူးလို့သာ မှတ်ထားလိုက်ပါတော့။

၂၂၊ ၇၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## စိန်နားကပ်ရောင်နဲ့ ပါးမပြောင်စေချင်

လူငယ်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို အမြဲလိုလိုရေးဖြစ်နေတာကြောင့် လူငယ်တွေနဲ့ အထိအတွေ့များပါတယ်။ လူငယ်လုံမငယ်တချို့က လူကိုယ်တိုင်ရောက်လာတတ်ကြပြီး တချို့က ဖုန်းနဲ့၊ တချို့က စာနဲ့ မေးမြန်းဆွေးနွေးတာတွေ လုပ်ကြပါတယ်။ လူငယ်တွေပီပီ သူတို့သဘောတူတာတွေ့ရင် သဘောတူနှစ်သက်ကြောင်းပြောသလို သူတို့သဘောမတူနိုင်၊ ဘဝင်မကျနိုင်တာမျိုးတွေ့ရင်လည်း ပွင့်ပွင့်လင်းလင်းပဲ သဘောမတူကြောင်းပြောပါတယ်။

### မပြောင်တဲ့ကိုယ်ရည်မသွေးဘူး

အဲဒီလို ကိုယ်ယုံကြည်တာကို ပွင့်ပွင့်လင်းလင်း၊ မကွယ်မဝှက်၊ ရိုးရိုးသားသား ပြောတတ်လုပ်တတ်တာဟာ လူငယ်ရဲ့သဘာဝဖြစ်တယ်။ ဒါကြောင့် နှစ်သက်စရာကောင်းတယ်။ သူတို့မှာက ကိုယ်ကျိုးစီးပွားကြည့်ပြီး အဖြူကို အမည်း၊ အမည်းကို အဖြူလို့ စဉ်းလဲစွာပြောဆိုတာမျိုး မရှိဘူး။ ငယ်ရွယ်သေးတော့ သမိုင်းမရှိသေးဘူး။ သမိုင်းမရှိတော့ သူတစ်ပါးကို အပုပ်ချ၊ မပြောင်တဲ့ကိုယ်ရည်ကို ဖွတ်အတင်းကြီးဖိသွေးပြီး သမိုင်းကို လိမ်စရာလည်း အကြောင်းမရှိဘူး။ ယေဘုယျအားဖြင့် လူငယ်ဆိုတာ ဖြူစင်တယ်။ ဖြောင့်မတ်တယ်။ ဒါကြောင့် လူငယ်တွေနဲ့ဆက်ဆံရတာ ဝမ်းသာကျေနပ်တယ်။ လူငယ်တွေမေးမြန်းဆွေးနွေးသမျှ စိတ်ရှည်လက်ရှည်နားထောင်ပြီး ဖြေကြားပါတယ်။ တချို့ကိစ္စတွေဆို လူငယ်အားလုံး သိသင့်သိထိုက်တာတွေဖြစ်လို့ စာနယ်ဇင်းတွေမှာ ဆောင်းပါးအဖြစ်ရေးပြီး တင်ပြတာတွေရှိပါတယ်။



### အလုပ်နဲ့အိမ်ထောင်ရေး

လူငယ်တွေဟာပွင့်လင်းပြီး မကွယ်မဝှက် ရိုးရိုးသားသားပြောတတ်၊ လုပ်တတ်တယ်လို့ ဆိုခဲ့တဲ့အတိုင်း တစ်ခါတလေမှာ သူတို့ရင်ထဲ မွန်းကျပ်နေတဲ့ ပုဂ္ဂလိကလူမှုရေး၊ အိမ်ထောင်ရေးစတဲ့ ပြဿနာတွေကို ရင်ဖွင့်တိုင်တည်တာမျိုး လုပ်တတ်ကြပါတယ်။ တစ်ခါတလေကျတော့လည်း မိသားစုတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မိဘနဲ့သားသမီးဆက်ဆံရေးမျိုးကို ဖွင့်ဟတိုင်ပင်တတ်ကြပါတယ်။ တစ်လောလေးက မိန်းကလေးတစ်ယောက် ဆီကရတဲ့ စာတစ်စောင်ပါကိစ္စဟာ လူငယ်တွေသာမက မိဘတွေပါ သိသင့်တဲ့ကိစ္စမို့ အားလုံးသိစေချင်ပါတယ်။ မိန်းကလေးက ဘီအီးဒီဘွဲ့ရ ဆရာမလေးပါ။ ဆရာမအလုပ်ကို ဝါသနာပါလွန်းလို့ ၁၀ တန်းအောင်မှတ် အရ ကွန်ပျူတာတက္ကသိုလ် တက်ခွင့်ရတာတောင်မတက်ဘဲ ကျောင်းဆရာမ လုပ်နိုင်တဲ့လိုင်းကို လိုက်ခဲ့တာပါ။ အသက်က ၂၇ နှစ်ရှိပါပြီ။ တက္ကသိုလ်တက်စဉ်ကတည်းက ရည်ငံခဲ့တဲ့သူနဲ့ နှစ်ဖက်မိဘများကလည်း သဘောတူမှုတာကြောင့် လက်ထပ်ဖို့ အစီအစဉ်ရှိပါတယ်။ လက်ထပ်မယ့်သူက ဆည်မြောင်းအင်ဂျင်နီယာတစ်ယောက် ဖြစ်ပါတယ်။ လက်ထပ်ဖို့ဆွေးနွေးကြတော့ ချစ်သူနဲ့တကွ နှစ်ဖက်မိဘအားလုံးက အလုပ်ထွက်ပြီး ခင်ပွန်းအလုပ်ရှိရာဒေသကို လိုက်နေဖို့ပြောကြပါတယ်။ ပြောင်းရွှေ့လို့ရအောင် ကြိုးစားပါမယ်လို့ပြောတာကို အားလုံးက လက်မခံလိုကြပါဘူး။ အလုပ်ထွက်ပြီး 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'ပဲလုပ်ဖို့ ဝိုင်းပြောကြပါတယ်။

### စိန်နားကပ်အရောင်နဲ့ ပါးပြောင်

နောက်ဆုံးကျတော့ မိန်းကလေးက 'အကြံကုန် ဂဠုန်ဆားချက်' ဆိုတဲ့သဘောနဲ့ စာရေးပြီး အကြံတောင်းလိုက်တာဖြစ်ပါတယ်။ သူ့အနေနဲ့ အလုပ်ကမထွက်ချင်တဲ့အကြောင်းလည်း ထည့်ရေးလိုက်ပါတယ်။ မိန်းကလေးရဲ့စာကို ဖတ်ပြီးတဲ့အခါကျတော့ မိန်းမတို့ရဲ့နေရာဟာ မီးဖိုချောင်ဖြစ်တယ်ဆိုတဲ့ အယူအဆ ဒီခေတ်မှာ နိဂုံးချုပ်သွားပြီဆိုတာကို လက်မခံချင်သေးတဲ့လူတွေ ရှိနေပါသေးလားလို့ တွေးလိုက်မိပါတယ်။ လူတွေ အလုပ်လုပ်ကြတာဟာ ပိုက်ဆံရဖို့တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ လူ့လောကကြီးထဲက လူသားတစ်ယောက်အနေနဲ့ လူ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com

တစ်ရပ်ကို ကျေပွန်အောင်ထမ်းဆောင်တဲ့သဘောလည်း ဖြစ်ပါတယ်။ လူ့ရယ်လို့ဖြစ်လာရင် ဘယ်သူမဆို ကိုယ်ပိုင်ဇာတိရုပ်တစ်ခု(identity) ရှိဖို့လိုပါတယ်။ အဲဒီလိုရှိမှ ကိုယ့်ဘဝကိုယ် ကျေနပ်အားရပြီး စိတ်ချမ်းသာ ပျော်ရွှင်နိုင်ပါတယ်။ သူတစ်ထူးကို မှီခိုပြီး 'စိန်နားကပ်ရောင်ကြောင့် ပါးပြောင်'နေရတဲ့ဘဝမျိုးမှာ ဘယ်သူမှ ရာနှုန်းပြည့်စိတ်ချမ်းသာမှု မရနိုင်ပါဘူး။ ဆိုက်ကားဆရာက ဆိုက်ကားဆရာဆိုတဲ့ ကိုယ်ပိုင်ဘဝရှိတယ်။ ပဲပြုတ်သည်ကလည်း ပဲပြုတ်သည်ဆိုတဲ့ ကိုယ်ပိုင်ဘဝရှိတယ်။ သူတို့ အလုပ်သူတို့ ကျေနပ်ပျော်ရွှင်နိုင်ကြတယ်။

အင်ဂျင်နီယာကတော်၊ ဆရာဝန်ကတော်၊ မင်းကြီးကတော်၊ ဗိုလ်ကတော်၊ သူဌေးကတော်ဆိုတဲ့ ဘဝတွေက စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေရတဲ့ ဘဝတွေသာဖြစ်ပါတယ်။ စိန်နားကပ်ကြီးမရှိတော့ဘူးဆိုရင် ပါးဟာ မပြောင်နိုင်တော့ပါဘူး။

**မောင်မင်းကြီးသားကျေးဇူး**

အိမ်ထောင်ဆိုတာနဲ့ ဆက်စပ်မိလို့ အရှေ့တိုင်းသားတွေကြားမှာ အရိုးစွဲတဲ့အထိ အမြစ်တွယ်စွဲမြဲနေတဲ့ ဓလေ့ဆိုးတစ်ခုအကြောင်းလည်း ပြောချင်ပါသေးတယ်။ အဲဒီဓလေ့ကတော့ အိမ်ထောင့်တာဝန်ဆိုတာ မိန်းမတွေရဲ့အလုပ်လို့ သဘောထားကြတဲ့ အယူအဆကနေ ပေါက်ဖွားလာတဲ့ အလေ့အထဖြစ်ပါတယ်။ ကလေးထိန်းအလုပ်၊ ချက်ရေးပြုတ်ရေးအလုပ်၊ ကြမ်းတိုက်၊ အဝတ်လျှော်၊ မီးပူတိုက်အလုပ် စတဲ့အလုပ်အားလုံးဟာ ယောကျ်ားတွေနဲ့ ဘာမှမဆိုင်ဘူး။ မိန်းမတွေရဲ့အလုပ်လို့ သဘောထားကြပါတယ်။ ယောကျ်ားရဲ့လုပ်စာကို အေးအေးဆေးဆေးထိုင်စားနေနိုင်တဲ့ ခေတ်ကတော့ ဟုတ်တာပေါ့။ ယောကျ်ားဆိုတာ အိမ်ဦးနတ်လို ဖူးဖူးမှုတ်ထားရမယ့်သူလေ။ မောင်မင်းကြီးသား လုပ်ကိုင်ကျွေးပေလို့ မပူမပင် မကြောင့်မကြ နေနိုင်တာကိုး။

**ညားခါစမှာဟုတ်မလိုလို**

အခုခေတ်ကျတော့ မိန်းမတွေပါထွက်ပြီး အလုပ်လုပ်၊ ပိုက်ဆံရှာနေကြရတာလေ။ ယောကျ်ားလိုပဲ မနက်လင်း အိမ်ကထွက်၊ ညနေစောင်းမှ အိမ်ပြန်ရောက်ရတာဖြစ်တယ်။ အဲဒီတော့ အိမ်အလုပ်အားလုံးကို မိန်းမ



တစ်ယောက်တည်း သိမ်းကျုံးလုပ်ရတယ်ဆိုရင် တရားပါ့မလား။ ယောကျ်ားဖြစ်သူက ခွဲဝေတာဝန်မယူသင့်ပေဘူးလား။ စကားအဖြစ်ပြောရင်တော့ 'ဟုတ်တာပေါ့၊ မှန်တာပေါ့'လို့ ယောကျ်ားတိုင်း ပြောကြမှာပါ။ ဒါပေမဲ့ တကယ့်လက်တွေ့ကျတော့ မီးပူတိုက်ပေးတဲ့ ယောကျ်ား၊ ကြမ်းတိုက်ပေးတဲ့ ယောကျ်ား တော်တော်ရှားပါတယ်။ ညားခါစမှာတော့ မီးဖိုထဲမှာ ပန်းကန်ကူဆေးပေး၊ အိုးတွေခွက်တွေ သိမ်းဆည်းပေး လုပ်ကောင်းလုပ်ပါလိမ့်မယ်။ ဒါပေမဲ့ တစ်သက်လုံးလုပ်ပေးတဲ့ ယောကျ်ားမျိုးတော့ ရှိမယ်မထင်ဘူး။

ပြီးတော့ လူ့ဘဝမှာ ဘာမှအစိုးမရပါဘူး။ လက်ဖျစ်တစ်တွက် အချိန်ကလေးအတွင်းမှာ မျှော်လင့်မထားတဲ့ ပြောင်းလဲမှုတွေ အမြဲမပြတ်ဖြစ်ပွားနေပါတယ်။ အဲဒီအပြောင်းအလဲတွေကို အချိန်မရွေးရင်ဆိုင်ဖို့ အမြဲတမ်း ပြင်ဆင်ထားရပါမယ်။ စည်းစိမ်ချမ်းသာ၊ ရာထူးအာဏာတွေဆိုတာ ရေပွက်ပမာသာဖြစ်တယ်။ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်တာ မဟုတ်ဘဲ ကိုယ်ပိုင်အရောင်နဲ့ ပြောင်ဖို့လိုပါတယ်။ ကိုယ်ပိုင်အရောင်ဆိုတာက ကိုယ့် identity၊ ကိုယ့်ကိုယ်ပိုင်ဘဝက ထွက်ရှိလာတာဖြစ်တယ်။ သီလ၊ သမာဓိ၊ ပညာ ပြည့်ဝရင် ပြည့်ဝသလောက် ထွန်းလင်းပါတယ်။ ပဲပြုတ်သည်နဲ့ ဆိုက်ကားဆရာမှာလည်း သီလ၊ သမာဓိ၊ ပညာ ရှိရင် ရှိသလောက် အရောင်အဝါရှိပါတယ်။ အနှစ်သာရမဲ့တဲ့ အပေါ်ယံအကာတွေကိုသာ အလေးထားနေလို့ကတော့ အပေါ်ယံအကာတွေ ချွတ်ခွာလိုက်ရင် ဘာကိုယ်ရောင်ကိုယ်ဝါ ကျန်ရှိတော့မှာလဲ။ ဒီလိုလောကဓမ္မတာတွေကို လူငယ်တွေသာမက လူကြီးမိဘတွေပါ နှလုံးသွင်းကြဖို့လိုပါတယ်။ ဒါ့အပြင် လူဖြစ်လာရင် မိန်းကလေးတွေဟာ အိမ်ထောင်ထိန်းသိမ်းခြင်းအလုပ်ကို မဖြစ်မနေ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အယူအဆက ယောကျ်ားတွေဆိုးလုပ်၊ တောလိုက်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ခေတ်မှာ ကျန်ရစ်ခဲ့ပြီ။

စာရေးပြီးအကြံတောင်းတဲ့ မိန်းကလေးဆီကို ဒီသဘောအတိုင်းပဲ စာပြန်လိုက်ပါတယ်။ ကိုယ်ပိုင်ဘဝတစ်ခုကို စွန့်ပြီး ကတော်လုပ်လို့ကတော့ သူပျော်နိုင်လိမ့်မယ် မထင်ပါဘူး။

၃၊ ၃၊ ၁၉၉၈



www.burmeseclassic.com

www.burmeseclassic.com

## လုပ်သင့်တာကို လုပ်သင့်တဲ့အတိုင်း လုပ်သင့်တဲ့အချိန်မှာလုပ်

'ကျွန်တော့်ရဲ့ကုသိုလ်ကံကိုက ဆိုးလွန်းပါတယ်။ လူတကာလုပ်လို့ အောင်မြင်နေတဲ့အလုပ်မျိုးဝင်လုပ်တာတောင် အောင်မြင်တယ်လို့မရှိဘူး။ ကြာတော့ လုပ်ရမှာကြောက်ပြီး ဘာမှမလုပ်ချင်တော့ဘူး။ နိုင်ငံခြား ပြန်ထွက်ရမလားလို့တောင် စဉ်းစားနေမိတယ်'

စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်နေတဲ့ လူငယ်တစ်ယောက် စိတ်ပျက် လက်ပျက် ညည်းတွားလိုက်တာပါ။ လူငယ်လို့ ပြောလိုက်ရပေမယ့် တကယ်တော့ သူ့အသက်မငယ်လှတော့ပါဘူး။ ၃၅၊ ၃၆ နှစ်တော့ အနည်းဆုံးရှိလောက်ပြီ။ ဒါပေမဲ့လို့ လူကြီးတစ်ယောက်မျက်စိထဲမှာတော့ လေးဆယ်မကျော်သေးရင် လူငယ်လို့ပဲ မြင်တတ်ကြတယ်မဟုတ်လား။

### မိုင်းရှူးခေတ်

လူလတ်ပိုင်းအရွယ်ရောက်နေပြီဖြစ်တဲ့အလျောက် အလုပ်လည်း မျိုးစုံအောင်လုပ်ခဲ့တာကို သတိပြုမိပါတယ်။ သူကျောင်းပြီးစအချိန်က မိုင်းရှူးခေတ်ထချိန်ဖြစ်လို့ မိုင်းရှူးသွားလုပ်ပါသေးတယ်။ သုံးနှစ်လောက် လုပ်ပြီးတော့ လက်လျှော့လိုက်ပါတယ်။ သူရောက်သွားချိန်က မိုင်းရှူး ခေတ် အမြင့်ဆုံးအချိန်ဖြစ်လေတော့ အကွက်အကွင်းကောင်းမှန်သမျှ သူ့အရင်ရောက်နှင့်သူတွေလက်ထဲ ရောက်နေကြပါပြီ။ သူရောက်သွား တော့ ဘယ်သူမှမလိုချင်တဲ့နေရာတွေမှာပဲ သူလုပ်ရပါတယ်။ နောက်ဆုံး တော့ စရိတ်ထောင်း 'ဖြူခါပြာခါကျ'လို့ အိမ်ပြန်လာရပါတယ်။ ဘိုးစဉ် ဘောင်ဆက် ကုန်သည်ပွဲစား စီးပွားရေးသမား လုပ်လာတာဖြစ်တဲ့ အလျောက် ခဏသာနားပြီး ခေတ်စားနေတဲ့ ရေသန့်စက်ရုံထောင်ပါတယ်။ ဒါလည်းပဲ သူ့အရင်လုပ်နေတဲ့ ငွေလုံးငွေရင်းများစွာ ပုံအောကြော်ငြာ



နိုင်တဲ့ လုပ်ငန်းကြီးတွေကို မပြိုင်နိုင်တဲ့အတွက် နှစ်နှစ်ပဲ ခံလိုက်ပါ တယ်။

### လွယ်မှတ်လို့

အဲဒီနောက် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ပါတယ်။ ခွက်ခွက်လန် အောင် ရှုံးပြီး ရပ်လိုက်ပါတယ်။ နောက်ဆုံးတော့ ခရီးသွားလုပ်ငန်း တစ်ခုထောင်ပြီး ကမ္ဘာလှည့်ခရီးသည်များကို ဝန်ဆောင်မှုပေးတဲ့အလုပ် လုပ်ပါတယ်။ ဒါလည်းပဲ အစပိုင်းမှာအလုပ်ဖြစ်ပေမယ့် နောက်ပိုင်းမှာ အလုပ်မဖြစ်တော့ပါဘူး။ အခြေအနေ ကောင်းနိုးကောင်းနိုးနဲ့ စောင့်စား မျှော်လင့်ရင်းပဲ မေးပြီးနေရတယ်လို့ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် ကုမ္ပဏီ တစ်ခု လက်ထဲမှာရှိနေသေးလို့ 'ယောင်ခြောက်ဆယ်'တော့ ဖြစ်မနေဘူး ပေါ့။ ဒီအခြေအနေမှာ သူရောက်လာတာဖြစ်ပါတယ်။ သူ ကျောင်းပြီးစက စင်ကာပူမှာ နှစ်နှစ်လောက်သွားပြီး အလုပ်လုပ်ပါသေးတယ်။ နောက် တော့ ပြန်လာပြီး မိုင်းရှူးကို ရောက်သွားတာဖြစ်တယ်။ နိုင်ငံခြား ပြန် ထွက်ဖို့ စိတ်ကူးတယ်ဆိုပေမယ့် တကယ်တော့ မလွယ်လှတာကို သူလည်း သိပုံရပါတယ်။ သူ့အသက်က မငယ်လှတော့ဘူးလေ။ အိမ်ထောင်နဲ့ သားသမီးတွေနဲ့ လူလတ်ပိုင်းအရွယ်ရောက်မှ နိုင်ငံခြားမှာ တစ်ကနေ ပြန်စဖို့ဆိုတာ လွယ်မှတ်လို့။

### ခေါင်းပူအောင်စဉ်းစားရ

သူ့အသက်အရွယ်ဟာ 'လေထဲ တိုက်အိမ်ဆောက်' လုပ်ရမယ့်အရွယ် မဟုတ်တော့တာမို့ မရေရာတဲ့နိုင်ငံခြားအလုပ်ကို စဉ်းစားမနေဘဲ လက်ရှိ လုပ်နေတဲ့အလုပ်ကိုသာ တိုးတက်အောင် နည်းလမ်းရှာပြီး ကြိုးစားသင့် ကြောင်း အကြံပေးစကားပြောလိုက်ပါတယ်။

သူပြန်သွားပေမယ့် သူ့အကြောင်းကတော့ ခေါင်းထဲမှာ ကျန်နေရစ် ခဲ့တယ်။ သူဟာ သင့်တင့်လျောက်ပတ်တဲ့ပညာလည်း တတ်တယ်။ မိဘ ကျောထောက်နောက်ခံလည်း တောင့်တောင့်တင်းတင်းရှိတယ်။ အလုပ် လုပ်ချင်စိတ်လည်းရှိတယ်။ ရိုးရိုးသားသားနဲ့လည်း ကြိုးစားလုပ်ကိုင်တယ်။ ဒါဆောင် ဘာကြောင့် အရှုံးနဲ့ချည်း ကြုံတွေ့ခဲ့ရတာလဲ။ အထပ်ထပ် အခါခါ အပြန်ပြန်အလှန်လှန်ကို စဉ်းစားနေမိတယ်။ ခေါင်းပူလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားပြီးမှ ဖြစ်နိုင်ဖွယ်ရှိတဲ့ အကြောင်းရင်းတစ်ခုကို တွေ့ပါတယ်။ အဲဒါကတော့ 'လုပ်သင့်တာကို လုပ်သင့်တဲ့အတိုင်း လုပ်သင့်တဲ့အချိန်'မှာ မလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

## လုပ်သင့်တဲ့အတိုင်း မလုပ်ခဲ့

ပထမဆုံး စင်ကာပူသွားတဲ့ကိစ္စကို ကြည့်ရအောင်။ သူသွားတဲ့အချိန်က ကျောင်းပြီးစ အသက်နှစ်ဆယ်သာသာ အရွယ်။ အဲဒီ လွန်ခဲ့တဲ့နှစ် ၂၀ က စင်ကာပူမှာ မြန်မာတွေ သိပ်မများသေးဘူး။ အလုပ်အကိုင် သိပ်မရှားပါးသေးဘူး။ 'လုပ်သင့်တာ'ကို 'လုပ်သင့်တဲ့အချိန်'မှာ သူလုပ်ခဲ့တယ်။ ဒါပေမဲ့လို့ 'လုပ်သင့်တဲ့အတိုင်း'တော့ သူမလုပ်ခဲ့ဘူး။ အဲဒီအချိန်မှာ 'လုပ်သင့်တာ'က စင်ကာပူမှာကျောင်းတက်ပြီး ပညာတစ်ခုခု ဆက်သင်ဖို့ဖြစ်တယ်။ ဒါမှမဟုတ်ရင်လည်း ပင်ပန်းတာကို ကြိတ်မှိတ်သည်းခံပြီး လေးငါးနှစ်လောက် အလုပ်စွဲစွဲမြဲမြဲလုပ် ပိုက်ဆံရှာဖို့ဖြစ်တယ်။ ပညာ၊ ဒါမှမဟုတ် ပိုက်ဆံပြန်ပါလာရင် မြန်မာပြည်မှာ အစစအဆင်ပြေနိုင်တယ်မဟုတ်လား။

## လုပ်သင့်ချိန်မှာမလုပ်လို့

ဒုတိယက မိုင်းရှူးသွားတဲ့ကိစ္စပါ။ လုပ်သင့်တာကို လုပ်သင့်တဲ့အတိုင်း လုပ်တာမှန်ပေမဲ့ အချိန်က လုပ်သင့်တဲ့အချိန်မဟုတ်တော့တာကို သူမစဉ်းစားခဲ့ဘူး။ သူသွားချိန်က မိုင်းရှူးရဲ့ အမြင့်ဆုံးအချိန်(peak) ဖြစ်တယ်။ အမြင့်ဆုံးထိပ်ကို ရောက်ပြီးပြီဆိုရင် ရှေ့ဆက်သွားစရာ မရှိတော့ဘူးလေ။ အောက်ကိုပြန်ဆင်းတာပဲ ရှိတော့မှာဖြစ်တယ်။

ဆောက်လုပ်ရေးလုပ်ငန်း၊ ရေသန့်စက်လုပ်ငန်းနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့မှာလည်း အလားတူပဲ။ သူ စတင်လုပ်ချိန်က သူများတွေထက် အများကြီးနောက်ကျနေပြီလေ။ ရှေ့ကလူတွေ အခြေအတော်ကြီးခိုင်နေကြပြီ။ ဈေးကွက်ဝေစုကို အများကြီးအုပ်စီးထားနိုင်ကြပြီ။ နောက်ဝင်တဲ့လူက အများနဲ့မတူအောင် ထူးထူးခြားခြား တီထွင်ဆန်းသစ်လုပ်ပြနိုင်မှ၊ ဒါမှမဟုတ်လည်း ငွေလုံးငွေရင်းနဲ့ဖိပြီး ကြော်ငြာနိုင်၊ မားကက်တင်းလုပ်နိုင်မှသာ တိုးဝင်လို့ရမှာဖြစ်တယ်။ ဒီနှစ်မျိုးလုံးကို သူမလုပ်နိုင်ခဲ့ဘူး။ ဒီတော့ မအောင်မြင်ဘူး။



## အချိန်ဆွဲလွန်းတာမကောင်း

လုပ်သင့်လုပ်ထိုက်တာကို လုပ်သင့်လုပ်ထိုက်တဲ့အတိုင်း လုပ်တယ်ဆိုရုံနဲ့ မလုံလောက်ပါဘူး။ 'အချိန်ကာလ'က အများကြီးအရေးပါပါတယ်။ ဆန္ဒစောပြီး အချိန်မတိုင်မီလုပ်မိရင် လမစေ့ဘဲမွေးဖွားတဲ့ သန္ဓေသားလိုပဲ ကျန်းမာရေးချူချာတတ်ပါတယ်။ စိုးရိမ်ကြောင့်ကြမှုလွန်ကဲပြီး အချိန်ကို သိပ်ဆွဲထားလွန်းအားကြီးရင်လည်း သန္ဓေသားဟာ ထွက်သင့်ချိန်မှာ မထွက်ရတဲ့အတွက် မွန်းကျပ်ပြီး အသက်ရှူရပ်သွားနိုင်ပါတယ်။ ဒါ့အပြင် လုပ်သင့်တာကို လုပ်သင့်တဲ့အချိန်မှာ လုပ်ပေမယ့် 'လုပ်သင့်လုပ်ထိုက်တဲ့အတိုင်း' မလုပ်ရင်လည်း အောင်မြင်မှုမရနိုင်ဘူးဆိုတဲ့အချက်ကိုလည်း သတိပြုသင့်ပါတယ်။ လုပ်သင့်တာကို လုပ်သင့်တဲ့အတိုင်း လုပ်သင့်တဲ့အချိန်မှာ လုပ်ပါမှ အောင်မြင်မှုရနိုင်မှာဖြစ်တယ်ဆိုတဲ့အကြောင်း လူငယ်တွေ သတိရှိကြစေချင်ပါတယ်။

၁၇၊ ၃၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ချမ်းသာပျော်ရွှင်လိုပါသလား

'စိတ်ညစ်တာတို့ ဘာတို့ မရှိဘူးလား၊ အမြဲပြုံးနေတာပဲ'

အလည်လာနေကျ စာနယ်ဇင်းမိတ်ဆွေလေးတစ်ယောက်က မေးလိုက်တာဖြစ်ပါတယ်။ ကျောင်းဖွင့် စာသင်နေစဥ်ကလည်း ဒီမေးခွန်းမျိုးကို ကျောင်းသားတွေ ခဏခဏမေးတတ်ကြပါတယ်။ တစ်ခေတ်တစ်ခါက အကျဥ်းထောင်ထဲမှာ ဆယ်စုနှစ်တစ်ခုကျော်ကျော် နေခဲ့ရဖူးပါတယ်။ အဲဒီတုန်းကလည်း ဝန်ထမ်းတွေက 'တော်တော်ပျော်နေလား၊ အမြဲတမ်းပြုံးနေတာပဲ'လို့ မေးလေ့ရှိပါတယ်။

## အထုအထောင်းတွေခံခဲ့ဖူး

ပုထုဇဥ်လူသားပဲ ပူပင်သောက မရှိဘဲနေပါ့မလား။ စိတ်ညစ်စရာ မရှိဘဲ နေပါ့မလား။ အများနည်းတူ လောကဓံတရားရဲ့ အရိုက်အပုတ်၊ အထုအထောင်းတွေ ခံခဲ့ဖူး၊ ခံနေဆဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၈ နှစ်လောက်က သား ဆုံးဖူးပါတယ်။ ပြီးခဲ့တဲ့နှစ်ကပဲ နှစ်ပေါင်း ၄၀ ကျော် လက်တွဲခဲ့တဲ့ ဇနီးသည် ဆုံးခဲ့ပါတယ်။ ကိုယ်တိုင်ကလည်း အောက်ဆီဂျင်ပိုက် တန်းလန်းနဲ့ အသက်ရှင်တယ်ဆိုရုံမျှ အခြေအနေမျိုးနဲ့ နေရတာပါ။ သွားတိုက်လို့၊ မျက်နှာသစ်လို့ လှုပ်တာတောင်မှ ဟောဟဲလိုက်အောင် မောနေတာမို့ အတတ်နိုင်ဆုံး ငြိမ်နေရပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ စိတ်ညစ်တာတို့၊ သောကရောက်တာတို့ ရှိတတ်တာပေါ့။ ဓမ္မတာပဲလေ။

## လုပ်သလောက်ပြန်ရမှာပဲ

စိတ်ညစ်စရာရှိလို့ဆိုပြီး မှိုင်တွေချနေလို့၊ ငိုကြွေးနေလို့ ဖြစ်မလား။ ငိုနေလို့ စိတ်ညစ်စရာတွေ ပြေပျောက်သွားမှာမှ မဟုတ်တာ။ စိတ်ညစ်



စရာအကြောင်းတွေကိုတွေးရင် စိတ်ညစ်တာပဲ ထပ်ဖြစ်မှာပေါ့။ ဘာကောင်းကျိုးမှမရှိပါဘူး။ ကိုယ်လုပ်နိုင်သမျှကို အစွမ်းကုန်လုပ်ခဲ့ပြီးပြီလို့ ကိုယ့်ဟာကိုယ်ယုံကြည်စိတ်ချရင် ဘာကိုမှ ထပ်တွေးမနေပါနဲ့တော့။ ခေါင်းထဲက လုံးဝဖယ်ပစ်လိုက်ပါ။ ကိုယ်အစွမ်းကုန်လုပ်ခဲ့သမျှရဲ့ ရလဒ်ကို ချက်ချင်းမဟုတ်တောင် တစ်နေ့နေ့မှာ ခံစားရမှာပဲလို့ ယုံကြည်ပြီး အေးအေးနေလိုက်ပါ။ အလုပ်လုပ်ရင် ရလဒ်ဆိုတာ ရှိမြဲဖြစ်တယ်။ မရဘူးဆိုတာ လုံးဝမရှိပါဘူး။ နေးတာနဲ့မြန်တာပဲ ကွာခြားတယ်။ ရတာကတော့ သေချာပေါက်ကို ရမှာဖြစ်တယ်။ ကိုယ်ဘယ်လောက်လုပ်ခဲ့သလဲ။ လုပ်ခဲ့သလောက်ကိုတော့ ပြန်ရမှာအသေအချာပါ။ ဒီလိုယုံကြည်မှုရှိရင် ဒုက္ခတွေ၊ သောကတွေကြားကပဲ စိတ်ချမ်းသာအောင် နေနိုင်ပါတယ်။

## ရေလိုက်လွဲနေကြ

လူတိုင်းဟာစိတ်ချမ်းသာမှု ရချင်ကြတယ်။ ဒါပေမဲ့ လူတိုင်းလောက်နီးပါး မရကြပါဘူး။ ဘာကြောင့်မရတာလဲဆိုတော့ ရေလိုက်လွဲနေကြလို့ပါ။ တော်တော်များများက စည်းစိမ်ချမ်းသာနဲ့ ရာထူးအာဏာပြည့်စုံရင် စိတ်ချမ်းသာပျော်ရွှင်မှာပဲ ယူဆပြီး သဲကြီးမဲကြီးနဲ့ ငွေနဲ့ ရာထူးအာဏာနောက်လိုက်ကြတယ်။ ဒီနှစ်မျိုးစလုံးက ပင်လယ်ရေငန်လိုပဲ သောက်လေသောက်လေ ငတ်မပြေဖြစ်ပြီး သောက်ပြီးရင်း သောက်ချင်နေတော့တယ်။ ဘယ်တော့မှ မရောင့်ရဲနိုင်တော့ဘူး။ မရောင့်ရဲနိုင်ခြင်းဆိုတာဟာ လောဘဇော၊ ဒေါသဇော၊ မောဟဇောတို့ရဲ့ ရေသောက်မြစ် ဖြစ်တယ်။ ဒီ ဇောသုံးချပ် ကပ်နေသမျှ ဘယ်တော့မှ စိတ်ချမ်းသာမှုမရနိုင်ဘူး။

## ချီတုံချတုံဖြစ်

စိတ်ချမ်းသာမှု ပြည့်ပြည့်ဝဝရချင်တယ်ဆိုရင် ယုံကြည်မှု ခိုင်ခိုင်မာမာရှိဖို့ လိုအပ်ပါတယ်။ ဘယ်လိုယုံကြည်မှုလဲဆိုတော့ (၁) ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ (၂) ကိုယ့်အလုပ်ကိုယ် ယုံကြည်မှုတို့ ဖြစ်တယ်။

ဒီယုံကြည်မှုနှစ်ရပ်ပြည့်စုံရင် လောကမှာ စိတ်ချမ်းသာစွာနေနိုင်မှာ သေချာပါတယ်။ လူပေါင်းများစွာတို့ဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အားနည်းကြတယ်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ငါလုပ်လို့ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ ချီတုံချတုံ ဖြစ်နေတတ်တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

တော့ လုပ်တဲ့အခါမှာ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီးမလုပ်ဘဲ မဝံ့မရဲနဲ့ မလုပ်ချင်လုပ်ချင်(halfhearted efforts) လုပ်လေ့ရှိကြတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းတဲ့အခါ တစ်ပါးသူကို အားကိုးအားထားပြုချင်လာတယ်။ မှီခိုချင်လာတယ်။ အဲဒီအကျိုးဆက်က တစ်ပါးသူရဲ့ သြဇာကို အနည်းနဲ့အများ ခံကြရခြင်းဖြစ်တယ်။ သူများသြဇာပေးတာ၊ ခြယ်လှယ်တာကို ခံရတယ်ဆိုကတည်းက ဘယ်နည်းနဲ့မှ စိတ်ချမ်းသာမှု အပြည့်အဝမရနိုင်ပါဘူး။

## တန်းတူတွေကိုကြည့်ပါ

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့အတွက် ကိုယ်နဲ့ 'တန်းတူရည်တူ' လူများနဲ့ နှိုင်းယှဉ်ကြည့်ပါ။ ဘောလုံးဝါသနာပါတဲ့သူက ဒီနေ့ရွှန်းနီနဲ့ ဒီနေ့ရော်နယ်ဒိုကို မကြည့်ပါနဲ့။ လွန်ခဲ့တဲ့ ငါးနှစ်ဆယ်နှစ်က သူတို့ ဘယ်နေရာမှာ ရှိနေသလဲ။ ဘယ်လိုတွေ ကြိုးစားခဲ့ကြသလဲဆိုတာကို လေ့လာကြည့်ပါ။ ကွန်ပျူတာဝါသနာပါသူက ဒီနေ့ ကမ္ဘာ့အချမ်းသာဆုံး ဖြစ်နေတဲ့ ဘီလ်ဂိတ်ကိုမကြည့်ပါနဲ့။ လွန်ခဲ့တဲ့ ဆယ်နှစ်ဆယ့်ငါးနှစ်က သူ ဘယ်နေရာရောက်နေသလဲ။ ဘယ်လိုကြိုးစားခဲ့သလဲဆိုတာကို ကြည့်ပါ။ အောင်မြင်ကျော်ကြားသူတွေကို ကြည့်တဲ့အခါ သူတို့ အောင်မြင်ကျော်ကြားနေတာတွေကိုချည်း မကြည့်ပါနဲ့။ တစ်နေ့တစ်နေ့ကို သူတို့ ဘယ်နနာရီလောက် အလုပ်တွေလုပ်နေကြသလဲဆိုတာကိုပါ မြင်အောင်ကြည့်ပါ။

## ရှုံးခဲ့ဖူးလို့

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းတာလွန်ကဲရင် စိတ်ဓာတ်ကျပြီး ဘာမှမလုပ်ရဲ၊ မကိုင်ရဲ၊ မလုပ်ချင်၊ မကိုင်ချင် ဖြစ်လာလေ့ရှိတယ်။ အဲဒီက တစ်ဆင့်တက်တော့ စိတ်ပျက်အားလျော့ပြီး လောကကြီးနဲ့ လူ့ဘဝကြီးကိုပါ အပြစ်မြင်လာတတ်ပါတယ်။

ယုံကြည်မှုအားနည်းခြင်းရဲ့ အကြောင်းရင်းက တစ်ကြိမ်တစ်ခါက တစ်ခုခုမှာ ရှုံးနိမ့်ခဲ့ဖူးခြင်းကြောင့်ဖြစ်တယ်။ ရှုံးနိမ့်ခြင်းကို လက်တွေ့ကျကျ ကြည့်တတ်၊ သုံးသပ်တတ်ရင် စိတ်ပျက်စရာမရှိပါဘူး။ လောကမှာ မရှုံးဖူးတဲ့သူ ဘယ်သူရှိလို့လဲ။ နပိုလီယံလည်း ရှုံးဖူးတယ်။ မဟာအလက်ဇန္ဒား



လည်း ရှုံးဖူးပါတယ်။ ရှုံးတာဟာ ရှက်စရာမဟုတ်ဘူး။ ကြောက်စရာမဟုတ်ဘူး။ အရှုံးထဲက သင်ခန်းစာယူပြီး မှားတာတွေကိုပြင်၊ လုပ်စရာရှိတာ ဆက်လုပ်၊ နောက်ဆုံးမှာ အောင်မြင်သူဖြစ်လာရမှာပါ။

## အလုပ်ကိုယုံကြည်

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရုံနဲ့ မပြီးသေးဘူး။ ကိုယ့်အလုပ်အပေါ်မှာလည်း ယုံကြည်မှုအပြည့်အဝရှိဖို့ လိုပါတယ်။ လူပေါင်းများစွာတို့ဟာ နေ့စဉ်နဲ့အမျှ မသေမချင်းအလုပ်တွေလုပ်နေကြတာပဲ။ ဒါပေမဲ့ ဘာကြောင့်လုပ်နေကြတယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ ရှိကြတာမဟုတ်ပါဘူး။ ထမင်းစားဖို့ အလုပ်လုပ်ရတယ်ဆိုတဲ့ ရည်ရွယ်ချက်ထက် ပိုပြီးကြီးမားတဲ့ ရည်ရွယ်ချက် မရှိကြဘူး။ ဒီတော့ အလုပ်အပေါ်မှာ သိပ်ပြီးအလေးအနက် သဘောထားမှု မရှိတော့ဘူးပေါ့။

ကိုယ်လုပ်နေတဲ့အလုပ်ဟာ လူ့လောကအတွက် လိုအပ်တဲ့အလုပ်၊ ကောင်းကျိုးပြုတဲ့အလုပ်၊ ဖြူစင်သန့်ရှင်းတဲ့အလုပ်ဆိုတဲ့ ယုံကြည်မှုမျိုး နိုင်နိုင်မြဲမြဲရှိမှ အိပ်ပျော်စားဝင်ဖြစ်ပြီး စိတ်ချမ်းသာနိုင်ပါတယ်။ လူပေါင်းများစွာတို့ကတော့ သူတို့လုပ်နေတဲ့အလုပ်ဟာ လူ့လောကအတွက် ကောင်းကျိုးချမ်းသာဖြစ်စေတဲ့ အလုပ်မျိုးဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုမျိုး မရှိကြဘူး။ ယုံကြည်မှုမရှိတော့ တွယ်တာမှုလည်းမရှိဘူး။ တွယ်တာမှု မရှိတော့ ကြိုးစားချင်စိတ်လည်းမရှိဘူး။ ဒီတော့ ဘယ်တော့မှအောင်မြင်မှုမရှိဘူး။ အောင်မြင်မှုမရှိတော့ လုပ်ရတာ မပျော်ပိုက်တော့ဘူး။

အဲဒါကြောင့် လူ့လောကမှာ စိတ်ချမ်းသာပျော်ရွှင်စွာနဲ့ အမြဲတမ်းပြုံးနေချင်တယ်ဆိုရင် ခိုင်မာပြတ်သားတဲ့ယုံကြည်မှု မရှိမဖြစ်လိုအပ်ကြောင်း လူငယ်တွေကို ပြောပြချင်ပါတယ်။

၈၊ ၃၊ ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com

# ကုံကော်ရိပ်မှာ ချွေးသိပ်ခိုနား တီးတိုးစကား မဆိုနိုင်ပြီ

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ သက်ရင့်သစ်ပင်ကြီးများ ရှစ်ဆယ်ရာခိုင်နှုန်းခန့် အမြစ်ကကျွတ်ထွက်လဲပြိုကုန်ကြတယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကို ဂျာနယ်တွေထဲမှာ ဖတ်လိုက်ရပြီး စိတ်မကောင်းဖြစ်ရတယ်။ တက္ကသိုလ်နယ်မြေထဲက ရောမသစ်ပင်ကြီးတွေအများစုဟာ ရန်ကုန်တက္ကသိုလ်နဲ့ သက်တမ်းချင်း မတိမ်းမယိမ်းဖြစ်တာကြောင့် အနည်းဆုံး အသက် ၁၀၀ ဝန်းကျင်တော့ ရှိကြပါလိမ့်မယ်။

## ကုံကော်နဲ့ တက္ကသိုလ်

ခေတ်အဆက်ဆက်က ရန်ကုန်တက္ကသိုလ်နယ်မြေကို 'ကုံကော်မြေ' လို့ တင်စားခေါ်ဝေါ်ခဲ့ကြတယ်။ ကုံကော်ပင်တွေ အများကြီးရှိနေတာကိုး။ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ 'ကုံကော်မြေ' ဇာတ်လမ်းတွေ အများကြီးဖတ်ခဲ့ကြရသလို အခုခေတ်ထိလည်း ဖတ်နေရဆဲဖြစ်တယ်။ 'ကုံကော်ကဗျာ' တွေဆိုတာကတော့ မှတ်လို့မကုန်နိုင်လောက်အောင်ကို များပေတာပေါ့။ ကုံကော်နဲ့ ရန်ကုန်တက္ကသိုလ်ကို အမြဲတမ်းတွဲမြင်လေ့ရှိကြတယ်။ ဆရာဇေမောင်တင်တို့ခေတ်ကလည်း ကုံကော်ကို စာဖွဲ့၊ ကဗျာဖွဲ့ခဲ့ကြတယ်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ခေတ်ကလည်း ကုံကော်ကို ဖွဲ့ခဲ့ကြတယ်။ နောက် ဆရာဒဂုန်တာရာတို့ခေတ်၊ ကြည်အေးတို့ခေတ်ကလည်း ကုံကော်ဘွဲ့တွေ သီကျူးဖွဲ့ဆိုခဲ့ကြတယ်။ အဲဒီနောက် 'ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ'တဲ့၊ ကိုမြတ်လေးတို့ခေတ်။ အဲဒီနောက် ငြိမ်းကျော်၊ အောင်ပြည့်၊ မောင်ဝဏ္ဏ၊ သုမောင်တို့ခေတ်တွေမှာလည်း ကုံကော်စာတွေ၊ ကုံကော်ကဗျာတွေ ဖွဲ့မဆုံးနိုင်ခဲ့ကြတာပဲ။ ပြောခဲ့တဲ့



နှစ်ဆယ်ရာစုလူသားတွေသာ မဟုတ်ကြပါဘူး။ အခုလက်ရှိ နှစ်ဆယ့်တစ်ရာစုခေတ်သစ် တက္ကသိုလ်ကျောင်းသူကျောင်းသားတွေလက်ထက်မှာလည်း ကုံကော်ဘွဲ့ ကဗျာတွေ၊ စာတွေ ဖတ်မငြီးနိုင်အောင် ရှိနေကြဆဲပါ။ တက္ကသိုလ်နဲ့ ကုံကော်၊ ကုံကော်နဲ့လူငယ် အမြဲတမ်း ဒွန်တွဲနေမြဲလို့ သတ်မှတ်ခဲ့ကြပေတယ်။

## နန္ဒဝန်အလား

နှစ်ဆယ့်တစ်ရာစုရဲ့ ဒုတိယဆယ်စုနှစ်များကျမှ တက္ကသိုလ်ကျောင်းသူကျောင်းသားဖြစ်လာကြမယ့်သူတွေကိုတော့ သနားမိတယ်။ သူတို့လေးတွေအတွက် ကုံကော်တွေ မလှိုင်တော့ဘူးလေ။ ကုံကော်ရိပ်မှာ ချွေးသိပ်ခိုနား တီးတိုးစကားများလည်း ပြောနိုင်ရှာကြမယ်မဟုတ်တော့ဘူး။ ပန်းတော်ဆက်ဇာတ်လမ်းလေးတွေလည်း ဖတ်ကြရမှာမဟုတ်တော့ဘူး။ ကုံကော်မျိုးဆက်ပြတ်သွားပြီလို့ စိတ်မကောင်းခြင်းကြီးစွာနဲ့ ဆိုရတော့မယ်ထင်ပါရဲ့။

စိတ်မကောင်းဖြစ်ရတာက ကုံကော်အတွက်သာမကဘူး။ ရန်ကုန်တက္ကသိုလ်နဲ့အတူ မွေးဖွားခဲ့ကြတဲ့ ပင်ကြီးပင်စောက်တွေဆိုတာ နည်းသလားလို့။ မြန်မာနိုင်ငံ ဒေသအသီးသီးမှာ ပေါက်ရောက်ကြတဲ့ အပင်မျိုးစုံကို ရုက္ခဗေဒဥယျာဉ်ငယ်တစ်ခုသဖွယ်ဖြစ်အောင် အသေအချာ စီမံချက်ချပြီး စိုက်ပျိုးခဲ့တာကြောင့် တက္ကသိုလ်ပရဝဏ်တစ်ခုလုံးဟာ မိုးနတ်မင်းရဲ့ နန္ဒဝန်ဥယျာဉ်အလား သာယာကြည်နူးဖွယ်ကောင်းနေပါတော့တယ်။

## [illegible]ဘက်ဆာပေး

အခုတော့ မြန်မာ့သမိုင်းမှာ တစ်ခါမှမကြုံဖူး၊ မကြားဖူးတဲ့ နာဂစ်ဆိုတဲ့ မုန်တိုင်းကြီးကြောင့် ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ပင်ကြီးပင်စောက်တွေ အားလုံးလောက်နီးပါး ပျောက်ကွယ်သွားခဲ့ပြီ။ ရောဝတီတိုင်းတစ်တိုင်း[illegible]မှာပင် သေကျေပျောက်ဆုံးသူတွေ တစ်သိန်းခွဲလောက်ရှိသတဲ့။ ဒါက [illegible]ဘက်ဆာပေးပဲ ရှိသေးတယ်။ အသေအချာ စနစ်တကျ သန်းကောင်[illegible] ကောက်ယူရသေးတာမဟုတ်ဘူး။ အင်မတန်ကြောက်စရာကောင်း[illegible] [illegible]စစ်ကြီးအတွင်း ဂျပန်အဝင်တစ်ကြိမ်၊ ဂျပန်အထွက်တစ်ကြိမ်၊



www.burmeseclassic.com

www.burmeseclassic.com

စစ်မြေပြင် နှစ်ကြိမ်နှစ်ခါဖြစ်ခဲ့ရပြီး ဂျပန်လေယာဉ်ပျံတွေရဲ့ ဗုံးဒဏ်၊ မဟာမိတ်လေယာဉ်တွေရဲ့ ဗုံးဒဏ် အကြိမ်ကြိမ်ခံခဲ့ရစဉ်ကတောင် ဒါလောက် အပျက်အစီးတွေ မများပါဘူး။ ဒါလောက် လူတွေမသေခဲ့ရဘူး။ စာနဲ့ပေနဲ့ အသေအချာမှတ်တမ်းမှတ်ရာရှိခဲ့တဲ့ ပုဂံခေတ်ကစခဲ့တဲ့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ ဒါလောက် လူအသေအပျောက်များခဲ့တဲ့ သဘာဝဘေးအန္တရာယ်မျိုး တစ်ကြိမ်တစ်ခါမှ ဖြစ်ခဲ့ဖူးခြင်းမရှိဘူး။ ဘယ်ရာဇဝင်ကျမ်းမှာမှ မဖတ်ဖူး၊ မတွေ့ဖူးခဲ့ဘူး။

## လမ်းပေါက်သွားပြီ

ခုလို မဖြစ်စဖူး၊ မကြုံစဖူး အဖြစ်ထူးခဲ့တာကို အသေအချာဆန်းစစ်ကြည့်ဖို့တော့ လိုမယ်ထင်ပါတယ်။ လမ်းပေါက်သွားပြီဖြစ်တဲ့အတွက် နောက်မုန်တိုင်းတွေ ဒီလမ်းကြောင်းအတိုင်း ဆက်မလာဘူးလို့ ကံသေကံမ ဘယ်သူမှမပြောနိုင်ဘူးလေ။ ပထမဆုံး ဆန်းစစ်ကြည့်သင့်တာကတော့ မုန်တိုင်းဟာ ဘာကြောင့်လမ်းကြောင်းပြောင်းပြီး မြန်မာပြည်ထဲကို ချိုးဝင်လာရတာလဲဆိုတဲ့အချက်ဖြစ်တယ်။ အစဉ်အလာအရဆိုရင် ဘင်္ဂလားပင်လယ်အော်မှာ အစပျိုးခဲ့တဲ့မုန်တိုင်းကြီး၊ မုန်တိုင်းငယ် မုန်သမျှဟာ မြောက်စူးစူး၊ ဒါမှမဟုတ် အနောက်မြောက်ယွန်းယွန်းကို ဦးတည်ပြီး ကုန်းတွင်းပိုင်းကို ဝင်သွားနေကျဖြစ်တယ်။ ရခိုင်ကမ်းရိုးတန်းကိုတောင် မုန်တိုင်းအဖျားခတ်တာလောက်ပဲ ခံရလေ့ရှိတယ်။ မုန်တိုင်းကြီး တည့်တည့်ဝင်တိုးတာမျိုး မဖြစ်ဖူးပါဘူး။ အခုတိုက်တဲ့ နာဂစ်မုန်တိုင်းဟာလည်း အရှိန်ရလာပြီးတော့ သွားနေကျလမ်းကြောင်းအတိုင်း မြောက်စူးစူးကို ဦးတည်ရွေ့လျားသွားနေတာပါပဲ။ နောက်ဆုံးကျမှ ရုတ်တရက် လမ်းကြောင်းပြောင်းပြီး မြန်မာပြည်ထဲကို ထိုးဝင်လာခဲ့တာဖြစ်ပါတယ်။

ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ဘာကြောင့်ခုလို ရုတ်တရက်လမ်းကြောင်းပြောင်းသွားရတာလဲ။ ဒီအချက်ဟာ သက်ဆိုင်ရာပညာရှင်များ လေ့လာဆန်းစစ်မှုပြုသင့်တယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အထက်မှာရှိနေတဲ့ လေထုအတွင်းမှာ ဘယ်လိုဖောက်ပြန်ပြောင်းလဲမှုတွေ အကြီးအကျယ်ဖြစ်နေလို့လဲ။ အိမ်နီးချင်း စက်မှုထွန်းကားတဲ့နိုင်ငံတွေက ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ မြန်မာ့လေထုထဲ အများအပြား ရောက်ရှိနေလို့များလားဆိုတာလည်း စဉ်းစားသင့်တဲ့ အချက်ဖြစ်ပါတယ်။



## အုံ့မှိုင်းမှုန်ရီ

နောက်လေ့လာဆန်းစစ်သင့်တဲ့ အချက်ကတော့ ဒါလောက်လူတွေ အများကြီးသေခဲ့ကြရတာဟာ လေကြောင့်၊ မုန်တိုင်းကြောင့်မဟုတ်ဘဲ မုန်တိုင်းနောက်ကပါလာတဲ့ လှိုင်းလုံးကြီးတွေကြောင့် ရေနစ်ပြီး သေဆုံးခဲ့ကြရတဲ့ အချက်ဖြစ်တယ်။ ဒီရေတောတွေနဲ့ သစ်တောကြီးတွေသာ အရံအတားအဖြစ်ရှိနေခဲ့ရင် ၁၅ ပေလောက်မြင့်တဲ့ လှိုင်းလုံးကြီးတွေကို ဟန့်တားမထားနိုင်ပေဘူးလား။ ဒီအချက်တွေကို စနစ်တကျ သေသေချာချာ လေ့လာဆန်းစစ်ဖို့ အထူးလိုအပ်ပါတယ်။ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တွေလည်း အထူးလိုအပ်ပါတယ်။ ဥတုရာသီတွေ ဖောက်ပြန်ပြောင်းလဲမှု ကြီးမားပြင်းထန်လာရတဲ့ အကြောင်းရင်းများကို ခုအခါမှာ လူတိုင်းလိုလို သိရှိနေကြပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့အထက်က မိုးကောင်းကင်မှာတော့ ကာဗွန်ဓာတ်ငွေ့တွေနဲ့ အုံ့မှိုင်းမှုန်ရီနေပြီး ကျွန်တော်တို့ နှာခေါင်းထဲမှာလည်း ဒီဇယ်နံ့တွေနဲ့ မွန်နေပါတော့တယ်။

၉၊ ၆၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## ဂျာနယ်တွေဖတ်ရတာ ဆားမပါတဲ့ဟင်းလိုပဲတဲ့

'ဒီခေတ် သတင်းဂျာနယ်တွေ တာဝန်ကျေကြတယ်လို့ ဆရာရေးတာကို သဘောတူထောက်ခံပါတယ်ခင်ဗျ။ ဒါပေမဲ့ တစ်နေ့တစ်နေ့ ထွက်သမျှဂျာနယ်တွေ လက်လှမ်းမီသမျှအကုန်ဖတ်လည်း စိတ်ထဲမှာ အားရတင်းတိမ်သွားတဲ့ ခံစားမှုမျိုးမခံစားရဘဲနဲ့ တစ်ခုခုလိုနေသလို ဟာတာတာကြီး ဖြစ်ကျန်ရစ်ခဲ့တယ်။ အဲဒါ ဘာကြောင့်လဲခင်ဗျ'

စာကို လေးလေးနက်နက်ဖတ်တဲ့ လူငယ်တစ်ယောက်ရဲ့ အမေးစကားဖြစ်ပါတယ်။

'စာကောင်းတစ်ပုဒ်၊ ဒါမှမဟုတ် စာအုပ်ကောင်းတစ်အုပ် ဖတ်လိုက်ရတဲ့အခါ စိတ်ထဲမှာ ကျေနပ်အားရပြီး ကျန်ရစ်ခဲ့တာမျိုးပေါ့ ခင်ဗျာ။ တချို့ ကျတော့လည်း ဖတ်ပြီးရုံနဲ့ရပ်မသွားဘဲ ဆက်ပြီး တွေးမဆုံးနိုင်ဖြစ်ရတာမျိုးတွေရှိတယ်လေ။ အဲဒါမျိုးကို ပြောတာပါ'

လူငယ်က သူ့ခံစားချက်ကို ဆက်ပြောပြပါတယ်။ သူပြောတဲ့စကားမျိုးကို သူ့လိုပဲ စာကို လေးလေးနက်နက်ဖတ်လေ့ရှိသူများ ပြောတာလည်း မကြာခဏကြားခဲ့ဖူးပါတယ်။ အဲဒါကြောင့် မကြာခဏစဉ်းစားဖူးပါတယ်။

### ဆားပေါ့တဲ့ဟင်းလို

စဉ်းစားလို့ရသမျှကို ပြန်ပြောပြပါမယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ မြင်တာထင်တာမှန်သမျှသာ ဖြစ်ပါတယ်။ မှန်ချင်မှလည်း မှန်ပါလိမ့်မယ်။ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်နီးပါး စာနယ်ဇင်းလုပ်ငန်းထဲမှာ ကျင်လည်ခဲ့သူတစ်ဦးအနေနဲ့ ထင်တာမြင်တာကတော့ ဒီခေတ် သတင်းဂျာနယ်များဟာ ကြိုးစားကြပါတယ်။ ဖတ်လို့လည်း ကောင်းပါတယ်။ ဒါပေမဲ့ ဘယ်ဂျာနယ်မှ မဖတ်ရမနေနိုင်လောက်အောင် ရင်ထဲမှာစွဲနေတဲ့အထိတော့ မဖြစ်ကြပါဘူး။ ဒီဟာမဖတ်ရရင် ဟိုဟာဖတ်ရလည်း



ပြီးတာပါပဲလို့သာ သဘောထားကြပါတယ်။

သတင်းဂျာနယ်အားလုံးဟာ ဆားပေါ့နေတဲ့ဟင်းလို ကောင်းတော့ကောင်းတယ်၊ ဒါပေမဲ့ တစ်ခုခုလိုနေသလိုပဲလို့ ခံစားရပါတယ်။ အဲဒီလိုနေတာ ဘာလို့လဲဆိုတော့ ဂျာနယ်တော်တော်များများဟာ သတင်းလို့ သူတို့ယူဆထားတဲ့အကြောင်းတွေ များများပါရင် ပြီးရောလို့ သဘောထားနေကြလို့ပါ။ သတင်းလို့ သူတို့ယူဆထားတဲ့ အကြောင်းအရာ အများစုကလည်း တကယ့်သတင်းအစစ်အမှန်များ မဟုတ်ကြပါဘူး။ ကုန်ပစ္စည်းဝါဒဖြန့် ကြော်ငြာသာသာလောက်ရှိတာမျိုးတွေ ဖြစ်ကြတယ်။ စာဖတ်ပရိသတ်အတွက် အကျိုးတစ်စုံတစ်ရာရှိစေတဲ့၊ ဒါမှမဟုတ် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေတဲ့ အကြောင်းအရာမျိုးတွေ တော်တော်နည်းပါတယ်။ သတ်မှတ်စာမျက်နှာ မပြည့်ပြည့်အောင် ပုဒ်ရေအများကြီးကို သတင်းရေးသလိုမဟုတ်ဘဲ ဆောင်းပါးရေးသလို မရှည်ရှည်အောင် ဆွဲဆန့်ရေးတာမျိုးတွေက များနေပါတယ်။

### ဘာပေးနေမှန်းမသိ

ပုဒ်ရေအများကြီး၊ ဆောင်းပါးအမည်တပ်စာတွေ အရှည်ကြီး၊ အများကြီး ဖတ်နေရပေမယ့် ဂျာနယ်က ဘာပေးနေတာလဲ၊ ဘာပြောချင်တာလဲဆိုတာကိုတော့ ဂျာနယ်ကို ဘယ်လောက်ကြာအောင်ဖတ်ဖတ် မသိနိုင်ပါဘူး။ ထင်သာမြင်သာတဲ့ ပေါ်လစီမူဝါဒ ချမှတ်ထားတာမှမရှိဘဲကိုး။ ဘယ်သိနိုင်မှာလဲ။ နှစ်ပေါင်းရာချီသက်တမ်းရှိခဲ့ပြီဖြစ်တဲ့ မြန်မာသတင်းစာတွေအကြောင်း ပြောကြတဲ့အခါမှာ မြန်မာ့အလင်း သတင်းစာနဲ့ သူရိယသတင်းစာ နှစ်စောင်အကြောင်းကိုသာ အလေးထားပြီးပြောလေ့ရှိကြတယ်။ အဓိကအကြောင်းရင်းက ဒီသတင်းစာကြီးနှစ်စောင်လုံးမှာ ထင်သာမြင်သာတဲ့ ပေါ်လစီမူဝါဒ ပြတ်ပြတ်သားသား ချမှတ်ထားတာ ရှိတဲ့အတွက်ကြောင့်လို့ ယူဆပါတယ်။

ပုဂ္ဂလိကသတင်းစာများရဲ့ ခေတ်နှောင်းပိုင်းမှာလည်း ဗမာ့ခေတ်၊ ကြေးမုံ စတဲ့သတင်းစာများ ပေါ်လွင်ထင်ရှား လူကြိုက်များပါတယ်။ အထူးအဖြင့် မြို့နေပညာတတ်လူတန်းစားများ နှစ်ခြိုက်ကြပါတယ်။ ဒါပေမဲ့ လူကြီးပိုင်းနဲ့ သံဃာတော်ကြီးများအကြား၊ နယ်သတင်းစာဖတ် ပရိသတ်များကြားမှာတော့ ရန်ကုန်သတင်းစာ၊ ဒါမှမဟုတ် ဟံသာဝတီသတင်းစာ



www.burmeseclassic.com

www.burmeseclassic.com

တလွှဲပြီး ဘာမှမဖတ်ချင်ဘူးဆိုတာမျိုးတွေ အများကြီးရှိပါတယ်။ ရန်ကုန်၊ ဟံသာဝတီတို့ဟာ အမြင်ရှိးပေမယ့် တိကျပြတ်သားတဲ့ ပေါ်လစီ မူဝါဒ ချမှတ်ထားတာကြောင့် လူထုက နှစ်ခြိုက်အားပေးကြတာ ဖြစ်ပါတယ်။

**ပဲ့မပါတဲ့လှေလို**

လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အသင်းအပင်း အဖွဲ့အစည်းတစ်ရပ်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်စေ ရည်မှန်းချက်တို့၊ ခံယူချက်တို့ ပြတ်ပြတ်သားသား၊ နိုင်နိုင်မာမာ ရှိဖို့လိုပါတယ်။ ရည်မှန်းချက်၊ ခံယူချက် ရှင်းလင်းခိုင်မာစွာရှိမှ လိုရာခရီးပန်းတိုင်ကို ရောက်နိုင်မှာဖြစ်တယ်။ အဲဒါမရှိရင် ပဲ့မပါတဲ့လှေလိုပဲ ဘယ်ခရီးကိုမှ ဖြောင့်ဖြောင့်တန်းတန်း မရောက်နိုင်ပါဘူး။ ရည်မှန်းချက်၊ ခံယူချက်ဆိုတာ ပေါ်လစီမူဝါဒပါပဲ။

'ဘာပေါ်လစီမူဝါဒကိုမှ အသေဆုပ်ကိုင်မထားဘူး။ တံခါးအားလုံး ဖွင့်ထားတယ်။ ဗဟုဝါဒကို ကျင့်သုံးတယ်။ policyless policy ပဲ ကိုင်စွဲတယ်'

ဒီခေတ် တချို့လူ့အလွှာများကြားမှာ ခေတ်စားတဲ့ပြောစကားပါ။ ပေါ်လစီမူဝါဒ၊ ဒါမှမဟုတ် ရည်မှန်းချက်၊ ခံယူချက်မရှိဘဲ ဘယ်လိုလုပ်ရပ်တည်နေနိုင်မှာလဲ၊ ဘယ်လိုအလုပ်လုပ်မှာလဲ၊ စဉ်းစားလို့မရနိုင်ပါဘူး။ ပေါ်လစီမူဝါဒဆိုတာနဲ့ အစ်ဇင်(-ism) ဆိုတာကို ကွဲကွဲပြားပြားနားမလည်လို့သာ ရောထွေးပြောကြတာ ဖြစ်ပါလိမ့်မယ်။ ဘယ်လိုနိုင်ငံရေး ဖီလော်ဆော်ဖီ(အစ်ဇင်)ပဲဖြစ်ဖြစ်၊ အကောင်အထည်ဖော်ဖို့ရာ ပေါ်လစီမူဝါဒတွေ လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းကြီးတစ်ခု အောင်မြင်ဖြစ်ထွန်းဖို့အတွက်လည်း ပေါ်လစီမူဝါဒ လိုအပ်ပါတယ်။ လူတစ်ယောက်အဖြစ် အဓိပ္ပာယ်ရှိရှိ နေနိုင်ဖို့အတွက်လည်း ပေါ်လစီမူဝါဒခေါ်တဲ့ ရည်မှန်းချက်၊ ခံယူချက် လိုအပ်ပါတယ်။

**စာနယ်ဇင်းရဲ့ဝိညာဉ်**

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းလုပ်ငန်းတွေမှာလည်း ပေါ်လစီမူဝါဒ ရှိဖို့ လိုအပ်ပါတယ်။ တချို့စာနယ်ဇင်းတွေက သူတို့ရဲ့မူဝါဒ(ရှိခဲ့လျှင်)ကို စာစောင်ထဲမှာပါတဲ့ သတင်းဆောင်းပါးတွေကတစ်ဆင့် ဖော်ပြပါတယ်။ ကြော်ငြာတွေကို ဖတ်ကြည့်ရင်တောင် စာနယ်ဇင်းတစ်စောင်ရဲ့ မူဝါဒကို



အကဲခတ်လို့ ရနိုင်ပါတယ်။ တချို့စာနယ်ဇင်းများကတော့ 'ခေါင်းကြီး' (editorial)ကတစ်ဆင့် ဖော်ပြပါတယ်။ အဲဒါကြောင့် 'ခေါင်းကြီး'ကို စာနယ်ဇင်းရဲ့ 'အသက်ဝိညာဉ်'လို့ တင်စားခေါ်ကြတာဖြစ်တယ်။ အသက်ဝိညာဉ်ပမာ အရေးကြီးလို့ ရှေးသတင်းစာများက 'ခေါင်းကြီးအယ်ဒီတာ' ဆိုပြီး ခေါင်းကြီးရေးကောင်းသူများကို သီးသန့်ခန့်ထားလေ့ ရှိကြတယ်။ ခေါင်းကြီးအယ်ဒီတာက နေ့စဉ် ခေါင်းကြီးတစ်ပုဒ် မှန်မှန်ရေးဖို့တာဝန်ပဲ ရှိတယ်။ သတင်းရေး၊ သတင်းတည်းဖြတ်၊ သတင်းဘာသာပြန် ဘာတာဝန်မှ ယူစရာမလိုဘူး။

ဆရာကြီးရွှေဥဒေါင်းဟာ ခေါင်းကြီးရေး အင်မတန်ပြောင်မြောက်သူအဖြစ် ထင်ရှားကျော်ကြားခဲ့တယ်။ တချို့ ရှေးသတင်းစာများကတော့ တိုက်ပိုင် ခေါင်းကြီးအယ်ဒီတာမရှိရင်၊ အပြင်က ခေါင်းကြီးရေးကောင်းတဲ့ ဆရာကြီးများကို မေတ္တာရပ်ခံအပ်နှံလေ့ရှိကြတယ်။ ဆရာကြီးများက အိမ်မှာပဲနေပြီး နေ့စဉ် ခေါင်းကြီးတစ်ပုဒ်ရေးပေးဖို့ပဲ တာဝန်ယူရတယ်။ စာရေးဆရာကြီးမောင်ထင်ဟာလည်း အဲဒီလို ခေါင်းကြီးရေးတာဝန်တွေ ယူခဲ့သူ ဖြစ်ပါတယ်။

**အတွေးအမြင်တစ်ခုပဲရှိတယ်**

ဝမ်းနည်းစရာကောင်းတာက ဒီခေတ်ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ခေါင်းကြီးကို အလေးအနက်သဘောထားပြီးရေးတာမျိုး မတွေ့ရသလောက်ပဲဖြစ်တယ်။ တချို့ ပုံမှန်ထည့်နေတဲ့ ဂျာနယ် မဂ္ဂဇင်း ခေါင်းကြီးဆိုတာတွေကလည်း ထုတ်ဝေသူရဲ့ အစီရင်ခံစာလိုလို၊ အယ်ဒီတာရဲ့ ပြန်ကြားလွှာလိုလို အဆင့်လောက်ပဲ ရှိကြတယ်။ ခေါင်းကြီးကို ခေါင်းကြီးနဲ့တူအောင် လေးလေးနက်နက်ရေးတဲ့အတွက် အမြဲဂရုစိုက် ဖတ်ရတာဆိုလို့ 'အတွေးအမြင်'တစ်စောင်ပဲ ရှိပါတယ်။ အဲဒီလို ခေါင်းကြီးတွေမပါရှိကြတာနဲ့ ပေါ်လစီမူဝါဒ ပြတ်ပြတ်သားသား နိုင်နိုင်မာမာ မရှိတာကြောင့် သတင်းဂျာနယ်တွေဖတ်ရတာ ဆားမပါတဲ့ဟင်းလို ပေါ့ရွှတ်ရွှတ်ဖြစ်ပြီး တစ်ခုခုလိုနေသလို အမြဲတမ်းခံစားရတာဖြစ်တယ်လို့ ယူဆကြောင်း တင်ပြလိုက်ပါတယ်။

၁၆၊ ၆၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# အပြောင်းအလဲလုပ်ရမှာမကြောက်ပါနဲ့

ကျွန်တော်ဟာ အရင်တုန်းက စာရေးတဲ့အခါမှာ 'သူမ'ဆိုတဲ့ စကားလုံးကို မရေးမိအောင် အထူးသတိထားပါတယ်။ တစ်ခါတလေ စာတစ်ပုဒ်ကို ဘာသာပြန်နေရင်းက she ဆိုတဲ့စကားလုံးကို အမှတ်တမဲ့ 'သူမ'လို့ ရေးချလိုက်မိရင် ပြန်စစ်တဲ့အခါကျတော့ ချက်ချင်းဖျက်ပစ်ပြီး ပြင်ရေးလေ့ရှိတယ်။ အဲဒီလိုပဲ တခြားသူရေးတဲ့စာ ဖတ်ရင်းနဲ့ 'ယောက္ခထီး' ဆိုတဲ့ အရေးအသားမျိုး တွေ့လိုက်ရရင်လည်း တယ်ပြီး ဘဝင်မကျချင်ပါဘူး။ 'သူမ'တို့၊ 'ယောက္ခထီး'တို့ဆိုတဲ့ အသုံးအနှုန်းတွေက မြန်မာစကားမဟုတ်ဘူး။ မြန်မာမှာမရှိဘူးလို့ မှတ်သားနာယူခဲ့ရဖူးတာကိုး။

## ကျောင်းသားတွေဆီက ကြားခဲ့ရ

'သူမ'ဆိုတဲ့အသုံးကို ဘယ်သူတွေစပြီးသုံးမှန်း မသိပါဘူး။ 'ယောက္ခထီး' ဆိုတဲ့ အသုံးကိုတော့ စကားပြောသင်တန်းလေးဖွင့်ပြီး စာသင်နေစဉ်ကာလမှာ အများဆုံးကြားခဲ့ရတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က စကားပြောသင်တန်းလေးစဖွင့်တော့ သင်တန်းသားများရဲ့ ၇၅ ရာခိုင်နှုန်းလောက်ဟာ တရုတ်နွယ်ဖွားတွေ ဖြစ်ကြပါတယ်။ ကျိုင်းတုံ၊ တာချီလိတ်၊ မူဆယ်၊ နမ့်ခမ်း၊ လားရှိုး၊ တောင်ကြီးစတဲ့ ဒေသအသီးသီးက ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်အသီးသီးမှာ လာရောက်ပညာသင်ယူနေကြတဲ့ ကျောင်းသူကျောင်းသားတွေဖြစ်ကြလေတော့ အများစုက တရုတ်နွယ်ဖွားနဲ့ ရှမ်းတရုတ်များဖြစ်ကြပါတယ်။ သူတို့လေးတွေဆီက အဲဒီ'ယောက္ခထီး' ဆိုတဲ့ စကား အများဆုံးကြားခဲ့ရတာ ဖြစ်ပါတယ်။ ဒါတင်မက တချို့က ခဲအိုတို့၊ မတ်တို့ဆိုတဲ့ အသုံးနေရာမှာ ယောက်ဖလို့ချည်း ပြောလေ့ရှိတာကိုလည်း ကြားဖူးရပါသေးတယ်။



## အများတစ်ခုလုပ်မိသလို

အဲဒီလို ကြားရတွေ့ရတဲ့အခါတိုင်း စိတ်ထဲမှာ ကသိကအောက်ဖြစ်ရပြီး ကိုယ်တိုင်မပြောမိ၊ မရေးမိအောင်လည်း အထူးသတိထားရှောင်ကြဉ်ခဲ့တယ်။ အထူးသဖြင့် 'သူမ'အသုံးအနှုန်း။ အညာသားမြန်မာစစ်စစ်ဖြစ်လေတော့ 'ယောက္ခထီး'လို့တော့ ယောင်လို့တောင်မသုံးမိဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါ သတိလက်လွတ်ဖြစ်ပြီး 'သူမ'ကိုတော့ စာရေးတဲ့အခါ၊ အထူးသဖြင့် she ကို ဘာသာပြန်တဲ့အခါမှာ သုံးမိတတ်သွားတယ်။ ပြန်မစစ်နိုင်တဲ့အခါမျိုး၊ ဂျာနယ်မဂ္ဂဇင်းထဲမှာ ပါသွားတာကိုတွေ့ရတဲ့အခါ အမှားတစ်ခုပြုလုပ်မိသလို စိတ်ထဲမလုံမလဲ ဖြစ်ရလေ့ရှိတယ်။

## ဆန်းစစ်သုံးသပ်မိတဲ့အခါ

အသက်အရွယ်လေးရလာတဲ့အခါကျတော့ ဒီကိစ္စကို ပြန်ပြီးစဉ်းစားဆန်းစစ်မိတယ်။ အရင်ကမရှိလို့ အခုမရှိရတော့ဘူးလား။ ရိုးရာအစဉ်အလာမဟုတ်လို့ လက်မခံရတော့ဘူးလား။ မြန်မာစကား၊ မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုဆိုတာတွေဟာ စတင်ပေါ်ပေါက်လာကတည်းက ဒီနေ့လက်ရှိအခြေအနေအတိုင်း ရှိနေခဲ့တာလား။ တဖြည်းဖြည်းချင်း တခြားလူမျိုးများရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုတွေနဲ့ ကူးလူးယှက်နွယ် ရောနှောပေါင်းစပ်ပြီး တိုးတက်ဖွံ့ဖြိုးလာခဲ့တာမဟုတ်လား စတာစတာတွေကို 'ခုနှစ်စဉ်အမျှင်တန်း' ဆက်ပြီးတွေးလိုက်မိတယ်။ ဟုတ်ပါပြီ။ 'သူမ'တို့ 'ယောက္ခထီး'တို့ဆိုတဲ့အသုံးတွေ မြန်မာစကားမှာ မရှိခဲ့တာမှန်ပါတယ်။ အခု အဲဒီအသုံးတွေယူသုံးလိုက်တော့ မြန်မာစကား ပျက်စီးသွားပါသလား။ ဘာများအကျိုးယုတ်သွားပါသလဲ။ သုံးလိုက်တဲ့အတွက် ပိုပြီးရှင်းလင်းလွယ်ကူမသွားစေနိုင်ဘူးလား။

## မရေမရာဝိုးတိုးဝါးတား

မြန်မာစကား 'သူ'တို့ 'ယောက္ခမ'တို့ဆိုတဲ့စကားများဟာ အင်္ဂလိပ်စကား brother, sister ဆိုတဲ့စကားများလိုပဲ မရေမရာ ဝိုးတိုးဝါးတားဖြစ်စေတဲ့ စကားများဖြစ်ကြတယ်။ brother, sister ကို အစ်ကိုလား၊ ညီလား၊ အစ်မလား၊ နှမလား၊ ညီမလား ကွဲကွဲပြားပြားမသိနိုင်သလို cousin ဆိုတာ အစ်ကိုဝမ်းကွဲလား၊ အစ်မဝမ်းကွဲလား၊ ဦးလေးဝမ်းကွဲ



www.burmeseclassic.com

www.burmeseclassic.com

လား အဒေါ်ဝမ်းကွဲလား မသိနိုင်သလို၊ သူ၊ ယောက္ခမ ဆိုတာတွေလည်း ကျား မ ခွဲခြားမသိနိုင်ပါဘူး။ သူမတို့ ယောက္ခထီးတို့ သုံးမယ်ဆိုရင် ချက်ချင်းပဲ 'ဒက်ခနဲ'တန်းပြီးသိနိုင်တယ်မဟုတ်လား။ အဲဒါကောင်းတယ်လို့ မယူဆနိုင်ဘူးလား။ ကောင်းတယ်ဆိုရင်တော့ ပြောင်းလဲသင့်က ပြောင်းလဲသုံးစွဲသင့်တယ် ထင်ပါတယ်။ ပြောမယ့်သာပြောရတာ၊ ကိုယ်တိုင်လည်း ပြောင်းလဲရမှာ တော်တော်ဝန်လေးတတ်ပါတယ်။ အစဉ်အလာတစ်ခု၊ ယုံကြည်မှုတစ်ခု၊ အကြိုက်တစ်ခုကို အလွယ်တကူနဲ့ စွန့်ပစ်ပြောင်းလဲမလုပ်ချင်ပါဘူး။ အဲဒါကြောင့် 'သူမ'တို့၊ ယောက္ခထီးတို့ ဆိုတဲ့ အသုံးအနှုန်းမျိုး ကိုယ်တိုင်သုံးဖို့ဆိုတာထားတော့။ သူများသုံးတာ၊ ရေးတာတွေ့ရမြင်ရရင်တောင် စိတ်ထဲမှာ ဘဝင်မကျချင်သလိုဖြစ်ရတယ်။ တကယ်တော့ အဲဒီလိုဖြစ်နေရတာကိုက မကောင်းပါဘူး။ ကောင်းတယ်ဆိုရင် ပြောင်းလဲရမှာပေါ့။ ဘာကြောင့် အပြောင်းအလဲကို ကြောက်နေရတာလဲ။ အဟောင်းကနေ အသစ်ကိုပြောင်းတာ၊ မရှိကနေ အရှိကိုပြောင်းတာ လုပ်သင့်လုပ်ထိုက်တဲ့ အရာပဲ။ အရင်က မရှိရာကနေ အခုရှိလာ၊ တိုးလာခြင်းအားဖြင့် ကိုယ့်မူရင်းအခြေအနေကို တိုးပွားကြွယ်ဝလာစေတယ် မဟုတ်လား။ ပြောင်းလဲရမှာ မတွန့်ပါနဲ့၊ မကြောက်ပါနဲ့။ တချို့က အစဉ်အလာစွဲလာတဲ့ အစွဲကို ပြောင်းလဲပစ်ဖို့ မရနိုင်ဘူးလို့ထင်ကြတယ်။ ပြောင်းလဲချင်တဲ့ ဆန္ဒတကယ်ရှိရင် ပြောင်းလဲလို့မရတာ ဘာမှမရှိပါဘူး။ The 24 Hour Turn Around ဆိုတဲ့ စာအုပ်တစ်အုပ်မှာပါတဲ့ စာလေးတစ်ပိုဒ်ကို ဖတ်စေချင်လို့ ဝေမျှပေးလိုက်ပါတယ်။ ဖတ်ကြည့်၊ စဉ်းစားကြည့်စေချင်ပါတယ်။

*'၂၄ နာရီဆိုတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ လူတစ်ယောက်ဟာ သူ့ဘဝကို အကြီးအကျယ်ပြောင်းလဲသွားအောင်လုပ်လို့ ဖြစ်နိုင်သလား။*

*ကမ္ဘာမြေကြီးက နေကိုတစ်ပတ်ပတ်မိတဲ့ တစ်ရက်ဆိုတဲ့အချိန်ကာလလေးတစ်ခုမှာ ကြီးမားတဲ့ပြောင်းလဲမှုကြီးတွေ မဖြစ်နိုင်ဘူးထင်သလား။*

*ဖြစ်နိုင်ရုံသာမကဘူး။ လုပ်ကို လုပ်ဆောင်နိုင်တဲ့ကိစ္စဖြစ်တယ်။ လူတစ်ယောက်ရဲ့ဘဝကို ကြီးကြီးမားမားပြောင်းလဲသွားစေနိုင်တဲ့ ကိစ္စ*



*တွေဟာ အချိန်ကာလတစ်ခုအတွင်းမှာ လေးလေးနက်နက် စဉ်းစားသုံးသပ်ပြီး ပြုလုပ်လိုက်တဲ့ ဆုံးဖြတ်ချက်တစ်ခုအပေါ်မှာ မူတည်ခဲ့တာဖြစ်တယ်။*

*အမှန်တကယ်ပြောင်းလဲချင်တဲ့စိတ်ရှိပြီး အဲဒီလိုပြောင်းလဲအောင်မဖြစ်မနေလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်သာရှိရင် လောကမှာ မဖြစ်နိုင်တာဘာမှမရှိဘူး။*

*ပြင်းပြတဲ့စိတ်ဆန္ဒသာ အမှန်တကယ်ရှိရင် ရောမပြောင်းလဲမှုကြီးတွေကိုတောင် ဆောင်ရွက်နိုင်တယ်။ ဝေရက်တောင်ကို ၃ ကြိမ်တက်ပြီး ၃ ကြိမ်စလုံး မအောင်မြင်ခဲ့တဲ့ တောင်တက်သမားဆိုပါတော့။*

*'၃ ကြိမ်တောင်မရောက်နိုင်မှတော့ တော်ပါပြီ။ ဆက်မတက်တော့ပါဘူး' ဒီလိုဆိုပြီး လက်လျှော့သွားရင် ဘယ်တော့မှ အောင်မြင်မှာမဟုတ်ပါဘူး။ မအောင်မြင်ရုံသာမက ၃ ကြိမ် ၃ ခါ အပင်ပန်းခံလိုက်ရတဲ့ အရှုံးတောင်ရလိုက်သေးတယ်။ ဒီလိုလက်လျှော့မသွားဘဲ တောင်ကြီးကို စေ့စေ့ကြည့်ပြီး . . . 'မင်းက တစ်ကြိမ်အနိုင်ယူသွားတယ်။ ၂ ကြိမ်အနိုင်ယူသွားတယ်။ ၃ ကြိမ် အနိုင်ယူသွားတယ်။ ဒါပေမဲ့ တစ်နေ့ မင်းကို ငါ နိုင်ကိုနိုင်ရမယ်ဆိုတာ အသေအချာပဲ။ ဘာကြောင့်လဲဆိုတော့ မင်းက ဒါထက်ပိုမကြီးနိုင်တော့ဘူး။ ငါကတော့ တစ်နေ့တစ်ခြား ပိုပိုကြီးလာနိုင်တယ်'လို့ ပြောတဲ့သူဆိုရင် တစ်ကြိမ်မှာတော့ သူအောင်မြင်မှာ သေချာပါတယ်။ အရာအားလုံး သင့်ခန္ဓာကိုယ်အပါအဝင်ဟာ အဆက်မပြတ်ပြောင်းလဲနေတာဖြစ်တယ်။ တောင်ကိုတစ်ခါတက်တိုင်း အတွေ့အကြုံသစ်တစ်ခု ရရှိနေတာဖြစ်တယ်။ တောင်ကြီးကတော့ ဒီတောင်ပဲ။ သင်ကတော့ အတွေ့အကြုံသစ်၊ စွမ်းအားသစ်တွေနဲ့ တက်နေတာဖြစ်တယ်။ မနေ့က သင်နဲ့ ဒီနေ့သင်ဟာတောင် မတူတော့ဘူး။*

*ရောမပညာရှင်ကြီး ဟီရာကလစ်တပ်ပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။*

*'မြစ်တစ်ခုထဲကို ၂ ကြိမ်မဆင်းနိုင်ဘူး'ဆိုတာ ဖြစ်တယ်။ အရာရာတိုင်းအဆက်မပြတ်ပြောင်းလဲနေတဲ့ သဘောကို ပြောလိုက်တာဖြစ်တယ်။ ပြောင်းလဲမှုဆိုတာ ကြောက်စရာမဟုတ်ဘူး။ ဘဝရဲ့ သဘောတ ဖြစ်တယ်။ သင့်ခန္ဓာကိုယ်ထဲရှိ ဆဲလ်တွေဟာ အဆက်မပြတ်ပြောင်းလဲ မနေခဲ့ရင် သင်အသက်ဆက်ပြီးရှင်မနေနိုင်တော့တာ သေချာတယ်။*



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲခြင်းဆိုတာ အဟောင်းနေရာ အသစ်ဝင်ရောက်လာခြင်း ဖြစ်တယ်။ ဆဲလ်အဟောင်းတွေပျက်သွားတဲ့နေရာမှာ ဆဲလ်အသစ်တွေ အစားထိုးဝင်ရောက်လာကြတယ်။ ဒါကြောင့် ပြောင်းလဲခြင်းကို ကြိုဆို အပ်ပါတယ်။

၁၄၊ ၇၊ ၂၀၀၈



# ဦးနှောက်ခြောက်လိုက်ရတာ

ခုရက်ပိုင်းအတွင်းမှာ ဦးနှောက်ကို တော်တော်လေးအလုပ်ခိုင်းနေရပါတယ်။ ဆုံးဖြတ်ရခက်တဲ့ကိစ္စတစ်ခုက ကိုယ့်ခေါင်းပေါ်လုံးလုံးကြီး ရောက်နေတာကြောင့် အပြန်ပြန်အလှန်လှန်၊ ထပ်ခါတလဲလဲ စဉ်းစားနေရပါတယ်။ အိပ်ရာထဲရောက်တော့လည်း စဉ်းစားရဆဲ၊ မနက်အိပ်ရာက နိုးတော့လည်း စဉ်းစားမိဆဲ ဖြစ်နေရတော့တယ်။

## ကံကောင်းတဲ့သူ

ကိစ္စက ဆွေမျိုးအရင်းအချာ မိန်းကလေးတစ်ယောက်ရဲ့ ကိစ္စပါ။ ဖအေတစ်ခု သမီးတစ်ခုရှိတဲ့အထဲ ဖအေဖြစ်သူကလည်း ကျန်းကျန်းမာမာကြီး မဟုတ်လေတော့ ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ပေးဖို့တာဝန်က ခေါင်းပေါ်ရောက်လာခဲ့ရတာပါ။ ကလေးမက ကံကောင်းထောက်မစွာ နိုင်ငံခြားမှာ ပညာသင်ဖို့ စကောလားရှစ်တစ်ခုရပါတယ်။ တော်တော်လေး ကောင်းတဲ့ပညာသင်ဆု ဖြစ်ပါတယ်။ ဥရောပမှာအချမ်းသာဆုံး၊ နေလို့ ထိုင်လို့ အကောင်းဆုံးဆိုတဲ့ နိုင်ငံကြီးသုံးနိုင်ငံက တက္ကသိုလ်ကြီးသုံးခုမှာ လေးလစီခွဲပြီး တက်ရမှာဖြစ်ပြီး သင်တန်းပြီးလို့ စာတမ်းတင်ပြီးတဲ့အခါ ဘော်ဒွဲ့တစ်ခုရမှာဖြစ်တယ်။ သင်ယူရမယ့်ဘာသာရပ်ကလည်း မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအဖို့ အထူးလိုအပ်တဲ့ဘာသာရပ်ဖြစ်ပါတယ်။

## ဖအေတစ်ခု သမီးတစ်ခု

ကလေးမက စာပေဘက်မှာ တော်တော်လေးပါရမီပါတယ်လို့ ဆိုရမယ်ထင်ပါတယ်။ ခုလက်ရှိမှာကို ဘွဲ့လေးခုရှိထားပြီးသားဖြစ်တယ်။ မြန်မာနိုင်ငံက ဘွဲ့တစ်ခုအပြင်၊ အနောက်နိုင်ငံကြီးတစ်ခုက သိပ္ပံဘွဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com

မဟာဘွဲ့၊ စင်ကာပူက မဟာဘွဲ့တစ်ခု ဖြစ်ပါတယ်။ စင်ကာပူကပြန်ရောက်တာ တစ်နှစ်လောက်သာရှိသေးပြီး လောလောဆယ်အားဖြင့် ရန်ကုန်က နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုမှာ အလုပ်လုပ်နေပါတယ်။ အလုပ်မဝင်ခင်က လျှောက်ထားတဲ့ ကျောင်းဝင်ခွင့်နဲ့ စကောလားရှစ်က မမျှော်လင့်ဘဲရလိုက်လေတော့ ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ ကလေးမလေးက ဖအေကိုထားပြီး မသွားချင်ဘူး။ စာဖတ်ရတာလည်း တော်တော်ငြီးငွေ့နေပါပြီ။ ဒါပေမဲ့ ဖအေဖြစ်သူကတော့ အတော်ကြီးကို သွားစေချင်ပါတယ်။ ငယ်ငယ်လေးကတည်းက မွေးစားထားတဲ့ သမီးနှစ်ယောက်လည်း အဖော်အဖြစ်ရှိနေတာကြောင့် နောက်ဆံမတင်းဘဲသွားပါလို့ တိုက်တွန်းနေပါတယ်။

## ပညာလက်နက် စုစေချင်

ဒီအခြေအနေမှာ အဆုံးအဖြတ်ပေးရမယ့်တာဝန်က ခေါင်းပေါ်ရောက်လာခဲ့တာဖြစ်ပါတယ်။ ကလေးမလေးရဲ့သဘောကိုမေးကြည့်တော့ သူ့မှာစာတွေ အများကြီးသင်ပြီးခဲ့ပါပြီ။ အခုချိန်မှာ ကျန်းမာရေးမကောင်းတဲ့ အဖေကိုပဲ ပြုစုပြီးနေချင်ပါတယ်။ နောက်ပြီးတော့ အခုလုပ်နေတဲ့ အလုပ်ကလည်း အလုပ်ရဲ့သဘောသဘာဝအရ နှစ်မြိုက်စရာဖြစ်ရုံသာမက လစာဝင်ငွေအနေနဲ့ကြည့်လိုက်ရင်လည်း မြန်မာနိုင်ငံမှာ မြန်မာတစ်ယောက်အနေနဲ့ ရတောင့်ရခဲပမာဏမျိုးဖြစ်လေတော့ စွန့်လွှတ်ရမှာနှမြောစရာကောင်းလှတယ်လို့ ပြောတယ်။ ဖအေဖြစ်သူကတော့ သားအဖနှစ်ယောက်ပဲ ရှိကြတာဖြစ်တဲ့အတွက် နောင်အနာဂတ်အရှည်ကြီးကို တစ်ဦးတည်း ဖြတ်သန်းရမယ့်သမီးကို ရနိုင်သလောက် ပညာလက်နက်တွေ စုဆောင်းရယူထားစေချင်တယ်လို့ ပြောပြတယ်။

## သူမှန်သူမှန်

သားအဖနှစ်ယောက်ရဲ့ အယူအဆသဘောထားတွေဟာ သူ့ဟာနဲ့သူတော့ မှန်နေကြတာချည်းပါပဲ။ သမီးဖြစ်သူအနေနဲ့ကလည်း ဘာပညာတွေ၊ ဘာပစ္စည်းဥစ္စာတွေကမှ အဖေလောက်အရေးမကြီးဘူး။ ကျန်းမာရေးမကောင်းတဲ့အဖေကို ဘယ်နည်းနဲ့မှ ထားရစ်ပြီးမသွားနိုင်ဘူးလို့ဆိုတာ မှန်ပါတယ်။ ဖအေပြောတဲ့ ပညာလက်နက်တွေ ပြည့်စုံသထက်ပြည့်စုံ



အောင် တပ်ဆင်ထားတာ အကောင်းဆုံးပဲဆိုတာကလည်း မှန်နေတာပါပဲ။ ရဖို့မလွယ်ကူလှတဲ့ ပညာသင်ယူခွင့်ကို လက်ထဲရောက်ပြီးမှ စွန့်လွှတ်ရမှာက နှမြောစရာကောင်းလှတယ်လို့ဆိုတာလည်း မှန်ပါတယ်။ နှစ်ဖက်စလုံးရဲ့ အကြောင်းပြချက်တွေက ကျိုးကြောင်းဆီလျော်တာချည်း ဖြစ်နေတော့ ကြားထဲကစဉ်းစားပေးရသူတောင် ဦးနှောက်ခြောက်ရပါတယ်။

## ပညာသည်သာ အားကိုးရာ

ဦးနှောက်ခြောက်ပေမယ့်လည်း ရှောင်လွှဲမရတော့ စဉ်းစားရတာပါပဲ။ လောကမှာ ဘာအရေးအကြီးဆုံးလဲလို့မေးရင် လူတစ်ဦးနဲ့တစ်ဦး အဖြေချင်း ဘယ်နည်းနဲ့မှ မတူနိုင်သလိုပဲ သားအဖနှစ်ယောက်ရဲ့ အရေးကြီးဆုံးဆိုတာကလည်း မတူကြပါဘူး။ သမီးအတွက် အဖေကို အနီးကပ်နေပြီး ပြုစုဖို့က အရေးအကြီးဆုံးပဲလို့ ဆိုတယ်။ မှန်ပါတယ်။ တကယ်လို့များ 'ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရေး' ဆိုသလို အဖေ အကြီးအကျယ်နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ခရီးက စင်ကာပူလို၊ ဘန်ကောက်လို နီးနီးမဟုတ်ဘူး။ တစ်သက်လုံး ယူကျုံးမရဖြစ်နေရတာမျိုး ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ဖအေလုပ်သူကတော့ သမီး ပညာတွေ ယူနိုင်သလောက်ယူထားတာ အရေးအကြီးဆုံးပဲတဲ့။ ဒါလည်း မှန်တာပါပဲ။ လောကမှာ စိတ်ချလက်ချ အားကိုးအားထားပြုနိုင်တာ ပညာတစ်ခုပဲ ရှိတယ်။ ပစ္စည်းနဲ့ ဥစ္စာတွေ၊ ရာထူးဌာနန္တရတွေ၊ ဩဇာအာဏာတွေ ဆိုတာက 'ကမ်းနားသစ်ပင်'လို ဘာအာမခံချက်မှ ရှိတာမဟုတ်ဘူး။ အလုပ်ဆိုတာကလည်း တစ်သက်လုံး မသေမချင်းလုပ်သွားရမှာ။ ပညာသင်ဖို့ အခွင့်အရေးက နောင်ကို ရချင်မှရတော့မှာ။

## ခရီးရှည်ကြီးအတွက်ပြင်

နောက်ပြီးတော့ သေခြင်းတရားဆိုတာကလည်း ဘယ်သူအစိုးရလို့လဲ။ သမီးဖြစ်သူ အနားမှာရှိနေလို့လည်း သေခြင်းတရားကို တားဆီးပေးနိုင်တာမှမဟုတ်တာ။ လူဆိုတာ လူ့လောကထဲဝင်တုန်းကလည်း တစ်ယောက်တည်းဝင်လာပြီး ပြန်ထွက်တော့လည်း တစ်ယောက်တည်း ထွက်သွားရတာပဲမဟုတ်လား။ ဒါတင်မကသေးဘူး။ အဖေဆိုတာ အရင်သေရတယ်လို့ စည်းကမ်းသတ်မှတ်ထားတာမှမဟုတ်တာ။ သမီးမှည့်



www.burmeseclassic.com

www.burmeseclassic.com

တဝင်းဝင်း၊ သီးကင်းတဖြိုက်ဖြိုက်' ဆိုတဲ့ စကားလည်း အရှိသားပဲလေ။ ဒီတော့ ဖြစ်မလာသေးတဲ့ကိစ္စအတွက် ဘာကြောင့်တွေးပူနေရမှာလဲ။ ဖအေလုပ်သူပြောသလိုပဲ ရှေ့ခရီးရှည်ကြီးကိုဆက်သွားရမှာက လူငယ်ပဲ ဆိုတော့ အဲဒီခရီးရှည်ကြီးအတွက် လိုအပ်တာတွေကို အခွင့်သာခိုက် ပြင်ဆင်စုဆောင်းသင့်ပေတာပေါ့။ မဟုတ်ဘူးလား။

### ပညာဘက်အလေးသာ

ပညာကိုချစ်မြတ်နိုးသူဖြစ်လို့ စိတ်ထဲမှာတော့ ကလေးမကို ပညာပဲ ဆက်ပြီးသင်စေချင်တဲ့ဘက်က အလေးသာနေပါတယ်။ ဒါပေမဲ့ တကယ် လို့များ မပြောကောင်းမဆိုကောင်း ယူကျုံးမရ နောင်တရစရာအဖြစ်မျိုး ကြုံတွေ့ခဲ့ရရင် သမီးငယ်က အပြစ်များတင်နေလေမလား။ ဦးနှောက် ခြောက်လိုက်တာနော်။ ဘယ်လိုများအကြံပေးရပါ့။

၅၊၈၊၂၀၀၈



# ကလေးတွေ ပုတ်သင်ညိုဖြစ်မှာစိုးတယ်

'ပဲပြားပင်ကဲ့သို့ မကျင့်မူဘဲ သစ်ပင်ကြီးကဲ့သို့ ကျင့်ကြံခဲ့သဖြင့် ရာဇဝတ်ဘေး သင့်ခဲ့ရပေသည်တကား'

ငယ်ငယ်က ရာဇဝင်သင်တော့ ရှင်ဘုရင်က ရာဇမာန်ရှပြီး တစ်နယ် တစ်ကျေးပို့စေ အမိန့်တော်ချခံရတာကြောင့် မိမိရဲ့အိုးအိမ်နဲ့ ဝေးရာ ရောက်နေတဲ့ အမတ်ကြီးတစ်ဦးရဲ့ ရေရွတ်မြည်တမ်းသံ ဖြစ်ပါတယ်။ လေပြင်းမုန်တိုင်း အပြင်းအထန်တိုက်ခတ်တဲ့အခါ ပင်စည်တုတ်ခိုင်ကြီးမား တဲ့ သစ်ပင်ကြီးတွေက အလဲလဲအပြိုပြိုဖြစ်ကြပြီး မြေမှာကပ်ပေါက်တဲ့ ပဲပြားပင်လိုအပင်တွေကတော့ လေတိုက်ရာဘက်ကိုအလိုက်သင့် ယိမ်း လိုက်နွဲ့လိုက်လုပ်ရင်းနဲ့ ရှင်သန်ကျန်ရစ်တာကို မြင်တွေ့ရတဲ့ ပညာရှိ အမတ်ကြီးက သံဝေဂစကားမြွက်ကြားလိုက်တာ ဖြစ်ပါတယ်။

### ရေလိုက်ငါးလိုက်နေမယ်တဲ့

ခပ်ငယ်ငယ် နှစ်တန်း၊ သုံးတန်းအရွယ်က သင်ခဲ့ရတာဖြစ်ပေမယ့် အမတ်ကြီးရဲ့စကားနဲ့ အဖြစ်အပျက်ကိုတော့ မှတ်မိနေပါသေးတယ်။ မကြာခဏ လူကြီးသူမတွေက ပုံနိုင်းပြီး ဆုံးမဩဝါဒပေးခဲ့ကြလို့ မှတ်မိ နေတာလည်းဖြစ်နိုင်ပါတယ်။ တစ်ခုခုကို ခေါင်းမာမာနဲ့ ပြောဆိုမိတဲ့အခါ များမှာ ခေါင်းမာတာမကောင်းဘူး၊ အလိုက်အထိုက်၊ ရေလိုက်ငါးလိုက်၊ ပြောတတ်ဆိုတတ်၊ နေထိုင်တတ်ရတယ်လို့ ဆုံးမလေ့ရှိတယ်။ အချိုကြိုက်သူကို အချိုပေး၊ အချဉ်ကြိုက်သူကို အချဉ်ပေးပြီး ပေါင်းသင်းဆက်ဆံ ဘတ်ဖို့လည်း ဩဝါဒပေးကြတယ်။ လူကြီးသူမများရဲ့စကားမို့ စောဒက မတက်ခဲ့ပေမဲ့ စိတ်ထဲမတော့ တယ်ပြီးဘဝင်မကျလှဘူး။ အဲဒါကြောင့် 'မငြင်း၊ နားမထောင်' ဆိုသလိုပဲ တစ်သက်လုံး ကျင့်သုံးနေလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ညာဝါးဖြီးဖြန်းတတ်အောင်လား

ငယ်ဘဝလွန်မြောက်ပြီး အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါး အရွယ်ရောက်တဲ့အထိလည်း သစ်ပင်ကြီးကဲ့သို့မကျင့်နဲ့၊ ပဲပြားပင်ကဲ့သို့ ကျင့်ဆိုတဲ့စကားကို လက်ခံလို့မရသေးပါဘူး။ ဒီစကားက ကလေးသူငယ် တွေကို ညာဝါးဖြီးဖြန်းလုပ်တတ်အောင်၊ လိမ်တတ်အောင်၊ မျက်နှာချို သွေးတတ်အောင် သင်ကြားပေးသလိုပဲလို့ ခုထိ ယုံကြည်နေဆဲဖြစ်တယ်။ ဒါတင်မက ဒီစကားဟာ ဘာပဲဖြစ်ဖြစ် အညံ့ခံ အောက်ကျို့နိုင်းတဲ့စကား ဖြစ်တဲ့အတွက် ကလေးသူငယ်တွေကို သိမ်ငယ်စိတ်ဝင်စေတယ်လို့ ထင် ပါတယ်။ အောက်ကျို့အညံ့ခံစိတ်ဆိုတာ မညှာမတာပြောရရင်တော့ 'ကျွန် စိတ်' ပါပဲ။

## ကျေးဇူးကြီးလို့နမြောတာ

ပဲပြားပင်နဲ့ သင်ပင်ကြီးအကြောင်း စဉ်းစားကြည့်ရအောင်ပါ။ ပင်စည် တုတ်ခိုင်ကြီးမားတဲ့ သစ်ပင်ကြီးဟာ လေပြင်းဒဏ်ကြောင့် ပြိုလဲကျသွား ခဲ့ရတယ်။ တွေ့မြင်သမျှလူတိုင်းက နှမြောကြတယ်။ ဘာဖြစ်လို့ နှမြော ကြတာလဲ။ သစ်ပင်ကြီးဟာ မလဲမပြိုခင် နှစ်ပေါင်းများစွာ သတ္တဝါ အပေါင်းကို အေးမြတဲ့အရိပ်အာဝါသကို ပေးခဲ့တယ်။ လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ်တွေကြားမှာ ဒဏ်ရာအနာတရရခဲ့တဲ့ ကျေးငှက်သာရကာ အပေါင်းကို နားခိုစရာပေးတယ်။ ဆာလောင်မွတ်သိပ်သူများအတွက် အာဟာရဖြစ်စေတဲ့ သစ်သီးဝလံများကိုပေးတယ်။ မောပန်းနွမ်းနယ်လာတဲ့ ခရီးသွားတွေအပန်းပြေစေဖို့ ရနံ့သင်းတဲ့ပန်းပွင့်ကိုပေးတယ်။ သစ်ပင် ကြီးရဲ့ကျေးဇူးဟာ သတ္တဝါအားလုံးအတွက် ပြောမပြနိုင်လောက်အောင် ကြီးမားတယ်။ အဲဒီလိုကျေးဇူးကြီးမားလွန်းလို့ နှမြောကြတာ။ လဲပြိုသွား ပြီးတဲ့နောက်တောင် အချည်းအနှီးမဖြစ်ဘူး။ လူတွေအတွက် နေစရာ အိုးအိမ်ဆောက်ရာမှာ သုံးနိုင်တယ်။ စားစရာထွန်ယက်စိုက်ပျိုးဖို့၊ ထွန် တွေထယ်တွေ၊ ထွန်တုံး ထွန်တံတွေ လုပ်နိုင်တယ်။ အဲဒီတော့ မနှမြော ဘဲ ဘယ်သူနေနိုင်မှာတဲ့လဲ။

## ဘာကျေးဇူးပြုသလဲ

ပဲပြားပင်က ဘယ်နေရာမှာများ နှမြောစရာရှိသလဲ။ လေတိုက်ရာ



လိုက်ယိမ်းနွဲ့နေတတ်လို့ ရှင်သန်နေရစ်တာပဲရှိတယ်။ သတ္တဝါအပေါင်းကို ဘယ်လိုအကျိုးကျေးဇူးများ ပြုနိုင်တာရှိလို့လဲ။ အရိပ်အာဝါသကိုလည်း မပေး၊ အာဟာရဆိုတာ ဝေလာဝေး၊ နွားတို့ဆိတ်တို့တောင် မစားဘူး မဟုတ်လား။ ရှင်သန်နေတုန်းလည်း သတ္တဝါတွေကို အကျိုးမပြု၊ သေ သွားတော့လည်း ဘာမှအသုံးမကျ၊ ဘယ်သူက နှမြောတော့မှာလဲ။ ဒီလို ပဲပြားပင်မျိုးကိုအတုယူဖို့ ဘာကြောင့်ဩဝါဒချွေကြတာလဲ။ စဉ်းစားလို့ တောင် မရနိုင်ပါဘူး။

## တန်ဖိုးရှိတဲ့လူဖြစ်ပါစေ

လောကမှာ ဘယ်အရာမဆို အများသူငါကို အကျိုးပြုမှ တန်ဖိုးထား ကြတာဖြစ်တယ်။ ကလေးတွေကို သွန်သင်ဆုံးမ၊ ဩဝါဒချွေကြတဲ့အခါမှာ 'တန်ဖိုးရှိတဲ့လူ'ဖြစ်အောင် ကြိုးစားဖို့ကိုသာ ညွှန်ပြသင့်ကြပါတယ်။ လေယူရာတိမ်းပြီး ယိမ်းနွဲ့ရှင်သန်နေတဲ့ ဘာတန်ဖိုးမှမရှိတဲ့ ပဲပြားပင်လို 'တန်ဖိုးမဲ့လူ' ဖြစ်မသွားအောင် ဂရုစိုက်ပျိုးထောင်ပေးဖို့ လိုပါတယ်။

## ပုတ်သင်ညိုမဖြစ်စေချင်

တန်ဖိုးရှိတဲ့လူဆိုတာ ဘယ်တော့မှပဲပြားပင်လို 'လေယူရာတိမ်းပြီး ယိမ်းနွဲ့'မနေပါဘူး။ သစ်ပင်ကြီးသဖွယ် ခိုင်ခိုင်မာမာ၊ ဖြောင့်ဖြောင့်မတ်မတ် ရပ်တည်ပါတယ်။ အများသတ္တဝါအကျိုးကို သယ်ပိုးရွက်ဆောင်ဖို့ ဆိုတဲ့ ရည်မှန်းယုံကြည်ချက်ကို ဘယ်တော့မှမရောင်းစားပါဘူး။ ဘာနဲ့မှ လည်း မလဲပါဘူး။ အဲဒီယုံကြည်ချက်ကြောင့် အသက်ကိုစွန့်လွှတ်ရမယ် ဆိုရင်လည်း လိုလိုလားလားနဲ့ စွန့်လွှတ်ဖို့ဝန်မလေးပါဘူး။ အနာဂတ်ရဲ့ ကလေးလူငယ်တွေကို ပဲပြားပင်တွေမဖြစ်စေချင်ပါဘူး။ ဥတုရာသီကိုလိုက်ပြီး အရောင်ပြောင်းလေ့ရှိတဲ့ ပုတ်သင်ညိုလို အမြဲတမ်းခေါင်းညိတ်နေတာမျိုး လည်း မဖြစ်စေချင်ပါဘူး။ အရေးကြီးတာက 'တန်ဖိုးရှိတဲ့လူကလေးတွေ' ဖြစ်အောင် ဂရုစိုက်ကြဖို့သာ ဖြစ်ပါတယ်။

၁၈၊ ၈၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တွင်းဖြစ်နိုင်ငံခြားသားကိုရွှေဗမာများသို့

‘ကျွန်တော်တို့စိတ်ဓာတ်တွေ အများကြီးပြင်မှကို ဖြစ်မယ်ခင်ဗျ။ သူများတွေနဲ့ အများကြီးပြတ်ကျန်နေရစ်ပြီ’

စင်ကာပူမှာ ဆယ်နှစ်ကျော်သွားပြီး အလုပ်လုပ်နေခဲ့တဲ့ ကျောင်းသားဟောင်းတစ်ယောက် ခေတ္တပြန်လာခိုက် ကန်တော့နှုတ်ဆက်ရင်း ပြောလိုက်တဲ့စကားဖြစ်ပါတယ်။ ဟိုနိုင်ငံ ဒီနိုင်ငံတွေက ပြန်ရောက်လာတဲ့ လူတိုင်း ပြောမြဲစကားမို့ မဆန်းတော့ပါဘူး။

### ဘဝင်လေဟပ်သူတွေရဲ့စကား

စိတ်ဓာတ်တွေပြင်ရမယ်လို့သာ ပြောတာ။ ဘာစိတ်ဓာတ်မျိုးတွေ ပြုပြင်ရမှာလဲလို့တော့ တိတိကျကျမပြောပါဘူး။ နိုင်ငံခြားပြန်တွေ ပြောနေကျစကားတွေ ကြားရဖန်များလို့ ရိုးတောင်နေပြီ။

‘မြန်မာတွေ ပျင်းတယ်’

‘မြန်မာတွေ ညံ့တယ်၊ ဖျင်းတယ်’

‘မြန်မာတွေ စည်းကမ်းမဲ့တယ်’

‘မြန်မာတွေ ကြိုးစားအားထုတ်မှုမရှိဘူး’ စတဲ့စတဲ့ အပေါ်စီးကကြည့်တဲ့လေသံနဲ့ ပြောစကားမျိုးတွေဖြစ်တယ်။

### နွားနဲ့ရုန်းနေတာ ပျင်းတာလား

မြန်မာတွေပျင်းတယ်ဆိုတာ ဘယ်သူတွေကိုကြည့်ပြီး ပြောတာလဲ။ မနက်အရုဏ်မလာခင်ထ၊ ထွန်ထယ်ကိုထမ်းပြီး လယ်ထဲဆင်း၊ တစ်နေ့လုံးနေပူကြီးထဲမှာ နွားနဲ့အတူရုန်းအလုပ်လုပ်၊ ညနေ နေဝင်ရီတရောမှ အိမ်ကိုပြန်ရတဲ့ မြန်မာနိုင်ငံရဲ့ ၈၀ ရာခိုင်နှုန်းလောက်ရှိတဲ့ လယ်သမား



တွေကို မြင်ဖူးကြလို့လား။ ခရီးသွားတဲ့အခါ အဝေးပြေးလမ်းမကြီးတွေမှာ လမ်းခင်းလမ်းပြင်လုပ်နေကြတဲ့ မြေတူး ကျောက်ထုလုပ်နေကြတဲ့ မိန်းမယောကျ်ားအလုပ်သမားတွေကိုတော့ မြင်ဖူးကြမှာပါ။ ချစ်ချစ်တောက်ပူလောင်နေတဲ့ လမ်းတွေပေါ်မှာ မျက်နှာလေးတစ်ခုပဲဖော်ထားပြီး တစ်ခေါင်းလုံးပုဆိုးနဲ့ပတ်ရင်း အလုပ်လုပ်နေရှာကြတယ် မဟုတ်ပါလား။ သူတို့ခြေထောက်တွေမှာ ဖိနပ်တောင်မပါကြပါဘူး။ မြို့ရွာနဲ့ အလှမ်းဝေးကွာတဲ့နေရာများမှာဆိုရင် လမ်းဘေးမှာပဲ သစ်ခက်တဲနန်းထိုးပြီးနေကြ၊ ချက်ပြုတ်စားကြရတာပါ။ ဒီလိုလူမျိုးတွေကို ပျင်းသတဲ့လား။

### လက်ဖက်ရည်ဆိုင်ထိုင်တိုင်းပျင်းလို့မဟုတ်

မြို့တိုင်း ရွာတိုင်းလိုလိုမှာ ခေတ်နဲ့အတူပေါ်ပေါက်လာတဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်တွေမှာ အမြဲတမ်း နေ့ညမပြတ် လူတွေစည်ကားနေတာကိုကြည့်ပြီး မြန်မာတွေ ပျင်းတယ်၊ အလုပ်မလုပ်ချင်ဘူးလို့ ကောက်ချက်ချရင်လည်း ရာနှုန်းပြည့်မမှန်ပါဘူး။ ဘာမှလုပ်စရာမရှိလို့ ထိုင်နေကြသူတွေရှိသလို၊ တချို့က လက်ဖက်ရည်ဆိုင်မှာ ချိန်းချက်ပြီး အလုပ်ကိစ္စပြောဆိုကြ၊ အပေးအယူလုပ်ကြရတာပါ။ ရောမနိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေမှာလည်း working luncheon တို့၊ working dinner တို့ ဆိုတာတွေ ရှိတယ်မဟုတ်လား။ ကိုယ့်အထွာနဲ့ကိုယ် အဆင်ပြေသလို လုပ်ကြရတာပဲလေ။

### ထီထွမ်လုပ်တတ်တဲ့လူတွေ

နောက်ပြီးတော့ မြို့တွေ၊ ရွာတွေ သန့်ရှင်းမှုအားနည်းတာ၊ လမ်းပေါ်မှာ အမှိုက်ပစ်တာ၊ ကွမ်းတံတွေးထွေးတာ စတာတွေနဲ့ပတ်သက်ပြီး မြန်မာတွေ စည်းကမ်းလုံးလုံးမရှိဘူးလို့ အပြစ်ပြောကြတာရှိသေးတယ်။ စင်ကာပူများ သိပ်သန့်ရှင်းတာပဲလို့လည်း ခဏခဏ ပြောတတ်ကြတယ်။ စင်ကာပူက လမ်းထောင့်တိုင်းမှာ ယူနီဖောင်းဝတ်ရဲတွေ စောင့်နေကြပြီး စည်းမဲ့ကမ်းမဲ့လမ်းဖြတ်ကူးသူတွေ၊ အမှိုက်ပစ်ချသူတွေကို ချက်ချင်းဖမ်းဒဏ်ရိုက်လုပ်တာတွေကျတော့ ထည့်မပြောကြဘူး။

ဘယ်နိုင်ငံက ဘယ်လူမျိုးမဆို ပညာအခြေခံနည်းပြီး စိတ်ယဉ်ကျေးမှုနိမ့်ကျသူတိုင်းဟာ ‘ပြည်သူ့နီတိ’ကို လျစ်လျူရှုတတ်ကြပါတယ်။ ထို့၊



www.burmeseclassic.com

www.burmeseclassic.com

ထွမ်နဲ့ လူရှေ့သူရှေ့မှာ တံတွေးထွေးတဲ့နေရာမှာတော့ အရှေ့တိုင်းက လူဝါတွေလောက်ဆိုးတာ ဘယ်မှာမှမတွေ့ဖူးပါဘူး။ သူတို့နဲ့စာရင် မြန်မာတွေက အများကြီးယဉ်ကျေးပါတယ်။

### ၁နာရီ၁၀ဒေါ်လာပေးခိုင်းပါလား

မြန်မာတွေက ရေသာခိုအချောင်လိုက်တဲ့စိတ် သိပ်ကြီးမားတယ်။ ကြိုးစားပမ်းစား မလုပ်ချင်ဘူးလို့လည်း စွပ်စွပ်စွဲစွဲလုပ်လေ့ရှိကြတယ်။ နိုင်ငံခြားရောက် မြန်မာလူငယ်လေးတွေအများစုဟာ နေ့အလုပ်၊ ညအလုပ် နှစ်ခုလုပ်ပြီး တပင်တပန်းပိုက်ဆံရှာနေကြတာတွေကို မမြင်လို့လား။ တချို့များဆို အိပ်ရာဝင်တာတောင် အလုပ်ကပြန်တဲ့ အဝတ်အတိုင်း ဖိနပ်တောင်မချွတ်ဘဲ ဝင်ကြရပါတယ်။ မနက် အချိန်ကျတာနဲ့ အိပ်ရာထဲက တန်းပြီးအလုပ်ကိုပြေးနိုင်အောင် အဆင်သင့်လုပ်ထားရတာလေ။ မြန်မာတွေ ကြိုးစားသလား၊ မကြိုးစားဘူးလားသိချင်ရင် သူများနိုင်ငံတွေမှာ လုပ်ခပေးသလိုပေးပြီး ခိုင်းကြည့်လိုက်စမ်းပါလို့ ပြောလိုက်ချင်တယ်။

### အခွင့်အရေးမရလို့ပါ

မြန်မာတွေ မပျင်းပါဘူး။ မညံ့ပါဘူး။ ဖျင်းလည်း မဖျင်းပါဘူး။ နိုင်ငံခြားသွားပြီး ပညာသင်တဲ့သူတွေ အားလုံးနီးပါးဟာ သူတို့သင်ယူတဲ့ ပညာရပ်ကို ကောင်းကောင်းသင်ယူနိုင်ကြတာချည်းပါပဲ။ စာမလိုက်နိုင်လို့ ပြန်လာရတယ်ဆိုတာ မရှိသလောက်ပါ။ ဘိလပ်သွားပြီး MRCP တို့၊ FRCS တို့လို ဘွဲ့တွေသွားသင်ယူတဲ့ ဆရာဝန်တွေ၊ စာမလိုက်နိုင်လို့ ပြန်လာရတယ်ဆိုတာလည်း မရှိသလောက်ပါပဲ။ မြန်မာလူမျိုးတွေဟာ လူသာ ဆင်းရဲချင်ဆင်းရဲမယ်။ ဉာဏ်ရည်ဉာဏ်သွေးမှာတော့ မဆင်းရဲပါဘူး။ အခွင့်အရေးရရင်ရသလို ဘာမဆိုဖြစ်အောင် လုပ်နိုင်ပါတယ်။ အခွင့်အရေး မရလို့သာပါ။

### ကိုရွှေဗမာတွေ

မြန်မာတွေ ညံ့လို့မတိုးတက်တာ၊ မြန်မာတွေ သိပ်ပျင်းတာ၊ သိပ်ဖျင်းတာလို့ ပြောသူများဟာ နိုင်ငံခြားသားများမဟုတ်ပါဘူး။ မြန်မာပြည်က နိုင်ငံခြားသွားအလုပ်လုပ်နေကြတဲ့ 'ပြည်တွင်းဖြစ်နိုင်ငံခြားသား' ကိုရွှေဗမာများသာ ဖြစ်ကြပါတယ်။ ကိုယ်တိုင်ဘာလုပ်နေကြတယ်ဆိုတာတော့ ပြန်မကြည့်ဘဲနဲ့ ပြည်တွင်းမှာ ရှိနေကြတဲ့သူတွေကို စွပ်စွပ်စွဲစွဲ အရှက်မရှိပြောနေကြတာဖြစ်တယ်။ မြန်မာနိုင်ငံလောက် သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံ၊ အာရှတိုက်တစ်တိုက်လုံးမှာ မရှိပါဘူး။ စားစရာအတွက်၊ နေစရာအတွက်၊ ဝတ်စရာအတွက် ဘာမှပူစရာမရှိပါဘူး။ ပြည်တွင်းမှာ လုံလုံလောက်လောက်ရှိတယ်။ နောက်ပြီးတော့ ရေနံဓာတ်ငွေ့တွေလည်း ထွက်တယ်။ တခြားဓာတ်သတ္တုမျိုးစုံနဲ့ ကျောက်သံပတ္တမြားတွေလည်းပေါတယ်။ ဒီသယံဇာတပေါကြွယ်ဝတာတွေကို ခေတ်မီနည်းပညာတွေ အသုံးချပြီး ထုတ်ယူသုံးစွဲကြရမှာမဟုတ်လား။ ရောင်းဝယ်ဖောက်ကားကြရမှာမဟုတ်လား။

### သတိပေးလိုက်ချင်တယ်

အခုတော့ အဲဒီလိုလုပ်ရမယ့် နိုင်ငံ့အညွန့်အဖူးတွေ၊ တိုင်းပြည်ရဲ့ ဦးနှောက်တွေက နိုင်ငံရပ်ခြားတိုင်းပြည်တွေအတွက် သွားပြီးအလုပ်လုပ်ပေးနေကြတယ်လေ။ မြန်မာနိုင်ငံက သင်ပေးလိုက်တဲ့ပညာတွေနဲ့ သူများနိုင်ငံတွေမှာ သွားအလုပ်လုပ်ပေးနေကြတာ အခြေအနေအရ အခိုက်အတန့်အဖြစ် ကိုယ့်အကြောင်းနဲ့ကိုယ် သွားရောက်လုပ်ကိုင်နေကြတာကို နားလည်နိုင်ပါတယ်။ အပြစ်မတင်ပါဘူး။ ဒါပေမဲ့ ဘယ်မှမသွားဘဲ ကိုယ့်တိုင်းပြည်မှာကိုယ်နေပြီး တတ်စွမ်းသလောက် ကိုယ့်အားကိုယ့်အင်နဲ့ ကိုယ့်တိုင်းပြည်အတွက် ကြိုးစားရုန်းကန်နေတဲ့သူတွေကိုတော့ ပျင်းတယ်၊ ဖျင်းတယ်၊ စည်းကမ်းမဲ့တယ်၊ ရေသာခိုတယ် စတဲ့စွပ်စွဲမှုတွေနဲ့ ပုတ်ခတ်စော်ကားမလုပ်ကြဖို့တော့ သတိပေးလိုက်ချင်ပါတယ်။

၂၄၊ ၈၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## ပညာမာနလေးတော့ရှိကောင်းပါတယ်

'ဆရာ့တပည့်က အဖြူတွေကိုမှ လူထင်တာခင်ဗျ။ ကျွန်တော်တို့နဲ့များ ပွဲလမ်းသဘင်တွေမှာတွေ့ရင် မမြင်ချင်ယောင်ဆောင်နေတာ'

စာနယ်ဇင်းလောကထဲရောက်နေတဲ့ ကျောင်းသားဟောင်းတစ်ယောက် အလည်အပတ်ဝင်ရောက်လာတာကြောင့် သူနဲ့အတူ ခေတ်ပေါ်ဂျာနယ်လောကထဲဝင်သွားတဲ့ တခြားကျောင်းသားဟောင်းတစ်ယောက်အကြောင်း မေးလိုက်ရာမှာ ပြန်ဖြေလိုက်တဲ့စကား ဖြစ်ပါတယ်။

### သင်တန်းတက်စားတဲ့သူ

'မနှစ်ကတော့ သူအမေရိကားကို သင်တန်းတစ်ခုသွားတက်ရာက ပြန်လာလို့ဆိုပြီး စာအုပ်သုံးလေးအုပ် လက်ဆောင်လာပေးသွားသေးတယ်ကွဲ့။ အဲဒီနောက်တော့ မတွေ့တော့ဘူး'

'သူက ဒီမှာနေတဲ့ရက်က နည်းတယ်ဆရာရဲ့။ အပြင်ခဏခဏထွက်နေတာ။ သူကပေါင်းတတ်သင်းတတ်တာ ဆရာလည်းသိသားပဲ'

အဲဒီနောက် သူကပဲဆက်ပြီး သူတို့နှစ်ယောက် အိမ်နီးချင်းနိုင်ငံတစ်ခုမှာ စာနယ်ဇင်း ရက်တိုသင်တန်းသွားတက်စဉ်က အတွေ့အကြုံတွေကို ပြန်ပြောရင်းနဲ့ သူ့သူငယ်ချင်းဟာ ဂျာနယ်ကျော်ဦးချစ်မောင်လို သတင်းစာဆရာကောင်းတစ်ယောက်ဖြစ်လာမယ်လို့ ထင်မှတ်ခဲ့ကြောင်း ပြောပါတယ်။

'သူက ကျွန်တော်တို့လိုမဟုတ်ဘူး။ သိပ်ထက်မြက်တယ်မဟုတ်လား'

'သူ့ရောမင်းရော အသက်အများကြီးငယ်သေးတာပဲ။ ကြိုးစားရင် မဖြစ်နိုင်စရာဘာရှိလဲ။ ကောင်းကောင်းဖြစ်နိုင်တာပေါ့'

တပည့်ဖြစ်သူက ခေါင်းယမ်းရင်း သူကတော့ ဉာဏ်ခပ်ထိုင်းထိုင်းမို့ ဖြစ်မှာမဟုတ်ဘူးလို့ ပြောပါတယ်။ ပြီးတော့ သူ့သူငယ်ချင်းဟာလည်း



သတင်းစာသမား ဆက်လုပ်လိမ့်မယ်မထင်ကြောင်း အခုလိုပဲ 'သင်တန်းတက်စား'နေပြီး နောက်ကျရင် အဖြူတွေနဲ့ပေါင်းပြီး 'အင်ဂျီအို'လုပ်စားလိမ့်မယ်ထင်ကြောင်း စိတ်မကောင်းစွာနဲ့ ပြောပြပါတယ်။

### တိုလိုလို ဒီလိုလို

သူ့ တကယ်ကို စိတ်မကောင်းဖြစ်နေပုံရပါတယ်။ သူတို့နှစ်ယောက်ဟာ အထက်တန်းကျောင်းကတည်းက အလွန်ချစ်တဲ့သူငယ်ချင်းတွေဖြစ်လာခဲ့ကြတာ။ တက္ကသိုလ်မှာလည်း အတူတူ၊ အင်္ဂလိပ်စာသင်တန်းလာတက်တော့လည်း အတူတူ၊ နောက်ဆုံး စာနယ်ဇင်းလောကထဲကိုပါ အတူတူဝင်သွားကြတာဖြစ်ပါတယ်။ အခုတော့ သူသာ ဂျာနယ်တစ်ခုမှာ အယ်ဒီတာအဖြစ်ကျန်ခဲ့ပြီး သူငယ်ချင်းကတော့ (freelance) အလွတ်သတင်းထောက်လိုလို၊ ဟိုအဖွဲ့ဒီအဖွဲ့ရဲ့ ကိုယ်စားလှယ်လိုလို၊ တာဝန်ခံလိုလိုနဲ့ ပြည်ပကို ခဏခဏသွားနေတယ်လို့ ဆိုပါတယ်။

### တနုံ့နုံ့ဖြစ်ကျန်ရစ်

သူပြန်သွားတဲ့တိုင် သူပြောသွားတဲ့ . . . 'ဆရာ့တပည့်က အဖြူတွေကိုမှ လူထင်တာခင်ဗျ'ဆိုတဲ့ စကားက နားထဲမှာပဲ့တင်ရိုက်ပြီး ကျန်နေခဲ့ပါတယ်။ ရေးတုန်းက ကိုယ့်လာပြီး ကျွန်ပြုအုပ်စိုးနေတဲ့ မျက်နှာဖြူတွေကို 'သခင်ကြီး'တို့၊ 'ဘိုကြီး'တို့ခေါ်ပြီး လက်အုပ်ချီရတဲ့ စိတ်ဓာတ်မျိုးတွေ အခုလို လွတ်လပ်ရေးရပြီး နှစ်ပေါင်းခြောက်ဆယ် တင်းတင်းကြီးပြည့်ခဲ့တဲ့ ကာလအထိ ကျန်နေသေးပါလားလို့တွေးပြီး စိတ်မကောင်းဖြစ်မိတယ်။ ဒီအဖြစ်မျိုးက ဒီတစ်ကြိမ်သာမဟုတ်ဘူး။ မကြာမကြာကို တွေ့ဖူးနေတာပါ။ စာလည်း နှစ်ကြိမ် သုံးကြိမ်ရေးခဲ့ဖူးပါပြီ။ မကြာခင် လေးငါးလကတောင် ဒီမျိုးတစ်ခါထပ်တွေ့လို့ စိတ်ထဲ တနုံ့နုံ့ဖြစ်လိုက်ရပါသေးတယ်။

### မြန်မာ၊အင်္ဂလိပ်စကားမတတ်သူ

လွန်ခဲ့တဲ့လေးငါးလက အခုလိုပဲ ကျောင်းသားဟောင်းနှစ်ယောက် လာနှုတ်ဆက်ပါတယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော်က သင်တန်းလာတက်ခဲ့သူတွေပါ။ တစ်ယောက်ကတော့ သင်တန်းလာတက်ချိန်က အင်္ဂလိပ်စကားရော မြန်မာစကားပါ တစ်လုံးမှကိုမတတ်သူဖြစ်ပါတယ်။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

စကားတောင်မတတ်သူကို ဘယ်လိုရှင်းပြပြီး ဘယ်လိုသင်လို့ရမှာလဲ။ လက်မခံနိုင်ကြောင်းပြောပေမယ့် သူကလည်း သူ့စကားပြန်ကတစ်ဆင့် ဒီဆရာဆီကိုသာ တက်ဖြစ်အောင်တက်ဖို့ သူ့ဒေသကလူတွေက မှာလိုက်တာကြောင့် လက်ခံပေးဖို့ အထပ်ထပ်မေတ္တာရပ်ပါတယ်။ သူက ရန်ကုန်မှာ စီးပွားရေးလာလုပ်နေတာပါ။ နမ့်ခမ်းဘက်က လာတာပါ။ နောက်ဆုံးတော့ ကိုယ်ငယ်ငယ်က နှစ်နှစ်လောက် တရုတ်စာသင်ခဲ့ဖူးတာလေးအားကိုးနဲ့ သင်ကြည့်ရမှာပဲလေလို့ အောက်မေ့ပြီး လက်ခံလိုက်ရပါတယ်။ သူ နှစ်နှစ်လောက် သင်တန်းတက်သွားပါတယ်။

## ရှေ့ဆောင်နဲ့နောက်လိုက်

အတူတူပါလာတဲ့ နောက်တစ်ယောက်ကလည်း ကျောင်းသားဟောင်းပါပဲ။ 'ပီတာ'လို့ ခေါ်ရလွယ်အောင် နာမည်ပေးထားတဲ့ မြန်မာစကားမတတ်သူနဲ့ တစ်ချိန်တည်းလောက် သင်တန်းလာတက်သူဖြစ်ပါတယ်။ သူက အဲဒီအချိန်က စက်မှုတက္ကသိုလ်မှာ ဆရာလုပ်နေတဲ့ အင်ဂျင်နီယာဆရာပါ။ အတန်းထဲမှာ သူတို့နှစ်ယောက်သိကျွမ်းကြပြီး နောက်တော့ အင်ဂျင်နီယာဆရာ အလုပ်ကထွက်ပြီး 'ပီတာ'ဆီမှာ အလုပ်ဝင်လုပ်ပါတယ်။ ပီတာထက် သူက လေးငါးနှစ်လောက်ကြီးပါလိမ့်မယ်။ သူတို့နှစ်ယောက်ဝင်လာတော့ ပီတာက ကြော့ကြော့မော့မော့နဲ့ အရင်ဝင်လာပြီး သွက်လက်ပီသတဲ့ မြန်မာစကားနဲ့ 'ဆရာ ကျွန်တော့်ကို မှတ်မိလား'လို့ ဝမ်းသာအယ်လဲ နှုတ်ဆက်ပါတယ်။ အင်ဂျင်နီယာဆရာက အနီရောင်စက္ကူနဲ့ပတ်ထားတဲ့ လက်ဆောင်ထုပ်ကြီးတွေ မနိုင်မနင်းပိုက်ပြီး နောက်က ဝင်လာနှုတ်ဆက်ပါတယ်။

## သားနားပြီးမထည်ဝါသူ

မတွေ့တာကြာပြီဖြစ်သူတွေရဲ့ ထုံးစံအတိုင်း စကားတွေအကြာကြီးပြောဖြစ်ကြတယ်။ ပီတာကတော့ အများဆုံးပြောပါတယ်။ မန္တလေးသူတစ်ယောက်နဲ့ အိမ်ထောင်ကျကာ ကလေးသုံးယောက်ရထားပြီး ဘိလပ်မြေစက်ရုံ၊ သကြားစက်ရုံ၊ အရက်ချက်စက်ရုံ စတဲ့လုပ်ငန်းတွေ လုပ်နေတဲ့အကြောင်း ဝမ်းသာအားရပြောပါတယ်။ အင်္ဂလိပ်စကားတွေလည်း ညှပ်ညှပ် ပြောတတ်နေပါပြီ။ အင်ဂျင်နီယာဆရာက နှုတ်ဆိတ်ပြီး ခပ်ကုပ်ကုပ်



လုပ်နေပါတယ်။ သူက ပီတာရဲ့အကြီးပေးအဖြစ်နဲ့ လုပ်နေတယ်လို့ သိရပါတယ်။ ဝတ်စားထားတာကတော့ သားသားနားနား၊ ပြောင်ပြောင်ရောင်ရောင် ပါပဲ။ ဒါပေမဲ့ နေပုံထိုင်ပုံကတော့ ထည်ထည်ဝါဝါမရှိပါဘူး။ ပြန်ကြတော့လည်း ပီတာချထားတဲ့ လက်ဆွဲသေတ္တာပြားကိုကောက်ဆွဲပြီး နောက်က ခပ်ရို့ရို့လိုက်သွားပါတယ်။ -

## အကြီးပေးပုဂ္ဂိုလ်ပါတဲ့

သူတို့ပြန်သွားတော့လည်း ခုလိုပဲ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်ကျန်ရစ်တာ မှတ်မိနေပါသေးတယ်။ အင်ဂျင်နီယာဆရာဟာ သင်တန်းလာတက်စဉ်က နှုတ်သွက်လျှာသွက်နဲ့ တော်တော်ပျော်တတ်သူပါ။ ရယ်စရာလည်း တော်တော်ပြောတတ်လို့ အတန်းထဲမှာသူရှိနေပြီဆိုရင် တဝါးဝါးနဲ့ ရယ်သံမစဲတော့ပါဘူး။ ခုတော့ သူ့ပုံက တော်တော်ကြီးပြောင်းလဲသွားပြီ။ ပီတာ့ရှေ့မှာ စကားမှဟဟမပြောဝံ့တဲ့ပုံနဲ့ ပြန်တော့လည်း ပီတာရဲ့သေတ္တာကို ကောက်ဆွဲပြီး နောက်က ရို့ရို့လေးကပ်ပါသွားတယ်။ ပီတာရဲ့အကြီးပေးဆိုတာထက် ဒရိုင်ဘာနဲ့ ပိုတူနေတော့တယ်။ သူဟာ ပီတာထက် အသက်လေးငါးနှစ်ကြီးရုံမက ဘီအီးဘွဲ့ရ၊ စက်မှုတက္ကသိုလ်မှာ ဆရာလုပ်ခဲ့သူတစ်ယောက်ပါ။ ပီတာကတော့ ဘာအတန်းပညာမှမတတ်သူတစ်ယောက်ဖြစ်ပါတယ်။ သူ့ငွေနောက်က ကုပ်ချောင်းချောင်းနဲ့ အိတ်ဆွဲ၊ အထုပ်ပိုက် လိုက်ဖို့အထိတော့ အောက်ကျို့မခံသင့်ဘူး ထင်ပါတယ်။ သူ့လခစားနေရတာမှန်ပေမယ့် ဘီအီးအင်ဂျင်နီယာတက္ကသိုလ်ဆရာဆိုတဲ့ ဂုဏ်သိက္ခာလေးကိုတော့ ဆက်ထိန်းထားသင့်သေးတယ် မဟုတ်ဘူးလား။

## သူ့ကိုအားနာသင့်တယ်

ပီတာက အောက်ကျို့တာ ဘယ်လောက်ကြိုက်တယ်ပြောပြော နယ်နိမိတ်တစ်ခုတော့ ပိုင်းခြားကန့်သတ်ထားရမှာပေါ့။ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ ပဒေသရာဇ်ခေတ်မှ မဟုတ်တော့တာပဲ။ သူလည်း သူ့သိက္ခာနဲ့၊ ကိုယ်လည်း ကိုယ့်သိက္ခာနဲ့ပဲလေ။ အကြီးပေးဆိုတဲ့ရာထူးဟာ နောက်က အိတ်ဆွဲလိုက်ဖို့မှ မဟုတ်တာ။ ဒါကိုသိသာအောင် အစောကြီးကတည်းက ဘာကြောင့်လုပ်မထားတာလဲ။ လစာနဲ့ အခွင့်အရေးကောင်းကောင်းပေးထားလို့ ကျေနပ်နေတာလား။ ကိုယ့်ကိုယ်ကိုယ် အားမနာတော့ ၂၅



www.burmeseclassic.com

www.burmeseclassic.com

နှစ်လောက် ကျောင်းနေ၊ စာတွေသင်ပြီးမှ ရခဲ့တဲ့ ကိုယ့်ပညာကိုတော့ အားနာသင့်ပါတယ်။ နောက်ပြီးတော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ သခင်နဲ့ ကျွန်လို၊ ဆရာနဲ့ တပည့်လို၊ ကျေးဇူးရှင်နဲ့ ကျေးဇူးခံ ကျေးဇူးစား လိုခေတ် မဟုတ်တော့ပါဘူး။ အပြန်အလှန် အမှီသဟဲပြုနေကြရတဲ့ 'စွမ်းအားစု' နှစ်ခုသာဖြစ်တယ်ဆိုတာ နှစ်ဆယ့်တစ်ရာစု လုပ်ငန်းရှင်တွေရော၊ အလုပ်သမားများပါ သိနေကြပါပြီ။ ပညာမတတ်တဲ့ ဗီတာက ဒါကိုမသိရင် သိအောင်လုပ်ပေးရမှာပဲ မဟုတ်ဘူးလား။

### ပညာကို အစော်ကားမခံသင့်

ငွေတို့၊ ရာထူးတို့ကြောင့် လူရာဝင်နေတဲ့သူဟာ ငွေနဲ့ ရာထူး မရှိတော့ရင် ဘာမှမဟုတ်တော့ဘူး။ မျက်နှာချင်းဆိုင်တွေ့တာတောင် မမြင်ချင်ယောင်ဆောင်သွားခံရတတ်တာပါ။ ပညာတတ်ရင်တော့ ငွေနဲ့ ရာထူး မရှိလည်း ပညာက ကိုယ်နဲ့အမြဲရှိနေတာကြောင့် ဘယ်နေရာရောက်ရောက် မျက်နှာမငယ်ပါဘူး။ ပညာရောင်ထက်ပြောင်တဲ့အရောင် ဘာမှမရှိပါဘူး။ 'ပညာမာန'ဆိုတာလေးတော့ ရှိကောင်းပါတယ်။

၃၁၊ ၈၊ ၂၀၀၈



## ပတ္တမြားမှန်ရင် အရောင်ထွက်မှာပဲ

တစ်နေ့က သမီးတစ်ယောက်လိုဖြစ်နေတဲ့ စာရေးဆရာမလေး တစ်ယောက် ရောက်လာပါတယ်။

'လာချင်နေတာကြာပြီ။ ဆရာ့ကျန်းမာရေးအတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ မလာဘဲ သတင်းပဲမေးနေရတယ်'လို့ ပြောပါတယ်။

'ရပါတယ်ကွယ်၊ လာချင်တဲ့အခါသာ လာပါ။ မင်းတို့ လူငယ်တွေ လာတာ အနှောင့်အယှက်မဖြစ်တဲ့အပြင် အကျိုးတောင်ရှိပါတယ်။ မင်းတို့ လာမှ အပြင်လောကကြီးအကြောင်း သိရပါတယ်'လို့ ပြောလိုက်တော့မှ 'သိပ်လာချင်တာက ထုံးစံအတိုင်း ရင်ဖွင့်ချင်လို့ ဆရာရဲ့'လို့ အစချီပြီး သူ့ရင်ထဲတင်းကျပ်နေတာတွေကို ဖွင့်ထုတ်ပါတော့တယ်။

### မြို့သားလူလည်တွေများတယ်

သူက သူ့စီးပွားရေးတွေ၊ အလုပ်အကိုင်တွေ လုံးလုံးကြီးကိုပစ်ပယ်ပြီး အေ့စ်ရောဂါဝေဒနာသည်တွေ၊ မရှိဆင်းရဲသူတွေ၊ ကံကြမ္မာမဲ့သူတွေကို ကူညီစောင့်ရှောက်တဲ့ လုပ်ငန်းတွေထဲမှာ စိတ်ရောလူပါ နှစ်မြှုပ်ပြီး အချိန်ပြည့်လုပ်ကိုင်နေသူတစ်ယောက်ဖြစ်တယ်။ အတိဒုက္ခရောက်နေလို့ အကူအညီတောင်းရင် ဘယ်အရပ်က ဘယ်သူဖြစ်ဖြစ် ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ပေးလေ့ရှိတယ်။ အဲဒီလိုလုပ်ကိုင်နေတာကိုတောင် တချို့က မုဒိတာမပွားဘဲ သိမ်ဖျင်းတဲ့စကားတွေနဲ့ 'တောပြော၊ တောင်ပြော'တွေ ကွယ်ရာမှာ ပြောဆိုနေကြတာကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရလေ့ရှိပါတယ်။ အဲဒီလိုအခါတွေမှာ သူရောက်လာပြီး ရင်ဖွင့်တတ်ပါတယ်။

'တခြားလူတွေပြောတာတော့ ထားလိုက်ပါတော့ဆရာရယ်။ နားလည်နိုင်ပါတယ်။ ခုတော့ ကိုယ့်စာပေလောကသားချင်း ဆရာရဲ့။ သူ့ကို နစရာမရှိအောင် လိုက်ပြောနေတာ'



www.burmeseclassic.com

www.burmeseclassic.com

အရေထူနေပြီဆိုပေမယ့် စိတ်တော့ ကောင်းပုံမရပါဘူး။ အဲဒါကြောင့် စိတ်အခံနောင့်အယှက် ဖြစ်မနေဖို့အကြောင်း၊ မှန်တာကောင်းတာကို လုပ်နေတယ်လို့ ကိုယ့်ဟာကိုယ် ယုံကြည်စိတ်ချဖို့သာ အရေးကြီးတဲ့အကြောင်း ပြောပြလိုက်ရပါတယ်။ လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေရှိပါတယ်။ ဘယ်လောက်ပဲ ကောင်းတာတွေလုပ်နေလုပ်နေ အကောင်းမမြင်တဲ့သူတွေ၊ အပြစ်ကိုပဲ ရှာကြည့်တတ်တဲ့သူတွေလည်း အများကြီးရှိပါတယ်။ အထူးသဖြင့် ခုခေတ်မှာက မာသာထရီဇာလို၊ ကျောင်းအမကြီး ဒေါ်ဦးဖွန်းလို ပုဂ္ဂိုလ်မျိုးတွေ ခပ်ရှားရှားမဟုတ်လား။ ပြီးတော့ ရန်ကုန်လိုမြို့ကြီးမှာက လူလည်တွေက သိပ်များတယ်လေ။ နောက်ဆုံးပေါ် လူလည်အမျိုးအစားသစ်တစ်မျိုးကလည်း ပညာတတ်အလွှာထဲမှာ အများကြီးပေါ်ပေါက်လာနေတာကိုး။ အဲဒါကတော့ ပရဟိတတို့၊ NGO တို့ နာမည်တပ်ပြီး ကိုယ်ကျိုးရှာ လုပ်စားနေကြတဲ့လူတွေ ဖြစ်တယ်။ အေအိုင်ဒီအက်စ် ခေါင်းစဉ်တပ်လိုက်၊ လေဘေး၊ ရေဘေး ကယ်ဆယ်ရေးခေါင်းစဉ်တပ်လိုက်နဲ့ ဆိုင်းဘုတ်တွေ အမျိုးမျိုးထောင်ပြီး ကိုယ်ဟာကိုယ်. နာမည်ကြီးအောင်လုပ်၊ ဩဇာထူထောင်၊ နောက်ဆုံးတော့ ကိုယ်ကျိုးရှာကြတာပဲ ဖြစ်တယ်။ ဟိုဖောင်ဒေးရှင်း၊ ဒီဖောင်ဒေးရှင်းတွေက အလှူငွေတောင်းကောင်းအောင် အစပိုင်းတော့ အလုပ်ကလေးတွေ လုပ်ပြရတာပလေ။ ဒါလည်း တကယ်လုပ်တာက နည်းနည်းပါ။ ပရိုပိုဆယ်တွေ၊ ရီပို့တွေထဲမှာ ရွှန်းရွှန်းဝေအောင် ရေးပြကြတာတွေက များပါတယ်။

### နိုင်ငံခြားအခေါက်ခေါက်သွား

အလှူရှင်တွေဆီက အလှူငွေတွေရလာတော့ နိုင်ငံခြားကို အခေါက်ခေါက်အခါခါ ကွန်ဖရင့်ဆိုသွားလိုက်၊ သင်တန်းဆိုသွားလိုက်နဲ့ သွားနေလိုက်ကြတာ တချို့များ မြန်မာပြည်မှာနေတဲ့ရက်က တစ်နှစ်မှာ နှစ်လ၊ သုံးလလောက်ပဲ ရှိပါတော့တယ်။ ကျန်တဲ့ ကိုးလ၊ ဆယ်လကတော့ နိုင်ငံပေါင်းများစွာကို လှည့်လည်သွားလာနေကြတာပါ။ သူတို့အတွက်ကတော့ ကမ္ဘာကြီးဟာ တကယ့်အစစ်အမှန်ကို ကမ္ဘာ့ရွာကြီးဖြစ်နေပါတော့တယ်။ ဂလိုဘယ်လိုက်ဇေးရှင်းလို့ ကျယ်ကျယ်လောင်လောင်ပြောနေတာ သူတို့တစ်တွေပေါ့။ မြို့ကြီးသားပညာတတ် ရေပေါ်ဆီလူတန်းစား (elite)တွေလေ။ အင်ဂျီအိုလုပ်စားနေကြတာ။



### အတုမြင်အတတ်သင်

ရန်ကုန်သား အီလစ်(elite)တွေကို ဒီပညာသင်ပေးတာက နိုင်ငံခြားအင်ဂျီအိုတွေပေါ့။ သူတို့တစ်တွေ များများစားစား ရောက်မလာခင်က 'အီလစ်'တွေ ဒီအတတ်မတတ်သေးဘူး။ နိုင်ငံခြားသားတွေရောက်လာမှ ချောင်းသာတို့၊ ငွေဆောင်တို့ကို retreat လို့ ခေါင်းစဉ်တပ်လိုက်၊ workshop လို့ ခေါင်းစဉ်တပ်လိုက်နဲ့ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး အလှူရှင်တွေရဲ့ ပိုက်ဆံနဲ့ ပျော်ပွဲစားထွက်တတ်သွားကြတယ်။ ဒီလိုပြောလို့ NGO နဲ့ INGO အားလုံး ဒီလိုချည်းပဲ၊ ဘယ်သူမှမကောင်းဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ စည်းကမ်းစနစ် တင်းတင်းကျပ်ကျပ်နဲ့ အမှန်တကယ်ကို ပရဟိတလုပ်ငန်းတွေ လုပ်နေကြတဲ့ NGO တွေ၊ INGO တွေလည်း ရှိပါတယ်။ သူတို့တစ်တွေကိုတော့ တကယ်ကိုလေးစားမိပါတယ်။ တကယ့်အစစ်အမှန်ကို transparency တို့၊ accountability တို့၊ check and balance တို့ရှိတဲ့ NGO တွေ၊ INGO တွေလည်း တွေ့ဖူးပါတယ်။ ဒါပေမဲ့ စိတ်တော့မကောင်းဘူး။ ဒီအဖွဲ့မျိုးက နည်းတယ်။

### နုလပိန်းတုံးမဟုတ်

အင်ဂျီအိုလုပ်စားတဲ့ 'အီလစ်'တွေ ရှိနေလေတော့ တကယ့်အစစ်အမှန် ပရဟိတလုပ်ငန်းတွေ လုပ်နေသူတွေပါရောနှောပြီး အပြောအဆိုခံရတာတွေ၊ သိက္ခာချခံရတာတွေ ရှိလာပါတယ်။ ဒါကတော့ ရှောင်လို့မရနိုင်ပါဘူး။ 'ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်' ဆိုတဲ့စကား အရှိသားမဟုတ်လား။ တကယ်အစစ်အမှန် လုပ်သူတွေအနေနဲ့တော့ ဒီလိုပြောသံဆိုသံတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာ မလိုပါဘူး။ ကိုယ်ဟာကိုယ် လိပ်ပြာသန့်ရင် ပြီးတာပါပဲ။ ပြီးတော့ မြန်မာလူမျိုးတွေဟာ ပြောသမျှယုံတဲ့ 'နုလပိန်းတုံး'တွေ မဟုတ်ပါဘူး။ ခေတ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ပြီး အတွေ့အကြုံမျိုးစုံကို ကြုံတွေ့လာခဲ့ဖူးသူတွေဖြစ်လို့ ဘယ်သူလူကောင်းလဲ၊ ဘယ်သူလူဆိုးလဲဆိုတာ ကောင်းကောင်းကြီး ခွဲခြားတတ်ပါတယ်။ လိမ်တာကိုလည်း လိမ်မှန်းသိပါတယ်။

အဲဒါကြောင့် ဘယ်သူတွေဘာပြောပြော စိတ်စနိုးစနောင့် မဖြစ်ပါနဲ့။ ကိုယ်က မှန်တာ ကောင်းတာကိုလုပ်နေရင် ပူစရာမလိုဘူး။ လူတွေက သိပါတယ်။ 'ပတ္တမြားမှန်ရင် နွံမှာနစ်သော်လည်း မညစ်'ဆိုတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com

ကိုသာ စိတ်မှာစွဲထားပါလို့ စာရေးဆရာမလေးကို ပြောလိုက်ရပါတယ်။

**ကြည်ညိုစရာကောင်းသူတွေ**

မြို့ကြီးသား 'အီလစ်'တွေလို စက်ဆုပ်ဖွယ်ရာလူတွေ ရှိနေသလို လေးစားကြည်ညိုဖွယ်ကောင်းလှတဲ့ လူငယ်တွေလည်း အများကြီးရှိနေသေးလို့ တော်ပါသေးတယ်။ ဒါပေမဲ့ တကယ်အစစ်အမှန် ပရဟိတလုပ်နေသူတွေက လုပ်စရာရှိတာကိုပဲ အာရုံစိုက်လုပ်နေကြတာဆိုတော့ အသံမထွက်ဘူးလေ။ ဘယ်သူတိုက်တွန်းလို့မှမဟုတ်ဘဲ ကိုယ့်စေတနာနဲ့ကိုယ် လုပ်ကြတာဆိုတော့ လူသိအောင်လည်း ကြော်ငြာနေစရာမှ မလိုတာ။ 'အကျိုးမျှော်သူတွေကသာ နှိုးဆော်'နေကြတာပါ။ နာဂစ်မုန်တိုင်းဘေးကြီး ကြုံလိုက်ရတော့မှ မြန်မာလူငယ်တွေရဲ့ စိတ်ဓာတ်အကြောင်း ကောင်းကောင်းကြီးသိလာကြရတယ်။ မုန်တိုင်းစဲလျှင်စဲချင်း မုန်တိုင်းဒဏ်ခံဒေသတွေဆီ အရင်ဆုံးရောက်လာကြတာက လူငယ်လေးတွေဖြစ်တယ်။ တတ်စွမ်းသမျှ ဖေးမကူညီကြပြီး ရန်ကုန်ပြန်လာ၊ နီးစပ်ရာတွေကို လှုံ့ဆော်၊ လှူဒါန်းသမျှပစ္စည်းတွေစုပြီး ရွာတွေဆီပြန်သွား၊ ဒုက္ခသည်တွေ ကူညီ၊ အလောင်းတွေ ဆယ်ယူမြှုပ်နှံပေး။ ဒီလိုနဲ့ တစ်ယောက်နဲ့ တစ်ယောက်၊ လက်တွဲချင်းဆက်ပြီး ဖေးမကူညီကြတာတွေဟာ ကြည်ညိုစရာကောင်းလိုက်တာ၊ ထိုင်ပြီးဦးချချင်စိတ်တောင် ပေါ်ပါတယ်။ လူငယ်တွေနဲ့ ဂျာနယ်တွေကျေးဇူးကြောင့် နာဂစ်ရဲ့ဒဏ် ဘယ်လောက်ဆိုးရွားတယ်ဆိုတာ တစ်နိုင်ငံလုံး အမြန်ဆုံးသိသွားကြရတာပါ။ အဲဒီလိုသိသွားတော့မှ ဆရာတော်သံဃာတော်တွေကအစ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် အုန်းအုန်းကျွက်ကျွက်ထွက်လာကြပြီး ဝိုင်းကြဝန်းကြရတာဖြစ်တယ်။ နာဂစ်ကိစ္စမှာတော့ လူငယ်တွေသာမက ရှိရှိသမျှ ဂျာနယ်တွေအားလုံး ကောင်းကောင်းကြီး တာဝန်ကျေကြလို့ ကျေးဇူးအထူးတင်ထိုက်ပါပေတယ်။

**ပန်းသတင်းလေညင်းဆောင်**

ဒါပေမဲ့ ခက်တာက ပုပ်သိုးနေတဲ့ ငနုံးမတစ်ကောင်ပါလာရင်ကို တစ်လှေလုံးပုပ်တော့တာဖြစ်တယ်။ လူလည် 'အီလစ်'တချို့တလေရှိတာကြောင့် ပရဟိတ တကယ်လုပ်နေတဲ့ NGO တွေ၊ INGO တွေပါရောပြီး



နာမည်ပျက်ရ၊ မယုံမကြည်ဖြစ်တာတွေ ခံရတာတော့ စိတ်မကောင်းစရာဖြစ်တယ်။ 'အီလစ်'ဆိုတာတွေက အင်္ဂလိပ်စာလေးဘာလေးတတ်ပြီး မြို့ရည်လည်ရုံသာမက နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သံရုံးတွေနဲ့လည်း ဝင်ဆံ့ကြတာဖြစ်လေတော့ သက်ဆိုးကတော့ ရှည်နေကြဦးမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်က ကောင်းတာမှန်တာလုပ်နေရင် ပြီးတာပါပဲ။ ပန်းသတင်း လေညင်းဆောင်သလို လူသတင်း လူချင်းဆောင်ပါတယ်။

၁၆၊ ၆၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# အဖြူရောင်မုသားအပြစ်မရှိတဲ့လား

ပြီးခဲ့တဲ့လထဲက 'ကလေးတွေ ပုတ်သင်ညိုဖြစ်မှာစိုးတယ်' ဆိုတဲ့ ဆောင်းပါး ဂျာနယ်ထဲပါလာတဲ့နေ့မှာပဲ ပြည်ကစာဖတ်ပရိသတ်တစ်ဦး ဖုန်းလှမ်းဆက်ပါတယ်။ ဆောင်းပါးကိုနှစ်သက်တဲ့အကြောင်း တကူး တကဆက်ပြောရှာတာပါ။ အငြိမ်းစားဝန်ထမ်းကြီးတစ်ယောက်လို့ သိရ ပါတယ်။ ပဋိသန္ဓာရစကားများ ပြောဆိုပြီးတဲ့အခါကြတော့ 'မုသားမပါ လက်ာမချော' ဆိုတဲ့စကားကိုရော လက်ခံရဲ့လား။ အဲဒီအကြောင်းလေး ရေးစမ်းပါဦးလို့ တိုက်တွန်းသွားပါတယ်။

## အဖြူရောင်မုသား

အဲဒီစကားကလည်း လူတိုင်းလိုလို ပြောဆိုသုံးနှုန်းနေကြတာ ဖြစ်တယ်။ ကိုယ်တိုင်လည်း သုံးမိဖူးတာပါပဲ။ အကြောင်းအရာတစ်ခုကို မှန်တဲ့အတိုင်းပြောလိုက်ရင် တစ်ဖက်သားကို မလေးမစားပြုရာရောက် သွားမှာမျိုး၊ ဒါမှမဟုတ် တစ်ဖက်သားစိတ်မှာ ထိခိုက်နာကျင်သွားစေမှာ မျိုး ကြုံတဲ့အခါ စကားကိုလိုးလွှဲပြောလိုက်တာမျိုးကို ဆိုလိုတာဖြစ်တယ်၊ တစ်ခါတလေ လိုးလွှဲရုံမက ညာပြောလိုက်ရတာမျိုးလည်း ရှိတတ်ပါတယ်၊ ညာပြောလိုက်ရတာဖြစ်ပေမယ့် သူတစ်ပါးထိခိုက်နစ်နာသွားစေတာမျိုး တော့ မဖြစ်စေရပါဘူး။ အင်္ဂလိပ်စကားမှာလည်း 'အဖြူရောင်မုသား' (White Lies)ဆိုတာ ရှိပါတယ်။ သဘောချင်းအတူတူပါပဲ။ လူမှုပေါင်း သင်းဆက်ဆံရေးနယ်ပယ်မှာ အဖုအထစ်မရှိ၊ ချောမောပြေပြစ်စေဖို့ အတွက် အလွဲမရှောင်သာသုံးရတယ်လို့ ဆိုလေ့ရှိပါတယ်။

သူတစ်ပါးကို ထိခိုက်နာကျင်မဖြစ်စေသရွေ့ အပြစ်ကင်းတယ်လို့ သဘောထားလေ့ရှိကြတယ်။ ဒါပေမဲ့ သေသေချာချာစဉ်းစားလိုက်ရင်



တော့ လိုလားအားပေးထိုက်တဲ့ အမူအကျင့်လို့မထင်ပါဘူး။ အကျင့် (habit) ဆိုတာက အကျင့်မှာတင် ရပ်နေလေ့မရှိဘူး။ ကြာသွားရင် အကျင့်ကနေပြီး 'စရိုက်ဝသီ' (character) ဖြစ်သွားပါတယ်။ လိမ်ညာ ပြောဆိုတတ်တဲ့ 'စရိုက်ဝသီ' ဟာ အသေးအဖွဲလေးကနေ ကြီးကြီးမားမား ဖြစ်သွားမြဲပါပဲ။ ဒါကြောင့် ဘယ်လောက်အရေးမပါတဲ့ ကိစ္စမျိုးဖြစ်စေ လိမ်ညာပြောတာ လုံးဝအကျင့်မလုပ်သင့်ပါဘူး။

## အလိမ်ပေါ်တဲ့အခါ

အမေရိကန်နိုင်ငံရဲ့ သမ္မတတွေဖြစ်ကြတဲ့ နစ်ဆင်၊ ရေဂင်၊ ကလင် တန်တို့ တစ်တွေဟာ အလိမ်မပေါ်ခင်မှာ 'တက်အောင်မောင်းနင်း' စကား တွေပြောပြီး၊ အဖျက်စောင်မာန်တွေ တစ်လွှားလွှား လုပ်နေခဲ့ကြပေမယ့် နောက်ဆုံး ဘယ်လိုမှရှောင်လွှဲလို့မရအောင် အလိမ်တွေပေါ်သွားတဲ့အခါ ကျတော့ မျက်နှာသေကလေးနဲ့ တွေ့သမျှလူတိုင်းကို 'ဆောရီး၊ ဆောရီး' နဲ့ လိုက်ပြောနေရတော့တယ်မဟုတ်လား။ ဒီလိုမှ ငိုမပြရင်လည်း သမ္မတ ရာထူးက ဖြုတ်ချခံရတယ်ဆိုတဲ့နာမည်ကြီးတွေနဲ့ သေတပန်သက်တစ် ဆုံး နေသွားကြရမှာလေ။

## အီရတ်စစ်ပွဲဖြစ်နေတဲ့အကြောင်းရင်း

လိမ်တာဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ ဒုက္ခရောက်စေတာ မဟုတ်ပါဘူး။ တိုင်းပြည်၊ နိုင်ငံတွေကိုပါ ဒုက္ခရောက်စေတာဖြစ်တယ်။ ဒီနေ့အမေရိကန်တွေ 'ဆုပ်လဲစူး စားလဲရူး' အဖြစ် ကြုံတွေ့နေရတဲ့ အီရတ် စစ်ပွဲကြီးဟာ လူပုဂ္ဂိုလ်တစ်စုရဲ့ 'ဘယ်သူသေသေ ငတေမာပြီးရော' စိတ်ဓာတ်ကြောင့် ပေါ်ပေါက်ခဲ့ရတာဖြစ်တယ်။ Chevron ဦးဆောင်တဲ့ ရေနံလုပ်ငန်းရှင်ကြီးတွေနဲ့ စစ်လက်နက်ထုတ်လုပ်ရောင်းချတဲ့ 'မရဏ ကုန်သည်' ကြီးတွေက တမင်တကာထုတ်လွှင့်တဲ့ လိမ်ညာစကားတွေ ကြောင့် အီရတ်မှာ လူတွေ အစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ ဓာတု လက်နက်နဲ့ ရောဂါပိုးမွှားလက်နက်တွေ အများအပြား ထုတ်လုပ်နေ တယ်ဆိုတဲ့သတင်းတွေ လပေါင်းများစွာ ပျံ့နှံ့နေခဲ့တယ်။ ဒါကို အကြောင်း ပြချက်လုပ်ပြီး သမ္မတဘုရှ်က အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့တာဖြစ် တယ်။ ဒုတိယသမ္မတ ဒစ်ချင်နီက ဒီနေ့ အီရတ်ရေနံတွင်းတွေကို အောက်ဝါး



www.burmeseclassic.com

ကြီးဆုံး လုပ်ကိုင်ခွင့်ရနေတဲ့ Chevron ရေနံလုပ်ငန်းကြီးရဲ့ အကြီးအကဲ တစ်ဦးအဖြစ် နှစ်ပေါင်းများစွာလုပ်ခဲ့ဖူးတယ်လေ။ အီရတ်ကို ဝင်မတိုက်ခင်ကတည်းက ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးပြီး ဓာတုနဲ့ရောဂါပိုးမွှားလက်နက်တွေ စုပြုံသိုလှောင်ထားတာ မရှိဘူးလို့ အစီရင်ခံစာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အီရတ်ကို အမေရိကန်တို့ သိမ်းပိုက်ပြီးတဲ့နောက်လည်း သက်သေအထောက်အထားတွေ ထုတ်မပြနိုင်ခဲ့ပါဘူး။

## မုသားလက်နက်

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ပေါ်ပေါက်လာခဲ့ရတဲ့ ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲဆိုတဲ့ စစ်ပွဲကြီးတွေဖြစ်မလာခင် လပေါင်းများစွာကလည်း မြောက်ကိုရီးယားက တောင်ကိုရီးယားကို ကျူးကျော်တိုက်ခိုက်တော့မယ်။ မြောက်ဗီယက်နမ်က တောင်ဗီယက်နမ်ကို တိုက်ခိုက်သိမ်းပိုက်တော့မယ်။ ကွန်မြူနစ်တွေက အရှေ့တောင်အာရှတစ်ခုလုံးကို လွှမ်းမိုးတော့မယ်ဆိုတဲ့ အလိမ်အညာစကားတွေ တစ်ကမ္ဘာလုံးပျံ့နှံ့အောင် လွှင့်ထုတ်နေခဲ့ကြတာဖြစ်တယ်။ စီအိုင်အေရယ်၊ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချတဲ့ မရဏာကုန်သည်ကြီးတွေရယ်၊ တစ်ယူသန် လက်ယာသမားတွေရယ် ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာဖြစ်တယ်။ ဒီလို 'မုသားလက်နက်'ကို စစ်နဲ့ စီးပွားရှာကြတဲ့ နိုင်ငံကြီးတွေအားလုံး ခေတ်အဆက်ဆက်မှာ သုံးစွဲခဲ့ကြတာဖြစ်တယ်။

## ပြည်သူ့နီတိဆိုတာမသိ

ဒီလို လေးလေးနက်နက်တွေးကြည့်မယ်ဆိုရင် လိမ်တယ်ဆိုတာ အဖြူရောင်မုသားဆိုတာမျိုးပဲ ဖြစ်စေဦးတော့ အကျင့်မလုပ်သင့်ဘူးလို့ ယူဆပါတယ်။ သေးသေးလေးကစပြီး တစ်စထက်တစ်စ ကြီးထွားသွားပြီဆိုရင် 'အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတာမျိုးထိ ဖြစ်သွားနိုင်ပါတယ်။ အဲဒါကြောင့် လိမ်တဲ့အကျင့်ကို လုံးဝဖျောက်ပယ်သင့်တယ်။ ကလေးတွေကိုလည်း ဖြောင့်မတ်မှန်ကန်မှုကို တန်ဖိုးထားလေးစားတတ်အောင် ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ ဒီခေတ်ပညာသင်ကြားရေးမှာ ကလေးသူငယ်တွေကို လူကြီးလူကောင်းပီသဖို့၊ နိုင်ငံသားကောင်းပီသဖို့ သင်ကြား



ပေးတဲ့ 'ပြည်သူ့နီတိ'လို ဘာသာရပ်မျိုးကို ဘယ်နိုင်ငံမှာမှ အလေးမထားကြတော့ဘူး။ ဒီခေတ်ပညာရေးက စီးပွားရေးလုပ်ငန်းကြီးတွေအတွက် လိုအပ်တဲ့ကျွမ်းကျင်လုပ်သားတွေ ထုတ်လုပ်ပေးဖို့ကိုသာ အဓိကထားကြတာဖြစ်တယ်။ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်တဲ့ ဆရာဝန်တွေ၊ ကျွမ်းကျင်တဲ့ကွန်ပျူတာသမားတွေတော့ ထွက်လာကြပါရဲ့။ လူသားအားလုံးဟာ အလုပ်ထဲက ပိုက်ဆံများများရဖို့နဲ့ ရာထူးရဖို့ကိုသာ အဓိကထားနေကြပါတယ်။ အဲဒီလိုရဖို့အတွက် ဘယ်လိုနည်းနဲ့လုပ်လုပ် မှန်တယ်၊ ကောင်းတယ်လို့ပဲ သဘောထားကြတယ်။ လူ့သိက္ခာနဲ့ ပညာရှင်ကျင့်ဝတ်ဆိုတာ နည်းနည်းလေးမှ ဂရုစိုက်ကြတာမဟုတ်တော့ဘူး။

## လိမ်တာအပြစ်မဟုတ်တော့

ကျင့်ဝတ်သိက္ခာတွေ၊ ပြည်သူ့နီတိတွေကို လူတိုင်းလိုလိုက အလေးမထားကြဘူးဆိုတော့ ကြာလာတဲ့အခါမှာ အပြစ်တွေကို အပြစ်လို့တောင် မမြင်ကြတော့ဘူး။ မကောင်းမှုကိုလည်း မကောင်းမှုလို့ မမြင်တော့ဘူး။ မူလစခဲ့တဲ့ လိမ်တာကိုပဲ ပြန်ကြည့်ကြရအောင်။ လိမ်တာ၊ ညာတာကို 'အဖြူရောင်မုသား'တို့၊ 'မုသားမပါ လက်ာမချော'တို့ဆိုတဲ့ စကားတွေနဲ့ တာပြီး လူတိုင်းက ပေါ့ပေါ့ကလေးပဲ နှုတ်ထွက်လွယ်လာလိုက်ကြတာ ကြာတော့ လိမ်တာညာတာဟာ အပြစ်မဟုတ်၊ မကောင်းမှုမဟုတ်တော့သလို ဖြစ်နေတော့တယ်။ အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်တဲ့အခါတိုင်းမှာ သမ္မတလောင်းတွေ ပြောလေ့ရှိတာက အခွန်အတုတ်တွေ လျှော့ချပစ်ပါမယ်။ အလုပ်လက်မဲ့နှုန်း ကျဆင်းအောင်လုပ်ပါမယ်။ ဘတ်ဂျက်လိုငွေပြမှု လျှော့ချပစ်ပါမယ်ဆိုတဲ့ စကားမျိုးချည်းပါပဲ။ ဒါပေမဲ့ ဘာတစ်ခုမှလည်း ဘယ်သမ္မတမှ ဖြစ်အောင်လုပ်ပေးခဲ့တာမရှိပါဘူး။ တကယ်တော့ ဒါမျိုးကို ကတိဝန်ခံချက်ဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှု လိမ်ညာမှုတို့နဲ့ အရေးယူတရားမစွဲသင့်ပေဘူးလား။ သာမန်လူတွေထဲမှာ ကတိခံဝန်ချက်တွေ ဖောက်ဖျက်မှုပြုတယ်ဆိုရင် တရားစွဲကြတာပဲလေ။ လိမ်ညာလှည့်ဖြားရင်လည်း 'ဖိုးတွမ်တီး'နဲ့ တရားစွဲကြတာပဲ မဟုတ်လား။ ခုတာအိုဘားမားက သမ္မတဖြစ်ရင် အီရတ်က အမေရိကန်စစ်တပ်တွေ ရုပ်သိမ်းပေးမယ်လို့ အခုမဲဆွယ်တရားဟောပြီး ကတိတွေပေးနေတာကို သမ္မတဖြစ်လာလို့ တကယ်မရုပ်သိမ်းရင် လိမ်ညာမှု၊ ကတိဝန်ခံချက်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ဖျက်မှုတို့နဲ့ တရားစွဲမယ်လို့သာပြောကြည့်၊ သူဆက်ပြီး ကတိတွေ ပေးနေဦးမှာလားလို့ သိချင်လိုက်ပါဘိတော့တယ်။

၉၊ ၉၊ ၂၀၀၈



# လွမ်းစရာရှိမှ လွမ်းပါတယ်

စာအုပ်ထုတ်ဝေရေးလုပ်နေတဲ့ လူငယ်ထုတ်ဝေသူတစ်ဦး ရောက်လာပြီး ကွယ်လွန်သူ တိုင်းသိပြည်သိ ပုဂ္ဂိုလ်တစ်ယောက်အကြောင်း အမှတ်တရစာအုပ်ထုတ်ဖို့အတွက် ဆောင်းပါးရေးပေးဖို့ ပြောပါတယ်။ ကွယ်လွန်တာတောင် တော်တော်ကြာပြီဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ကြီးဟာ သူ့ခေတ်သူ့အခါက ထင်ရှားတဲ့စာရေးဆရာတစ်ဦး ဖြစ်ပါတယ်။ နိုင်ငံရေးနယ်ပယ်မှာလည်း လူသိများပါတယ်။

## ရေးစရာမရှိတဲ့လူ

ထုတ်ဝေသူလူငယ်ကို သွယ်ဝိုက်ပြောမနေတော့ဘဲ ဒုံဒိုး(တဲ့တိုး)ပဲ ချက်ချင်းအဖြေပေးလိုက်ပါတယ်။ ကွယ်လွန်သူဟာ အသက်အရွယ်ချင်း ကွာခြားမှုကြောင့် ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သူ မဟုတ်ပါဘူး။ သာမန်မြင်တွေ့ဖူးရုံလောက်ရှိတာပါ။ အဲဒီတော့ သူ့အကြောင်းကို ဆရာဒဂုန်တာရာရဲ့ 'ရုပ်ပုံလွှာ'လို စာမျိုးလည်း ရေးနိုင်စွမ်းမရှိပါဘူး။ ဖတ်ဖူးတဲ့ သူ့စာတွေအကြောင်း၊ သူ့နိုင်ငံရေးအကြောင်းရေးဖို့ကြတော့လည်း ခက်တာက နယ်ပယ်နှစ်ခုစလုံးမှာ ကိုယ်နှစ်သက်တာ တစ်ခုမှမရှိပါဘူး။ အဲဒီတော့ ဘာသွားရေးရမှာလဲ။ မြင်တဲ့သိတဲ့အတိုင်း ရေးဖို့ဆိုတာကလည်း ကွယ်လွန်သူတစ်ယောက်ရဲ့ အပြစ်အနာအဆာတွေ ဖော်ထုတ်ရေးသားတယ်ဆိုတာ လူ့ယဉ်ကျေးမှုအရ မလုပ်အပ်တဲ့အရာမဟုတ်လား။

## ပါတီမှန်သမျှဝင်ခဲ့သူ

သူရေးတဲ့စာတွေဟာ သူ့ခေတ်သူ့အခါက ရောင်းအကောင်းဆုံး စာရင်းဝင်တွေဖြစ်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ အများစုက မြီးကောင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ကြိုက် အချစ်ကြောင့်အသည်းကွဲတာ၊ မျက်ရည်ချောင်းစီးရတာမျိုးတွေ များပါတယ်။ ကလေးကြိုက်ကဗျာဆန်ဆန် စကားလုံးလှလှလေးတွေနဲ့ မြီးကောင်ပေါက်အကြိုက် ကြီးကြီးကျယ်ကျယ် ဘဝဒဿနစကားလုံးတွေ မံသထားပြီး နောက်ဆုံးကျတော့ အရက်နာကျသွားရတာချည်းပါပဲ။ နိုင်ငံရေးဖက်ကျတော့လည်း ပြောစရာဆိုလို့ မြန်မာပြည်မှာ ရှိရှိသမျှနိုင်ငံရေးပါတီ မဝင်ဖူးတာတစ်ခုမှမရှိဆိုတဲ့ မှတ်လောက်သားလောက် လုပ်ရပ်တွေပဲ ရှိပါတယ်။ သခင်ခေတ်မှာ သခင်စဖြစ်ခဲ့ပြီး အင်္ဂလိပ်အစိုးရကို ကလော်တုတ်ခဲ့ဖူးပါတယ်။ ဂျပန်ခေတ်ရောက်တော့ အာရှလူငယ်ဖြစ်လိုက်၊ နောက်တော့ အလံနီဖြစ်လိုက်၊ ဗကပဖြစ်လိုက်နဲ့ ထောင်တွေဘာတွေလည်း လူအထင်ကြီးခံရရုံလောက် ကျဖူးပါတယ်။ ဖဆပလအစိုးရခေတ်ကျတော့လည်း တိုက်ခန်းတွေဘာတွေ ရလိုက်ပါသေးတယ်။ နောက်ဆုံးမကွယ်လွန်ခင်မှာတော့ ခေတ်ပြောင်းတော်လှန်ရေး ဆိုတာတွေဘာတွေ ကြွေးကြော်အော်ဟစ်သွားပါသေးတယ်။ အဲဒီလို သမိုင်းကြောင်းရှိခဲ့သူတစ်ယောက်အကြောင်း ဘာတွေများစာဖွဲ့ရမှာလဲ။

## လွှမ်းစရာရှိမှလွမ်းပါတယ်

လွမ်းလောက်စရာ ဘာတစ်ခုမှ မကျန်ရစ်တဲ့သူတစ်ယောက်အကြောင်းကို 'နာမည်ကျော်လို့'ဆိုပြီး စာအုပ်ထုတ်လို့ရော သူ့သမိုင်းက ပြောင်းသွားကောင်းသွားမှာလား။ နိုင်ငံရေးမှာ ပါဝင်ပတ်သက်ခဲ့ဖူးတယ် ဆိုတာနဲ့ပဲ ကြည်ညိုရမှာလား။ စာရေးဆရာဖြစ်တယ်ဆိုတာနဲ့ပဲ လေးစား ဦးထားရမှာလား။ သူပါဝင်ပတ်သက်တဲ့နိုင်ငံရေးကရော ဘယ်လိုဟာမျိုးလဲ။ သူရေးခဲ့တာ ဘယ်လိုစာမျိုးလဲဆိုတာတွေနဲ့ပဲ သူ့ကို အကဲဖြတ်ရလိမ့်မယ်ထင်ပါတယ်။ အဲဒါကြောင့် မရေးချင်ဘူးပြောလိုက်တာ ဖြစ်ပါတယ်။

ကိုယ်နဲ့အယူအဆချင်းမတူလို့ မလေးစားတာမဟုတ်ပါဘူး။ အယူအဆချင်းမတူပေမယ့် ရင်းနှီးကျွမ်းဝင်ခဲ့သူတွေ၊ လေးစားရှိသေခဲ့သူတွေ အများကြီးရှိပါတယ်။ လူချင်းပေါင်းသင်းဆက်ဆံရာမှာ အယူအဆတို့၊ ယုံကြည်မှုတို့က သိပ်အရေးမကြီးပါဘူး။ လူတစ်ကိုယ် စိတ်တစ်မျိုး ဆိုတဲ့အတိုင်း၊ လူတိုင်းလူတိုင်း ကိုယ်နှစ်သက်စုံမက်ရာကို ယုံကြည်ကြမှာပဲ ဖြစ်တယ်။ ကိုယ့်လွတ်လပ်ခွင့်ကို တန်ဖိုးထားသလို သူ့လွတ်လပ်ခွင့်ကိုလည်း တန်ဖိုးထား လေးစားရကောင်းမှန်းသိတဲ့ 'စိတ်ယဉ်ကျေးမှု'



အထက်တန်းကျသူတွေကြားမှာ အယူအဆ မတူကွဲပြားမှုတွေ [illegible] အနှောင့်အယှက်မဖြစ်နိုင်ပါဘူး။

## အထက်တန်းကျတဲ့ စိတ်ယဉ်ကျေးမှု

အယူအဆချင်းမတူလို့ ယုံကြည်ချက်ခြင်းမတူလို့ဆိုပြီး 'ငါနဲ့မတူ ငါ့ရန်သူ'လို့ သဘောထားခြင်းဟာ စိတ်ယဉ်ကျေးမှု နိမ့်ကျမှုကို ဖော်ပြရာရောက်ပါတယ်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ အရေးကြီးတာက အယူအဆတွေ၊ ယုံကြည်မှုတွေ မဟုတ်ပါဘူး။ အထက်တန်းကျတဲ့ စိတ်ယဉ်ကျေးမှု(moral integrity) ရှိဖို့သာဖြစ်တယ်လို့ ထင်ပါတယ်။ လူ့ကျင့်ဝတ်၊ လူ့သိက္ခာကို တန်ဖိုးထားလေးစားရကောင်းမှန်းသိတဲ့ လူစားမျိုးကို ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုလူစားမျိုးဟာ 'သိက္ခာကို ရိက္ခာနဲ့မလဲဘူး' ဆိုတဲ့စကားအတိုင်း ငွေ၊ ရာထူး၊ အာဏာဆိုတဲ့ ကိုယ်ကျိုးစီးပွားအတွက် ကိုယ့်သိက္ခာကိုရောင်းစားတဲ့ အလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး။ ဒီလိုလူမျိုးဆိုရင် ဘာဝါဒကိုပဲ ကိုင်စွဲကိုင်စွဲ၊ ဘယ်ဘာသာကိုပဲ ကိုးကွယ်ကိုးကွယ် လေးစားကြည်ညိုအပ်တာပဲ ဖြစ်ပါတယ်။ မာသာထရီဇာဆိုတာ အဲဒီလိုပုဂ္ဂိုလ်မျိုးပါ။ တောင်အာဖရိကနိုင်ငံသား နယ်လ်ဆင်မင်ဒဲလားလည်း အလားတူပါပဲ။ သူ့လူမျိုးနဲ့ သူ့နိုင်ငံအတွက် လူမျိုးဆက်တစ်ဆက်လုံးလုံး အကျဉ်းထောင်ထဲမှာနေခဲ့ရပြီး ထောင်ကလွတ်လို့ နိုင်ငံအကြီးအကဲရာထူး ရခဲ့ပေမယ့် နောက်ဆုံးမှာ ရာထူးကအငြိမ်းစားယူပြီး သာမန်လူသားတစ်ယောက်အနေနဲ့ပဲ အေးအေးချမ်းချမ်း၊ ရိုးရိုးကုပ်ကုပ်နေခဲ့သူ ဖြစ်ပါတယ်။ ဒီခေတ်လို ကာလပျက်ကြီးထဲမှာ မင်ဒဲလားလိုလူမျိုး ဘယ်မှာရှာတွေ့နိုင်ပါ့မလဲ။ မင်ဒဲလားတို့၊ မာသာထရီဇာတို့ဆိုတာ တကယ့်ကို သူတော်စင်တွေဖြစ်ကြတယ်။ သူတို့လိုလူမျိုးတွေကို လူမျိုးမတူ၊ ဘာသာကွဲပြားပေမယ့် ရှိခိုးဦးခိုက်ပြုထိုက်ပါပေတယ်။

## ကိုယ်ကောင်းစားရေးသာလုပ်

စာအုပ်ထုတ်ဖို့ အမှတ်တရရေးပေးရမယ့်ပုဂ္ဂိုလ်ကျတော့ မာသာထရီဇာလိုလူမျိုး မဟုတ်သလို၊ မင်ဒဲလားလိုပုဂ္ဂိုလ်လည်းမဟုတ်ပါဘူး။ သူ့ဘဝတစ်လျှောက်လုံးမှာ လူအထင်ကြီးစေမယ့် စကားကြီးစကားကျယ်တွေ ပြောနေပေမယ့် တကယ်တမ်းကျတော့ သူ့တစ်ကိုယ်ကောင်းစားရေးက



www.burmeseclassic.com

www.burmeseclassic.com

လွဲပြီး ဘာမှလုပ်ခဲ့တာမဟုတ်ပါဘူး။ နိုင်နိုင်မာမာကိုင်စွဲထားတဲ့ မူတစ်ခု၊ ယုံကြည်မှုတစ်ခုလည်း မရှိခဲ့ဖူးပါဘူး။ ရေစုန်မှာ အလိုက်သင့်ကလေး စီးမျောပြီး တက်သမျှအစိုးရနဲ့ တည့်အောင်ပေါင်း၊ အခွင့်အရေးယူဖို့ လောက်သာ တစ်သက်လုံးလုပ်ခဲ့တာပါ။ မြန်မာပြည်မှာ ပေါ်ပေါက်ခဲ့ဖူးသမျှ နိုင်ငံရေးပါတီဟူသမျှမှာ မပါခဲ့ဖူးတာမရှိတဲ့ လူစားမျိုးကို ဘယ်လိုလုပ် လေးစားရမှာလဲ။ လေးစားမှုဆိုတာ ငွေနဲ့လည်းမဆိုင်ပါဘူး။ 'သိက္ခာ' နဲ့သာ ဆိုင်ပါတယ်။ moral integrity ဆိုတဲ့ စိတ်ယဉ်ကျေးမှု အထက် တန်းကျပြီး တည်ကြည်နိုင်မြဲတဲ့ သိက္ခာရှိသူမှန်ရင် လူတကာ လေးစား ကြမှာပါဖဲ။ အဲဒီပုဂ္ဂိုလ်မျိုးတွေဆိုရင်တော့ 'အာကာကို လွှာပုံပြုပြီး မေယုကို စုတ်တံချီ'လို့တောင် ရေးလို့ကုန်နိုင်ဖွယ်မရှိတော့ပါဘူးလို့ပဲ ပြောလိုက်ချင်ပါတော့တယ်။

၁၅၊ ၉၊ ၂၀၀၈



# ပြည်တွင်းဖြစ်ယန်းကီးများ

'ရန်ကုန်ကလူတွေကို ပြောလိုက်စမ်းပါ၊ ဘိုလိုတစ်ဝက် ဗမာလို တစ်ဝက် ရေးမနေပါနဲ့တော့၊ ဘိုလိုပဲရေးလိုက်ကြပါတော့လို့'

ရပ်ဝေးနေ မိတ်ဆွေသတင်းစာဆရာဟောင်းတစ်ယောက်ဆီကို ဂျာနယ်၊ မဂ္ဂဇင်းတွေနဲ့ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေ မှန်မှန်ပို့ပေး နေတာကြာပါပြီ။ တစ်လောကတော့ လူကြုံနဲ့စာတစ်စောင် သူ့ဆီက ရပါ တယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာရေးဆရာတချို့က မလိုအပ်ဘဲနဲ့ အင်္ဂလိပ်စကားတွေ ထည့်ရေးကြတာနဲ့ပတ်သက်ပြီး စိတ်ထဲမှာ တော် တော်လေး ယားကျိကျိဖြစ်နေလို့ဗျာလို့ ရေးထားပါတယ်။ မိတ်ဆွေ သတင်းစာဆရာဟာ နိုင်ငံခြားတိုင်းပြည်များမှာ အကြာကြီးသွားနေပြီး နေထိုင်ခဲ့သူ ဖြစ်ရုံမက အင်္ဂလိပ်လိုလည်း စာတွေ အများကြီးရေးခဲ့သူ ဖြစ်ပါတယ်။

**မန်းလေပြီလေ**

ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်တိုင်လည်း တော်တော်ဘဝင်မကျတာ ကြောင့် မကြာခဏဆိုသလို အဲဒီအကြောင်းရေးဖူးပါတယ်။ ရေးလည်း ရေးရေးပါပဲ။ လျော့ပါးမသွားရုံသာမက 'မန်းလေပြီလေ'ဆိုသလို ပိုပြီး တောင် ဆိုးလာပါသေးတယ်။ အင်တာနက်ခေတ်မှာ နည်းပညာ အသစ် အသစ်တွေက နေ့တိုင်းပေါ်ထွက်လာနေတာကြောင့် ဝေါဟာရအသစ် တွေအတွက် မြန်မာဝေါဟာရတွေ မရှိဘူး။ ဒါကြောင့် အင်္ဂလိပ်စာလုံးတွေ ပဲ အသံဖလှယ်သုံးရတာလို့ 'ပြည်တွင်းဖြစ်ယန်းကီး' စာရေးဆရာများက အကြောင်းပြကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ ဒီခေတ်က နည်းပညာတွေ အရှိန်အဟုန်ပြင်းစွာနဲ့ တိုးတက်ထွန်းကားနေတဲ့ ခေတ်ကြီးဖြစ်နေတာနဲ့အညီ အင်္ဂလိပ်လို ပေါ်ထွက်လာတဲ့ ဝေါဟာရ အသစ်အသစ်တွေတောင် အင်္ဂလိပ်အဘိဓာန်တွေထဲ မရောက်လာသေးတာ တစ်ပုံကြီးပါပဲ။ အဲဒါကြောင့် မြန်မာဝေါဟာရ မရှိဘူးဆိုတာ နားလည်လက်ခံပါတယ်။ 'အဏုမြူဗုံး'၊ 'ဒုံးပျံ'၊ 'ဂြိုဟ်တု' စတဲ့စကားလုံးတွေကို ရှေးခေတ်သတင်းစာဆရာကြီးများက ဘာသာပြန်ပေးခဲ့ကြသလို မလုပ်နိုင်ကြတာကို ထားလိုက်ပါတော့။ ဘာသာပြန်ပြီး ရှိရင်းစွဲ လူတွေရင်းနှီးပြီးသား ဝေါဟာရတွေကိုတော့ ဖျောက်မပစ်သင့်ကြပါဘူး။ 'စာပေအာပတ်'သင့်ပါလိမ့်မယ်။ web တို့၊ webpage တို့၊ blogger တို့၊ internet နဲ့ e-mail တို့လို မြန်မာလိုမရှိသေးတဲ့ ဝေါဟာရမျိုးတွေသုံးတာ နားလည်သဘောပေါက်ပါတယ်။ ဒါပေမဲ့လို့ 'အကျပ်အတည်း'လို့ လူတိုင်းနားလည်သုံးစွဲနေကြတဲ့စကားလုံးကို ဘာကြောင့် crisis လို့ ရေးကြတာလဲ။ 'ကမ္ဘာကြီး ပူနွေးလာမှု'လို့ လူတွေသုံးနေကြပါလျက်နဲ့ ဘာဖြစ်လို့ global warming လို့ ရေးချင်ရတာလဲ။ 'သဘာဝပတ်ဝန်းကျင်'လို့ ရေးလိုက်ရင် ဘာကိုဆိုလိုတယ်ဆိုတာ ဒီခေတ်မှာ လူတိုင်းသိနေကြပါပြီ။ environmennt လို့ ရေးမှ လူအထင်ကြီးစရာဖြစ်မှာလား။

တစ်နေ့ကပဲ အနုပညာနယ်မှာ နာမည်တစ်လုံးရထားတဲ့ ကျောင်းသားဟောင်း တပည့်ရင်းချာတစ်ယောက်ရောက်လာပြီး စာစောင်တွေနဲ့ စာအုပ်ငယ်တွေထည့်ထားတဲ့ အိတ်တစ်အိတ်လာပေးပါတယ်။

'တပည့်နဲ့မတန်လို့ ဆရာ့ဆီယူလာတာပါ'လို့လည်း ပြောပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်စာစောင်တွေချည်းပါ။ အကျိုးအကြောင်း မေးကြည့်တော့ ဖိတ်စာရလို့ ဆွေးနွေးပွဲတစ်ခု သွားတက်ပါတယ်တဲ့။ အနုပညာနယ်ပယ်နဲ့လည်း သက်ဆိုင်နေတာကြောင့် စိတ်ဝင်တစား သွားတက်ပါတယ်။ ဟောပြောသူ၊ ဆွေးနွေးသူ အားလုံးကလည်း မြန်မာတွေချည်းပါပဲတဲ့။ ဒါပေမဲ့လို့ သူတို့ဟောကြပြောကြ ဆွေးနွေးကြတာတွေကို နားမလည်တာပဲများနေလို့ သွားတက်ရကျိုးမနပ်ဘူးလို့ ပြောပါတယ်။

'ကျွန်တော်က တော်တော်ကို တုံးနေပြီထင်ပါရဲ့ ဆရာရယ်။ သူတို့



ပြောကြတဲ့ အဝဲနက်တို့၊ ထရန်ပဲရင့်ဆီတို့၊ အကောင့်တေးဘလီတီတို့၊ စတိတ်ဟိုးလဒါးတို့ ဆိုတာတွေကို ဘာတွေမှန်းမသိဘူးခင်ဗျ။ သူတို့လိုလည်း လိုက်မပြောတတ်ဘူး'

သူဟာ တော်တော်စိတ်အားငယ်ပုံ ပေါက်နေပါတယ်။ အဲဒီ 'အဝဲနက်' တွေ ဘာတွေကို ဗမာလိုပြောလို့ မရဘူးလားလို့လည်း မေးလိုက်ပါသေးတယ်။

## ဗမာလိုပြောလို့မရဘူးလား

'စာမှ မဖတ်ကြပဲကိုးကွယ့်'

ကျောင်းဆရာအကျင့်က မပျောက်ချင်သေးတော့ တပည့်ဖြစ်သူကို 'မြည်တွန်းတောက်တီး' လုပ်လိုက်မိတယ်။ အနုပညာသမားတစ်ယောက်အနေနဲ့ စာကို မဖြစ်မနေဖတ်ရမယ့်အကြောင်း၊ ဘွဲ့ရပြီးသူတစ်ယောက်ဖြစ်တာကြောင့် အနိမ့်ဆုံးအားဖြင့် 'ရီးဒါးဒိုင်ဂျက်'စာအုပ်လောက်တော့ ဖတ်သင့်တဲ့အကြောင်း ဆက်ပြီးပြောပြလိုက်ပါတယ်။ ဒါပေမဲ့လို့ တစ်ဖက်က စဉ်းစားလိုက်တော့လည်း 'အဝဲနက်တွေဘာတွေကို ဗမာလိုပြောလို့ မရဘူးလား'ဆိုတဲ့ သူ့စကားက ဟုတ်မှန်နေတာကြောင့် ပါးစပ်ကိုဘရိတ်အုပ်ပြီး အသာလေးရပ်ထားလိုက်ရတော့တယ်။ ဗမာလိုမရှိသေးတာတွေကို မူရင်းအတိုင်း ပြောလိုက် ရေးလိုက်ရတာကတော့ မတတ်သာလို့ကိုး။ ရှိနေတာတွေကိုတော့ ဗမာလိုပဲ ရေးသင့်တယ်ထင်ပါတယ်။

## ကပြားစာတွေပဲ ရေးမှာလား

ဗမာလိုမရှိသေးတဲ့ ဝေါဟာရတွေကို ဘာသာပြန်ပေးရမှာက စာရေးဆရာတွေရဲ့ တာဝန်ပဲမဟုတ်ဘူးလား။ ဘာသာပြန်လို့ မရဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ ခက်ခဲနက်နဲလှတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ဟောကြားချက်တွေကိုတောင် မြန်မာလိုပြန်နိုင်ကြသေးတာပဲ။ မလုပ်ကြလို့ပါ။ လုပ်ရင်ဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှုမလုပ်ဘဲ၊ အခုလိုပဲ ပြီးစလွယ် 'ကပြားစာတွေ'ရေးနေကြရင် မြန်မာဘာသာစကားဟာ ဘယ်မှာဖွံ့ဖြိုးတိုးတက်လာတော့မှာလဲ။ 'ဘို'ဆန်ချင်လွန်းသူတွေကို ဆရာကြီးဦးဖေမောင်တင်တို့၊ သိပ္ပံမောင်ဝတို့၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ကို အားနာကြပါလို့ ပြောချင်ပါတယ်။ အဲဒီဘိလပ်ပြန်၊ ပြင်သစ်ပြန် ဆရာကြီးများဟာ



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်လာရင် အင်္ဂလိပ်လိုစာတွေရေးပြီး အင်္ဂလိပ်လိုဟောပြောပို့ချ လုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့လို့ မြန်မာတွေဖတ်ဖို့ မြန်မာလိုရေးတဲ့အခါမျိုးမှာတော့ အင်္ဂလိပ်စကားလုံး၊ ပြင်သစ်စကားလုံးတွေ ညှပ်ညှပ်ပြီး ရေးလေ့မရှိကြပါဘူး။ ဒီနေ့ခေတ်ကြီးဟာ အရှိန်အဟုန်ကြီးမားစွာနဲ့ ခုန်ပျံကျော်လွှားပြီး တိုးတက်နေပါတယ်။ ဒီခေတ်ကြီးနဲ့ အမီလိုက်နိုင်ဖို့အတွက် ခေတ်သစ်နည်းပညာရပ်တွေကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား အများစုကြီး နားလည်သိတတ်ဖို့ လိုပါတယ်။ ပညာရှင်ဆိုတဲ့ လက်တစ်ဆုပ်စာလူတစ်စုနဲ့တင် တိုင်းပြည်တိုးတက်အောင် လုပ်လို့မရပါဘူး။ နိုင်ငံသူနိုင်ငံသားအများစုကြီး ပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ခေတ်မီပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းတွေကို မြန်မာတွေဖတ်ဖို့ မြန်မာလိုပြန်တဲ့ အလုပ်ကို စာရေးဆရာတွေ၊ စာပေပညာရှင်တွေနဲ့ ပညာရပ်အလိုက် သက်ဆိုင်ရာပညာရှင်တွေအားလုံး စုပေါင်းကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ အာရှထိပ်သီးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတွေက ကျောင်းတွေမှာ ခေတ်သစ်ပညာရပ်တွေအားလုံးကို သူတို့မိခင်ဘာသာစကားနဲ့ သင်ကြားပေးနေကြတယ်ဆိုတာကို သတိပြုမိကြစေချင်ပါတယ်။ ဒါမှမဟုတ် 'အဝဲနက်'ရှိစေချင်ပါတယ်။

၂၆၊ ၉၊ ၂၀၀၈



# စာဖတ်သူများသို့ပြန်ကြားချက်

အခုတလောမှာ စာဖတ်ပရိသတ်ဆီက မေးခွန်းတွေအများကြီး လက်ခံရရှိပါတယ်။ တချို့က လူကိုယ်တိုင် လာရောက်မေးမြန်းကြပြီး တချို့ကတော့ တယ်လီဖုန်းဆက်မေးမြန်းကြတယ်။ စာဖတ်သူရဲ့ သိချင်စိတ်ကို နှိုးဆွသလိုဖြစ်စေတဲ့ စာနှစ်ပုဒ် လတ်တလောလေးမှာ ရေးခဲ့မိတာကိုး။

ပထမပြဿနာ

ပထမတစ်ပုဒ်ကတော့ မိန်းကလေးတစ်ယောက် နိုင်ငံခြားကို ပညာသင်သင့် မသင့်သင့် စဉ်းစားဖို့အကြောင်းဖြစ်တယ်။ ဖအေတစ်ခု သမီး-တစ်ခုပဲ ရှိကြတဲ့အထဲမှာ ဖအေဖြစ်သူကလည်း ကျန်းမာရေးကောင်းလှတာမဟုတ်လေတော့ သမီးကမသွားချင်ဘူး။ ဖခင်ဖြစ်သူကတော့ မိဘရဲ့သဘာဝအတိုင်း သမီးဘဝတိုးတက်ရေးအတွက် နောက်ဆံမတင်းဘဲသွားစေချင်တယ်။ လူကြီးတွေ ကြာကြာနေရတော့မှာမဟုတ်ဘူး။ လူငယ်တွေကတော့ ဘဝခရီးရှည်ကြီးကို အကြာကြီးဆက်သွားနေရဦးမှာ။ အဲဒါကြောင့် လူငယ်တွေဟာ ရှေ့ရေးကိုကြည့်သင့်တယ်လို့လည်း တိုက်တွန်းတယ်။ နောက်ဆုံးမှာ သမီးဖြစ်သူကလာပြီး အဆုံးအဖြတ်နိုင်းလို့ ဘယ်လိုအကြံပေးရမှန်းမသိဖြစ်ပြီး ဦးနှောက်ခြောက်နေရတာကြောင့် ထုတ်ဖော်ရေးသားလိုက်တာဖြစ်ပါတယ်။

အဲဒီဆောင်းပါး Weekly Eleven မှာ ပါလာတဲ့နေ့မှာပဲ မအောင့်နိုင်သူများက ဖုန်းဆက်မေးကြတယ်။ လေးငါးဆယ်ရက်ဆက်တိုက် ဒီမေးခွန်းကိုပဲ မေးကြတယ်။ တချို့ကတော့ သူတို့ရဲ့ထင်မြင်ချက်ကို ပြောကြတယ်။ အံ့ဩစရာကောင်းတဲ့အချက်ကတော့ လူများစုက ဖခင်ကိုထားပြီး မသွားသင့်ဘူးလို့ဆိုတဲ့ ထင်မြင်ယူဆချက်ရှိနေကြခြင်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးရဲ့ဖခင်ကတော့ နောက်ဆုံးအချိန်ထိ သွားဖို့ တိုက်တွန်းနေခဲ့ပါတယ်။ ဒီကိစ္စကို စဉ်းစားရင်းနဲ့ ဘာသွားပြီးသတိထားမိသလဲဆိုတော့ အရှေ့တိုင်းသားတို့ရဲ့ စိတ်ဓာတ်အတွေးအခေါ်နဲ့ အနောက်တိုင်းသားတို့ရဲ့ စိတ်ဓာတ်အတွေးအခေါ် အများကြီးကို ခြားနားနေပါလားဆိုတဲ့အချက် ဖြစ်ပါတယ်။

## မိဘဦးထိပ်ထားတဲ့ယဉ်ကျေးမှု

မသွားသင့်ဘူးလို့ ထင်မြင်ချက်ပေးသူအားလုံးရဲ့ အတွေးအမြင်က လူကြီးမိဘကို အရာရာထက် ဦးထိပ်ထားရတဲ့ အရှေ့တိုင်းယဉ်ကျေးမှု အခြေခံက ပေါ်ထွက်လာတာဖြစ်တယ်။ မိဘအတွက် သားသမီးက အနစ်နာခံရမယ်။ ကိုယ့်ဘဝသာယာရေးကို မကြည့်ဘဲ မိဘစိတ်ချမ်းသာမှုကို ဦးစားပေးရမယ်။ ဖနီး၊ ခင်ပွန်း၊ သားသမီးက အစားပြန်ရနိုင်တယ်။ မိဘက အစားပြန်မရနိုင်ဘူး။ အရာရာမှာ မိဘကိုသာ အလေးထားရမယ်လို့ ခံယူကြတယ်။ အရှေ့တိုင်းသားမှန်သမျှ လူမျိုးမရွေး၊ ဘာသာမရွေး အဲဒီ ခံယူချက်ရှိကြတယ်။ ခံယူချက်အတိုင်းလည်း လိုက်နာကျင့်ကြံကြတယ်။ ကာယကံရှင်မိန်းကလေးကိုယ်တိုင်က အနောက်နိုင်ငံကြီးတစ်ခုမှာ လေးငါးနှစ် သွားကျောင်းတက်ပြီး ပထမဘွဲ့နဲ့ မဟာဘွဲ့တွေ ယူလာခဲ့ပေမယ့် မြန်မာစိတ်က မပျောက်လေတော့ မြန်မာလိုပဲတွေးပြီး အဖေထက်တော့ ဘယ်ဟာကမှ ပိုပြီးတန်ဖိုးမရှိဘူး။ အဖေကိုထားပြီး မသွားချင်ဘူးလို့ ဆိုခဲ့တာဖြစ်တယ်။

## စည်းစနစ်ကြီးတဲ့သူ

ဖအေဖြစ်သူကလည်း မြန်မာစစ်စစ်၊ အညာသားစစ်စစ်တစ်ယောက်ပါပဲ။ ဒါပေမဲ့ ကလေးဘဝက ဆယ်တန်းအောင်တဲ့အထိ သာသနာပြု အနောက်တိုင်းသား ဘုန်းကြီးများလက်ထဲမှာ ပညာသင်ကြားခဲ့ရုံမက တစ်သက်လုံးလည်း အင်္ဂလိပ်စာအဖတ်အရှု များခဲ့လေတော့ အနေအထိုင်၊ စည်းစနစ်ကအစ တွေးခေါ်ပုံအထိ နည်းနည်းအနောက်ဆန်သလိုလို ရှိတယ်။ ဒီလိုဆိုလို့ အနောက်တိုင်းကိုမှ အထင်ကြီးနေတဲ့ ဗျူရိုကရက်ကြီးလိုပဲလားတော့မထင်နဲ့။ နိုင်ငံရေးမှာတော့ 'ဒေါင်ဒေါင်မြည်'။ ဂျော့ဘုရှ်ဆန့်ကျင်ရေးသမား။ ဂျော့ဘုရှ်ရဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ် ကျူးကျော်



တိုက်ခိုက်မှုကို အစောဆုံးဆန့်ကျင်ဝေဖန်ခဲ့သူ ဖြစ်တယ်။ အခုထိလည်း ဆန့်ကျင်တုန်းပါပဲ။ သူက ရထားပေါ်မှာ တစ်နေ့လုံး ဘေးချင်းကပ်ထိုင်လာသူကိုတောင် တွေ့တွေ့ချင်း ပြုံးပြရုံလောက်ကလွဲပြီး ဘယ်တော့မှ သူကစလို့ စကားပြောတတ်သူမဟုတ်ဘူး။ တစ်ဖက်သားက စပြောလာရင်တော့ မရိုင်းပါဘူး။ အပြန်အလှန် စကားလက်ဆုံကျနိုင်ပါတယ်။ ပြုံးရယ်ဆော်ရွှေတတ်ပါတယ်။

## ပတ်ဝန်းကျင်ဩဇာရိပ်

ကိစ္စကြီးငယ်တွေကို စဉ်းစားသုံးသပ်ရာမှာ၊ ရှုမြင်ရာမှာတော့ သူကြီးပြင်း လူလားမြောက်လာရတဲ့ပတ်ဝန်းကျင်နဲ့ သူဖတ်တဲ့စာအုပ်တွေရဲ့ ဩဇာရိပ်ကြောင့်ထင်ပါရဲ့။ အနောက်ဆန်ချင်သလိုလိုရှိတယ်။ အဲဒါကြောင့် လူအိုလူမင်းဖြစ်တဲ့ အဖေ့အတွက်မစဉ်းစားနဲ့၊ ရှေ့ကို အကြာကြီးလူလုပ်ရဖို့ရှိတဲ့ သမီးအတွက်ပဲ စဉ်းစားဆိုပြီး ဖွတ်အတင်းတိုက်တွန်းနေတာ ဖြစ်တယ်။ အဲဒီလိုသာ တိုက်တွန်းနေတာ။ တကယ်တော့ သူ့ကျန်းမာရေးက ကောင်းလှတာမဟုတ်ဘူး။ နောက်ဆုံးမှာတော့ သမီးဖြစ်သူဟာ မသွားတော့ပါဘူး။ အဖေ့အနားမှာပဲ နေပါတော့တယ်။ မြန်မာဆိုတာ မြန်မာပါပဲ။ မြန်မာလိုပဲကြည့်ပြီး မြန်မာလိုပဲ စဉ်းစားပါတယ်။

## ဘယ်သူမှမမှားတဲ့အချက်

တစ်ယောက်ပြီးတစ်ယောက် လာမေးနေကြတဲ့ ဒုတိယစာကတော့ ပုဂ္ဂိုလ်ကြီးတစ်ယောက်အကြောင်း ထုတ်ဝေမယ့်စာအုပ်မှာ ပါဝင်ရေးသားပေးဖို့ စာမူလာတောင်းတာကို ငြင်းပယ်လိုက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒုတိယကိစ္စကို စိတ်ဝင်စားသူ ပိုများပါတယ်။ ဖြေလို့မဆုံးတော့ပါဘူး။ တချို့ကတော့ ဘယ်သူ့ကိုပြောတာမဟုတ်လားလို့ တိုက်ရိုက်မေးကြတယ်။ တချို့ကတော့ ဘယ်သူဘယ်ဝါလို့တော့ ထင်တာပဲ။ ဒါပေမဲ့ 'ဖဝေဖဝါ' တော့ ဖြစ်နေတယ်ဆိုပြီး စကားချူကြတယ်။ တချို့ကတော့ သူတို့ချင်း အငြင်းပွားနေလို့ဆိုပြီး အဖြေလာတောင်းကြတယ်။ ဒီမှာ အံ့ဩစရာတွေ့ရတာက လူတစ်ယောက်လာရင် နာမည်တစ်မျိုးနဲ့ အမျိုးမျိုးပြောနေကြတာဖြစ်ပေမယ့် ဘယ်သူမှ မမှားဘူးဆိုတဲ့အချက်ဖြစ်တယ်။ မြန်မာစာဖတ်ပရိသတ်ဟာ တော်တော်ကို အကင်းပါးပါတယ်။ ဉာဏ်လည်း



www.burmeseclassic.com

www.burmeseclassic.com

တော်တော်မြင့်ပါတယ်။ 'စာကြောင်းတွေအတွင်းက အဓိပ္ပာယ်ကို တွေ့အောင်ရှာဖတ်တယ်' (read between the lines)ဆိုတဲ့ အင်္ဂလိပ်စကားတစ်ခုရှိတယ်။ မြန်မာတွေကဖြင့် စာကြောင်းတွေထဲကတောင် မဟုတ်ဘူး၊ စာလုံးတွေတစ်လုံးချင်း တစ်လုံးချင်းအတွင်းက အဓိပ္ပာယ်တွေတောင် သိအောင် ရှာဖတ်တတ်ပါတယ်။ read between the words ပေါ့။

### စာရေးဆရာမှာ ဘာမှမရှိပါ

လူတစ်ယောက်လာရင် အမည်တစ်မျိုးလာကြတယ်။ တူတာလည်းပါ၊ မတူတာလည်းပါကြတယ်။ ဒါပေမဲ့ အားလုံးတူတာတစ်ချက်ကတော့ ထောင်ထဲရောက်ဖူးကြသူတွေ ဖြစ်ပါလျက်နဲ့ ဘယ်သူကမှ 'ဗန်းမော်တင်အောင်လား၊ ဒဂုန်တာရာလား၊ မြသန်းတင့်လား'လို့ မမေးကြတာပဲဖြစ်တယ်။ ဒီလူတွေနဲ့ ဘာမှမဆိုင်ဘူးလို့ အားလုံးရဲ့စိတ်ထဲမှာ 'ယတိပြတ်'သတ်မှတ်ထားပြီးသားဆိုတဲ့ သဘောလို့ပဲ မှတ်ယူလိုက်မိတယ်။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ သက်ရှိထင်ရှားရှိနေသေးတဲ့ ဆရာဒဂုန်တာရာဆိုရင် တစ်ခေတ်တုန်းက တက္ကသိုလ်ကျောင်းဆောင်ကိုတောင် ကိုယ်ပိုင်စန္ဒရားယူထားတဲ့ ကြေးရတတ် မြေပိုင်ရှင်သူဌေးသား။ နိုင်ငံ့ထိပ်သီး ပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ ကိုအောင်ဆန်း၊ ကိုဗဆွေ၊ ကိုဗဟိန်း၊ ကိုနု စတဲ့ပုဂ္ဂိုလ်တွေနဲ့ ကျောင်းနေဖက်တွေ။ ဒါပေမဲ့ သူ့မှာ ဘယ်ခေတ်ဘယ်အခါကမှ ရာထူးမရှိခဲ့ဘူး။ ရာထူးဆိုတာထား နေစရာ ကိုယ်ပိုင်အိမ်တစ်လုံးတောင် ဒီနေ့ထိမရှိဘူး။ ငယ်ငယ်က မိဘအိမ်မှာနေတယ်။ ရန်ကုန်ရောက်တော့ ဂျပန်ခေတ်မှာ ကိုဗဟိန်းတို့၊ ကိုအောင်ဆန်းတို့နဲ့ နေတယ်။ စစ်ပြီးတော့ တူဝရီးတော်စပ်တဲ့ စာရေးဆရာမောင်စည်သူနဲ့ နေတယ်။ နောက်တော့ ကောလိပ်ဂျင်နေဝင်းတို့၊ ခင်မာလာတို့နဲ့ နေတယ်။ အခုတော့ တူမစာရေးဆရာမ သင်းမြစန္ဒီ ပြောင်းလေရာ လိုက်နေတယ်။ မော်ဘီရောက်လိုရောက်၊ ကလောရောက်လိုရောက်၊ အောင်ပန်းရောက်လိုရောက်ပေါ့။ လောလောဆယ်တော့ ဆောင်းခိုငှက်လိုပဲ မြင်သာကို ရောက်နေပြန်တယ်။

### 'ငို့ဘ'သမားတွေများတယ်

ထင်ကြေးနဲ့ မှန်းဆကြသူတွေ ဘယ်သူမှ မမှားပါဘူး။ ဘာကြောင့်ဆဲဆိုတော့ အဲဒီစာဟာ ဘယ်သူဘယ်ဝါဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ရွယ်ရေးသားခဲ့တာမဟုတ်ဘဲ အဲဒီလိုလူပေါင်းများစွာကို ရည်ရွယ်ရေးသားခဲ့တာ ဖြစ်လို့ပါပဲ။ ခေတ်တိုင်းခေတ်တိုင်းမှာ ရာထူးလက်ကိုင်ရှိသူတိုင်းကို တည့်အောင်ပေါင်းပြီး ကိုယ်ကျိုးရှာတဲ့ ရှေးခေတ်အခေါ် 'ငို့ဘ' သမားတွေက အများကြီးရှိပါတယ်။ အဲဒီလူမျိုးတွေဟာ ပုတ်သင်ညိုလိုပဲ ပတ်ဝန်းကျင်ပြောင်းတိုင်း အရောင်လိုက်ပြောင်းတတ်ကြပါတယ်။

ကဲ ဘယ်သူလဲဆိုတာ သိပြီမဟုတ်လား။ ကျွန်တော်တို့အိမ်ရှေ့က မိတောက်ပင်ကြီးနှစ်ပင်ဟာ လေဘေးကြီးမှာ အမြစ်ကကျွတ်ထွက် ပြိုလဲကျသွားခဲ့ပေမယ့် နောက်ဖေးလမ်းကြား အမှိုက်ပုံကြီးပေါ်က ပဲပြားပင်တွေကတော့ လေယူရာတိမ်းပြီး ယိမ်းလို့နွဲ့လို့၊ ယိမ်းလို့နွဲ့လို့၊ ယိမ်းလို့နွဲ့လို့လေ။

၆၊ ၁၀၊ ၂၀၀၈




www.burmeseclassic.com

www.burmeseclassic.com

# မရှိမဖြစ် အဆွေခင်ပွန်းကောင်း

ဒီခေတ်မှာ လူသားများရဲ့ အသိဉာဏ်ပညာစက်ဝန်း ကျယ်ပြန့်သထက် ကျယ်ဝန်းလာတာနဲ့အညီ သတင်းမီဒီယာလုပ်ငန်းနယ်ပယ်လည်း ကျယ်ပြန့်လာတာကြောင့် ဒီခေတ်ကို 'သတင်းခေတ်'လို့တောင် ခေါ်နေကြပါတယ်။ မြန်မာနိုင်ငံလည်း ဆယ်စုနှစ်တစ်ခုအတွင်းမှာ သတင်းလုပ်ငန်းအတော်ကြီးမားကျယ်ပြန့်လာတာကို နှစ်ပေါင်းငါးဆယ်နီးပါးအတွင်း ပထမဆုံးတွေ့မြင်ကြရပါတယ်။

## သတင်းစာများလေ တိုးတက်လေ

သတင်းလုပ်ငန်း ထွန်းကားစည်ပင်တယ်ဆိုတာ နိုင်ငံတစ်ခုအတွက် ကောင်းတဲ့လက္ခဏာတစ်ရပ် ဖြစ်တယ်။ တိုင်းပြည်နိုင်ငံများရဲ့ စီးပွားရေးနဲ့ လူမှုရေးအဆင့် တိုင်းတာရာမှာ လူဘယ်နှယောက်မှာ သတင်းစာတစ်စောင်နှုန်းရှိသလဲဆိုတဲ့ 'စံ'သတ်မှတ်ချက်တစ်ချက် ပါရှိပါတယ်။ သတင်းစာများများရှိတဲ့ တိုင်းပြည်ဟာ စီးပွားရေး၊ လူမှုရေးနဲ့ ပညာရေးအဆင့်အတန်း မြင့်မားတယ်ဆိုတဲ့သဘောဖြစ်တယ်။ ဒါကြောင့် သတင်းမီဒီယာလုပ်ငန်း ထွန်းကားစည်ပင်တာ ဝမ်းသာစရာဖြစ်တယ်။ ကြိုဆိုအပ်တယ်။ တိုးသထက်တိုးပြီး ထွန်းကားစည်ပင်အောင် အားပေးသင့်တဲ့ကိစ္စမျိုးဖြစ်တယ်။ နိုင်ငံအစိုးရနဲ့ ပြည်သူအများက ဝိုင်းဝန်းကူညီကြဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံအတော်များများမှာဆိုရင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစတဲ့ သတင်းနဲ့ ပညာပေးစာစောင်စာအုပ်များကို စာတိုက်ကပို့တဲ့အခါမှာ အထူးနှုန်းသတ်မှတ်ပြီး လျှော့ပေါ့ပေးလေ့ရှိတယ်။ တယ်လီဖုန်း၊ ကြေးနန်း၊ ခုခေတ် အင်တာနက်သုံးစွဲခများကိုလည်း အလားတူလျှော့ပေါ့ပေးပါတယ်။ မြန်မာနိုင်ငံမှာလည်း ရှေးကိုလိုနီခေတ်ကတည်းက စာနယ်ဇင်းများအတွက် စာပို့ခ၊ တယ်လီဖုန်းနဲ့ ကြေးနန်းအသုံးပြုခ၊ ကုန်းကြောင်း၊ ရေကြောင်း



လေကြောင်းသယ်ယူပို့ဆောင်ခ စတဲ့အခွန်အခတွေကို အထူးနှုန်းသတ်မှတ်ပြီး လျှော့ပေါ့ပေးခဲ့ပါတယ်။

## သတင်းလွှာများထုတ်ပြန်ပေးကြ

ဒါတင်မက သတင်းစာတွေလုပ်ရကိုင်ရတာ အဆင်ပြေလွယ်ကူစေဖို့အတွက် ဌာနဆိုင်ရာများက နေ့စဉ်သတင်းထုတ်ပြန်လွှာများ ထုတ်ပြန်ပေးလေ့ရှိပါတယ်။ အစိုးရအနေနဲ့ကလည်း အပတ်စဉ်သောကြာနေ့တိုင်း 'အစိုးရပြန်တမ်း'(Government Gazette)ဆိုတာ ထုတ်ပြန်ပါတယ်။ အဲဒီပြန်တမ်းကို သတင်းစာတိုက်များကို အခမဲ့ပေးပို့ပြီး ပြည်သူပြည်သားများကတော့ ဗဟိုပုံနှိပ်တိုက်နဲ့ အစိုးရစာအုပ်ဆိုင်များမှာ ဝယ်ယူဖတ်ရှုနိုင်ပါတယ်။ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး)၊ တရားရုံးချုပ်၊ မြို့တော်ခန်းမ စတဲ့ရုံးကြီးများမှာဆိုရင်လည်း သတင်းထောက်များအတွက် သီးသန့်အခန်း(press room)များ ထားပေးကြပါတယ်။ အစိုးရများက ဒီလိုအားပေးကူညီတဲ့အတွက် သတင်းသမားများ လုပ်ရကိုင်ရ လွယ်ကူချောမွေ့စေသလိုပဲ အစိုးရများအတွက်လည်း အများကြီးအကျိုးရှိစေပါတယ်။ စောစောကပြောခဲ့တဲ့ 'အစိုးရပြန်တမ်း'ဆိုတာက လူတိုင်းဖတ်တာမဟုတ်ဘူး။ သတင်းစာကတော့ တိုင်းပြည်အနှံ့အပြား လူတွေလက်ထဲရောက်တာမဟုတ်လား။ ဒီတော့ အစိုးရက ဖြန့်ချင်ပေးချင်တဲ့ သတင်းတွေဟာ သတင်းစာများကတစ်ဆင့် ပြည်သူပြည်သားများဆီ အမြန်ဆုံးရောက်ရှိသွားတာပေါ့။

## စာနယ်ဇင်းဝိနည်းဓိုရ်

အဲဒီလိုအစိုးရများနဲ့ ပြည်သူပြည်သားများက ထောက်ခံအားပေးမှုပြုကြလေတော့ သတင်းစာများဘက်ကလည်း တာဝန်ကျေအောင် အထူးကြိုးစားကြပါတယ်။ မိမိတို့ဘက်က 'စွန်းပြူး'များ စည်းလွတ်ဝါးလွတ်ဆင်တိုင်းမပြုနိုင်အောင် 'စာနယ်ဇင်းကျင့်ဝတ်'များ သတ်မှတ်ပြဋ္ဌာန်းပြီး ကြပ်မတ်ကြပါတယ်။ စာနယ်ဇင်းတွေအချင်းချင်း ညှိနှိုင်းတိုင်ပင်ပြီး ကျင့်ဝတ်ထိန်းသိမ်းရေးမှူး(watch dog) လို့ လွယ်လွယ်ခေါ်ကြတဲ့ ombudsman (စာနယ်ဇင်းဝိနည်းဓိုရ်)တစ်ဦး ခန့်ထားလေ့ရှိပါတယ်။ စာနယ်ဇင်းဝိနည်းဓိုရ်က စာနယ်ဇင်းကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်မှု



www.burmeseclassic.com

www.burmeseclassic.com

များကို ဝေဖန်ထောက်ပြပါတယ်။ သက်ဆိုင်ရာစာနယ်ဇင်းများက ပြုပြင်စရာရှိတာ ပြုပြင်ကြ၊ အရေးယူအပြစ်ပေးသင့်က အရေးယူကြ လုပ်ရပါတယ်။ တချို့နိုင်ငံကြီးများမှာဆိုရင် နိုင်ငံလုံးဆိုင်ရာ စာနယ်ဇင်းဝိနည်းမိုရ် အပြင် ကိုယ့်တိုက်တွင်းမှာကို အများသူငါလေးစားကြတဲ့ ဝါရင့်အယ်ဒီတာကြီးတစ်ဦးကို watch dog အဖြစ်ခန့်ထားပြီး ကြပ်မတ်စေပါတယ်။ အဲဒီတိုက်တွင်းဝိနည်းမိုရ်က ကျောင်းစာသင်ခန်းအတွင်းက 'မော်နီတာ'လိုပဲ နေ့စဉ်သတင်းစာမှာပါတဲ့ သတင်းတွေကို ကျင့်ဝတ်နဲ့ ညီ၊ မညီ စိစစ်ကြပ်မတ်ရုံသာမက စာဖတ်ပရိသတ်ဆီက တိုင်တန်းစာတွေ၊ ပေးစာတွေကိုလည်း ဖတ်ရှုပြီး အယ်ဒီတာအဖွဲ့ကို လိုအပ်သလို ဝေဖန်ထောက်ပြပြုလုပ်ရပါတယ်။

### သုံးနားညီတိုင်

အစိုးရများနဲ့ ပြည်သူပြည်သားများက အားပေးကူညီရင် ကူညီသလောက်၊ သတင်းလုပ်ငန်းများ ထွန်းကားစည်ပင်နိုင်သလို သတင်းလုပ်ငန်းသမားများဘက်ကလည်း စာနယ်ဇင်းကျင့်ဝတ်၊ စည်းကမ်းများကို အတိအကျ လိုက်နာထိန်းသိမ်းပြီး စာနယ်ဇင်းသိက္ခာ မြင့်မားရင်မြင့်မားသလောက် အစိုးရများနဲ့ ပြည်သူပြည်သားများရဲ့ အားပေးကူညီမှု၊ ယုံကြည်စိတ်ချမှုကို ရလာမှာဖြစ်ပါတယ်။ အစိုးရ၊ ပြည်သူပြည် သားများနဲ့ သတင်းမီဒီယာလုပ်ငန်းတို့ဆိုတာ 'ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ'ဆိုသလို အပြန်အလှန် အမှီသဟဲပြုနေကြရတာဖြစ်တယ်။ အဲဒီထဲမှာ 'အဓိကအကျဆုံး'နဲ့ 'အရေးကြီးဆုံး'က ပြည်သူပြည်သားများဖြစ်ပြီး ဒုတိယက အစိုးရနဲ့ သတင်းမီဒီယာက တတိယဖြစ်တယ်။ ရှေ့ဆုံးက အရေးကြီးဆုံးဖြစ်တဲ့ ပြည်သူပြည်သားများနဲ့ အစိုးရ၊ အဲဒီနှစ်ခု သဟဇာတဖြစ်အောင် သတင်းမီဒီယာများက 'ပေါင်းကူးတံတား'တာဝန်ကို ထမ်းဆောင်ကြတာဖြစ်တယ်။

ဒါကြောင့် သတင်းမီဒီယာဆိုတာ တိုင်းပြည်ရဲ့ အရေးကြီးဆုံးနှစ်ခုဖြစ်တဲ့ ပြည်သူပြည်သားများနဲ့ အစိုးရများအတွက် မရှိမဖြစ်လိုအပ်တဲ့ အဆွေခင်ပွန်းကောင်း ဖြစ်ပါတယ်။ ဒီသုံးခု 'သုံးနားညီတိုင်' ဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ ဒီသုံးခု ညီရင်ညီသလောက် တိုင်းပြည်စည်ပင်ဝပြောပြီး ငြိမ်းချမ်းသာယာမှာဖြစ်ကြောင်း နှိုးဆော်လိုက်ရပါတယ်။

၂၉၊ ၇၊ ၂၀၀၈



## နန္ဒောပနန္ဒနဂါးချုပ်တော်မူပုံ

'မေတ္တာ'ဆိုတဲ့ခေါင်းစဉ်နဲ့ စာတစ်ပုဒ်ရေးပေးဖို့ လူငယ်တစ်ယောက်က မေတ္တာရပ်ခံလာပါတယ်။ မေတ္တာနဲ့ပတ်သက်တဲ့ စာရေးဆရာအသီးသီးရဲ့ အမြင်များကို လုံးချင်းစာအုပ်ထုတ်ချင်လို့ပါလို့ ဆိုပါတယ်။ စာမူတွေ စုံသလောက်ရှိနေပြီမို့ ရုံးတင်တော့မှာလို့လည်း ပြောတာကြောင့် သွက်သွက်လေး ရေးပေးရမယ့်သဘောဖြစ်ပါတယ်။ လူငယ်များကို တတ်စွမ်းသမျှ အားပေးနေကျဖြစ်တဲ့အတိုင်း ရေးပေးပါမယ်လို့ ကတိပေးလိုက်တယ်။

### ရှာမှရှားတဲ့စိတ်ဓာတ်

ကတိသာပေးလိုက်တာ။ ရေးဖို့တော့ တော်တော်လက်တွန့်ပါတယ်။ အကြောင်းအရာက လေးနက်လွန်းလေတော့ မရေးခင် အများကြီးချင့်ချိန်ရတယ်။ ဘာသာတရားမှာ အလေးအနက်မွေ့လျော်တဲ့ ဘိုးဘွားမိဘများရဲ့ အဆုံးအမအောက်မှာ ကြီးပြင်းခဲ့ရတာဖြစ်တာကြောင့် မေတ္တာ၊ ကရုဏာ၊ စေတနာဆိုတဲ့ စကားများကို ငယ်စဉ်ကတည်းက ရင်းနှီးယဉ်ပါးခဲ့ပါတယ်။ လေးလေးနက်နက်လည်း တန်ဖိုးထားခဲ့တယ်။ ဒီစကားသုံးလုံးနဲ့ မြန်မာလူမျိုးတို့ရဲ့ ဂုဏ်သိက္ခာ ကမ္ဘာ့အလယ်မှာ ထင်ရှားဝင့်ကြွားနိုင်ခဲ့တာကိုလည်း သတိပြုမိတယ်။ နိုင်ငံခြားသားရေးတဲ့ မြန်မာအကြောင်းစာအုပ်တိုင်းလိုလိုမှာ မြန်မာလူမျိုးတို့ရဲ့ 'မေတ္တာ၊ စေတနာ၊ ကရုဏာ' တို့ဟာ ရှာမှရှားလို့ဆိုရလောက်အောင်ကို ထူးထူးခြားခြား မြင့်မြတ်လှကြောင်း ရေးကြတာတွေကို တွေ့ရလေ့ရှိတယ်။

### ဒီဒါးသီးမှန်းခဲ့ပေမယ့်

အထူးသဖြင့် စစ်အတွင်းကာလက စစ်ပြေးဂေါ်ရာစစ်သားတွေနဲ့ ကုလားလူမျိုးတွေကို လမ်းခရီးတစ်လျှောက်မှာရှိတဲ့ မြို့တွေရွာတွေက



www.burmeseclassic.com

www.burmeseclassic.com

မြန်မာလူမျိုးများ ရက်ရက်ရောရော ကျွေးကြမွေးကြ၊ စောင့်ရှောက်ကြတာတွေကို အနောက်နိုင်ငံသား စာရေးဆရာများက တအံ့တသြရေးသားခဲ့ကြသလို၊ စစ်ပြန်ဂျပန်စာရေးဆရာတွေကလည်း သူတို့ စစ်ပြေးဂျပန်စစ်သားတွေကို မြန်မာရွာသူရွာသားများက ကရုဏာအပြည့်နဲ့ စောင့်ရှောက်ကျွေးမွေးခဲ့တာများကို တသသနဲ့ ကျေးဇူးတင်မဆုံး ရေးသားခဲ့ကြတယ်။ စစ်မဖြစ်ခင်ကဆိုရင် ကိုယ့်လူမျိုးကို 'ထိုးကျိုးစည်ပေါက်'ဖြစ်အောင်လုပ်ခဲ့ကြတဲ့ နယ်ချဲ့တွေဆိုပြီး မျက်နှာဖြူမုန်းသမျှကို မြန်မာတွေက ခါးခါးသီးသီး မုန်းခဲ့ကြတာ။ စစ်ဖြစ်ပြီးနောက် ရောက်လာတဲ့ ဂျပန်ဖက်ဆစ်တွေကလည်း မြန်မာတွေကို ပါးရိုက်၊ နားရိုက်၊ လက်သည်းခွံခွာနဲ့ ရိုင်းရိုင်းစိုင်းစိုင်း၊ ကြမ်းကြမ်းတမ်းတမ်း ပြုမူကြလေတော့ အကြီးအကျယ်အော့နှလုံးနာခဲ့ကြတာ။ ဒီအထဲကတောင် သူတို့တစ်တွေ ဒုက္ခရောက်ကြလေတော့ မြန်မာလူမျိုးများဟာ မျက်နှာလွှဲမနေနိုင်ကြဘဲ ကိုယ်တိုင်ဗုံးဒဏ်၊ စက်သေနတ်ဒဏ် ကြောက်နေရတဲ့ကြားက ရှိသမျှလေး ခွဲဝေကျွေးမွေးပြီး ခိုအောင်းစရာ ရှာဖွေပေးခဲ့ကြလေတယ်။

## တုံ့ပြန်ကျေးဇူး

ဒီဘက်ခေတ်မှာလည်း မြန်မာပြည်ကိုရောက်ဖူးတဲ့ ဘယ်နိုင်ငံခြားသားကိုဖြစ်ဖြစ် မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမှတ်အရဆုံး အကြောင်းအရာဟာ ဘာပါလဲလို့ မေးကြည့်လိုက်တိုင်း မြန်မာလူမျိုးတွေရဲ့ မေတ္တာစေတနာပါလို့ ဖြေကြတာချည်းပါပဲ။ ဗုဒ္ဓတရားတော်များရဲ့ အဆုံးအမနဲ့ကြီးပြင်းလာရတာကြောင့် မြန်မာလူမျိုးတိုင်းဟာ မေတ္တာ၊ စေတနာတို့ရဲ့ မြင့်မြတ်မှုနဲ့ တန်ခိုးစွမ်းအားကို ခြွင်းချက်မရှိယုံကြည်ကြတယ်။ ကိုယ်တိုင်လည်း ကိစ္စများမြောင်လှတဲ့ဘောင်ရဲ့ ဝိစိကိစ္ဆာအမျိုးမျိုးကြားမှာ မွေလီရှုပ်ထွေးနေရတာကြောင့် ဘုရားရိပ်တရားရိပ်နဲ့ အလှမ်းကွာဝေးနေဆဲဖြစ်ပေမယ့် မေတ္တာ၊ စေတနာတို့ရဲ့ တန်ခိုးစွမ်းအားကိုတော့ အကြွင်းမဲ့ယုံကြည်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်လောက်ကစပြီး ဒုက္ခိတဘဝနဲ့ အိုးမကွာအိမ်မကွာလုပ်နိုင်တဲ့ စကားပြောသင်တန်း ဖွင့်ထားခဲ့ရာမှာ ပညာနဲ့ စီးပွားရှာစားတဲ့ 'ပညာရေးပွဲစား' မဖြစ်စေရဘူးဆိုတဲ့ အဓိဋ္ဌာန် ခိုင်ခိုင်မာမာချပြီး လုပ်ခဲ့လေတော့ တုံ့ပြန်ကျေးဇူးတွေကို အတောမသတ်နိုင်အောင်ရရှိခံစားခဲ့ရတာကို လက်တွေ့ကြုံခဲ့ဖူးပါတယ်။ ၁၉၈၀ ပြည့်နှစ်လောက်က



သင်တန်းကြေး ကျပ် ၃၀၀ နဲ့ မတတ်မချင်း ကြိုက်သလောက်တက်၊ ငါးနှစ်တက်တက်၊ ဆယ်နှစ်တက်တက် လခထပ်ပေးစရာမလိုဘူးလို့ ဖွင့်ခဲ့တာဖြစ်လေတော့ ကျောင်းသားသစ်လက်မခံပါဆိုတဲ့ ဆိုင်းဘုတ်ဆယ့်နှစ်ရာသီချိတ်ဆွဲထားရလောက်အောင် သင်တန်းသားတွေ ကြိတ်ကြိတ်တိုး စည်ကားနေပေမယ့် သူများကျူရှင်ဆရာတွေလို သူဌေးတော့မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ဘယ်သူဌေးသူကြွယ်၊ မင်းစိုးရာဇာတွေမှ မရနိုင်တဲ့ မေတ္တာစေတနာတွေကိုတော့ စာမသင်တာ နှစ်အတော်ကြာနေပြီဖြစ်တာတောင် ဒီနေ့အထိ အလျှံပယ်ခံစားနေရဆဲဖြစ်ပါတယ်။ မေတ္တာပေးရင်မေတ္တာရတယ်ဆိုတာကိုတော့ အကြွင်းမဲ့ယုံကြည်ခဲ့၊ ယုံကြည်ဆဲ ဖြစ်တယ်။

## လူသားအားလုံးနားလည်ကြပါရဲ့လား

ကိုယ်က မေတ္တာတရားကို အကြွင်းမဲ့ယုံကြည်ပြီး လောကကို မေတ္တာထားနေပေမယ့် လောကလူသားအားလုံးက မေတ္တာတရားကို နားလည်ကြပါရဲ့လား၊ ပွားများနိုင်ကြပါရဲ့လား၊ ခံယူနိုင်ပါရဲ့လား။ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ပြီး လောကကို မျှော်မှန်းကြည့်ရှုလိုက်တော့ သတ္တလောကကြီးတစ်ခုလုံးဟာ ပစ္စုပ္ပန်အရပ်သဖွယ် စရိုက်ညွှန်တောကြီးအတွင်း နစ်ပြီးရင်းနစ်နေတဲ့ စက်ဆုပ်စရာလောကကြီးအဖြစ်သာ မြင်နေရတော့တယ်။ ကမ္ဘာကြီးရဲ့ လေးဘက်လေးတန် ဘယ်နေရာပဲကြည့်လိုက်ကြည့်လိုက် ကြီးနိုင်ငယ်ညှဉ်း မတရားခြင်းတွေသာ မင်းမူနေတာ တွေ့ရတယ်။ လူသားများဟာ တောတွင်းသားရဲတိရစ္ဆာန်များနဲ့မခြား လူသားအချင်းချင်း သွေးချောင်းစီးသတ်ပွဲဖြတ်ပွဲကြီးတွေ ကျင်းပနေကြတယ်။ အကြမ်းဖက်သမားလူတစ်စုကို တုံ့ပြန်ဖို့အတွက် နိုင်ငံတော်အကြမ်းဖက်မှုဆိုတဲ့ 'ရောမအကြမ်းဖက်မှုကြီး'မျိုးကိုတောင် လက်ရဲဇက်ရဲ လုပ်ရဲတဲ့ဂျော့ဘုရှ်လိုသမ္မတမျိုးတွေ ပေါ်ထွက်လာတာကို မြင်တွေ့နေရတယ်။

## ကောင်းဘွိုင်တွေနားလည်ပါ့မလား

သမိုင်းခေတ်တစ်ခေတ်တုန်းက ဟစ်တလာတို့၊ မူဆိုလီနီတို့၊ တိုဂျိုတို့လို လက်နက်အားကိုးတဲ့ စစ်ဝါဒီများကို ယဉ်ကျေးတဲ့ကမ္ဘာတစ်ခုလုံးက မေတ္တာစကား၊ ငြိမ်းချမ်းရေးစကားတွေပြောပြီး ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးစာချုပ်တွေ ချုပ်ဆိုခဲ့ကြတာပဲ။ ဒါပေမဲ့ သူတို့တစ်တွေ နားလည်



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးထားကြရဲ့လား။ အခုခေတ်မှာလည်း အီရတ်တို့၊ အာဖဂန်နစ္စတန်တို့က သားသည်မိခင်တွေက မေတ္တာစကား၊ ငြိမ်းချမ်းရေးစကားတွေ မနားတမ်းပြောကြပြီး ဗုံးမိုး၊ ကျည်ဆန်မိုးတွေ ရွာချနေတာကို ရပ်စဲဖို့ အသနားခံ တောင်းပန်နေကြတာပဲ။ ဒါပေမဲ့ တကမ္ဘာဆက်က ကောင်းဘွိုင်သမ္မတကြီး ဂျော့ဘုရှ် နားလည်ပါရဲ့လား။ သူဟာ မေတ္တာတရားနဲ့ကော ထိုက်တန်ပါရဲ့လား။ မေတ္တာဆိုတာ မေတ္တာတရားအကြောင်းနားလည်တဲ့ သူတွေနဲ့တွေ့မှ တန်ဖိုးရှိတယ်လို့ ထင်မိတာပဲ။ သေနတ်ပြောင်းဝကထွက်တဲ့ ဘာသာစကားတစ်မျိုးတည်းသာ သူတို့က နားလည်နိုင်တဲ့ အရည်အချင်း ရှိတာ။

## စွမ်းအားချင်းရင်ဆိုင်တာ

မေတ္တာတရားဆိုတာ နားမလည်တဲ့ အရိုင်းအစိုင်းမျိုးနဲ့ တွေ့တဲ့အခါ ဘယ်လိုရင်ဆိုင်မလဲ။ ရိုင်းစိုင်းကြမ်းတမ်းလှပြီး တန်ခိုးစွမ်းအားလည်း ထက်မြက်လှတဲ့ နန္ဒောပနန္ဒနဂါးကြီးကို ဗုဒ္ဓဘုရားရှင်က ဘယ်လိုရင်ဆိုင်ခဲ့သလဲဆိုတာကို မြန်မာလူမျိုးအများစု ကြားဖူးကြမှာပါ။ နဂါးကြီးဟာ ဘယ်လောက်များ တန်ခိုးစွမ်းအားကြီးမားလိုက်သလဲဆိုရင် သူ့ပါးပျဉ်းထောင်ထားရင် မြင်းမိုရ်တောင်နဲ့တကွ နတ်ပြည်ခြောက်ထပ်ကိုပါ မမြင်နိုင်အောင် ဖုံးကွယ်သွားပါသတဲ့။ သူ မျက်စောင်းတစ်ချက်ထိုးလိုက်တာနဲ့ အရာရာ ပြာဖြစ်သွားပါသတဲ့။

အဲဒီနဂါးကြီးကိုရင်ဆိုင်ဖို့ မြတ်စွာဘုရားက ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးကို အမိန့်တော်ရှိတဲ့အခါမှာ ရဟန္တာကိုယ်တော်ကြီးက နန္ဒောပနန္ဒထက် အဆပေါင်းများစွာကြီးတဲ့ နဂါးကြီးသဏ္ဍာန် ဖန်ဆင်းပြီး နဂါးကြီးကို ဆယ့်လေးပတ်ရစ်ပတ်ပြီးမှ မြင်းမိုရ်တောင်နဲ့ ဖိကြိတ်ပါသတဲ့။ နဂါးကြီး မှုတ်ထုတ်တဲ့အဆိပ်မီးထက် အပြန်တစ်ရာသာတဲ့အဆိပ်မီးကို ထုတ်လွှတ်ပြီး နှိမ်နင်းပါတယ်။ ဒါတင်မက နဂါးကြီးရဲ့ ဘယ်ဘက်နားကဝင်ပြီး ညာဘက်နားကထွက်၊ နဂါးကြီးရဲ့ အာခံတွင်းကဝင်ပြီး အစာအိမ်ထဲမှာ စင်္ကြံလှုပ်ပြီး တန်ခိုးပြတော်မူပါတယ်။ အဲဒီလို အကြိမ်ကြိမ်အထပ်ထပ် သူ့ထက် အဆမတန်အင်အားကြီးမားတဲ့ တန်ခိုးစွမ်းအားကို ပြသပါမှပဲ နဂါးကြီးဟာ အားမတန်မာန်လျှော့ပြီး မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်ဆင်းလာရပါတော့တယ်။



## နဂါးနိုင်လက်နက်သုံးဖို့လို

ဗုဒ္ဓဘုရားရှင်ဆိုတာ မေတ္တာအရှင်၊ ကရုဏာသခင် ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှင်ရဲ့တရားကို ဦးထိပ်ပန်ဆင်ပြီး မေတ္တာတရားကို လက်ကိုင်ထားပွားများကြပါတယ်။ ဒါပေမဲ့လို့ မေတ္တာတရားကို နားမလည်တဲ့ နန္ဒောပနန္ဒနဂါးမင်းလို အရိုင်းအစိုင်းကို ရင်ဆိုင်တဲ့အခါကျတော့ ဗုဒ္ဓဘုရားသခင်ပင်လျှင် နဂါးနားလည်တဲ့ဘာသာစကားဖြစ်တဲ့ တန်ခိုးစွမ်းအားကို သူ့ထက် အဆပေါင်းများစွာသာလွန်ကြောင်း ပြသ မာန်ချွယ်ကျိုးစေပြီးမှ တရားပြချွတ်တော်မူခဲ့တာ ဖြစ်ပါတယ်။

၁၁၊ ၁၀၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ပြန်လာကြမှာပါ

'ဘရိန်းဒရိန်း'လို့ လူတိုင်းပြောဆိုနေကြတဲ့ 'ဦးနှောက်ယိုစီးမှု'ကိစ္စနဲ့ ပတ်သက်ပြီး ဂျာနယ်တစ်စောင်က လူငယ်လေးတစ်ဦးရောက်လာပြီး ဆွေးနွေးမေးမြန်းပါတယ်။ ဒီနှစ်နှစ် သုံးနှစ်အတွင်း ပန်းဆိုးတန်းပတ်စပို့ ရုံးရှေ့မှာ နေ့စဉ်နေ့တိုင်း လူတွေစည်ကားနေတာကိုမြင်ပြီး စိတ်ပူပန် ရပါတယ်။

## စိတ်ပူလို့

တရုတ်နိုင်ငံက တံခါးဖွင့်ဝါဒကျင့်သုံးလိုက်တဲ့အခါမှာ အဲဒီခေတ် မတိုင်မီက နိုင်ငံခြားထွက်သွားခဲ့ကြတဲ့ တရုတ်လူမျိုးပညာတတ်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တစ်ဖွဲ့ဖွဲ့နဲ့ပြန်ရောက်လာကြသလို၊ မြန်မာတွေ ပြန်လာပါ့မလားလို့လည်း သူကမေးပါတယ်။ ဒါ့အပြင် သူက သူ့ပတ်ဝန်းကျင်က သွားသမျှလူငယ်အများစုဟာ ပြန်မလာကြတော့ဘူးလို့လည်း ပြောပြီး အပြစ်တင်ပါတယ်။

မျိုးချစ်စိတ်ရှိတဲ့ ဒီလူငယ်ရဲ့ခံစားချက်ကို ကောင်းကောင်းနားလည် ပါတယ်။ ကိုယ်တိုင် ၁၉၈၀ ပြည့်နှစ်လောက်က အင်္ဂလိပ်စကားပြော သင်တန်းလေးတစ်ခု စတင်ဖွင့်လှစ်ပြီး နှစ်ပေါင်း နှစ်ဆယ်ကျော်၊ အစိတ် နီးပါး သင်ကြားပေးခဲ့လေတော့ ဒီအကြောင်းကို ကောင်းကောင်းကြီး သိပါတယ်။ သင်တန်းလာတက်ကြသူအားလုံးဟာ လူငယ်ပညာတတ် လူငယ်တွေချည်းပါ။ ဆရာဝန်နဲ့ ဆေးကျောင်းသူကျောင်းသားတွေ၊ အင်ဂျင်နီယာနဲ့ စက်မှုတက္ကသိုလ် ကျောင်းသူကျောင်းသားတွေက အများစု ဖြစ်တယ်။ အားလုံးရဲ့ရည်ရွယ်ချက်က တစ်နည်းနည်းနဲ့ နိုင်ငံခြားကို ထွက်ကြဖို့ဖြစ်တယ်။





အဲဒီအချိန်က အခုလို မလေးရှားတို့၊ စင်ကာပူတို့ ခေတ်မစားသေး ဘူး။ ဂျပန်၊ အမေရိကန်နဲ့ ထိုင်ဝမ်တို့ ခေတ်စားတဲ့အချိန်။ ခုလောက် လည်း ပတ်စပို့တို့၊ ဗီဇာတို့ ရဖို့မလွယ်တာတောင် တစ်လကို သုံးလေး ခေါက်တော့ တပည့်တွေကိုလိုက်ပို့ဖို့ လေဆိပ်ကိုရောက်နေရတယ်။ ဘယ်လောက်များ လေဆိပ်ကို အရောက်များသလဲဆိုတော့ လေးချောင်း ထောက်နဲ့ လေဆိပ်ဝင်းတံခါးရောက်တာနဲ့ အစောင့်ကျတဲ့ လုံခြုံရေး ရဲဘော်လေးတွေက ဝင်ခွင့်လက်မှတ်တို့၊ မှတ်ပုံတင်တို့တောင် တောင်း နေတော့ဘဲ ဝင်ခွင့်ပြုလိုက်တဲ့အထိပါပဲ။ နောက်မှာပါလာတဲ့ ကျောင်းသား တစ်အုပ်ကြီးထဲက တစ်ယောက်ယောက်ဆီမှာ ဝင်ခွင့်လက်မှတ်တွေ အထပ်လိုက်ပါလာမယ်ဆိုတာ အားလုံးသိနေကြပြီလေ။ အဲဒီအချိန်ကတော့ ကိုယ်တိုင်လည်း စိတ်ပူခဲ့တာပေါ့။ ဒါကြောင့် သင်တန်းမှာ There is no place like home, home sweet home အစချီတဲ့ ကဗျာလေးကို အမြဲသင်ပေးပြီး ထွက်သွားတဲ့ ကျောင်းသူကျောင်းသားတိုင်းကိုလည်း Home Sweet Home လို့ စာတန်းထိုးထားတဲ့ ကောက်ရိုးပန်းချီကား လေးတွေ အမှတ်တရ လက်ဆောင်ထည့်ပေးလေ့ရှိတယ်။

## ဘရိန်းဒရိုင်းတောင်ဖြစ်နိုင်

သူများတွေက 'ဘရိန်းဒရိန်း'(Brain Drain) လို့ပဲ ပြောကြတာ။ ကိုယ်ကဖြင့် ဒါထက်တောင်မက 'ဘရိန်းဒရိုင်း'(Brain Dry) ဦးနှောက် ခြောက်ခန်းမှုဖြစ်မှာတောင် စိုးရိမ်ရတဲ့အကြောင်း သုံးလေးကြိမ်မက ရေး ဖူးသေးတယ်။ အခုတလောတော့ အဲဒီဂျာနယ်ကလူငယ်သာမက ရန်ကုန် က လုပ်ငန်းရှင်တပည့်ဟောင်းတွေ ရောက်လာတဲ့အခါမှာလည်း အလုပ် သမားရှားပါးမှုအကြောင်း ပြောရာကနေပြီး နောက်ဆုံး အဲဒီ 'ဘရိန်း ဒရိန်း'အကြောင်း ရောက်သွားလေ့ရှိတယ်။ ကိုယ့်ရပ်ကိုယ့်ရွာ အညာက ဆွေမျိုးမိတ်သင်္ဂဟတွေ လာကြတဲ့အခါမှာလည်း လယ်ယာလုပ်သား ရှားပါးတဲ့ကိစ္စပြောရင်းက အဲဒီ'ဘရိန်းဒရိန်း' ရောက်သွားပြန်တာပဲ။ ဒါပေမဲ့ ဂျာနယ်သမားလူငယ်စိတ်ပူသလို 'သူတို့ ပြန်လာကြပါ့မလား'လို့ တော့ ကိုယ်က စိတ်မပူဘူး။ တစ်နေ့နေ့မှာ သူတို့ ပြန်လာကြမှာပါလို့ စိတ်ချလက်ချယုံကြည်တယ်။



www.burmeseclassic.com

www.burmeseclassic.com

### ပဋိရူပဒေသ

ဖြစ်စေချင်တဲ့ ဆန္ဒစွဲ(wishful thinking)နဲ့ ပြောတာမဟုတ်ပါဘူး။ နှစ်ပေါင်း နှစ်ဆယ်အစိတ် နိုင်ငံခြားထွက်ချင်တဲ့၊ ထွက်ကြတဲ့ လူငယ်၊ လုံမငယ်တွေနဲ့ လက်ပွန်းတတီးနေလာခဲ့တဲ့ အတွေ့အကြုံကြောင့် ပြောတာဖြစ်တယ်။ ဒီနေ့အထိလည်း သူတို့တစ်တွေနဲ့ ဖုန်းနဲ့၊ အီးမေးနဲ့၊ လူကြုံနဲ့ အဆက်အသွယ်မပျက်ရှိနေတာကြောင့် နိုင်ငံခြားရောက် သူတို့ဘဝ၊ သူ့တို့စိတ်ခံစားတွေကို ကောင်းကောင်းကြီးသိနေပါတယ်။ မြန်မာလူမျိုး ၁၀၀ မှာ ၉၀ လောက်ဟာ ဘယ်နိုင်ငံကိုပဲ ရောက်နေရောက်နေ မြန်မာစိတ်ခံစား မပျောက်ဘူးဆိုတာ ပြောရဲတယ်။ ဘာကြောင့်လဲဆိုတော့ There is no place like home, home sweet home ဆိုတဲ့အတိုင်း မြန်မာပြည်လောက် နေချင်စရာကောင်းတဲ့နေရာ(ပဋိရူပဒေသ) ကမ္ဘာပေါ်မှာ ဘယ်နေရာမှမရှိဘူးဆိုတာ သူတို့အားလုံး သိနေကြလို့ပါပဲ။ တပည့်တော်တော်များများကတော့ သူတို့ရောက်နေတဲ့ နိုင်ငံများဟာ မြန်မာပြည်နဲ့နှိုင်းယှဉ်လိုက်ရင် 'ပစ္စန္တရစ်'အရပ်တွေပါပဲလို့တောင် လွမ်းဆွတ်တသစွာနဲ့ ပြောကြတယ်။

### ဝတ်လို့ထွက်တာမဟုတ်ဘူး

နိုင်ငံခြားသွားပြီး အလုပ်လုပ်ကြတဲ့ တခြားအာရှနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားတွေ မတူတာတစ်ချက်လည်း ရှိသေးတယ်။ တခြားနိုင်ငံသားတွေက အများအားဖြင့် ပညာမတတ်တဲ့လူတွေ၊ နေရင်းနိုင်ငံမှာ 'ပါးရှား'လွန်းလို့ ထွက်သွားကြတာ။ မြန်မာနိုင်ငံက ထွက်ကြသူအများစုက အနည်းဆုံး ဆယ်တန်းပညာလောက်တော့ တတ်ထားကြသူတွေဖြစ်တယ်။ ပြီးတော့ 'ဝတ်လို့'ထွက်ကြတာမဟုတ်ဘူး။ မြန်မာပြည်မှာ စားနိုင်သောက်နိုင်ရုံတော့ ဘယ်သူမဆိုရှာနိုင်ကြတယ်။ ကျောင်းသားလူငယ်တွေနဲ့ လက်ပွန်းတတီးအရှိဆုံးလူတစ်ယောက်အနေနဲ့ ပြောရရင် အကြောင်းနှစ်ခုနဲ့ သူတို့ထွက်ချင်ကြတာဖြစ်တယ်။ ပညာသင်ချင်လို့ဆိုတဲ့အကြောင်းနဲ့ မိဘတွေကို ကောင်းကောင်းကျေးဇူးဆပ်ချင်လို့ဆိုတဲ့ အကြောင်းဖြစ်တယ်။ အဲဒါကြောင့် လူငယ်တွေကို အပြစ်မတင်ချင်တာ ဖြစ်တယ်။ ပညာသင်ချင်တာနဲ့ မိဘကျေးဇူးဆပ်ချင်တာဟာ မွန်မြတ်တဲ့ စိတ်ခံစား မဟုတ်ဘူးလား။



### ထူနဲ့၊ စိတ်ချနေ

ဂျာနယ်တိုက်က လူငယ်လေးကိုလည်း ပြောလိုက်ပါတယ်။ ဘာမှ စိတ်မပူနဲ့၊ သူတို့ပြန်လာကြမှာပါလို့။ နိုင်ငံခြားထွက်တဲ့ လူငယ်အများစုက ပညာသင်ချင်လို့၊ မိဘလုပ်ကျွေးချင်လို့ ထွက်ကြတာပဲ။ တစ်နေ့မှာ သူတို့ 'အမေ့အိမ်'ကို အသေအချာ ပြန်လာကြမှာပါ။ မယုံမရှိပါနဲ့။ သံသယဖြစ်ရင် ခုလောလောဆယ်ကို သူများနိုင်ငံတွေပေးတဲ့ လုပ်ခမျိုး တစ်နာရီကို ၇ ဒေါ်လာ၊ ၈ ဒေါ်လာပေးပြီး ခိုင်းကြည့်ပါလား။ ဘယ်သူမှ ထွက်မှာမဟုတ်တော့ပါဘူး။ ဟိုနိုင်ငံသား၊ ဒီနိုင်ငံသားအဖြစ် ခံယူထားသူတွေတောင် ဒီမှာလည်း ဟိုမှာနဲ့တန်းတူ လုပ်ခရမယ်ဆိုလို့ကတော့ အခွန်အတုတ်တွေ ကြီးရတဲ့ထဲ အသက်ကို ဖက်နဲ့ထုပ်ထားရသလို သေနတ်သမား လူရမ်းကား 'ရမ်ဘို'တွေရဲ့ရန် ကြောက်နေရတဲ့ နေရာမျိုးမှာ ဘယ်သူဆက်နေမှာလဲ။ လူ့အိုရုံတွေနဲ့ စိတ်ရောဂါကုဆရာဝန်တွေ ပေါလှတဲ့ နိုင်ငံတွေကနေပြီး 'ကဆုန်ဆိုင်း'ပြန်ပြေးလာမှာ သေချာပါတယ်။ တကယ်ပါ။ မပူပါနဲ့။ တစ်နေ့ သူတို့ပြန်လာကြမှာပါ။

၁၇၊ ၁၀၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## လူလိမ္မာတွေများနေရင်

အမေရိကန်နိုင်ငံကို ပြောင်းရွှေ့နေထိုင်တာ နှစ်ပေါင်း ၂၀ လောက်ရှိပြီဖြစ်တဲ့ တပည့်ဟောင်းတစ်ယောက် ရောက်လာနှုတ်ဆက်ပါတယ်။ ခါတိုင်းလိုပဲ အလုံး ၁၀၀၀ ပါ Centrum အားဆေးဘူးကြီးတစ်ဘူး ပါလာပါတယ်။ သူက တစ်နှစ်တစ်ခါ ပြန်လာနေကျပါ။

### အားဆေးဘူးပြဿနာ

အားဆေးဘူးကိုမြင်တော့ မနှစ်က သူ လေဆိပ်မှာပြဿနာဖြစ်ခဲ့တာကို အမှတ်ရပြီး ဒီတစ်ခေါက်ရော ပြဿနာတက်သေးလားလို့ မေးလိုက်ဖြစ်တယ်။ မနှစ်က ဒီအားဆေးဘူးတွေကြောင့် သူ ရှုပ်ရှုပ်ရှားရှား ဒေါသဖြစ်ခဲ့ရတာကို သူပြောပြလို့ သိခဲ့ရတယ်။ သူက မြန်မာပြည်က ဆရာသမားဟောင်းတွေ၊ အသိဟောင်းအကျွမ်းဟောင်း လူကြီးသူမတွေကို ကန်တော့ဖို့ အားဆေးဘူးကြီး ၂၀ လောက်ယူလာခဲ့ပါတယ်။ သူ့ဇနီးနဲ့ သူ နှစ်ယောက်ခွဲယူလာခဲ့ကြတာဖြစ်တယ်။ လေဆိပ်ရောက်တော့ ဆေးဘူးတွေ များလွန်းတာကြောင့် တပည့်ဖြစ်သူနဲ့ စကားအချေအတင် အကြာကြီး ပြောကြရတယ်။ နောက်ဆုံးကျမှ နှစ်ဖက်စလုံး အလျှော့အတင်းလုပ်ပြီး ပြေလည်သွားခဲ့တယ်။ ဒီကိစ္စကို သူက တဖျစ်တောက်တောက်နဲ့ ပြောလို့မပြီးနိုင်အောင်ကို ရှိခဲ့တယ်။

### အချောင်ရချင်စိတ်

ဒီတစ်ခေါက်တော့ သူက အားဆေးတစ်ဘူးပဲယူလာခဲ့တယ်။ တခြားဘာမှလည်း မယူခဲ့လို့ ဘာပြဿနာမှ မတက်ဘူး။ အေးအေးဆေးဆေးပဲလို့ စိတ်လက်ပေါ့ပါးစွာနဲ့ ပြောပြတယ်။ မနှစ်ကတော့ လူတွေ အကျင့်



ပျက်တယ်ဆိုတဲ့အကြောင်းကို ပြောလို့ကို မပြီးတော့ဘူး။ ဒီနှစ်တော့ အေးဆေးပဲတဲ့။ အေးမှာပေါ့၊ သူကလည်း ဥပဒေစည်းကမ်းနဲ့မညီတာ ဘာမှယူမလာပဲကိုး။ လူ့လောကမှာ ပြဿနာအရှုပ်အထွေး ဖြစ်ကြရတာ၊ အငြင်းအခုန်တွေဖြစ်ကြရတာ ဒီအချက်ကြောင့်ပါပဲ။ စည်းကမ်းဥပဒေကို လေးစားလိုက်နာမှု ပျက်ကွက်ကြလို့သာ ဖြစ်တယ်။

စည်းကမ်းတို့၊ ဥပဒေတို့ဆိုတာ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာဖို့၊ တည်တံ့ခိုင်မြဲဖို့အတွက် ပြုလုပ်ထားခဲ့ကြတာဖြစ်တယ်။ အားလုံးက လေးစားလိုက်နာကြမယ်ဆိုရင် ဘာပြဿနာမှ ဖြစ်လာစရာအကြောင်းမရှိဘူး။ စောစောကကိစ္စပဲကြည့်၊ ယူလာသူကလည်း ယူလာတဲ့ပစ္စည်းကို တရားဝင် ကြေညာလွှာမှာ ထည့်သွင်းရေးသားပြီး စည်းကမ်းအတိုင်း ဆိုက်သင့်တဲ့ အခွန်ငွေဆောင်မယ်ဆိုရင် အချေအတင်ပြောနေစရာ ဘာလိုတော့မှာလဲ။ သူကိုယ်တိုင်ကလည်း အချောင်ရမယ်ဆို ယူချင်တဲ့စိတ်နဲ့ မကြေညာဘဲယူလာတာကိုး။ ဒီတော့ ပြဿနာဖြစ်တော့တာပေါ့။

### ဂုဏ်သိက္ခာဆိုတာ

တောင်းသူကလည်း အချောင်ရချင်စိတ်ရှိတာပဲ။ တကယ်တော့ ဥပဒေစည်းကမ်းအတိုင်း အခွန်ဆောင်နိုင်းသင့်တာ ဆောင်နိုင်း၊ ဒဏ်တပ်သင့်တာ တပ်ဆိုရင် ပြဿနာဖြစ်စရာ ဘာအကြောင်းမှမရှိဘူး။ လူတစ်ယောက်မှာ အရေးအကြီးဆုံးက 'ဂုဏ်သိက္ခာ'ဖြစ်တယ်။ ရန်သူက ထမင်းကျွေး၊ ဆေးပေးရုံသာမက သမီးနဲ့ထိမ်းမြားပြီး အိမ်ရှေ့ရာထူးအပ်နှင်းမယ်ဆိုတာတောင် သူ့အောက်ကျို့ပြီး အညံ့ခံတဲ့အဖြစ် အရောက်မခံဘူး၊ အသေသာခံမယ်ဆိုတဲ့ မင်းရဲကျော်စွာရဲ့ 'ဂုဏ်သိက္ခာ'ကို တန်ဖိုးထားတဲ့စိတ်ဓာတ်တွေ လုံးဝပျောက်ကွယ်သွားပြီလား၊ ရှက်စိတ်ဆိုတာကော ခြောက်ခန်းကုန်ကြပြီလား။

### အဘအခရာလဲ

'အူမတောင့်မှ သီလစောင့်မယ်'ဆိုတဲ့ စကားတစ်လုံးကပဲ ကျွန်တော်တို့ လူမျိုးတွေကို ဖျက်ဆီးနေတာလားလို့ တွေးမိတယ်။ 'လျှာပေါ် မြက်ပေါက်ပါစေ၊ မဟုတ်မမှန်တာ မလုပ်ဘူး'ဆိုတဲ့ လူမျိုးတွေက လူမိုက်ဖြစ်နေကြပြီး မိုးခါးရေသောက်တဲ့လူတွေကမှ လူတော်၊ လူလိမ္မာတွေလို့



www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်နေကြလေတော့ လူတိုင်းပဲ လိမ္မာနေကြပြီထင်ပါရဲ့။ တိုင်းပြည် မတိုးတက်ဘူးဆိုတာသာ ပြောနေကြတာ၊ ဒီလိုလူလိမ္မာတွေနဲ့ ဘယ်လို လုပ်ပြီး တိုးတက်အောင်တည်ဆောက်နိုင်မှာလဲ။ တိုင်းပြည်နိုင်ငံတစ်ခု တိုးတက်ဖို့ အခရာအကျဆုံးက ဈေးကွက်စီးပွားရေးတို့၊ ဒီမိုကရေစီတို့ ဆိုတာတွေ မဟုတ်ပါဘူး။ rule of law ဆိုတဲ့ တရားဥပဒေစိုးမိုးရေးသာ ဖြစ်တယ်။ စီးပွားရေး ဘယ်လောက်တိုးတက်တိုးတက်၊ ဒီမိုကရေစီ ဘယ်လောက်ကောင်းကောင်း၊ တရားဥပဒေမဏ္ဍိုင်ကြီးက ခြစားနေရင် အဲဒီနိုင်ငံဟာ ဘယ်တော့မှ တည်ငြိမ်အေးချမ်းမရှိနိုင်ပါဘူး။ လောလော ဆယ် ကသောင်းကနင်းဖြစ်နေတဲ့ အိမ်နီးချင်းနိုင်ငံကိုပဲ ကြည့်လေ။ မဲကို ငွေနဲ့ဝယ်လို့ရ၊ တရားရုံးကို ငွေနဲ့ဝယ်လို့ရ၊ ရာထူးကို ငွေနဲ့ဝယ်လို့ရ ဖြစ် နေလေတော့ ဒီမိုကရေစီသာ တွင်တွင်အော်နေတယ် ဘယ်မှာတည်ငြိမ် အေးချမ်းလို့လဲ။ ဝန်ကြီးချုပ်ဖြစ်နေသူတောင် သူ့ရုံးမှာ မထိုင်နိုင်လို့ လေဆိပ်မှာ ရုံးသွားထိုင်နေရတယ်မဟုတ်လား။

## အော်တိုကရေစီ

အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အတည်ငြိမ်ဆုံးနဲ့ အအေးချမ်းဆုံး နိုင်ငံတစ်ခုကိုတော့ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနိုင်ငံလို့ မခေါ်ချင် ကြပါဘူး။ အာဏာရှင်ဆန်ဆန်အုပ်ချုပ်တဲ့ 'အော်တိုကရေစီ' စနစ်လို့ ခေါ်လေ့ရှိကြတယ်။ ပါတီတစ်ခုတည်းကသာ အုပ်စိုးနေတာကိုး။ ဒါပေမဲ့ လူမျိုးချင်း ရောနှောနေရတဲ့ အဲဒီနိုင်ငံဟာ စီးပွားရေးအရ ထိပ်တန်းရောက် သလို၊ တည်ငြိမ်အေးချမ်းမှုလည်း အရှိဆုံးနိုင်ငံဖြစ်နေပါတယ်။ ဘာ ကြောင့်လဲဆိုတော့ တရားဥပဒေမဏ္ဍိုင်ကို ခိုင်မာသထက်ခိုင်မာအောင် အမြဲအားထုတ်နေတာကြောင့်ဖြစ်တယ်။ စည်းကမ်းဥပဒေနဲ့ပတ်သက်ရင် အသေးအဖွဲလေးပဲဆိုပြီး လျစ်လျူရှုမထားဘူး။ လမ်းဘေး အမှိုက်ပစ်တာ၊ တံတွေးထွေးတာကအစ တိတိကျကျအရေးယူတာ။ လွန်လာပြီဆိုရင် ကြိမ်နဲ့တောင် ရိုက်အပြစ်ပေးတာ။ လူဆိုတာကတော့ ဘယ်နိုင်ငံသား၊ ဘယ်လူမျိုးဖြစ်ဖြစ် အချောင်ရရင် လိုချင်တတ်တာ သဘာဝပဲ။ လူတွေ ကို လူဆိုးသူခိုးဖြစ်မသွားအောင် ထိန်းပေးတာက ဥပဒေစည်းကမ်းဖြစ်တယ်။ တရားဥပဒေမဏ္ဍိုင် ကြံ့ခိုင်ရင်ကြံ့ခိုင်သလောက် လူဆိုးသူခိုးလျော့နည်းပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းပါတယ်။



## တရားစွဲခံရတာကိုဂုဏ်ယူတဲ့လူ

တစ်လောလေးက အစ္စရေးဝန်ကြီးချုပ်ပြောခဲ့တဲ့ စကားလေးတစ်ခွန်း ကို ကောင်းကောင်းမှတ်သားထားမိတယ်။ ဝန်ကြီးချုပ်ကို အကျင့်ပျက်မှုနဲ့ ရုံးတင်စစ်ဆေးခံရတော့ သူက ချက်ချင်းပဲ ရာထူးကနုတ်ထွက်ပါမယ်လို့ ကြေညာပါတယ်။ အဲဒီလိုကြေညာရာမှာ 'ကိုယ့်တိုင်းပြည်ရဲ့ ဝန်ကြီးချုပ်ကို ရုံးတင်စစ်ဆေးနိုင်တဲ့ အစ္စရေးနိုင်ငံသားဖြစ်ရတာကို အများကြီးဂုဏ်ယူမိ ပါတယ်'လို့ သူက ထည့်သွင်းပြောကြားသွားပါတယ်။ အစ္စရေးနိုင်ငံဆိုတာ နိုင်ငံအဖြစ် စတင်တည်ထောင်တဲ့နေ့ကစပြီး စစ်တွေတိုက်လာရတာ နှစ် ပေါင်း ၆၀ ကျော်တဲ့အထိ တိုက်နေရတုန်းပါပဲ။ ဘေးပတ်လည်မှာလည်း ရန်သူတွေ ဝိုင်းဝိုင်းလည်နေပါတယ်။ ဒီလိုနိုင်ငံမျိုး ဘယ်လိုလုပ်တိုးတက် နိုင်ပါ့မလဲ။ ဒါပေမဲ့ အစ္စရေးကတော့ အဏုမြူလက်နက်တောင် လုပ်နိုင် တဲ့အထိ ဘက်ပေါင်းစုံက တိုးတက်ခဲ့တယ်။ စစ်ရဲ့အကျိုးဆက်တွေကို မလွှဲမရှောင်သာ ခံစားနေရတာကလွဲရင် စီးပွားရေးရော၊ နိုင်ငံရေးပါ တည်ငြိမ်နေပါတယ်။ ဒါဟာ တရားဥပဒေမဏ္ဍိုင် ကြံ့ခိုင်လို့ပဲဖြစ်တယ်။ တရားဥပဒေရဲ့ ဩဇာရိပ်က ကင်းလွတ်ခွင့်ရတဲ့လူ၊ တရားဥပဒေရဲ့ အထက်ရောက်နေတဲ့လူ ဘယ်သူမှမရှိဆိုတာ အခုဝန်ကြီးချုပ်ရဲ့အဖြစ်က သက်သေပြလိုက်တာပါပဲ။

## ရွှေဥဒေါင်းပြောတဲ့တရုတ်အကြောင်း

ဟိုးရှေးရှေးတုန်းက ဆရာကြီးရွှေဥဒေါင်းပြောပြဖူးတဲ့ တရုတ်ပြည် အတွေ့အကြုံတစ်ခုကို ဖောက်သည်ချချင်ပါတယ်။ ဆရာကြီးဟာ ငြိမ်း ချမ်းရေးညီလာခံတက်ဖို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ အဖွဲ့ နဲ့ တရုတ်ပြည်ပါသွားပါတယ်။ ညီလာခံပြီးတော့ ပီကင်းကနေ ရှန်ဟဲကို ရထားနဲ့သွားပြီး လည်ပတ်ရပါတယ်။ ပီကင်းဘူတာကနေ ရထားထွက်ပြီး သုံးလေးဘူတာလောက်ကျော်တော့မှ ဆရာကြီးရွှေဥဒေါင်းဟာ ပတ်စပို့နဲ့ ပိုက်ဆံ ပါတဲ့အိတ် ဘူတာမှာကျန်ခဲ့တာကို သတိထားမိတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်တော့ဘူး။ စကားပြန်ကတော့ မပူပါနဲ့၊ မပျောက်နိုင်ပါဘူး လို့ အာမခံပေမယ့် ဘယ်မပူဘဲနေမှာလဲ။ ပတ်စ်ပို့မရှိရင် ဘယ်လိုပြန်နိုင် တော့မှာလဲပေါ့။ ဒီလိုနဲ့ပဲ စိတ်လက်မကြည်မသာနဲ့ ရှန်ဟဲကိုရောက်ပြီး တည်းမယ့်ဟိုတယ်ကို ရောက်ခဲ့တယ်။ နောက်နှစ်နာရီလောက်ကြာတော့



www.burmeseclassic.com

www.burmeseclassic.com

စကားပြန် အခန်းထဲဝင်လာပြီး မေ့ကျန်ခဲ့တဲ့အိတ်ကို ပေးပါတယ်တဲ့။ ဘာမှ အပျောက်အရှလည်း မရှိပါဘူးတဲ့။ ရထားကနေပြီး ပိကင်းဘူတာကို လှမ်းအကြောင်းကြားလိုက်တော့ နောက်ထွက်တဲ့ရထားနဲ့ ပို့ပေးလိုက်တာတဲ့လေ။ အဲဒီခေတ်က တရုတ်ပြည်မှာ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက် မရှိ၊ ပြည့်တန်ဆာ မရှိ၊ လာဘ်စားမှုမရှိဘူးတဲ့လေ။ ထောင်တွေထဲမှာ အရက်မူးပြီး ရန်ဖြစ်တာ၊ လူသတ်မိတာမျိုးနဲ့ ထောင်ကျတာမျိုးပဲ ရှိသတဲ့။ အဲဒီအချိန်က တရုတ်ပြည်မှာ စျေးကွက်စီးပွားရေးမရှိဘူး။ ရွှေးကောက်ပွဲတို့၊ ဒီမိုကရေစီတို့ ဆိုတာတွေလည်း မရှိပါဘူး။ တစ်ပါတီအာဏာရှင်စနစ်ကျင့်သုံးနေဆဲပါပဲ။ ဒါပေမဲ့ သူခိုးဓားပြမရှိ၊ ပြည့်တန်ဆာမရှိ၊ အကျင့်ပျက်လာဘ်စားတာ မရှိတဲ့လေ။ ကျွန်တော့်ဦးကြီး ရွှေဥဒေါင်း ပြောပြဖူးတာပါ။

၃၊ ၁၁၊ ၂၀၀၈



# ဟုတ်သလိုလိုကမဟုတ်ဘူး

ဒီခေတ်လူငယ်တွေနဲ့ စကားပြောတဲ့အခါတိုင်း 'ပရက်မားတစ်'ဆိုတဲ့စကားကို တော်တော်ကြားရပါတယ်။ ဘာ'အစ်ဇင်'တွေမှ မယုံကြည်ဘူး။ စိတ်ကူးယဉ် မှန်းဆတာတွေလည်း မလုပ်ဘူး။ လက်တွေ့အခြေအနေနဲ့ကိုက်ညီအောင်နေပြီး လက်တွေ့လုပ်လို့ရတာတွေကိုပဲ လုပ်တယ်လို့လည်း ပြောတတ်ကြတယ်။

## ဟုတ်သလိုလိုနဲ့မဟုတ်တာ

ရုတ်တရက်ကြားရပြီး အမှတ်တမဲ့ပဲကြည့်လိုက်ရင်တော့ ဟုတ်သလိုလို ထင်ရတယ်။ ဒါပေမဲ့ သေသေချာချာ နက်နက်ရှိုင်းရှိုင်း စဉ်းစားလိုက်ရင်တော့ အဲဒီဟုတ်သလိုလိုက မဟုတ်ဘူးဆိုတာကို တွေ့ရတယ်။ 'ပရက်မားတစ်'ဆိုတာ အင်္ဂလိပ်စကား(pragmatic)ကို ပြောကြတာပါ။ လက်တွေ့ကျကျကြည့်မြင်ခြင်း၊ ရှုမြင်သုံးသပ်ခြင်းပေါ့။ pragmatist ကျတော့ လက်တွေ့ဆန်သူ၊ လက်တွေ့ကျကျလုပ်တတ်သူကို ပြောတာဖြစ်တယ်။ စိတ်ကူးယဉ်ဆန္ဒစွဲ(wishful thinking)စိတ်နဲ့ မလုပ်ဘူး၊ လက်ရှိတည့်ရှိနေတဲ့ အခြေအနေမှန်၊ ပကတိအရှိတရားတို့ကိုကြည့်ပြီး လုပ်တယ်ဆိုတာ ကောင်းပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ ကြိုးစားအားထုတ်မှုမပြုချင်တာ၊ ရေစုန်မျှောလိုက်ပြီး အချောင်ရချင်တာကို ဖုံးကွယ်ဖို့အတွက် လူတော်တော်များများက ဒီစကားကို အလွဲသုံးစားပြုလုပ်ကြလွန်းလေတော့ ဒီစကားရဲ့အနှစ်သာရဟာ ပျက်သလောက်ဖြစ်နေရတာကတော့ မကောင်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

### ရည်မှန်းချက်ပန်းတိုင်မရှိကြ

ဒီခေတ်လူငယ်တော်တော်များများမှာ ရည်မှန်းချက်မြင့်မြင့် မရှိတတ်ကြဘူး။ တချို့ဆို ဘဝရည်မှန်းချက်(ambition) ဆိုတာတောင် ထားရကောင်းမှန်း မသိကြဘူး။ လူငယ်ပညာတတ်ကလေးတွေကို အင်္ဂလိပ်စကားပြောသင်ပေးတဲ့အလုပ်ကို ဆယ်စုနှစ် နှစ်စုမကလုပ်ခဲ့ဖူးတာကြောင့် ကောင်းကောင်းသိနေတာ ဖြစ်တယ်။ အများစုက ဘွဲ့တစ်ခုရပြီးရော သဘောထားကြတယ်။ ဘွဲ့ရပြီးရင် အလုပ်ကောင်းကောင်းတစ်ခုရအောင် ရှာမယ်။ ကောင်းကောင်းမရရင် နောက်ဆုံးကျ ရရာအလုပ်ကိုလုပ်မယ်။ အချိန်တန်တော့ အိမ်ထောင်ပြုမယ်ပေါ့။ ဘွဲ့တစ်ခုနဲ့ ကျေနပ်မနေပါနဲ့။ နောက်ထပ်ဘွဲ့တွေရအောင် ပညာဆက်သင်ပါဦး၊ သင်ယူစရာတွေ အများကြီးရှိပါသေးတယ်လို့ ပြောလိုက်ရင် ဘဝအခြေအနေမပေးဘူး၊ စိတ်ကူးယဉ်အိပ်မက်တွေမက်ပြီး အချိန်မကုန်ချင်ဘူး၊ ကိုယ့်ဘဝအခြေအနေကို လက်တွေ့ကျကျသုံးသပ်ပြီး လက်ရှိဖြစ်နေတာကိုပဲ လုပ်တော့မယ်၊ 'ပရက်မားတစ်'ဖြစ်ချင်တယ် ဆိုတာတွေကိုပဲ အများအားဖြင့် ကြားရတယ်။

### အခွင့်အလမ်းတွေအများကြီး

ဘွဲ့ရပညာတတ် လူငယ်လေးတွေဖြစ်ပါလျက်နဲ့ မျက်စိကျဉ်း၊ နားပင်းလိုက်ကြတာ။ ပညာတကယ်လိုချင်တဲ့လူငယ်တွေအတွက် ပညာသင်နိုင်တဲ့ အခွင့်အလမ်းတွေ ဒီခေတ်မှာ အများကြီးရှိနေတာကို မသိကြဘူး။ မလေ့လာကြဘူး။ ပြည်တွင်းမှာတင်သင်ယူနိုင်တဲ့ ဘွဲ့လွန်တန်း၊ အချိန်ပိုင်း သင်တန်းတွေ၊ ဒီပလိုမာသင်တန်းတွေ အများကြီးရှိနေပါတယ်။ ပြည်တွင်းမှာတောင်မက နိုင်ငံရပ်ခြားကတက္ကသိုလ်တွေမှာလည်း ဘွဲ့လွန်တန်းတွေကို ပိုက်ဆံတစ်ပြားမှမကုန်ဘဲ စကောလားရှစ်နဲ့ တက်လို့ရတာတွေ အများကြီးရှိပါတယ်။ စကောလားရှစ်သာရလို့ကတော့ တကယ်ကို ပိုက်ဆံတစ်ပြားမှ မကုန်တာပါ။ သူတို့နိုင်ငံမှာ ကျောင်းစရိတ်၊ နေစရိတ်၊ စားစရိတ်၊ စာအုပ်ဖိုး၊ ဆေးကုစရိတ်နဲ့ အသေးသုံးမုန့်ဖိုးသာမက၊ အသွားအပြန် လေယာဉ်ခပါ ပေးကြတာပါ။ ဥပမာ စင်ကာပူက NUS လို၊ NTU လို ကျောင်းကြီးတွေမှာ ဘာဘွဲ့လွန်ပဲတက်တက် အဲဒီလိုအခွင့်အရေးတွေ ပေးပါတယ်။ တခြားအနောက်နိုင်ငံကြီးတွေမှာလည်း ဒါမျိုးတွေ အများကြီးပါပဲ။ ကိုယ်က ပတ်စ်ပို့လုပ်တာပဲ ကုန်ကျခံရတယ်။ မိဘက တစ်ပြား



မှကို ကုန်စရာမလိုပါဘူး။ လိမ်လိမ်မာမာနေရင် ရတဲ့ထောက်ပံ့ကြေးနဲ့ လောက်ရုံမက၊ ပိုတောင်ပိုပါသေးတယ်။

### ဒေါက်တာဘွဲ့နှစ်ခုနဲ့ ဦးပဉ္စင်း

သင်တန်းဖွင့်စဉ်က လာတက်ကြတဲ့ ရှမ်းဦးပဉ္စင်း၊ မွန်ဦးပဉ္စင်းလေးတွေ တော်တော်များများတောင် ဒီလိုစကောလားရှစ်မျိုးနဲ့ အနောက်နိုင်ငံက တက္ကသိုလ်ကြီးတွေ သွားတက်နိုင်တာရှိပါတယ်။ အထူးကိုဂုဏ်ယူရတဲ့ မွန်ကိုယ်တော်တစ်ပါးဆိုရင် အမေရိကန်တက္ကသိုလ်တစ်ခုမှာ ပါမောက္ခတောင် ဖြစ်နေပါတယ်။ ဦးပဉ္စင်းလေးက အင်္ဂလန်က ပီအိတ်ချ်ဒီတစ်ခုနဲ့ အမေရိကန်က ပီအိတ်ချ်ဒီတစ်ခု ရထားတာပါ။ တစ်ခုက ဗုဒ္ဓဘာသာနဲ့ ဆိုင်တာဖြစ်ပြီး နောက်တစ်ခုက ဒဿနိကဗေဒဆိုင်ရာ ဒေါက်တာဘွဲ့ ဖြစ်ပါတယ်။ နှစ်ခုစလုံး ဂုဏ်ထူးဆောင်ဘွဲ့မဟုတ်ပါဘူး။ ကျောင်းတက်ပြီး ရတဲ့ ဘွဲ့တွေဖြစ်တယ်။ ဒီဦးပဉ္စင်းလေးဟာ မြန်မာပြည်က ၁၀ တန်းပဲ အောင်ပါတယ်။ ထိုင်းနိုင်ငံ ချူလာလွန်ကွန်တက္ကသိုလ်က ဘီအေဘွဲ့ရပြီးမှ အင်္ဂလန်ရောက်သွားပြီး ပီအိတ်ချ်ဒီထိ ရယူနိုင်ခဲ့တာဖြစ်တယ်။ ပညာတတ်လူငယ်တွေ ရှက်စရာမကောင်းဘူးလား။ ပညာ တကယ်လိုချင်ပြီး တကယ်ကြိုးစားရင် မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိပါဘူး။ နောက်ခံဘက်ဂရောင်းဆိုတာ ပညာရေးမှာ ဘာမှသုံးမရပါဘူး။ ပိုက်ဆံမရှိဘဲနဲ့လည်း ပညာသင်လို့ရပါတယ်။ သူတို့တက္ကသိုလ်တွေက လက်ခံနိုင်လောက်တဲ့ အရည်အချင်းမျိုးတော့ မရှိမဖြစ်လိုတာပေါ့လေ။

### ရေမျောကမ်းတင်ပဲဖြစ်လိမ့်မယ်

စိတ်ကူးယဉ်မှန်းဆတာတွေ မလုပ်ဘူး၊ လက်တွေ့အဖြစ်အမှန်ကို အရှိအတိုင်းကြည့်ပြီး လက်တွေ့အခြေအနေနဲ့ ကိုက်ညီတာပဲလုပ်တယ်လို့ ပြောတဲ့သူတွေဟာ စိတ်ကူးရည်မှန်းချက်(ambition)နဲ့ ခေါ်ရမ်းမှန်းဆချက်(speculation)ဆိုတာကို ရောထွေးနားလည်နေကြတာပါ။ စိတ်ကူးရည်မှန်းချက် မရှိတဲ့သူဟာ ဘယ်တော့မှ အောင်မြင်ထွန်းပေါက်တဲ့သူ ဖြစ်နိုင်ပါဘူး။ လူဆိုတာ စိတ်ကူးရည်မှန်းချက်တို့၊ ပန်းတိုင်(goal)တို့၊ မျှော်လင့်ချက်(hope)တို့၊ အိပ်မက်(dream)တို့ ရှိကိုရှိရမယ်။ မရှိတဲ့သူဟာ အချည်းအနှီးလူပဲ၊ ဘာတန်ဖိုးမှမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

လူဆိုတာ အိပ်မက် မက်ကိုမက်တတ်ရမယ်။ အဲဒီအိပ်မက်တွေကို မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ခိုင်ခိုင်မာမာရှိရမယ်။ အဲဒီလို ပြဋ္ဌာန်းချက်အခိုင်အမာရှိတာကို မူရှိတာလို့လည်း ဆိုကြတယ်။ မူရှိမှ လိုရာပန်းတိုင်ကို ရောက်နိုင်တယ်။ မူမရှိဘဲ ရေစုန်၊ လေစုန်မှာ အလိုက်သင့်မျောပါပြီး လိုက်တဲ့သူမျိုးကတော့ ဘယ်တော့မှ လိုရာခရီးပန်းတိုင် မရောက်ဘူး။ 'ရေမျောကမ်းတင်'ပဲ ဖြစ်စရာရှိတယ်။ မူကို ပြတ်ပြတ်သားသားကိုင်စွဲခြင်းဟာ တည်ကြည်ခိုင်မာသူရဲ့ လက္ခဏာ ဖြစ်တယ်။ မျက်စိစုံမှိတ်ပြီး 'ကျားကျားမီးယပ်'လုပ်တာ မဟုတ်ဘူး။ ရည်မှန်းချက် ပန်းတိုင်ရှိခြင်းကိုပြတာ ဖြစ်တယ်။ အခြေအနေအရ 'မီးစဉ်ကြည့်ကတယ်'ဆိုတဲ့ သူမျိုးကတော့ ဘာမူမှမရှိတဲ့ ပုတ်သင်ညိုလို လူစားတွေသာ ဖြစ်တယ်။

### အိပ်မက်မက်စမ်းပါ

ဘာဝါဒ၊ ဘာအစ်ဇင်မှ မယုံကြည်ဘူးဆိုတာကလည်း တကယ်တော့ 'ကြောက်လို့'ပြောတဲ့စကားသာ ဖြစ်တယ်။ ဟိုလူ့ဒီလူက လက်ဝဲပဲ၊ လက်ယာပဲ လက်ညှိုးထိုးမှာ ကြောက်နေတာပါ။ ဦးနှောက်ပုံမှန်အနေအထားရှိသူမှန်သမျှမှာ ယုံကြည်ရာဝါဒတစ်ခုခုတော့ ရှိကြတာချည်းပါပဲ။ ယုံကြည်ချက်ဆိုတာ နိုင်ငံရေးဒဿနတစ်ခုခုကိုသာ ပြောတာမဟုတ်ပါဘူး။ ဗုဒ္ဓဝါဒ၊ အစ္စလမ်အယူဝါဒ၊ ခရစ်ယာန်အယူဝါဒ၊ ဟိန္ဒူအယူဝါဒ၊ ဂျူးအယူဝါဒစတဲ့ အယူဝါဒတွေလည်း ဖြစ်ချင်တာ ဖြစ်နိုင်တာပဲ။ ဘယ်အယူဝါဒကိုပဲယုံယုံ၊ ကိုယ်ယုံတဲ့အယူဝါဒကို ခိုင်ခိုင်မာမာကိုင်စွဲပြီး လိုက်နာကျင့်ကြံတာဟာ ကောင်းတာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဘယ်အယူဝါဒကမှ လောကကြီးပျက်စီးရာပျက်စီးကြောင်းကို ဟောပြောပို့ချတယ်ဆိုတာ မရှိလို့ပဲ။ လောကကြီးကိုဖျက်ဆီးတာက ဘယ်မူဝါဒမှ မရှိဘဲ 'ဘယ်သူသေသေ ငတေမာပြီးရော'စိတ်ဓာတ်မျိုး ရှိသူတွေသာဖြစ်တယ်။

ဒါကြောင့် လူငယ်တွေကို လက်တွေ့လုပ်လို့ရတာတွေနဲ့ပဲ ရောင့်ရဲမနေပါနဲ့။ စိတ်ကူးယဉ်အိပ်မက်တွေ ကောင်းကောင်းကြီးမက်လိုက်ကြစမ်းပါလို့ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါတယ်။

၃၊ ၁၁၊ ၂၀၀၈



# လူသားအားလုံးမေတ္တာဝေတဲ့နေ့

### ကမ္ဘာကြီးတစ်ခုလုံးပျော်တဲ့နေ့

လူတိုင်းမှာ အပျော်ဆုံးနေ့ဆိုတာ ရှိကြတယ်။ အလားတူပဲ လူမျိုးတစ်မျိုးလုံးပျော်တဲ့နေ့၊ နိုင်ငံတစ်ခုလုံးပျော်တဲ့နေ့ဆိုတာလည်း ရှိကြတယ်။ လူတစ်ဦးချင်းစီရဲ့ အပျော်ဆုံးနေ့ဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ဘူး။ လူတစ်ကိုယ် အကြိုက်တစ်မျိုးရှိတတ်တာ သဘာဝပဲ။ တချို့က ရှင်လိုင်ပြန်တဲ့နေ့ဟာ အပျော်ဆုံးတဲ့။ ရှေးကတော့ ဟုတ်ပါလိမ့်မယ်။ ခုခေတ်တော့ ဟုတ်မယ်မထင်ဘူး။ တချို့ကျ ထောင်ကလွတ်တဲ့ နေ့တဲ့။ ဒါကတော့ ဘယ်ခေတ်ဖြစ်ဖြစ်မှန်နေမှာပါ။ တချို့ကတော့ စာမေးပွဲအောင်တဲ့နေ့၊ တချို့က မင်္ဂလာဆောင်တဲ့နေ့။ လူချင်းမတူသလို အပျော်ဆုံးနေ့တွေလည်း မတူနိုင်ကြဘူးပေါ့။

### မင်္ဂလာရှိသောနေ့

လူမျိုးတွေ၊ နိုင်ငံတွေမှာလည်း အဲဒီလိုကွဲပြားနေကြမှာပဲဖြစ်တယ်။ ဒါပေမဲ့ လူမျိုးမရွေး၊ ဒေသမရွေး ကမ္ဘာကြီးတစ်ခုလုံးပျော်တဲ့ နေ့တစ်နေ့ကတော့ ကွဲပြားခြားနားလိမ့်မယ်မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်တို့လို အရှေ့တိုင်းနိုင်ငံတွေကအစ ရုရှား၊ အင်္ဂလန်၊ အမေရိကန်နဲ့ ဘရာဇီး၊ အာဂျင်တီးနားတို့ အလယ်၊ တောင်ညာ၊ ဘောစဝါနာ၊ ဇမ်ဘီယာ၊ ဂမ်ဘီယာနဲ့ လီဆိုသိုတို့တွေအဆုံး နိုင်ငံအားလုံးမှာရှိကြတဲ့ လူသားအားလုံးဟာ အဲဒီနေ့ကို မင်္ဂလာရှိသော နေ့အဖြစ် တပျော်တပါး ဆင်နွှဲကြတဲ့အတွက် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### မေတ္တာတွေဝေမျှတဲ့နေ့

အဲဒီလို ကမ္ဘာကြီးတစ်ခုလုံးပျော်တဲ့နေ့ဟာ နှစ်သစ်ကူးတဲ့နေ့ ဖြစ်ပါတယ်။ နှစ်ဟောင်းတစ်ခု ကုန်ဆုံးလွန်မြောက်ပြီး နှစ်သစ်တစ်ခုကို ကူးပြောင်းသွားတဲ့အခါမှာ လူသားအားလုံးရဲ့စိတ်ထဲမှာ မိမိတို့ရဲ့ကံကြမ္မာဆိုးတွေနဲ့ စိတ်ညစ်စရာ အပူသောကမှန်သမျှဟာ နှစ်ဟောင်းနဲ့အတူလိုက်ပါကွယ်ပျောက်သွားပြီး ထုတိသြဘာမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ ကျက်သရေအဖြာဖြာတို့ဟာ နှစ်သစ်နဲ့အတူ ဝင်ရောက်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်သစ်တွေ ဝေစည်ခဲ့ကြတယ်။ အဲဒီမျှော်လင့်ချက်သစ်တွေကြောင့် စိတ်လက်ပေါ့ပါးကြည်လင်စွာနဲ့ မြူးထူးပျော်ရွှင်ကြတယ်။ အိမ်နီးနားချင်း မိတ်ဆွေသင်္ဂဟတွေနဲ့ ဘိုးဘွား၊ မိဘ၊ ဆွေမျိုးသားချင်း မှန်သမျှကို မေတ္တာတွေမျှဝေပြီး အပျော်တွေ ကူးစက်ကြစေတယ်။ လောကကြီးတစ်ခုလုံးကိုလည်း ပျော်စေချင်ကြတယ်။ အဲဒါကြောင့် ပတ်ဝန်းကျင်အနီးအနားမှာ ရှိရှိသမျှ ကသိုလ်ကြမ္မာနံ့နဲ့ရှာသူ ဘဝတူလူသတ္တဝါအပေါင်းကို ဘယ်လက်နဲ့မျက်ရည်သုတ်ပြီး ညာလက်နဲ့ စားရေရိက္ခာတို့ ဝေမျှပေးကမ်း လှူဒါန်းမှုအစုစု ပြုကြပါတယ်။ တချို့ကတော့ လူသတ္တဝါတွေသာမက မိမိနဲ့ လက်တစ်ကမ်းမှာရှိကြတဲ့ အနှောင်အဖွဲ့ခံ သက်ရှိသတ္တဝါများကိုပါ လှောင်အိမ်တံခါးများကိုဖွင့် နှောင်ကြိုးများကို ဖြေပြီး လွတ်မြောက်ခြင်းကိုပေးကြတယ်။ တချို့ကတော့ သားသတ်သမားတို့ရဲ့ ဓားအောက်မှာ သေအံ့ဆဲဆဲသတ္တဝါများကို၊ အခကြေးငွေပေး ဝယ်ယူပြီး ဘေးမဲ့ပေးကြတယ်။

### အသပြာပန်းသီးစားမိလို့

သဘာဝကိုက မေတ္တာပွားများ အကြင်နာထားတတ်ကြလို့ 'လူသား' လို့ သတ်မှတ်ခဲ့ကြတာမဟုတ်လား။ နောင်မှသာ အသပြာပန်းသီး စားမိတာကြောင့်၊ 'ကြောင်ဖြူ ကြောင်မည်းက အရေးမကြီးဘူး။ ကြွက်မိဖို့သာ လိုရင်းပဲ'ဆိုတဲ့ 'ဘယ်သူသေသေ ငတေမာပြီးရော' စိတ်ဓာတ်မျိုးတွေ တဖြည်းဖြည်း လွှမ်းမိုးသွားရတာဖြစ်တယ်။ သဘာဝအားဖြင့် လူသားတိုင်းမှာ လောကပါလတရား ကိုယ်စီကိုယ်င ရှိကြပါတယ်။ နှစ်သစ်ကူးတဲ့နေ့မှာ အဲဒီစိတ်ဓာတ်တွေ ပြန်လည်နိုးကြားလာကြတာဖြစ်တယ်။ လောကပါလတရားတွေ ပြန်လည်ဆန်းသစ်ရှင်သန်လာတာနဲ့ တစ်ပြိုင်နက်



လူတိုင်းဟာ စိတ်လက်ပေါ့ပါးလန်းဆန်းပြီး ပျော်ရွှင်ချမ်းမြေ့နိုင်တာ ဖြစ်တယ်။ အဲဒါကြောင့် အဲဒီနေ့ကို ကမ္ဘာကြီးတစ်ခုလုံး 'မင်္ဂလာရှိသောနေ့' လို့ သတ်မှတ်ချင်မိတယ်။

### အရူးလုပ်ပွဲ

ကမ္ဘာ့နှစ်သစ်ကူးနေ့ဟာ အနောက်ကမ္ဘာလူ့အဖွဲ့အစည်းမှာ ထင်ရှားတဲ့ April Fool ခေါ် 'ဧပြီအရူးလုပ်ပွဲ'နဲ့လည်း ဆက်စပ်မှုရှိခဲ့တယ်။ ကမ္ဘာတစ်ခုလုံး ဒီနေ့သုံးနေတဲ့ Gregorian Calendar ဆိုတာ မပေါ်ခင်က ဧပြီ ၁ ရက်နေ့ကို နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခဲ့ကြတယ်။ ၁၅၆၄ ခုနှစ်မှာ လက်ရှိပြက္ခဒိန်ကို စတင်သုံးစွဲတော့ ဇန်နဝါရီလ ၁ ရက်ကို နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်လိုက်ကြတယ်။ အဲဒီလို ပြောင်းလိုက်ပေမယ့် နောက်ပြောင်ပျော်ရွှင်တတ်တဲ့လူငယ်တွေက ဧပြီ ၁ ရက်နေ့မှာ မိတ်ဆွေသင်္ဂဟများအိမ်ကို သွားပြီး ပျော်ရွှင်တဲ့နှစ်သစ်ဖြစ်ပါစေ'လို့ သွားဆုတောင်းကြပါတယ်။ အိမ်ရှင်က ဧပြီ ၁ ရက်နေ့မဟုတ်တော့ဘူး။ ပြောင်းသွားပြီလေလို့ ပြောပေမယ့်လည်း ရောက်နေမှတော့ ကျွေးကြပါတော့ဆိုပြီး အတင်းကျွေးခိုင်းကြတယ်။ အဲဒီလိုလုပ်ရာကစပြီး ဧပြီ ၁ ရက်နေ့မှာ ချစ်ခင်ရင်းနှီးသူတွေကို နောက်ပြောင်ကျီစယ်တဲ့ 'အရူးလုပ်' ဓလေ့ ထွန်းကားလာခဲ့တာဖြစ်တယ်။ အနောက်ယဉ်ကျေးမှု ပြန်လည်လွှမ်းမိုးစပြုလာတဲ့ 'ရေပေါ်ဆီ'လူ့အသိုင်းအဝန်းကြားမှာ 'ပေရယ်ဖူးလ်' လုပ်ကြတာတွေကို ခုနောက်ပိုင်း တွေ့လာရပါတယ်။

### အဓိဋ္ဌာန်ပြုတဲ့နေ့

နှစ်သစ်ကူးချိန်ရောက်တိုင်း လူအများစုက ဆုံးဖြတ်ချက်သစ်၊ အဓိဋ္ဌာန်သစ်တွေ ချမှတ်လေ့ရှိကြတယ်။ ပထမဆုံး စတင်သုံးစွဲတဲ့ ဒိုင်ယာရီသစ်ရဲ့ အဖွင့်စာမျက်နှာတစ်မျက်နှာမှာ အဲဒီအဓိဋ္ဌာန်သစ်တွေကို ရေးထားတတ်ကြတယ်။ ကျောင်းသားအရွယ်တွေက နှစ်သစ်ကူးတဲ့နေ့ကစပြီး တစ်ရက်ကို ဘယ်နှစ်နာရီစာကျက်မယ်ဆိုတာမျိုး ချလေ့ရှိတယ်။ လူငယ်လူလတ်တွေက နှစ်သစ်ကူးတဲ့နေ့ကစပြီး ဆေးလိပ်ဖြတ်မယ်၊ အရက်ဖြတ်မယ်လို့ အဓိဋ္ဌာန်ပြုတတ်ကြတယ်။ အိမ်ထောင်ရှင်တွေကျတော့ နှစ်သစ်ကစပြီး တစ်လကို ပိုက်ဆံဘယ်လောက်စုမယ်လို့ ဆုံးဖြတ်တတ်



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ လူအိုလူမင်းတွေကတော့ နှစ်သစ်ကူးတဲ့နေ့ကစပြီး အဓိဋ္ဌာန်ပုတီး ဘယ်နှစ်ပတ်စိပ်မယ် ဆိုတာမျိုး၊ တစ်နေ့ ဘယ်နှစ်နာရီ တရားထိုင်မယ် ဆိုတာမျိုး အဓိဋ္ဌာန်ပြုကြပါတယ်။ ဒါပေမဲ့လို့ ဘယ်ကျောင်းသားမှ ဆုံးဖြတ်ထားတဲ့နာရီပြည့်အောင် စာကျက်တယ်ဆိုတာမျိုး မရှိပါဘူး။ အလားတူပဲ ဘယ်ဆေးလိပ်သမား၊ အရက်သမားမှလည်း တကယ်ပြတ်သွားတယ်လို့ မရှိပါဘူး။ နှစ်ရက်သုံးရက်လောက်နေတော့ ခံတွင်းချဉ်လို့၊ လက်တုန်လို့ဆိုတဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ သံသရာ ဆက်လည်နေကြတာပါပဲ။

ကတိဆိုတာ ချိုးဖောက်ဖို့

အဲဒါကြောင့်လည်း Promises are made to be broken. ကတိတွေဆိုတာ ချိုးဖောက်ဖို့ပေးကြတာပဲဆိုတဲ့ အင်္ဂလိပ်စကား ရှိလာခဲ့တာပေါ့။ ကတိပဲဖြစ်ဖြစ်၊ ဆုံးဖြတ်ချက်ပဲဖြစ်ဖြစ်၊ အဓိဋ္ဌာန်ပဲဖြစ်ဖြစ် တကယ်လုပ်နိုင်မှ ပေးသင့်လုပ်သင့်တယ်။ မလုပ်နိုင်ရင် လုံးဝမပေးဘဲနေတာက ပိုကောင်းတယ်။ အဓိဋ္ဌာန်ပြုလိုက်၊ ဖောက်ဖျက်လိုက်၊ ကတိပေးလိုက်၊ မတည်လိုက်ဖြစ်နေခြင်းဟာ လူတစ်ဖက်သားက ကိုယ့်အပေါ် ယုံကြည်မှုကင်းမဲ့ပြီး အထင်အမြင်သေးစေရုံသာမက အဲဒီထက်ဆိုးတဲ့ အကျိုးဆက်ကို ဖြစ်စေပါတယ်။ အဲဒီဆိုးကျိုးကတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု(self-confidence) ကင်းမဲ့သွားခြင်းဖြစ်တယ်။ အဲဒီစိတ်ကြောင့် သိမ်ငယ်စိတ်ဝင်တာတို့၊ စိတ်ကျရောဂါတို့ ပေါ်ပေါက်လာရတာဖြစ်တယ်။ သူတစ်ပါးက ကိုယ့်ကို ယုံကြည်မှုကင်းမဲ့တာထက်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့တာ ပိုပြီးခံရခက်၊ ပိုပြီးအန္တရာယ်များပါတယ်။ အဓိဋ္ဌာန်တွေ ပျက်လွန်းအားကြီးရင် ကတိတွေဖောက်ဖျက်လွန်းအားကြီးရင် နောက်ဆုံးမှာ 'ငါ အသုံးမကျဘူး'၊ 'အလကားကောင်ပဲ'ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်စိတ်တွေ ဝင်လာလေ့ရှိပါတယ်။

မေတ္တာတွေဝေကြပါ

အဲဒါကြောင့် ဘယ်ကိစ္စမျိုးမဆို တည်နိုင်မှ ကတိပေးပါ၊ လိုက်နာနိုင်မှ အဓိဋ္ဌာန်ပြုပါလို့ လူငယ်တွေကို သတိပေးချင်တယ်။ 'နှစ်သစ်အဓိဋ္ဌာန်'ဆိုတာက တကယ်တော့ မြို့သားပညာတတ်များရဲ့ 'ဖက်ရှင်'



တစ်ခုသာ ဖြစ်ပါတယ်။ ဘာမှအရေးပါလှတာ မဟုတ်ပါဘူး။ အရေးကြီးတာက နှစ်သစ်ကူးတဲ့နေ့ဟာ တကယ်မင်္ဂလာရှိတဲ့နေ့ဖြစ်အောင် လူ့လောကကောင်းကျိုးအတွက် မေတ္တာပွားများ၊ အကြင်နာထားကြဖို့သာ ဖြစ်ကြောင်း နှိုးဆော်လိုက်ချင်ပါတယ်။

၅၊ ၁၁၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာခြံ့မှုလုံ့ပါတယ်

လေဖြတ်ပြီး ညာလက်မသန်တော့လို့ ဘယ်လက်နဲ့ပြန်ကျင့်ပြီး စာရေးနိုင်ကတည်းက အဆက်မပြတ်စာတွေရေးလာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိပြီဆိုတော့ ဒုက္ခိတခန္ဓာကိုယ်ကြီးက နားချင်နေပြီ။ သစ်တစ်ပင်အောက်မှာ၊ ဝါးတစ်ရုံအောက်မှာ လက်ဖက်ရည်အဖန်တစ်အိုး၊ စာအုပ်တစ်အုပ်နဲ့ လက်ဖက်ကလေးမြုံ့ပြီး အေးအေးသက်သာနေချင်တော့ပြီ။ ဒါပေမဲ့ 'စာရေးတဲ့အလုပ်ကို တာဝန်တစ်ခုလိုသဘောထားပြီး လုပ်ရမယ်ကွဲ့'လို့ အမြဲပြောတဲ့ ကျေးဇူးရှင် ဒေါ်ဒေါ်(လူထုဒေါ်အမာ)ရဲ့ စကားက နားထဲမှာ အမြဲပဲ့တင်ထပ်နေတာကြောင့် မနားဝံ့ဘဲ အမြဲမပြတ် စာတွေရေးဖြစ်နေခဲ့တယ်။ ကံ့ကူလက်လှည့်ဆရာတွေဖြစ်ကြတဲ့ ဦးလေးလှနဲ့ ဒေါ်ဒေါ်မာတို့ကိုယ်တိုင်လည်း ဘယ်အခြေအနေ၊ ဘယ်အချိန်အခါမျိုးမှာမှ ကလောင်ကို ချခဲ့ကြတာမဟုတ်ဘဲကိုး။

### ရင်ထဲကဖြစ်တဲ့စာ

ဆရာတွေရဲ့ အဆုံးအမကြောင့် စာတွေကို တာဝန်တစ်ခုသဖွယ် သဘောပိုက်ပြီး အဆက်မပြတ်ရေးခဲ့တာကြောင့် ဘယ်လက်နဲ့ရေးတဲ့ (လက်ဝဲစာရေးဆရာစစ်စစ် ဖြစ်ပြီးကာမှ) စာတွေ အုပ်ရေပေါင်း အစိတ်သုံးဆယ်တောင် ရှိခဲ့ပြီ။ ဒါပေမဲ့လို့ ဝတ္ထုလို၊ ကဗျာလို 'ရင်ကဖြစ်တဲ့စာ' မျိုး(creative works)တွေ ရေးတာမဟုတ်ဘဲ ခေါင်းနဲ့ရေးတဲ့စာမျိုးတွေသာ ရေးဖြစ်တာဖြစ်လေတော့ တာဝန်တစ်ခုကို ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့လို့ စိတ်ထဲမှာ ကျေနပ်မှုတစ်စုံတစ်ရာဖြစ်တာထက် ပိုတဲ့ခံစားမှုမျိုး မရှိခဲ့ပါဘူး။ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေပြောလေ့ရှိတဲ့ ကိုယ့်လက်ရာ ကိုယ်ပြန်ကြည့်ပြီး ကြည်နူးပီတိဖြစ်ရတယ်ဆိုတာမျိုး မခံစားဖူးပါဘူး။ ဒါကိုလည်း နားလည်သဘောပေါက်ပါတယ်။ ရင်ထဲက



ဖြစ်လာတဲ့စာမျိုးရေးမှ ရင်ထဲမှာ ပီတိဖြစ်နိုင်တာကိုး။ မူလအစကတည်းက ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ခဲ့တဲ့ သတင်းသမားရဲ့ အလုပ်သဘာဝကိုက ရင်ထဲကခံစားမှုကို ဖျောက်ပြီးမှ စာကို ခေါင်းနဲ့ရေးရတာမဟုတ်လား။ ကိုယ့်အလုပ် ကိုယ်ကျေနပ်ပါတယ်။ ဒီအလုပ်ကို ရွေးချယ်လုပ်ကိုင်ခဲ့မိတဲ့အတွက်လည်း (ငြိုငြင်ခံရတာတွေ၊ အန္တရာယ်မျိုးစုံ ကြုံတွေ့ရတာတွေ ရှိပေမယ့်လည်း) ဝမ်းသာဂုဏ်ယူမိပါတယ်။

### စာတွေမတွေ့ရလို့

စာရေးဆရာ၊ ကဗျာဆရာတွေ ပန်းချီဆရာတွေရဲ့ ကြည်နူးပီတိမျိုး မဟုတ်ပေမယ့် တစ်ခါတစ်ခါမှာတော့ ထူးခြားတဲ့ ကြည်နူးပီတိဖြစ်ရတာမျိုးတွေ ကြုံတွေ့ရတတ်တယ်။ အဲဒါကြောင့်လည်း အားတွေဖြစ်ပြီး စာတွေဆက်ပြီး အဆက်မပြတ်ရေးဖြစ်နေတာ ဖြစ်တယ်။ တစ်နေ့က အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်မှာ ကျောင်းတက်နေတဲ့ကျောင်းသားလေးတစ်ယောက်ဆီက ဖုန်းလာပါတယ်။ Weekly Eleven ဂျာနယ်ထဲမှာ ဆောင်းပါးမတွေ့ရတာ သုံးပတ်တောင်ရှိပြီဖြစ်လို့ ကျန်းမာရေးအတွက် စိတ်ပူပြီး ဆက်လိုက်တာပါတဲ့။ သူဆက်ရုံတင်မကဘူး သူ့အဖေဆီကိုလည်း လှမ်းပြောလိုက်လို့ သူ့အဖေက ကိုယ်တိုင်လာပြီး မေးပါသေးတယ်။

အဲဒီနေ့ကပဲ မတွေ့တာအတော်ကြာပြီဖြစ်တဲ့၊ ဖနီးဖြစ်သူနဲ့ မန္တလေးတက္ကသိုလ်မှာ ကျောင်းနေဘက်၊ နောက်တော့ တောင်ကြီးမှာ မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းများအသင်း အတူတူလုပ်ဘက် မိတ်ဆွေဟောင်းတစ်ယောက်ကလည်း ဆောင်းပါးတွေမတွေ့လို့ စိတ်ပူပြီး ဆက်ပါသေးတယ်။ နောက်ရက်တွေမှာလည်း ဟိုကဒီက ဖုန်းတွေဆက်ကြပါတယ်။ တချို့က လူကိုယ်တိုင်ရောက်လာကြပါတယ်။ တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်က ဦးပဉ္စင်းလေးတစ်ပါးကလည်း သတင်းကြားလို့ လူလွှတ်ပြီး ကြည့်နိုင်းပါသေးတယ်။ အဲဒါမျိုးတွေကြုံရတော့လည်း စာဖတ်ပရိသတ်ရဲ့မေတ္တာကို ခံစားမိပြီး ကြည်နူးပီတိတွေ ဖြာဝေခဲ့ရပါတယ်။

### အသက်ပါတော့မလို့

တကယ်တော့လည်း အဲဒီလိုမေတ္တာတွေ၊ မေတ္တာတွေ အနန္တကြောင့် ခုလောက်ထိ အသက်ရှည်နေသေးတာပါလို့ပြောရင်တောင် မမှားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းနေရင်မသိပေမယ့် အရေးကြုံလာရင်တော့ လူတွေရဲ့မေတ္တာဟာ ထင်ရှားပေါ်လွင်လာလေ့ရှိတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာ ၁၅ ရက်နေ့က အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့အထိ ကြီးမားတဲ့ဝေဒနာတစ်ခု ရုတ်တရက် ခံစားလိုက်ရပါတယ်။ အဲဒီနေ့က အမြဲတမ်း ဂရုစိုက်စောင့်ရှောက်ပေးနေတဲ့ သမားတော်မလေးနဲ့ ပုံမှန်ပြရိုးပြစဉ်ပြဖို့ ရွှေဂုံတိုင်ဆေးရုံကြီးကို ရောက်သွားပါတယ်။ ဆရာဝန်က ဓာတ်မှန်ရိုက်ပါဦးဆိုတာကြောင့် တွန်းလှည်းနဲ့ ဓာတ်မှန်ခန်းကိုအသွား လမ်းတစ်ဝက်မှာ ရုတ်တရက်အရမ်းမောလာပြီး အသက်ရှူမဝဖြစ်သွားပါတယ်။ ဆရာဝန်မလေးက ချက်ချင်းအပြေးလိုက်လာပြီး နီးရာအရေးပေါ်ခန်းတစ်ခုထဲ ဆွဲသွင်းသွားပါတယ်။ တစ်ကိုယ်လုံး ချွေးစေးတွေထွက်ပြီး ဟောဟဲဟောဟဲ ဖြစ်နေပါတယ်။ အသက်ပါသွားတော့မယ်လို့ကို ထင်မိတယ်။ အကြောင်းသိပြီးဖြစ်တဲ့ သမားတော်မလေးက တွန်းလှည်းပေါ် ထိုင်ရင်းအနေအထားနဲ့ပဲ အဆုတ်ထဲကို ဆေးထိုးအပ်သွင်းပြီး လေတွေစုပ်ထုတ်လိုက်မှ နည်းနည်းအသက်ရှူလို့ရသွားတယ်။ အဆုတ်ထဲက လေအိတ်ပေါက်သွားတာကြောင့် လေတွေက ဖိထားလို့ အဆုတ်က မလှုပ်နိုင်မရှားနိုင်ဖြစ်သွားပြီး အလုပ်မလုပ်နိုင်ဘဲ ဖြစ်သွားတာတဲ့။

## အရေးပေါ်ခွဲစိတ်ကုသ

ဆေးထိုးအပ်နဲ့စုပ်ထုတ်လို့ နည်းနည်းအသက်ရှူလို့ရလာသလို ရှိပေမယ့် ဟောဟဲဟောဟဲကတော့ ဖြစ်နေတုန်းပဲ။ ဘေးက လက်ကိုကိုင်ပြီး ရပ်နေတဲ့ သမီးလေးမျက်နှာဟာ ဆီးရွက်လောက်ပဲရှိတော့တယ်လို့ ထင်ရတယ်။ သမီးလေးတင်ဘယ်ကမလဲ၊ သမီးတစ်ယောက်သဖွယ် အမြဲတမ်း ဂရုစိုက်စောင့်ရှောက်ပေးနေတဲ့ သမားတော်မလေးလည်း မျက်စိပျက်မျက်နှာပျက်နဲ့ 'ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ သမီးရှိတယ်။ ဘဘ ဘာမှမဖြစ်ဘူး' လို့ တဖွဖွပြောနေသံတွေ ကြားနေရတယ်။ ခဏနေတော့ ခွဲစိတ်အထူးကုဆရာဝန်ကြီးကို သူကိုယ်တိုင်ပြေးပင့်တယ်။ ခွဲစိတ်ဆရာဝန်ကြီးကလည်း ခွဲစိတ်ခန်းထိတောင် မသယ်စေတော့ဘဲ နေရာမှာတင် အရေးပေါ်ခွဲပြီး အဆုတ်ထဲကို ပိုက်ပျော့ထိုးသွင်းလိုက်တယ်။ အဲဒီပိုက်ကနေပြီး ရေတွေနဲ့လေတွေထွက်လာတာ ပုလင်းတစ်လုံးပြည့်လောက် ရောက်တော့မှ အသက်ရှူလို့ရလာတော့တယ်။ အဲဒီလို ပိုက်တန်းလန်းနဲ့ ပုလင်းနဲ့ တစ်ပတ်တိတိနေလိုက်ရတယ်။ ရိုက်လိုက်ရတဲ့ ဓာတ်မှန်တွေဆိုတာလည်း မနည်းဘူးပဲ။ ဖြစ်ဖြစ်ချင်းနေ့တစ်နေ့တည်းကို ဓာတ်မှန်သုံးခါရိုက်ရတယ်။ CT Scan လည်း ဆေးမထိုးဘဲတစ်ခါ၊ ဆေးထိုးပြီး တစ်ခါ ရိုက်လိုက်ရတယ်။ တစ်ပတ်ပြည့်လို့ ပိုက်ဖြုတ်ပြီး နောက်တစ်နေ့ ညနေမှာပဲ ဆေးရုံကဆင်းခဲ့တယ်။ ချုပ်ရိုးကတော့ နောက်တစ်ပတ်မှ ဖြေရမှာတဲ့။



## မေတ္တာတွေအနန္တ

ပြောချင်တာက မေတ္တာတွေအကြောင်းပါ။ အထူးကုသမားတော်မလေးဟာ လွန်ခဲ့တဲ့နှစ်နှစ် ဆေးရုံတက်ရကတည်းက စောင့်ရှောက်ပေးလာခဲ့တာ တကယ်ကို သမီးတစ်ယောက်အတိုင်းပါပဲ။ ပိုက်ဆံလည်း တစ်ပြားမှ ယူတာမဟုတ်ဘူး။ ဆေးစာအုပ်ပေါ်မှာကို F.O.C(Free Of Charge)လို့ ရေးပေးထားတာ။ အမြဲသုံးနေရတဲ့ အဖိုးအခနဲ့ တခြားဆေးဝါးတွေလည်း ခဏခဏလက်ဆောင်ပေးသေးတယ်။ အခုမှစတွေ့ရတဲ့ ခွဲစိတ်ဆရာဝန်ကြီးကလည်း မေတ္တာနဲ့လုပ်ပေးတာ F.O.C ပဲတဲ့။ ဆေးရုံက နေ့ညတာဝန်ကျ ဆရာဆရာမတွေအားလုံးကလည်း အထူးဂရုစိုက်ကြတယ်။ လိုလေသေးမရှိပါပဲ။ မေတ္တာတွေ၊ မေတ္တာတွေအနန္တပါ။ လူတွေရဲ့မေတ္တာနဲ့ နောက်ဆက်တင်းစရာမလိုဘဲ ဆေးရုံမှာ အေးအေးသက်သာ နေနိုင်ခဲ့တာဖြစ်ပါတယ်။ မွေးစားသမီးသုံးယောက်မှာ အကြီးဆုံးနဲ့ လက်ထွေရဆုံး ပအိုဝ်မလေးကို ကျောင်းတက်ဖို့ စင်ကာပူလွှတ်ထားတော့ အိမ်မှာ နီးကလေးနှစ်ယောက်ပဲ ကျန်တယ်။ အကြီးမလေးက ဘွဲ့ရပြီးသွားလို့ အားနေသေးလို့ တော်သေးတယ်။ နို့မို့ တော်တော်ဒုက္ခများမှာ။ အငယ်ကတော့ ဆယ်တန်းကျောင်းသူဆိုတော့ ကျောင်းနဲ့ကျူရှင်နဲ့ နပမ်းလုံးနေရတာ။ အကြီးမနဲ့သမီးက ဆေးရုံမှာ အချိန်ပြည့်စောင့်ရတာဆိုတော့ ညဖက် အငယ်မလေးတစ်ယောက်တည်း အိမ်မှာဖြစ်မှာမဟုတ်ဘူးဆိုပြီး ရန်ကုန်မှာပြီးကျောင်းတက်နေတဲ့ မန္တလေးကမိတ်ဆွေရဲ့ သမီးနှစ်ယောက်က အလှည့်ကျစောင့်ပေးကြတယ်။

## ဆက်ရှိဦးမှာ

ထမင်းကိုတော့ နမတစ်ယောက်ကချက်ပြီး ရုံးလာရင်း အိမ်မှာ ချိုင့်ပို့သွားခဲ့တယ်။ အိမ်အောက်မှာဂိတ်ထိုးတဲ့ ကားဆရာတွေက ကြုံတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com

ချိုင့်လှပြီး ဆေးရုံလာပို့တယ်။ မန္တလေးက ဒေါ်ဒေါ့်သမီးတစ်ယောက်က လည်း သမီးအားငယ်နေမှာစိုးလို့ဆိုပြီး ချက်ချင်းရောက်လာ အဖော်ပြု ပေးတယ်။ ကဲ ... ဘယ်လောက်ပြည့်စုံလိုက်သလဲ။ ဘာတစ်ခုမှ လိုလေ သေးမရှိပါဘူး။ တကယ်တော့ လောကကြီးတစ်ခုလုံးမှာ ပြေးကြည့်ရှု အဖေတစ်ခု သမီးတစ်ခုရှိတာ။ ပိုက်ဆံလည်းမချမ်းသာပါဘူး။ ရာထူးတွေ အာဏာပါဝါတွေလည်း တစ်ခုမှမရှိပါဘူး။ ဒါပေမဲ့ ပေါများလိုက်တာ မေတ္တာတွေ၊ မေတ္တာတွေလေ။ ဘာနဲ့မှ ဝယ်လို့မရ၊ ဘယ်လိုနည်းနဲ့မှ ညှစ်ယူလို့မရတဲ့ လူတွေရဲ့ မေတ္တာတွေအနန္တကြောင့် ဘေးမသီရန်မခဘဲ အိမ်ကိုပြန်ရောက်ခဲ့ရပြန်တယ်။ အင်္ဂလိပ်စကားတစ်ခွန်းရှိတယ်။ 'လူဆို တာ ချစ်တာနဲ့လေရှူတာနဲ့တင် အသက်ရှင်မနေနိုင်ဘူး' (Man cannot live on love and fresh air only) တဲ့လေ။ ဒီစကား တက်တက်စင် မှားတာပေါ့။ ကိုယ်တိုင်က 'သက်ရှိဥပမာ'ပဲ မဟုတ်လား။ အောက်စီဂျင် ပိုက်ရယ်၊ မေတ္တာတွေရယ်နဲ့ပဲ ခုထိအသက်ရှင်နေသေးတာလေ။

မေတ္တာရဲ့အစွမ်းဟာ မယုံနိုင်လောက်အောင်ကို ကြီးမားပါတယ်။ မေတ္တာခြုံရင် အားလုံးလုံခြုံတယ်။ ဘာကိုမှ ကြောက်စရာမလိုဘူး။ မေတ္တာဟာ 'လိုတရ' ပြဒါးရှင်လုံး ဖြစ်တယ်။ အားလုံးပြီးပြည့်စုံတယ်။ ဒါကြောင့် တန်ဖိုးသိပ်ကြီးတယ်။ ငွေဘယ်လောက်ပုံပေးပေး ဝယ်လို့ရနိုင် တာမျိုး မဟုတ်ဘူး။ အတင်းအကြပ်ဖန်တီးယူလို့လည်း မရဘူး။ မေတ္တာကို ရဖို့ တစ်နည်းပဲရှိတယ်။ ဒီနည်းက ကိုယ့်မေတ္တာနဲ့ရင်းတဲ့ နည်းပဲ။ လူအများ ရဲ့မေတ္တာကိုလိုချင်ရင် ကိုယ်ကအရင် မေတ္တာပေးရတယ်ဆိုတာ လောကရဲ့ အရိုးစင်းဆုံးနိယာမဖြစ်တယ် မဟုတ်ဘူးလား။

၉၊ ၁၂၊ ၂၀၀၈



## ရှုပ်ထွေးကြွယ်ကြွကျခြင်းနဲ့ ကမ္ဘာဖျက်ကပ်ကြီးကြုံရခြင်း

စာမရေးနိုင်တာ တစ်လကျော်ရှိသွားပြီဖြစ်တာကြောင့် စာဖတ် ပရိသတ်များက ဖုန်းဆက်ပြီး သတင်းမေးကြတယ်။ နယ်ပရိသတ်များက စာရေးပြီး မေးကြတယ်။ နေ့စဉ်မှန်မှန်ဖုန်းဆက်ပြီး ကျန်းမာရေးအခြေအနေ မေးသူများလည်း ရှိကြတယ်။ မတ်နဲ့ ဧပြီ အပူဒဏ်ကြောင့် မထနိုင် အောင်ဖြစ်နေတဲ့အတွက် ဖုန်းလာတာတွေကိုတောင် လက်ခံစကားမပြော နိုင်ခဲ့ဘူး။

**ဒုတိယအမေရဲ့နာရေး**

အိပ်ရာကမထနိုင်ဖြစ်နေချိန်မှာမှ ဒုတိယအမေသဖွယ်နေတဲ့ ဒေါ်ဒေါ် လှထုဒေါ်အမာ ဧပြီ ၇ ရက်မှာ ဆုံးပါးသွားတာကြောင့် အကြီးအကျယ် စိတ်ထိခိုက်ပြီး အခြေအနေက ပိုဆိုးသွားတယ်။ သွေးပေါင်ချိန်က ၇၀/၄၀ အထိ ကျနေတာကြောင့် ခေါင်းကိုမထူနိုင်အောင် ဖြစ်ခဲ့ရတယ်။ ဆုံးသွား ပြီလို့ သိလိုက်ရတဲ့အချိန်ထက် မဆုံးခင်တစ်ပတ်လုံးလုံး ဆေးရုံပေါ်မှာ ရှိနေစဉ်က အချိန်ပြည့် ရင်တလှပ်လှပ်ဖြစ်နေရတာက ပိုပြီးဒဏ်ခံရတယ်။ မန္တလေးက တစ်နေ့သုံးလေးကြိမ် ဖုန်းဆက်သတင်းပေးနေကြပေမယ့် စိတ်ကပူလွန်းနေတော့ နှစ်နာရီခြားတစ်ခါ၊ သုံးနာရီခြားတစ်ခါ ဖုန်းဆက်ပြီး သတင်းမေးနေရတယ်။ တစ်ပတ်လုံးလုံး ရင်တလှပ်လှပ်နဲ့ သောကဖိစီး နေခဲ့တယ်။ ဆေးရုံစတင်တဲ့နေ့ကတည်းက ချက်ချင်းလိုက်ချင်ပေမယ့် ဆရာဝန်က လေယာဉ်စီးလို့မဖြစ်ဘူးလို့ တားမြစ်ထားတာကြောင့် အခက် ကြုံရတယ်။ သက်သောင့်သက်သာရှိအောင် ကားကိုဖြည်းဖြည်းမောင်းပြီး သွားဖို့ စီစဉ်တော့လည်း မန္တလေးအိမ်က အားလုံးဝိုင်းတားကြတယ်။ အဏ်ခံနိုင်မှာမဟုတ်ဘူးလို့ ဆိုကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ရှဝ်ကြယ်ကြွေသလို

မျက်စိအောက်မှာမြင်နေရင် တော်ဦးမယ်။ မမြင်ရဘဲ အဝေးကနေ ရင်တလှပ်လှပ်နဲ့ ပူနေရတာက ပိုပြီးခံရခက်တယ်။ တယ်လီဖုန်းမြည်သံကြားတိုင်း ရင်ထဲမှာဒိန်းကနဲ၊ ဒိန်းကနဲ ဖြစ်သွားတာ။ ညဆိုရင် ၁၁ နာရီ ၁၂ နာရီလောက်မှာ နောက်ဆုံးဖုန်းဆက်ပြီးမှ အိပ်ရာထဲဝင်တာ။ အိပ်လို့လည်း ဘယ်ပျော်မှာလဲ။ ဒီလိုနဲ့ပဲ ဧပြီ ၇ ရက်မနက်မှာ ကျွန်တော့်အမေ ဆုံးသွားခဲ့တယ်။ ၉၃ နှစ်မှာကွယ်လွန်တာဆိုတော့ မီးစာကုန်ဆီခန်းလို့ဆိုနိုင်ပေမယ့် မိုးပေါ်က ရှဝ်ကြယ်ကြွေကျသွားသလို ရင်ထဲမှာ ခံစားရတာတော့ ဘယ်တားဆီးလို့ ရနိုင်မှာလဲ။

### ကမ္ဘာ့ဖျက်မုန်တိုင်းကြီးလို

ရှဝ်ကြယ်ကြွေကျသွားလို့ တုန်လှုပ်ချောက်ချားနေတာမှ မပြေပျောက်ခင်၊ မေ ၂ ရက်ညမှာ ကမ္ဘာဖျက်မုန်တိုင်းကြီးအလား၊ မကြုံဖူးအောင်ကို ပြင်းထန်လှတဲ့မုန်တိုင်းကြီး ဝင်ရောက်တိုက်ခိုက်တာကို အသည်းတုန်အူတုန် ခံလိုက်ရပြန်တယ်။ နာဂစ်မုန်တိုင်းတဲ့။ ငယ်ငယ်က နှစ်သက်ချစ်ခင်ခဲ့တဲ့ အိန္ဒိယရုပ်ရှင်မင်းသမီးနာဂစ်နဲ့ နာမည်တူပေမယ့် နာဂစ်လို ချစ်စရာမကောင်းဘူး။ ရုပ်ရှင်မင်းသမီးနာဂစ်ကို ခြောက်ဆယ်ခုနှစ်များအတွင်း လူငယ်တွေက 'မားသားအင်ဒီးယား'ရုပ်ရှင်ကားနဲ့ စွဲလမ်းခဲ့ကြသလို တိုးတက်တဲ့ခံယူချက်ရှိသူ ရုပ်ရှင်မင်းသားကြီး ရာ့ဂျ်ကပူးနဲ့ တွဲဖက်ညီသူဖြစ်လို့လည်း ချစ်ခင်ကြတယ်။ မုန်တိုင်းနာဂစ်ကတော့ မုန်းစရာကောင်းလိုက်တာ။ ၂ ရက်နေ့ညဦးပိုင်း ရုပ်မြင်သံကြားမှာ နာဂစ်ဟာ ရန်ကုန်တောင်ဖက်ကနေ ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံတွင်းကို ဝင်ရောက်အားပျော့ပျက်ပြယ်သွားလိမ့်မယ်လို့ ကြေညာထားတာကြောင့် ခပ်ပေါ့ပေါ့ပဲ သဘောထားမိတယ်။ ခါတိုင်းလို မိုးသည်းလေထန်ရုံလောက် ရှိမှာပဲလို့ အောက်မေ့လိုက်တယ်။ မီးစောစောပြတ်သွားတာကြောင့် ည ၁၀ နာရီလောက် အိပ်ရာဝင်ခဲ့ကြတယ်။ ၁၁ နာရီလောက်ကျတော့ လေတော်တော်ပြင်းလာလို့ အိမ်ရှေ့ကပိတောက်ပင်ကြီးတွေ ယိမ်းထိုးနေကြတော့တယ်။ အိမ်ရှေ့တည့်တည့်က ပိတောက်ပင်ကြီးကို နေ့လယ်ကပဲ ခုတ်ချလိုက်တာ တော်ပါသေးရဲ့လို့ အောက်မေ့လိုက်ရတယ်။ မုန်တိုင်းမလာမီ ၂ ရက်လောက်က မိုးသည်းသည်းရွာလိုက်တာကြောင့် အိမ်ပေါ်ကိုမိုးနေတဲ့



ပိတောက်ကိုင်းကြီး ပဲ့ကျသွားတယ်။ အိမ်ဘေးက အခန်းအမိုးပေါ် တင်နေတာကြောင့် အောက်ထိမကျဘဲ တန်းလန်းကြီးဖြစ်နေတယ်။ အန္တရာယ်ကြီးတာကြောင့် အခန်းတွေငွေစုပြီး သစ်ပင်ခုတ်တဲ့သူတွေ ခေါ်ရတယ်။ မုန်တိုင်းလာမယ့် သောကြာနေ့မှာ သစ်ခုတ်သမားတွေရောက်လာပြီး ကိုင်းတွေအားလုံး ခုတ်ချပစ်ခဲ့ကြတယ်။ မခုတ်မိလို့ကတော့ တစ်ပင်လုံး အိမ်ပေါ်ကို တည့်တည့်ကြီးလဲကျမှာ အသေအချာပဲ။

### မုန်တိုင်းအော်သံရှီရှီသည်

ကျန်နေတဲ့နှစ်ပင်က ခုဆို ကြောက်စရာကောင်းလောက်အောင်ကို ယိမ်းထိုးနေပြီ။ ၁၉၈၀ ခုနှစ်က စိုက်ခဲ့တဲ့ ပိတောက်ပင်ကြီးသုံးပင်ဟာ ၂၇ နှစ်သက်တမ်း ရှိပြီဖြစ်လေတော့ နှစ်ထပ်တိုက်ခေါင်မိုးထက်တောင် အများကြီးမြင့်တက်နေပြီ။ လုံးပတ်ပင်စည်လည်း မနည်းတော့ဘူး။ သူကထွက်တဲ့ကိုင်းတွေတောင် လူကိုယ်လုံးလောက်ရှိနေပြီ။ လေရှိန်ကပြင်းသထက်ပြင်းလာတယ်။ ပိတောက်ပင်တွေက ယိမ်းသထက်ယိမ်းလာတယ်။ ပြတင်းပေါက်နဲ့ကပ်နေတဲ့ ကုတင်ပေါ်မှာထိုင်ရင်း သစ်ပင်တွေယိမ်းထိုးနေတာကို စောင့်ကြည့်နေမိတယ်။ လမ်းတစ်ဖက်က သစ်ပင်တွေ တဖြောင်းဖြောင်းကျိုးကျသံတွေကြားရတယ်။ မနက် ၂ နာရီ ၃ နာရီလောက်ရောက်တော့ မုန်တိုင်းဟာ အရှိန်အပြင်းဆုံးအဆင့် ရောက်လာဟန်ရှိတယ်။ တရှီရှီနဲ့ မြည်ဟီးသံကြီးကိုတောင် အဆက်မပြတ်ကြားနေရတယ်။ အိမ်ရှေ့က ပိတောက်ပင်နှစ်ပင်လည်း ဖြောင်းဆန်အောင် လူးယမ်းနေတော့တယ်။ ဘယ်အချိန်လဲကျမလဲလို့ ရင်တမမစောင့်ကြည့်နေဆဲမှာပဲ ၃ နာရီနဲ့ ၄ နာရီကြားအရောက်မှာ အစွန်ကအပင်ကြီး အမြစ်ကကျွတ်ပြီး ပြိုလဲကျသွားတော့တယ်။ ဘေးက ၃၉ လမ်းကိုကန့်လန့်ဖြတ်ပြီး ထိပ်ပိုင်းက လျှပ်စစ်ရုံးအဆောက်အဦပေါ် တင်နေတယ်ဆိုတာ မုန်တိုင်းပြီးသွားတော့မှ သိကြရတယ်။

### အာကာကြီးနဲ့အဆက်ပြတ်

မနက် ၄ နာရီကျော်လောက်ရှိတော့ အလယ်ပင်ကြီး လဲကျပါတယ်။ အိမ်ဖက်ကိုတည့်တည့်ကြီးကို လဲတာပါ။ ကိုင်းတွေက ထိုင်နေတဲ့ကုတင်နဲ့ နံရံလေးတစ်ချပ်သာခြားတဲ့ ဘေးခန်းခေါင်မိုးသာမက မျက်နှာကြက်



www.burmeseclassic.com

www.burmeseclassic.com

ကိုပါ ထိုးဖောက်ပြီး အိမ်ထဲထိရောက်လာကြပါတယ်။ သစ်ပင်ကြီးလဲကျတဲ့ အရှိန်ကြောင့် မျက်နှာကြက်ပေါ်က သဲတွေ၊ ဖုန်တွေ ခြင်ထောင်ကို ဖောက်ပြီး ခေါင်းပေါ်၊ မျက်နှာပေါ်ထိ ကျလာကြပါတယ်။ ရှေးကိုလိုနီခေတ် တိုက်ကြီးမို့ နံရံထုထည်ကောင်းလွန်းလှတာကြောင့်သာ ပြိုမကျတာ။ ခုခေတ် နံရံပါးလှပ်လှပ်ကလေးတွေဆိုရင်တော့ အသက်မသေရင်တောင် မှ ဒုက္ခသည်စခန်းတစ်ခုခုကို ရောက်နေမှာအသေအချာပါပဲ။ မေ ၃ ရက် ၁၂ နာရီလောက်ထိ အားပျော့သွားပေမယ့် မုန်တိုင်းက မစဲသေးဘူး။ ညနေ ၃ နာရီလောက်ကျမှ ပြတင်းပေါက်တွေ ဖွင့်နိုင်တော့တယ်။ လမ်းပေါ်မှာ လူတစ်ယောက်စနှစ်ယောက်စ ထွက်လာကြတယ်။ မီးမလာ သလို တယ်လီဖုန်းလည်းမရတာကြောင့် အားလုံးနဲ့အဆက်ပြတ်သွား တယ်။ ရေဒီယို၊ ရုပ်မြင်သံကြားတွေလည်း ဖွင့်မရလို့ ဘာသတင်းမှ မသိရဘူး။ လောကကြီးတစ်ခုလုံး ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ မသိနိုင် တော့ဘူး။

## မုန်းတိုင်းနောက်ကမိုးကြီးလာ

နောက်နေ့မနက်လင်းတော့ စနည်းနာထွက်သူတွေနဲ့ လမ်းပေါ်မှာ စည်ကားနေတယ်။ အိမ်ပေါ်ပိနေတဲ့ ပိတောက်ပင်ကြီးကို အထူးအဆန်း သဖွယ် ရပ်ကြည့်ကြတယ်။ ဓာတ်ပုံရိုက်သူတွေလည်း မနည်းဘူး။ မုန်တိုင်းအပြီး မိုးကြီးရွာတော့မှ တကယ်ဒုက္ခရောက်တာ။ သစ်ကိုင်း တွေ ထိုးဖောက်ဝင်ရောက်တဲ့ အပေါက်နဲ့ အုတ်ကြွပ်တွေကျိုးပေါက်ကုန်တဲ့ နေရာတွေကနေပြီး မိုးရေတွေ ဒလဟောစီးကျနေတော့တာကြောင့် ရှိသမျှ ပုံးတွေခွက်တွေနဲ့ ရေခံကြရတယ်။ ပုဆိုးဟောင်း၊ တဘက်ဟောင်း၊ အဝတ် ဟောင်းမှန်သမျှနဲ့ ရေတွေခံပြီး ညှစ်ထုတ်ကြရတယ်။ ရေက ဘယ်လောက် များသလဲဆိုတော့ အောက်ထပ်တွေက မျက်နှာကြက်တွေ ကွာကျကုန် ကြပြီး ရေတွေခပ်ထုတ်လို့ မရနိုင်အောင်ဖြစ်ကြရတယ်။

## ကရိန်းငှားခဈေးကြီးလိုက်တာ

မိုးလုံးလုံးစဲသွားတော့ အိမ်ပေါ်ပိနေတဲ့ သစ်ပင်ကြီးကိုရှင်းဖို့ စီစဉ် ကြရတယ်။ မုန်တိုင်းကျပြီး ၅ ရက်ကြာတဲ့အထိ ဘာမှမလုပ်နိုင်ဘူး။ ဒီတိုင်းကြည့်နေရတယ်။ နောက်မှ ကရိန်းကားတစ်စီး ငှားလို့ရတယ်။



ဈေးကြီးပေမယ့် မလုပ်ရင်မဖြစ်တော့လို့ လုပ်ကြရတယ်။ ကရိန်းငှားခက ၂ နာရီကို ကျပ် ၄ သိန်းတဲ့။ သစ်ပင်ကြီးဆွဲချပြီးမှပဲ ကိုယ့်အိပ်ရာ ကိုယ် ပြန်အိပ်ဝံ့တော့တယ်။ တယ်လီဖုန်းတို့၊ ရုပ်မြင်သံကြားတို့ မရပေမယ့် ဓာတ်ခဲရေဒီယိုလေးနဲ့ ဖမ်းလို့ရပြီမို့ ဖြစ်ပျက်သမျှကို သိခဲ့ရတယ်။ သိရ တော့လည်း အကြီးအကျယ်တုန်လှုပ်ချောက်ချားရတယ်။ လူတွေ ထောင် နဲ့ချီ သေကြရသတဲ့။ နောက်နေ့ကျတော့ သောင်းနဲ့ချီသေသတဲ့။ နောက် ကျတော့ သေဆုံးသူအရေအတွက် သိန်းဂဏန်းကပ်နေပြီတဲ့။ ဒါက အရေးဝင်ထုတ်ပြန်တဲ့ စာရင်း ဃား။ စာရင်းမကောက်နိုင်သေးတဲ့ ရွာတွေ အများကြီးရှိနေသေးတယ်။

## မကြုံဖူး၊မဖတ်ဖူး၊မကြားဖူး

ဒါလောက်ကြီးမားတဲ့ သဘာဝကပ်ကြီးမျိုး မြန်မာနိုင်ငံမှာ တစ်သက် နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူး၊ မကြားဖူးပါဘူး။ နှစ်ပေါင်း ၅၀ လောက် သတင်းစာသမားလုပ်လာခဲ့တဲ့ အလေ့အလာအရလည်း သမိုင်းမှာ တစ်ခါ မှကို မတွေ့ဖူး၊ မဖတ်ဖူးပါဘူး။ မုန်တိုင်းဆို ထုံးစံအတိုင်း ဘင်္ဂလား ပင်လယ်အော်ကနေ မြောက်စူးစူးဝင်သွားတာပဲလို့ ပုံသေသတ်မှတ်ထား ပြီပါ။ မုန်တိုင်းကြောင့် လူတွေထောင်ချီသေတာမျိုး မရှိဖူးသလို မိုးကြီး လို့၊ မိုးခေါင်လို့၊ လျှင်လှုပ်လို့ လူတွေထောင်ချီသေတာမျိုးလည်း မရှိ ခဲ့ဖူးဘူး။ အဲဒါကြောင့် မြန်မာနိုင်ငံဟာ ပစ္စန္တရစ်အရပ်တွေကြားက ဩဘာ နိမိတ်ထွန်းတဲ့ နိုင်ငံဆိုပြီးတောင် စာရေးခဲ့ဖူးသေးတယ်။ အခုတော့ လူတွေ သိန်းချီ သေကြေဒဏ်ရာရကြသတဲ့။ သဘာသနာစောင့်နတ်မင်းကြီးတွေ ဘာ့ကြောင့်များ မျက်နှာလွှဲနေကြတာပါလိမ့်။

## သတ္တာ၊သဝဏ်လွှာ

စိတ်ဆင်းရဲစရာအဖြစ်ကြီးနှစ်ခု ဆက်တိုက်ကြုံတွေ့ခဲ့ရတာကြောင့် စိတ်က ခံနိုင်ရည်ရှိပေမယ့် လူခန္ဓာကိုယ်က မခံနိုင်ဘူး။ သွေးက ၇၀/၄၀ ကကို မတက်နိုင်တာကြောင့် ခေါင်းမထူနိုင်ဘူး။ စာလည်း ဘယ်လိုမှ မရေးနိုင်ဘူး။ ခုတော့ မိုးလေးဆက်တိုက်ရွာနေတာကြောင့်ရယ်၊ အထူး ကုသမားတော်မလေးက သမီးတစ်ယောက်သဖွယ် အထူးဂရုစိုက်ပေးတာ ရယ်ကြောင့် ပြန်ထလာနိုင်ပါပြီ။ ‘စာရေးတာကို တာဝန်တစ်ခုလို့သဘော



www.burmeseclassic.com

www.burmeseclassic.com

ထားပါ။ မရေးချင်လည်း ရေးဖြစ်အောင်ရေးပါ'လို့ ဒုတိယအမေက တဖွဖွပြောခဲ့တဲ့စကားကို ဦးထိပ်ထားတာကတစ်ကြောင်း နေ့စဉ်နဲ့အမျှ ဖုန်းနဲ့တစ်မျိုး၊ စာနဲ့တစ်ဖုံ ကျန်းမာရေးအခြေအနေကို စိုးရိမ်ပူပန်စွာ သတင်းမေးကြတဲ့ စာဖတ်ပရိသတ်များရဲ့မေတ္တာကို အလေးအမြတ်ပြုလို့ တာကတစ်ကြောင်း စားပွဲမှာထိုင်နိုင်လျှင်ထိုင်နိုင်ချင်း ဒီစာကို ရေးလိုက်ပါတယ်။ ရေးနေကျအတိုင်း ပြောစရာ၊ စဉ်းစားစရာ message တစ်ခု မပါပေမယ့် စာဖတ်ပရိသတ်များရဲ့မေတ္တာကို အလေးအမြတ်ပြုပါတယ် ဆိုတဲ့ သဝဏ်လွှာလေးတော့ ပါးလိုက်ရပါတယ်။

၁၉၊ ၅၊ ၂၀၀၈



# ရှေးတန်ဖိုးနဲ့ခေတ်တန်ဖိုး

'လောကကြီးမှာ လူတော်နဲ့လူကောင်း ဘယ်ဟာပိုလိုအပ်သလဲ'

ကျောင်းဖွင့်စာသင်နေစဉ်က အမြဲလိုလိုအမေးခံရတဲ့ မေးခွန်းဖြစ်တယ်။ မေးတိုင်းလည်း လူကောင်းကိုပိုလိုအပ်တယ် ဖြေမြဲဖြစ်ပါတယ်။ စာမသင်နိုင်တော့လို့ စာတွေပဲရေးနေချိန်မှာလည်း လူငယ်တွေက ဒီမေးခွန်းကိုပဲ မကြာခဏ မေးတတ်ကြတယ်။ မေးတိုင်းလည်း အဖြေကတော့ မပြောင်းလဲပါဘူး။ လူကောင်းကို ပိုလိုအပ်တယ်ပါပဲ။ လူတော်တွေလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ နှိုင်းယှဉ်ချက်အရ ဘယ်သူ့ကို ပိုလိုအပ်သလဲလို့ မေးသူက မေးတာဖြစ်တဲ့အတွက် လူကောင်းကို ပိုလိုအပ်တယ်လို့ ဖြေတာဖြစ်ပါတယ်။ တော်သူတတ်သူတွေ မလိုအပ်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။

## ပညာကိုတန်ဖိုးထားတယ်

နှစ်ပေါင်းနှစ်ဆယ်ကျော်အစိတ် ကျောင်းဆရာလုပ်ခဲ့သူဖြစ်တဲ့အတွက် ပညာကို အင်မတန် တန်ဖိုးထားပါတယ်။ လူငယ်တွေ ပညာကို လိုလားလိုက်စားကြဖို့လည်း အမြဲနိုးဆော်ခဲ့ပါတယ်။ မြန်မာပြည်မှာ ကွန်ပျူတာ အလုံးပေါင်း ၁၀၀၀ ထက် ပိုမရှိခင်အချိန်ကတည်းက 'နက်တီဇင်ခေတ် ရောက်မည်' ဆိုတဲ့စာမျိုးရေးခဲ့ပြီး နှစ်ဆယ်ရာစုကြီးကုန်ဆုံးဖို့ အဝေးကြီး လိုသေးတဲ့အချိန်မှာ '၂၁ ရာစုကိုမျှော်ကြည့်ခြင်း' ဆိုတဲ့စာအုပ် ထုတ်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ငွေကြေး စည်းစိမ်ချမ်းသာတွေ၊ ရာထူး အာဏာတွေထက် ပညာကိုသာ တန်ဖိုးထားရမှာဖြစ်ကြောင်း အမြဲမပြတ် ရေးနေဆဲဖြစ်တယ်။ နောင်လည်း ရေးနေဦးမှာပဲဖြစ်တယ်။ ဘာကြောင့် လဲဆိုတော့ ကိုယ်တိုင်က ပညာကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတဲ့အတွက် ကြောင့်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

### သူတို့ပေတံနဲ့သူတို့

ဒါဆိုရင် ဘာကြောင့် ပညာတတ်လူတော်တွေထက် လူရိုးလူကောင်းတွေကို ပိုလိုအပ်တယ်ပြောရတာလဲလို့ မေးစရာရှိမလာပေဘူးလား။ မှန်ပါတယ်။ ရှိပါတယ်။ 'ရိုးသားဖြောင့်မတ်နေရုံနဲ့ တိုင်းပြည် ကြီးပွားမလာနိုင်ဘူး။ ပညာတတ်လူတော်တွေ များများရှိမှ တိုင်းပြည်ကြီးပွားချမ်းသာနိုင်တယ်'လို့ ပြန်ပြောတာတွေလည်း ကြုံခဲ့ဖူးပါတယ်။ အဲဒီလိုပြောသူတွေနဲ့ အငြင်းမပွားလိုပါဘူး။ သူတို့က 'ကြီးပွားချမ်းသာရေး'တို့ 'တိုးတက်ဖွံ့ဖြိုးရေး'တို့ဆိုတာတွေဟာ လူ့ဘဝရဲ့ အဆုံးစွန်ရည်မှန်းချက်လို့ ယူဆနေကြတာကိုး။ သူတို့ပြောတဲ့ ကြီးပွားချမ်းသာရေးဆိုတာကလည်း ဘဏ်ထဲမှာ ငွေဘယ်လောက်ရှိသလဲ၊ စိန်တွေရွှေတွေ၊ အိုးအိမ်တိုက်တာတွေ ဘယ်လောက်များများပိုင်ဆိုင်သလဲဆိုတဲ့ 'ပေတံ'နဲ့ တိုင်းတာကြတာဖြစ်ပြီး 'တိုးတက်ဖွံ့ဖြိုးရေး'ဆိုတာကလည်း သစ်ပေ့ဆန်းပေ့၊ ကောင်းပေ့ညွှန့်ပေ့ ဆိုတဲ့ စက်ပစ္စည်းကိရိယာတွေ ဘယ်လောက်ပိုင်ဆိုင်သလဲဆိုတဲ့ 'စံ'နဲ့ တိုင်းပြီး အကဲဖြတ်ကြတာလေ။

### သောကဗျာပါဒတွေကင်းပါမှ

မိမိခံယူထားတဲ့ 'ကြီးပွားချမ်းသာရေး'နဲ့ 'ဖွံ့ဖြိုးတိုးတက်ရေး' ဆိုတာက သူတို့နဲ့ ခြားနားပါတယ်။ လူတိုင်းလူတိုင်း စိုးရိမ်ကြောင့်ကြ၊ သောကဗျာပါဒတွေ၊ ထမင်းငတ်မှာကြောက်ရ၊ အလုပ်လက်မဲ့ဖြစ်မှာကြောက်ရ၊ အိမ်ထဲမှာအိပ်နေတုန်း ဘယ်ကလာမှန်းမသိရတဲ့ ဒုံးကျည်ကြီးကျလာမှာကြောက်ရ၊ လမ်းပေါ်လျှောက်သွားတုန်း 'ရမ်ဘို'လို စက်သေနတ်ကြီးတရမ်းရမ်းနဲ့ စိတ္တဇလူသတ်သမားနဲ့ ရင်ဆိုင်ရမှာ ကြောက်ရ၊ ကိုယ့်သားသမီးလေးတွေရှိတဲ့ မူလတန်းကျောင်းလေးထဲ သေနတ်နဲ့ တရကြမ်းဝင်ပစ်တဲ့သူတွေ ရောက်လာမှာကြောက်ရ၊ ကိုယ်ရွေးကောက် တင်မြှောက်ထားတဲ့ သမ္မတက ကိုယ့်သမီးအပျိုပေါက်ကလေးကို မဖွယ်မရာပြုမှာကြောက်ရ၊ လူမည်းဖြစ်နေတာကို ကြောက်ရ စတဲ့'အကြောက်တရား'တွေက ကင်းဝေးပြီး လေအေးပေးစက်မရှိပေမယ့် အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်ကျယ်ကြီးမှာ 'စလူ'ယပ်တောင်လေးတစ်ဖျပ်ဖျပ်ခတ်ပြီး အေးအေးချမ်းချမ်း၊ သာသာယာယာနေရင်းနဲ့ ဟိုဘက်အိမ်၊ ဒီဘက်အိမ်ကလူတွေကို ထညက်(ထန်းလျက်)ဖြူလေးနဲ့ ပဲခြမ်းသုပ်လေးကို လက်ဖက်ရည်ကြမ်းကလေးနဲ့ ညှော်ခံကျွေးမွေးနေရင်းနဲ့ သူတော်ကောင်းတရားတွေအကြောင်း၊ လောကနီတိအကြောင်း၊ မဟော်သဓာအကြောင်း၊ ကျောင်းအစ်မကြီး ဒေါ်ဦးဖွန်းအကြောင်း၊ မာသာထရီဇာအကြောင်း သောင်းပြောင်းထွေလာ ပြောဆိုနာကြားနေနိုင်တဲ့ ဘဝမျိုးကိုမှ မိမိက ချမ်းသာတာ၊ ဖွံ့ဖြိုးတိုးတက်တာလို့ ယူဆတာလေ။

### လူရိုင်းခေတ်နဲ့တူ

အနောက်လူ့အဖွဲ့အစည်းတွေမှာကတော့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ အဲဒါတွေထုတ်လုပ်ပေးတဲ့ စက်ယန္တရားအတတ်တွေကိုသာ အဓိကထားလွန်းလေတော့ လူသားတွေဟာ စက်ရဲ့ကျေးကျွန်ဘဝ ရောက်နေကြရတော့တယ်။ လူတွေဟာ စက်ရုပ်လိုဖြစ်နေကြပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ 'လူ့တန်ဖိုး'တွေ လုံးဝမေ့လျော့သွားကြပြီ။ လူနဲ့ တိရစ္ဆာန်တို့ခြားနားထားတဲ့ နယ်နိမိတ်စည်းကြောင်းတွေအားလုံးလည်း ပျောက်ကွယ်သွားကြပြီး ဘာမှမကွာခြားတော့သလောက် ဖြစ်ကုန်ကြပြီ။ ခေတ်အဆက်ဆက်လူသားတို့ အမြတ်တနိုးလေးစားရှိသေခဲ့ကြတဲ့ 'တန်ဖိုး'တွေအားလုံး ကြောက်ခမန်းလိလိ ပြောင်းလဲသွားကြတယ်။ ခရီးသည်တွေစီးနင်းလာတဲ့ လေယာဉ်ကြီးတွေကိုအပိုင်စီးပြီး လူတွေအထောင်အသောင်းရှိနေတဲ့ အဆောက်အဦကြီးကို တည့်တည့်ဝင်ဆောင့်ပစ်လိုက်တဲ့ ရက်စက်ကြမ်းကြုတ်မှုမျိုး ဘယ်ခေတ်ဘယ်အခါမှာ ကြားဖူးခဲ့လို့လဲ။ အကြမ်းဖက်သမားလို့ ကိုယ့်ဟာကိုယ်ထင်နေတဲ့ လက်တစ်ဆုပ်စာလူတစ်စုကိုသတ်ဖို့အတွက် နိုင်ငံတစ်ခုလုံး 'ထောင်းလမောင်းကြဲအောင်' ဗုံးကြဲဖျက်ဆီးပစ်တဲ့ ရက်စက်ကြမ်းကြုတ်မှုမျိုးကော ဘယ်သမိုင်းစာအုပ်မှာဖတ်ဖူးခဲ့လို့လဲ။ ဟိုရှေးရှေးတုန်းက 'မျက်လုံးတစ်လုံးဆို တစ်လုံး၊ သွားတစ်ချောင်းဆို တစ်ချောင်း' ပြန်အလျော်ယူရမယ်ဆိုတဲ့ လူရိုင်းတို့ရဲ့ဥပဒေသနဲ့ ဘာကွာခြားမှုမှမရှိတော့ဘူးလို့ပဲ ထင်မိတယ်။

### ကွန်ကရစ်နဲ့စက်တွေတန်ဖိုး

မညာမတာပြောရမယ်ဆိုရင်တော့ ဒီနေ့ကမ္ဘာကြီးဟာ ကျောက်ခေတ်ကို ပြန်ဦးတည်နေသလားတောင် ထင်ရတယ်။ သူသားတွေရဲ့ စိတ်ခံတတ်ယဉ်ကျေးမှု(mental and spiritual culture)ဟာ လုံးဝချွတ်ခြုံကျနေပြီး



www.burmeseclassic.com

www.burmeseclassic.com

လူသားတွေတန်ဖိုးထားတဲ့ တန်ဖိုး(Value)တွေလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ဘက်ကို ပြောင်းသွားခဲ့တယ်။ ခုခေတ်က အမြတ်ရဖို့အဓိကပဲ။ အကျင့်သိက္ခာတွေ၊ သီလတွေချိုးဖောက်ရလည်း ကိစ္စမရှိဘူး(The end justifies the means)လို့ သဘောထားကြတယ်။ ဒီခေတ် တန်ဖိုးထားကြတာက ကွန်ကရစ်တွေနဲ့ စက်တွေ။ ရှေးခေတ် တန်ဖိုးထားတာက လူတွေနဲ့ အဲဒီလူတွေရဲ့ 'ကျင့်ဝတ်သီလ၊ သိက္ခာသမာဓိတွေ၊ မေတ္တာနဲ့ သစ္စာတွေ။ ဒီခေတ် ကလေးတွေကို အဓိကသင်ပေးတာက ယန္တရားအတတ်တွေ။ ရှေးခေတ် ကလေးတွေကို အဓိကသင်ကြားပေးတာက 'ပြည်သူ့နီတိ'နဲ့ ရှေးလူကြီးသူမတွေရဲ့ စိတ်ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ် ဒဿနပညာတွေ။ အဓိကဦးစားပေးမှုတွေ၊ တန်ဖိုးထားမှုတွေ ပြောင်းလဲသွားတဲ့အတွက် လူ့အဖွဲ့အစည်း ခုလိုပြောင်းလဲသွားခဲ့တာဖြစ်တယ်။

**စွဲမြဲယုံကြည်တာ**

သမ္မတနစ်ဆင်တို့၊ ကလင်တန်တို့၊ ဘုရှ်တို့ တစ်တွေဟာ လူတော်ပညာတတ်တွေပါပဲ။ ဒါပေမဲ့ သူတို့လုပ်ရပ်တွေကတော့ စက်ဆုပ်စရာ၊ ကောက်ကျစ်တာ၊ လိမ်ညာလှည့်စားတာ၊ အကျင့်ပျက်တာ၊ ရက်စက်ကြမ်းကြုတ်တာတွေပဲ သမိုင်းမှာ ကျန်ရစ်တော့မှာပါ။ အဲဒါကြောင့် လူ့လောကကြီး သာယာငြိမ်းချမ်းဖို့၊ လူတိုင်းလူတိုင်း စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းနဲ့ ပြည့်စုံဖို့အတွက် အထက်တန်းကျတဲ့ စိတ်ယဉ်ကျေးမှု(moral integrity)နဲ့ ပြည့်စုံသူ လူကောင်းတွေကို ပိုပြီးလိုအပ်တယ်လို့ စွဲစွဲမြဲမြဲယုံကြည်နေတာ ဖြစ်ပါတယ်။

၂၂၊ ၉၊ ၂၀၀၈



## ဆောင်းပါးလား၊ ကြော်ငြာလား ခွဲခြားသိပါရစေ

တစ်နေ့က မဂ္ဂဇင်းအယ်ဒီတာတစ်ဦးရောက်လာပြီး စားပွဲမှာထိုင်ရင်းက စားပွဲပေါ်မှာချထားတဲ့ မိတ္တူကူးစာမူကို လှန်လှောကြည့်ရင်း အဲဒီစာမူသူ့ကိုပေးပါလို့ တောင်းပါတယ်။ စာမူက ဂျာနယ်ဆောင်းပါးဖြစ်တယ်။ မဂ္ဂဇင်းဆောင်းပါးမဟုတ်လို့ နောက်မှရေးပေးပါမယ်လို့ ပြောလိုက်ရတယ်။

**ဆေးပါများဖြေပါများ**

'ဂျာနယ်ဆောင်းပါးနဲ့ မဂ္ဂဇင်းဆောင်းပါး မတူဘူးလားခင်ဗျ'

အယ်ဒီတာလူငယ်လေးက အံ့ဩဟန်နဲ့ မေးလိုက်ပါတယ်။ ဒီလိုမေးတာ သူပထမ မဟုတ်ပါဘူး။ နောက်ဆုံးလည်းဖြစ်မယ် မထင်ပါဘူး။ ဒီမေးခွန်း ခဏခဏအမေးခံရလို့ ဖြေရပေါင်းများပါပြီ။ ဆောင်းပါးအနေနဲ့လည်း သုံးလေးကြိမ် ရေးခဲ့ပြီးပါပြီ။ နောင်လည်း ရေးနေရဦးမှာပဲလို့ ထင်ပါတယ်။ လူအများက ဝတ္ထုမဟုတ်၊ ကဗျာမဟုတ်၊ အက်ဆေးလည်း မဟုတ်တဲ့ စကားပြေအရေးအသားမှန်သမျှကို ဆောင်းပါးလို့ သတ်မှတ်ကြပြီး အားလုံးအတူတူပဲလို့ ယူဆကြပါတယ်။ သတင်းစာ ဂျာနယ်ဆောင်းပါး၊ မဂ္ဂဇင်းဆောင်းပါး၊ ပညာရပ်ဆိုင်ရာဆောင်းပါး၊ ကြော်ငြာဆောင်းပါး စသဖြင့် သူ့ကြန်အင်လက္ခဏာနဲ့သူ ရှိကြတယ်ဆိုတာကိုတော့ သတိမမူမိကြပါဘူး။

**ဝေဖန်ဆန်းစစ်တာဆောင်းပါး**

ဆောင်းပါးဆိုတာ ဝတ္ထုမဟုတ်၊ ကဗျာမဟုတ်၊ အက်ဆေးမဟုတ်တဲ့ စကားပြေအရေးအသားတစ်ခုဆိုတာ မှန်ပါတယ်။ ဆောင်းပါးဆိုတာ အဖြစ်အပျက်တစ်ခု၊ အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး ကျိုးကြောင်းဆက်စပ်မှုကို ဝေဖန်ဆန်းစစ်ပြီး ဘာ့ကြောင့်ဖြစ်လာရတယ်၊ ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဖြစ်ဖွယ်ရှိတယ်လို့ သုံးသပ်ပြတဲ့ စကားပြေအရေးအသားတစ်ခု ဖြစ်ပါတယ်။ အဖြစ်အပျက်အကြောင်းအရာကို ဘယ်လိုဘယ်ပုံဖြစ်တယ် ဆိုပြီး အချက်အလက်တွေနဲ့ တင်ပြနေဖို့မလိုပါဘူး။ အဲဒီလိုတင်ပြတာက သတင်းဖြစ်တယ်။ ဆောင်းပါးမဟုတ်ဘူး။ ဆောင်းပါးက ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်သုံးသပ်ပြတာ ဖြစ်တယ်။ သတင်းက ရေးသူရဲ့ထင်မြင်ချက်တို့ ဝေဖန်သုံးသပ်ချက်တို့ လုံးဝကို မပါရပါဘူး။ ဖြစ်တာကို ဖြစ်တဲ့အတိုင်း 'ဘခြောက်လုံး' ပြည့်စုံအောင်ရေးဖို့ပဲ လိုတယ်။ ရေးသူရဲ့ ထင်မြင်ယူဆချက်တွေ၊ ဝေဖန်သုံးသပ်ချက်တွေပါရင် သတင်းမဟုတ်တော့ဘူး။

### ဂျာနယ်ဆောင်းပါးဆိုတာ

ဆောင်းပါးအမျိုးမျိုးရှိရာမှာ သတင်းစာဂျာနယ်ဆောင်းပါးအကြောင်း အရင်ပြောပါမယ်။ သတင်းစာတို့၊ ဂျာနယ်တို့ဖတ်တယ်ဆိုတာက 'သတင်း' ကိုသိချင်လို့ ဖြစ်တယ်။ သတင်းစာတစ်စောင်မှာဆိုရင် ပြည်တွင်းပြည်ပ သတင်းပုဒ်ရေပေါင်း အများကြီးပါတာဖြစ်လေတော့ အကုန်လုံး တစ်ခု မကျန် ကုန်စင်အောင်ဖတ်ဖို့ အချိန်မပေးနိုင်ဘူး။ ဒါ့အပြင် အဖြစ်အပျက်တွေ၊ အကြောင်းကိစ္စတွေဟာ ဘာ့ကြောင့်ဖြစ်လာရတယ် ဆိုတာတွေကို နောက်ကြောင်းပြန်ပြီး 'ဇေ့ငု'ဖို့လည်း မလုပ်နိုင်ဘူး၊ မလုပ်ချင်ဘူး။ အဲဒီ နေရာမှာ ဆောင်းပါးရေးသူက ဝင်ရောက်ဖြည့်ဆည်းပေးရတာဖြစ်တယ်။ သူက နောက်ခံအဖြစ်အပျက် ဇာတ်ကြောင်းချိတ်ဆက်တွေပြန်ရှာပြီး ချိတ်ဆက်မိသွားအောင် ဆောင်ရွက်ပေးတာဖြစ်တယ်။ နောက်ပြီးတော့ သတင်းဖတ်သူက ဒီသတင်း၊ ဒီအဖြစ်အပျက်တွေအကြောင်း 'ကောင်းကျိုး ဆိုးပြစ်' ဘာတွေဖြစ်လာနိုင်တယ် ဆိုတာများကိုလည်း ဝေဖန်သုံးသပ် လုပ်မနေချင်ဘူး။ ဆောင်းပါးရေးသူက အဲဒါကိုလုပ်ပေးရတာ ဖြစ်တယ်။ လုပ်ပေးတဲ့အခါမှာလည်း သတင်းစာဂျာနယ်ဖတ်သူများရဲ့ သဘာဝအရ အတတ်နိုင်ဆုံး တိုတိုတုတ်တုတ်နဲ့ လိုရင်းကို 'ဒုတ်ဒုတ်ထိ'ရောက်အောင် 'လိုတိုရှင်း'တင်ပြရတာ ဖြစ်တယ်။

### မဂ္ဂဇင်းဆောင်းပါး

စာပေမဂ္ဂဇင်းများအတွက်ရေးတဲ့ ဆောင်းပါးမျိုးကျတော့ အချက် အလက်ထက် စာရေးသူရဲ့ခံစားချက်ကို ဦးစားပေးရေးလေ့ရှိတယ်။ ခံစား



ချက်တွေပါတဲ့အတွက် ဖတ်ရတာ အရသာရှိလာတယ်။ အဲဒီအရသာဟာ 'ရသ'ဖြစ်တယ်။ စာရေးသူရဲ့ခံစားချက်တစ်ခုကို စာဖတ်သူရဲ့ရင်ထဲ အရောက်ပို့နိုင်ဖို့အတွက် ဖွဲ့ကာနွဲ့ကာ ရေးရတယ်။ အဲဒီအဖွဲ့အနွဲ့ဟာ စာရေးသားခြင်း 'အတတ်ပညာ'ပဲ ဖြစ်တယ်။ အတတ်ပညာ ကျွမ်းကျင် သိမှာလေ စာဖတ်သူရင်ထဲ စွဲငြိလေဖြစ်တယ်။ အဖွဲ့အနွဲ့၊ အလှည့်အပတ် တွေနဲ့ ရေးရတာဖြစ်တဲ့အတွက် သတင်းစာဂျာနယ်ဆောင်းပါးလို တိုတို တုတ်တုတ် ဖြစ်ချင်မှဖြစ်မယ်။ ဖြစ်ဖို့လည်း လိုအပ်ချက်တစ်ခုအနေနဲ့ ရှိမနေဘူး။ ဝတ္ထုရှည်တစ်ပုဒ်လို ရှည်ချင်လည်းရှည်နိုင်တယ်။ အခန်းဆက် ဝတ္ထုရှည်ကြီးမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်ခွင့်ရှိတယ်။ သတင်းစာ ဂျာနယ် ဆောင်းပါးကတော့ 'တစ်ပုဒ်ပြတ်'ဖြစ်လေ ကောင်းလေပဲ။

### ပညာရပ်ဆောင်းပါး

ပညာရပ်ဆိုင်ရာဆောင်းပါးမျိုးကျတော့ ဂျာနယ်ဆောင်းပါးလို 'လို တိုရှင်း'ဖြစ်ဖို့ မလိုအပ်သလို၊ 'အဖွဲ့အနွဲ့'နဲ့ ရသပါဖို့လည်း မလိုအပ်ဘူး။ သူ့ရဲ့ အဓိကလိုအပ်ချက်က 'အကိုးအကား' ပြည့်စုံနိုင်မှာဖို့ ဖြစ်တယ်။ ဒီဆောင်းပါးမျိုးက သတင်းစာဂျာနယ်၊ မဂ္ဂဇင်းဆောင်းပါးများ ရေးသလို တစ်ထိုင်တည်းရေးလို့ရတာမျိုး မဟုတ်ဘူး။ အကိုးအကား၊ အချက်အလက် တွေ ရှာဖွေစုဆောင်းဖို့အတွက် အချိန်တွေအများကြီးပေးရတယ်။ နှစ် ပေါင်းများစွာ အချိန်ယူရေးရတာမျိုးလည်း ရှိတယ်။ ပညာရပ်နဲ့ သက် ဆိုင်သူများသာ စိတ်ဝင်စားဖတ်ရှုတာမျိုးဖြစ်တဲ့အတွက် ဝေါဟာရအသုံး အနှုန်း၊ အရေးအသားကအစ လွယ်ကူဖို့၊ 'လိုတိုရှင်း'ဖြစ်ဖို့ထက် တိကျ ဖို့နဲ့ ခိုင်မာဖို့သာ အဓိကလိုအပ်ပါတယ်။

### ကြော်ငြာဆောင်းပါး

ကြော်ငြာဆောင်းပါးဆိုတာက ရှင်းပါတယ်။ ကြော်ငြာကို ဆောင်းပါး အရေခြုံထားတာပဲ ဖြစ်တယ်။ နေရောင်ခြည်နဲ့ အထိအတွေ့များရင် နေရောင်ခြည်ထဲက မျက်စိနဲ့မမြင်ရတဲ့ ခရမ်းလွန်ရောင်ခြည်လို ရောင်ခြည် မျိုးစုံကြောင့် အသားအရေပျက်စီးနိုင်တယ်။ အရေပြားကင်ဆာအထိ ဖြစ်နိုင်တယ်။ ဒါကြောင့် ဘယ်လိုလိမ်းဆေးရည်မျိုး လိမ်းသင့်တယ်၊ ဘယ်လိုမိတ်ကပ်မျိုးနဲ့ ကာကွယ်သင့်တယ်ဆိုတဲ့ 'စာ'မျိုးတွေ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အရောင်းပြခန်းဖွင့်ပွဲတို့၊ ဆိုင်ဖွင့်ပွဲတို့လို၊ ကံစမ်းမဲနှိုက်ပွဲတို့လို စီးပွားရေးသမားများရဲ့ 'ကြော်ငြာ'ကိစ္စတွေကို သတင်းလို၊ ဆောင်းပါးလို ရေးပြီး ဖော်ပြတာမျိုးလည်း အကြိုးဝင်တယ်။ ခုတစ်လော အတွေ့ရများတဲ့ ကိုယ်နဲ့အလွမ်းသင့်ရာ စာရေးဆရာ၊ စာအုပ်တိုက်များရဲ့ စာအုပ် ထွက်ရှိတဲ့အကြောင်းကို ပုံမှန်ဖော်ပြနေကျ 'စာအုပ်စင်ကဏ္ဍ'လိုနေရာမျိုးမှာ မဖော်ပြဘဲ သတင်းတွေကြားထဲမှာ သတင်းကြီးတစ်ပုဒ်လို ရှည်ရှည်လျားလျား ရေးသားဖော်ပြတာမျိုးဟာလည်း ကြော်ငြာကို 'သတင်း'ရေခြုံထားတာ ဖြစ်တယ်။ ဒီကနေပြီး သတင်းရေးသူက 'လုပ်စား'တဲ့ မသမာမှုမျိုးတွေ ပေါ်ပေါက်လာတာဖြစ်တယ်။ သတင်းရေးသူက သတင်းလိုရေးသားပြီး စာအုပ်တိုက်ဆီက 'ကြော်ငြာခ'နဲ့ တွက်ယူတာမျိုးဖြစ်တယ်။

### အဆိပ်ဖြစ်တဲ့စာ

ဒီလိုစီးပွားရေးအရလုပ်တဲ့ ကြော်ငြာဆောင်းပါးမျိုးက သက်ဆိုင်ရာ သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ရုံမျှသာ ဖြစ်တယ်။ ဒီထက်ဆိုးပြီး နိုင်ငံနဲ့လူမျိုးကိုပါ ထိခိုက်နစ်နာစေတဲ့ ကြော်ငြာဆောင်းပါးမျိုးလည်း ရှိပါသေးတယ်။ နိုင်ငံခြားတိုင်းပြည်ကြီးများရဲ့ ဖွံ့ဖြိုးတိုးတက်ကြီးကျယ်ခမ်းနားပုံတွေကို 'မစားရ ဝခမန်း' စာဖွဲ့ရေးသားပြီး သတင်း ဒါမှမဟုတ် ဆောင်းပါးအနေနဲ့ ဖော်ပြတာမျိုးတွေဖြစ်တယ်။ ဒီလိုစာမျိုးတွေကို ရေးပေးတဲ့အတွက် သက်ဆိုင်ရာနိုင်ငံကြီးတွေက ကြော်ငြာခ၊ ဒါမှမဟုတ် တခြားအခွင့်ထူးများ ချီးမြှင့်လေ့ရှိပါတယ်။ ဒါမျိုးက ခုခေတ်မှာ သိပ်မရှိပေမယ့် စစ်အေးတိုက်ပွဲကာလကတော့ အများကြီးရှိခဲ့ပါတယ်။ ဒီလိုကြော်ငြာဆောင်းပါးမျိုးကတော့ အင်မတန်အန္တရာယ်ရှိတဲ့ 'အဆိပ်စာ' မျိုး ဖြစ်တဲ့အတွက် အထူးသတိထားသင့်ကြပါတယ်။ အထူးသဖြင့် အခုခေတ်ဂျာနယ်လောကထဲကို 'ထင်တစ်လုံး'နဲ့ ဝင်ရောက်လာကြတဲ့ လူငယ်ဂျာနယ်လစ်လေးတွေ ဒီလို 'အဆိပ်ဖြစ်တဲ့စာ'မျိုးတွေကို ဝေးဝေးက ရှောင်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

၁၁၊ ၈၊ ၂၀၀၈



## အညာသားအတွက်မေတ္တာအညာစာ

ခုတလော မေတ္တာချည်းပဲ တွေးနေမိ ရေးနေမိတယ်။ မြန်မာလူမျိုးတစ်ယောက်ဖြစ်လို့ 'မေတ္တာ'ဆိုတဲ့စကားနဲ့ တစ်သက်လုံး ကျွမ်းဝင်ရင်းနှီးနေခဲ့ပေမယ့် သိပ်ပြီးလေးလေးနက်နက်ရှိခဲ့တာတော့ မဟုတ်ပါဘူး။ အများသူငါလို ဘာသိဘာသာပဲ နေခဲ့တယ်။ အခုတော့ အသက် ၇၀ နားနီးနေပြီဖြစ်လေတော့ ငယ်စိတ်ငယ်မာန်တွေ လျော့ပါးပြီး အရာရာကို မေတ္တာစိတ်၊ စာနာစိတ်နဲ့ ကြည့်တတ်စပြုလာခဲ့တယ်။

### မွှေပွေးမွှေဟောက်စိတ်

မေတ္တာစိတ်နဲ့ကြည့်တတ်လာတဲ့အတွက် ချက်ချင်းလက်ငင်း အကျိုးခံစားရတာကိုလည်း သတိပြုမိတယ်။ အဲဒီအကျိုးရလဒ်ကတော့ အခါခပ်သိမ်း စိတ်လက်ကြည်လင်ချမ်းမြေ့နေခြင်းဖြစ်တယ်။ ငယ်စိတ်ငယ်မာန်ဖြစ်တဲ့ ဒေါသတွေ၊ အာဃာတတွေလျော့ပါးပြီး အရာရာကို မေတ္တာစိတ်၊ စာနာစိတ်နဲ့ ရှုမြင်တတ်လာတဲ့အတွက် ရင်ထဲက အလျှံတညီးညီးနဲ့ မီးတောက်မီးလျှံတွေ ငြိမ်းမသွားသေးပေမယ့် အရှိန်တော့ သိသိသာသာ လျော့ကျသွားတယ်။ ငယ်စိတ်ကတော့ လာမထိနဲ့၊ ထိရင်ချမယ်ဆိုတဲ့ မွှေပွေးမွှေဟောက်စိတ်။ ပါးပျဉ်းတစ်ထောင်ထောင်လုပ်ပြီး ရန်သူကို အသင့်စောင့်နေတာ။ အသက်ကြီးလာတာနဲ့အမျှ ဝင်ခဲ့ရတဲ့ ရှင်ကြီးရှင်ငယ်စခန်းတွေကလည်းများ၊ လောကဓံရဲ့ အထုအထောင်း အရိုက်အပုတ်တွေ ခံရပေါင်းကလည်း မရေမတွက်နိုင်လောက်အောင်ဆိုတော့ ထုသားပေသားကျပြီး တော်ရုံနဲ့တော့ ငယ်ငယ်ကလို ဒေါသမီးတွေ ဟုန်းခနဲ ဟုန်းခနဲ မတောက်တော့ဘူး။ ဒါတင်မက ၇၀ နီးပါး သက်တမ်းကာလအတွင်းမှာ မေတ္တာ၊ စေတနာ ခေါင်းပါးသူများ၊ အတ္တစိတ် ငယ်ထိပ်ထိ တက်သူများ၊



www.burmeseclassic.com

www.burmeseclassic.com

ရက်စက်ကြမ်းကြုတ်တဲ့ 'ဘီလူးစိတ်'ရှိသူများဟာ 'တူသော အကျိုးပေး' ခံကြရပုံ အဖုံဖုံကိုလည်း ဟစ်တလာ၊ အိုက်ခမန်းကအစ ဆက်ဒမ်ဟူစိန်း အဆုံး မြင်တွေ့ခဲ့ဖူးပြီဖြစ်လေတော့ 'မုန်းတီးခြင်း'ဆိုတဲ့စိတ်အစား 'သနား ခြင်း'ဆိုတဲ့ စိတ်မျိုးသာ ဖြစ်တတ်တော့တယ်လေ။

## မေတ္တာရောင်ပြန်

ဒေါသမီး၊ မောဟမီး၊ လောဘမီးတွေနဲ့ ကိုယ့်ကိုယ်ကိုယ်လောင်မြိုက် အောင် လုပ်နေကြတာကို မသိရှာကြပဲကိုး။ အရှင်လတ်လတ် ငရဲခံနေ ကြရတာကို သဘောမပေါက်ရှာကြပဲကိုး ဆိုတဲ့ သနားစိတ်မျိုးသာ ဖြစ် တော့တယ်။ အဲဒီတော့ 'ဥပေက္ခာ'ရှုနိုင်လာတယ်။ 'အာဃာတ'ဆိုတာ ကိုယ့်ကိုယ်ကိုယ်လောင်မြိုက်စေတဲ့မီးပဲ။ အဲဒီမီး အရှိန်လျော့ရင် လျော့ သလောက် အေးချမ်းမှုကို ခံစားရတယ်။ အေးချမ်းမှုကတစ်ဆင့် စိတ် ချမ်းသာခြင်းကို ရောက်ရှိသွားနိုင်တယ်။ မေတ္တာဓာတ်ဟာ တုံ့ပြန်မှုရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ သူ့အလိုလိုကို အေးချမ်းမြဲဖြစ်တယ်။ နောက်ပြီး တော့ 'မေတ္တာရောင်ပြန်ဟပ်တယ်'ဆိုတဲ့ စကားကိုလည်း နည်းနည်းလေးမှ သံသယမရှိပါနဲ့။ လူဆိုတာ သဘာဝကိုက မေတ္တာထားတတ်တဲ့ သတ္တဝါ မျိုး ဖြစ်တယ်။ manimal လို့ခေါ်တဲ့ တိရစ္ဆာန်တစ်ပိုင်း လူတစ်ပိုင်း 'လူ့ တိရစ္ဆာန်'မျိုးကလွဲရင် မေတ္တာကိုခံယူတတ်သလို ပေးလည်းပေးဝေတတ် ပါတယ်။ 'လူ့တိရစ္ဆာန်'ဆိုတာမျိုးက လူ့လောကမှာ လူနည်းစုပါ။ မေတ္တာ ကို နားလည်နိုင်စွမ်းမရှိတဲ့ အဲဒီလိုလူစားမျိုးကျတော့လည်း ရှင်မောဂ္ဂလန် ကိုယ်တော်မြတ်ကြီးရဲ့ နန္ဒောပနန္ဒနဂါး ချွတ်တော်မူခန်းကိုပဲ အတုယူကြ ရတော့မှာပေါ့လေ။

## မေတ္တာအကျိုး

ကျောင်းဆရာလည်းလုပ်ခဲ့၊ သတင်းစာသမားလည်းလုပ်ခဲ့ပြီး နှစ်မျိုး စလုံးရဲ့သဘာဝအရ လူပေါင်းများစွာနဲ့ ထိတွေ့ဆက်ဆံခဲ့ဖူးလေတော့ 'တုံ့လှယ်မေတ္တာ' ဆိုတဲ့စကားကို စွဲမြဲစွာယုံကြည်ပါတယ်။ ကိုယ်က မေတ္တာပေးရင် ပေးသလောက်မကတဲ့ မေတ္တာတွေပြန်ရတာ အသေအချာ ပါ။ ကျောင်းဆရာဘဝကထားခဲ့တဲ့ မေတ္တာရဲ့အကျိုးကို နှစ်ပေါင်းများစွာ ကြာတဲ့အထိလည်း ခံစားနေရဆဲဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်



တုန်းက တပည့်ဖြစ်ခဲ့သူတွေဟာ နိုင်ငံရပ်ခြားတိုင်းပြည်များမှာ ရောက်ရှိ နေကြတာ မျိုးဆက်တစ်ဆက်မက ကြာခဲ့ကြပေမယ့် သူတို့ချစ်တဲ့ ဆရာ အိုကြီးကို မေ့ပျောက်မသွားကြပါဘူး။ ဆေးဝါးပစ္စည်း အသုံးအဆောင်က အစ လိုလေသေးမရှိအောင် ပို့ပေးနေကြတာပါပဲ။ တစ်ယောက်တလေ မဟုတ်ပါဘူး။ နိုင်ငံပေါင်းများစွာမှာ လူပေါင်းများစွာရှိပါတယ်။

## လူချမ်းသာထင်ကြ

ကျောင်းသူကျောင်းသား တပည့်တပန်းတွေများသလောက် မေတ္တာ တွေ အများကြီးခံယူရပါတယ်။ အလားတူပဲ အဖိုးတန်လက်ဆောင်ပစ္စည်း မျိုးစုံလည်း ရခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ လောက်အတွင်းမှာ ပုဆိုး၊ အင်္ကျီ ဆိုတာ တစ်ခါမှ ဝယ်မဝတ်ခဲ့ဖူးပါဘူး။ အကြောင်းမသိသူတွေက အိမ်ထဲမှာ တီဗီတွေအများကြီး၊ ကက်ဆက်တွေအများကြီး တွေ့ရတဲ့အပြင် ရေခဲ သေတ္တာ၊ ရေအေးစက်၊ အဝတ်လျှော်စက်စတဲ့ ခေတ်ပေါ်စက်ပစ္စည်းစုံတွေ တွေ့မြင်ကြလေတော့ လူချမ်းသာပဲလို့ ထင်သွားတတ်ကြတယ်။ သေသေ ချာချာကပ်ကြည့်မှသာ အဲဒီစက်ပစ္စည်းတွေမှာ class of 1981, class of 1990, class of 1995 ဆိုတဲ့စာတမ်းတွေ ကပ်ထားတာကို တွေ့ကြ ရမှာကိုး။ ရှိရှိသမျှစက်ပစ္စည်းအားလုံးဟာ 'ရောင်ပြန်မေတ္တာ'တွေချည်းပါ။

## အညာထွက်ပစ္စည်းစုံ

အဲဒီလို အဖိုးတန်လက်ဆောင်တွေ ဘယ်လိုပဲရရ၊ မနေ့က(ဇန်နဝါရီ ၄) ရခဲ့တဲ့ လက်ဆောင်လောက် ကြည်နူးပီတိဖြစ်ခဲ့ရတယ်လို့ မထင်ပါဘူး။ မနေ့ကမနက်ပိုင်းမှာ နယ်ကစာဖတ်ပရိသတ်ပါလို့ဆိုပြီး လူတစ်ယောက် ဖုန်းဆက်လိပ်စာမေးတယ်လို့ ဖုန်းကိုင်တဲ့သမီးတစ်ယောက်က ပြောပြတယ်။ ညနေစောင်းကျတော့ တော်တော်ကြီးတဲ့ ဂျပ်ဘူးကြီးတစ်ခုပိုက်ပြီး လူငယ် တစ်ယောက်ရောက်လာပါတယ်။ သူက ဂျပ်ဘူးကြီးကို ဘေးနားမှာချထား လိုက်ပြီး ရှေ့မှာဝင်ထိုင်ရင်း 'ကျောက်ပန်းတောင်း'ကပါလို့ မိတ်ဆက်ပါ တယ်။ အထွေအထူးကိစ္စမရှိပါဘူး။ နှုတ်ဆက်ချင်တာ သက်သက်ပါလို့ လည်း ပြောပါတယ်။ နောက်တော့ သူသိချင်တာလေးတွေမေး၊ ရင်ဖွင့် ချင်တာလေးတွေဖွင့်နဲ့ တစ်နာရီလောက်ကြာအောင် စကားလက်ဆုံ ပြော ဖြစ်ကြပါတယ်။ ဆရာမောနေမှာစိုးလို့ ပြန်ပါဦးမယ်ဆိုပြီး ထပြန်တော့



www.burmeseclassic.com

www.burmeseclassic.com

လှချည်းထွက်သွားပါတယ်။ ဂျပ်ဘူးကြီးမေ့နေရစ်ပြီလို့ သတိပေးလိုက်တော့ ပြုံးဝင်လာပြီး 'ဒါက ဆရာ့အတွက် အညာကသူငယ်ချင်းတွေ စုပြီး လိုက်တာပါ'လို့ ပြောသွားပါတယ်။ 'ဘာရယ်မဟုတ်ပါဘူး၊ အညာထွက် ပစ္စည်းလေးတွေပါ'လို့လည်း ပြောပါသေးတယ်။

## ကြည်နူးမျက်ရည်

သူကသာ ဘာရယ်မဟုတ်ဘူးပြောသွားတာ ဘူးကြီးနဲ့အပြည့်ပါတဲ့ ပစ္စည်းတွေကတော့ မနည်းပါဘူး။ အမျိုးကလည်း စုံလိုက်တာ။ ထညက် (ထန်းလျက်)ထုပ်၊ ပုန်းရည်ကြီးအထုပ်ကလေးတွေက အထုပ်ကြီးတစ်ထုပ်၊ လက်ဖက်နဲ့အကြော်စုံတွေ၊ အင်မတန်ကြိုက်နှစ်သက်တဲ့ 'အစိမ်းတည်' သရက်သီးဆီစိမ်ထုပ်၊ အာလူးကြော်ထုပ်ကြီးတွေက ၁၀ ထုပ်လောက်ပါ လာရာမှာ ပုံစံအမျိုးမျိုး၊ ရိုးရိုးအကြော်၊ ဇကာကွက်(ဆန်ခါကွက်)ကြော်၊ မြေပဲနဲ့အစပ်ကြော် စုံနေတာပါပဲ။ အောက်ဆုံးကျတော့ အညာသားကြိုက် ထန်းပင်မြစ်(ရန်ကုန်အခေါ်ထန်းမြစ်)က သုံးစည်းပါလိုက်သေးတယ်။ အညာသားဆိုတော့ အညာစာကြိုက်တာနဲ့ အတော်ပဲဖြစ်သွားတယ်။ အဖိုးတန်လက်ဆောင်တွေရတာ၊ ဒေါ်လာနဲ့ကန်တော့ခံရတာထက်ကို ကြည်နူးပီတိဖြစ်မိပါတယ်။ တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဆီကို ဒီလို တကူးတက၊ ကရိကထခံပြီး လက်ဆောင်တွေပို့တယ်ဆိုတာ နည်းတဲ့မေတ္တာမှ မဟုတ်တာ။ သမီးတွေ တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြတဲ့ အထုပ်တွေကိုကြည့်ရင်း ကြည်နူးလွန်း၊ ပီတိဖြစ်ရလွန်းလို့ မျက်ရည်များ တောင် လည်မိပါတယ်။ ဒီလို 'ကြည်နူးမျက်ရည်'ဆိုတာ မျက်လုံးထဲက ထွက်လာတာမဟုတ်ပါဘူး။ ရင်ထဲနှလုံးထဲက ယိုစီးကျလာတာဖြစ်လို့ ပူလောင်ခြင်းကင်းတယ်။ ဒါကြောင့် မေတ္တာရိပ်လောက်အေးမြတာ ဘာမှ မရှိဘူးလို့ ဆိုခဲ့ကြတာဖြစ်လိမ့်မယ်။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်။

၅၊ ၁၊ ၂၀၀၉



# စာရိတ္တပညာနဲ့ ပြည်သူ့နီတိ သင်ကြားပေးဖို့လိုနေပြီ

နိုင်ငံခြားသတင်းတစ်ပုဒ်မှာ ၄ နှစ်သားလေးက သူ့ကို စောင့်ထိန်း ပေးနေတဲ့ လူငယ်လေးတစ်ယောက်ကို သေနတ်နဲ့ပစ်တဲ့အကြောင်း ဖတ်လိုက်ရပါတယ်။ အကြောင်းကတော့ လူငယ်က သူ့ခြေထောက်ကို မတော်တဆ တက်နင်းမိလိုက်လို့ပါတဲ့။ ကံကြီးလို့ အသက်မသေပေမယ့် ဒဏ်ရာတွေနဲ့မို့ ဆေးရုံတင်လိုက်ရပါတယ်။

## ရမ်ဘိုလိုပဲ

အမေရိကန်နိုင်ငံမှာ သေနတ်ပစ်မှုတွေ ဖြစ်တယ်ဆိုတာ သတင်းမဖြစ် တော့ပါဘူး။ ဖြစ်နေကျကိစ္စမျိုးပါ။ လမ်းပေါ်မှာ ရမ်ဘိုလို သေနတ်ကြီး ကိုင်ပြီး မဲမဲမြင်သမျှ လျှောက်ပစ်တာမျိုး၊ စာသင်ကျောင်းထဲဝင်ပြီး လက်ထဲက မောင်းပြန်သေနတ်ကျည်ကပ်မကုန်မချင်း လိုက်ပစ်နေတာ မျိုးတွေက နေ့စဉ်နဲ့အမျှ ဖြစ်နေကြတာမို့ ရိုးနေပါပြီ။ ဒါပေမဲ့ ခုလို ၄ နှစ် အရွယ်ကလေးတစ်ယောက်က လူကြီးတစ်ယောက်ကို သေနတ်နဲ့ပစ်တာ မျိုးကတော့ ဖြစ်တောင့်ဖြစ်ခဲပါ။ အဲဒါကြောင့်လည်း သတင်းဖြစ်ပြီး ရေးကြ တာဖြစ်တယ်။

နှစ်ဆယ်ရာစုနှောင်းပိုင်းကာလကစပြီး 'ပညာခေတ်'ဆိုတဲ့စကား တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြတယ်။ နည်းပညာတွေ တစ်ဟုန်ထိုး တိုးတက်လာတာကြောင့် ခေါ်ကြတာဖြစ်တယ်။ ခေါ်ထိုက်ပါတယ်။ ကွန် ပျူတာနဲ့ ဒစ်ဂျစ်တယ်အတတ်ပညာတွေကြောင့် 'အချိန်'နဲ့ 'အကွာအဝေး' တို့ဟာ လုံးဝကွယ်ပျောက်သလောက် ဖြစ်နေပါပြီ။ လန်ဒန်မြို့ကြီးမှာ ကန်နေတဲ့ ဘောလုံးပွဲကို အိုးလ်ထရက်ဖို့ကွင်းထဲက ကြည့်နေတဲ့သူနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပဲ မြန်မာနိုင်ငံ အညာကျေးလက် ရွာ တစ်ရွာက ကာလသားများလည်း ကြည့်နေနိုင်ကြပါပြီ။ အဘူဒါဘီမှာ သွား



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်နေတဲ့ သားသမီးနဲ့ ရန်ကုန်ကမိဘတွေ GTalk မှာ စကားပြောကြရင်း တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန်မြင်နိုင်ကြတယ်။ အတတ်ပညာတွေက အဲဒီလောက်ထိတိုးတက်တာ။

## အတတ်ပညာနဲ့အသိပညာ

'ပညာခေတ်'လို့ သတ်မှတ်ခေါ်ဆိုနေကြတာကို ပိုပြီးတိတိကျကျ ဖြစ်အောင် 'အတတ်ပညာခေတ်'လို့ ခေါ်သင့်တယ်လို့ ယူဆပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ 'အတတ်ပညာ'နဲ့ 'အသိပညာ'ဆိုတာ ခြားနားလို့ ဖြစ်တယ်။ စက်မှုလက်မှုအတတ်၊ ဆေးဝါးကုသမှုအတတ်၊ လေယာဉ်ပျံ သင်္ဘောမောင်းတဲ့အတတ် စတဲ့အတတ်ပညာများကို သင်ယူတတ်မြောက် ကျွမ်းကျင်သူကို 'အတတ်ပညာရှင်'လို့ သတ်မှတ်လေ့ရှိကြပြီး 'ပညာ'ကို 'ဉာဏ်အသိ'နဲ့ ဝေဖန်ပိုင်းခြားပြီး ကိုယ်ပိုင်အတွေးအခေါ်နဲ့ ဆင်ခြင်တုံတရားနဲ့ ဖန်တီးလုပ်ဆောင်သူကို 'အသိပညာရှင်'လို့ သတ်မှတ်လေ့ရှိကြတယ်။ ဒီနေ့ခေတ်ဟာ စက်မှုယန္တရားအတတ်ပညာတွေ ထွန်းထွန်းကားကား တိုးတက်ဖြစ်ထွန်းတာကြောင့် 'အတတ်ပညာခေတ်'လို့ ခေါ်သင့်ပါတယ်။ ဒါပေမဲ့လို့ တစ်ဖက်ကိုလှည့်လိုက်ပြန်တော့လည်း စောစောကပြောခဲ့တဲ့ လေးနှစ်သားလေးကတောင် သေနတ်သရမ်းတဲ့ဖြစ်ရပ်မျိုးတွေက ကမ္ဘာကြီးတစ်ခုလုံးမှာ နေ့စဉ်စက္ကန့်မလပ် ဖြစ်ပွားနေကြလေတော့ လူသားအားလုံးဟာ 'အသိဉာဏ်ပညာ'ဆိုင်ရာအပိုင်းမှာတော့ ချွတ်ခြုံကျပြီး နောက်ကိုပြန်ဆုတ်သထက်ဆုတ်ကာ ကျောက်ခေတ်ဦးက အရိုင်းအစိုင်းများဘဝကို ပြန်ရောက်နေပြီလားလို့တောင် မတွေးဘဲမနေနိုင်လောက်အောင် ဖြစ်နေရပါတယ်။

## ဘယ်သူသင်ပေးတာလဲ

မကောင်းမြင်အကြည့်နဲ့ ကြည့်တာမဟုတ်ပါဘူး။ လေးနှစ်သားလေးကို သေနတ်သရမ်းအောင်သင်ပေးနေတာက ဘယ်သူတွေလဲ။ ဒီကနေ့ လေးနှစ်သားလေးရဲ့ အိမ်မှာကြည့်နေတဲ့ ရုပ်မြင်သံကြားသတင်းတွေက ဘယ်လိုသတင်းတွေလဲ။ အာဖဂန်နစ္စတန်မှာ၊ အီရတ်မှာ၊ ဂါဇာမှာ၊ ဆူဒန်မှာ၊ ဆိုမာလီယာမှာ သွေးချောင်းစီးအောင် တိုက်ခိုက်သတ်ဖြတ်နေကြတဲ့ သတင်းတွေချည်း မဟုတ်လား။ အဲဒါနဲ့ တစ်ဆက်တည်းလာတဲ့ သတင်းက



ရေနံဈေးတွေဆက်မကျအောင် အိုပက်က ရေနံထုတ်လုပ်မှု ထပ်ပြီးလျှော့ချဦးမယ်ဆိုတဲ့ ကိစ္စဖြစ်တယ်။ ရေနံဈေးတွေကျတော့ လူတွေ နေမှုထိုင်မှု စားမှုသောက်မှု စရိတ်တွေ သက်သာသွားတာ မကောင်းဘူးလား။ နောက်သတင်းတစ်ပုဒ်ကျတော့ အအေးလွန်ကဲတဲ့နှစ်မှာမှ ဥရောပတိုက်ကို ပေးပို့နေတဲ့ ဓာတ်ငွေ့ပိုက်လိုင်းတွေကို ရုရှားတွေက ပိတ်ပစ်လိုက်သတဲ့။ ရေနံကို လက်နက်သဖွယ်အသုံးပြုပြီး အနိုင်ကျင့်လိုက်တာ မဟုတ်ဘူးလား။

သတင်းမကြည့်ဘဲ ရုပ်ရှင်တွေ၊ ဂိမ်းတွေကြည့်လည်း ထူးမခြားနားပါပဲ။ ကလေးတွေကြည့်တဲ့ ရုပ်ရှင်တွေ၊ ကစားတဲ့ဂိမ်းတွေ အားလုံးကလည်း တိုက်တာခိုက်တာ၊ သတ်တာဖြတ်တာတွေချည်းပါပဲ။ လူတွေ ခြေပြတ်လက်ပြတ်ဖြစ်တာတွေကို ဒီခေတ်ကလေးတွေက ကြောက်စရာလို့ မမြင်ကြတော့ဘူး။ မြင်နေကျမို့ ရိုးနေကြပြီ။ မကြာမီကလည်း မိအိုဖအိုများကို ပြုစုစောင့်ရှောက်မလုပ်ဘဲ လျစ်လျူရှုထားတဲ့ သားသမီးတွေ များသထက်များလာတဲ့အတွက် အစိုးရက ဥပဒေပြဋ္ဌာန်းပြီး အရေးယူသင့်မသင့် အပြန်အလှန်ဆွေးနွေးငြင်းခုန်ကြတဲ့ သတင်းတွေ စင်ကာပူသတင်းစာများထဲမှာ ဖတ်လိုက်ရတယ်။

## ဘုန်းဘုန်း တာ့တာတဲ့

အိမ်မိုးကြီးတစ်ခုတည်းအောက်မှာ သားသမီးမြေးမြစ်တွေ တစ်ပြုံကြီး စုဝေးနေထိုင်လေ့ရှိတဲ့၊ ဘိုးဘွားမိဘကို အင်မတန် ရိုသေဦးစားပေးလေ့ရှိတဲ့ တရုတ်လူမျိုးတွေတောင်မှ ဒီခေတ်ကြီးထဲရောက်တော့ ဘယ်လောက်များ ပြောင်းလဲသွားလိုက်သလဲ။ သူများနိုင်ငံတွေသာ မဟုတ်ဘူး။ ဗုဒ္ဓယဉ်ကျေးမှုကြောင့် နိုင်ငံခြားသားတိုင်း လက်ဖျားတခါခါ ချီးကျူးရလောက်အောင် ယဉ်ကျေးသိမ်မွေ့တဲ့၊ ပြုံးရယ်ဖော်ရွေတဲ့၊ တစ်ဖက်သား ကသိကအောက်ဖြစ်လောက်အောင်ကို အားနာတတ်တဲ့ မြန်မာလူမျိုးများရဲ့ ဓလေ့စရိုက်တွေ၊ ယဉ်ကျေးမှုတွေလည်း အနောက်တိုင်း၊ အရှေ့တိုင်း နေရာပေါင်းစုံက ဝင်ရောက်လာတဲ့ ကျောက်ခေတ်ယဉ်ကျေးမှုတွေနဲ့ ရောကောသောကောဖြစ်ပြီး 'ဘုန်းဘုန်း တာ့တာ'ဆိုတာမျိုးတွေ ဖြစ်ကုန်ပြီလေ။ ဒီခေတ်ကလေးတွေက ရဟန်းသံဃာများနဲ့ ဘယ်လိုပြောဆိုဆက်ဆံရမယ်ဆိုတာ မသိကြတော့ဘူး။ ကိုယ် ၉ တန်း၊ ၁၀ တန်းအရွယ်ရောက်တဲ့ထိ မန္တလေးမှာ သံဃာတွေစီတန်းပြီး ဆွမ်းခံကြွလာကြပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဘေးနားက ယောက်ျားမိန်းမ၊ ကလေးလူကြီးမရွေး လမ်းသွားနေရာက ရပ်ပြီး စောင့်ပေးလေ့ရှိကြတယ်။ သံဃာတော်များရဲ့အရိပ်ကို နင်းမိမှာ စိုးလို့လေ။ ယယ်ယယ်လေးကတည်းက ခရစ်ယာန်ကျောင်းမှာ နေခဲ့သူ ကိုယ်တိုင်တောင်မှ သူများတွေရပ်ရင် ရပ်ပြီး စောင့်နေတတ်တာပါ။ ဘာရယ်မဟုတ်ဘူး၊ အများလုပ်နေကြလို့ လိုက်လုပ်တာပါပဲ။ ဒါပေမဲ့ ဒါမျိုးလေးတွေကပဲ လူကို ရိုင်းစိုင်းမသွားအောင် ထိန်းကျောင်းပေးတာ ပါလားဆိုတာ ကြီးမှ စဉ်းစားမိတယ်။ အခုခေတ်တော့ ရဟန်းသံဃာ ဆိုတာလည်း ရှိသေရကောင်းမှန်း မသိကြတော့ပါဘူး။

## ဝန်မင်းသေ တစ်မတ်

ဒါလောက်တင် မကသေးပါဘူး။ စိတ်ဓာတ်ပိုင်းဆိုင်ရာ လျော့ကျနိမ့်ဆင်းသွားတာတွေ 'ပြောမဆုံးပေါင် တောသုံးထောင်'ပါပဲ။ ဘတ်စ်ကားပေါ်မှာ သက်ကြီးရွယ်အိုပဲ၊ မိန်းမသားပဲ၊ ဗိုက်ကြီးသည်ပဲ ကြည့်မနေတော့ဘူး။ ကိုယ်နေရာရဖို့အတွက် တွန်းတိုက်နင်းဆောင့်လုပ်ဖို့ ဝန်မလေးကြတော့ဘူး။ ကျောင်းမှာ စာမသင်ဘဲ၊ စာမလိုက်နိုင်ရင် အိမ်လာခဲ့ဆိုတဲ့ ဆရာ၊ ဆရာမမျိုးတွေ၊ ဆေးရုံပေါ်မှာတော့ မျက်နှာတင်းပြီး ဆေးခန်းကျတော့မှ ပြုံးတတ်တဲ့ 'တစ်မိနစ်ကြည့်'ဆရာဝန်ကြီးတွေ၊ ပြည်သူလူထု ပေးဆောင်တဲ့ အခွန်အခတွေကြောင့် လခ'စား'နေရပေမယ့် သူတို့ကိုယ် သူတို့ ပြည်သူလူထုအထက်ကလို့ သဘောထားပြီး ရုံးရောက်တာနဲ့ ဆူလိုက်ဟောက်လိုက်၊ ကြိမ်းမောင်းလိုက်လုပ်တတ်ကြတဲ့ အစိုးရဝန်ထမ်းကြီးငယ်တွေ၊ ဘတ်စ်ကား၊ မီးရထားစီးရင်း ပြတင်းပေါက်ကနေပြီး တဗျစ်ဗျစ်နဲ့ ကွမ်းတံတွေးထွေးတတ်တဲ့ သူတွေ၊ ဖိနပ်ခိုး၊ ထမီရုတ်တဲ့ သူခိုး၊ ခါးပိုက်နှိုက်ဆိုရင်တော့ ထိပ်ပေါက်ခေါင်းကွဲဖြစ်အောင် ဝိုင်း'ဆော်ပလော်တီး'ကြပြီး သေနတ်ပြပြီး ဓားပြတိုက် လုသတ်တဲ့သူနဲ့ တွေ့ရင်တော့ ကိုယ်နဲ့ဘာမှမဆိုင်သလို မျက်နှာလွှဲနေတတ်သူတွေ၊ 'ဝန်ကတော်သေ တစ်ကျပ်၊ ဝန်မင်းသေတော့ တစ်မတ်' လုပ်လေ့ရှိသူတွေ၊ နေရာတကာမှာ မျက်စေ့နောက်လောက်အောင်ကို ပေါများလှပါတယ်။

## ပြည်သူ့နီတိ

ခေတ်ကြီးအကြောင်းတွေးရင်းကနေပြီး ငယ်စဉ်ကျောင်းသားဘဝကို



ပြန်သတိရမိတယ်။ ယယ်ယယ်ကသင်ခဲ့ရတဲ့ စာတွေကိုလည်း တွေးမိတယ်။ မူလတန်းကျောင်းသားအရွယ်တုန်းက civic လို့ခေါ်တဲ့ 'ပြည်သူ့နီတိ' ဆိုတာ သင်ခဲ့ရတယ်။ ကျောင်းသား ကျင့်ဝတ်၊ သားသမီး ကျင့်ဝတ်၊ နိုင်ငံတကာကျင့်ဝတ် အခြေခံတွေကို သင်ကြားပေးတာ ဖြစ်တယ်။ အလယ်တန်းနဲ့ အထက်တန်းရောက်တော့ Morals and Manners ဆိုတဲ့ 'ကိုယ်ကျင့်တရား'ဘာသာရပ်ကို သင်ကြားရတယ်။ ကောင်းမှုနဲ့ မကောင်းမှု၊ မြင့်မြတ်မှုနဲ့ ယုတ်ညံ့မှု၊ သူတော်ကောင်းစိတ်နဲ့ သူယုတ်မာစိတ် စတဲ့ စိတ်ဓာတ်နဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေကို သင်ကြားပေးတာ ဖြစ်တယ်။ သင်ကြားပေးတဲ့ ခရစ်ယာန်ဘုန်းကြီးတွေကလည်း ဝတ်ထားတဲ့ ဝတ်ရုံဖြူကြီးတွေလို ဖြူစင်ကြတယ်။ ကျောင်းသားတွေကို မရိုက်ဘူး။ စာသင်ခန်းထဲမှာဆို တည်သလောက်၊ ကျောင်းဆင်းချိန်ကျရင်တော့ ကျောင်းသားတွေနဲ့အတူ ဘောလုံးကန်တယ်။ ဆေးလိပ်နဲ့ အရက် မသောက်ဘူး။ ပိုက်ဆံတောင်မကိုင်ဘူး။ 'ငါပြောသလိုလုပ်၊ ငါနေသလို နေ'ဆိုပြီး ရှေ့က စံပြနေကြတာဖြစ်တယ်။ ဒါကြောင့် ကျောင်းကထွက်လာတာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်တာတောင် ယယ်ယယ်ကနေခဲ့ရတဲ့ မန္တလေးက 'ဖာသာလဖုန်းကျောင်း'ဆိုတဲ့ကျောင်းကို ဒီနေ့ထိ တမ်းတမ်းတတဖြစ်နေရဆဲ ဖြစ်တယ်။ ဒီလို 'မိခင်ကျောင်းတော်'(Alma Mater) ဆိုတဲ့ စိတ်ဓာတ်မျိုး ရှိဖို့ အင်မတန်လိုအပ်တယ်။ 'ငါ့ကျောင်း'ဆိုတဲ့ မိခင်ကျောင်းတော်ကို ချစ်တတ်တဲ့စိတ်မျိုးရှိမှ 'ငါ့မြို့၊ ငါ့ရွာ'၊ 'ငါ့နိုင်ငံ၊ ငါ့လူမျိုး'ဆိုတဲ့စိတ်မျိုး ပေါ်ပေါက်လာနိုင်တာ ဖြစ်တယ်။

## ဒီနေ့ပဲစလိုက်ကြစို့

အမေရိကန်သမ္မတရေဂန်လက်ထက်တုန်းက လူတွေတစ်နေ့တခြား ကြမ်းတမ်းရိုင်းစိုင်းလာတာ လျော့ပါးအောင် ကျောင်းတွေမှာ ဘာသာရေး သင်ခန်းစာတွေ သင်ကြားပေးဖို့ လုပ်ဆောင်ခဲ့ဖူးတယ်။ ဘာသာခြားတွေနဲ့ ပြည်သူ့လွတ်လပ်ခွင့်ကာကွယ်စောင့်ရှောက်သူတွေက ဝိုင်းကန့်ကွက်ခဲ့ကြတာ ကြုံရတယ်။ ရေဂန်က ခရစ်ယာန်ကျမ်းစာတွေသင်ခိုင်းတာကိုး။ ပြည်သူ့နီတိလို၊ ကိုယ်ကျင့်တရားလို ဘာသာရပ်တွေ သင်ခိုင်းတာမှ မဟုတ်ဘဲ။ ဘာပဲဖြစ်ဖြစ် ဒီခေတ်ကြီးထဲမှာ လူတွေရိုင်းစိုင်းပြီး ရက်စက်ကြမ်းကြုတ်လာကြတယ်ဆိုတာကို အင်မတန် ယဉ်ကျေးပါတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံကြီးတစ်ခုရဲ့ သမ္မတကိုယ်တိုင် ဝန်ခံအသိအမှတ်ပြုခဲ့ရတာပဲ ဖြစ်တယ်။ နှစ်ဆယ်ရာစု ကုန်ဆုံးကာနီးနဲ့ နှစ်ဆယ့်တစ်ရာစုဆန်းစ ကာလမှာ ပိုပြီးတောင် ရိုင်းစိုင်းလာကြတာ တွေ့ရတယ်။ ဒီစိတ်ရိုင်းစိတ်မိုက်တွေ လျော့ပါးဖို့ဆိုရင် ကလေးအရွယ်ကစမှ ဖြစ်ပါလိမ့်မယ်။ ကျောက်ခေတ်လူရိုင်းစိတ်ကြီးမားပြီး 'ပေါရိသာဒ'လိုဖြစ်နေတဲ့ လူတွေကိုတော့ ပြုပြင်ဖို့ မလွယ်တော့ဘူး။ အဲဒါကြောင့် သူတို့ကို လျစ်လျူရှုထားလိုက်ပြီး ကလေးတွေကိုသာ အာရုံစိုက်ပေးကြရလိမ့်မယ်။ မူလတန်း ကျောင်းသင်ခန်းစာတွေထဲမှာ ပြည်သူ့နီတိ၊ ကိုယ်ကျင့်တရားလို ဘာသာရပ်တွေ ထည့်သွင်းသင်ကြားပေးကြဖို့ လိုပါတယ်။ အဲဒီကလေးတွေ အထက်တန်း၊ တက္ကသိုလ်တန်း ရောက်လာတဲ့အခါကျတော့ ဆိုင်ရာဆိုင်ရာဘာသာရပ်အလိုက် စောင့်ထိန်းလိုက်နာရမယ့် 'ပညာရှင်ကျင့်ဝတ်' အသီးသီးကို ဂရုစိုက်သင်ကြားပေးရလိမ့်မယ်။ ဒါမှ ဒီကလေးတွေဟာ စိတ်ဓာတ်ယဉ်ကျေးမှု အထက်တန်းကျတဲ့ နိုင်ငံသားကောင်းတွေအဖြစ် ကြီးပြင်းလာကြမှာ ဖြစ်တယ်။ ဒီနေ့ကစပြီး ဒီအလုပ်ကိုလုပ်ပါမှ နောင် အနှစ်နှစ်ဆယ်အစိတ်လောက်မှာ ပထမတန်းစားစိတ်ဓာတ်နဲ့ လူယဉ်ကျေးလေးတွေကို မြင်ရတွေ့ရမှာဖြစ်လို့ လုပ်သင့်လုပ်ထိုက်တာတွေကို ဒီနေ့ပဲ စလိုက်ကြပါစို့လား။

၂၀၊ ၁၊ ၂၀၀၉



# ငယ်ငယ်ကသင်ခဲ့ရတဲ့ မှင်စာလေးတာတေအကြောင်း

ငယ်စဉ်ကသင်ခဲ့ရတဲ့ 'ပြည်သူ့နီတိ'နဲ့ 'စာရိတ္တပညာ' ဘာသာရပ်အကြောင်း စဉ်းစားမိတာလေးတွေကို ပြီးခဲ့တဲ့အပတ်က ရေးခဲ့ပါတယ်။ စာရေးတာပြီးသွားခဲ့ပေမယ့် အတွေးမျှင်ကတော့ ပြတ်မသွားဘဲ ဆက်ပြီး စဉ်းစားနေမိပါတယ်။ အဲဒီလိုစဉ်းစားရင်းက 'မှင်စာလေးတာတေ'ကို သွားပြီး သတိရလိုက်တယ်။

## မှင်စာလေးတာတေ

ကလေးဘဝကသင်ခဲ့ရတဲ့ ဖတ်စာအုပ်တစ်အုပ်ထဲမှာပါတဲ့ 'မှင်စာလေးတာတေ'အကြောင်း ခုအသက်အရွယ်ထိ မကြာခဏ သတိရနေလေ့ရှိတယ်။ အထူးသဖြင့် ခုခေတ်အီးတီတို့၊ စတားဝါးတို့လို သိပ္ပံရုပ်ရှင်ဇာတ်ကားတွေ ကြည့်မိတဲ့အခါတိုင်း သတိရတတ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီသိပ္ပံကားတွေထဲက ဘာကောင်မှန်းမသိရတဲ့ သတ္တဝါလေးတွေဟာ ဖတ်စာအုပ်ထဲက လက်မလောက်သာရှိတဲ့ မှင်စာလေးတာတေနဲ့ တစ်ထေရာတည်းတူနေကြလို့ ဖြစ်တယ်။ ဖတ်စာအုပ်ထဲမှာပါတဲ့ မှင်စာလေးတာတေရဲ့ သရုပ်ဖော်ပန်းချီလေးတွေက ကောင်းလွန်းတာကြောင့် ဒီနေ့ထိ မျက်စိထဲမှာ မြင်ယောင်နေပါသေးတယ်။ ပထမတစ်ပုံက သူ့ကြက်တောင်တန်ခိုးကြောင့် လူတွေ၊ လှည်းတွေ ကျွမ်းထိုးမှောက်ခုံဖြစ်နေတာကို ကြည့်ပြီး ဝမ်းသာအားရနဲ့ အူမြူးခုန်ပေါက်နေတဲ့ လက်မလောက်မှင်စာလေးရဲ့ ပုံပါ။ နောက်တစ်ပုံကတော့ အာလူးလှည်းကြီးမှောက်ပြီး မှင်စာလေးကို အာလူးတွေပိပြီး သေဆုံးသွားတဲ့ပုံပါ။ ပုံပြင်လေးက ဒီလိုပါ။ တာတေဆိုတဲ့ မှင်စာလေးတစ်ကောင်မှာ အစွမ်းထက်တဲ့ ကြက်တောင်လေးတစ်ခု ရှိတယ်။ သူ့ကြက်တောင်လေးပေါ်ကို ဖြတ်ကျော်မိသူတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ကြပါတယ်။ တာတေလေးမှင်စာဟာ ကြက်တောင်တစ်ခုကိုင်စွဲပြီး တစ်နေ့တစ်နေ့ ဘယ်သူ့ကို ဒုက္ခပေးရမလဲဆိုတာပဲ စဉ်းစားနေလေ့ရှိတယ်။ တစ်နေ့တော့ လမ်းဘေးမှာရပ်ပြီး ကြက်တောင်ကို လမ်းပေါ်မှာချထားတယ်။ ဖြတ်သန်းသွားလာသူတိုင်း ကြက်တောင်ကို ကျော်မိတာနဲ့ မှောက်လျက်လဲပြီး နဖူးကွဲ၊ ဒူးပြဲ ဖြစ်ကြတယ်။ ဒီလိုလူတွေဒုက္ခရောက်တာ ကြည့်ပြီး မှင်စာလေးတာတေက မြူးထူးခုန်ပေါက်ပြီး ခွက်ထိုးခွက်လန် ရယ်မောလေ့ရှိတယ်။ တစ်ကြိမ်မှာတော့ အာလူးသည် 'မတဆုပ်'ဟာ အာလူးတွေ လှည်းအပြည့်တင်ပြီး ဈေးမှာရောင်းဖို့ ထွက်လာတယ်။ တာတေရဲ့ ကြက်တောင်ပေါ်ကို နင်းကျော်မိတာနဲ့ နွားတွေ မှောက်ထိုးလဲပြီး လှည်းကြီးပါမှောက်သွားသတဲ့။ မတဆုပ်လည်း ခြေကားယား လက်ကားယားနဲ့ လှည်းပေါ်က ပြုတ်ကျသွားတယ်။ တာတေဟာ သဘောကျလွန်းလို့ အူနှိပ်ပြီးတောင် ရယ်နေရတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ဘူး။ လှည်းပေါ်ကအာလူးတွေ ဒလဟောပြိုကျလိမ့်ဆင်းလာပြီး လက်မလောက်သာရှိတဲ့ တာတေလေးကို ဖုံးအုပ်သွားတော့တယ်။ နောက်ဆုံးတော့ သူများကို မကောင်းကြံတဲ့ မှင်စာလေးတာတေဟာ 'ကိုယ့်ရှူး ကိုယ်ပတ်'ဖြစ်ပြီး ဇီဝိန်ချုပ်သွားရပါတော့တယ်။

## မှင်စာကြီးဂျော့ဘုရှ်

ငယ်စဉ်ကသင်ခဲ့ရတဲ့ အဲဒီပုံပြင်လေးကို နှစ်ပေါင်းများစွာကြာတဲ့အထိ မမေ့သေးပါဘူး။ လူ့လောကမှာ လူတကာကို တစ်မျိုးပြီးတစ်မျိုးလှည့်ပြီး ဒုက္ခပေးတတ်တဲ့ လူစားမျိုးတွေ တွေ့ရတိုင်း မှင်စာလေးတာတေကို သတိရမိတယ်။ သတင်းစာတွေထဲမှာ ဂျော့ဘုရှ်ရဲ့သတင်းတွေ ဖတ်ရတိုင်းလည်း မှင်စာလေးတာတေကို ပြေးပြီးသတိရလိုက်မိတာပါပဲ။ ဂျော့ဘုရှ်ကလည်း ကမ္ဘာတစ်ခုလုံးကို ဘယ်လိုဒုက္ခပေးရမလဲလို့ နေ့တိုင်း ကြံဆနေတာမဟုတ်လား။ အီရတ်ကို ဒုက္ခပေးလိုက်၊ အာဖဂန်နစ္စတန်ကို ဗုံးမိုးတွေရွာချလိုက်၊ အီရန်ကို ခြိမ်းခြောက်လိုက်၊ မြောက်ကိုရီးယားကို ရန်ဆောင်လိုက်၊ ဗင်နီဇွဲလားကို မျက်စောင်းထိုးလိုက်နဲ့ လုပ်နေတာ မဟုတ်လား။ မှင်စာလေးတာတေက ကြက်တောင်တစ်ချောင်းကိုင်ပြီး ရမ်းကားနေသလိုပဲ ဂျော့ဘုရှ်ကလည်း အဏုမြူဗုံးကို ကိုင်းကြားညှပ်ပြီး ရန်ထောင်မာန်စောင်နေတာပါ။ သဘာဝချင်းကတော့ မှင်စာလေးတာတေ



နဲ့ အတူတူပါပဲ။ ဒါကြောင့် 'မှင်စာကြီးဂျော့ဘုရှ်'လို့ သတ်မှတ်ရင်တောင် ရနိုင်လောက်ပါတယ်။ အဖက်ဖက်က တိုးတက်မှုတွေ အံ့မခန်းမြန်ဆန်ကြီးမားတာတွေကြောင့် 'ပညာခေတ်'လို့ ဘယ်လိုပဲခေါ်နေခေါ်နေ၊ အကယ်တော့ ကမ္ဘာကြီးတစ်ခုလုံးကို ဂျော့ဘုရှ်လို သေနတ်အားကိုးတဲ့ ကောင်းဘွိုင်တွေကသာ ကြီးစိုးနေတုန်းပါပဲ။ ဒါကြောင့် မှင်စာလေးတာတေကို ခဏခဏသတိရနေမိတာပဲ ဖြစ်မယ်ထင်ပါရဲ့။

## ဒေါင်းဖတ်စာစာအုပ်ကလေး

မှင်စာလေးတာတေကို သတိရမိတာကြောင့် ဘေးနားမှာအလွယ်တကူရှိနေတဲ့ ရှေးခေတ် ကျောင်းသုံးစာအုပ်လေးတစ်အုပ်ကို ဆွဲယူပြီး ကြည့်လိုက်မိတယ်။ 'ပဋ္ဌမတန်း မြန်မာဖတ်စာသစ်'ဆိုတဲ့ စာအုပ်ပါ။ အဖုံးမှာ အတောင်တွေကို ယပ်တောင်သဖွယ်ဖြန့်ကားထားတဲ့ ဒေါင်းပုံ ပါတာကြောင့် 'ဒေါင်းဖတ်စာ'လို့ပဲ ခေါ်ကြပါတယ်။ လက်ထဲကစာအုပ်က ၁၉၅၄ ခုနှစ်မှာ ဗြိတိသျှဘားမားပုံနှိပ်တိုက်က ရိုက်နှိပ်တဲ့ စာအုပ်ဖြစ်တယ်။ မှင်စာလေးတာတေအကြောင်းက ဒေါင်းဖတ်စာတွေထဲမှာ မပါပါဘူး။ ဆရာကြီးဦးဖေမောင်တင်ပြုစုတဲ့ 'ခြသေ့်တံဆိပ်ဖတ်စာ'စာအုပ်မှာ ပါတာပါ။ 'ပဋ္ဌမတန်း မြန်မာဖတ်စာ'စာအုပ်က ၁၆ ချိုး၊ စာမျက်နှာ ၂၄၆ မျက်နှာ ပါပြီး တန်ဖိုး ၂ ကျပ် ပြား ၅၀ ဖြစ်ပါတယ်။ ပထမပိုင်းနဲ့ ဒုတိယပိုင်း ဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ ပထမပိုင်းမှာ စာပုဒ်ရေ ၃၄ ပုဒ်ပါပါတယ်။ မန္တလေးမြို့အကြောင်း၊ ကျိုက်ထီးရိုးဘုရားအကြောင်း၊ ဝါကျွတ်ပွဲတော်အကြောင်း၊ ပညာဆည်းပူးနည်းအကြောင်း၊ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဂေါတမမြတ်စွာဘုရားအကြောင်း၊ ကင်းဝန်မင်းကြီးရေးသားသော စူးအက်တူးမြောင်းဖွဲ့ သဖြန်လေးချိုး၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်အပ်ကြောင်း စတဲ့အကြောင်းအရာပေါင်းစုံ၊ ပုံဝတ္ထု၊ ပညာပေး၊ ကဗျာ၊ ဇာတက စတာတွေ ပါဝင်ပါတယ်။

## အထွေထွေသိပ္ပံနဲ့ ဗဟုသုတ

ဒုတိယပိုင်းမှာတော့ စာ ၁၇ ပုဒ် ပါဝင်ပါတယ်။ အပင်အကြောင်း၊ ကုတ်အကြောင်း၊ ဦးနှောက်နှင့် အာရုံကြောတို့အကြောင်း စတဲ့ အထွေထွေ သိပ္ပံဘာသာရပ်များနဲ့ ပတ်သက်တာတွေ ဖြစ်ပါတယ်။ မြန်မာစာနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

သက်တဲ့ ကဗျာအရေးအသား၊ စကားပြေအရေးအသား။ ဇာတကအရေးအသား စတာတွေ လေ့လာရင်နဲ့ အထွေထွေဗဟုသုတတွေ၊ အခြေခံသဘာဝသိပ္ပံအကြောင်းတွေကို သိရှိနိုင်အောင် စီစဉ်ထားတာ တွေ့ရပါတယ်။ အဲဒီထဲမှာပါတဲ့ 'ဇပန်ကျွန်းအကြောင်း'ဆိုတဲ့ စာကို စိတ်ဝင်စားတာကြောင့် ဖတ်ကြည့်မိပါတယ်။ ဇာတက(Jataka)၊ ဇီဝိတဒါန စတဲ့ (Jivitadhana)ရေးထုံးများလိုပဲ Japan ကို ဇပန်လို့ ရေးထားတာပါ။ ၁၉၅၀ ခုနှစ်လောက်က ငါးတန်းကျောင်းသားလေးများ နားလည်နိုင်အောင် ရေးသားထားပုံကို လေ့လာကြည့်နိုင်အောင် မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

## ဇပန်ကျွန်းအကြောင်း

၁။ ဇပန်ကျွန်းသည် တရုတ်ပြည်၏ အရှေ့မြောက်အရပ်၌ တည်ရှိသည်။ ရှေးအထက်ကျော်ကာလက အခြားနိုင်ငံသားများအား ဘောက်ကားရောင်းဝယ်ခြင်းအလို့ငှာ ဝင်ရောက်နေထိုင်ရန် အခွင့်မပြု၊ ပိတ်ပင်တားဆီးလေသောကြောင့်၊ ပြည်သူတို့၏ စည်းစိမ်ချမ်းသာကို တိုးတက်စေတတ်သော ကူးသန်းရောင်းဝယ်ခြင်းမှစ၍ လက်မှုပညာအရပ်ရပ်တို့လည်း မစည်ပင် မတိုးပွားဘဲ ဆုတ်ယုတ်ရွေ့လျောလေသည်။

၂။ ဝင်ရောက်ကုန်သော အခြားတိုင်းနိုင်ငံသားများကို မနာလိုဝန်တိုသော စိတ်သည် မကြာမီအတွင်းက ပြယ်ပျောက်ပြီးလျှင်၊ အခြားပြည်ထောင်စုများနှင့် မိတ်သဟာယအဖြစ်ဖြင့် ဘောက်ကားရောင်းဝယ်ကြ၍ နှစ်ဦးနှစ်ဝ များစွာသော အကျိုးစီးပွား ဖြစ်ထွန်းကြသည်။ ဇပန်ဘုရင်မင်းမြတ်သည် စရိပ်ကြေးငွေ အကုန်အကျခံ၍လည်း ကူးသန်းရောင်းဝယ်ခြင်းမှစ၍ လက်မှုပညာ၊ စက်မှုပညာအရပ်ရပ်နှင့် စစ်ရေးစစ်မှု၌ ကျွမ်းကျင်တတ်မြောက်ရန်၊ ပညာတော်သင်အမြောက်အများတို့ကို အခြားတိုင်းနိုင်ငံများသို့ စေလွှတ်၍ သင်ကြားစေသည်။ ယခုအခါဝယ် ဇပန်ကျွန်းသည် တိုင်းကြီးပြည်ကြီးတို့ အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်းသို့ ရောက်သဖြင့်၊ ကမ္ဘာပေါ်၌ တန်ခိုးထင်ပေါ်ကျော်စောသော တိုင်းကြီးပြည်ကြီးတို့တွင် အပါအဝင်ဖြစ်ချေသည်။

(ရှေးစာကို ကူးယူဖော်ပြတာဖြစ်လို့ သတ်ပုံများကို မူရင်းအတိုင်းပဲ ထားပါတယ်)



### ဝေဖန်ပိုင်းခြားတတ်စေဖို့

စာတစ်ပုဒ်လုံး စာပိုဒ် ၅ ပိုဒ်ပါပါတယ်။ ရေးသားရာမှာလည်း ပိုင်းခြားဝေဖန်မှုပြုပြီး လေ့လာသုံးသပ်ပြထားပါတယ်။ ၅ တန်းအရွယ် ကလေးတွေကို ဘယ်အရာဘယ်ကိစ္စမဆို သုံးသပ်ဝေဖန်ပိုင်းခြားတဲ့ အကြည့်နဲ့ ကြည့်တတ်မြင်တတ်အောင် နည်းပေးလမ်းပြပြုတဲ့သဘောလို့ ယူဆပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ဆိုတာ အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမဲ့ ဟောင်းတိုင်းမကောင်းဘူး၊ ခေတ်နဲ့မလျော်ညီတော့ဘူးလို့ မယူဆနိုင်ပါဘူး။ ဒီကျောင်းသုံးစာအုပ်ကလေးက ခိုင်မာတဲ့သာဓက ဖြစ်ပါတယ်။ ကျွန်တော်တို့ စာရေးဆရာ၊ သတင်းစာဆရာများအတွက်လည်း ခုပြန်ဖတ် ခုအကျိုးရှိပါသေးတယ်။ ဖတ်စာအုပ်လေးထဲက စာအပုဒ်တိုင်း အပုဒ်တိုင်းဟာ စာသင်သားတွေကို တစ်ခုခုပေးဖို့ရည်ရွယ်ချက်နဲ့ ရေးထားတာတွေချည်း ဖြစ်ပါတယ်။ စာသင်ကြားပေးဖို့တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ဗဟုသုတရစေဖို့နဲ့ ဝေဖန်ပိုင်းခြားတတ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေလည်း ပါပါတယ်။ ကျွန်တော်တို့ စာတွေရေးသားကြရာမှာလည်း စာဖတ်ပရိသတ်ကို တစ်ခုခုပြောဖို့၊ ပေးဖို့ ရည်ရွယ်ချက်မပါရှိရင် အချည်းနှီးစာပဲ ဖြစ်လိမ့်မယ်လို့ 'ပဉ္စမတန်း မြန်မာဖတ်စာသစ်'ဆိုတဲ့ စာအုပ်ကလေးက သတိပေးနေသလိုပဲလို့ မှတ်ယူမိပါတယ်။

၂၆၊ ၁၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရောက်မှ ချောင်းကိုသတိရလိမ့်မယ်

'ဘဘဦးစိန်ဝင်းထံ တူမောင်စာရေးလိုက်ပါတယ်ခင်ဗျား ...' လို့ အစချီထားတဲ့ စာတစ်စောင် လက်ခံရရှိပါတယ်။ အမေရိကန်နိုင်ငံမှာ ပညာ သင်ကြားနေတဲ့ မြန်မာလူငယ်လေးတစ်ယောက်ဆီကပါ။ တစ်လောက လည်း Weekly Eleven ဂျာနယ်ထဲမှာပဲ နေမကောင်းဖြစ်လို့ စာရေး ပျက်ကွက်ခဲ့တဲ့အကြောင်း ဖတ်မိတဲ့အတွက် ဖုန်းဆက်ပြီး သတင်းမေး ခဲ့ပါသေးတယ်။ သတင်းစာဂျာနယ်တွေကို ရန်ကုန်မြို့မှာဖတ်ရတာနဲ့ တစ်ချိန်တည်း နိုင်ငံရပ်ခြားတိုင်းပြည်များကပါ ဖတ်ရှုနိုင်ကြပြီဆိုတော့ ကောင်းလိုက်တာ၊ တို့ငယ်စဉ်ကနဲ့တော့ အပုံကြီးကွာပါ့လို့ အောက်မေ့ လိုက်မိတယ်။ ဒီတူတော်မောင်က Weekly Eleven ကိုတော့ ပုံမှန် စောင့်ဖတ်တယ်လို့ ဆိုပါတယ်။

### တိုးတက်တော့အပျင်းကြီးလာတယ်

'ကျွန်တော်ရောက်နေတဲ့ ပြည်နယ်က ထူးခြားပါတယ်။ လူဖြူတွေ များပါတယ်။ ကျောင်းမှာ မြန်မာကျောင်းသားဆိုလို့ ကျွန်တော် တစ်ယောက်တည်းရှိပါတယ်။ မြန်မာပြည်ကိုလွမ်းတိုင်း မြန်မာပြည်ရဲ့ သတင်းတွေကို ကျောင်းစာထက်တောင် ဦးစားပေးပြီး ဖတ်ပါတယ်။ ဒါပေမဲ့ ကျောင်းစာမှာလည်း ကြိုးစားတဲ့အတွက် ကျောင်းသားတွေရော ဆရာတွေကပါ အသိအမှတ်ပြုကြပါတယ်။ ဆရာတွေက ချစ်လည်းချစ် ကြတယ်။ လူတိုင်းသိတဲ့အတိုင်း အမေရိကားဆိုတာ တိုင်းပြည်ကတော့ ကြီးပါတယ်။ ဒါပေမဲ့ လူမျိုးကတော့မကြီးပါ။ စက်မှုထွန်းကားတော့ လူတွေက အပျင်းကြီးလာကြလို့ တိုင်းပြည်လည်း အကျပိုင်းရောက်နေပါ ပြီ။ လူတိုင်းဟာ ကိုယ့်တစ်ဦးချင်းအကျိုးကိုသာ ဦးစားပေးကြပြီး ကိုယ့်



တိုင်းပြည်၊ ကိုယ့်လူမျိုးဆိုတဲ့ အသိစိတ်ဓာတ်မရှိကြပါဘူး။ အဲဒါကတော့ ဆုတ်ယုတ်မှုလက္ခဏာပဲ ဖြစ်ပါတယ်။ သူတို့ အပျင်းကြီးတာတွေ မြင်ရ တော့ ဒီခေတ်မြန်မာလူငယ်တွေ ကြိုးစားအားထုတ်မှု ကြီးမားတဲ့အကြောင်း နိုင်ငံခြားရောက် မြန်မာလူငယ်တွေဆိုရင်လည်း အလုပ်နှစ်ခု၊ သုံးခု တစ် ပြိုင်တည်းလုပ်ပြီး မိဘကျေးဇူးဆပ်နိုင်အောင် ကြိုးစားကြတဲ့အကြောင်း ဘဘရေးတဲ့ဆောင်းပါးတစ်ပုဒ်ကို ပြန်ပြီးအမှတ်ရမိပါတယ်' လို့ အစချီပြီး သူ့စာမှာ ရေးထားပါတယ်။

### တိုင်းပြည်ကဝမ်းရေစပ်ရုံသာ

'ဒါပေမဲ့ ဘဘရယ်၊ တချို့မြန်မာတွေကျတော့ စိတ်ပျက်စရာကောင်း လှပါတယ်။ ဒီမှာပညာသင်ပြီးတာနဲ့ ဒီမှာပဲရရာအလုပ်ဝင်လုပ်ပြီး ဒီမှာပဲ အမြဲနေထိုင်ခွင့်ရအောင် ကြိုးစားကြတော့တယ်။ အမြဲနေထိုင်ခွင့်ရပြီးရင် မိဘညီအစ်ကိုမောင်နှမတွေကို ခေါ်ယူဖို့ပဲ ရည်ရွယ်ချက်ရှိကြတော့တယ်။ ကိုယ့်တိုင်းပြည်ပြန်ပြီး ကိုယ်တတ်တဲ့ပညာနဲ့ အကျိုးပြုမယ်ဆိုတဲ့စိတ် မရှိကြတော့ဘူး။ ပါးစပ်ကတော့ တိုင်းပြည်ချစ်လိုက်ကြတာ ရွှန်းရွှန်းဝေ နေကြပါတယ်။ ဒါပေမဲ့ တကယ်လက်တွေ့ကျတော့ မီးပျက်လို့၊ သောက် ရေကမသန့်လို့နဲ့ အမျိုးမျိုးကွဲ့ရဲ့နေကြတာပါပဲ။ တချို့များ လုံးလုံးကို အရှက်မရှိဘဲ မြန်မာပြည်မှာက (quality of life) ဘဝအဆင့်အတန်းက နိမ့်ကျလွန်းလို့ မနေချင်တာလို့တောင် ရက်ရက်စက်စက် ပြောရဲကြပါ တယ်။ သူတို့မိဘဘိုးဘွားတွေဟာ ဒီမြေပေါ်မှာနေ၊ ဒီကရေသောက်ပြီး နေခဲ့ကြရာက သူတို့ကိုလည်း ဒီမြေပေါ်မှာပဲ မွေးခဲ့ကြတယ်ဆိုတာ လုံး လုံးမေ့နေကြတဲ့ပုံပါပဲ။ ငယ်ငယ်ကကြားဖူးတဲ့ 'ဇီး(ဆီး)သီးသည်မဗျိုင်း' ပုံပြင်လေးကို သတိရစရာပါပဲ။ ဒီလိုလူတွေကိုတွေ့တိုင်း ကျွန်တော်တော့ တစ်ခါတုန်းက ဘဘရေးခဲ့ဖူးတဲ့ 'ဇာတိမဲ့လူသားများ' (rootless people) အဖြစ် ကြေကွဲဖွယ်ရာနိဂုံးချုပ်ရတဲ့ လူတွေအကြောင်းကိုလည်း တွေးမိပါ တယ်။ ဒီလူတွေ ဒီလိုပြောပြီး ဒီလိုကျေးဇူးကန်းလို့ တိုင်းပြည်ကတော့ 'ဝမ်းရေစပ်' ရုံကလွဲပြီး ဘာမှဖြစ်မသွားနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကိုချစ်တဲ့လူငယ်တွေ တစ်ပုံကြီးရှိနေကြသေး တယ်ဆိုတာ သိနေလို့ပါပဲ' လို့လည်း သူက ဆက်လက်ရေးသားထားပါ သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အများစုကလိမ္မာကြပါတယ်

အမေရိကားရောက် Weekly စာဖတ်ပရိသတ်လူငယ်လေးရဲ့ စာကို ဖတ်ပြီး အတွေးမျှင်တန်းနေမိပါတယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော် အစိတ် လောက် အင်္ဂလိပ်စကားပြောသင်တန်းလေးဖွင့်ပြီး စာသင်ပေးဖူးလေတော့ သူပြောလိုက်တဲ့လူစားမျိုးတွေလည်း တွေ့ဖူး။ သူကြားခဲ့တဲ့ စကားမျိုးတွေ လည်း အမြဲမပြတ်ကြားဖူးခဲ့ပါတယ်။ အင်္ဂလိပ်စကားပြောသင်တန်း လာ တက်တယ်ဆိုကတည်းက နိုင်ငံခြားတိုင်းပြည်တွေကိုသွားဖို့ ရည်ရွယ်ချက် တွေ ကိုယ်စီရှိကြပြီးသားမဟုတ်လား။ အဲဒီသင်တန်းလာတက်သူတွေထဲမှ သူများခြံထဲကမြက်က ပိုစိမ်းတယ်လို့ ယူဆလို့ ချောင်းကိုပစ်ပြီး မြစ်ကို ရှာတဲ့သူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ အများစုကတော့ ပညာရှာချင်လို့၊ မိဘကိုလုပ်ကျွေးချင်လို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ရှိကြပါတယ်။ စိတ်ကူး အိပ်မက်တွေထဲကအတိုင်း နိုင်ငံခြားမှာ ပညာဆက်မသင်နိုင်ကြသူတွေ များပေမယ့် အလုပ်ကိုတော့ ရရာလုပ်ပြီး မိဘဆီပြန်ပို့ရှာကြပါတယ်။ တော်တော်များများကဆို အလုပ်နှစ်ခုလောက်လုပ်၊ နေစရိတ် စားစရိတ် လောက်သာ ကိုယ့်ဖို့ချန်ပြီး ဝင်ငွေရဲ့အများစုကို မိဘဆီ ပြန်ပို့ကြတာပါ။ ဆရာကတစ်ဆင့် နယ်အသီးသီးမှာရှိကြတဲ့ မိဘများဆီ ပို့ပေးပါဆိုပြီး ငွေ လွှဲကြတာ တော်တော်များများရှိခဲ့ဖူးလို့ ဒီလိုပြောနိုင်တာ ဖြစ်ပါတယ်။

## လွမ်းစရာတွေပေါတဲ့နိုင်ငံ

မြန်မာပြည်မှာမွေး မြန်မာပြည်မှာကြီးခဲ့ရတဲ့ လူတစ်ယောက်ဟာ မြန်မာပြည်ကိုမချစ်ဘဲ၊ မလွမ်းဘဲ မနေနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်လောက် လွမ်းစရာပေါတဲ့နိုင်ငံ ဘယ်မှာမှမရှိလို့ပါပဲ။ သားတွေ ငါးတွေဆိုတာ သူတို့ဆီမှာလည်းရနိုင်တာဖြစ်ပေမယ့် သခွတ်ပွင့်သုပ်တို့၊ မြူရွက်သုပ်တို့၊ စောင်းလျားသီးသုပ်၊ မရမ်းသီးသုပ်တို့၊ ဆီးဖြူသီးသုပ် တို့လိုဟာမျိုးတွေတော့ မရနိုင်ဘူးလေ။ ဒါတွေလည်း လွမ်းရတာပဲ။ နောက်ပြီး 'သရေစာ'ဆိုလည်း သူတို့ဆီမှာက ကိတ်၊ ကွတ်ကီး၊ ချော ကလက်၊ ချိုချဉ်တွေလောက်သာ စားနေကြတာမဟုတ်လား။ မြန်မာပြည် မှာလို ဘူးသီးကြော်၊ ဘယာကြော်၊ ပဲကြော်၊ ကြက်သွန်ကြော်၊ ဘိန်း မုန့်၊ မုန့်ဖက်ထုပ်၊ ဆနွင်းမကင်း၊ ထိုးမုန့်၊ မုန့်ပျားသလက်၊ မုန့်လင်မယား၊ မုန့်ပေါင်း၊ မုန့်ဗိုင်းတောင့်၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ ထမနဲ၊ မုန့်တီ၊



မုန့်ဟင်းခါး၊ မြီးရှည် စတဲ့စတဲ့ ထွေလီကာလီတွေ များများရှိတာ မဟုတ် ဘူးလေ။ အဲဒါကြောင့် မြန်မာမှန်ရင် မြန်မာပြည်ကို မလွမ်းဘဲမနေနိုင် ပါဘူး။

## လူ့ယဉ်ကျေးမှုတွေရှင်သန်ဆဲ

အစားအသောက်တွေသာ လွမ်းစရာရှိတာမဟုတ်ဘူး။ မြန်မာ့လူ့အဖွဲ့ အစည်းက လူ့အဖွဲ့အစည်းဆိုတဲ့စကားနဲ့ ကိုက်ညီနေဆဲ၊ လူ့ယဉ်ကျေးမှု တွေ ရှင်သန်နေဆဲ ဖြစ်တယ်။ အထက်မှာပြောခဲ့သလို အလုပ်တွေ ကြိုးစားပမ်းစားလုပ်ပြီး ရသမျှပိုက်ဆံကို မိဘဆီပြန်ပို့တဲ့ လူငယ်မျိုး ဒီခေတ်ကြီးမှာ ဘယ်နိုင်ငံမှာ ရှိတော့မှာတုန်း။ သူတို့ အနောက်နိုင်ငံကြီး တွေမှာ လူတစ်ဦးချင်း ပုဂ္ဂလိကသာယာမှု၊ တိုးတက်မှုတွေကို ဦးစားပေး လွန်းလေတော့ မိဘနဲ့သားသမီးအချစ်၊ ညီအစ်ကိုမောင်နှမသံယောဇဉ် ဆိုတာမျိုးတွေ တယ်ပြီးရှိကြတော့တာ မဟုတ်ပါဘူး။ လူတိုင်းလူတိုင်း ကိုယ့်အတွက်သာ ကိုယ်ကြည့်ကြတာများတယ်။

မြန်မာပြည်မှာက ကျေးလက်တောရွာတွေမှာသာ မဟုတ်ပါဘူး။ မန္တလေးလိုမြို့ကြီးမှာတောင် ထမင်းမလောက်ရင် ဘယ်အိမ်သွားတောင်း တောင်း ရသေးတယ်။ ကိုယ့်အိမ်က မုန့်လုပ်စားရင်၊ ကိုယ်မစားခင် ဘေးအိမ်တွေ အရင်ဆုံးပို့ပေးမြဲဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကူညီရိုင်းပင်းကြ၊ ဖေးမစောင့်ရှောက်ကြ၊ မေတ္တာထားကြတဲ့ လူ့ယဉ်ကျေးမှု လူ့အဖွဲ့အစည်းစိတ်ဓာတ်ဆိုတာတွေ ကျန်ရှိနေသေးတယ်။ ရှင်းရှင်းပြော ရရင် မြန်မာလူမျိုးတွေဟာ မရိုင်းသေးဘူး၊ လူစိတ်မပျောက်သေးဘူး။

## ကလောင်ရှက်လို့

အနောက်နိုင်ငံတွေမှာကတော့ စီးပွားရေးတွေဖွံ့ဖြိုးတိုးတက်လာတာ နဲ့အမျှ 'ငွေ'က 'အခရာ'ကျလာတယ်။ တစ်နေ့တခြား တိုးတက်လာတဲ့ လူ့အသုံးအဆောင်တွေဝယ်နိုင်ဖို့အတွက် ငွေကိုသာ ကုန်းရုန်းရှာဖွေကြ ရတယ်။ နောက်ဆုံးကျတော့ 'ဘယ်နည်းနဲ့ရရ ငွေရဖို့အဓိက'ဖြစ်လာပြီး ဘနဖူးသိုက်တူးဖို့တောင် ဝန်မလေးကြတော့ဘူး။ သတင်းမီဒီယာတွေ ကြည့်လိုက်ရင် မေတ္တာတရား၊ အကြင်နာတရားဆိုတာတွေ ခေါင်းပါးလာပြီး တစ်ယောက်နဲ့တစ်ယောက် သတ်ကြဖြတ်ကြနဲ့ သွေးချောင်းစီးတာ



www.burmeseclassic.com

www.burmeseclassic.com

တွေ 'မတွေ့ချင် မြင်ချင်ရက်သား'ဆိုသလို ဖြစ်နေပြီ။ အနိမ့်ဆုံးစောင့်ထိန်းလိုက်နာရမယ့် လူ့ကျင့်ဝတ်ဆိုတာတွေလည်း နည်းနည်းမှမရှုမစိုက်ကြတော့ဘူး။ ထုတ်ဖော်ရေးသားရမှာတောင် 'ကလောင်ရှက်'လို့ ရေးမပြရဲတဲ့ လူ့ကျင့်ဝတ်ဖောက်ဖျက်မှုမျိုးတွေလည်း မကြားချင်အဆုံး ဖြစ်နေပါတယ်။

ဒီတော့ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးခဲ့ကြတဲ့ မြန်မာလူမျိုးမှန်သမျှ မြန်မာပြည်ကို မလွမ်းဘဲမနေနိုင်ပါဘူး။ ချောင်းကိုပစ်လို့ မြစ်ကိုရှာတဲ့လူစားမျိုးတွေတောင် နောက်ဆုံးကျတော့ ရေသာများ၍ ငါးမတွေ့တဲ့အဖြစ်ကို သဘောပေါက်နားလည်လာကြပါတယ်။

## ဖီးရှိုးချင်းတူတူ

လွန်ခဲ့တဲ့တစ်နှစ်လောက်က တပည့်ဆရာဝန်မလေးတစ်ယောက်ရေးလိုက်တဲ့စာကို ပြန်သတိရမိပါတယ်။ မြန်မာပြည်မှာနေတုန်းက စာသင်ရင်း ဆရာပြောခဲ့တဲ့ 'ဒီမှာနေလည်း ဟိုဟာကုန်ဒီဟာကုန်နဲ့ လကုန်တော့ လက်ထဲဘာမှမကျန်တဲ့ ဖီးရှိုးပဲ။ ဟိုရောက်တော့လည်း ဟိုဟာဝယ်၊ ဒီဟာသုံး ဟိုကြွေးဆပ် ဒီကြွေးဆပ်နဲ့ လကုန်တော့ လက်ထဲမှာဘာမှမကျန်ဘဲ ဖီးရှိုးပါပဲ'ဆိုတဲ့စကား သွေးထွက်အောင်မှန်လိုက်တာဆရာရယ်။ အိမ်ထောင်မရှိသူဆိုတော့ ဝင်ငွေခွန်က နည်းတာမဟုတ်ဘူး။ ပြီးတော့ အသက်အာမခံ၊ အိမ်အာမခံ၊ ကားအာမခံဆိုတာတွေနဲ့ အိမ်ကြွေး အရစ်ကျဆပ်ငွေ၊ ကားကြွေးအရစ်ကျဆပ်ငွေ၊ ရေခဲသေတ္တာ၊ ကွန်ပျူတာ၊ တီဗီအရစ်ကျဆပ်ငွေ စတဲ့စတဲ့ ကြွေးတွေဆပ်လိုက်ပြီး ရေဖိုး၊ မီးဖိုး၊ ဂက်စ်ဖိုး အကုန်ပေးပြီးတာနဲ့ တကယ်ကိုလက်ထဲမှာ ဘာမှမကျန်တော့ဘဲ ဖီးရှိုးမှ တကယ့်ဖီးရှိုးပါပဲ'လို့ ညည်းညည်းညူညူရေးထားတာ ဖြစ်ပါတယ်။

မှန်ပါတယ်။ ဟိုမှာနေရတာက ပိုက်ဆံရှာဖို့လွယ်သလောက် ကုန်ဖို့လည်း လွယ်ပါတယ်။ ဝယ်စရာပေါပြီး အကြွေးရတိုင်း ဝယ်နေကြလေတော့ လူတိုင်းလူတိုင်း အကြွေးတွေနဲ့ချည်းပါပဲ။ ကြုံတွေ့နေရတဲ့ စီးပွားပျက်ကပ်ကြီးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး လမ်းပေါ်ရောက်ကြသူတွေထဲမှာ ပညာတတ် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ တက္ကသိုလ်ပါမောက္ခတွေတောင် ပါတယ်ဆိုတဲ့ သတင်းတစ်ပုဒ် သတင်းစာတွေထဲ မကြာမီကပဲ ဖတ်လိုက်ရသေးတယ်။ အကြွေးနဲ့ဝယ်ထားပြီး အလုပ်ပြုတ်လို့ ကြွေး



မဆပ်နိုင်တော့ အိမ်နဲ့တကွ ရှိတဲ့ပစ္စည်းအားလုံး ဘဏ်က သိမ်းလိုက်တာကြောင့် လူလုံးချည်း အိမ်ပေါ်ကဆင်းခဲ့ကြရတာလေ။

## ပင်လယ်ထဲရေတော်မှ ချောင်းသတိရ

မြန်မာပြည်မှာကတော့ လူတွေဟာ လူမချမ်းသာပေမယ့် စိတ်တော့ချမ်းသာကြပါတယ်။ စိတ်ဖိစီးမှုတွေက သူတို့ဆီမှာလောက် မများဘူးမဟုတ်လား။ ဒီမှာက ရန်ကုန်လိုမြို့ကြီးမှာတောင် လမ်းဘေးအိပ်ရတဲ့လူတန်းစား ဘယ်လောက်များများရှိမှာလဲ။ သူတို့ဆီက မြို့ကြီးပြကြီးတွေမှာဆို rat people လို့ခေါ်ကြတဲ့ မြေအောက်ကရေဆိုးထုတ်တဲ့ ပြွန်ကြီးတွေထဲမှာ နေတဲ့သူတွေကိုက ထောင်နဲ့ချီရှိကြတာ။ ရှီကာဂိုမြို့တော်ပန်းခြံထဲမှာ သက်တမ်းရာနဲ့ချီပြီဖြစ်တဲ့ ရေမသစ်ပင်ကြီးတစ်ပင်ရှိပါတယ်။ အဲဒီသစ်ပင်ကြီးရဲ့ အရိပ်အာဝါသအောက်မှာ မှီတင်းနေထိုင်ကြသူတွေ (Tree people)လို့ခေါ်ကြတာကိုက ထောင်ပေါင်းများစွာ ရှိနေပြီဖြစ်တာကြောင့် မြို့တော်ကော်မတီက အဲဒီသစ်ပင်ကြီးကို စာတိုက်သင်္ကေတနံပါတ်တစ်ခုသတ်မှတ်ပေးပြီး စာတိုက်ပုံးပါထားပေးရပါတယ်။ ဒီမှာက အဲဒီလိုစိတ်ဆင်းရဲစရာတွေ သိပ်များများစားစား မရှိဘူးလေ။ လူ့ယဉ်ကျေးမှုက မပျက်မစီးရှိနေသေးလေတော့ လူသားချင်း မေတ္တာ၊ ကရုဏာနဲ့ ဖေးမကူညီတာမျိုးတွေ အများကြီးရှိနေသေးတယ်။ ဗြဟ္မစိုရ်တရားမခေါင်းပါးသေးဘူး။ ချောင်းကိုပစ်လို့ မြစ်ကိုရှာရင်းနဲ့ ပင်လယ်ထဲထိရောက်သွားပြီး ရေတော်တော့မှ ချောင်းကိုပြန်သတိရတဲ့သူလိုပဲ၊ မြန်မာလူမျိုးမှန်ရင် ဘယ်နိုင်ငံဘယ်ဒေသရောက်ရောက်၊ ဘယ်လောက်ပဲကြီးကျယ်တဲ့ဘဝရောက်နေရောက်နေ ပဲကြီးဟင်းချိုလေးနဲ့ ငါးရံ့ခြောက်ဖုတ်၊ မရမ်းသီးထောင်းလေးကိုတော့ မလွမ်းဘဲမနေနိုင်ပါဘူးလို့ ပြောရင်း အမေရိကန်က တူမောင်ကို မပူပါနဲ့ တစ်နေ့တော့ သူတို့အားလုံးပြန်လာကြမှာပါလို့ အားပေးစကားဆိုလိုက်ရပါတယ်။

၁၀၊ ၂၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# အတွေ့အကြုံဆိုတာပညာမဟုတ်ပါ

စာနယ်ဇင်းအသီးသီးမှာ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ လူငယ်တွေ မကြာခဏရောက်လာပြီး စကားစမြည်ပြောတတ်ကြပါတယ်။ သူတို့ မသိမီလိုက်တဲ့ ရှေးခေတ်သတင်းစာလောကအကြောင်း၊ သတင်းစာဆရာတွေအကြောင်း မေးတဲ့အခါမေးကြ၊ ခေတ်အကြောင်း၊ နိုင်ငံတကာအကြောင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ သောင်းပြောင်းထွေလာ အကြောင်းပေါင်းများစွာကို ဆွေးနွေးတဲ့အခါဆွေးနွေးကြနဲ့ တော်တော်စိတ်ကျေနပ်အားရစရာကောင်းပါတယ်။

## သတင်းစာပြန်လုပ်မှာလား

အဲဒီလိုပြောဆိုကြရင်းက 'တကယ်လို့များ တစ်နေ့နေ့မှာ ဆရာတို့လူထုသတင်းစာ ပြန်လည်ထုတ်ဝေခွင့်ရမယ်ဆိုရင် ဆရာတို့ ပြန်လုပ်ဦးမှာလား'ဆိုတဲ့ မေးခွန်းမျိုးမေးတာကိုလည်း မကြာခဏကြုံတွေ့ရပါတယ်။ တစ်သက်လုံး သတင်းစာအလုပ်ကလွဲပြီး ဘာအသက်မွေးဝမ်းကျောင်းအလုပ်မှ မလုပ်ခဲ့ဖူးတဲ့အပြင်၊ ဒီနေ့အထိလည်း သတင်းဆောင်းပါးမျိုးတွေနဲ့ သုံးသပ်ဝေဖန်စာမျိုးတွေချည်း ရေးနေသူဖြစ်တာကြောင့် လူငယ်တွေက မေးတာဖြစ်တယ်။ မေးသင့်မေးထိုက်ပါတယ်။ ၁၉၆၇ ခုနှစ်၊ ဂျူလိုင် ၇ ရက်နေ့မှာ လူထုသတင်းစာ အပိတ်ခံခဲ့ရတာဆိုတော့ အခုဆို နှစ်ပေါင်းလေးဆယ်ကျော်ရှိနေပြီ။ ဒါပေမဲ့ သတင်းစာစိတ်က မကုန်သေးတာကြောင့် ခုခေတ်လူငယ်တွေ လုပ်ကိုင်နေကြတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာတွေအဆက်မပြတ်ရေးနေဆဲဖြစ်တာကြောင့် အခါအခွင့်ကြုံရင် ပြန်လုပ်မှာပဲလို့ ထင်မြင်ယူဆကြတာလည်း သဘာဝကျပါတယ်။ ဒါထက်ပိုပြီး သဘာဝကျတာက လူထုသတင်းစာဆိုတာ ရပ်စဲသွားခဲ့ပေမယ့် လူထုရင်သွေးများ



ဖြစ်တဲ့ သူတို့မိဘများ ဘဝတစ်ခုလုံးရင်းပြီး ထူထောင်ခဲ့ကြတဲ့ လုပ်ငန်းကြီးကို အရှုံးမခံဘဲ လူထုပုံနှိပ်တိုက်၊ လူထုစာအုပ်တိုက်ဆိုပြီး စာအုပ်ထုတ်ဝေရေးနဲ့ ပုံနှိပ်လုပ်ငန်းတွေကို ဆက်လက်လုပ်ရှားလုပ်ကိုင်ပြီး ရပ်တည်နေလေတော့ နေရာအသင့်၊ စက်အသင့်၊ အလုပ်သမားတွေအသင့် ရှိနေပြီးသားဖြစ်တယ်လေ။

## လုပ်ဖြစ်မှာမဟုတ်ပါ

အဲဒီတော့ ထုတ်ဝေခွင့်ပြုရင် ပြန်လည်ထုတ်ဝေဖို့ မခက်လှပါဘူး။ ဒါကြောင့်လည်း လူငယ်တွေက ပြန်လုပ်မယ်လို့ထင်ကြတာဖြစ်တယ်။

'လုပ်ချင်စိတ်ရှိပေမယ့် လုပ်လို့ဖြစ်မှာမဟုတ်ပါဘူး'

ဒီလိုဖြေလိုက်တဲ့အခါ သူတို့အားလုံး ပါးစပ်အဟောင်းသားဖြစ်ကုန်ကြတာချည်းပါပဲ။ 'ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ'ဆိုတဲ့ မေးခွန်းတွေလည်း ဒလစပ်မေးတတ်ကြပါတယ်။ သတင်းစာအလုပ်ကို စွဲလမ်းမြတ်နိုးလွန်းလို့ ထောင်ကျကျ၊ ကျွန်းကျကျ၊ ဖြစ်ချင်တာဖြစ်ဆိုပြီး အိုးပစ်အိမ်ပစ် လုပ်ခဲ့သူတွေပဲ စိတ်ကတော့ ဘယ်ကုန်မှာလဲ။ ဒါပေမဲ့ တကယ်တမ်းကျတော့ လုပ်ဖြစ်မှာမဟုတ်ပါဘူး။ ဒီခေတ်ကြီးထဲမှာ သတင်းစာအလုပ်ကို ဘယ်လိုလုပ်ပြီး လုပ်တတ်တော့မှာလဲ။ ဒါကြောင့် လုပ်ဖြစ်မှာမဟုတ်ပါဘူးလို့ ဖြေခဲ့တာဖြစ်ပါတယ်။

## ကိုယ့်ခေတ်မဟုတ်တော့ဘူး

'ဘာဖြစ်လို့လဲ ဆရာ၊ ဆရာတို့ သိပ်လုပ်ချင်ခဲ့တာမဟုတ်လား'

'သိပ်လုပ်ချင်တာပေါ့။ ဒါပေမဲ့ ဒီခေတ်က တို့ခေတ်မဟုတ်တော့ဘူးလေ။ အဲဒါကိုမသိရင် မိုက်ရာကျမှာပေါ့'

ဟုတ်တယ်လေ၊ ဒီခေတ်က အင်တာနက်ခေတ်။ ဝက်ဘ်ဆိုက်တွေနဲ့ ဘလော့တွေနဲ့ သတင်းလုပ်ငန်းကို 'အွန်လိုင်း'မှာ လုပ်ကိုင်နေကြတာ။ 'တယ်လီကွန်ဖရင့်'တွေလုပ်ပြီး ဝေဖန်သုံးသပ်မှုတွေ လုပ်နေကြတာ။ ခဲစာလုံးတွေနဲ့ ဘလောက်တုံးတွေနဲ့ မီးလုံးဖလက်ရှ်ဂန်းတွေနဲ့ လုပ်လာတဲ့သူမျိုးတွေ ဘယ်ဝင်တိုးနိုင်တော့မှာလဲ။ ရှေးကတော့ သတင်းထောက်ရေးပေးတဲ့ သတင်းကို အယ်ဒီတာက ဖတ်ရှုတည်းဖြတ်ပြီး စာစီခန်းပို့စာစီဖောင်သွင်းပြီး စက်ပေါ်တင်ရိုက်ရုံပဲ။ ခုခေတ်တော့ အဆင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဖြတ်ရတဲ့ အဆင့်တွေက များလိုက်တာ။ သတင်းဌာန၊ အယ်ဒီတာဌာန၊ ကွန်ပျူတာဌာန၊ လေးအောက်ဒီဇိုင်းဌာန၊ ဖလင်ဌာန၊ ပုံနှိပ်ဌာနနဲ့ ဌာနတွေ နည်းတာမှမဟုတ်တာ။ စိတ်မြန်လက်မြန် လူမျိုးတွေနဲ့ဆို မကိုက်ဘူး။ ဒါကြောင့် မလုပ်ချင်တော့တာ။

'ကျွန်တော်တို့မှာက အတွေ့အကြုံမရှိသေးဘူးလေ။ လူကြီးတွေက ရှေ့ကလမ်းပြပေးမှ လုပ်တတ်ကြမှာပါ'

## အတွေ့အကြုံကပညာမဟုတ်

ဒီခေတ်လူငယ်တွေခက်နေတာက အဲဒါပဲ။ ကိုယ့်အားကိုယ်ကိုးစိတ် သိပ်နည်းကြတာ။ အတွေ့အကြုံနည်းတာ ဘာဖြစ်သလဲ။ အားငယ်စရာ မဟုတ်ပါဘူး။ အတွေ့အကြုံဆိုတာက တွေ့တာကြုံတာပဲ။ ပညာမှမဟုတ်တာ။ အတွေ့အကြုံများတိုင်းသာ ပညာရှိဖြစ်မယ်ဆိုရင် ဆယ့်နှစ်ပွဲဈေးသည်တွေအားလုံး တိုင်းပြည်ခေါင်းဆောင်တွေချည်း ဖြစ်ကုန်မှာပေါ့။ အတွေ့အကြုံကို ဉာဏ်ပညာနဲ့ ချင့်ချိန်ဝေဖန်သုံးသပ်တတ်မှ ပညာရှိလို့ခေါ်နိုင်တာ။ အတွေ့အကြုံသက်သက်ကတော့ ဘာမှတန်ဖိုးဖြစ်မလာပါဘူး။ လူဆိုတာ အသက်ကြီးလာတာနဲ့အမျှ အတွေ့အကြုံတွေ များလာတာပါပဲ။ ဘာမှမဆန်းပါဘူး။ ကိုအောင်ဆန်းဟာ တက္ကသိုလ်ကျောင်းသားဘဝက နေပြီး သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းရယ်လို့ ဖြစ်သွားတော့ အသက်နှစ်ဆယ်ဒွာစိတ် လူငယ်လေးပါပဲ။ ကိုဗဟိန်းတို့၊ ကိုဗဆွေတို့၊ ကိုကျော်ငြိမ်းတို့၊ ကိုသန်းထွန်းတို့ဆိုတာတွေလည်း အဲဒီအရွယ်တွေပဲ မဟုတ်ဘူးလား။ သူတို့လူငယ်တွေကြောင့်သာ တိုင်းပြည်လွတ်လပ်ခဲ့တာပါ။ အဲဒီခေတ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာချိုးခဲ့တဲ့ 'တောင်ကျရေ နွားနှစ်ကောင်မဝသလိုပ'ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ နောက်သာလိုက်ခဲ့မိရင် တော့ 'ရွှေပြည်တော် မျှော်တိုင်းဝေး'ဖြစ်နေရမှာပါ။

## ကိုယ့်လိပ်ပြာကိုယ်ရှက်

အဲဒါကြောင့် လူငယ်တွေကို ကြုံတိုင်းပြောဖြစ်ပါတယ်။ ဘယ်သူ့မှ အားမကိုးနဲ့။ 'အတ္တသမံ ပေမံနတ္တိ'ဆိုတဲ့အတိုင်း ကိုယ့်ကိုယ်ကိုယ်သာ အားကိုး ဆိုတာဖြစ်တယ်။ သူများအားကိုးလို့ ကောင်းစားတယ်ဆိုတာ မရှိပါဘူး။ အားကိုးမှားလို့ ဒုက္ခရောက်တာသာရှိပါတယ်။



နောက်ပြီး 'ကိုယ့်စိတ်နဲ့နှိုင်း မရှိုင်း' ဆိုတဲ့စကားလို ကိုယ်ကိုယ်တိုင်နဲ့ပဲ ယှဉ်ပြီးကြည့်မိတယ်။ ကိုယ်တိုင်ငယ်စဉ်ကတော့ အားမာန်အပြည့်နဲ့ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် နောက်ပြန်လှည့်မကြည့်တမ်းလုပ်ခဲ့တာပေါ့။ အမြဲတမ်း ဖျတ်လတ်တက်ကြွနေပါတယ်။ အိပ်တာတောင် ကင်မရာကို ခေါင်းအုံးဘေးထားပြီး အိပ်ခဲ့တာဖြစ်တယ်။ အခုတော့ အသက်ကြီးပြီ အိုပြီလေ။ အိုတော့ အစွမ်းအစတွေလည်း တုံးကုန်ပြီ။ သတ္တိလည်း မရှိတော့ဘူး။ အိမ်ခြေရနေတဲ့ ကိုယ့်ရဲ့'ပိုနေမြဲကျားနေမြဲ'အနေအထားလေး ပျက်သွားမှာလည်း ကြောက်နေတယ်။ မှန်တာပြော သစ္စာပါ။ လူက အသက်ကြီးလေ အတ္တကြီးလေဖြစ်သွားတယ်။ မသေခင်လေး ကိုယ်လည်း အေးအေးချမ်းချမ်းနေချင်တယ်။ ကိုယ့်သားသမီး၊ မြေးမြစ်တီကျွတ် တွေလည်း ကြီးပွားချမ်းသာစေချင်တယ်။ အများအကျိုးတို့၊ တိုင်းကျိုးပြည်ကျိုးတို့ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ နည်းနည်းမှမကျန်တော့ဘူး။ ဒါကြောင့် စဉ်းစားမိတဲ့အခါတိုင်း ကိုယ့်လိပ်ပြာကိုယ်ပြန်ရှက်မိတယ်။ ဘာမှအသုံးမကျတော့ဘူးဆိုပြီး ဒေါသလည်းထွက်မိတယ်။

လူငယ်တွေက ဒါတွေကို သိတာမဟုတ်ဘူး။ အသက်ကြီးတော့ အတွေ့အကြုံတွေများတာကိုပဲ သိကြတာ။ အဲဒီအသိကြောင့် ဆရာတင်ချင်ကြ၊ အားကိုးအားထားပြုချင်ကြတာ။ အဲဒီလို သူတစ်ပါးအားကိုးချင်တဲ့စိတ် ရှိနေသမျှ ကာလပတ်လုံး ဘယ်တော့မှတိုးတက်လာမှာ မဟုတ်ဘူး။ လူငယ်တွေ တိုးတက်ရင့်ကျက်မလာရင် တိုင်းပြည်လည်း တိုးတက်လာမှာမဟုတ်ပါဘူး။ အဲဒါကြောင့် လူငယ်တွေ ကိုယ့်အားကိုယ်ကိုးစိတ်နဲ့ ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားကြပါ။ ဘယ်သူ့ကိုမှ အားမကိုးပါနဲ့လို့ အပ်ကြောင်းထပ်လောက်အောင် ရေးနေရတာဖြစ်ပါတယ်။

၆၊ ၂၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မဆိုတာ ရင်ကို ငြိမ်းအေးစေတယ်၊ လိပ်ပြာသန့်စေတယ်

မိတ်ဆွေစာပေသမားတစ်စုက သူတို့စိတ်ထဲ ကြည်နူးပီတိဖြစ်ခဲ့ရတဲ့ မြင်ကွင်းလေးတစ်ခုအကြောင်းကို လာရောက်ဖောက်သည်ချ ဝေမျှကြတဲ့အတွက် ကိုယ်တိုင်လည်း ဝမ်းသာကြည်နူးဖြစ်လိုက်ရပါတယ်။ တလောလေးက စာရေးဆရာ ဆရာနတ်နွယ်ရဲ့ ၇၇ နှစ်ပြည့် မွေးနေ့အခမ်းအနားကျင်းပရာကို ရန်ကုန်မှာဆောင်းခိုရောက်နေတဲ့ အသက် ၉၀ အရွယ် ဆရာဒဂုန်တာရာ ရောက်ရှိလာရာမှာ နေထိုင်မကောင်းဖြစ်နေတဲ့ ဆရာနတ်နွယ်က လူတွဲနဲ့အိမ်ရှေ့ထွက်ပြီး ဝမ်းသာအားရကြိုဆိုတယ်ဆိုတဲ့ မြင်ကွင်းလေးကို မြင်လိုက်ရရင် ဘယ်သူမဆို ဝမ်းသာကြည်နူးကြမိမှာ သေချာပါတယ်။

### မိုးဝေခေတ်တိုက်ပွဲ

မြန်မာစာပေကို စူးစူးစိုက်စိုက်လေ့လာဖတ်ရှုသူမှန်သမျှ သိကြတဲ့ နောက်ကြောင်းလေးတစ်ခုရှိပါတယ်။ ၁၉၇၀ ခုနှစ်များအတွင်း မိုးဝေမဂ္ဂဇင်း အရှိန်အဝါကြီးမားနေစဉ် ကာလတစ်ခုမှာ မိုးဝေအယ်ဒီတာ ဆရာနတ်နွယ်နဲ့ မိုးဝေပင်တိုင်ကဗျာဆရာ၊ စာရေးဆရာများက စာပေအယူအဆနဲ့ ပတ်သက်ပြီး ဆရာဒဂုန်တာရာကို ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားတာတွေ လုပ်ခဲ့ကြပါတယ်။ ဆရာတာရာကိုထောက်ခံတဲ့ လူငယ်ကဗျာဆရာ စာရေးဆရာများကလည်း ဆရာနတ်နွယ်ကို ပျစ်ပျစ်ခါခါ ဝေဖန်ရေးသားခဲ့ကြပါတယ်။ နှစ်ဖက်စလုံးဟာ အဲဒီအချိန်က တိုးတက်တဲ့အသိုင်းအဝိုင်းလို့ အသိအမှတ်ပြုထားကြတဲ့ လူငယ်စာပေသမားတွေချည်း ဖြစ်ကြပါတယ်။ ကဗျာဆရာ၊ စာရေးဆရာ တော်တော်များများက မိုးဝေမှာ မရေးဘူးဆိုပြီးတောင် သပိတ်မှောက်ခဲ့ကြပါသေးတယ်။ ၁၉၅၀ ဦးပိုင်းက ဖြစ်ခဲ့တဲ့ တာရာမဂ္ဂဇင်းဗဟိုပြု စာပေသစ်၊ လက်ဝဲစာရေးဆရာများနဲ့ ဒေသာမဂ္ဂဇင်းဗဟိုပြု လက်ယာစာရေးဆရာများရဲ့ စာပေအယူအဆ တိုက်ပွဲပြီးရင် အပြင်းထန်ဆုံးစာပေတိုက်ပွဲတစ်ခုလို့တောင် သတ်မှတ်နိုင်ပါတယ်။ အရှည်ကြာဆုံးလည်းဖြစ်ပါတယ်။ ခုခေတ်ထိတောင် မဂ္ဂဇင်းတွေထဲမှာ 'မိုးဝေကဗျာခေတ် ရှိ မရှိ'ဆိုတဲ့ ငြင်းခုန်မှုတွေ တစ်ခါတလေ တွေ့နေရပါသေးတယ်။ ၁၉၇၀ ခုနှစ်တွေကတည်းကစပြီး ဒီနေ့ထိ ဆရာဒဂုန်တာရာနဲ့ ဆရာနတ်နွယ်တို့ကို စာပေလှုပ်ရှားမှုတွေမှာ အတူတွဲပြီး လုပ်ဆောင်ကြတာ မတွေ့ရတော့ပါဘူး။

### စာဖတ်ပရိသတ်ရဲ့အရှုံး

ဆရာဒဂုန်တာရာကို လိုလားသူတွေရော၊ ဆရာနတ်နွယ်ကို လိုလားသူများရော အားလုံးဟာ 'စာပေသည် ဘယ်သူ့အတွက်မှမဟုတ်'၊ 'အနုပညာသည် အနုပညာအတွက်'ဆိုတဲ့ အယူအဆများကို ဆန့်ကျင်ပြီး 'စာပေသည် ပြည်သူ့အတွက်'ဆိုတဲ့ အယူအဆကို အခိုင်အမာကိုင်စွဲကြသူတွေချည်း ဖြစ်ပါတယ်။ အဲဒီလို လမ်းကြောင်းတစ်ခုတည်းပေါ်မှာ လျှောက်နေကြသူတွေအချင်းချင်း တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဝေဖန်တိုက်ခိုက်ခဲ့ကြတဲ့အတွက် ဘယ်ဘက်မှ အကျိုးမရှိပါဘူး။ ဘယ်သူမှလည်း မနိုင်ပါဘူး။ ကြားထဲကစာဖတ်ပရိသတ်သာ အရှုံးထွက်ပါတယ်။ အချင်းချင်း အပြန်အလှန် ပြစ်တင်ဝေဖန်စာတွေပဲ ရေးနေကြလေတော့ တိုင်းပြည်နိုင်ငံအတွက်၊ ပြည်သူလူအများအတွက်၊ ကမ္ဘာကြီးအတွက် ရေးသင့်ရေးအပ်တဲ့ စာတွေရေးဖို့ အချိန်မပေးနိုင်ကြတော့ဘူးပေါ့။

ဗီယက်နမ်စစ်ပွဲကြီး ပြီးဆုံးသွားတဲ့အခါမှာ စစ်ပွဲနောက်ခံဝတ္ထုတွေ၊ ရုပ်ရှင်တွေ အမေရိကန်မှာရော ဗီယက်နမ်မှာပါ အများကြီးထွက်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ဆီမှာ နှစ်ပေါင်းရာကျော်ဆင်နွှဲခဲ့ရတဲ့ လွတ်လပ်ရေးတိုက်ပွဲနောက်ခံ ဝတ္ထုကြီးတွေ၊ ရုပ်ရှင်ကားတွေ ဘယ်လောက်များရှိခဲ့လို့လဲ။ သံဖြူဇရပ်မှာကျဆုံးခဲ့ရတဲ့ မဟာမိတ်စစ်သားတွေအတွက် ခမ်းနားထည်ဝါတဲ့ စစ်သင်္ချိုင်းကြီး ရှိပါတယ်။ ဂျပန်ရဲ့ ချွေးတပ်ဆွဲခံရပြီး ယိုးဒယား–မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးမှာ အသက်ဆုံးရှုံးခဲ့ရတဲ့ မြန်မာချွေးတပ်သားတွေ သောင်းနဲ့ချီပြီး ရှိခဲ့ပါတယ်။ သူတို့အတွက် အထိမ်းအမှတ်လေးတစ်ခုတောင် ကျွန်တော်တို့ မလုပ်နိုင်ခဲ့ကြပါဘူး။ ရှေးစရာ





www.burmeseclassic.com

www.burmeseclassic.com

ကောင်းလိုက်တာ။ ကျွန်တော်တို့ရဲ့ အချိန်တွေ၊ စွမ်းအားတွေကို အချည်းအနှီးနေရာတွေမှာ ဖြုန်းတီးပစ်ခဲ့ကြတာကို။

## အပြုံးပြည့်မျက်နှာ

ဆရာဒဂုန်တာရာနဲ့ ဆရာနတ်နွယ်တို့ရဲ့ တွေ့ဆုံပွဲကြောင့် ကျွန်တော်တို့ စာပေလောကသားအားလုံး ကြည်နူးပီတိဖြစ်ရသလို ကာယကံရှင် ဆရာနှစ်ဦးလည်း ဝမ်းသာကြည်နူးကြမှာပါ။ ဆရာနတ်နွယ်ဆို မကျန်းမာတဲ့ကြားက အိမ်ရှေ့ထွက်ကြိုဆိုရင်း အပြုံးအပြည့်နဲ့မျက်နှာဟာ ဝင်းပကြည်လင်နေတယ်လို့ ပြောကြပါတယ်။ သူတကယ်ကို စိတ်လက်ပေါ့ပါးပြီး ဝမ်းသာကြည်နူးသွားမှာပါ။ မွေးနေ့မတိုင်ခင် သူမကျန်းမာလို့ သတင်းသွားမေးကြသူတိုင်းကို 'ကျုပ်အတွေ့ချင်ဆုံးလူနှစ်ယောက်က ကိုဒွေးမြိုင်နဲ့ ကို .....ပဲ'လို့ ပြောတယ်လို့ သိရပါတယ်။ အခုလို သူ အင်မတန်တွေ့ချင်နေသူတစ်ဦး ကိုယ်တိုင်ရောက်လာတော့ ဆန္ဒပြည့်ဝပြီး စိတ်ချမ်းသာသွားမှာ သေချာပါတယ်။ စိတ်ချမ်းသာရင် ကိုယ်လည်းကျန်းမာလာမှာပါ။ ဆရာနှစ်ယောက်စလုံးဟာ စာပေဆိုတာ လူအများအကျိုးစီးပွားအတွက်ဖြစ်စေရမယ်လို့ ခံယူထားကြသူတွေဖြစ်လေတော့ နှစ်ဦးစလုံး ကျန်းမာပကတိချမ်းသာစွာရှိပြီး စာတွေအများကြီး ရေးနိုင်ကြစေချင်ပါတယ်။

BURMESE CLASSIC .com

## ကိုယ်တွေ့အဖြစ်အပျက်

ဆရာနှစ်ယောက်ရဲ့ဆုံတွေ့မှုလေးကို တစ်ဆင့်ပြန်ကြားရတာလေးနဲ့တောင် ရင်ထဲမှာ အေးချမ်းကြည်နူးပြီး ပီတိတွေဖြာဝေခဲ့ရပါတယ်။ မေတ္တာတရားများ အစွမ်းထက်လိုက်တာ။ ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ကိစ္စတောင်မဟုတ်ဘူး။ ဆရာနှစ်ယောက် အပြန်အလှန်မေတ္တာထားကြတာကို ကိုယ်တိုင်မြင်ရတွေ့ရတာတောင် မဟုတ်ဘူး။ သူများ မျှဝေပေးတဲ့ ပီတိလေးကို ခံစားရရုံလေးနဲ့တင် ဒါလောက်ကြည်နူးပီတိဖြစ်ရတာ။ မေတ္တာဆိုတာ အေးချမ်းတယ်၊ ဒေါသတွေ၊ အာဃာတတွေဆိုတာ ကိုယ့်ကိုပဲ လောင်ကျွမ်းစေတာဖြစ်တယ်လို့ လူကြီးသူမများ ဆုံးမလေ့ရှိတာကို ပြန်သတိရလိုက်မိတယ်။

ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ကလေးတစ်ခုကို ပြန်ပြောချင်ပါတယ်။



အရပ်ထဲမှာ စွာကျယ်စွာကျယ်လုပ်နေတဲ့ လူဆိုးလူမိုက်တစ်ယောက် ရှိပါတယ်။ အကျီနဲ့အုပ်ထားတဲ့ခါးကြားမှာ ဓားတစ်ချောင်း အမြဲထိုးထားတတ်ပြီး လမ်းဘေးကဈေးသည်တွေကို အနိုင်ကျင့် ပိုက်ဆံတောင်းလေ့ရှိပါတယ်။ လစ်ရင်လည်း ခိုးတတ်လုတတ်ပါတယ်။ သောက်စားမူးယစ်ပြီးတော့လည်း အရပ်ကို ဆဲရေးတိုင်းထွာ စော်ကားတတ်ပါတယ်။ သူတစ်ပါးသားပျိုသမီးပျိုများကိုလည်း ဓားပြပြီး ဖျက်လိုဖျက်ဆီးလုပ်တတ်ပါတယ်။ တစ်ရပ်ကွက်လုံး 'အော့ကြောလန်'ပါ။ ဒါပေမဲ့ သူ့ခါးကဓားကြောက်ကြလို့ ဘယ်သူမှ သူနဲ့ဖက်ပြိုင်ပြီး ရန်မဖြစ်ရဲကြပါဘူး။ ကိုယ်တိုင်လည်း အဲဒီလူကို ခါးခါးသီးသီးမုန်းပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း အဲဒီလူဝင်လာတာတွေ့ရင် 'ဝုန်းခနဲ'ချက်ချင်းထပြန်တတ်ပါတယ်။ သူ အနိုင်ကျင့်ရမ်းကားတာတွေ ကြားတိုင်းမြင်တိုင်လည်း ဒေါသအကြီးအကျယ် ဖြစ်ရပါတယ်။ ကိုယ့်ကိုတော့ တစ်ခါမှ ရန်မပြုဖူးပါဘူး။ ဒါပေမဲ့ သူများတွေအပေါ် ရမ်းကားနေတာတွေ ကြားနေမြင်နေရတာနဲ့တင် စက်ဆုပ်ရွံရှာ မုန်းတီးနေခဲ့တာ ဖြစ်ပါတယ်။ တစ်ခါတလေ စက်ဆုပ်စရာလုပ်ရပ်မျိုး နားထောင်ရင်းနဲ့တောင် ဒေါသဖြစ်လွန်းလို့ တစ်ကိုယ်လုံးတစ်ရှိန်ရှိန်နဲ့ အသားတွေ ပူလာတတ်ပါတယ်။

## လူအုပ်အလိုက်ခံရသူ

ဒေါသဆိုတာ လောင်မြိုက်တယ်ဆိုတာ မှန်ပါတယ်။ ဒေါသထွက်တာနဲ့ အသားတွေပူလာတာပါပဲ။ တစ်ညတော့ လမ်းထဲမှာ လူတွေ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ပြေးကြလွှားကြ၊ ဆူညံသံတွေကြားရလို့ ထကြည့်မယ်အလုပ်မှာ သွေးသံတရဲရဲနဲ့လူတစ်ယောက် အိမ်ပေါ်တက်ပြေးလာတာတွေ့လိုက်ရပါတယ်။ သူ့လက်ထဲမှာ ဘာလက်နက်မှ မတွေ့တာကြောင့် လက်ထဲကိုင်ထားတဲ့ လေးချောင်းထောက်လမ်းလျှောက်တုတ်နဲ့ ဆီးတားပြီး အကျီကုတ်ပိုးကို ဆွဲဖမ်းလိုက်ပါတယ်။ သူ့ခမျာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေပါတယ်။ ချက်ချင်းပဲ အိမ်တံခါးကို လှမ်းပြီးပိတ်ခိုင်းထားလိုက်ပါတယ်။ နောက်ကလိုက်လာတဲ့လူအုပ်ကြီးကလည်း တံခါးဖွင့်ပေးဖို့ ဆူညံအော်ဟစ်နေပါတယ်။ သူတို့လက်ထဲမှာလည်း တုတ်တွေဓားတွေနဲ့ ကြောက်စရာကြီးပါ။ တံခါးဖွင့်မပေးသေးဘဲနဲ့ လူအုပ်ကြီးကို ဖျောင်းဖျရပါတယ်။ အိမ်ထဲမှာဖမ်းမိထားလို့ ပြေးမလွတ်တော့တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တရားဥပဒေအတိုင်းစီရင်ဖို့ ရဲလက်အပ်လိုက်ဖို့အကြောင်း နားချရပါတယ်။ မိထားတဲ့လူဟာ 'အော့ကြောလန်'ပါ။ ကိုယ်တိုင်လည်း မကြည့်ချင်လောက်အောင်ကို ရွံရှာစက်ဆုပ်သူဖြစ်ပါတယ်။ လူအုပ်ကြီးလက် အပ်လိုက်လို့ကတော့ ဘယ်သူ့လက်ချက်မှန်း မသိလိုက်ရဘဲ ခေါင်းတခြား ကိုယ်တခြားဖြစ်သွားမှာ သေချာပါတယ်။ လူတိုင်းရွံမုန်းတဲ့ လူဆိုးလူမိုက် လူရမ်းကားမဟုတ်လား။

## အသက်ကယ်ဖို့ ရှိခိုးတောင်းပန်

ဒါပေမဲ့ ခုချိန်မှာတော့ သူဟာ သွေးရဲရဲ၊ သံရဲရဲ ဒဏ်ရာဒဏ်ချက်တွေနဲ့ အားကိုးရာမဲ့နေတဲ့လူတစ်ယောက်သာ ဖြစ်တယ်။ တစ်ယောက်တစ်လက်ဝိုင်းနှက်ကြမယ့် လူအုပ်ကြီးလက်ထဲ ရောက်သွားလို့ကတော့ ဘာဖြစ်မလဲ မေးစရာမလိုပါဘူး။ သူကလည်း သူ့ကို ရဲဆီသာအပ်ပါ၊ လူအုပ်ကြီးလက်ထဲ မအပ်ပါနဲ့လို့ အထပ်ထပ်အခါခါ ခြေထောက်ဖက်တောင်းပန်နေပါတယ်။ လူအုပ်ကြီးကတော့ အပြင်တံခါးကို တဘုံးဘုံးထုပြီး အော်ဟစ်ဆူညံနေပါတယ်။ နောက်ဆုံးတော့ ရဲကို ဖုန်းဆက်အကြောင်းကြားပြီး အပ်လိုက်ပါတယ်။ ရဲက လက်ထိပ်ခတ်ဆွဲခေါ်သွားတာတောင် ဘေးကလှမ်းကန်တဲ့လူနဲ့ နားရင်းအုပ်တဲ့လူနဲ့ ရှိသေးတာ။ သူတို့သဘောရှိသာဆိုရင်တော့ မလွယ်ဘူး။ အဲဒီလူကို ရဲကဆွဲခေါ်သွားပြီး အသက်နဲ့ကိုယ် အိုးစားမကွဲဘဲ ကားပေါ်ပါသွားတာတွေ့လိုက်ရတော့မှ စိတ်ထဲမှာပေါ့ပါးပြီး ဟင်းခနဲသက်ပြင်းချလိုက်မိပါတယ်။ နောင် အဲဒီအကြောင်းပြန်စဉ်းစားမိတဲ့အခါတိုင်း လူတစ်ယောက်ရဲ့အသက်ကို ကယ်လိုက်နိုင်တယ်ဆိုတဲ့ ဝမ်းသာကြည်နူးစိတ်နဲ့ ပီတိဖြစ်ရတယ်။ အရင်ကတော့ ဒီလူ့အကြောင်း ကြားရတာနဲ့တင် အသားတွေပူတက်လာအောင် ဒေါသတခြောင်းခြောင်း ထွက်ရတယ်။ ခုတော့ သူ့အကြောင်းစဉ်းစားတိုင်း ပီတိဖြစ်ရတယ်။ ဒေါသတို့၊ အာဃာတတို့၊ အချစ်တို့၊ အမုန်းတို့ဆိုတာတွေဟာ လူကို လောင်မြိုက်စေတဲ့အရာတွေပဲ။ ခွင့်လွှတ်ခြင်း၊ သဘောထားကြီးခြင်းဆိုတာတွေကတော့ စိတ်ချမ်းသာစေတဲ့ အေးမြခြင်း၊ ကြည်နူးခြင်း တို့ကိုဆောင်ယူလာစေတဲ့ အရာတွေပဲ။ စောစောက 'အော့ကြောလန်'လူမိုက်လူရမ်းကားကိစ္စပဲကြည့်။ သူဟာ လူယုတ်မာပဲ။ ဒါပေမဲ့ လူ့အသက်တစ်ချောင်းဖြစ်တယ်။ ကိုယ့်ပယောဂနဲ့တော့ လူ့အသက်တစ်ချောင်း



သေဆုံးမသွားစေချင်ဘူး။ သူဟာ လူရမ်းကား၊ အဓမ္မသမားဖြစ်ထားမှန်တယ်။ ဒါပေမဲ့ အဲဒီအဓမ္မသမားကို ကိုယ်က အဓမ္မနည်းနဲ့ တုံ့ပြန်ရင်၊ ကိုယ်ပါ အဓမ္မသမား ဖြစ်မသွားပေဘူးလား။

## ရွှံ့အိုင်ထဲကလူ

လူတစ်ယောက်က ရွှံ့နွံအိုင်ထဲကနေ ကိုယ့်ကိုလှမ်းပြီး ဆဲရေးတိုင်းထွာလုပ်လို့ဆိုပြီး ကိုယ်ပါရွှံ့နွံအိုင်ထဲဆင်းပြီး သူနဲ့နပမ်းလုံးရင် ကိုယ်ပါ ရွှံ့နွံတွေ လူးပေမကုန်ဘူးလား။ သူ့ဟာသူ ရွှံ့နွံထဲက ဘယ်လောက်ပဲ ဆဲဆဲ၊ ကိုယ်သွားစရာရှိတဲ့လမ်း ဆက်လျှောက်သွားရင် ကိုယ်လိုရာကို ရောက်သွားမယ်။ သူကတော့ ရွှံ့တွေပေပြီး ဆဲရလွန်းလို့ အာညောင်းတာပဲ အဖတ်တင်ကျန်ရစ်မှာပေါ့။ အရေးကြီးတာက ကိုယ်လုပ်ရမယ့်အလုပ်ကို မမိုတ်မသုန်လုပ်နေဖို့ပဲ။ ရွှံ့အိုင်ထဲမှာပျော်တဲ့လူက ရွှံ့အိုင်ထဲမှာပဲ ပျော်နေမှာပဲ။ သူ့သဘောသူဆောင်ပြီး နေပါစေ။ အဓမ္မသမားကလည်း သူ့ခုစရိုက်တွေနဲ့သူ နေမှာပဲ။ နေပါစေ။ သူ့သဘောသူဆောင်ပြီး သူ့ကြမ္မာသူဖန်တီးပါစေ။ ကိုယ်က သူ့ကိုမုန်းလို့ အဓမ္မနည်းနဲ့တုံ့ပြန်ရင် ကိုယ်ပါ အဓမ္မသမားဖြစ်သွားမှာဖြစ်တယ်။ အဓမ္မမှုကို မနှစ်မြို့သူက ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အဓမ္မမှုကိုရှောင်ပါ။ ဓမ္မကိုသာ အစဉ်အမြဲ ကိုင်ဆွဲနိုင်အောင် ကြိုးစားပါ။

အဓမ္မဆိုတာ အင်မတန်ပူပြင်းလောင်မြိုက်ပါတယ်။

ဓမ္မကတော့ ရင်ကို ငြိမ်းအေးစေတယ်။ လိပ်ပြာသန့်စေတယ်။ ကြည်နူးပီတိကို အတိုင်းမသိ ခံစားရရှိစေနိုင်တယ်။

၂၃၊ ၂၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# ပြိုင်ဘက်ဆိုတိုင်း ရန်ဘက်မဟုတ်ပါ

မြို့လယ်ခေါင်မှာနေတာဖြစ်လေတော့ ဂျာနယ်မဂ္ဂဇင်းတိုက်ပေါင်းစုံက လူငယ်တွေ နေ့စဉ်လိုလို 'ထွက်ခလုတ် ဝင်ခလုတ်' ဝင်ထွက်သွားလေ့ရှိပါတယ်။ တချို့က နေထိုင်ကောင်း၊ မကောင်း လာကြည့်တာ။ တချို့ကတော့ ပြောဆိုဆွေးနွေးချင်လို့ လာကြတာ။ တချို့က စာမူယူရင်း ရင်ဖွင့်ချင်လို့၊ တိုင်ပင်ချင်လို့ လာကြတာ။ ဘယ်အကြောင်းနဲ့ပဲလာလာ သူတို့တတွေရဲ့လာခြင်းဟာ အိမ်ထဲကအိမ်ပြင်မထွက်နိုင်သူအဖို့ မျက်စိပွင့်နားပွင့်ဖြစ်စေတာကြောင့် ကောင်းသောလာခြင်းသာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

## ပရဲ့ဖက်ရှင်နယ်စိတ်ဓာတ်

အဲဒီလိုလာကြတဲ့အထဲက လူငယ်တစ်ယောက်နဲ့စကားပြောရင်း သူက မန်ချက်စတာယူနိုက်တက်မန်နေဂျာက အခု အင်တာမီလန် မန်နေဂျာဖြစ်နေတဲ့ မော်ရင်ဟိုကို အင်္ဂလန်မှာပြန်ပြီး မြင်တွေ့ချင်ကြောင်း ပြောလိုက်တာနဲ့ပတ်သက်ပြီး အံ့သြရတဲ့အကြောင်း ပြောပါတယ်။ သူတို့လိုပဲ ဘောလုံးပွဲမှန်မှန်ကြည့်လေ့ရှိကြောင်း သိနေတာကြောင့် ခုလိုပြောတာပါ။ 'သူတို့နှစ်ယောက်က တကယ့်ရန်ဘက်ကြီးတွေမဟုတ်လား ဆရာရဲ့' လို့လည်း ပြောလိုက်ပါသေးတယ်။

'ရန်ဘက်လို့ မပြောပါနဲ့ကွယ်၊ ပြိုင်ဘက်ပါ'

ပြိုင်ဘက်တိုင်း ရန်ဘက်မဟုတ်ကြောင်း၊ ဖာဂူဆန်ဟာ 'ပရဲ့ဖက်ရှင်နယ်' ပီသသူတစ်ယောက်ဖြစ်တာကြောင့် သူ့ရဲ့အကြီးဆုံးပြိုင်ဘက်ဖြစ်သူတစ်ဦးကို ချီးကျူးစရာရှိက ချီးကျူးတဲ့အကြောင်း၊ မော်ရင်ဟိုလို မနေ့တစ်နေ့ကမှပေါ်လာတဲ့ ပြိုင်ဘက်မျိုးသာမက ဆယ့်လေးငါးနှစ်လောက် အကြီးဆုံးပြိုင်ဘက်ဖြစ်ခဲ့တဲ့ အာစင်ဝင်းဂါးလို ပုဂ္ဂိုလ်မျိုးကိုတောင် မကြာခဏ ချီးကျူးစကား ပြောတတ်တဲ့အကြောင်း၊ အာစင်ဝင်းဂါးကလည်း ဖာဂူဆန်ကို တလေးတစားဆက်ဆံလေ့ရှိကြောင်း၊ ဒီစိတ်ဓာတ်မျိုးကို 'ပရဲ့ဖက်ရှင်နယ်' စိတ်ဓာတ်လို့ခေါ်ကြောင်း၊ လေးစားဂုဏ်ယူထိုက်ကြောင်း ရှင်းလင်းပြောကြားလိုက်ပါတယ်။

## ပြိုင်ဘက်ကိုလေးစားပါ

တကယ့်'ပရဲ့ဖက်ရှင်နယ်'ပီသတဲ့ ဖာဂူဆန်လို၊ အာစင်ဝင်းဂါးလို ပုဂ္ဂိုလ်မျိုးမှန်ရင် အသင်းတစ်သင်းတိုးတက်ဖို့အတွက် 'ပြိုင်ဘက်ကောင်း' ရှိဖို့မဖြစ်လိုအပ်ကြောင်း ကောင်းကောင်းကြီးသဘောပေါက်ကြပါတယ်။ ပြိုင်ဘက်ကောင်းရှိမှ မခံချင်စိတ်နဲ့ ကြိုးစားချင်တတ်တာ လူ့သဘာဝဖြစ်တယ်။ ပြိုင်ဘက်ကောင်းမရှိရင် ပေါ့ပေါ့လျော့လျော့ လုပ်ချင်ကိုင်ချင်တတ်တာကြောင့် ကိုယ့်အရည်အသွေး ကျဆင်းသွားတတ်တယ်။ ဒါကြောင့် ပရဲ့ဖက်ရှင်နယ်ပီသသူတိုင်း ပြိုင်ဘက်ကောင်းကို လေးစားကြတယ်။ တန်ဖိုးလည်းထားကြတယ်။ အင်္ဂလန်ဘောလုံးသင်း ဆိုပါတော့။ အသင်းမှာပါတဲ့ တယ်ရီ၊ လမ်းပတ်၊ ဂျိုကိုးလ်၊ အက်ရှလေကိုးလ်တို့တတွေလို ချယ်လ်ဆီးကစားသမားတွေနဲ့ မန်ယူက ဂယ်ရီနဗီးလ်၊ ပေါလ်စခိုးလ်၊ ရွန်နီ၊ ဖာဒီနန်တို့လို ကစားသမားတွေဟာ ကလပ်အသင်းချင်း ပြိုင်ကြတဲ့ အခါတွေမှာ မကြာခဏ စကားများငြင်းခုန်တတ်ကြတယ်။ ဒါပေမဲ့ အင်္ဂလန်အသင်းမှာ ကစားကြတဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် နွေးနွေးထွေးထွေးနဲ့ အပေးအယူမျှမျှတတ ကစားကြပါတယ်။ အင်မတန်အတုယူဖို့ ကောင်းပါတယ်။ ပြိုင်ဘက်ဆိုတိုင်း ရန်သူလိုသဘောမထားအပ်ဘူးဆိုတာ ဘောလုံးသမားတွေသိကြသလို လူတိုင်းသိကြဖို့ လိုပါတယ်။ ပြိုင်ဘက်ဆိုတာ မိမိတိုးတက်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ကြောင်း ကောင်းကောင်းကြီးသဘောပေါက်ဖို့ လိုပါတယ်။

## ပြိုင်ဘက်ကောင်းမှတိုးတက်

ဘောလုံးမှမဟုတ်ပါဘူး။ လူ့လောကမှာ ဘယ်နေရာမဆို ယှဉ်ပြိုင်မှုဆိုတာ ရှိကြတာပဲ။ ယှဉ်ပြိုင်မှုကြောင့်လည်း တိုးတက်လာကြတာပါ။ ဆိုဗီယက်ရုရှားက 'စပွတ်နစ်'ဂြိုဟ်တုလွှတ်တင်လိုက်တဲ့အခါကျ အာကာသ မြှုလက်နက်တွေလုပ်ဖို့လောက်သာ အာရုံစိုက်နေတဲ့ အမေရိကန်ပြည်





www.burmeseclassic.com

www.burmeseclassic.com

ဟာ ကမန်းကတန်းနဲ့ လမ်းကြောင်းပြောင်းပြီး ဒုံးပျံနဲ့ ဂြိုဟ်တုနည်းပညာဘက် အာရုံစိုက်ခဲ့ရတယ်မဟုတ်လား။ ဒီလိုနဲ့ပဲ လကို ပထမဆုံး လူရောက်အောင် လွှတ်နိုင်တဲ့အထိ တိုးတက်သွားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က ဆိုဗီယက်နဲ့ အမေရိကန်ခေါင်းဆောင်ဖြစ်သူတွေရဲ့ အမြင်ကျဉ်းမြောင်းမှုနဲ့ အယူအဆမှားယွင်းမှုတွေကြောင့် တစ်ဦးနဲ့တစ်ဦး ရန်သူလိုရှုမြင်ခဲ့ကြတယ်။ အကျိုးဆက်ကတော့ စစ်အေးတိုက်ပွဲဆိုတာကြီး ပေါ်ပေါက်လာခဲ့ပြီး ကမ္ဘာကြီးရဲ့ နေရာအနှံ့အပြားမှာ သွေးချောင်းစီးတဲ့ စစ်ပွဲကြီး၊ စစ်ပွဲငယ်တွေ အဆက်မပြတ် ဖြစ်ပွားခဲ့ရတာပဲဖြစ်တယ်။ ပြိုင်ဘက်ကို ရန်ဘက်အဖြစ် သဘောမထားဘဲ ငြိမ်းချမ်းစွာ လူယဉ်ကျေးပီပီ ယှဉ်ပြိုင်ကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ ဘယ်လောက်တိုးတက်လိုက်မလဲ။ စစ်အေးတိုက်ပွဲ ကာလကြီးကိုသာ မဖြတ်သန်းခဲ့ရဘူးဆိုရင် ခုလောက်ဆို လပေါ်မှာ လူသားတွေ အမြဲတမ်းအခြေချနေထိုင်တာမျိုးတောင် မြင်ရကောင်းမြင်ရမှာ ဖြစ်ပါတယ်။

## လူရိုင်းနဲ့လူယဉ်

ပြိုင်ဘက်ကို တန်ဖိုးထားလေးစားတတ်တဲ့စိတ်မျိုးကို 'လူယဉ်ကျေးစိတ်ဓာတ်'လို့ ခေါ်ပါတယ်။ သမ္မတအိုဘားမားက သူ့ရဲ့အကြီးမားဆုံးပြိုင်ဘက်ဖြစ်ခဲ့တဲ့ ဟီလာရီကလင်တန်ကို အရေးပါတဲ့ နိုင်ငံခြားရေးဝန်ကြီးရာထူးမှာ ခန့်အပ်တာ၊ ဟီလာရီကလည်း သူနဲ့စာရင် အညတရတစ်ဦးသာဖြစ်တဲ့ သူ့ထက်များစွာငယ်ရွယ်ပြီး လူမည်းတစ်ဦးရဲ့အောက်မှာ တာဝန်ထမ်းဆောင်ဖို့ သဘောတူလက်ခံခဲ့တာဟာ အဲဒီ 'လူယဉ်ကျေးစိတ်ဓာတ်'မျိုးရှိကြောင်း ပြလိုက်တာဖြစ်တယ်။ အိုဘားမားက ဒါတင်မကသေးပါဘူး။ ရီပတ်ဘလစ်ကန်သမ္မတ ဂျော့ဘုရှ်ခန့်အပ်ခဲ့တဲ့ ကာကွယ်ရေးဝန်ကြီးကို ဆက်ပြီးကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ အဲဒီလို သဘောထားကြီးမှုဟာလည်း လူယဉ်ကျေးစိတ်ဓာတ်ပဲ ဖြစ်တယ်။ အတုယူသင့်တာကို အတုယူရပါမယ်။ ဒီလိုဆိုတဲ့အတွက် ပြိုင်ဘက်တိုင်းဟာ မိတ်ဖက်ဖြစ်တယ်၊ ရန်ဘက်ဆိုတာ မရှိဘူး၊ နေရာတိုင်းမှာ လူယဉ်ကျေးစိတ်မွေးမြူကိုင်စွဲရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ လောကမှာ လူအမျိုးမျိုးစိတ်အထွေထွေရှိကြလေတော့ 'လူယဉ်ကျေး'တွေရှိသလို 'လူရိုင်း'တွေလည်း ရှိပါတယ်။ ယဉ်ကျေးမှုစံနှုန်းတွေ အဖက်ဖက်မှာ ယိုယွင်းပျက်စီး



လာနေတဲ့ 'ဆုတ်ကပ်'ကြီးမှာ လူ့ယဉ်ကျေးမှုနဲ့ လူ့တန်ဖိုးတွေအားလုံးကို နင်းချေဖျက်ဆီးတဲ့ လူရိုင်းတွေက ပိုပြီးတောင် များနေသေးတယ်လို့ ဆိုချင်ပါတယ်။

## သဘောထားကြီးမှုနဲ့မထိုက်တန်သူ

ဘယ်လိုလူတွေကို လူရိုင်းလို့ခေါ်တာလဲလို့ မေးစရာရှိပါတယ်။ လူကို လူလိုသဘောမထားဘဲ တိရစ္ဆာန်တွေလို ရှုမြင်ပြီး လက်နက်အားကိုးနဲ့ အနိုင်ကျင့်ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တဲ့ ဟစ်တလာလို၊ အိုက်ခမန်းလို၊ ဆက်ဒမ်ဟူစိန်လို၊ ဂျော့ဘုရှ်လိုလူစားမျိုးတွေကို လူရိုင်းတွေ၊ ဖက်ဆစ်တွေလို့ သဘောထားသတ်မှတ်တယ်လို့ ဖြေပါရစေ။ ဒီလိုလူစားမျိုးတွေကိုတော့ လူယဉ်ကျေးတွေလို ဆက်ဆံလို့မရပါဘူး။ လူယဉ်ကျေးတို့ရဲ့ ဘာသာစကားကို သူတို့နားမလည်ပါဘူး။ သူတို့နားလည်တဲ့ တစ်ခုတည်းသော ဘာသာစကားက Language of the gun ပဲဖြစ်တယ်။ ကမ္ဘာတစ်ခုလုံးက ဝိုင်းပြီးရှုတ်ချကန့်ကွက်နေတဲ့ကြားက ကောင်းဘွိုင်သမ္မတ ဂျော့ဘုရှ်ဟာ ဂွအမ်တာနာမိုအကျဉ်းစခန်းကြီးတည်ဆောက်ပြီး ဖမ်းချင်တဲ့သူတွေကို စစ်ဆေးမေးမြန်းခြင်းမရှိ ဖမ်းချင်တိုင်းဖမ်းပြီး ကြိုက်သလို ညှဉ်းပန်းနှိပ်စက်လုပ်ခဲ့တာပဲ။ ဘယ်တရားရုံးရဲ့ခွင့်ပြုချက်မှလည်း မယူဘဲ နှစ်ပေါင်းများစွာ အကျဉ်းချထားခဲ့တာပဲ။ ဟစ်တလာလိုလူမျိုး၊ ဆက်ဒမ်ဟူစိန်လိုလူမျိုး၊ ဂျော့ဘုရှ်လိုလူမျိုးတွေကတော့ လူ့ယဉ်ကျေးမှုစံနှုန်းမှန်သမျှနဲ့ လူ့တန်ဖိုးမှန်သမျှကို နင်းချေဖျက်ဆီးပစ်တဲ့ လူရိုင်းတွေပဲဖြစ်တယ်။ ဒီလိုလူစားတွေကိုတော့ လူသားအားလုံးရဲ့ ရန်သူလို့ မသတ်မှတ်လို့ကို မဖြစ်ပါဘူး။ သူတို့ဟာ လူယဉ်ကျေးတို့ရဲ့ 'သဘောထားကြီးမှု'နဲ့ ထိုက်တန်သူများ ဖြစ်ကြတယ်။

မေတ္တာထားတာ၊ သဘောထားကြီးတာ အင်မတန်မွန်မြတ်ပါတယ်။ သူတော်ကောင်းစိတ် ဖြစ်ပါတယ်။ ဒါပေမဲ့ သူတော်ကောင်းတရားကို မသိတဲ့၊ လူယဉ်ကျေးစကားကို နားမလည်တဲ့လူတွေ အများကြီးရှိပါတယ်။ သန်းပေါင်းများစွာသော ဂျူးလူမျိုးတွေရဲ့ အသနားခံသံတွေကို ဟစ်တလာ နားလည်ခဲ့လို့လား။ အီရတ်နဲ့ အာဖဂန်နစ္စတန်က သားသည်အမေတွေရဲ့ ငိုကြွေးသံတွေကို ဂျော့ဘုရှ်နဲ့ချင်နီ နားလည်ခဲ့လို့လား။ အဲဒီလိုလူမျိုးတွေကို လူယဉ်ကျေးစကားသွားပြောလို့ ဘယ်ရမှာလဲ။ သူတို့က လူရိုင်းလူမိုက်



www.burmeseclassic.com

www.burmeseclassic.com

တွေပဲဥစ္စာ။ သူတို့နားလည်တဲ့ တစ်ခုတည်းသော ဘာသာစကားနဲ့ပြောရမှာပဲ ရမှာသေချာတယ်။ လူရိုင်းလူမိုက် မဟုတ်ဘူးဆိုရင်တော့ 'ပြိုင်ဘက်'ကိုလည်း လေးစားတန်ဖိုးထားရပါမယ်။ ပြိုင်ဘက်ကောင်းရှိမှ တိုးတက်ပါတယ်။ 'ပြိုင်ဘက်'ဆိုတိုင်း 'ရန်ဘက်'လို့မမြင်ဘဲ 'မိတ်ဖက်'လို့မြင်တတ်ဖို့ လိုပါတယ်။ အဲဒီလိုမြင်တတ်တဲ့စိတ်ဟာ လူယဉ်ကျေးစိတ်၊ လူကြီးလူကောင်းစိတ် ဖြစ်တယ်။ မိမိအတွက် ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ တိုးတက်ဖို့အတွက် ပြိုင်ဘက်ကောင်းကို မရှိမဖြစ်လိုအပ်တယ်လို့ ပြောလိုက်ချင်ပါတယ်။

- ၄၊ ၃၊ ၂၀၀၉



# ဒုက္ခိတဖြစ်တာကိုပဲ ကျေးဇူးတင်ရသေးတော့တယ်

လူငယ်နဲ့ပတ်သက်တဲ့စာမျိုးတွေ အများဆုံးရေးဖြစ်နေတာကြောင့် လူငယ်တွေနဲ့ အထိအတွေ့အဆက်အဆံများပါတယ်။ လူငယ်တွေအဖို့ အရောက်တွေ့ဆုံရတဲ့အတွက် အကျိုးတစ်စုံတစ်ရာရှိမရှိ မသိနိုင်ပေမယ့် ကိုယ့်အတွက်တော့ တော်တော်အကျိုးရှိပါတယ်။ ကိုယ်မသိတဲ့အကြောင်းအရာတွေအများကြီးကို လူငယ်တွေဆီက မေးမြန်းမှတ်သားရပါတယ်။ အခါခပ်သိမ်း ကိုယ်လိုက်ဖတ်မနေနိုင်တဲ့ ဝက်ဘ်ဆိုက်တွေ၊ ဘလော့တွေထဲက သတင်းဆောင်းပါးတွေလည်း သူတို့ကျေးဇူးကြောင့် အဆက်မပြတ် ဖတ်နေရပါတယ်။ ဒါကြောင့် လူငယ်တွေကို ကျေးဇူးတင်ရတယ်။

## ရှေးထက်စာကိုအားထား

လူငယ်တွေကတော့ သူတို့ဆွေးနွေးချင်တဲ့ကိစ္စတွေကို မေးမြန်းဆွေးနွေးလေ့ရှိပါတယ်။ အများအားဖြင့်တော့ သူတို့မမီလိုက်တဲ့ခေတ်က ကိစ္စတွေကို မေးမြန်းတတ်ပါတယ်။ အတိတ်ကို လူငယ်တွေ စိတ်ဝင်တစားရှိတာ ကောင်းပါတယ်။ အတိတ်ကသမိုင်းကို သေသေချာချာသိထားမှ သိမ်တာကို လိမ်မှန်းသိမှာဖြစ်တယ်။ သမိုင်းကိုသိမထားရင် ကျော်ချလို့တောင်မှ ခါးပြမှန်းသိမှာမဟုတ်ပါဘူး။ အဲဒါကြောင့် လူငယ်တွေကို သမိုင်းနဲ့သက်ဆိုင်တဲ့စာတွေ များများဖတ်ဖို့ တိုက်တွန်းပါတယ်။ ကိုယ်သိမီလိုက်တဲ့ အကြောင်းအရာမျိုးဆိုရင်တောင် ကျောရိုးလောက်သာ ပြောပြပြီး ဘယ်စာအုပ်တွေရှာဖတ်ပါလို့ ညွှန်းပါတယ်။ လူကိုယုံတာထက် အထောက်အထား စာအုပ်စာတမ်းကိုသာ ပိုပြီးယုံကြည်အားထားတဲ့ အလေ့အကျင့်ရစေချင်လို့ ဖြစ်တယ်။ လူ့မှတ်ဉာဏ်ဆိုတာ ရာနှုန်းပြည့် စိတ်ချရတာမဟုတ်ဘူး။ မေ့တတ်တယ်၊ ရောထွေးပြီး အမှတ်မှားတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တချို့မသူတော်များဆိုရင်တော့ ကိုယ်ရည်သွေးဖို့အတွက် တမင်သက်သက် သမိုင်းကို လိမ်တတ်တယ်။ ဘယ်သူမှ မကောင်းဘူး၊ မမှန်ဘူး၊ ငါမှ ကောင်းတယ်၊ ငါမှ မှန်တယ်ဆိုပြီး ပြောလေ့ရှိတယ်။ အဲဒါကြောင့် အတိတ်အကြောင်းကို လေ့လာတဲ့အခါမှာ လူတွေကို အားမကိုးဘဲ အထောက်အထားနဲ့ စာအုပ်စာတမ်းများကိုသာ အားကိုးဖို့ လူငယ်တွေကို အမြဲတမ်းတိုက်တွန်းပါတယ်။

## သမိုင်းဆရာစစ်စစ်ရေးတဲ့သမိုင်း

စာအုပ်စာတမ်းမှာတောင် အထောက်အထားခိုင်လုံတဲ့ သမိုင်းဆရာများ ရေးသားပြုစုတဲ့ သမိုင်းစာအုပ်ကိုသာ အဓိကအားကိုးသင့်တယ်။ သမိုင်းဆရာဆိုတာကမှ အထောက်အထားတွေကို ဘယ်လိုစိစစ်ပြီး ဘယ်လိုဟာကိုယူ၊ ဘယ်လိုဟာကိုပယ်ရမယ်လို့ စနစ်တကျလေ့လာသင်ယူထားသူများ ဖြစ်တယ်။ အပျော်တမ်းသမားက အချက်အလက် အထောက်အထားတွေကို မှန်မှန်ကန်ကန် ခွဲခြမ်းစိစစ် သုံးသပ်တာမျိုး ဘယ်လုပ်တတ်မှာလဲ။ အဲဒါကြောင့် သမိုင်းကိုလေ့လာတဲ့အခါမှာ သမိုင်းဆရာစစ်စစ်တွေရေးတဲ့ သမိုင်းကိုသာ လေ့လာသင့်တယ်။ အပျော်တမ်းသမားရေးတဲ့ သမိုင်းက ရသကိုဦးစားပေးတာကြောင့် အဖွဲ့အနွဲ့ကဲလေ့ရှိတယ်။ အဲဒါကြောင့် လူငယ်တွေက အတိတ်အကြောင်းမေးကြတိုင်း ဖတ်သင့်ဖတ်ထိုက်တဲ့ စိတ်ချရတဲ့ စာအုပ်တွေကိုသာ ညွှန်းပေးလေ့ရှိတာ ဖြစ်ပါတယ်။ အကြောင်းကိစ္စတစ်ခုနဲ့ပတ်သက်ပြီး ကိုယ့်အမြင် ကိုယ့်အယူအဆကို မေးမြန်းဆွေးနွေးတာမျိုးဆိုရင်တော့ အိတ်သွန်ဖာမှောက် ပြောပါတယ်။ အတိတ်အကြောင်း၊ သမိုင်းကြောင်းဆိုရင်သာ စာအုပ်တွေကို ညွှန်းတာပါ။ လူငယ်တွေကို လူထက် စာကိုပိုပြီး ယုံကြည်အားကိုးတဲ့ အလေ့အကျင့်ရစေချင်လို့ ဖြစ်ပါတယ်။

## သမိုင်းဖတ်မှလိမ်တာသိ

ကိုယ်တိုင်အလေ့အလာများခဲ့တာကြောင့် အသိများအမြင်များတွေ ခေါင်းထဲမှာစွဲနေတာကို အသက်လေးဆယ်လောက်ကျမှ သိရလို့ မနည်းကြီး ချွတ်ယူခဲ့ရတာကြောင့် ပြောရတာဖြစ်တယ်။ စာဖတ်ဝါသနာပါသူတို့ ထုံးစံအတိုင်း ငယ်စဉ်ကတည်းက ဝတ္ထုတွေအဖတ်များခဲ့ပါတယ်။ သမိုင်း



နောက်ခံဝတ္ထုတွေကိုလည်း စိတ်ဝင်တစားဖတ်ခဲ့တယ်။ ကျောင်းသားဘဝမှာ သိပ္ပံဘာသာတွဲယူခဲ့တာကြောင့် သမိုင်းစာအုပ်တွေနဲ့တော့ အလှမ်းဝေးခဲ့ပါတယ်။ အဲဒါကြောင့် ဖတ်ဖူးတဲ့ သမိုင်းနောက်ခံဝတ္ထုမျိုးတွေနဲ့ ကိုယ်ရေးမှတ်တမ်းလို စာအုပ်မျိုးတွေထဲကသိရတဲ့ သမိုင်းကြောင်းနဲ့ သမိုင်းထဲက လူတွေအကြောင်းလောက်ကိုသာ အမှန်လို့ထင်ခဲ့မိတယ်။ အဲဒီထဲကလူတွေကိုပဲ သူရဲကောင်းအဖြစ် စွဲလမ်းပြီး အထင်ကြီးကိုးကွယ်ခဲ့တယ်။ အဲဒီအစွဲဟာ လူပျိုပေါက်အရွယ်က အသက်လေးဆယ်လောက်ထိကို ခေါင်းထဲမှာအမြစ်တွယ်နေခဲ့တယ်။ အသက်လေးဆယ်လောက်ရောက်ပြီး လေဖြတ်ဝေဒနာကြောင့် သွားသွားလာလာမလုပ်နိုင်တော့တဲ့ အချိန်ရောက်မှ ငယ်စဉ်ကစိတ်မဝင်စားခဲ့တဲ့ သမိုင်းစာအုပ်တွေကို သေသေချာချာ ဖတ်ဖြစ်တော့တယ်။ အဲဒီသမိုင်းကိုဖတ်တော့မှ ကိုယ်အလိမ်ခံခဲ့ရတာတွေကို ကောင်းကောင်းကြီးသိရတော့တယ်။ နှစ်ပေါင်းနှစ်ဆယ်အစိတ်လောက် စာရေးဆရာတွေရဲ့ အဖွဲ့အနွဲ့တွေနဲ့ မသူတော်တွေရဲ့ ကိုယ်ရည်သွေးတွေကို အဟုတ်ကြီးမှတ်နေခဲ့မိတာကိုး။ လိမ်တာကို လိမ်မှန်းသိသွားတာတောင်မှ ခေါင်းထဲမှာ အမြစ်ကောင်းကောင်းကြီးတွယ်နေတဲ့ အစွဲကို တော်တော်ချွတ်ယူရတယ်။

## ကျမ်းရင်းနာနာဖတ်

အဲဒါကြောင့် လူငယ်တွေကိုစာဖတ်ဖို့နဲ့ လူကိုမယုံဘဲ စာကိုသာ ယုံဖို့ အမြဲတိုက်တွန်းနှိုးဆော်နေတာ ဖြစ်တယ်။ စာဖတ်တယ်ဆိုတာမှာလည်း အဖတ်မှန်ဖို့ အရေးကြီးပါတယ်။ သမိုင်းနောက်ခံဝတ္ထုဖတ်ပြီး သမိုင်းလို့မမှတ်ယူဖို့လိုတယ်။ အတိတ်သမိုင်းကြောင်းကို သေသေချာချာ သိချင်ရင် 'သမိုင်းဆရာ'စစ်စစ်တွေရေးတဲ့ စာအုပ်ကိုဖတ်မှ အမှန်ကို သိရမှာဖြစ်တယ်။ စီးပွားရေးအကြောင်းသိချင်ရင် စီးပွားရေးပညာရှင်တွေ ကိုယ်တိုင်ရေးတဲ့ ကျမ်းကြီးကျမ်းခိုင်တွေကို ဖတ်ဖို့လိုပါတယ်။ စီးပွားရေးပညာရှင်မဟုတ်သူတွေရေးတဲ့ 'အဖွင့်ကျမ်း'၊ 'မိတ်ဆက်'တို့လို စာအုပ်တွေကို ဖတ်ရုံနဲ့မလုံလောက်ပါဘူး။ စီးပွားရေးနဲ့ပတ်သက်တဲ့ မတ်ဝါဒသဘောတရားတွေ သိချင်ရင်လည်း ကားလ်မတ်တို့၊ လီနင်စတာလင်တို့ မော်စီတုန်းတို့လိုပုဂ္ဂိုလ်တွေ ကိုယ်တိုင်ရေးတဲ့ ကျမ်းတွေမှ နည်းနည်းနောနောမဟုတ်ပါဘူး။ အဲဒါမျိုးတွေ ရှာဖတ်ဖို့လိုပါတယ်။ မြန်မာပြည်ကို



www.burmeseclassic.com

www.burmeseclassic.com

အရောက်များခဲ့တဲ့ အင်္ဂလန်က၊ အိန္ဒိယက ပုဂ္ဂိုလ်တွေရေးတဲ့ 'အဖွင့်ကျမ်း'တို့၊ 'နိဒါန်း'တို့၊ 'မိတ်ဆက်'တို့ဆိုတဲ့ စာအုပ်တွေလောက်ဖတ်ပြီး မတ်ဝါဒကို နောကျေနေပြီလို့ မှတ်ယူလို့မရပါဘူး။ အရင်းရှင်စနစ်အကြောင်း ဈေးကွက်စီးပွားရေးစနစ်အကြောင်း သိချင်ရင်လည်း အဲဒီပညာရပ်ဆိုင်ရာ နယ်ပယ်တွေက ပညာရှင်စစ်စစ်တွေရေးတဲ့ ကျမ်းတွေကို မဖြစ်မနေ ဖတ်ကိုဖတ်ရပါမယ်။ တိုင်းမဂ္ဂဇင်း၊ နယူးစ်ဝိခ်မဂ္ဂဇင်း စတာတွေထဲက ဆောင်းပါးတွေလောက်ဖတ်ပြီး ဈေးကွက်စီးပွားရေးစနစ်အကြောင်း သိပြီ တတ်ပြီထင်ရင်တော့ 'ငါးပါးသာမက သံဃာစင်ပါမှောက်'တော့မှာ အသေအချာ ဖြစ်ပါတယ်။

**ဒုက္ခိတဖြစ်တာကျေးဇူးတင်တယ်**

ကိုယ်တိုင်အသက်လေးဆယ်လောက်အထိ အလိမ်တွေကို အဟုတ်ထင်၊ အမှန်ထင်ပြီး အချည်းအနှီးဖြစ်ခဲ့ရတာကြောင့် ပြောနိုင်တာဖြစ်ပါတယ်။ ဆယ်ကျော်သက်အရွယ်ကတည်းက အဖွင့်ကျမ်းတွေ၊ နိဒါန်းတွေ မိတ်ဆက်တွေနဲ့ ကိုယ်ရေးမှတ်တမ်းတွေလောက်သာ ဖတ်ခဲ့တာကိုး။ မူရင်းကျမ်းစာအုပ်ကြီးတွေတော့ လက်လှမ်းမမီပေမယ့် ဖတ်ဖို့ မကြိုးစားခဲ့ပါဘူး။ မိတ်ဆက်စာအုပ်ဆိုတာလောက်ဖတ်ပြီး သိပြီ တတ်ပြီလို့ ထင်နေခဲ့တယ်။ ဒီတော့ ကျမ်းရင်းတွေ အချိန်ကုန်ခံပြီးဖတ်ဖို့ မလိုတော့ဘူးလို့ ယူဆခဲ့တယ်။ လူသာ ဒုက္ခိတဖြစ်မသွားဘဲ သူများတကာလို လှုပ်ရှားသွားလာလုပ်နေနိုင်ရင် သမိုင်းစာအုပ်တွေနဲ့ ကျမ်းရင်းကျမ်းခိုင် စာအုပ်ကြီးတွေ ဖတ်ဖြစ်လိမ့်မယ်မထင်ဘူး။ အဲဒီလိုမဖြစ်ခဲ့ရင် အမြင်မှား၊ အယူမှား၊ အစွဲမှား၊ အကိုးအကွယ်မှားတွေကို သေတဲ့အထိ ခေါင်းထဲမှာ စွဲပြီး မှတ်သားနေခဲ့မှာ သေချာပါတယ်။ အခုတော့ လိမ်တာတွေကို လိမ်မှန်းသိ၊ ကြွားတာတွေကို ကြွားမှန်းသိသွားခဲ့ရပြီ။ အဲဒါ ဆိုင်ရာဆိုင်ရာ ပညာရှင်စစ်စစ်တွေရေးတဲ့ ကျမ်းကြီးကျမ်းခိုင်တွေကို ဖတ်ခဲ့ရတဲ့ကျေးဇူးပါပဲ။ ဒီအတွက် အိမ်ထဲက အိမ်ပြင်မထွက်နိုင်တဲ့ ဒုက္ခိတဖြစ်ရတာကို ကြိတ်ပြီး ကျေးဇူးတင်နေမိသေးတော့တယ်။

၁၅၊ ၃၊ ၂၀၀၉



## မန္တလေးရဲ့ဝိညာဉ်(၁)

**တင်းတင်းတာတာမန္တလေး**

မန္တလေးနဲ့ကင်းဝေးနေကြတဲ့ မန္တလေးသူမန္တလေးသားမှန်သမျှ ကြီးငယ်မရွေး မန္တလေးကိုမလွမ်းဘဲမနေနိုင်တဲ့ အချိန်နှစ်ချိန်ရှိပါတယ်။ သင်္ကြန်ကျချိန်နဲ့ တန်ဆောင်တိုင်ပွဲတော်ကျင်းပချိန်တို့ ဖြစ်ပါတယ်။ အခုလို ၇၀ တန်းရောက်နေတဲ့ အသက်အရွယ်မှာတောင် အဲဒီပွဲတော်ချိန်နှစ်ချိန်ရောက်ပြီဆိုရင် စိတ်က သူ့အလိုအလျောက် မန္တလေးကို ရောက်ရောက်သွားတော့တာပဲ ဖြစ်တယ်။ မတွေးဘဲ၊ မလွမ်းဘဲ၊ မတမ်းတဘဲကို မနေနိုင်ပါဘူး။ ဆွတ်ပျံ့လွမ်းမောစရာ ငယ်ဘဝလွမ်းအိပ်မက်တွေ ရှိသူများမှမဟုတ်ပါဘူး။ ဘာမှမရှိတဲ့သူ၊ စိတ်ကူးမယဉ်တတ်တဲ့သူများတောင် ဒီအချိန်ရောက်ရင် သတိရတတ်ကြတာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်နှစ်ချိန်၊ ဒီပွဲတော်နှစ်ခုဟာ မန္တလေးမြို့ရဲ့ ပျော်စရာအကောင်းဆုံး ဖြစ်နေလို့ပါပဲ။ အဝေးရောက် မန္တလေးသူမန္တလေးသားများအဖို့တော့ လွမ်းအိပ်မက်တွေကို တသသနဲ့ပြန်မက်ကြတဲ့ အချိန်ကာလပေါ့လေ။

**ထီးဟန်နန်းဟန်မပျောက်သေး**

လွမ်းမယ်ဆိုလည်း တကယ်လွမ်းလောက်တာပါ။ မန္တလေးသင်္ကြန်ဆိုတာက ရန်ကုန်သင်္ကြန်နဲ့ လုံးဝမတူခြားနားတာပါ။ မန္တလေးဆိုတာ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးလေတော့ ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်၊ ခြောက်ဆယ်လောက်ကာလအထိကို မင်းမျိုးမင်းနွယ် ဆွေတော်မျိုးတော်တွေ၊ ချွေရံသင်းပင်းတွေ တော်တော်ရှိနေကြသေးတာ။ ထီးမူနန်းရာတွေကလည်း နေရာအနှံ့ မပျောက်မပျက် ကြွင်းကျန်ရှင်သန်နေကြသေးတာ။ ဘကြီးတော်ဘုရားတို့၊ အရီးတော်ဘုရားတို့၊ အစ်မတော်ဘုရားတို့ဆိုတဲ့ အခေါ်အဝေါ်တွေ ကြားနေရသေးတာ။ ထီးဆွေ



www.burmeseclassic.com

www.burmeseclassic.com

နန်းဌေ့တွေ မပြယ်သေးလေတော့ ရိုးရာပွဲလမ်းသဘင်မှန်သမျှ နန်းဆန်ကြ မန်းဆန်ကြပါသေးတယ်။ တော်တော်လေး လွတ်လွတ်လပ်လပ် အပျော်ကြူးကြတဲ့ တန်ခူးလသင်္ကြန်ပွဲတော်ဆိုတာတောင် ထီးဟန်နန်းဟန်လေးတွေစွက်ပြီး အနေအယဉ်၊ အလှအပတွေကို ဦးစားပေးလုပ်ကြတာ။ သင်္ကြန်အလှပြယဉ်တွေဆို နန်းမြင့်မျှော်စင်တွေ၊ ဗဟိုရ်စည်စင်တွေကို ကနုတ်ပန်းချီတွေနဲ့ အကုန်အကျခံပြီး လုပ်ကြတာ။ ဝတ်စားဆင်ယင်မှုကလည်း နေ့ရေပက်ခံချိန်ဆို အကျီလက်တိုသွေးတူမွေးတူနဲ့ ပလေကပ်လုံချည်ဆင်တူနဲ့ထွက်ကြပြီး၊ ညဆို ဝတ်စုံဆင်တူမှာ အပေါ်ကတိုက်ပုံဝတ်ပြီးထွက်ကြတာ။ မန္တလေးသင်္ကြန်က ညဘက်ရေမပက်ပါဘူး။ ရန်ကုန်ကသာ ပက်တာပါ။

## ရန်ကုန်ကသဘာဝ

ရန်ကုန်သင်္ကြန်ကားတွေကတော့ အနေအယဉ်၊ အလှအပတွေ ဦးစားမပေးဘူး။ သူတို့က သဘာဝကို ဦးစားပေးတာ။ ကားပေါ်မှာ တဲကြီးထိုးထားပြီး ဆင်းရဲသားတောင်သူလယ်သမားလို ဝတ်ထွက်ကြတာ။ တချို့က ကားပေါ်မှာ နွားလှည်းကြီးတင်လာကြပြီး တချို့ကတော့ လှေကြီးတင်လာကြတယ်။ ပြီးတော့ မန္တလေးလို အဆိုအတီးတွေ ဦးစားမပေးဘူး။ သံချပ်နဲ့သရုပ်ဖော်တာကို အဓိကထားကြတယ်။ ဒါကြောင့် မန္တလေးသင်္ကြန်က ပကာသန၊ ရန်ကုန်သင်္ကြန်က သဘာဝလို့ ရန်ကုန်သားတွေ ပြောတတ်ကြတယ်။ သူတို့ပြောတာ မှားတော့မမှားပါဘူး။ မန္တလေးသင်္ကြန်ကတော့ စောစောပိုင်းတွေတုန်းက သံချပ်အဖွဲ့ဆိုတာ လုံးဝမရှိပါဘူး။ အမျိုးသား အဆိုအတီးအလှပြအဖွဲ့တွေနဲ့ အမျိုးသမီး အကအလှအဖွဲ့တွေပဲ ရှိပါတယ်။ ရေပက်တဲ့ အမျိုးသမီးအဖွဲ့တွေကတော့ စင်မြင့်မဏ္ဍပ်ကို သိပ်မပြင်ပါဘူး။ အမျိုးသားရေပက်ခံအဖွဲ့ ကားတွေကသာ အလှအပ အပြိုင်အဆိုင်ပြင်ကြဆင်ကြတာဖြစ်တယ်။ သံချပ်အဖွဲ့ဆို စပေါ်လာတာက ၁၉၅၀ နှောင်းပိုင်းနှစ်တွေလို့ ထင်ပါတယ်။ မန္တလေးက စလုပ်တာလည်း မဟုတ်ပါဘူး။ 'ညောင်ပင်သာရွာက ဗိုလ်သခင်ဆရာ'ဆိုတဲ့ အဖွဲ့က စခဲ့တာပါ။ အဲဒီအဖွဲ့က မိတ္ထီလာကလာတာ။ လေတပ်သားတွေလို့ ပြောကြပါတယ်။ သူတို့အဖွဲ့က ဂျစ်ကားကို လေးဘက်လေးတန် ပိတ်သားဘောင်ခတ်ပြီး ပိတ်သားပေါ်မှာ 'ညောင်ပင်သာရွာက ဗိုလ်သခင်ဆရာ'



လို့ လက်ရေးသေသေနဲ့ ရေးထားရုံပါပဲ။ ဘာအလှအပမှ မပါဘူး။ ရောက်လေရာမဏ္ဍပ်မှာ သံချပ်တိုင်ကြထိုးကြတယ်။ ရန်ကုန်က အဖွဲ့ကြီးတွေလို သဘာဝသရုပ်ဖော်တွေဘာတွေ မပါပါဘူး။ သံချပ်ထိုးစံအတိုင်း အသော့အထေ့၊ အလှောင်အပြောင်တွေချည်းဆိုတော့ သူတို့အဖွဲ့ရောက်လေရာမှာ ပရိသတ်ကြီးက တဝါးဝါး၊ တဟားဟား၊ လက်ခုပ်တဖြောင်းဖြောင်းနဲ့ ဝိုင်းအုံနေကြပါတော့တယ်။ အသစ်အဆန်းရောက်လာတာလည်းဖြစ်၊ ခေတ်ကို စနစ်ကို သရော်လှောင်ပြောင်တာတွေလည်းဖြစ်တော့ လူတွေရဲ့ တကယ့်ဘဝနဲ့ဟပ်မိပြီး သူတို့ကို မြို့နေလူထုက ကောင်းကောင်းကြီး ကြိုဆိုအားပေးကြပါတယ်။ သူတို့အဖွဲ့ကလည်း နှောင်နှစ်တိုင်း ရောက်လာပါတော့တယ်။

## ယဉ်တာနုတာမှကြိုက်

ဒါပေမဲ့ မန္တလေးပေါက် သံချပ်အဖွဲ့ဆိုတာတော့ ပေါ်ထွက်လာတာ မတွေ့ရပါဘူး။ မန္တလေးက လှတာယဉ်တာနုတာမှ ကြိုက်တတ်တယ် ထင်ပါရဲ့။ ယဉ်ပုံမှားမပြောနဲ့တော့ သင်္ကြန်ကြိုတာတောင်မှ အလှယဉ်နဲ့ ကြိုတာ။ သင်္ကြန်အကြိုနေ့ ညနေဖက်မှာ မန္တလေးတစ်မြို့လုံးက ရှိရှိသမျှ ရေပက်သင်းတွေ၊ ရေပက်ခံမဏ္ဍပ်တွေ၊ ကားတွေရောလူတွေပါ အလှဆုံး ပြင်ဆင်ပြီး ဈေးချိုတော်ရှေ့မှာ စုဝေးကြတယ်။ အားလုံးစုံညီရောက်ကြပြီဆိုတော့ သီဆိုတီးမှုတ်ကခုန်ကြပြီး မဟာမုနိဘုရားကြီးကို သွားဦးတိုက်ကြပါတယ်။ အဲဒီနောက်မှ ရေပက်မဏ္ဍပ်အသီးသီးက လှပျိုဖြူတွေက ကိုယ့်မဏ္ဍပ်ကိုယ်ပြန်ပြီး ညှော်ခံသီဆိုကပြကြတယ်။ ရေပက်ခံအသင်း အလှပြယာဉ်တွေကလည်း မီးရောင်စုံတွေထွန်းပြီး မဏ္ဍပ်ပေါင်းစုံကို လှည့်လည်သွားလာကြတော့တယ်။ တန်ခူးလထဲရောက်မှ သင်္ကြန်ကျတာဖြစ်ပေမယ့် မန္တလေးကတော့ တပို့တွဲ တပေါင်းကစပြီး လှုပ်ရှားသက်ဝင်နေကြပြီး ရပ်ကွက်တိုင်းလိုလိုမှာ ညဖက် ယိမ်းတိုက်တဲ့ ဆိုသံတီးသံတွေ ပျံ့လွင့်နေပြီ။ ကျွန်တော်တို့ခေတ်ကတော့ မီးသတ်ဗိုလ်ကြီး ဦးမောင်မောင်ရဲ့သား ဘိုဘိုတို့၊ မာမီတင်အောင်တို့တတွေကို ဟိုအဖွဲ့ကလာခေါ်လိုက်၊ ဒီအဖွဲ့က လာခေါ်လိုက်နဲ့ လက်မလည်အောင် အလုပ်ရှုပ်ကြတာပေါ့။ မန္တလေးက မိဘတွေက သူတို့သမီးပျိုလေးတွေကို ဘိုဘိုတို့၊ မာမီတင်အောင်ဘို့ကလွဲရင် ဘယ်သူနဲ့မှ စိတ်ချတာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သကြံန်အကြိုနေ့ကတော့ နှုတ်ဆက်ရုံသက်သက်မို့ သိပ်ညဉ့်နက်ကြီးထိ နေလေ့မရှိပါဘူး။ အလှပြသက်သက်ပါပဲ။ သကြံန်အကြိုနေ့မှာ မန္တလေးက ရေမပက်ပါဘူး။ အကျနေ့ကစပြီး သကြံန်မတက်မချင်းတော့ (ညသန်းခေါင်ကျော်တစ်ချက်တီး နှစ်ချက်တီးအထိ) နေ့မှာရေပက်ကြ ညမှာ တီးမှုတ်သီဆိုကခုန်ကြပေါ့လေ။ နောက်ဆုံးအတက်နေ့ဆိုရင်တော့ မိုးစင်စင်လင်းလို့ လူတွေ ဈေးသွားငါးဝယ်ထွက်လာကြချိန်အထိ တချို့ မဏ္ဍပ်တွေက ဖွဲ့ကောင်းကောင်းနဲ့ ဆိုကြကကြတုန်း။ ကားတွေပေါ်က အစ်ကိုတွေ မောင်တွေနဲ့ နှုတ်ဆက်စကားတွေပြောကောင်းတုန်း ရှိတတ်ကြသေးတာ။ ဒီမှာ နာမည်လေးတွေ မေးကြ ဖြေကြ၊ လိပ်စာစာရွက်လေးတွေ ဖလှယ်ကြနဲ့ သကြံန်ဇာတ်လမ်းလေးတွေ ဖြစ်တည်တတ်ကြတာပေါ့လေ။ တချို့တလေ ပျော်စရာဇာတ်လမ်းလေးတွေ ဖြစ်သွားကြသလို တချို့ကျတော့လည်း တသသလွမ်းမောစရာလေးတွေ ဖြစ်ကုန်ရစ်ကြတာပေါ့။

အဲဒီခေတ်က ခုခေတ်လိုရေပိုက်တွေနဲ့ ပိုင်းထိုးကြတာမဟုတ်ဘူး။ ငွေဖလားနဲ့ ရေကစားတဲ့ခေတ်။ ရေပက်ခံယာဉ်နဲ့ ရေပက်မဏ္ဍပ် အပြန်အလှန် နှစ်ကျော့စီလောက် သီဆိုတီးမှုတ်ကခုန်ပြီးတာနဲ့ မဏ္ဍပ်ပေါ်က လှပျိုဖြူတွေက အောက်ဆင်းလာပြီး ရေပက်ခံယာဉ်ကို ပိုင်းပတ်ကရင်း ငွေဖလားနဲ့ ရေပက်ကြတာလေ။ ဒီတော့ မျက်လုံးချင်းဆုံ ရင်ခုန်ကြပြီး မျက်လုံးချင်း စကားတွေပြောနိုင်ကြတော့တာပ။ ခုခေတ်တော့ စင်ပေါ်က နေပြီး ရေပိုက်တွေနဲ့ ခေါင်းမဖော်နိုင်အောင် ပိုင်းထိုးကြတာဆိုတော့ ဘယ်လိုလုပ်ပြီး မျက်လုံးချင်းဆုံကြတော့မှာလဲ။ မန္တလေးမှာ ရေပိုက်နဲ့ ထိုးတာဆိုလို့ ကျွန်တော်တို့ခေတ်က နှစ်နေရာပဲရှိပါတယ်။ ၂၉ လမ်း ဝါးတန်းထောင့်က နာမည်ကျော် 'ဒလကြမ်း'အဖွဲ့နဲ့ ဈေးချိုအရှေ့ဘက် တိုက်တန်းကြီးရှေ့က 'မီးသတ်ပိုက်'အဖွဲ့တို့ ဖြစ်ကြတယ်။ သူတို့ကတော့ ကြောက်ပါပြီမအော်မချင်း ရေမပိုက်ခေါင်းကြီးတွေနဲ့ အားမနာတမ်း ထိုးကြတာ။ ဒလကြမ်းအဖွဲ့ဆိုတဲ့အတိုင်း တကယ်ကိုကြောက်ပါပြီအော်ရတာ ဒါပေမဲ့လည်း သူတို့လက်ကလွတ်တာနဲ့ 'ပိုက်စုတ်ကြီးနဲ့ ပက်တာလောက်တော့ ရယ်တာပေါ့၊ ရယ်တာပေါ့'လို့ ကားမောင်းပြေးရင်း အော်ခဲ့ကြသေးတာလေ။ ပြန်တွေးရင်တောင် ပြုံးလိုက်မိသေးတော့တယ်။





တချို့သကြံန်အသင်းများဆို တန်ဆောင်တိုင်ပွဲတော်မှာတောင် အစုအစည်းမပျက် သိုက်သိုက်ဝန်းဝန်းနဲ့ စစ်ကိုင်းတောင်ရိုးကိုရောက်လာပြီး သီဆိုတီးမှုတ်ကခုန်ပြီး ဖျော်ဖြေကြသေးတာ တွေ့ရတယ်။ တန်ဆောင်မုန်းလပြည့် အဖိတ်နေ့ညဆို မန္တလေးဈေးချိုတော်ရုံကြီး ၁၂ ရုံလုံးက အပျိုချောတွေအားလုံး စစ်ကိုင်းတောင်ရိုးကိုရောက်နေကြတယ်လို့ ပြောရင်တောင်ရပါတယ်။ စစ်ကိုင်းတောင်ရိုးက ရှိရှိသမျှချောင်တွေအားလုံး လူတွေ ပြည့်နေကြတာချည်းပဲ။ တစ်ချောင်နဲ့တစ်ချောင်၊ ချောင်လည်ချောင်ပတ်လုပ်ပြီး စတုဒိသာကျွေးသမျှတွေကို လျှောက်စားရတာ ပျော်စရာ ကောင်းလှပါတယ်။ အဖိတ်နေ့ညတစ်ညလုံး ဘယ်သူမှမအိပ်ကြဘူး။ ညရှင်၊ ဥမင်သုံးဆယ်၊ ဥမင်ခြောက်ဆယ်၊ လွမ်းစေတီဆိုတဲ့ ဘုရားရင်ပြင်တွေမှာ ကြိတ်ကြိတ်တိုး ခြေချစရာတောင်မရှိဘူး။ အဝေးဆုံး ပတ္တမြားစေတီထိ မီးတုတ်တွေထွန်းပြီး တက်ကြသူတွေလည်း နည်းတာမဟုတ်ဘူး။ မန္တလေးတက္ကသိုလ်က အဆောင်နေကျောင်းသူတွေကိုလည်း ညအိပ်ထွက်ခွင့်ပေးတာကြောင့် မန်းတက္ကသိုလ်တစ်ကျောင်းလုံး ကျောင်းသူကျောင်းသားတွေသာမက ဆရာဆရာမတွေပါမကျန်အောင် စစ်ကိုင်းတောင်ရိုး ရောက်နေကြတော့တယ်။ အဖိတ်နေ့မနက်ကတည်းက အဖွဲ့လိုက် သင်္ဘောနဲ့ကူးသူကူး၊ ကားတွေနဲ့သွားသူသွားနဲ့ မန္တလေးမြို့ကြီး ခြောက်ကပ်ကျန်ရစ်သလိုပါပဲ။ လပြည့်နေ့ညနေစောင်းမှ မန္တလေးဘက် ပြန်ကြတယ်လေ။ ဒီမှာလည်း ဆွမ်းဦးပုညရှင် ဇာတ်လမ်းလေးတွေ၊ လွမ်းစေတီဇာတ်လမ်းလေးတွေ ဖြစ်တည်ခဲ့ကြပါတယ်။ တန်ဆောင်တိုင်ပွဲတော်ပြီးရင် ရွှေမန်းဆောင်နဲ့ ရွှေဆိုင်တန်းတွေမှာ လူတွေခါတိုင်းထက် ပိုပြီး စည်ကားလာလေ့ရှိတယ်လို့ ပြောလေ့ရှိတာ တကယ်အမှန်ပဲ ဖြစ်ပါတယ်။

မန္တလေးနဲ့ဝေးကွာနေရတဲ့ မန္တလေးသားမှန်သမျှ သကြံန်နဲ့ တန်ဆောင်တိုင်ကို မလွမ်းဘဲကို မနေနိုင်ကြပါဘူး။ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတုန်းကများ ဘယ်လောက်ထိကဲခဲ့သလဲဆိုရင် အဖိတ်နေ့ညနေ မန္တလေးအရောက်သွားပြီး အိမ်တောင်မဝင်တော့ဘဲ စစ်ကိုင်းဘက်ကို တန်းကူးတယ်။ လပြည့်နေ့ကျတော့လည်း အိမ်ကိုမဝင်ဘဲ ညရထားနဲ့ ရန်ကုန်ပြန်ပြေးပြီး နောက်နေ့မနက် ကျောင်းတက်ခဲ့တာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီလောက် သည်းတာ၊ ကဲတာ၊ လွန်းတာဖြစ်တယ်။ ဒါကြောင့်လည်း ရန်ကုန်သားများက မန္တလေးသားတွေကို ဇာတိစွဲသိပ်ကြီးတာပဲဆိုပြီး မျက်မှန်းကျိုးကြတာဖြစ်တယ်။ သူတို့အဆိုးမဟုတ်ပါဘူး။ မန္တလေးသားကလည်း အစွဲကြီးလွန်းပါတယ်။ ဒါပေမဲ့ စွဲစရာတွေကလည်း ရှိနေသေးတာကိုး။ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာသာသနာရေး၊ စာပေ၊ ယဉ်ကျေးမှုနဲ့ သဘင်အနုပညာ ဘက်ပေါင်းစုံမှာ ဘယ်ဘက်ကကြည့်လိုက်ကြည့်လိုက် မန္တလေးက ချစ်စရာ၊ စွဲစရာ၊ ဂုဏ်ယူစရာ၊ လွမ်းစရာတွေ ပြောမဆုံးနိုင်အောင် ရှိနေတာမဟုတ်လား။ မန္တလေး နှစ် ၁၅၀ ပြည့် ကြုံကြိုက်တဲ့အခါသမယမှာ နိုင်ငံရေး၊ လူမှုရေး ဘာသာသာသနာအရေး စာပေယဉ်ကျေးမှု၊ သဘင်အနုပညာနယ်ပယ်အသီးသီးက လွမ်းစရာလေးတွေကို ဆစ်ပိုင်းပြီး တစ်ကဏ္ဍစီ ပိုင်းခြားတင်ပြသွားဦးမှာမို့လို့ စောင့်မျှော်ဖတ်ရှုကြပါဦးလို့ ဖိတ်မန္တကပြုလိုက်ရပါတယ်။

၁၄၊ ၄၊ ၂၀၀၉



# မန္တလေးရဲ့ဝိညာဉ်(၂)

## တိုင်းရေးပြည်ရေးမန္တလေး

မန္တလေးသားတွေ ဒေသစွဲကြီးလွန်းတာမှန်တယ်။ စွဲစရာတွေလည်း ရှိပေတာကိုးလို့ ပြီးခဲ့တဲ့အပတ်က ဆိုခဲ့တယ်။ အခုအပတ်တော့ တိုင်းရေးပြည်ရေးနဲ့ပတ်သက်ပြီး မန္တလေးရဲ့ဂုဏ်ယူစရာတွေကို တင်ပြပါမယ်။ သိကြတဲ့အတိုင်း ထီးကျိုးစည်ပေါက် မင်းပါပျောက်ခဲ့ရတဲ့ အချိန်ကစပြီး မြန်မာတစ်နိုင်ငံလုံးမှာ ရှိရှိသမျှ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဟာ ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့မျက်နှာဖြူတို့ကို ခုခံတိုက်ခိုက်ခဲ့ကြတယ်။ မြန်မာလူမျိုးတွေ သွေးချောင်းမစီးစေချင်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ နယ်ချဲ့သမားနဲ့ပူးပေါင်းပြီး ရာထူးရာခံတွေ ရယူသွားခဲ့ကြတဲ့ ကင်းဝန်နဲ့အပေါင်းပါတွေလို အလိုတော်ရိတွေ မရှိဟုတ် ရှိပါတယ်။ ဒါပေမဲ့ စစ်ကဲကြီးဘယ်သူဘယ်ဝါဆိုတဲ့ လက်ပါးစေတွေဟာ ဆယ်ဂဏန်းသာသာရှိတာပါ။ လူများစုကြီးကတော့ နယ်ချဲ့ကို အစ်သောင်လုံး လှေခွက်ချည်းကျန် အလံမလှဲဆိုတဲ့စိတ်ဓာတ်နဲ့ အသက်ပေးတိုက်ခိုက်ခဲ့ကြပါတယ်။

## အသင်းအပင်းအလေ့အထမရှိခဲ့

နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အဆက်တိုက်ပွဲတွေမှာ နယ်ချဲ့သမားတို့ရဲ့အုပ်ချုပ်ရေးဗဟိုချက်ဖြစ်တဲ့ ရန်ကုန်မြို့တော်က ဦးဆောင်ကဏ္ဍက ရှိခဲ့ပါတယ်။ ဒါပေမဲ့လို့ မန္တလေးကလည်း မညံ့ပါဘူး။ တိုက်ပွဲစဉ်တိုင်းမှာ ရှေ့တန်းက ဝံ့ဝံ့စားစားပါဝင်ခဲ့တာချည်းပါပဲ။ တချို့ကဏ္ဍမှာဆို မန္တလေးက ဆောင်ပြီး ဦးဆောင်ဦးရွက်ပြုခဲ့ကြပါတယ်။ မြန်မာတို့ရဲ့ သူ့ကျွန်မခံစိတ်ဓာတ် ကြီးမားပြင်းထန်ပေမယ့် မြန်မာလူမျိုးများမှာ အသင်းအပင်း ဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com

တည်ထောင်ပြီး တိုင်းရေးပြည်ရေး လှုပ်ရှားဆောင်ရွက်တဲ့ အလေ့အထ မရှိခဲ့ဖူးလေတော့ နယ်ချဲ့ရန်သူကို လက်နက်ကိုင် ခုခံတိုက်ခိုက်မှုမျိုး တဖြည်းဖြည်း အင်အားချည့်နဲ့သွားခဲ့ရပါတယ်။ ပဒေသရာဇ်စနစ်ရဲ့ လက်အောက်မှာ ဘယ်နိုင်ငံဘယ်လူမျိုးမှာမှ အသင်းအပင်းအဖွဲ့အစည်း ဆိုတာမျိုး တည်ရှိခွင့်မပေးလေတော့ မြန်မာတွေညံ့လို့ မရှိခဲ့တာမဟုတ်ဘူး ဆိုတာ သဘောပေါက်ဖို့လိုပါတယ်။ ပဒေသရာဇ်စနစ်အောက်ကနေ နယ်ချဲ့အရင်းရှင်စနစ်အောက် ရောက်ရှိသွားတဲ့အခါမှာ အရင်းရှင်စနစ်ရဲ့ သဘာဝအလျောက် ဝိုင်အမ်ဘီအေလို သာသနာပြုအသင်းအဖွဲ့မျိုး၊ ဥရောပကုန်သည်ကြီးများအသင်း၊ တရုတ်ကုန်သည်ကြီးများအသင်း၊ ကုလားကုန်သည်ကြီးများအသင်းတို့လို နယ်ချဲ့အုပ်ချုပ်ရေးစနစ်ကို အထောက်အကူပြုတဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းတည်ထောင်ခွင့် ပေးခဲ့ပေမယ့် အမျိုးသားရေး၊ တိုင်းရေးပြည်ရေးဆောင်ရွက်မယ့် အသင်းအဖွဲ့မျိုးတော့ တည်ရှိခွင့်မပေးခဲ့ပါဘူး။

## မြန်မာတို့ရဲ့ပထမအသင်းအဖွဲ့

အဲဒီလိုအခြေအနေမှာ မြန်မာလူမျိုးများရဲ့ ပထမဆုံးလို့ဆိုရမယ့် အသင်းအဖွဲ့ကြီးတစ်ခုကို မန္တလေးမြို့သူမြို့သားများက စတင်တည်ထောင်လိုက်ပါတယ်။ အဲဒီအသင်းကတော့ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ရန်အတွက်ဆိုပြီး ဖွဲ့စည်းတည်ထောင်လိုက်တဲ့ 'မလွန်ဆန်လှူအသင်းကြီး' ဖြစ်ပါတယ်။ ၁၂၅၈ ခုနှစ်မှာ စတင်တည်ထောင်တာပါ။ မလွန်ရပ်ကွက်မှာ ထူထောင်တာဖြစ်လို့ မလွန်ဆန်လှူသင်းလို့ နာမည်တွင်သွားတာဖြစ်တယ်။ ဆန်လှူအသင်းနဲ့အတူ 'ပရိယတ္တိသာသနဟိတ' အသင်းကိုလည်း တည်ထောင်ပါတယ်။ မလွန်ဆန်လှူအသင်းကြီး စတင်တည်ထောင်စမှာ စစ်ကိုင်းတောင်ရိုးနဲ့ မင်းကွန်းကသံဃာတစ်ထောင်ကို ဆန်လေးပြည်စီပဲ လှူနိုင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်ကထုတ်တဲ့ ဆရာမကြီး လူထုဒေါ်အမာရဲ့ 'ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့မန္တလေး' ဆိုတာ စာအုပ်ထဲမှာ 'အခုအသင်းသက် နှစ်ပေါင်း ၉၀ ရှိတဲ့အခါမှာတော့ စစ်ကိုင်း၊ မင်းဝံနဲ့ မင်းကွန်းတောင်ရိုးက သံဃာ၊ သာမဏေ၊ သူတော် သီလရှင် ၈၁၀၀ ကျော်ကို ဆန်နှစ်တင်း တစ်စိတ်နှုန်းနဲ့ လှူနိုင်တယ်။ စစ်ကိုင်းတွင်မက မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းက သံဃာ



သာမဏေ၊ သူတော်၊ သီလရှင်ပေါင်း ၁၇၄၀၀ ကျော်ကိုလည်း တစ်ပါးဆန် ၄ ပြည်ကျ လှူဒါန်းနိုင်သေးတယ်။ ဂုဏ်ထူးဆွဲ့ထူးရတဲ့ ပုဂ္ဂိုလ်တစ်ထောင်လောက်ကိုလည်း တစ်ဘွဲ့ ၁၅၀ ကျပ် လှူပါသေးတယ်။ မူလနဲ့စည်းစဉ်က မလွန်ရွေးဆန်လှူအသင်းကြီးတစ်သင်းတည်း ဖြစ်ခဲ့ပေမယ့် အခုမှာဆိုရင် တိုင်း ၇ တိုင်းနဲ့ ပြည်နယ် ၇ ပြည်နယ်မှာ သင်းခွဲပေါင်း ၂၀ ကျော်နေပါပြီ။ မြန်မာနိုင်ငံ တစ်နံတစ်လျားလုံးမှာပဲလို့ ဆိုနိုင်နေပါပြီ'လို့ ဆရာမကြီးက ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။

## ဗုဒ္ဓဘာသာကျောင်း

မလွန်ဆန်လှူအသင်းကြီးတည်ထောင်ပြီး တစ်နှစ်အကြာ ၁၂၅၉ ခုနှစ် (ခရစ်နှစ် ၁၈၉၇)မှာ ခရစ်ယာန်သာသနာပြုကျောင်းတွေကို ရင်ဆိုင်ဖို့အတွက် 'ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းကြီး'ကို တည်ထောင်ဖွင့်လှစ်လိုက်ပါတယ်။ မြန်မာတို့ရဲ့ နိုင်ငံရေးစိတ်ဓာတ်ကို မြှားစေ့ချပေးခဲ့တဲ့ 'ဝိုင်အမ်ဘီအေ'ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး စတင်တည်ထောင်တာက မြန်မာ ၁၂၆၈ ခုနှစ်ဖြစ်လေတော့ ဘီတီအင်ကျောင်းကြီးတည်ထောင်ခဲ့တဲ့ 'မန္တလေးဗုဒ္ဓသာသနာပြုအသင်းကြီး'က ၉ နှစ်စောပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပထမဆုံးအသင်းအဖွဲ့ကြီးများကို မန္တလေးက စတင်တည်ထောင်ခဲ့တာလို့ ဆိုခဲ့တာဖြစ်တယ်။ ဘီတီအင်ကျောင်းကြီးဟာ ကျွန်တော်တို့ခပ်ငယ်ငယ် လွတ်လပ်ရေးရပြီးကာလအထိ လမ်း ၈၀ ပေါ်မှာရှိနေသေးတာ မှတ်မိပါတယ်။ ဘယ်နှစ်လောက်ကျမှ ဘီတီအင်ကျောင်းဆိုတဲ့ ဆိုင်းဘုတ်ကြီး ပြုတ်သွားတယ် ဆိုတာတော့ သတိမထားမိတော့ပါဘူး။

## သိပ္ပံပညာရှင်မလွန်မင်းသားကြီး

ဘာသာသာသနာရေးမှာသာမဟုတ် လောကီသိပ္ပံပညာရပ်ဘက်မှာလည်း နိုင်ငံတကာက အသိအမှတ်ပြုခံရတဲ့ ပုဂ္ဂိုလ်တစ်ဦး မန္တလေးကပဲ ပေါ်ထွန်းခဲ့ပါသေးတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ကုန်းဘောင်မင်းဆက်က ဒေ့မင်းခေါ် ဘိုးတော်ဘုရားရဲ့သား ငယ်နာမည်မောင်ဖြိုးလို့ခေါ်တဲ့ မလွန်မင်းသားကြီး(မက္ကရာမင်းသားကြီးလို့လည်းခေါ်) ဖြစ်ပါတယ်။ မင်းသားကြီးက အင်္ဂလိပ်စာနဲ့ သိပ္ပံပညာကို ထဲထဲဝင်ဝင်၊ အပတ်တကုတ် သင်ယူ



www.burmeseclassic.com

www.burmeseclassic.com

လေ့လာပြီး အင်္ဂလိပ်-မြန်မာအဘိဓာန် စာအုပ်တစ်အုပ်ကို ၁၈၃၃ ခုနှစ်ကတည်းက ပြုစုပြီးစီးခဲ့ပါတယ်။ အဲဒီစာအုပ်ကို ၁၈၄၁ ခုနှစ်ကျော်ကာလကတ္တားမှာ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ အဘိဓာန်က ၁၀ လက်မ ၈ လက်မအရွယ်၊ စာမျက်နှာ ၄၆၈ မျက်နှာ ရှိပါတယ်။ 'မလွန်မင်းသားကြီး' သိပ္ပံပညာကိုလေ့လာလိုက်စားတာ ထိထိရောက်ရောက် ပေါက်ပေါက်မြောက်မြောက်ရှိလေတော့ ဟိုခေတ်က ထိတ်ထိတ်ကြဲပညာရှင် သုတေသီများသာ အသင်းဝင်အဖြစ်ပါဝင်ခွင့်ပြုတဲ့ ဘင်္ဂလားအာရှဆိုင်ရာ ဝိဇ္ဇာသိပ္ပံ သုတေသနအသင်းကြီးက မလွန်မင်းသားကြီးကို ဂုဏ်ထူးဆောင် အသင်းသားအဖြစ် ရွေးချယ်တင်မြှောက်တာကိုလည်း ခံခဲ့ရပါတယ်။ ဒီအသင်းမှာ အသင်းသား ၃၀၀ လောက်နဲ့ ဂုဏ်ထူးဆောင်အသင်းသား ၃၀ လောက် ရှိပါတယ်။ ဂုဏ်ထူးဆောင်အသင်းသားတွေထဲမှာ ဥရောပ တက္ကသိုလ်တွေက သိပ္ပံပညာရပ်ဆိုင်ရာပါမောက္ခတွေ အတော်များများ ပါဝင်ပါတယ်။ အဲဒီခေတ် အဲဒီအခါမျိုးမှာ မြန်မာတစ်ဦး ခေတ်ပေါ် သိပ္ပံပညာဆိုင်ရာ လောကမှာ အထက်တန်းကလူရာဝင်တယ်ဆိုတာ နည်းတဲ့ ဂုဏ်ယူစရာ မဟုတ်ပါဘူး'လို့ ဆရာမကြီးလူထုဒေါ်အမာက သူ့စာအုပ်ထဲမှာ 'လေးစားအပ်တဲ့ မလွန်မင်းသားကြီး' ဆိုတဲ့ စာတစ်ပုဒ် ရေးသားခဲ့ပါသေးတယ်။

## ဖဆပလဆိုင်းဘုတ်

အမျိုးဘာသာ၊ သာသနာအရေးသာမကပါဘူး။ နိုင်ငံလွတ်လပ်ရေးကိစ္စမှာလည်း မန္တလေးဟာ အနယ်နယ်အရပ်ရပ်က ညီနောင်သားချင်းများနဲ့အတူ တွဲလက်ညီညီနဲ့ တိုက်စရာရှိတိုက်၊ စွန့်စရာရှိစွန့် ဆိုသလို ရှေ့တန်းက အမြဲပါခဲ့တာချည်းဖြစ်ပါတယ်။ နယ်ချဲ့ပုလိပ်များရဲ့ ပစ်ခတ်မှုနဲ့ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရတဲ့အဖြစ်ဟာ မန္တလေးရဲ့သမိုင်းကို သွေးနဲ့မော်ကွန်းထိုးထားခဲ့သလို ကျန်ရစ်နေစေခဲ့တာ ဖြစ်ပါတယ်။ မန္တလေး အိမ်တော်ရာဘုရားရင်ပြင်က ၁၄ ခန်းဇရပ်ဆိုတာကလည်း ခေတ်အဆက်ဆက် မြန်မာနိုင်ငံသားများရဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ရာ ဘူမိနက်သန် ဖြစ်ခဲ့ပါတယ်။ ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးခါနီးဆဲဆဲ ကာလမှာ တော်လှန်ရေးတပ်ပေါင်းစုကြီးဖြစ်တဲ့ 'ဖဆပလ'ဆိုင်းဘုတ်ကြီးကို မန္တလေးမြို့မှာ ကွယ်လွန်သူ ပါမောက္ခချုပ်ဦးကျော်ရင်နဲ့ လူထုဦးလှတို့က အရင်ဆုံး



တင်ခဲ့ကြတာ ဖြစ်ပါတယ်။ ရန်ကုန်က နောက်မှတင်နိုင်တာပါ။

တိုင်းရေးပြည်ရေး၊ နိုင်ငံအရေးမှန်သမျှမှာ မန္တလေးမြို့လူထုက အင်မတန်နိုးကြားတက်ကြွပါတယ်။ ဘယ်တော့မှ နောက်ချန်မနေရစ်ပါဘူး။ တော်တော်များများအရေးကိစ္စများဆို မန္တလေးက စတင်ဦးဆောင်ချက်ပြုခဲ့ကြတာ ဒီခေတ်ထိအောင်ပါပဲ။ မန္တလေးက 'ဖြူဟွစိုရ်အသင်းကြီး'ဟာ ထင်ရှားတဲ့နမူနာတစ်ခု ဖြစ်ပါတယ်။ လွတ်လပ်ရေးရခါစအချိန်ရတာရင် လက်ရှိတိုင်းပြည်ရဲ့လူဦးရေက လေးငါးဆလောက်တိုးပွားလာတာဖြစ်လေတော့ မြို့ကြီးပြကြီးတွေကို တိုးချဲ့ပြီးရင်း တိုးချဲ့လာကြရပါတယ်။ အဲဒီတော့ ရေးကမြို့အစွန်အဖျားမှာရှိတဲ့ သုသာန်မြေတွေဟာ လူနေရပ်ကွက်တွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာကြတာကြောင့် သုသာန်တွေကို မြို့နဲ့ဝေးရာကို ရွှေ့ပြောင်းကြရပါတယ်။ အဲဒီအခါ အသုဘ ကုန်ကျစားရိတ်များလည်း ကြီးမြင့်သွားပါတော့တယ်။ ဒီစားရိတ်ဟာ မရှိဆင်းရဲသားများအတွက် တော်တော်ဝန်လေးဖိစီးပြီး မနိုင်ဝန်ကြီးလို ဖြစ်လာပါတယ်။ ဒီအခက်အခဲကို ကူညီဖို့အတွက် မန္တလေးမြို့မိမြို့ဖများကိုယ်တိုင် ငွေကြေးမတည်စိုက်ထုတ်ပြီး 'ဖြူဟွစိုရ်'ဆိုတဲ့ အမည်နဲ့ အခမဲ့နာရေးကူညီမှုအသင်းတစ်ခု ထူထောင်ကြပါတယ်။

## နာရေးကူညီမှုအသင်းတွေအစ ဖြူဟွစိုရ်က

ဆွမ်းဒကာဆွမ်းဒကာမတွေဖြစ်တဲ့ မြို့သူမြို့သားများရဲ့ နာရေးအခက်အခဲကိုသိရှိတဲ့ ဆရာတော်ကြီးတစ်ပါးက ကရုဏာကြီးမားလှစွာ နဲ့ ကျောင်းပိုင်းကြီးထဲမှာ နာရေးကူညီမှုအသင်းရဲ့ နိဗ္ဗာန်ယာဉ်တွေ ထားရှိဖို့ နေရာတစ်ခု သတ်မှတ်စွန့်ကြဲတော်မူပါတယ်။ နိဗ္ဗာန်ယာဉ်တစ်ခု ထူထောင်ခဲ့တဲ့ ဖြူဟွစိုရ်အသင်းလေးဟာ မြို့သူမြို့သားစေတနာရှင်များရဲ့ ဝိုင်းဝန်းကူညီမှုကြောင့် အခုဆိုရင် ရောမအသင်းကြီးတစ်ခု ဖြစ်နေပါပြီ။ နာရေးကူညီမှုသာမက ဆေးဖိုးဝါးခမတတ်နိုင်ရှာကြတဲ့ ဝေဒနာရှင်များကိုလည်း နေ့စဉ်ဆေးဖိုးဝါးခ ခွဲဝေထောက်ပံ့ပေးနိုင်တဲ့ အခြေအနေထိ ဖြစ်နေပါပြီ။ လွန်ခဲ့တဲ့နှစ်နှစ်လောက်က သိခဲ့ရသလောက်ဆို နေ့စဉ်ဆေးဖိုးထောက်ပံ့ငွေ ၂ သိန်းထိ သုံးစွဲနိုင်တယ်လို့ သိရပါတယ်။ မန္တလေးဖြူဟွစိုရ်အသင်းကြီးကို အတုယူပြီး ရန်ကုန်ကလည်း နာရေးကူညီမှုအသင်းဆိုပြီး ထူထောင်ပါတယ်။ နောက်တော့ အမြို့မြို့အနယ်နယ်မှာ နာရေးကူညီမှုအသင်းတွေ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ပြီးတစ်ခု ထူထောင်ပြီး ကိုယ့်နယ်သူ့နယ်သားများကို ကူညီစောင့်ရှောက်မှု ပြုလာခဲ့ကြတာ အနယ်နယ်အရပ်ရပ်မှာ စုစုပေါင်း လေးငါးခြောက်ဆယ် ထက်မနည်း ရှိနေပြီလို့ ဝမ်းသာစရာသိရ၊ သာဓုခေါ်ရပါတယ်။ အဲဒါကြောင့် နာရေးကူညီမှုအသင်းများအစ မန္တလေးဖြဟွစိုရ်ကလို့ ဆိုမယ်ဆို ဆိုနိုင် ပါကြောင်း အကြွားနည်းနည်းသန်တဲ့ မန္တလေးသားပီပီ၊ သတင်းစာမျက် နှာပြည့် ဂုဏ်ပြုကြော်ငြာကြီးများ ထည့်ပြီး ကြော်ငြာဦးမယ့်အကြောင်း ကြော်ငြာမောင်းခတ်လိုက်ပါတယ် ခင်ဗျား။

၁၆၊ ၄၊ ၂၀၀၉



## မန္တလေးရဲ့ဝိညာဉ်(၃)

### မက်ထရိုပိုလီတန်မန္တလေး

အမျိုးဘာသာ၊ သာသနာအရေးဆောင်ရွက်ရာမှာ မန္တလေးက ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့တာတွေအကြောင်း ရေးခဲ့ရာမှာ ရှားရှားပါးပါး သူတော်စင်စိတ်ထားနဲ့ မြန်မာအမျိုးသမီးကြီးတစ်ယောက်အကြောင်း ပြောဖို့ကျန်သွားပါတယ်။ သူကတော့ မြန်မာဗုဒ္ဓဘာသာတို့ရဲ့ ပထမဆုံး လူအိုရုံ(နောက်ခေတ်ကျမှ ဘိုးဘွားရိပ်သာလို့ ပြောင်းခေါ်တာပါ)ကို တည် ထောင်ခဲ့တဲ့ မန္တလေးသူကြီး 'ဘွားဦးဖွန်း'ဖြစ်ပါတယ်။

### ပရဟိတချင်းမတူ

ရှေးက မြန်မာနိုင်ငံမှာ စာသင်ကျောင်း၊ ဆေးရုံ၊ လူအိုရုံ စတာတွေ ကို ခရစ်ယာန်သာသနာပြု ဘုန်းကြီးတွေနဲ့ သီလရှင်များကသာ တည် ထောင်လုပ်ကိုင်လေ့ရှိပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများက လုပ်လေ့ မရှိပါဘူး။ မန္တလေးက ပိုးကုန်သည်သမီး ဒေါ်ဦးဖွန်းက သူ့ကိုယ်ပိုင် ပိုက် ဆံနဲ့ မင်းကွန်းဘက်မှာ ပထမဆုံးလူအိုရုံကို စတင်တည်ထောင်လိုက်ပါ တယ်။ အဲဒီအချိန်က သူ့အသက် ၄၆ နှစ်သာ ရှိပါသေးတယ်။ စီးပွားရေး လုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာဦးစီးလုပ်ကိုင်နေသူလည်း ဖြစ်ပါတယ်။ နောက်တော့ သူကိုယ်တိုင်သီလရှင်ဝတ်ပြီး လူအိုတွေကို ကိုယ်တိုင်ပြုစု စောင့်ရှောက်သွားခဲ့တာ ဖြစ်တယ်။ ခရစ်ယာန်သာသနာပြုတွေ ကျောင်း တွေ ဆေးရုံတွေဖွင့်တာ၊ အခုခေတ် ပရဟိတလုပ်ကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်း(INGO)တွေလုပ်ကြပုံနဲ့ ဘွားဦးဖွန်းလုပ်ပုံက အများကြီးခြား နားပါတယ်။ ခုခေတ် နိုင်ငံတကာအဖွဲ့အစည်းတွေလုပ်ကြတာက သူများ ဆီက အလှူခံပြီး 'အလှူလက်ဖက်နဲ့ လက်ဆောင်တက်'ဆိုသလို လုပ်



www.burmeseclassic.com

www.burmeseclassic.com

ကြတာပါ။ ရတဲ့အလှူငွေနဲ့ပဲ လူတွေအလုပ်ခန့်၊ ပြီးတော့ တစ်နေရာက တစ်နေရာသွားရင် လေယာဉ်ပထမတန်းကစီး၊ ကြယ်ငါးပွင့်ဟိုတယ်ကြီးတွေမှာတည်းပြီး ဖိမ်နဲ့လုပ်ကြ၊ ကိုယ့်တိုင်းပြည်မှာနေတုန်းက တိုက်ခန်းကျဉ်းမှာနေ၊ ဘတ်စ်ကား မီးရထား တိုးစီးနေခဲ့ကြပေမယ့် ပရဟိတလုပ်ဖို့ နိုင်ငံတစ်ခုကိုသွားရပြီဆိုရင်တော့ အဲဒီနိုင်ငံရဲ့ အကောင်းဆုံးခြံကြီးဝင်းကြီးအိမ်ကြီးတွေမှာနေ၊ အကောင်းဆုံးကားကိုစီး၊ ထမင်းချက်နဲ့၊ နာနီနဲ့၊ မာလီနဲ့၊ ဒရိုင်ဘာနဲ့၊ ဒရဝမ်နဲ့ သန်းကြွယ်သူဌေးကြီးတွေလို နေကြတာလေ။ တချို့ တော်တော်ကိုသိက္ခာမဲ့တဲ့ အဖွဲ့အစည်းများဆိုရင် ချောင်းသာလို၊ ငွေဆောင်လို ပင်လယ်ကမ်းခြေတွေကို ဝန်ထမ်းတွေ ကိုးဆယ်တစ်ရာနဲ့ ပျော်ပွဲစားသွားကြသေးတယ်။ ဒေါ်လာသောင်းချီကုန်တာပေါ့။ အဖွဲ့အစည်းငွေကို သုံးလို့ရအောင် နာမည်တပ်ထားတာတွေကတော့ ဝပ်ရှော့(workshop) တဲ့၊ တချို့ကျတော့ ဟန်တောင်မဆောင်တော့ဘူး။ ပြောင်ပြောင်ပဲ(Retreat) အပန်းဖြေခရီးတဲ့။ အနားယူအပန်းဖြေ(rest & recreation) 'R&B' တဲ့လေ။ ဒီလိုနဲ့ပဲ ရတဲ့အလှူငွေရဲ့ ခြောက်ဆယ်ရာခိုင်နှုန်း၊ ခုနစ်ဆယ်ရာခိုင်နှုန်းလောက်ဟာ ရုံးစရိတ်၊ ဝန်ထမ်းစရိတ်တွေနဲ့ပဲ ကုန်သွားပြီး သူတို့ကူညီတယ်ဆိုတဲ့ ဒုက္ခသည်တွေလက်ထဲ တကယ်ရောက်တာကတော့ ရာနှုန်းသုံးလေးဆယ်လောက်ပဲ ရှိမယ်ထင်ပါရဲ့။

**မန္တလေးရဲ့ကျက်သရေဆောင်**

ဘွားဦးဖွန်းကတော့ သူတို့လိုမဟုတ်ပါဘူး။ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ၊ ဆိုင်တွေ၊ အိမ်တွေအကုန်လုံးကို ထုခွဲရောင်းချပြီး လှူခဲ့၊ ထူထောင်ခဲ့ရုံမက သူကိုယ်တိုင်သီလရှင်ဝတ်နဲ့နေပြီး သေတပန်သက်တစ်ဆုံး လူအိုတွေကို ပြုစုစောင့်ရှောက်သွားတာ။ သူသေတော့လည်း သူဆောက်ခဲ့တဲ့ လူအိုရုံမှာပဲ ခေါင်းချသွားခဲ့တာ။ ဒါကြောင့် ဘွားဦးဖွန်းဟာ မန္တလေးရဲ့ ကျက်သရေဆောင် အမျိုးသမီးကြီးဖြစ်ကြောင်း ဂုဏ်ယူတင်ပြလိုက်ပါတယ်။

ဘွားဦးဖွန်းလိုပဲ မန္တလေးအတွက် အထူးဂုဏ်ဆောင်ခဲ့သူတစ်ဦးကတော့ ဆိုင်းဆရာကြီးစိန်ဗေဒါပါ။ ဆိုင်းဆရာတွေရဲ့နာမည်ရှေ့မှာ 'စိန်' တပ်တဲ့အလေ့ ထွန်းကားလာတာ စိန်ဗေဒါကြီးကြောင့်ပါ။ စိန်လှမောင်၊ စိန်ကျော်တင့်၊ စိန်မောင်ကို၊ စိန်ချစ်တီးတို့ကနေ စိန်စတင်းအထိပေါ့လေ။



နောက်ပြီး အခုချိန်ထိ ဆိုင်းဆရာကို 'ရွာစား'လို့ ခေါ်ကြတာဟာလည်း စိန်ဗေဒါကြောင့်လို့ပဲ ယူဆပါတယ်။ ရှေးမြန်မာဘုရင်များလက်ထက်က စာဆိုတော်များ၊ သဘင်သည်များကို ရွာစားအရာချီးမြှောက်ခဲ့တာများ ရှိပေမယ့် လူထုကြားထဲကို ရောက်လာတာကတော့ စိန်ဗေဒါတို့ လက်ထက်လောက်ကျမှလို့ ထင်ပါတယ်။ မြန်မာဘုရင်များ ပါတော်မူသွားတဲ့အခါကျတော့ ရှေးကနန်းတော်ထဲမှာသာ ဖျော်ဖြေခဲ့ကြတဲ့ သဘင်ပညာရှင်တွေဟာ မြို့ထဲရွာထဲကလူတွေကြား ရောက်လာကြပြီး အချင်းချင်းစုဖွဲ့လုပ်ကိုင်ကြရတယ်။ ဒီလိုနဲ့ ဇာတ်တွေ၊ ရုပ်သေးတွေ၊ အငြိမ့်တွေ ထွန်းထွန်းကားကား ဖြစ်လာကြတယ်။ ဘယ်လောက်ထိများ ထွန်းကားသလဲဆို မန္တလေးကို 'သဘင်တက္ကသိုလ်'လို့တောင် သုံးနှုန်းခေါ်ဝေါ်ခဲ့ကြတယ်။ အနယ်နယ်အရပ်ရပ်က သဘင်သည်မှန်သမျှ မန္တလေးမှာ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် လာရောက်နေထိုင် အလုပ်လုပ်ကိုင်ရင်း ပညာမဆည်းပူးရသေးရင် သဘင်ပညာစုံပြီလို့တောင် မသတ်မှတ်ကြပါဘူး။

**ကြုံလို့ကြားတာ**

ကြုံတုန်း နှက်ကြားလိုက်ချင်တာကတော့ သဘင်ပညာမှမဟုတ်ပါဘူး။ ရှေးက ရဟန်းသံဃာငယ်များလည်း မန္တလေးမှာ စာဝါလိုက်ဖူးမှ တန်းကုန်ပြီး သင်ရိုးကျွတ်တယ်လို့ ယူဆကြတာဖြစ်ပါတယ်။ မန္တလေးစာသင်တိုက်ကြီးတွေဆိုတာက စာသင်သားတွေ ထောင်နဲ့ချီပြီး ရှိတာဖြစ်လေတော့ ကျောင်းတိုက်ကြီးတွေဆိုတာကလည်း ရွာမကျောင်းတိုက်ကြီးတွေပါ။ ရှေးအခါက ရန်ကုန်မှာ စာသင်တိုက်တွေ ကြီးကြီးမားမား ရှိပုံမရပါဘူး။ ရဟန်းသံဃာငယ်တွေ စာဝါလိုက်ရင် ပခုက္ကူနဲ့ မန္တလေးကိုသာ အဓိကထားပြီး သွားကြရပါတယ်။ ဒီလိုနဲ့ပဲ ရှေးခေတ်မန္တလေးဟာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ဗဟိုချက်မ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာမှန်သမျှရဲ့ ပင်မရေစီးအဖြစ် တည်ရှိနေခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်တော်တော်ကြာအထိကို မြန်မာစကားနဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ နောက်ဆုံးခံတပ်ကြီး (The last bastion of Myanmar language and culture) အဖြစ် တည်ရှိနေခဲ့တာ ဖြစ်ပါတယ်။ မန္တလေးသားမှန်သမျှ ဒီအချက်တွေကို



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ယူခဲ့ကြတာပါ။ ဝင့်ကြွားခဲ့ကြတာပါ။ ဒါကြောင့်လည်း မန္တလေးသားတွေ ဒေသစွဲသိပ်ကြီးတယ်လို့ ရန်ကုန်သားတွေက မျက်စောင်းထိုးခဲ့ကြတာပေါ့။

## ဘာလွမ်းစရာရှိလို့လဲ

မန္တလေးကို သိပ်တွယ်တာ၊ သိပ်စွဲလမ်းပေမယ့် နှစ်ပေါင်းသုံးဆယ်နီးပါး မန္တလေးနဲ့ ကင်းကွာနေခဲ့ဖူးပါသေးတယ်။ မျှော်လင့်မထားတဲ့ခရီးရှည်ကြီးတွေ ထွက်ရတာရယ်၊ ခရီးထွက်ရင်း လေဖြတ်လို့အိပ်ရာက မထနိုင်တဲ့ ဒုက္ခိတအဖြစ် ရောက်ရတာရယ်ကြောင့်ပါ။ ဒါပေမဲ့ လူသာမရောက်တာ စိတ်ကတော့ မန္တလေးမှာချည်းပါပဲ။ အထူးသဖြင့် သင်္ကြန်ကာလနဲ့ တန်ဆောင်တိုင်ပွဲတော်ချိန်ဆိုရင် နေမထိထိုင်မသာဖြစ်အောင်ကို မန္တလေးကို တမ်းတမိတာပါ။

'အဖေကလည်း ပူကပူ၊ ခြင်ကကိုက်နဲ့ ဘာတွေများ ဒါလောက်လွမ်းနေတာလဲ'

တောင်ကြီးသား တောင်ကြီးသူတွေဖြစ်ကြတဲ့ သားသမီးတို့ကတောင် အံ့ဩစကားဆိုကြတယ်။ ဟုတ်တာပလေ။ သူတို့အတွက်ကတော့ ဘာလွမ်းစရာရှိမှာလဲ။ မန္တလေးဆိုတာ 'ရတနာဖုန်ထူ၊ နေပူ၊ ခြင်ကိုက်၊ အလွန်အိုက်၊ ဗွက်ပေါ်'မျှသာပဲပေါ့။ သူတို့တတွေက မန္တလေးကို ညှိသည်လိုသာ သွားဖူးကြတာကိုး။ ဆွေမျိုးရင်းချာတွေ ရှိနေသေးပေမယ့်လည်း အနေဝေးတော့ စိမ်းနေကြပြီလေ။ သူတို့ကို အပြစ်မမြင်တော့ပါဘူး။ 'ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း'ဆိုတဲ့စကား အရှိသားပဲ။

သူတို့တတွေကိုမဆိုထားနဲ့ နှစ်ပေါင်းသုံးဆယ်နီးပါး မန္တလေးကို လွမ်းလွမ်းဆွတ်ဆွတ်၊ တမ်းတမ်းတတနေလာခဲ့သူတောင် တကယ်တမ်း မန္တလေးကိုပြန်ရောက်သွားတဲ့အခါကျတော့ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင်ဖြစ်ပြီး ယူကြုံးမရစိတ်တွေပဲ လွှမ်းမိုးလာခဲ့ရတော့တယ်။ ဖိုးကျားဝင်းကစလိုက်တဲ့ မြို့လယ်မီးကြီးလောင်အပြီး မန္တလေးက လုံးဝကြီးကို ပြောင်းလဲသွားပြီ။ အရင်ကမန္တလေး မဟုတ်တော့ဘူး။ လွမ်းခဲ့ရတဲ့ တမ်းတခဲ့ရ၊ စွဲလမ်းခဲ့ရတဲ့ မန္တလေးမဟုတ်တော့ဘူး။ အရင်က သုံးထပ်ရှိတဲ့ တိုက်ဆိုလို့ လက်ဝါးစိဖက်နဲ့ရေတွက်ရရုံလောက် ရှိခဲ့ရာက အခုဆို အထပ်မြင့်တိုက်ကြီးတွေမှ ဟီးလို့။ အလယ်ပေါက်က မြီးရှည်စားချင်လို့ ဈေးချို



ဘက်သွားတော့ ဘယ်မှာရှိတော့လို့လဲ။ ဈေးချိုတော်ကြီးလည်း အသစ်။ မြို့ကြီးတစ်မြို့လုံး အသစ်၊ လူတွေအားလုံးအသစ်။ စကားတွေက အသစ်၊ စားစရာတွေက အသစ်။ မုန့်တီဆိုင်၊ မြီးရှည်ဆိုင် တော်တော်ရှားသွားပြီ။ အဲဒီအစား ကြေးအိုးဆိုင်တွေနဲ့ အကင်ဆိုင်တွေချည်း နေရာတိုင်းမှာ တွေ့နေရတယ်။ မြို့သစ်တဲ့။ ရန်ကုန်မြို့သစ်ဆိုတာတွေနဲ့ ဘာမှမဆိုင်ဘူး။ အုတ်တံတိုင်းမြင့်မြင့်ကြီးတွေနဲ့ တိုက်ကြီးတွေဆိုတာများ ရဲတိုက်ကြီးတွေကျနေတာပဲ။ မန္တလေးဆိုတာ ခုတော့ တကယ်ကို မက်ထရိုပိုလီတန်မြို့တော်ကြီး ဖြစ်နေပါပြီ။ နှိုဝင်ဘာ ကထိန်ရာသီမန္တလေးရောက်တော့ ကျောင်းသားဘဝတုန်းကလို ပွဲဈေးတန်းသွားပြီး 'ရွှေတာရေးမုန့်ပျားသလက်'(ရေမုန့်)နဲ့ ဘူးသီးကြော်၊ မတ်ပဲဘယာကြော်လုံးလေးတွေ စားချင်တာနဲ့ ကားတစ်စီးနဲ့ ပွဲလိုက်ရှာကြတာ အမှတ်ရမိသေးတယ်။ အဝေးရောက်မန္တလေးသားတွေကြားရင် ယုံမှာမဟုတ်ဘူး။ တမင်သက်သက်မန္တလေးသိက္ခာကျအောင်ပြောတဲ့ သစ္စာဖောက်ပဲလို့ ဆိုကြလိမ့်မယ်။ တန်ဆောင်တိုင် ကထိန်လ မန္တလေးမှာ ပွဲရှာလို့မတွေ့ခဲ့ရဘူး။

အမေမြိုင်ရဲ့ မန္တလေး၊ လေဘာတီရဲ့ မန္တလေး၊ လှကလေးစိန်နဲ့ ရွှေမန်းရီရီတို့ရဲ့ မန္တလေး၊ သဘင်တက္ကသိုလ်ဆိုတဲ့ မန္တလေးမှာ ဒီလိုဒီလို တန်ဆောင်တိုင် ကထိန်ရာသီညမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ တစ်ခုမှ ရှာမတွေ့ခဲ့ရဘူးတဲ့လေ။ မန္တလေးရဲ့ ဝိညာဉ်ပျောက်ဆုံးသွားသလို ရင်ထဲမှာ ခံစားလိုက်ရပါတယ်။

၂၂၊ ၄၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# မန္တလေးရဲ့ဝိညာဉ်(၄)

## အားနားပါးနာ

မြို့သစ်၊ လူသစ်၊ ယဉ်ကျေးမှုအသစ်တွေနဲ့ သစ်ချင်တိုင်းသစ်နေတဲ့ မက်ထရိုပိုလီတန် မန္တလေးသစ်။ အဟောင်းမန္တလေးရဲ့ နောက်ဆုံးပြယုဂ်ဆိုလို့ လွန်ခဲ့တဲ့နှစ်နှစ်ကထိ အမေလူထုဒေါ်အမာတစ်ယောက် ရှိနေသေးတော့ မန္တလေးနဲ့စိမ်းသွားတယ်လို့ မခံစားရသေးဘူး။ ဆရာကြီးရွှေဥဒေါင်းအကြောင်းတို့၊ ဆရာကြီးရွှေပြည်ဦးဘတင်အကြောင်းတို့၊ ဆရာကြီးဦးကိုလေးတို့၊ မမအုန်းတို့၊ ဆရာဦးဆန်းထွန်းနဲ့ ဆရာဦးမောင်မောင်တင်အကြောင်းတို့ အချိန်အခါမရွေး မေးလို့ပြောလို့ရသေးတယ်။ ဒါမှမဟုတ် မေမြို့(ပြင်ဦးလွင်)မှာနေတဲ့ တတိယသမီးတော်အကြောင်းနဲ့ မန္တလေးမှာနေတဲ့ ပျဉ်းမနားကိုယ်တော်ကြီးနဲ့ ကြင်ယာတော်ထရံကာ ထိပ်ခေါင်တင်မင်းသမီးကြီးအကြောင်း ပြောမလား ပြောလို့ရသေးတယ်။

## တစိမ်းပြင်ပြင်မန္တလေး

တစ်ခါတလေကျတော့လည်း ဒေါ်ဒေါ်က လူချင်းရင်းနှီးတဲ့ အိမ်နီးချင်းရွှေမန်းတင်မောင်အကြောင်း၊ ဆရာငြိမ်းအကြောင်း၊ ဦးလေးရော ဒေါ်ဒေါ်ပါ အင်မတန်ခင်တဲ့ ကျားဘငြိမ်းအကြောင်း စတာတွေကို လွမ်းတသသနဲ့ ပြန်ပြောပြတတ်တယ်။ အခု ဒေါ်ဒေါ်မရှိတာ နှစ်နှစ်ပဲရှိသေးတယ်၊ မန္တလေးနဲ့ သူစိမ်းပြင်ပြင်ကြီးဖြစ်သွားသလို စိတ်ထဲမှာ ခံစားနေရတယ်။ ငယ်ပေါင်းဆိုလို့ တံတားဦးက ဦးကိုလေးတစ်ယောက်ပဲ ရှိတော့တယ်။ ကျန်သူတွေက ဆုံးသူဆုံး၊ ရန်ကုန်ရောက်သူရောက်၊ တခြား ရေကြည်ရာမြက်နုရာ သွားလို့သွားနဲ့ တကွဲတပြားဖြစ်ကုန်ကြပြီ။ နောက်မျိုးဆက်တွေလည်း ခင်မင်နှစ်လိုဖွယ်ကောင်းကြပါတယ်။ မန္တလေးရောက်တိုင်း ပျာပျာသလဲ ဂရုစိုက်ရှာကြပါတယ်။ ဒါပေမဲ့ ဘာသာစကားချင်းကြတော့ မတူကြတော့



ဘူး။ စကားပြောရတာ စေးစေးပိုင်ပိုင်မရှိတော့ဘူး။ လူတွေနဲ့သာ မဟုတ်ဘူး၊ စာတွေဖတ်ရတာလည်း စေးစေးပိုင်ပိုင်မရှိတော့ဘူး။ မန္တလေးကို အင်မတန်ချစ်ပြီး အင်မတန်စွဲလမ်းတဲ့၊ သရက်သီးတောင်မှ မန္တလေးအောင်ဒင်မှ သရက်သီးထင်တဲ့၊ မန္တလေးစွဲသိပ်ကြီးသူဟာ အခုတော့ မန္တလေးက စာရေးဆရာတွေရေးတဲ့ စာတွေကို လုံးလုံးမဖတ်တော့ဘူး။ 'မန္တလေးစကား၊ ရန်ကုန်အကြွား'လို့ ရှေးကဆိုခဲ့ကြတာဟာ မန္တလေးသူ မန္တလေးသားများ စကားအပြောအဆိုညက်တာ၊ ယဉ်ကျေးတာကို တင်စားဆိုခဲ့ကြတာဖြစ်တယ်။ ခုခေတ် မန္တလေးစာရေးဆရာတွေရဲ့ စာတွေက 'ရှည်လျား၊ ထွေပြား၊ မနေမနား၊ တစ်သွားတည်း သွားကြတာ' ဆိုတဲ့ ဘဝသံသရာသီချင်းလိုပဲ ရှည်လျားပေများလိုက်ကြတာ လွန်ပါရော။ ရှည်လျားပေများတာကို မနည်းကြီး သည်းခံဖတ်ပြီးသွားတော့လည်း ဘာမှကျန်ရစ်တာမရှိဘူး။ စကားကြွယ်တာ၊ စာရေးကောင်းတာ ပြစားနေ ကြတာများတယ်။ စာဖတ်ပရိသတ်ကို ပြောစရာ၊ ပေးစရာ ဘာမှရှိကြတာ မဟုတ်ဘူး။

## အတတ်ကြူးတော့ဘီလူးဖြစ်

အားတော့နာတယ်။ ဒါပေမဲ့ 'ဆန်ရင်းနာနာဖွပ်'ဆိုသလို လူရင်းတွေမို့ ပြောပါရစေတော့။ ဒီနေ့ မန္တလေးစာရေးဆရာအများစုဟာ 'အတတ်ကြူးတော့ ဘီလူးဖြစ်'ဆိုသလို ဖြစ်နေကြတော့တယ်။ အတတ်ပညာ လေးကင်းပြတာနဲ့ ပြီးသွားကြတယ်။ တကယ် လေးပစ်ဖို့ကျတော့ စိတ်မကူးကြဘူး။ နောက်ပြီးတော့ ရှေးခေတ်မန္တလေးစာပေလောကဆိုတာက စုစည်းညီညွတ်မှု အင်မတန်အားကောင်းတာ။ ဒီတော့ အလုပ်တွေအများကြီး လုပ်နိုင်ကြတယ်။ နှစ်စဉ်စာတမ်းဖတ်ပွဲတွေ မှန်မှန်လုပ်ပြီး စာအုပ်တွေ အများကြီး ထုတ်ခဲ့ကြတယ်။ ခုအခါ မြန်မာပြည်အနှံ့ စာပေဟောပြောပွဲတွေ တစ်နှစ်ပတ်လုံး ကျင်းပနေကြတာ မန္တလေးက ဦးလေးလှတို့ စတင်ဆော်ဩခဲ့ကြလို့ ဖြစ်တယ်။ ရှေးက နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့မှာပဲ အမြို့မြို့အနယ်နယ်မှာ စာပေဟောပြောပွဲတွေ လုပ်လေ့ရှိတယ်။ အဲဒီတော့ စာရေးဆရာများဟာ ဖိတ်တဲ့နေရာတိုင်း မသွားနိုင်ကြဘူး။ ဒီတော့ ဦးလေးလှတို့ကစပြီး စာဆိုတော်နေ့ကို တစ်ရက်တည်း မလုပ်ကြနဲ့။ နတ်တော်လတစ်လလုံး 'စာဆိုတော်လ'လို့ သတ်မှတ်ပြီး လုပ်ကြပါ။ ဖိတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

နေရာတိုင်းကို ကျွန်တော်တို့ လာပါမယ်ဆိုပြီး လှုံ့ဆော်ခဲ့တယ်။ လှုံ့ဆော်တဲ့အတိုင်းလည်း ဦးလေးလှတို့က အရောက်သွားခဲ့တယ်။ အဲဒီကစလိုက်တာ ခုဆို တစ်နှစ်ပတ်လုံး အနယ်နယ်အရပ်ရပ်မှာ စာပေဟောပြောပွဲ လုပ်နေကြတာ ဝမ်းသာစရာကောင်းလှပါတယ်။

## ဆော်ရှေ့ပြေးမန္တလေး

မန္တလေးမှာက ရန်ကုန်လို စာပေအဖွဲ့တွေ ကွဲနေတာမျိုးလည်း မရှိခဲ့ပါဘူး။ 'အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း'(အဲဒီခေတ်ကရေးတဲ့အတိုင်း ဖော်ပြတာပါ)တစ်သင်းတည်းမှာပဲ အရောင်အသွေးမတူပေမယ့် စာရေးဆရာအားလုံး ပေါင်းစည်းကြတယ်။ ဒါကြောင့်လည်း အလုပ်တွေ အများကြီးလုပ်နိုင်ခဲ့ကြတာပါ။ မန္တလေးစာပေလောကရဲ့ ညီညွတ်ပေါင်းစည်းမှုနဲ့ အလုပ်လုပ်နိုင်မှုကို ရန်ကုန်စာပေလောကသားအားလုံးက လေးစားအသိအမှတ်ပြုကြပါတယ်။ ဒီနေ့ပြောနေကြတဲ့ ကာရန်မဲ့ကဗျာတို့၊ ခေတ်ပေါ်ကဗျာတို့ဆိုတာတွေနဲ့ ပတ်သက်ပြီးလည်း မန္တလေးကဗျာဆရာတွေက ၁၉၆၀ ခုနှစ်လောက်ကစပြီး ရေးကြသားကြရုံသာမက စာတမ်းတွေလည်း အများကြီးရေးပြီး ဖတ်ကြားနိုင်ခဲ့ပါတယ်။ တစ်ချိန်က စာပေလောကမှာ ဂယက်အကြီးအကျယ်ထခဲ့ကြတဲ့ မောင်သိင်္ဂါ(မောင်သာနိုး)ရဲ့ 'ငါ့ပြည်သူ'ကဗျာကိုပဲ ကြည့်ပါ။

ဤအကလေး
ဆင်းသွေးနုဖတ်
အဝတ်
မြင်ဘွယ်မကောင်း။
ကျောင်း
မသွားနိုင်
ဝမ်းစာ
ကိုယ်တိုင်ကျောင်းနေရရှာ၏။

ဒီကဗျာပါတဲ့ 'အညာမြေခေတ်ကဗျာ'ဆိုတဲ့စာအုပ် ၁၉၆၃ စာဆိုတော်နေ့မှာ ထွက်လာတော့ 'ဒါကဗျာလား'ဆိုတဲ့အသံတွေ ပွက်ပွက်ညံသွားခဲ့ပါတယ်။ ခုအချိန်မှာ စာရေးသူအများကြီးရေးသားနေကြတဲ့ 'ပြောစကား' အရေးအသားပုံစံလည်း မန္တလေးကပဲ လှုပ်ရှားမှုကြီးတစ်ခုအဖြစ်



တင်လှုံ့ဆော်ခဲ့တာပါ။ အဲဒီတုန်းကလည်း အကြီးအကျယ်ဂယက်ထခဲ့တာပါပဲ။ ဒါပေမဲ့ ခုတော့ 'ပြောဟန်'နဲ့ ရေးရေး၊ 'ရေးဟန်'နဲ့ ရေးရေး ဘာမှပြောမနေကြတော့ပါဘူး။ စာဖတ်ပရိသတ်ကလည်း လက်ခံဖတ်ရှုနေကြပါပြီ။

## ဆီမီးဒေါက်မီမန္တလေး

ခေတ်အဆက်ဆက်မှာ အဲဒီလိုရှေ့ကဦးဆောင်ခဲ့တဲ့ မန္တလေးစာပေလောကဟာ 'ဝသုန္ဒရေလက်ရေး'ဝတ္ထုတိုများခေတ်လောက်အထိ စည်းစည်းလုံးလုံးရှိကြသေးတယ်။ စည်းလုံးတော့ အလုပ်တွေလည်း အများကြီး လုပ်နိုင်ကြသေးတယ်။ ရေးကြတဲ့စာတွေကလည်း 'ဝတ္ထုတိုရွှေခေတ်'လို့ ခေါ်ရလောက်တဲ့အထိကို ပေမီဒေါက်မီရှိခဲ့ကြတာ။ ပြီးတော့ လေးကိုင်ပြီး ဟန်ရေးပန်ရေးပြနေရုံမဟုတ်ဘူး။ လေးကို တကယ်ပစ်ကြတာ။ ပစ်ရမယ့် ပစ်မှတ်ကိုလည်း ထင်ထင်ရှားရှားပြတ်ပြတ်သားသား သိကြတယ်။ ခုခေတ်ကတော့ ဦးတည်ချက်ပျောက်ဆုံးနေတဲ့စာတွေပဲ တွေ့နေရတယ်။ ဦးတည်ချက်ပျောက်တော့ စာတွေဟာ အသက်ဝိညာဉ်ကင်းမဲ့သလို ဖြစ်သွားတယ်။ ခေါင်းထဲလည်း မရောက်ဘူး။ ရင်ထဲလည်း မရောက်ဘူး။ မျက်စိထဲရောက်ပြီး ပျောက်သွားတာပဲ။ ခု မန္တလေး နှစ် ၁၅၀ ပြည့်ပွဲတော်ကြီးဆိုပြီး လှုပ်လှုပ်ရှားရှားတော့ လုပ်နေကြတာတွေ့ပါရဲ့။ ဒါပေမဲ့ ပျော်ပြေရေးလောက်ပဲ လုံးပမ်းနေကြသလား ထင်မိတယ်။ နှစ် ၁၅၀ မန္တလေးသမိုင်းမှာ အထင်ကရမှတ်တိုင်ကြီးတွေ စိုက်ထူခဲ့ကြတဲ့ အမျိုးဘာသာ၊ သာသနာ့တန်ဆောင်ဆရာတော်ကြီးတွေ၊ မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ၊ မန္တလေးရဲ့ကျက်သရေဆောင် မြို့မိမြို့ဖ ပုဂ္ဂိုလ်ကြီးတွေ၊ 'သဘင်တက္ကသိုလ်'လို့ ခေါ်စမှတ်ပြုရလောက်အောင် ယဉ်ကျေးမှုအနုပညာနယ်ပယ်မှာ လျှမ်းလျှမ်းတောက်လုပ်ဆောင်နိုင်ခဲ့ကြတဲ့ သဘင်ပညာရှင်ကြီးတွေ၊ ဂီတပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေ စတဲ့ စတဲ့ မန္တလေးရဲ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းတွေ၊ သူတို့ လုပ်ခဲ့တာတွေကို ရှာဖွေစုဆောင်းပြီး စာတမ်းတွေဖတ်ကြားတာ၊ စာအုပ်စာတမ်းတွေ ထုတ်ဝေတာ၊ ရုပ်သံမှတ်တမ်းတင်တာတွေ လုပ်ကြတာမျိုးတွေတော့ မတွေ့မိဘူး။ မန္တလေးရဲ့ယဉ်ကျေးမှုသမိုင်း၊ မြို့တည်နန်းတည် မင်းတုန်းမင်းကြီးရဲ့ 'လက်ထက်တော်ကြီး'သမိုင်း၊ သီပေါမင်း



www.burmeseclassic.com

www.burmeseclassic.com

တရားရဲ့ 'လက်ထက်တော်လေး'သမိုင်း၊ သားတော်သမီးတော် ဆွေတော်မျိုးတော်များရဲ့သမိုင်း စတဲ့ စတဲ့ သမိုင်းကြောင်းဆိုင်ရာကိစ္စများမှာ ကျွန်တော်တို့မန္တလေးသားတွေထဲက ဘယ်သူများ ထားဝယ်သားစာရေးဆရာ 'မောင်သန်းဆွေ(ထားဝယ်)'လောက် တာဝန်ကျေခဲ့ကြသလဲ။ ရှက်စရာကောင်းလှတယ်။

## ကဗျာမှာရှိတဲ့ မန္တလေးဝိညာဉ်

ခုခေတ်မန္တလေးစာရေးဆရာတွေရဲ့ စာတွေကို မဖတ်တော့ဘူးလို့ ဆိုခဲ့ပေမယ့် ကဗျာတွေတော့ ဖတ်ဖြစ်တယ်။ ကဗျာဆရာလူငယ်တွေက တော်ကြတယ်။ အတွေးအခေါ်စူးရှထက်မြက်သလို တင်ပြပုံတင်ပြနည်းတွေကလည်း ဆန်းသစ်လာကြတယ်။ သူတို့က လေးကင်းပြရုံသက်သက် မဟုတ်ဘူး။ ပစ်မှတ်ကိုထိအောင် သေသေချာချာချိန်ပစ်ကြတာ။ ဝတ္ထုရေးဆရာတွေလို ဦးတည်ချက်ပျောက်နေကြတာ မဟုတ်လေတော့ သူတို့ကဗျာတွေဖတ်ရတာ စေးစေးပိုင်ပိုင်ရှိတယ်။ ဒီနေ့လူငယ်တွေရဲ့ ကဗျာတွေဖတ်မှပဲ မန္တလေးမှာဝိညာဉ်မပျောက်ဆုံးသေးတာကို တွေ့ရလို့ စိတ်သက်သာရသေးတယ်။ နို့မို့ဖြင့် တော်တော်စိတ်မကောင်းဖြစ်နေရတာ။ မန္တလေးစာရေးဆရာအများစုကတော့ ဦးတည်ရာမဲ့နေရုံတင်မဟုတ်ဘူး၊ ရပ်တည်ရာမဲ့လည်း ဖြစ်နေကြပုံရတယ်။ အရှိန်ကောင်းကောင်းစီးဆင်းနေတဲ့ ဂျာနယ်ရေစီးကြောင်းမှာ ဒလဟောမျောပါပြီး ဂျာနယ်လစ်ယောင်ယောင် စာရေးဆရာယောင်ယောင်ဖြစ်နေကြတာ တွေ့ရတယ်။ သူတို့ကြည့်လိုက်ရင် ဖွင့်ပွဲ၊ မိတ်ဆက်ပွဲတွေမှာ ကံစမ်းမဲနှိုက်နေကြ၊ အမှာစကားပြောနေကြတဲ့ပုံတွေနဲ့ လက်ဆောင်ပိုက်ပြီး ပြုံးဖြဲဖြဲကြီးလုပ်နေတဲ့ပုံတွေပဲ တွေ့မြင်နေရတယ်။ သာသနာ့ဗိမာန်စာတမ်းဖတ်ပွဲကြီးတွေနဲ့ အပတ်စဉ် ဗေဒ စာပေဝိုင်းတွေကိုပဲ မျက်စိထဲမှာမြင်ယောင်နေမိတယ်။ တစ်ချိန်တုန်းက မန္တလေးမှာ လမင်းတစ်ရာသာခဲ့ဖူးတာကိုလည်း လွမ်းဆွတ်တသမိတယ်။ မန္တလေးသားဆိုတာကတော့ မန္တလေးနဲ့ ဘယ်လောက်ဝေးကွာနေနေ မန္တလေးက ဘယ်လိုပဲဖြစ်နေနေ တူးပို့၊ တူးပို့သံကြားရင် မန္တလေးကို စိတ်မရောက်ဘဲ ဘယ်သူမှမနေနိုင်ကြပါဘူး။ လွမ်းစရာတွေရှိတော့လည်း လွမ်းကြရတာပေါ့လေ။

၁၊ ၅၊ ၂၀၀[illegible]



# ခြင်ချော်လဲစာနဲ့ ဂွမ်းဆီထိစာ

နေပူပူမှာ ခေါင်းပူရင်ပူတဲ့ 'ဂလိုဘယ်'အပြောင်း၊ ဂလိုဘယ်အကြောင်း စာအုပ်ကြီးတွေမဖတ်ချင်တာနဲ့ ဝတ္ထု၊ ကဗျာနဲ့ ကာတွန်းတွေပဲ ရှာဖွေဖတ်မိနေတယ်။ အင်္ဂလိပ်ဝတ္ထု၊ အမေရိကန်ဝတ္ထု၊ ဂျာမန်ဝတ္ထု၊ ချက်ဝတ္ထု၊ ဂျပန်ဝတ္ထု၊ ထိုင်းဝတ္ထု စုံနေအောင်ဖတ်ဖြစ်တယ်။ ဘယ်လောက်ကောင်းတဲ့ ဝတ္ထုတွေဖတ်ဖတ်၊ စိတ်က အာသာမပြေဘူး။ ဘာနဲ့တူသလဲဆိုတော့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာ ကောင်းပေ့ဆိုတဲ့ စီးကရက်တွေသောက်နေနေပေမယ့် ဆေးပေါ့လိပ်ကို တမ်းတနေတဲ့သူလိုပါပဲ။ မြန်မာလူမျိုးဆိုတော့ မြန်မာစာဖတ်လိုက်မှ အရသာတွေ့ပါတယ်။ ဒါကြောင့် မြန်မာဝတ္ထုတွေလည်း ဖတ်ပါတယ်။

## ဆယ်လိုမတန်တော့

ကိုယ်တိုင်ဝတ္ထုမရေးတတ်ပေမယ့် ဝတ္ထုကောင်းကောင်းတော့ ဖတ်ချင်တယ်။ ဒါကြောင့် မဂ္ဂဇင်းတွေလည်း ဝယ်ဖတ်ပါတယ်။ လုံးချင်းဝတ္ထု တို ဝတ္ထုရှည်စာအုပ်တွေလည်း ကြော်ငြာတွေ့သမျှ ဝယ်ဖတ်ပါတယ်။ ကိုယ်က သွားသွားလာလာမလုပ်နိုင်တော့ သတင်းစာထဲ ကြော်ငြာပါလာတဲ့ စာအုပ်လောက်ပဲ ဝယ်နိုင်းရတယ်။ ခက်တာက ဒီခေတ်ထုတ်ဝေသူတွေက ကြော်ငြာသိပ်မထည့်ကြတော့ ဘာစာအုပ်ထွက်တယ်ဆိုတာ မသိရတော့ဘူး။ ငွေဆယ့်လေးငါးသိန်းရင်းပြီး စာအုပ်တစ်အုပ်လုပ်ထားပါလျက်နဲ့ ကြော်ငြာခကျုံ့မှ ဘာကြောင့်များ နှမြောနေကြသလဲမသိပါဘူး။ ရန်ကုန်မှာတောင် ဘာစာအုပ်တွေထွက်မှန်းမသိရင် နယ်မှာနေတဲ့လူတွေ ပိုဆိုးမှာပေါ့။ ကြော်ငြာခလေးတော့ နှမြောမနေကြပါနဲ့လို့ ထုတ်ဝေသူတွေကို မေတ္တာရပ်ခံချင်ပါတယ်။ မဂ္ဂဇင်းစာအုပ်တွေ လစဉ်ဝယ်ဖတ်နေတော့ မှန်



www.burmeseclassic.com

www.burmeseclassic.com

တာပြောရရင် အခုနောက်ပိုင်းမှာ ဝယ်ဖတ်ရတာ မတန်ဘူးလို့ထင်မိတယ်။ မဂ္ဂဇင်းစာအုပ်ဈေးတွေက ထောင့်လေးငါးရာ၊ နှစ်ထောင်ကနေ သုံးထောင်ထိရှိနေကြပေမယ့် စာဖတ်ချင်လို့ဝယ်တဲ့သူအတွက် ဖတ်စရာစာက တော်တော်နည်းပါတယ်။ တစ်ခါတလေများ ဖတ်သာဖတ်လိုက်ရတယ်။ စိတ်ထဲမှာ ကျေနပ်အားရဖြစ်သွားစေလောက်တဲ့ စာတစ်ပုဒ်မှ ပါတာမဟုတ်ဘူး။

အတုတွေပေးနေတာ

ဝတ္ထု၊ ကဗျာစတဲ့ ရသစာပေဖတ်တယ်ဆိုတာက ပညာဗဟုသုတဆည်းပူးချင်လို့ မဟုတ်ဘူး။ ရင်ကို ထိနိုက်လှုပ်ရှားသွားစေတဲ့ အရသာတစ်မျိုးမျိုးကိုခံစားချင်လို့ ဖတ်တာ။ ပညာဗဟုသုတလိုချင်ရင် ပညာရပ်ဆိုင်ရာစာအုပ်တွေနဲ့ စွယ်စုံကျမ်းတွေဖတ်မှာပေါ့။ ဒါပေမဲ့ အခုခေတ်ဝတ္ထုရေးသူတော်တော်များများက စေတနာကောင်းလွန်းပြီး ပညာဗဟုသုတပေးတာတွေ များလွန်းနေတော့ ဝတ္ထုနဲ့မတူတော့ဘဲ ကျမ်းစာအုပ်လိုလို ကျောင်းစာအုပ်လိုလိုဖြစ်နေတာ တွေ့ရပါတယ်။ တချို့ကျတော့လည်း စာရေးကောင်းကောင်း အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ဖတ်လို့တော့ကောင်းပါရဲ့။ ဒါပေမဲ့ 'ဖရဏာပီတိ ဂွမ်းဆီထိ'ဆိုတဲ့ ရှေးစကားလို ရင်ထဲစိမ့်ဝင်သွားစေတဲ့အရသာမျိုးတော့ မခံစားလိုက်ရဘူး။ ဘာကြောင့်လဲဆိုတော့ စာရေးသူက တကယ် သိတာမြင်တာ၊ သူတကယ်ခံစားရတာကို ရေးတာမဟုတ်ဘဲ အသိတု၊ အမြင်တု၊ ခံစားမှုတုတွေနဲ့ ရေးထားတာကိုး။ ပေးသူကိုယ်တိုင်က 'အတု'တွေပေးတာဆိုတော့ ဘယ်လိုလုပ်ပြီး အရသာရှိတဲ့စာဖြစ်တော့မှာလဲ။ မျက်စိနဲ့ဖတ်ပြီး မျက်စိထဲမှာပဲပျောက်သွားတာပေါ့။ ရင်ထဲထိ မရောက်တော့ပါဘူး။

စုန်းတောက်စားစာပေ

တချို့ စာရေးသိပ်ကောင်းတဲ့ စာရေးဆရာတွေကျတော့လည်း အတတ်ပညာတွေ ကစားပြထားလိုက်တာများ စုန်းတောက်စားသလိုက် လင်းလက်တောက်ပနေတာပါပဲ။ ဒါပေမဲ့ စုန်းတောက်စားသလို ဖျတ်ခနဲ လင်းပြီး ပျောက်သွားပါတယ်။ ဘာမှ ကျန်မနေရစ်ပါဘူး။ တချို့ကျတော့လည်း ဟိုဆု၊ ဒီဆုဆိုတာတွေ မျှော်ကိုးပြီး ဆုပေးသူများအကြိုက် ပုံစံရှု



ရေးနေကြတာဆိုတော့ ဘာအရသာမှ မတွေ့တော့ပါဘူး။ ဒါကြောင့် ခုတလော မြန်မာဝတ္ထုတွေဖတ်ပြီးတိုင်း စိတ်ချဉ်ဆူး ပေါက်ပေါက်နေရလို့ ပီမိုးနှင်းတို့၊ ရွှေဥဒေါင်းတို့၊ ဒဂုန်ရွှေမျှားတို့၊ မဟာဆွေတို့ စာအုပ်တွေပဲ အထပ်ထပ်ဖတ်ပြီးရင်းဖတ် လုပ်နေမိပါတော့တယ်။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ 'ဖရဏာပီတိ ဂွမ်းဆီထိ'ဆိုရလောက်အောင်ကို ရင်ထဲမှာ စွဲကျန်ရစ်တဲ့ စာလေးတစ်ပုဒ်နဲ့ စာအုပ်တစ်အုပ်ကို ဖတ်မိတာကြောင့် ဝမ်းသာအားရဖြစ်ပြီး ဒီစာကိုရေးလိုက်မိတာပါ။ စာကောင်းလေးဖတ်ရရင် ကိုယ့်လိုစာဖတ်သူများကို မျှဝေခံစားစေချင်တာကြောင့် ဖြစ်ပါတယ်။

သုမောင်ရဲ့ခုံ

စာလေးတစ်ပုဒ်ဆိုတာကတော့ ၂၀၀၉ ဧပြီလထုတ် မဟေသီမဂ္ဂဇင်းက 'ရသစာတမ်း'ခေါင်းစဉ်အောက်မှာ ဖော်ပြခဲ့တဲ့ စာရေးဆရာသုမောင်ရဲ့ 'ခုံ'ဆိုတဲ့စာလေးပါ။ ကိုသုမောင်က သူရေးလေ့ရှိတဲ့အတိုင်း ကျွန်တော်ဆိုပြီး ရေးထားပါတယ်။ သူ မနက်တိုင်း လက်ဖက်ရည်ဆိုင်ထွက်ထိုင်ရာမှာ နောက်ဖေးထောင့်စွန်းကခုံမှာသာ ထိုင်လေ့ရှိတဲ့အကြောင်း၊ ရက်ပေါင်းများစွာ ကြာသွားတဲ့အခါကျတော့ အဲဒီနေရာနဲ့ အဲဒီခုံကို 'ဦး ခုံ'လို့ စွဲမှတ်နေတဲ့အကြောင်း၊ 'တစ်ခါတလေ လက်ဖက်ရည်ဆိုင် လူကျသဖြင့် ပြင်ပစားသုံးသူများ ကျွန်တော့်ခုံထိုင်မိနေလျှင် ကျွန်တော်အလိုလိုစိတ်တိုပါသည်'လို့ ရေးပြပြီး လူတွေ အတ္တအစွဲကြီးပုံအကြောင်း ရေးပြသွားပါတယ်။ တစ်ခါတော့ သူ ၁၄ ရက်လောက် ဆေးရုံတက်လိုက်လို့ လက်ဖက်ရည်ဆိုင်မရောက်တော့ကြောင်း၊ ဆေးရုံဆင်းပြီး နောက်နေ့မနက်စောစော သူ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထွက်ခဲ့တော့ သူထိုင်နေကျခုံမှာ သူ့အစ်ကိုကြီး မောင်ဝဏ္ဏထိုင်နေတာကိုတွေ့ရကြောင်း၊ သူ့နေရာထိုင်နေတဲ့ သူ့အစ်ကိုကို ဘုကြည့်ကြည့်လိုက်မိကြောင်း ရေးထားပါတယ်။ ပြီးတော့ သူဆက်ရေးထားတာက–

''ထိုအခါ ကျွန်တော့်အတွက် လက်ဖက်ရည်လာချပေးနေကျ အဖျော်ဆရာလေးက ကျွန်တော့်နားကပ်ပြီး တိုးတိုးကလေး လာပြောပါသည်။ ဦးလေး၊ ဘဘဦးဝဏ္ဏ အဲဒီနေရာမှာ လာလာထိုင်နေတာ ဆယ့်လေးရက် ရှိနေပြီ၊ အဲဒီနေရာကို သူ့နေရာပဲထင်နေတာ' ဟူ၍ ဖြစ်ပါသည်''တဲ့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရေးတတ်လိုက်တာ

မဂ္ဂဇင်းစာမျက်နှာ တစ်မျက်နှာခွဲပဲရှိတဲ့ စာတိုကလေးနဲ့ လူ့စရိုက် လူ့သဘာဝ၊ လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ လူတွေရဲ့ အတ္တတွေကို ကိုသုမောင်က လှလှပပလေး ခြယ်မှုန်းပြသသွားတာဖတ်မိပြီး 'တော်လိုက်တာ၊ ရေးတတ်လိုက်တာ'လို့ မချီးမွမ်းဘဲမနေနိုင်ပါဘူး။ ဘာမှမဟုတ်တဲ့ လက်ဖက်ရည်ဆိုင်က နေရာလေးတစ်နေရာ၊ ခုံလေးတစ်ခုံကိုတောင် ထိုင်ပါများတော့ 'ငါ့နေရာ'၊ 'ငါ့ခုံ'ဆိုတဲ့ အစွဲဖြစ်လာတတ်တဲ့ လူ့သဘာဝကို ကတ်သီးကတ်သတ်မြင်တတ်ရုံမက ရေးလည်းရေးတတ်တဲ့ စာရေးဆရာကိုသုမောင်ကိုလည်း လေးစားသွားပါတယ်။ သုမောင်စာတွေဟာ သူ့အဖေအကြောင်း၊ သူ့အမေအကြောင်း၊ သူ့အကြောင်း၊ သူ့မိန်းမအကြောင်း၊ သူ့သားအကြောင်း၊ သူ့ဆွေမျိုးတွေအကြောင်း ရေးတာတွေချည်းပဲမို့ မဖတ်ချင်ဘူးဆိုသူတွေကို ဘယ်သူ့အကြောင်းရေးရေး၊ ဘယ်အကြောင်းအရာကိုပဲ ရေးရေး၊ သူ့စာတွေဟာ စုန်းတောက်စားသလို အတတ်ပညာကစားပြတဲ့ စာမျိုးသက်သက်မဟုတ်ဘဲ လူတွေရဲ့အကြောင်း၊ လူတွေရဲ့သဘာဝ ထောက်ပြရင်းနဲ့ စာဖတ်ပရိသတ်ကို စဉ်းစားစရာ တစ်ခုခုတော့ ပေးထားခဲ့တာတွေဖြစ်ကြောင်း ပြောရင်းနဲ့ ကိုသုမောင်ကို ဦးညွှတ်လိုက်ပါတယ်။

## ကျေနပ်မှုအပြည့်ရှိတဲ့စာအုပ်

နောက်ထပ်ဦးညွှတ်မိတာက စာရေးဆရာမ မြို့သာမရာထို ဖြစ်တယ်။ 'မိုးစပ်တောင်ရိပ်ခိုသူများနှင့် အခြားဝတ္ထုတိုများ'ဆိုတဲ့ စာအုပ်ကို မဖတ်ရသေးခင်မှာ တခြားဝတ္ထုစာအုပ် သုံးအုပ်ဖတ်ဖြစ်ခဲ့ပြီး တော်တော်မချင့်မရဲဖြစ်နေခိုက် မရာထိုရဲ့စာအုပ် ကောက်ကိုင်မိတော့လည်း ထူးမခြားနားနေမှာပဲ ဆိုတဲ့စိတ်နဲ့ ဖတ်ခဲ့တာပါ။ ဖတ်ရင်းနဲ့ ဝတ္ထုတို အပုဒ် ၂၀ ပါတဲ့ စာတစ်အုပ်လုံးကို ဆုံးသွားတဲ့အထိ တစ်ဆက်တည်းဖတ်ဖြစ်ခဲ့ပါတယ်။ သူ့အရင်ကဖတ်ထားတဲ့စာအုပ်တွေဆို ဖတ်လိုက်၊ စိတ်ပျက်တော့ ချထားလိုက်၊ နောက်ပြန်ဖတ်လိုက်၊ ချလိုက်နဲ့ အကြိမ်ကြိမ်ဖြစ်ပြီးမှ ဆုံးသွားတာမျိုး ဖြစ်တယ်။ ဖတ်ပြီးတော့လည်း ဘာအရသာမှ မခံစားရလို့ စိတ်ချဉ်ဆွးပေါက်ရသေးတယ်။ စမိရင် ဆုံးအောင်လုပ်တတ်တဲ့ စရိုက်ကြောင့်သာ ဆုံးအောင်ဖတ်လိုက်တာ၊ စိတ်ကပါလှတာမဟုတ်ဘူး။ မရာထိုရဲ့စာအုပ်



ကျတော့ ကောင်းကောင်းကြီးကျေနပ်သွားရတယ်။ ဖတ်နေရင်းလည်း ကောင်းကောင်းအရသာတွေ့ပါတယ်။ ဒီလိုစာရေးသူတွေလည်း ရှိပါသေးလားဆိုပြီး ဝမ်းသာရသေး၊ အားတက်ရသေး။

## ရိုးဂုဏ်ရှိတဲ့စာ

စာအုပ်ဆုံးအောင်ဖတ်ပြီးတော့ 'ဘာကြောင့်ဖတ်ကောင်းတာလဲ'လို့ ထုံးစံအတိုင်း သုံးသပ်ကြည့်မိတယ်။ သူ့ဝတ္ထုတွေမှာ ထူးခြားဆန်းသစ်တဲ့ အတွေးအမြင်၊ အရေးအဖွဲ့တွေတော့ မတွေ့ရဘူး။ အညာဒေသ နောက်ခံအကြောင်းအရာတွေကို ရိုးရိုးလေးရေးဖွဲ့ထားတာပါ။ အကြောင်းအရာတွေက ရိုးသလို စာရေးဆရာရဲ့ အရေးအဖွဲ့ကလည်း ရိုးပါတယ်။ စာကောင်းပေကောင်းရဲ့ အင်္ဂါရပ်တစ်ခုဟာ 'ရိုးဂုဏ်'ရှိခြင်းဖြစ်တယ်လို့ ဆရာဇော်ဂျီပြောခဲ့ဖူးတာကို ပြန်စဉ်းစားမိတော့မှ 'ဪ၊ ဒါကြောင့် ဖတ်ကောင်းတာကိုး'လို့ ကောက်ချက်ချလို့ရလိုက်ပါတယ်။ ဝတ္ထုတိုတွေ ရေးရာမှာ စာရေးဆရာမက သူသိတာ၊ သူမြင်တာ၊ သူခံစားရတာလေးတွေကို သူရေးတတ်သလို ရေးလိုက်တာဖြစ်တယ်။ သူမသိ သူနားမလည်တာကို သိသလိုလို၊ နားလည်သလိုလိုဟန်လုပ်ပြီး လူအထင်ကြီးအောင် ရေးတာမျိုးမတွေ့ရပါဘူး။ အသိတု၊ အမြင်တု၊ ခံစားမှုတုတွေနဲ့လည်း စာဖတ်ပရိသတ်ကို ညာမထားပါဘူး။ သူသိတာ၊ သူမြင်တာကို သူရေးတတ်သလို ရိုးရိုးလေးရေးထားတော့ ဖတ်ရတာ ချောကနဲချောကနဲ ဖြစ်သွားတယ်။ အသိတု၊ အမြင်တု၊ ခံစားမှုတုတွေနဲ့ ရေးတဲ့စာတွေလို ဝါကျတွေက 'ထော့ကျိုး၊ ထော့ကျိုး'ဖြစ်မနေဘူး။ အညာသူတစ်ယောက်က သူသိတဲ့ အညာသူ အညာသားတွေရဲ့ စရိုက်ကို သူပိုင်နိုင်တဲ့ 'အညာလေနဲ့ ရိုးရိုးလေးရေးလိုက်တော့ ဖတ်ရသူကိုယ်တိုင် 'အညာရနံ့'တွေ ရှူရှိုက်မိသလို ခံစားရတယ်။

## အသက်မရှိတဲ့စာ

ခုတလောဖတ်နေရတဲ့ မြန်မာဝတ္ထုတွေမှာက အတိုဖြစ်ဖြစ်၊ အရှည်ဖြစ်ဖြစ် 'ရိုးဂုဏ်'ကို သိပ်မတွေ့ရဘူး။ အသိတု၊ အမြင်တုတွေကို ခံစားမှုအတုနဲ့ ဟန်လုပ်ရေးထားတာမျိုးတွေပဲ တွေ့နေရတယ်။ ဟန်လုပ်ခံစားပြီး ဟန်လုပ်ရေးထားတဲ့စာမျိုးက စာဖတ်သူရဲ့ရင်ထဲကို 'ဖရဏာပီတိ



www.burmeseclassic.com

www.burmeseclassic.com

ဝွမ်းဆီထိ'သလို ဘယ်လိုလုပ်ပြီး စိမ့်ဝင်သွားနိုင်မှာလဲ။ အတုဆိုတာ အတုပဲလေ။ ဘယ်လောက်ကောင်းအောင် တုနိုင်တယ်ပြောပြော အတုက အစစ်ဖြစ်မလာနိုင်ပါဘူး။ တချို့စာရေးသားမှုအတတ်ပညာမှာ တစ်ဖက်ကမ်းခတ်အောင် ထူးချွန်ပြောင်မြောက်တဲ့ စာရေးဆရာတွေရေးထားလိုက်တဲ့ စာတွေများ ချောမွတ်နေလိုက်တာ ဝင်နားမိတဲ့ခြင်တောင် ချော်လဲနိုင်လောက်တာကြောင့် 'ခြင်ချော်လဲစာ'လို့တောင် ကင်ပွန်းတပ်လိုက်ချင်တယ်။ ဒါပေမဲ့ စာတွေထဲမှာ ရေးထားတာတွေက အသိတု၊ အမြင်တု၊ ခံစားမှုတုတွေချည်းဆိုတော့ စာတစ်ပုဒ်လုံးက 'ဟန်'သာရှိပြီး 'အသက်ဝိညာဉ်'တော့မရှိပါဘူး။ ဒီတော့ ဘယ်လောက်ဖတ်ဖတ် ဘာအရသာမှ ရင်ထဲမှာ စွဲပြီးမကျန်ရစ်ပါဘူး။ ဒါကြောင့်လည်း မြန်မာဝတ္ထုတွေ ဘယ်လောက်ဖတ်ဖတ် ဘယ်တော့မှ 'အာသာမပြေ'နိုင်တာ ဖြစ်တယ်။ အာသာမပြေတာတွေများလာတော့ စိတ်ထဲမှာ 'ချဉ်ဆူး'ပေါက်လာတော့တာပေါ့။ ဖတ်ပြီး ကျေနပ်နှစ်သိမ့်မှုအပြည့်နဲ့ အာသာပြေသွားတဲ့စာမျိုး ဒီခေတ်မှာ အင်မတန်ရှားပါးသွားပြီ။ ဟန်လုပ်ထားတဲ့ 'ဝတ္ထုအတုတွေပဲ များနေတယ်။ အခုပြောခဲ့တဲ့ စာရေးဆရာသုမောင်ရဲ့ 'နံ'ဆိုတဲ့ စာတမ်းကလေးနဲ့ စာရေးဆရာမ မြို့သာမရာထိုရဲ့ ဝတ္ထုတိုလေးတွေကတော့ သူတို့ တကယ်သိတဲ့ မြင်တဲ့အတိုင်း၊ သူတို့ တကယ်ခံစားရတဲ့အတိုင်း၊ ရိုးရိုးကလေး ရေးသားတင်ပြထားတာတွေဖြစ်လို့ 'အတု'မဟုတ်တဲ့ 'အစစ်'တွေပါလို့ ခံစားလိုက်ရတဲ့အတွက် တစ်ဆင့်ပြန်လည်ဝေမျှ ခံစားစေလိုက်တာ ဖြစ်ပါတယ်။

၂၇၊ ၅၊ ၂၀၀၉



# ခေါင်းငုံ့မထားနဲ့၊ ရဲရဲကြီးမော့ထားလိုက်စမ်းပါ

နှစ်ပေါင်း နှစ်ဆယ်အစိတ်လောက် အင်္ဂလိပ်စကားပြောသင်တန်းဆရာလုပ်ခဲ့လေတော့ လူအမျိုးမျိုး စိတ်အထွေထွေဆိုသလို လူမျိုးစုံကို တွေ့ခဲ့ဖူးပါတယ်။ တချို့က စိတ်တက်ကြွလွန်းကဲတယ်။ တချို့က စိတ်ကျလွန်ကဲတယ်။ တချို့ကျတော့ တက်လွယ်ကျလွယ်လွန်းတယ်။ တတိယအမျိုးအစားက အများဆုံးဖြစ်တာ သတိထားမိတယ်။ ပထမအမျိုးအစားက အနည်းဆုံးဖြစ်ပါတယ်။

ပထမ

အဲဒီပထမအမျိုးအစားက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိကြတယ်။ ဘာမဆိုဖြစ်အောင်လုပ်နိုင်တယ်လို့ ယုံကြည်တယ်။ အဲဒီယုံကြည်မှုလွန်ကဲလွန်းတော့ တခြားသူတွေကို အထင်သေးပြီး ငုံ့ကြည့်လေ့ရှိတယ်။ အများက ဘဝင်မြင့်တယ်၊ အောက်ခြေလွတ်တယ်လို့ မြင်လေ့ရှိကြတယ်။ တစ်ဖက်သားကို ငုံ့ကြည့်တတ်တဲ့အကျင့်ကို ပြုပြင်နိုင်မယ်ဆိုရင် လူတော်လူကောင်းဖြစ်တယ်။

ဒုတိယ

ဒုတိယအမျိုးအစား စိတ်ကျလွန်ကဲသူများက ပထမအမျိုးအစားထက် အရေအတွက်အားဖြင့် အများကြီးပိုတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းလွန်းပြီး ဘယ်ကိစ္စမဆို လွယ်လွယ်ကူကူလက်လျှော့ အရှုံးပေးတတ်တယ်။ လုပ်သင့်လုပ်ထိုက်တာကို တွန့်ဆုတ်တွန့်ဆုတ် မလုပ်ရဲ၊ မကိုင်ရဲဖြစ်လေ့ရှိတယ်။ အရာရာကို အရှုံးဘက်က အဆိုးဘက်ကချည်း တွေးမြင်တတ်တယ်။ သူတစ်ပါးအပေါ် မှီခိုစိတ်လွန်ကဲလေ့ရှိတယ်။ ဒီအမျိုးအစားထဲက လူကောင်းတွေရှိနိုင်ပေမယ့် လူတော်တွေဖြစ်လာဖို့တော့ ခဲယဉ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

### တတိယ

အများဆုံးဖြစ်တဲ့ တတိယအမျိုးအစားကတော့ ကောက်ရိုးမီးလို ဟုန်းခနဲထတောက်ပြီး ချက်ချင်းလက်ငင်း ဟုတ်ခနဲငြိမ်းသွားတတ်တဲ့ လူစားမျိုးဖြစ်တယ်။ တက်ချင်လည်း သူတို့ပဲ၊ ကျချင်လည်း သူတို့ပဲ။ အပြောင်းအလဲ သိပ်မြန်တာ။ အပူပိုင်းဒေသဖြစ်လို့ သွေးက ပူလွယ်၊ အေးလွယ်ဖြစ်သလား မဆိုနိုင်ဘူး။ မြန်တာတော့ အံ့ဩစရာကောင်းလောက်အောင်ကို မြန်တယ်။ စိတ်ဓာတ်တက်ကြွနေပါသကောဆိုပြီး လွှတ်မထားလိုက်နဲ့၊ နောက်ပြန်လှည့်ကြည့်လိုက်တဲ့အခါမှာ စိတ်ဓာတ်တွေကျပြီး ခေါင်းငိုက်စိုက်ဖြစ်နေတာတွေ့ချင်တွေ့ရလိမ့်မယ်။ စိတ်ဓာတ်တွေကျပြီး အားငယ်နေရာက ခဏလေးအတွင်းမှာပဲ 'ပေါရိသာဒ ထသလို' စိတ်တွေ အရမ်းတက်ကြွလာပြီး တားမရဆီးမရဖြစ်ချင်လည်း ဖြစ်နေတတ်တယ်။

### အဆိုးမြင်သမား

ဒုတိယအမျိုးအစားကလွဲရင် ကျန်နှစ်မျိုးစလုံးဟာ ဆင်ခြင်တုံတရားပြည့်ဝပြီး ရင့်ကျက်လာတဲ့အခါမှာ ထူးချွန်ထက်မြက်တဲ့ လူတော်လူကောင်းတွေ ဖြစ်လာနိုင်ပါတယ်။ ဒုတိယအမျိုးအစား စိတ်ဓာတ်ခွန်အားပျော့ညံ့လွန်းသူ၊ အရာရာကို အဆိုးဘက်အပျက်ဘက်က မြင်တတ်သူမျိုးကတော့ ဗီဇစိတ်ဓာတ်ကို ပြောင်းလဲမပစ်နိုင်ဘူးဆိုရင် ထူးချွန်ထက်မြက်သူဖြစ်လာဖို့ အင်မတန်ခဲယဉ်းပါတယ်။ မလုပ်ခင်ကတည်းက ဖြစ်မှာမဟုတ်ပါဘူး ရှုံးမှာပါပဲဆိုတဲ့အမြင်က လွှမ်းမိုးနေလေတော့ ဘာမှလုပ်ဖြစ်မှာမဟုတ်ပါဘူး။ ဘာမှမလုပ်ရင် ဘာမှမဖြစ်ပါဘူး။ သာမန်သူလိုငါလို လူအုပ်ကြီးထဲက သာမန်သူလိုငါလိုလူတစ်ယောက်သာ ဖြစ်မှာပါ။ Mr.Nobody, Ms.Nobody ဆိုပါတော့။ Somebody မဖြစ်နိုင်ပါဘူး။ စိတ်ဓာတ်ခွန်အား ကြီးမားသူများသာ ထူးချွန်ထက်မြက်သူ ဖြစ်နိုင်ပါတယ်။

### ဆန္ဒရှိက ပြောင်းလို့ရ

ပထမနဲ့ တတိယအမျိုးအစားနှစ်မျိုးက ရင့်ကျက်လာတာနဲ့အမျှ စိတ်အပြောင်းအလဲ သိပ်မမြန်တော့ဘဲ တည်ငြိမ်လာပါလိမ့်မယ်။ ထူးချွန်ထက်မြက်သူဆိုတာ ဒီနှစ်မျိုးထဲကပဲ ထွက်လာနိုင်ပါတယ်။ ရင့်ကျက်မှုဆိုတာ အသိဉာဏ်ပညာနဲ့ အတွေ့အကြုံနှစ်မျိုးပေါင်းစပ်ပြီး ပေါ်ထွက်လာတာဖြစ်တယ်။ ပညာကို မနားမနေ ဆည်းပူးရှာဖွေနေဖို့ပဲ လိုတယ်။ ဒုတိယအမျိုးအစား စိတ်ပျော့သူများလည်း တကယ်တမ်းကြိုးစားမယ်ဆိုရင် စိတ်ဓာတ်ပျော့ညံ့မှုကို ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ ပြောင်းလဲချင်စိတ်ထက်သန်ဖို့သာ လိုပါတယ်။ လောကမှာ မဖြစ်နိုင်တဲ့အရာ ဘာမှမရှိပါဘူး။ စိတ်ညစ်စရာတွေ၊ စိတ်ဓာတ်ကျစရာတွေ၊ ရှုံးနိမ့်မှုတွေ ဘယ်လောက်ပဲများများ ထွက်ပေါက်လုံးလုံးမရှိတာ မဟုတ်ပါဘူး။ ထွက်ပေါက်ကို မတွေ့ရသေးတာပဲရှိတာပါ။ ဖွဲကောင်းကောင်းနဲ့ဆက်ရှာရင် မတွေ့ဘဲမနေပါဘူး။ 'ဘယ်လောက် မည်းမှောင်တဲ့တိမ်တိုက်ဖြစ်ပါစေ၊ ငွေနားကွပ်ပါမြဲဖြစ်တယ်' ဆိုတဲ့စကားကိုသာ ယုံကြည်ပါ။ စိတ်ထဲမှာ မသေချာရင် မိုးပေါ်ကိုသာ မော့ကြည့်လိုက်ပါ။ ခုလိုမိုးတွင်းမှာ မည်းမှောင်နေတဲ့ တိမ်တောင်တိမ်တိုက်ကြီးတွေ မြင်သာထင်သာပါတယ်။ အဲဒီတိမ်မည်းကြီးတွေရဲ့ အစွန်းအဖျားမှာ အလင်းရောင်တွေ ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။

### လောကသဘာဝ

လူ့ဘဝဆိုတာလည်း အလားတူပါပဲ။ အခက်အခဲ မကြုံဖူးသူ၊ ဒုက္ခမတွေ့ဖူးသူ လောကမှာမရှိပါဘူး။ ဖုန်းတောင်းယာစကာလည်း ဒုက္ခကြုံရသလို၊ မင်းဧကရာဇ်များလည်း ကြုံရတာပါပဲ။ ဒါ လောကသဘာဝဖြစ်တယ်။ ဒီလောကသဘာဝကို သိမြင်သဘောပေါက်ထားရင် စိတ်ဓာတ်ကျစရာမရှိပါဘူး။ အရေးကြီးတာက ကိုယ်တစ်ယောက်ထဲကွက်ပြီး ဒုက္ခရောက်တာမဟုတ်ပါလားဆိုတာကို သိထားဖို့သာဖြစ်တယ်။ လူဟာ ကိုယ့်ကိုယ်ကိုယ် အင်မတန်သနားတတ်ပါတယ်။ ကိုယ့်ဒုက္ခက သူများဒုက္ခထက်ကြီးတယ်လို့ အမြဲတမ်းထင်တတ်တယ်။ ဒုက္ခကြုံတဲ့အခါမှာ ကိုယ့်ထက်အဖြစ်ဆိုးသူများကို စဉ်းစားကြည့်ဖို့ အကြံပေးချင်ပါတယ်။ ကိုယ်တွေ့မှာပါ။ ၁၉၈၀ ခုနှစ်က ထောင်ထဲမှာလေဖြတ်သွားတယ်။ နှစ်ရက်သုံးရက်လောက် သတိမရပါဘူး။ သတိရတော့ ရန်ကုန်ဆေးရုံကြီးရောက်နေတာသိရတယ်။ ညာဖက်ကိုယ်တစ်ခြမ်းလုံး လှုပ်လို့မရတော့ပါဘူး။ ခေါင်းလည်းထောင်လို့မရဘဲ ဇက်ကျိုးကျနေပါတယ်။ ကံကောင်းထောက်မစွာ လျှာတို့၊ ပါးစပ်တို့၊ မျက်နှာတို့ကတော့ ဘာမှမဖြစ်ပါဘူး။ ဆေးရုံက ဆရာဝန်ဆရာမများရဲ့ ဂရုစိုက်မှုကြောင့် အသက်ဘေးက လွတ်ခဲ့ရုံမက၊ ခြေ...နေလည်း အများကြီးတိုးတက်လာခဲ့ပါတယ်။ ပြည်သူ့ဆေးရုံက ဆရာ




www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးတွေ၊ ဆရာဝန်လေးတွေနဲ့ ဆရာမလေးတွေကို အင်မတန် ကျေးဇူးတင်ရပါတယ်။

## ကြိုးမှ ဝလုံးရေးကျင့်ရ

အခြေအနေတိုးတက်လာတော့ ရူပဗေဒဆေးကုဌာနမှာ မီးကင် ခွာတ်ကင်တာတွေ၊ ဖယောင်းပူကြပ်စည်းတာတွေ၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတွေ လုပ်ရပါတယ်။ လပေါင်းများစွာကြာအောင် လုပ်ရတာပါ။ ကိုယ်တစ်ခြမ်းသေတဲ့ဘဝနဲ့ အိပ်ရာထဲကမထနိုင်တာ စိတ်မဆင်းရဲဘဲ ဘယ်နေပါ့မလဲ။ ဒါပေမဲ့ စိတ်ဆင်းရဲပြီး ညည်းတွားနေလို့ ပြီးတဲ့ကိစ္စမှ မဟုတ်တာ။ ဒီတော့ အားတင်းပြီး ကြိုးစားလေ့ကျင့်ရတာပေါ့။ နည်းနည်းသက်သာလာပြီဆိုကတည်းက ဘောပင်နဲ့စာအုပ်မှာပြီး ဝလုံးအရေးကျင့်တော့တာပါပဲ။ စစချင်းတော့ ဘယ်လက်နဲ့ဘောပင်ကို ကိုင်လို့ကို မမြဲပါဘူး။ စာရွက်ပေါ် ဝလုံးရေးကြည့်တော့လည်း ဘောပင်က ဟိုထိုးသွားလိုက်၊ ဒီထိုးသွားလိုက်နဲ့ ရေးလို့ကိုမရပါဘူး။ အဝိုင်းမပြောနဲ့ လေးထောင့်တောင်ဖြစ်မလာပါဘူး။ တော်တော်ကို စိတ်ဓာတ်ကျခဲ့ရပါတယ်။ လေးငါးခြောက်ရက် ဆက်ကျင့်တော့ ဝလုံးဖြစ်အောင်တော့ ရေးလို့ရပါတယ်။ ညီညီညာညာတော့ ဘယ်ဖြစ်ဦးမှာလဲ။ ကြီးတာကြီး သေးတာသေးပေါ့။ ဝလုံးတွေကလည်း ဝလုံးနဲ့မတူဘဲ အဖုတွေအထစ်တွေနဲ့ ပိန်းဥလို ဖြစ်နေပါတော့တယ်။ ဒီလိုနဲ့ ဆက်ကျင့်လိုက်တာ နှစ်လသုံးလကြာတော့ မလှပေမယ့် ညီညီညာညာ မြန်မြန်ဆန်ဆန်နဲ့ အများကြီးရေးနိုင်သွားပါတယ်။ ဒါပေမဲ့ လူက မလှုပ်နိုင် မရှားနိုင်သေးတော့ စိတ်ညစ်အားငယ်တာကတော့ မပျောက်ပါဘူး။

## ကိုယ့်ထက်ဆိုးသူတွေချည်းပါ

ဆေးရုံကြီးမှာ လေ့ကျင့်ခန်းတွေလုပ်နေရာက၊ တစ်ပတ်မှာ နှစ်ရက်သုံးရက်လောက် သမိုင်းမှာရှိတဲ့ မသန်မစွမ်းဆေးရုံကိုလည်း သွားပြီးလုပ်ရပါတယ်။ ဆေးရုံက လူနာတင်ယာဉ်နဲ့ လိုက်ပို့ပါတယ်။ အဲဒီ သမိုင်းဆေးရုံရောက်တော့ ပိုလီယိုဖြစ်တဲ့ ကလေးလူနာတွေကိုလည်း အများကြီးတွေ့ရပါတယ်။ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှနဲ့ လေးဖက်နာကြောင့် ခြေချောင်း လက်ချောင်းတွေ ကွေးကောက်နေတဲ့ ဆရာဝန်မလေးတစ်ယောက်လည်း တွေ့ရပါတယ်။ အသက် ၁၈ နှစ်လောက် တရုတ်မလေးတစ်ယောက်



ဆို ဘယ်တစ်လုံးညာတစ်လုံးနဲ့ အမူးသမား လမ်းလျှောက်သလို ဘယိမ်းယိမ်းတယိုင်ယိုင် လျှောက်နေရရုံတင်မက၊ ပါးတစ်ခြမ်းရွဲ့ပြီး ပါးစပ်ထဲက သရေတွေ တမြားမြားယိုစီးကျနေတာကို မကြည့်ရက်စရာတွေ့ရတယ်။ ဒီလိုသနားစရာအဖြစ်အပျက်တွေကို မြင်တွေ့ရတဲ့အခါကျတော့ သူတို့နဲ့စာရင် ငါ တယ်ကံကောင်းပါလားလို့ တွေးမိပြီး ကျနေတဲ့စိတ်ဓာတ်တွေ တစ်ဟုန်ထိုးပြန်တက်သွားခဲ့ရတယ်။ ဒီလိုနဲ့ပဲ ဒုက္ခိတဘဝရောက်ခဲ့တာ ၂၉ နှစ်တောင် ရှိခဲ့ပြီ။ အသက်ကလေး ရှည်အောင်တော့ ဆက်ပြီး ဆွဲဆန့်ထားနိုင်သေးတယ်။ အောက်စီဂျင်စက် တန်းလန်းနဲ့နေရလည်း ဘာဖြစ်လဲ။ စာတွေရေးနေနိုင်ရင် ပြီးတာပဲပေါ့။

## ခေါင်းငုံ့မထားနဲ့

စိတ်အားငယ်တတ်သူတွေ၊ စိတ်ဓာတ်ကျနေသူတွေကို မသန်မစွမ်းဆေးရုံလို ဆေးရုံတွေကို တစ်ခေါက်လောက်ဖြစ်ဖြစ် သွားဖြစ်အောင် သွားကြည့်ကြစမ်းပါလို့ အကြံပေးချင်တယ်။ လောကမှာ ကိုယ့်ထက် ဒုက္ခ[illegible]များသူတွေ အများကြီးပါ။ ကိုယ်တစ်ယောက်တည်းကွက်ပြီး ဒုက္ခခံရ[illegible]က်ပါဘူး။ တိမ်ညိုတိမ်မည်းတုံ[illegible]ရဲ့အနားသပ်မျဉ်းမှာ ငွေရောင်တွေ လင်းလက်နေတယ်လေ။ ခေါင်းငုံ့မထားနဲ့၊ ခေါင်းကို ရဲရဲကြီးမော့ထားလိုက်စမ်းပါ။

၈၊ ၆၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

## ဟမ်ဘာဂါနဲ့ ပေါက်စီကြားက မုန့်ပျားသလက်၊ မုန့်စိမ်းပေါင်း

တစ်နေ့မှာ သမီးတစ်ယောက်က မြန်မာမုန့်မျိုးစုံရောင်းတဲ့ ဆိုင်တစ်ဆိုင်တွေ့လို့ မုန့်ပျစ်သလက်(မုန့်ပျားသလက်)နဲ့ မုန့်စိမ်းပေါင်းတွေ ဝယ်လာပါတယ်။ မုန့်ပျစ်သလက်က အဖြူနဲ့ အနီ နှစ်မျိုးပါ။ အနီက ထန်းလျက်နဲ့ လုပ်ထားလို့ ချိုပါတယ်။ အဖြူကတော့ စားတော်ပဲပြုတ်၊ နှမ်းထောင်း၊ နံ့နံ့ပင်တို့နဲ့ မန္တလေးပုံစံအတိုင်းမို့ ငယ်ဘဝကို ပြန်ပြီးသတိရမိပါသေးတယ်။

### ပုဏ္ဏေားမအကြော်သည်

မုန့်ပျစ်သလက်အဖြူက မန္တလေးမှာ နှစ်မျိုးရှိပါတယ်၊ တစ်မျိုးက အထူ၊ တစ်မျိုးကအပါး။ အပါးက ကြွပ်ကြွပ်ရွရွလေးနဲ့ တစ်မျိုးစားကောင်းပါတယ်။ ကြက်ဥထည့်ပြီး လုပ်နိုင်းလည်းရတယ်။ အထူကတော့ အများအားဖြင့် ပုဏ္ဏေားမအကြော်သည်တွေဆီက ဝယ်စားရတာ မှတ်မိပါတယ်။ အဲဒီ ပုဏ္ဏေားမအကြော်သည်က ဗန်းအကြီးကြီးထဲမှာ အကြော်တွေ ထည့်၊ ခေါင်းပေါ်ရွက်ပြီး လည်ရောင်းတာပါ။ သူ့ဗန်းထဲမှာ ဘူးသီးကြော်၊ ဘယာကြော်၊ ကြက်သွန်ကြော်၊ ပဲစိမ်းလုံးကြော် စတဲ့အကြော်စုံတွေအပြင် မုန့်ကတိုးဝါကြော်နဲ့ ကြက်ဥမုန့်ဆိုတာမျိုးလည်း ပါပါသေးတယ်။ ကြက်ဥမုန့်ဆိုတာက ဂျုလေဘီခေါ်တဲ့ ကုလားမုန့်လိုမျိုးပါ။ သူက သကြားရည်အစား ထန်းလျက်နဲ့လုပ်ပါတယ်။ မနက်စောစောမှာ အဲဒီဘယာကြော်နဲ့ မုန့်ပျစ်သလက် စားတတ်ကြပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ အမြဲရောင်းတဲ့ ပုဏ္ဏေားမက မမြရင်တဲ့။ သူက မနက်စောစောအကြော်ရောင်းပြီး ညနေဖက်ကျတော့ စွန်တာနီပဲပင်ပေါက် လည်ရောင်းပါတယ်။ သူ့ယောက်ျားပုဏ္ဏေားကတော့ မြင်းလှည်းမောင်းပါတယ်။ လင်မယားနှစ်ယောက် တက်ညီလက်ညီနဲ့ ကြိုးစားပမ်းစားလုပ်ကိုင်ကြတာပါ။ အထမ်းကြီးနဲ့ မုန့်ဟင်းခါးသည်ကတော့ နည်းနည်းနောက်ကျပြီး ၈ နာရီလောက်မှ ရောက်လေ့ရှိပါတယ်။ မန္တလေးမုန့်ဟင်းခါးက ရန်ကုန်လို ငါးများများမပါပါဘူး။ ပဲမုန့်များများနဲ့ဆိုတော့ ခပ်ပျစ်ပျစ် ခပ်ဝါဝါပါ။ ငါးသိပ်မပါတော့ အောက်အရပ်ကလိုတော့ ဘယ်ကောင်းမှာလဲ။ ဒါပေမဲ့ မန္တလေးသားတွေက အဲဒီပဲမုန့်များများနဲ့ နှစ်ပန်းကန်တစ်မတ်ဆိုတဲ့ မုန့်ဟင်းခါးကိုပဲ ပိုပြီးကြိုက်ကြပါတယ်။

### ဒူးမုန့်၊ ဘန်းမုန့်

ဒေသစွဲပေါ့လေ။ အညာအရပ်က အောက်အရပ်ထက် အစားအသောက် ပိုပြီးပေါတယ်ထင်ပါတယ်။ မိုးလင်းတာနဲ့ တစ်သည်ပြီးတစ်သည် ရောက်လာကြတာပါပဲ။ အကြော်သည်၊ မုန့်ဟင်းခါးသည်တို့ နောက်ကပ်ပါလာတတ်တာက ကောက်ညှင်းပေါင်း၊ ချိတ်ပေါင်းသည်နဲ့ ဆီထမင်းသည်၊ အဲဒါတွေက ရန်ကုန်မှာလို အုန်းသီးနဲ့မစားပါဘူး။ ပဲပြုတ်နဲ့စားပါတယ်။ နေ့ခင်းနေ့လယ်ကျတော့ အထမ်းနဲ့မြည်းရှည်သည်နဲ့၊ ခိုတောင်မုန့်တီသည်၊ ပြီးတော့ မုန့်လက်ဆောင်း နံကထိသည်၊ မုန့်လက်ဆောင်းထဲကို ကောက်ညှင်းပေါင်းထည့်ထားတာကို နံကထိလို့ခေါ်တာပါ။ ပြီးတော့ သာကူသို၊ နို့ထမင်းသည်ပါ။ နို့ထမင်းထဲကို ထန်းလျက်ရည်လေးဆမ်းပြီး စားရတာ ချိုဆိမ့်ဆိမ့်လေးမို့ အရသာသိပ်ရှိပါတယ်။ ညနေစောင်းရင် ကျွန်တော်တို့မျှော်တတ်တာက ပေါင်မုန့်၊ ဒူးမုန့်သည်ကုလားကြီးပါ။ ကုလားကြီးက ဘောင်းဘီဖြူနဲ့ အင်္ကျီဖြူအရှည်ကြီးဝတ်ပြီး ရှေ့ကထီးကောက်ကြီးကိုင်ပြီး သွားပါတယ်။ သူ့နောက်ကအလုပ်သမားက ရောမတောင်းကြီးရွက်ပြီး လိုက်ရတာပါ။ တောင်းကြီးထဲမှာက ထောပတ်နံ့သင်းနေတဲ့ ထပ်တစ်ရာနဲ့ ပေါင်မုန့်၊ ဘန်းမုန့်၊ ဒူးမုန့်ခေါ်တဲ့ ဒူးဆစ်ပုံညှင်းပုံ မုန့်ကြွပ်၊ မုန့်ကြွပ်အပြားနဲ့ နံ့ချောင်းတို့ ပါပါတယ်။ ထပ်တစ်ရာက စားကောင်းသလို မုန့်ကြွပ်တို့ နံ့ချောင်းတို့ကလည်း စမုန့်စပါးနံ့မွှေးမွှေးလေးနဲ့ သိပ်ကောင်းပါတယ်။ ဟူးသုပ်သည်ကလည်း မုန့်ဟင်းခါးသည်လိုပဲ ဆိုင်းထမ်းနဲ့ လည်ရောင်းတာပါ။ ဒါတွေက အိမ်မှာနေရင်း စားလို့သောက်လို့ ရတာတွေပါ။

### အထက်မီးအောက်မီးမုန့်

ဒါတွေအပြင် တခြားစားစရာမုန့်တွေလည်း ပေါပါတယ်။ မုန့်ဦးနှောက် ... ပျောကင်သည်ဆီမှာပါတဲ့ ငှက်ပျောထုပ်ကလည်း ငှက်ပျောဖက်နဲ့





www.burmeseclassic.com

www.burmeseclassic.com

သင်းသင်းလေးနဲ့ စားချင်စရာပါ။ မုန့်ပေါင်းသည်၊ မုန့်ပျစ်သလက်သည်၊ အထက်မီးအောက်မီးသည်တို့ကတော့ အရပ်ထဲမှာ အထိုင်ချရောင်းကြတာမျိုးပါ။ အထက်မီးအောက်မီးဆိုတာက အိုးကင်းစောက်စောက်နဲ့ မုန့်ပျစ်သလက်လို လုပ်တာပါ။ အလယ်က မုန့်ပေါင်းလို ဖောင်းဖောင်းလေးနေပြီး အနားသားကမုန့်ပြစ်သလက်အပါးလို ကြွပ်ကြွပ်ပါးပါးလေးပါ။ ထန်းလျက်နဲ့ လုပ်တာဆိုတော့ ချိုမွှေးလေးပေ့ါ။ အိုးကင်းအဖုံးပေါ်မှာပါ မီးကျည်းခဲတင်ပြီး လုပ်တာဖြစ်လို့ အထက်မီးအောက်မီးလို့ ခေါ်တာပါ။ ရန်ကုန်မှာ မတွေ့ဖူးပါဘူး။ ရန်ကုန်မှာမရှိတဲ့ အညာမုန့်တစ်မျိုးက မုန့်ဆပ်သဖူးပါ။ ကြိတ်မုန့်လိုဆန်မှုန့်ကို ဆန်ကာပိုင်းနဲ့တိုက်ချပြီး အိုးကင်းပြားမှာ အိုးကင်းပူတိုက်လုပ်တာပါ။ ကြွပ်ရွလာတော့ သကြားနဲ့ အုန်းသီးဆံနိုင်းချင်းထည့်ပြီး ဘေးအနားသားနှစ်ဖက်ကို ခေါက်ပေးလိုက်တာပါ။ အိုးကင်းပေါ်ကချပြီးပြီးချင်း စားမှ ကောင်းပါတယ်။ အေးသွားရင် သိပ်ပြီးစားလို့မကောင်းတော့ပါဘူး။

**စံရွှေးဆိပ်ကမ်းလွမ်းတယ်**

ဒီလိုမုန့်မျိုးစုံအပြင် ရန်ကုန်မှာမရှိတဲ့ အသီးတွေလည်း အများကြီးပါပဲ။ သီးသီးဆိုရင် ရွှမ်းပြင်းစားကောင်းသလို သီးသီးမှည့်ကို ထန်းလျက်နဲ့ ခေါက်ပြီး စားရတာလည်း အရသာရှိပါတယ်။ သီးသီးစိမ်းကတော့ နာမည်ကျော် သီးသီးသုပ်လုပ်တာပေ့ါ။ နောက် မုန်ကူသီး၊ သစ်ချိုသီး ဆိုတာတွေ ရှိသေးတယ်။ ရှေးက မန္တလေးက စစ်ကိုင်းဘက်၊ ရွှေဘိုဘက်သွားရင် စစ်ကိုင်းတံတားကြီးမပြင်ရသေးတော့ စံရွှေးဆိပ်ကမ်းမှာဆင်းပြီး ဇက်နဲ့ စစ်ကိုင်းဘက်ကူးရပါတယ်။ စံရွှေးဆိပ်ကမ်းမှာ သစ်ချိုသီးတွေ ခြင်းကလေးတွေနဲ့ ထည့်ရောင်းတာပါ။ စစ်ကိုင်းဘူတာမှာလည်း ရောင်းပါတယ်။ အခုခေတ်တော့ မတွေ့ရတော့ပါဘူး။ နောက်တစ်မျိုးက သဘော်ဆီးဖြူသီးပါ။ သဘော်မန်ကျည်းသီးလည်းခေါ်၊ တရုတ်မန်ကျည်းသီးလည်းခေါ်တဲ့ အသီးလည်း ဒီခေတ်မှာ မတွေ့ရတော့ပါဘူး။ ကျေးလက်ဒေသတွေမှာများ ရှိဦးမလား မသိတော့ပါဘူး။ စံရွှေးဆိပ်ကမ်းကို လွမ်းမိသေးတော့တယ်။

**အရွက်စုံအသုပ်စုံ**

ဒီလိုမုန့်ပဲသရေစာတွေသာမက ဟင်းအဖြစ်ထည့်စားကြတဲ့ ထနောင်းရွက်သုပ်၊ မြူရွက်သုပ်၊ ရွှေပဲရွက်သုပ်၊ မြေပဲရွက်၊ လက်ပံဖူး၊ ညောင်ချဉ်ဖူး၊ ဆူးပုတ်ကလေး၊ ဇီးဖြူသီး၊ တစောင်းခါး၊ တစောင်းချဉ်၊ ဟင်းဂလာချဉ်၊ ခံတက်ချဉ်၊ နှမ်းဖတ်ချဉ် စတဲ့ စတဲ့ အရွက်မျိုးစုံကလည်း ပေါလှပါတယ်။ အထူးလွမ်းမိတာကတော့ နုပြီးချိုလှတဲ့ ယုန်သားထောင်းနဲ့ ခွေးတောက်ရွက်ဟင်းချိုပါပဲ။ ယုန်သားကိုပြုတ် အသားတွေကိုထောင်းပြီး ကြက်သွန်နီကလေးပါးပါးလှီးထည့်ပြီး နှမ်းဆီကလေးဆမ်းစားရတာ အင်မတန် ထမင်းမြိန်စေပါတယ်။ ယုန်သားပြုတ်ထားတဲ့ ဟင်းရည်ထဲကို အရိုးတွေနဲ့ဆက်တည်ထားပြီး စားခါနီးမှ ခွေးတောက်ရွက်နုလေးတွေ ခပ်တဲ့ ဟင်းချို။ ပြီးတော့ မရမ်းသီးထောင်းကလေးနဲ့ဆို တကယ်ဆွေမျိုးမေ့လောက်တာပါ။ ပုရစ်ကြော်၊ တောင်ပုစဉ်းကြော်၊ ပုတတ်ကြော်၊ စာကလေးကြော်၊ တောဘဲနဲ့ မယ်ညိုကင်ဆိုတာတွေလည်း ပေါလှပါတယ်။

**မိခင်ကျောင်းတော်စိတ်**

ဒီလိုစားစရာတွေပေါလှတာကြောင့် အညာသားတွေ အညာဒေသစွဲကြီးတာ အပြစ်မတင်သင့်ပါဘူး။ စွဲစရာရှိလို့ စွဲကြတာကိုးလို့ပဲ သဘောထားကြပါ။ တကယ်တော့ မြို့စွဲ၊ ရွာစွဲ၊ ဒေသစွဲဆိုတာ ရှိသင့်တဲ့အရာဖြစ်တယ်။ ကိုယ့်ရပ်ကိုယ့်ရွာကို ချစ်တတ်မှ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်တဲ့စိတ် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ တစ်လောကပဲ မိတ်ဆွေကြီးတစ်ယောက်က ခုခေတ်လူငယ်တွေ မြို့နယ်အသင်းများကိစ္စ စိတ်မဝင်စားကြတော့တဲ့အကြောင်း ပြောခဲ့ပါသေးတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ မြို့နယ်အသင်းဆိုတာ ပင်စင်စားလူအိုလူမင်းတွေ စုဝေးရာနေရာတစ်ခုသဖွယ် ဖြစ်နေကြပါတယ်။ လူငယ်ပိုင်းတွေ မရှိသလောက်ပါပဲ။ ခုခေတ်ကိုယ့်ရပ်ကိုယ့်ရွာ တွယ်တာစိတ်သာမရှိတာမဟုတ်ဘူး။ လူငယ်တွေမှာ ကိုယ့်ကျောင်းကိုယ့်ဆရာဆိုတဲ့ လေးစားတန်ဖိုးထားစိတ်မျိုးပါ မရှိကြတော့တာကို သတိထားမိတယ်။ ရှေးခေတ်ကျောင်းသားတိုင်းလိုလိုမှာ 'မိခင်ကျောင်းတော်(Alma Mater)ဆိုတဲ့စိတ် သိပ်ကြီးမားပါတယ်။ ကိုယ့်ကျောင်း၊ ကိုယ့်ဆရာကို ဂုဏ်ယူဝင့်ကြွားစိတ်ပေ့ါ။ ဒီခေတ်ကလေးတွေမှာ အဲဒီ 'မိခင်ကျောင်းတော်'ဆိုတဲ့စိတ်ဓာတ်မျိုး လုံးဝမရှိကြတော့ဘူး။ စဉ်းစားကြည့်ရင် တော်တော်ရင်လေးစရာကောင်းပါတယ်။ တိုင်းချစ်ပြည်ချစ်စိတ်ဆိုတာ အလိုလိုနေရင်း မိုးပေါ်ကကျလာတာမျိုး မဟုတ်ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာကိုချစ်တဲ့စိတ်နဲ့ ကိုယ့်ကျောင်းကိုယ့်ဆရာကို ချစ်တဲ့စိတ်တို့ကို





www.burmeseclassic.com

www.burmeseclassic.com

အခြေခံပြီးမှ ကိုယ့်လူမျိုးကိုချစ်တဲ့စိတ်၊ ကိုယ့်နိုင်ငံကိုချစ်တဲ့စိတ်ဆိုတာတွေ ပေါ်ပေါက်လာတာဖြစ်တယ်။ တိုင်းတစ်ပါးကိုအထင်မကြီးဖို့၊ နိုင်ငံခြားအားမကိုးဖို့ဆိုတဲ့ အကြောင်းတွေကို ပါးစပ်နဲ့ပြောနေရုံနဲ့ မပြီးပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ ချစ်စရာအချက်အလက်တွေ၊ စွဲလမ်းစရာအကြောင်းအရာတွေကို သေသေချာချာသိမှ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဒေသစွဲကြီးတာကို အပြစ်မတင်စေချင်ဘူး။ ရန်ကုန်မှာ မြီးရှည်တို့၊ မုန့်တီတို့ ဘယ်လောက်ကောင်းတယ်ပြောပြော၊ မန္တလေးသားတွေကတော့ ဈေးချိုမြောက်မလွယ်ပေါက်က မြီးရှည်နဲ့ ဝင်းလိုက်ရုံက အစ်မကြီးမမြရီရဲ့ မုန့်တီကိုတော့ မှီတယ်မထင်ပါဘူး။ ဒေသစွဲမဟုတ်ပါဘူး။ တကယ်ကို လွမ်းလောက်အောင် ကောင်းလို့ပြောတာပါ။

### ကမ္ဘာ့ရွာမဖြစ်နိုင်ပါ

ဒေသစွဲစိတ်ဆိုတာ ကျဉ်းမြောင်းတယ်လို့ပြောလည်း မတတ်နိုင်ဘူး။ အညာသားကတော့ အညာကိုစွဲလမ်းတမ်းတနေမှာပဲ။ ကမ္ဘာ့ရွာကြီးလို့ ဘယ်သူတွေဘယ်လောက်ပြောပြော၊ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး။ ဖြစ်သင့်တဲ့အရာလည်း မဟုတ်ပါဘူး။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားတဲ့ အင်ကာနိုင်ငံတော်ကြီး ပျောက်ကွယ်သွားတာ၊ မာယာလူမျိုးများ မျိုးတုံးသွားတာတွေ သင်ခန်းစာယူသင့်တယ်။ ကျွန်တော်တို့ဆီက ပျူလူမျိုးများနဲ့ ပျူနိုင်ငံတော်ကြီးတွေလည်း လုံးဝကွယ်ပျောက်သွားခဲ့ရတာပဲလေ။ ကမ္ဘာမှာ လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံက သေးသေးလေးပါ။ ကြေးအိုးဆိုင်နဲ့ အကင်ဆိုင်တွေကြားမှာ မုန့်ပျစ်သလက်တို့၊ မုန့်စိမ်းပေါင်းတို့၊ မုန့်လက်ကောက်ကြော်တို့ ကွယ်ပျောက်မသွားရလေအောင် ဆိုင်ကြီးကနားကြီးဖွင့်ပြီး ရောင်းချပေးကြသူတွေကို အထူးပဲကျေးဇူးတင်မိပါတယ်။ ကိုယ့်စကားနဲ့ ကိုယ့်အစားအစာ ပျောက်ကွယ်သွားရင် ကိုယ့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါတယ်။ အဲဒါကြောင့် ကိုယ့်ဒေသကိုချစ်ပါ။ ကိုယ့်လူမျိုးရဲ့ ရိုးရာဓလေ့ထုံးစံတွေကို ချစ်ပါ။ မုန့်စိမ်းပေါင်းနဲ့ မုန့်လက်ကောက်ကြော်ကိုတော့ ဒိုးနတ်တို့ ဟမ်ဘာဂါတို့၊ ပေါက်စီတို့နဲ့ လဲမပစ်လိုက်ပါနဲ့လို့ တောင်းပန်စကား ဆိုလိုက်ရပါတယ်။

၂၂၊ ၆၊ ၂၀၀၉



# 'ဈော်ကြော်မယ်ဖို့'အော်တဲ့ပြည်သူ့နီတိအခြေခံ

မန္တလေးလွမ်းစိတ်နဲ့ မန္တလေး မုန့်ပဲသရေစာတွေ၊ အညာစာတွေအကြောင်း ဆောင်းပါးတစ်ပုဒ် မကြာမီလေးက ရေးဖြစ်ခဲ့ပါတယ်။ မမျှော်လင့်ဘဲ စာဖတ်ပရိသတ်အတော်များများဆီက ဝမ်းမြောက်ဝမ်းသာ မုဒိတာစကားတွေ ကြားခဲ့ရပါတယ်။ ကိုယ်လို အညာသားချင်းဆီကသာမက အောက်ပြည်အောက်ရွာနဲ့ မြေလတ်သားများဆီကပါ ကြားရတာပါ။ ဒီဆောင်းပါးက အညာသားတစ်ယောက်ရဲ့ အညာလွမ်းချင်းတစ်ပုဒ်သာ ဖြစ်တာကြောင့် ဒီလိုတုံ့ပြန်မှုမျိုး မျှော်လင့်မထားခဲ့မိပါဘူး။

### မြို့ပြဖြစ်ထွန်းမှု

သုံးသပ်ဝေဖန်ချက်စာမျိုးတွေ ရေးလေ့ရှိသူတစ်ဦးဖြစ်တာကြောင့် နှစ်ခြိုက်သဘောကျသူများဆီက ထောက်ခံအားပေးတဲ့ တုံ့ပြန်မှုမျိုးတွေ နှမ်းမှန်ရလေ့ရှိသလို သဘောမတူနိုင်သူများရဲ့ ကန့်ကွက်မှုမျိုးလည်း ရတတ်ပါတယ်။ ဒီဆောင်းပါးကတော့ ပုဂ္ဂလိကခံစားချက်ဆန်ဆန်မို့ တုံ့ပြန်မှုရှိလိမ့်မယ် ထင်မထားမိတာပါ။ ဒါပေမဲ့ စာဖတ်ပရိသတ်ရဲ့ တုံ့ပြန်မှု တော်တော်လေးလက်ခံရရှိပါတယ်။ သုံးသပ်ဝေဖန်ချက်ဆောင်းပါးမျိုးတွေကို တုံ့ပြန်ကြတဲ့ ထောက်ခံသူ၊ ကန့်ကွက်သူအားလုံးလိုလိုက လူငယ်လူရွယ်တွေဖြစ်ကြပေမယ့် ဒီတစ်ခါ လက်ခံရရှိတဲ့ တုံ့ပြန်မှုတွေကတော့ ကိုယ်လို သက်ကြီးရွယ်အိုတွေချည်းပါပဲ။ ဒါလည်း သဘာဝကျပါတယ်။ ဆောင်းပါးထဲမှာရေးခဲ့တဲ့ မြန်မာ့ရိုးရာစားစရာမျိုးတွေကို ဒီခေတ်လူငယ်တွေ ဘယ်သိကြတော့မှာလဲ။ အထူးသဖြင့် မြို့ကြီးပြကြီးတွေကလူငယ်တွေ ရင်းနှီးနေကြတာက ဟမ်ဘာဂါ၊ ပီဇာ၊ ဒိုးနတ်၊ ဒင်းဆမ်း၊ အကင်၊ အကြော်၊ ကြေးအိုး၊ မာလာဟင်း၊ ပဲခေါက်ဆွဲ၊ ကင်ချီ၊ ဆူရှီ၊ ဟော့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

စတဲ့စတဲ့ 'ဂလိုဘယ်စားစရာ'တွေချည်း မဟုတ်လား။ လူငယ်တွေ အပြစ်ပြောတာ မဟုတ်ပါဘူး။ 'အာဘန်နိုက်ဖေးရှင်း'လို့ ပြောပြောနေကြတဲ့ 'မြို့ပြဖြစ်ထွန်းမှု'ရဲ့ သဘာဝပဲလေ။ ဘယ်သူလွန်ဆန်လို့ရမှာလဲ။

## ငုံးအိမ်ထဲကလူတွေ

တိုးတက်ခေတ်မီတာ၊ အင်တာနက်ခေတ်၊ ဒစ်ဂျစ်တယ်ခေတ်ဖြစ်တာ ဝမ်းသာကြိုဆိုရမှာပါ။ မိန်းကလေးတွေ ဘိုကေတိုထားပြီး ဘောင်းဘီဝတ်တာလည်း ထောက်ခံပါတယ်။ အဖွဲ့အနွဲ့တွေ၊ တန်ဆာဆင်မှု ပကာသနတွေမပါဘဲ၊ လူတွေရဲ့ရင်ထဲကို 'ဒုတ်ဒုတ်ထိ'ရောက်သွားစေတဲ့ ဟစ်ဟော့ သီချင်းတွေကိုလည်း နှစ်ခြိုက်ပါတယ်။ မြို့ပြယဉ်ကျေးမှုထဲက မကြိုက်နိုင်တာဆိုလို့ 'ငုံးအိမ်'လို အထပ်မြင့်မြင့်လူနေအိမ်တွေပဲ ရှိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ရန်ကုန်မြို့လယ်မှာ ငုံးမွေးတဲ့ခေတ် တစ်ခေတ် ပေါ်ထွန်းခဲ့ပါသေးတယ်။ မြို့လယ်တိုက်ခန်းကျဉ်းလေးတွေရဲ့ နံရံမှာ အကန့်ကန့်လေးတွေနဲ့ မျက်နှာကျက်အထိမြင့်တဲ့ စင်တွေလုပ်ပြီး ငုံးမွေးမြူရေးလုပ်ခဲ့ကြပါတယ်။ မြို့လယ်ခေါင်လမ်းတွေထဲဖြတ်သွားရင် အဲဒီခေတ်က ငုံးသံတွေညံနေအောင် ကြားရလေ့ရှိပါတယ်။ ခုခေတ် အထပ်မြင့်တိုက်ကြီးတွေထဲက လူတွေလည်း ငုံးအိမ်တွေထဲက ငုံးတွေလို ပါပဲ။ ကိုယ့်အခန်းလေးထဲကိုယ် တံခါးပိတ်အောင်းနေကြရပါတယ်။ အိမ်နီးနားချင်းတွေကလည်း ကိုယ်လိုပဲ အခန်းတံခါးလုံအောင်ပိတ်ပြီး နေကြလေတော့ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ ဖြစ်နေကြရတယ်လေ။ ဒီတော့ မြန်မာကျေးလက်ဒေသတွေမှာလို 'ရပ်ဆွေရပ်မျိုး'စိတ်ဓာတ်ဆိုတာမျိုး ဘယ်ရှိနိုင်တော့မှာလဲ။ ကိုယ့်ရပ်ကိုယ့်ရွာဆိုတဲ့ စိတ်ဓာတ်မျိုးလည်း ဘယ်လိုလုပ်ပြီး ရှိနေနိုင်မှာလဲ။

## သဟာယစိတ်ဓာတ်

မြို့ကြီးပြကြီးတွေမှာနေတာကြာတော့ လူတွေဟာ ရပ်ရွာပတ်ဝန်းကျင်နဲ့ အဆက်အဆံအထိအတွေ့ တစ်နေ့တခြား နည်းသထက်နည်းလာလေတော့ ရပ်ဆွေရပ်မျိုးများအချင်းချင်း 'သဟာယစိတ်ဓာတ်'ဆိုတာ ဘာမှန်းမသိကြတော့ဘူး။ တံခါးပိတ်ထားတဲ့အခန်းလေးထဲက ကိုယ့်မိသားစုကလွဲရင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တော့ဘူး။ အဲဒီလိုနဲ့ပဲ တစ်ကိုယ်



ကောင်းစိတ်တွေ ကြီးသထက်ကြီးပြီး ရှိင်းလာကြတယ်။ ကျေးလက်ဒေသတွေမှာတော့ ဘယ်ဒီလိုဟုတ်မှာလဲ။ အိမ်ချင်းကပ်၊ ခြံချင်းထိစပ်နေကြတာဆိုတော့ မိုးလင်းတာနဲ့ တစ်ယောက်မျက်နှာတစ်ယောက် မြင်တွေ့နေကြရတာ။ တစ်အိမ်နဲ့တစ်အိမ် တံခါးမရှိဓားမရှိ ဝင်ထွက်သွားလာနေကြပြီး စားစရာရှိလည်း ဝင်စားလိုက်တာပဲ။ ပေးစရာရှိလည်း ဝေမျှပေးလိုက်ကြတာပဲ။ တစ်ဖက်အိမ်မှာ နာဖျား၊ မကျန်းမာသူရှိနေရင် ညှော်တောင်လုပ်တာမဟုတ်ဘူး။ နာဖျားနေသူမရှိရင်တောင်မှ ညှော်လုပ်မယ်ဆိုရင် 'ညှော်ကြော်မယ်ဗျို့'ဆိုပြီး အိမ်နီးချင်းတွေကြားအောင်အော်ပြီး အသိပေးပြီးမှ ကြော်တာ။ အဲဒီလောက် 'ပြည်သူ့နီတိ'ကို နားလည်စောင့်ထိန်းကြတာ။ လူဆိုတာ အဲဒီလို အမြဲတမ်းထိတွေ့ဆက်ဆံနေမှ ကျွမ်းဝင်ရင်းနှီးမှုတို့၊ ထောက်ထားစာနာမှုတို့ ရှိလာနိုင်တာ။ မြို့ကြီးပြကြီးတွေမှာတော့ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိနဲ့ ကိုယ့်'ငုံးအိမ်'လေးထဲမှာပဲကိုယ် တံခါးပိတ်နေကြတာ မဟုတ်လား။ ဒီတော့ ကျွမ်းဝင်ရင်းနှီးမှု၊ ထောက်ထားစာနာမှု၊ ကူညီရိုင်းပင်းမှုဆိုတဲ့ စိတ်မျိုးတွေ ဘယ်ရှိနိုင်မှာလဲ။ 'မိတ်သဟာယစိတ်ဓာတ်'ဆိုတာ လူတွေကိုယဉ်ကျေးအောင် ပြုပြင်ပေးပါတယ်။ ဒါကြောင့် သိပ်အရေးကြီးပါတယ်။

## မြို့နယ်အသင်းတွေမှာအခြေခံ

မိတ်သဟာယစိတ်ဓာတ်၊ ရပ်ဆွေရပ်မျိုးစိတ်ဓာတ်ဆိုတာ မြန်မာလူမျိုးများရဲ့ ရိုးရာအစဉ်အလာစိတ်ဓာတ်ဖြစ်တယ်။ မြို့ပြဖြစ်ထွန်းမှုကြောင့် ဆိတ်သုဉ်းကွယ်ပျောက်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်သင့်ကြပါတယ်။ အခုခေတ် ရန်ကုန်မှာ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာနေတဲ့ 'မြို့နယ်အသင်း'များဟာ ရပ်ဆွေရပ်မျိုးစိတ်ဓာတ်နဲ့ မိတ်သဟာယစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အခြေခံအကျဆုံး အဖွဲ့အစည်းများဖြစ်တယ်လို့ ယူဆပါတယ်။ ရိုးရာဓလေ့နဲ့ အစားအစာများ ကွယ်ပျောက်မသွားအောင်လည်း မြို့နယ်အသင်းများက လုပ်ဆောင်နိုင်ကြပါတယ်။ နေ့ကြီးရက်ကြီးတွေ၊ ဒါမှမဟုတ် နှစ်ပတ်လည်နေ့တွေမှာ မန္တလေးအသင်းက မုန့်တီ၊ မြီးရှည်၊ ခိုတောင်မုန့်တီကအစ မုန့်ပျစ်သလက်(မုန့်ပျားသလက်)တာဝတိံသာသီးသီးသုပ်အဆုံး ရောင်းချတာမျိုးလုပ်လေ့ရှိတာ အင်မတန် ဝမ်းသာစရာဖြစ်တယ်။ ရွှေတောင်မြို့နယ်အသင်းက ရွှေတောင်မုန့်တင်းခါး



www.burmeseclassic.com

www.burmeseclassic.com

ဝါးခယ်မမြို့နယ်အသင်းက ဝါးခယ်မမုန့်ဟင်းခါး စသဖြင့် လုပ်ကျွေးကြတာ မျိုးတွေလည်း တွေ့ရပါတယ်။ ဒါတွေဟာ ရိုးရာအစားအစာတွေ ကွယ်ပျောက်မသွားအောင်နဲ့ နောင်လာနောက်သားတွေ စိမ်းမသွားအောင် လုပ်ဆောင်ပေးတာမို့ ကောင်းလှပါတယ်။ ဒါပေမဲ့ ခက်တာက နောင်လာနောက်သားလူငယ်တွေက မြို့နယ်အသင်းတွေကို စိတ်ဝင်စားမှု သိပ်မရှိကြတာပဲ ဖြစ်တယ်။ လူငယ်တွေက ဒီလိုအသင်းတွေဆိုတာ အဖေအမေတွေရဲ့ အလုပ်ပဲ၊ တို့နဲ့မဆိုင်ဘူးလို့ သဘောထားနေကြတာများပါတယ်။ မြို့နယ်အသင်းတွေကို လူငယ်တွေစိတ်ဝင်စားပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လာအောင် နည်းလမ်းများ ရှာကြံကြိုးစားသင့်ကြတယ်လို့ ထင်ပါတယ်။ ဒီလိုပါဝင်လာခြင်းအားဖြင့် မြို့နယ်အသင်းတွေလည်း ပိုပြီးတိုးတက်လာနိုင်ပါတယ်။ လူငယ်များအတွက်လည်း အကျိုးရှိစေနိုင်ပါတယ်။ အဲဒါကြောင့် တစ်နှစ်တစ်ခါ နှစ်ပတ်လည်အစည်းအဝေးလုပ်ပြီး စုဝေးကြရုံလောက်သာမက တခြားလှုပ်ရှားဆောင်ရွက်မှုများလည်း အဆက်မပြတ်လုပ်နေဖို့ လိုမယ်ထင်ပါတယ်။

### ဝံသာနုစိတ်ဓာတ်ရှိမှ

လူငယ်တွေ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဇာတိ၊ ဒါမှမဟုတ်လည်း မိဘဘိုးဘွားများရဲ့ ဇာတိရပ်ရွာကို ချစ်ခင်တွယ်တာတတ်တဲ့ စိတ်ဓာတ်မျိုးရှိဖို့လိုပါတယ်။ ဒါဟာ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရဲ့ အခြေခံဖြစ်ပါတယ်။ ရှေးဘိုးဘွားမြန်မာကြီးများက ဝံသာနုစိတ်ဓာတ် နိုင်နိုင်မာမာနဲ့ ကိုယ့်အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတာကြောင့် ကိုလိုနီလက်အောက်ခံဘဝမှာ နှစ်တစ်ရာကျော် ကျရောက်နေခဲ့ကြတာတောင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစကား၊ မြန်မာစာပေများ မှေးမှေးမှိန်မှိန်နဲ့ ဂုဏ်သိက္ခာကျဆင်းမသွားခဲ့ပါဘူး။ ခုခေတ်ရောက်မှ မြန်မာနိုင်ငံမှာနေတဲ့ မြန်မာလူမျိုးများအကြားမှာ အင်္ဂလိပ်စကား၊ တရုတ်စကား၊ ဂျပန်စကား၊ ကိုရီးယားစကား..မတတ်ရင် လူရာမဝင်သလိုလို ဖြစ်နေရတာ အင်မတန်ရှက်ဖို့ကောင်းပါတယ်။ ကိုယ့်မိခင်ဘာသာစကားနဲ့ စာပေမထွန်းကားရင် ကိုယ့်လူမျိုးလည်း မထွန်းကားနိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံက သေးသေးလေးပါ။ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိနေတယ်ဆိုတာကို မမေ့သင့်ကြပါဘူး။ ကိုယ့်ရပ်ရွာ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့ ဝံသာနုစိတ်ဓာတ် ရှေးဘိုးဘွားများလို နိုင်နိုင်မာမာ ကြီးကြီးမားမားရှိမှ တော်ကာကျမယ်ဆိုတာ ခေတ်လူငယ်တွေ သဘောပေါက်နားလည်အောင် အမြဲတမ်းနှိုးဆော်နေဖို့ လိုကြောင်း ရေးသားလိုက်ရပါတယ်ခင်ဗျား။

မြ၊ ၇၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# ပါးပါး၊ မားမား၊ အာပူချေးနဲ့ အိုပါးတဲ့လား

ဖြူးအမျိုးသားကျောင်း နှစ် ၉၀ ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဖို့အတွက် စာမူလာတောင်းတော့ ရေးပေးဖို့ ချက်ချင်းကတိပေးလိုက်တယ်။ အမျိုးသားကျောင်းဆိုတဲ့ဂုဏ်ပုဒ်ကို ဒီနေ့ထိ တန်ဖိုးထားကြသူတွေ ရှိနေသေးပါလားဆိုတဲ့ အသိကြောင့် ဝမ်းသာပီတိလည်း ဖြစ်ရတယ်။ အထူးသဖြင့် ဒီနေ့လို တိုင်းတစ်ပါးယဉ်ကျေးမှုမျိုးစုံ လွှမ်းမိုးစပြုလာနေချိန်မှာ အမျိုးသားကျောင်းဂုဏ်ပုဒ်ကို မမေ့မလျော့ပြန်လည်ဖော်ထုတ်ကြတာ အင်မတန်ကျေးဇူးတင်စရာ ကောင်းပါတယ်။

## မြန်ဂလိပ်စကား

ဒီနေ့အချိန်မှာ မြန်မာစာမြန်မာစကား တော်တော်လေးမျက်နှာငယ်နေတာ သတိပြုမိပါတယ်။ ထွက်နေတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ မြန်မာနာမည်တပ်တာ တော်တော်ရှားနေပြီ။ အင်္ဂလိပ်လိုမှည့်မှ နိုင်ငံတကာအဆင့်မီသလို ဖြစ်နေပြီ။ စာရေးဆရာတွေကလည်း မြန်မာလူမျိုးတွေအတွက်ထုတ်တဲ့ မြန်မာစာအုပ်တွေမှာ မြန်မာလိုချည်းသက်သက်ရေးရင် လူ့အထင်ကြီးမခံရမှာစိုးလို့ထင်ရဲ့ 'မြန်ဂလိပ်'(Myanglish) စာတွေနဲ့ ညှပ်ပြီးရေးနေကြတော့တယ်။ 'ဘစ်ဖနက်ဂျာနယ်လစ်ဇင်'တဲ့၊ 'အွန်လိုင်းဂျာနယ်လစ်ဇင်'တဲ့၊ 'အင်ဗိုင်းရွန်းမင့်'တဲ့၊ စတိတ်ဟိုးလဒါး'တဲ့၊ 'ဂိမ်းပလေယာ'တဲ့ ဖတ်ရတာ တော်တော်မျက်စေ့စပါးမွေးစူးရတယ်။ ပြုတ်တူတို့၊ ဥရှင်တို့၊ ခွေးသွားစိပ်တို့၊ ဝက်အူလှည့်တို့ စတဲ့ဝေါဟာရတွေကို တီထွင်ခဲ့ကြတဲ့ စက်ရုံအလုပ်ရုံတွေထဲက အလုပ်သမားတွေကိုတောင် ရှက်ဖို့ကောင်းနေပြီ။ နည်းပညာတွေရဲ့ တိုးတက်မှုအရှိန်အဟုန်က လျှင်မြန်လွန်းတဲ့အတွက် မြန်မာစကားလုံးတွေနဲ့ ဘာသာပြန်ဖို့ အချိန်ကိုမရနိုင်



တော့ဘူးလို့ ဆင်ခြင်ပေးလည်း သဘာဝမကျပါဘူး။ atomic bomb ကို အဏုမြူဗုံး၊ rocket ကို ဒုံးပျံ၊ missile ကို ဒုံးကျည်၊ sattelite ကို ဂြိုဟ်တု၊ machine gun ကို စက်သေနတ်စသဖြင့် စတင်ဘာသာပြန်သုံးစွဲခဲ့သူတွေဟာ သတင်းစာဆရာတွေပါ။ နိုင်ငံခြားကြေးနန်းသတင်းထဲကပါလာတဲ့ ဝေါဟာရတွေကို တစ်ထိုင်တည်း ဘာသာပြန်လိုက်ရတာဖြစ်တယ်။ ဖြည်းဖြည်းအချိန်ယူစဉ်းစားနေဖို့မဖြစ်တဲ့ သတင်းစာအလုပ်လုပ်နေသူတွေကတောင် ဒီလိုတစ်မုဟုတ်ချင်း ဘာသာပြန်နိုင်ခဲ့ကြပါလျက်နဲ့ စဉ်းစားဖို့အချိန် ကြိုက်သလောက်ယူလို့ရတဲ့ စာရေးဆရာတေက ဘာ့ကြောင့်ဘာသာမပြန်နိုင်ရမှာလဲ။ ကြိုးစားအားထုတ်မှုကို မလုပ်ချင်ကြလို့သာ ဖြစ်ပါတယ်။

## ပါပါး၊ မာမားခေတ်

နောက်တစ်ခါ ဘာတွေတွေ့ရသလဲဆိုတော့ သတင်းစာထဲက ကြော်ငြာတွေ။ မွေးနေ့ဆုတောင်းတို့၊ မင်္ဂလာနှစ်ပတ်လည်ဆုတောင်းတို့လို ကြော်ငြာတွေမှာ တွေ့ရတဲ့ 'ပါပါး'၊ 'မာမား'ဆိုတဲ့ အသုံးအနှုန်းတွေ။ ဟိုရှေး ကျွန်ဘဝက ရေပေါ်ဆီလူတန်းစားတွေကြား ခေတ်စားခဲ့တဲ့ 'ဒယ်ဒီ'၊ 'မာမီ'ဆိုတဲ့ နေရာမှာ အစားထိုးဝင်ရောက်လာတာလေ။ မြန်မာလူမျိုးစစ်စစ်တွေဖြစ်ပါလျက်နဲ့ ဘာ့ကြောင့်များ 'ပါပါး'၊ 'မာမား'ကို ခံတွင်းတွေ့နေကြသလဲ မသိပါဘူး။ 'အဖေ'၊ 'အမေ'ဆိုတဲ့ အခေါ်အဝေါ်ဟာ ဘယ်လောက် အားပါးတရရှိပြီး လိုက်လှဲတဲ့အဓိပ္ပာယ်ဆောင်ပါသလဲ။ 'ဖေဖေ'၊ 'မေမေ'ဆိုတာတောင် ပေါ့ရွှတ်ရွှတ်ဖြစ်နေသလိုပါပဲ။ ဒါလောက်ခေါ်လို့ကောင်းတဲ့ 'အဖေ'၊ 'အမေ'နေရာမှာ ဘာဖြစ်လို့များ 'ပါပါး'၊ 'မာမား'နဲ့ အစားထိုးချင်နေကြပါလိမ့်။ စဉ်းစားလို့ကို မရပါဘူး။

## အာပူချေးတဲ့လား

နောက်ပြီးတော့ ရှိသေးတယ်။ ခုခေတ်ကလေးတွေ ပြောနေကြတဲ့ 'အိုပါး'တို့၊ 'အိုမိုညီး'တို့၊ 'အာပူချေး'တို့ဆိုတဲ့ စကားတွေ၊ ဘာတွေမှန်းလည်း မသိပါဘူး။ ဟိုအရင်လေးငါးနှစ်ကတော့ 'ရှဲရှဲ'တို့၊ 'တွေ့ပူချီ'တို့၊ 'မေးယိုကွမ်းစီး'တို့ ခေတ်စားခဲ့တာပေါ့။ ဒီလို တိုင်းတစ်ပါးက စကားလုံးတွေကို မွေးစားလိုက်ကြတာဟာ မြန်မာစကားကြွယ်ဝသွားစေတာလား။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာစကားပျောက်ကွယ်သွားဖို့ ဖြစ်စေတာလားဆိုတာတော့ စဉ်းစားကြဖို့ကောင်းတယ်။ ကိုယ့်စာကိုယ့်စကား ပျောက်ကွယ်သွားရင် ကိုယ့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်တယ် မဟုတ်လား။ ဒီအန္တရာယ်ကို ပေါ့သေးသေး မထင်စေချင်ဘူး။ ပျူစကား၊ ပျူစာနဲ့ ပျူလူမျိုးတွေ ကွယ်ပျောက်သွားတာကို သင်ခန်းစာယူသင့်ကြပါတယ်။ ကိုယ့်စာ၊ ကိုယ့်စကား၊ ကိုယ့်ယဉ်ကျေးမှုတွေ ခိုင်မာအားကောင်းနေမှ ကိုယ့်လူမျိုးမပျောက်ကွယ်နိုင်မှာ ဖြစ်တယ်။ ကိုယ့်ယဉ်ကျေးမှု ခိုင်မာအားကောင်းနေအောင် အမြဲဂရုစိုက်နေရပါမယ်။ ကိုယ်ခံအားကောင်းနေရင် ဘာမှကြောက်စရာမရှိပါဘူး။

## နိုင်သူကိုတောင် မျိုပစ်နိုင်တာ

ဒီနေရာမှာ တရုတ်လူမျိုးတွေကို သာဓကအဖြစ်ပြောချင်တယ်။ တရုတ်လူမျိုးများရဲ့ ယဉ်ကျေးမှုဟာ ကမ္ဘာမှာ အဆင့်မြင့်ဆုံးဆိုတဲ့ ယဉ်ကျေးမှုကြီးတွေထဲမှာ အပါအဝင်ဖြစ်ပါတယ်။ သက်တမ်းအားဖြင့်လည်း ရှည်ကြာလှပြီဖြစ်လို့ အင်မတန်မှကို ခိုင်ခံ့နေပြီဖြစ်တယ်။ တစ်ချိန်တစ်ခါမှာတော့ တရုတ်ပြည်ကြီးဟာ မွန်ဂိုတို့လက်အောက် ရောက်ခဲ့ပါတယ်။ မန်ချူးလူမျိုးများရဲ့ သိမ်းပိုက်အုပ်စိုးမှုကိုလည်း ခံခဲ့ရဖူးပါတယ်။ ဒါပေမဲ့ တရုတ်တို့ရဲ့ယဉ်ကျေးမှုက ခိုင်ခံ့အားကောင်းလွန်းလေတော့ စစ်နိုင်ပြီး ကိုယ့်ကိုလာအုပ်စိုးတဲ့ မွန်ဂိုနဲ့ မန်ချူးတွေကို လုံးဝလူမျိုးပျောက်ကွယ်သွားတဲ့အထိတောင် မျိုပစ်လိုက်နိုင်တာကို တွေ့ရပါတယ်။ နိုင်သူကိုတောင် မျိုပစ်လိုက်နိုင်မှတော့ ရှုံးသူဆို ပြောစရာတောင် မလိုတော့ဘူးပေါ့။

## ရှေးလူကြီးတွေကို အားနာပါ

ဒီသာဓကကိုကြည့်ပြီး ကိုယ့်ယဉ်ကျေးမှုတွေ ပျက်စီးကွယ်ပျောက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ အရေးကြီးကြောင်း သတိရှိကြစေချင်တယ်။ ကျွန်တော်တို့ ဘေးတစ်ဖက်တစ်ချက်မှာရှိနေတာက ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုနော်။ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ဘာသာစကား၊ ကိုယ်ယဉ်ကျေးမှုကို အင်မတန်မှကို တန်ဖိုးထားမှ တော်ကာကျမှာ။ အင်္ဂလိပ်အုပ်စိုးမှုအောက် ကျရောက်နေစဉ်အခါက တက္ကသိုလ်မှာ မြန်မာစာဌာနရယ်လို့တောင်မရှိတဲ့ အခြေအနေကနေပြီး မြန်မာစာဌာန ထူထောင်ခွင့်ရဖို့၊ မြန်မာစာပေသင်ကြားခွင့်ရဖို့ ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ လူကြီးသူမများကို အားနာကြဖို့လည်းကောင်းတယ်။ ချိုချဉ်နဲ့ အာလူးကြော်လိုပစ္စည်းကစ တိုင်းတစ်ပါးက မှာယူတင်သွင်းနေကြသူများဟာ ရှေးဘိုးဘွားတွေလက်ထက်မှာ နိုင်ငံခြားပစ္စည်းတွေ သပိတ်မှောက်ပြီး ပင်နီချောနဲ့ ယောထမီဝတ်ကြဖို့ လှုံ့ဆော်ခဲ့ကြတာတွေကို ပြန်စဉ်းစားကြဖို့သင့်တယ်။ အနိမ့်ဆုံးအားဖြင့်တော့ မြန်မာပြည်ကို တင်ပို့ရောင်းချဖို့ သက်သက် နယ်စပ်ဒေသမှာတင်ထုတ်လုပ်တဲ့ ပစ္စည်းတု၊ ဆေးဝါးတုတွေနဲ့ အပေါစားအညံ့စား ပစ္စည်းမျိုးတွေကိုတော့ သပိတ်မှောက်သင့်ကြတယ်။

## လွယ်အောင်လုပ်ပေးပါ

အမျိုးချစ်စိတ်ဆိုတာမျိုးက ဟောပြောနေရုံနဲ့ ရတာမဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးရဲ့ ချစ်စရာကောင်းတာတွေ မြတ်နိုးတွယ်တာစရာကောင်းတာတွေကို လူငယ်တွေသိအောင် လုပ်ပေးဖို့လိုပါတယ်။ ဘန်ကောက်တို့၊ ဖူးခက်တို့သွားဖို့ လွယ်ကူသလို၊ ပုတာအိုသွားဖို့ လွယ်ကူအောင် ဖန်တီးပေးဖို့လိုပါတယ်။ ပုဂံတို့၊ ပုပ္ပါးတို့မှာရှိတဲ့ ဟိုတယ်ခတွေက ဘန်ကောက်တို့၊ ဖူးခက်တို့က ဟိုတယ်ခတွေထက် ဈေးကြီးမြင့်နေရင်တော့ လူငယ်တွေက ဘန်ကောက်ကို ရှေ့ပင်သွားချင်ကြတာ သဘာဝကျတယ်လို့ ဆိုရမှာပဲလေ။

၁၄၊ ၇၊ ၂၀၀၉





www.burmeseclassic.com

www.burmeseclassic.com

# ရုက်စိတ်၊ ကြောက်စိတ်၊ အရိုင်းစိတ်

သိပ်မကြာခင်က နိုင်ငံခြားသတင်းတွေထဲမှာ သားသမီးသုံးယောက်နဲ့ မိန်းမကို သေနတ်နဲ့ပစ်သတ်ပြီးမှ သူ့ကိုယ်သူသတ်သေသွားတဲ့ ရင်နင့်စရာ သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ကမ္ဘာ့စီးပွားရေး ပျက်ကပ်ကြီးထဲမှာ အလုပ်လက်မဲ့ဖြစ်ပြီး စားစရာလည်း မရှိ၊ နေစရာလည်း မရှိတာကြောင့် သတ်သေလိုက်ကြတာပါတဲ့။ သတင်းဖတ်ပြီးပြီးချင်း 'သနားစရာကောင်းလိုက်တာ'လို့ စုတ်တသပ်သပ်ဖြစ်မိတယ်။ ခဏကြာတော့ ဒုတိယအတွေး တစ်ခု ထပ်ဝင်လာတယ်။ 'ရက်စက်လိုက်တာ'ဆိုတဲ့ အတွေးဖြစ်တယ်။

## ဘာကြောင့်လဲ၊ ဘာကြောင့်လဲ

ကိုယ့်ရင်သွေး လူမမယ်လေးသုံးယောက်ကို ကိုယ့်လက်နဲ့ ကိုယ်တိုင် သတ်ပစ်ရက်တဲ့စိတ်ဟာ ရက်စက်တဲ့စိတ်ပဲ မဟုတ်လား။ ဘာကြောင့်များ ဒီလိုစိတ်မျိုး လူသားတွေမှာ ဝင်ရောက်ကိန်းအောင်းနေကြရတာလဲ။ တိရစ္ဆာန်တွေတောင်မှ ဒီလိုတော့ မလုပ်ကြပါဘူး။ ခြင်္သေ့လို၊ ကျားလို အသားစားတိရစ္ဆာန်တောင် သူ့ရင်သွေးကိုတော့ အသက်ပေးစောင့်ရှောက် လေ့ရှိပါတယ်။ သက်ရှိသတ္တဝါများအနက်မှာ ယဉ်ကျေးမှုအဆင့်အမြင့်မား ဆုံးဆိုတဲ့ လူသားတစ်ယောက်က ဘာကြောင့် ဒီလိုကြမ်းကြုတ်ရက်စက် တဲ့ အပြုအမူမျိုးပြုရတာလဲ။ သူတို့အဖြစ်မတိုင်မီ ရက်ပိုင်းကလေးကလည်း ဂျာမနီနိုင်ငံမှာ ဘီလျံနာသူဌေးကြီးတစ်ယောက် စီးပွားပျက်ကပ်ဒဏ် ကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားတဲ့သတင်း ဖတ်လိုက်ရပါသေးတယ်။ ဘီလျံနာကြီးတောင် ထွက်လမ်းမရှာနိုင်လို့ အရှုံးပေးအညံ့ခံသွားခဲ့ရတာ။ အမေရိကန်မိသားစုလို သာမန်အလုပ်သမားလူတန်းစားက ထွက်ပေါက် ဘယ်လိုရှာနိုင်မှာလဲဆိုတာ သဘောပေါက်ပါတယ်။ သူတို့မိသားစုကို သနားလည်းသနားပါတယ်။ ဖခင်လုပ်သူကို အပြစ်မတင်ပါဘူး။ ကိုယ့်



သားသမီး ကိုယ်ပြန်သတ်တဲ့ ရက်စက်တဲ့စိတ်မျိုး ဘာကြောင့်ရှိနေရသလဲ ဆိုတာကိုသာ စဉ်းစားတွေးတောနေမိတာ ဖြစ်ပါတယ်။

## ပိုင်းပြီးစဉ်းစားပေးကြပါ

တွေးမိသလောက်ပြောကြည့်ပါမယ်။ မှန်ချင်မှလည်း မှန်ပါလိမ့်မယ်။ ထောက်ပြပါ။ ပြုပြင်ပေးပါ။ ဒီကိစ္စကို ဝိုင်းပြီးစဉ်းစားစေချင်လို့ စိတ်ထဲရှိတာ ထုတ်ပြောလိုက်တာပါ။ ကိုယ်နဲ့မဆိုင်သလိုပဲနေကြရင် တစ်နေ့တခြား မိုးပြီး ဆိုးလာစရာရှိပါတယ်။ ကျေးဇူးပြုပြီး ခပ်ပေါ့ပေါ့သဘောမထား လိုက်ကြပါနဲ့။ ဒီခေတ်လူသားများဟာ ရှေးဘိုးဘေးများခေတ် လူသားတွေ ထက် အဆပေါင်းများစွာရိုင်းလာကြတယ်။ ကြမ်းကြုတ်ရက်စက်လာကြ တယ်ဆိုတာကို အားလုံးသဘောတူနိုင်ကြလိမ့်မယ် ထင်ပါတယ်။ ခရီးသည် အပြည့်တင်ထားတဲ့ လေယာဉ်ကြီးကို အပိုင်စီးပြီး လူတွေ သောင်းနဲ့ချီ နေတဲ့ အဆောက်အအုံကြီးကို ဝင်ဆောင့်တဲ့ ရက်စက်ကြမ်းကြုတ်မှုမျိုး ဘယ်တုန်းကကြားဖူးခဲ့လို့လဲ။ မူလတန်းကျောင်းလေးထဲဝင်ပြီး မောင်းပြန် သေနတ်နဲ့မွှေ့ယမ်းတဲ့ ရမ်းကားမှုမျိုးလည်း ဘယ်ခေတ်မှာ ကြုံခဲ့ဖူးလို့လဲ။ မိုင်ပေါင်းများစွာဝေးတဲ့အရပ်ကနေပြီး 'မကောင်းသူထိပ် ကောင်းသူထိပ်' ဆိုတဲ့သဘောနဲ့ ဒုံးကျည်တွေ တရစပ်ပစ်လွှတ်တိုက်ခိုက်တာမျိုး လုပ်သူ တွေကို 'လူယဉ်ကျေး'လို့ ခေါ်နိုင်သလား။ ဒုံးဆန်၊ အမြောက်ဆန်တွေက ဆေးရုံပေါ်ကျကျ၊ လူအိုရုံပေါ်ကျကျ၊ စာသင်ကျောင်းပေါ်ကျကျ၊ သေဆုံး သူတွေ ဘယ်လောက်များများ အကြမ်းဖက်သမားဘယ်နှယောက် ချေမှုန်း သုတ်သင်ပစ်လိုက်တယ်လို့ ခပ်တည်တည်နဲ့ ကြေညာချက်ထုတ်လိုက်ရုံနဲ့ ပြီးသွားတာကို စစ်ပွဲလို့ခေါ်နိုင်သလား။ ဝိုင်းဝန်းစဉ်းစားပေးကြပါ။

## တရားခံဘယ်သူလဲ

လူသားတွေ တစ်နေ့တခြား ရိုင်းသထက်ရိုင်းလာကြ၊ ရက်စက်ကြမ်း ကြုတ်သထက် ရက်စက်ကြမ်းကြုတ်လာရခြင်းရဲ့ အဓိက လက်သည် တရားခံဟာ ဒီနေ့တည်ရှိနေတဲ့ စီးပွားရေးစနစ်နဲ့ လူမှုရေးစနစ်တို့ကြောင့် လို့ ထင်ပါတယ်။ ဒီနေ့ နိုင်ငံတိုင်း၊ လူမျိုးတိုင်း ဦးထိပ်ပန်ဆင်ထားကြ တဲ့ အဘိဓမ္မာက 'ချမ်းသာခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တယ်၊ လူတိုင်း ချမ်းသာအောင်လုပ်ကြ'ဆိုတဲ့ တရားဖြစ်တယ်လေ။ အဲဒီတော့ အမြင်



www.burmeseclassic.com

www.burmeseclassic.com

အဆိုင် အလုအယက် ချမ်းသာအောင်လုပ်ကြရင်းနဲ့ လူတွေဟာ တစ်ယောက်ခေါင်း တစ်ယောက်တက်နင်းပြီး ထိပ်ရောက်အောင် လုပ်ကြပါတော့တယ်။ နှစ်ဆယ်ရာစုနှောင်းပိုင်းကျတော့ ဘယ်လောက်များဆိုးသွားသလဲဆိုရင် ရှေးရောမခေတ်က ကျွန်တွေကို အရောင်းအဝယ်လုပ်ကြသလို ကလေးငယ်တွေနဲ့ မိန်းမငယ်တွေကို မကောင်းတဲ့အလုပ်တွေလုပ်ခိုင်းဖို့ လူကုန်ကူးတယ်ဆိုတာမျိုးတွေတောင် တစ်ကျော့ပြန်လုပ်လာကြတယ်။

**မိန်းမတွေကိုရောင်းကုန်ပစ္စည်းလို**

မိန်းမတွေကို ရောင်းကုန်ပစ္စည်းလို ဈေးကွက်တင်ရောင်းတဲ့စနစ်က ရှေးပဒေသရာဇ်ခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်က ကျင့်သုံးခဲ့တာ မဟုတ်လား။ အခုခေတ်မှာလည်း မိန်းမတွေကို အသွင်အမျိုးမျိုးနဲ့ ရောင်းကုန်ပစ္စည်းလိုသဘောထား လုပ်ဆောင်နေကြတာတွေ ဒုနဲ့ဒေးပါပဲ။ ဒီနေ့စီးပွားရေးနဲ့ လူမှုရေးစနစ်ကို အပီပြင်ဆုံးသရုပ်ဖော်ပြထားတဲ့ စကားကတော့ 'ဘယ်သူသေသေ ငတေမာပြီးရော'ဆိုတဲ့ စကားပဲဖြစ်ပါတယ်။

**မီဒီယာတွေလည်းတရားခံ**

'ဘယ်သူသေသေ ငတေမာပြီးရော'ဆိုတဲ့ စိတ်မိုက်စိတ်ရိုင်းတွေ ကမ္ဘာတစ်ခုလုံး အလျင်အမြန်ပျံ့နှံ့ရောက်ရှိသွားအောင် ဖြန့်ဖြူးပေးတဲ့ လက်သည်တရားခံကတော့ ဒီနေ့ခေတ် မီဒီယာတွေပါပဲ။ ရုပ်ရှင်တွေ၊ စာနယ်ဇင်းတွေ၊ စင်တင်ကပြတဲ့ ပြဇာတ်တွေနဲ့ တေးဂီတတွေကတစ်ဆင့် စီးပွားရေးသမားတွေက သူတို့ထုတ်လုပ်တဲ့ပစ္စည်းတွေကို တွင်ကျယ်အောင် ကြော်ငြာကြတယ်လေ။ လူသုံးကုန်ပစ္စည်း ကြော်ငြာပုံတွေကိုတော့ ကြော်ငြာမှန်းလူတိုင်းသိပြီးသားမို့ အထူးမပြောတော့ပါဘူး။ ကြော်ငြာမှန်းမသိတာမျိုးပဲ ပြောပြပါမယ်။ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်ရောင်းချတဲ့ 'မရဏကုန်သည်'ကြီးတွေက ရမ်ဘိုလို၊ အာနိုးရုပ်ရှင်တွေလို၊ ဗီယက်နမ်စစ်ပွဲနောက်ခံ ရုပ်ရှင်တွေ၊ စတားဝါးရုပ်ရှင်တွေလို ရုပ်ရှင်ကားတွေ ရိုက်ကူးထုတ်လုပ်စေပြီး သူတို့လက်နက်တွေရဲ့ အစွမ်းတွေကို ကြော်ငြာကြတယ်လေ။ ရုပ်ရှင်ကားတွေကကြည့်ကောင်းတော့ ကြော်ငြာမှန်းမသိကြဘူးပေါ့။ အရက်တွေ၊ စီးကရက်တွေ၊ မူးယစ်ဆေးဝါးတွေလည်း ဒီလိုကြော်ငြာကြတာပဲ။ ဒီလိုနဲ့ပဲ မီဒီယာတွေဟာ စတုတ္ထမဏ္ဍိုင်အဖြစ်က ချော်လျှောပြီး



စီးပွားရေးသမားတွေရဲ့ ခုတုံးအဖြစ် အသုံးချခံရတဲ့ဘဝကို ရောက်သွားကြရပါတော့တယ်။

**ဗိုက်သားပေါ်ကိုက်စားမနော်တဲ့**

မီဒီယာတွေထဲမှာ ရက်ရက်စက်စက် တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြတာတွေကို မြင်ပါများတော့ လူတွေရဲ့စိတ်ဟာ 'ယဉ်ပါး'သွားပြီး သတ်တာသေတာတွေဟာ အဆန်းမဟုတ်တော့ဘူး။ ကြောက်စရာလို့ မထင်ကြတော့ဘူးလေ။ တခြား လူမှုရေး၊ အိမ်ထောင်ရေး ဖောက်ပြန်ပျက်စီးမှုမျိုးစုံဟာလည်း တွေ့ပါမြင်ပါများတော့ ရှက်စရာ၊ ကြောက်စရာ၊ စက်ဆုပ်ရွံရှာစရာလို့ သဘောမထားကြတော့ဘူး။ လူ့သဘာဝ ဖြစ်ရိုးဖြစ်စဉ်တွေပဲလို့ နှလုံးသွင်းထားလိုက်ကြတော့တယ်။ ဝတ်စားဆင်ယင်မှုမှာလည်း အလားတူပါပဲ။ ဖုံးရအုပ်ရမယ့်အရာရယ်လို့ ရှိတယ်တောင် မအောက်မေ့ကြတော့ပါဘူး။ ကျွန်တော်တို့ ကောလိပ်ရောက်စ ငါးဆယ်ခုနှစ်များအတွင်းက မန္တလေးတက္ကသိုလ်မှာ ဘရာစီယာဝတ်တဲ့မိန်းကလေးတစ်ယောက်မှ မရှိပါဘူး။ အားလုံး 'ဇာဘော်လီ'တွေပဲ ဝတ်ကြပါတယ်။ မန္တလေးက တောကျလို့ဖြစ်ချင်ဖြစ်မှာပါ။ ရန်ကုန်တက္ကသိုလ်တော့ မသိဘူး။ ဒီလိုနဲ့ ၁၉၅၆ ခုနှစ်ကျတော့ မေမြို့(ပြင်ဦးလွင်)ကွန်ဗင့်က တရုတ်မလေးတစ်ယောက်က ဘရာစီယာ စပြီးဝတ်လာပါတယ်။ တစ်ခဏတာချင်း တစ်ကျောင်းလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားပြီး တရုတ်မလေးတက်တဲ့ အတန်းတိုင်းမှာ ကျောင်းသားတွေတရုန်းရုန်း စည်ကားနေပါတော့တယ်။ ဘာသာတွဲတူချင်းမို့ နှစ်စက ကောင်းကောင်းမှတ်မိနေတာပါ။ တချို့ကျောင်းသားတွေက ကော်ရစ်ဒါကနေပြီး either or neither nor 'ဗိုက်သားပေါ် ကိုက်စားမနော်'လို့ နောက်ပြောင်ကြပါတယ်။ ဟော ခုတော့လည်း စင်ပေါ်တက်ပြီး ကိုယ်ဟန်တောင်ပြနေကြပြီလေ။ မိန်းကလေးဆိုတာ ရောင်းကုန်ပစ္စည်းမဟုတ်ဘူးဆိုတာကို မိန်းကလေးတွေကိုယ်တိုင် သိမှသိကြပါလေစ။

**မျက်နှာပြောင်တိုက်ရတာ**

လူ့လောကကြီးတစ်ခုလုံးလိုလိုမှာပဲ ရှက်စိတ်နဲ့ ကြောက်စိတ်တွေ ပျောက်ကွယ်သွားပြီထင်မိတယ်။ ရှေးကများ မဟုတ်တာတစ်ခုလုပ်မိလို့



www.burmeseclassic.com

www.burmeseclassic.com

မတော်တဆလှုပ်သွားရင် ခေါင်းကို မဖော်ရဲလောက်အောင် ဖြစ်နေကြတာ။ ခုခေတ်များတော့ ဘယ်မှုလိမ့်မလဲ။ မျက်နှာပြောင်တိုက်ပြီး နေရဲလိုက်ကြပုံများ မယုံကြည်နိုင်လောက်အောင်ကိုပါပဲ။ အဲဒီလောက်ကို အရှက်အကြောက်တွေ ကင်းမဲ့ကုန်ကြတာကြောင့် ဒီကိစ္စကို ကိုယ်နဲ့မဆိုင်သလို ခပ်ပေါ့ပေါ့သဘောထားပြီး မနေကြပါနဲ့။ ဝိုင်းဝန်းစဉ်းစား အဖြေရှာကြပါလို့ပဲ မေတ္တာရပ်ခံ တောင်းပန်လိုက်ရပါတယ်ခင်ဗျား။

၂၉၊ ၇၊ ၂၀၀၉



# ကျွန်တော့်အိမ်မှာတံခါးတွေအမြဲဖွင့်ထားတယ်

အိမ်အဝင်တံခါးကြီးကို အမြဲဖွင့်ထားတာနဲ့ပတ်သက်ပြီး အတော်များများက သတိပေးကြတယ်။ ခုတလော သူခိုးသူဝှက်ထူပြောလို့ ပိတ်ထားဖို့ အကြံပေးကြတယ်။ ဒါပေမဲ့ မပိတ်ပါဘူး။ ဖွင့်မြဲဖွင့်ထားပါတယ်။ တံခါးပေါက်ကြီးသာမဟုတ်ဘူး။ အိမ်ရှိသမျှပြတင်းပေါက်တွေအားလုံးလည်း ရာသီမရွေး နှစ်ဆယ့်လေးနာရီ ဖွင့်ထားပါတယ်။ ပြတင်းပေါက်တွေမှာ သံဆန်ခါတပ်ထားတာတောင် နေ့ဘက်ဆို မ,တင်ထားလို့ရအောင် လုပ်ထားပြီး ညဘက်ရောက်မှ ချထားတာပါ။

## ရောဂါတစ်ခုလိုဖြစ်

အိပ်တော့လည်း ပြတင်းပေါက်ကို ကုတင်ခေါင်းတိုက်အိပ်တာဆိုတော့ အမြဲမပြတ် နှာစေးနေတတ်တာကလွဲပြီး ဘာမှမဖြစ်ပါဘူး။ ရန်ကုန်ဆောင်းဆိုတာက မန္တလေးကလူတွေအတွက်တော့ ဆောင်းမှမဟုတ်တာ။ ချည်စောင်လေးတစ်ထည် ခြေရင်းမှာချထားရုံနဲ့ လုံလောက်နေတာ။ အအေးနည်းနည်းပိုတဲ့ညများမှ ခြေရင်းကစောင်လေးဆွဲခြုံလိုက်ရင် ရပြီပဲ။ ပိတ်ထားတဲ့တံခါးတွေဆို လုံးလုံးကြည့်မရတာက ရောဂါတစ်ခုလိုဖြစ်နေတယ်။ သူခိုးသူဝှက်လည်း မစိုးရိမ်ပါဘူး။ ဘာမှမရှိသူပဲ။ ပြီးတော့ အိမ်မှာက တစ်နေ့ခင်းလုံး လူပြတ်တယ်လို့မှမရှိတာ။ ဝင်လိုက်ကြ ထွက်လိုက်ကြနဲ့ လူငယ်တွေ နှစ်ယောက်သုံးယောက်က အမြဲရှိနေတတ်ပါတယ်။ ပြီးတော့ အိမ်အောက်မှာ အမြဲစောင့်ကြည့်ပေးနေတဲ့ မိတ်ဆွေတွေလည်း ပြတ်တယ်မရှိပါဘူး။ ဒါကြောင့် တံခါးတွေ အမြဲဖွင့်ထားတာပါ။ ပိတ်ထားတဲ့တံခါးကို ဘာ့ကြောင့်မုန်းမုန်းမသိဘူး။ အသက်ကြီးလေ ပိုပိုဆိုးလေတောင် ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ခတ္တာပွင့်ချိန်

ဦးလေး လူထုဦးလှကတော့ ခတ္တာပန်းကို ဘယ်တော့မှ ခတ္တာပန်းလို့ မခေါ်ဘူး။ ခတ္တာပွင့်လို့ပဲ ခေါ်တယ်။ ခတ္တာတွေပေါ်ချိန်ဆို ခတ္တာပွင့်တွေ ဘုရားတင်ပါဦးလို့ အမြဲပြောတတ်တယ်လို့ ဒေါ်ဒေါ်က ပြောပြဖူးတယ်။ ကဗျာဆရာကြီးတဂိုးလည်း ပြတင်းပေါက်တွေကို ဖွင့်ထားမှကြိုက်တယ်။ ပြတင်းပေါက်တွေဖွင့်ထားမှ လေကောင်းလေသန့်တွေဝင်လာပြီး အခန်းထဲက အနံ့အသက်ဆိုးတွေ ပျောက်သွားမှာပေါ့လို့ ရေးခဲ့တယ်။ တဂိုးပြောတာ မှန်တယ်လို့ ကိုယ့်ဟာကိုယ်ထောက်ခံပြီး ကိုယ့်အိမ်က တံခါးတွေကို အမြဲဖွင့်ထားတာဖြစ်တယ်။ တံခါးဖွင့်ထားတော့ လူပေါင်းစုံလာကြတယ်။ ဘုန်းကြီးရဟန်း လာတတ်သလို အရက်သမား ဘိန်းစားလည်း လာတတ်တယ်။ ကိုယ့်ကို ဒုက္ခပေးတာမှမဟုတ်တာ လာကြပါစေပေါ့။ စာရေးတဲ့လူဆိုတာ လူမျိုးပေါင်းစုံနဲ့ ထိတွေ့ဆက်ဆံနေဖို့ လိုတယ်မဟုတ်ဘူးလား။ ဟိုလူမျိုးမတွေ့ဘူး၊ ဒီလူမျိုးမှတွေ့မယ်လို့ ဘယ်လုပ်ဖြစ်မှာလဲ။ လူမျိုးစုံနဲ့တွေ့မှ ဘဝပေါင်းစုံ ကိုသိရ၊ သတင်းမျိုးစုံကို ကြားရမှာဖြစ်တယ်လေ။

## အပေါ်ယံအမြင်

အဖြစ်မှန်တွေ၊ သတင်းမှန်တွေ၊ ဘဝမှန်တွေကို မသိဘဲနဲ့ မှန်ကန်တဲ့ သုံးသပ်ဝေဖန်မှုတွေ လုပ်နိုင်စွမ်းမရှိပါဘူး။ သတင်းစာဆရာတစ်ယောက်၊ စာရေးဆရာတစ်ယောက်ရဲ့ အရည်အချင်းကို သူဘယ်လောက်ထိ မှန်မှန်ကန်ကန် သုံးသပ်ဝေဖန်မှုတွေ လုပ်နိုင်သလဲဆိုတဲ့အချက်နဲ့ ကြည့်ပါတယ်။ အီရတ်နိုင်ငံအကြောင်း သုံးသပ်ဝေဖန်ချက်တွေရေးတဲ့ ဆောင်းပါးတွေချင်းတူဦးတော့၊ လေးလေးနက်နက် စဉ်းစားတတ်သူကမှ မှန်မှန်ကန်ကန် သုံးသပ်ရေးသားနိုင်မှာဖြစ်တယ်။ ဥပမာ၊ လောလောဆယ် အီရတ်က အမေရိကန်တပ်တွေ ရုပ်သိမ်းသွားတယ်ဆိုတဲ့ ကိစ္စဆိုပါတော့၊ အင်တာနက်ကရလာတဲ့ သတင်းတွေလောက်ဖတ်ပြီး အပေါ်ယံလျှပ်ပြီးကြည့်လိုက်သူကတော့ နိုင်ငံခြားတပ်တွေ မရှိတော့ဘူးဆိုရင် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုတွေလည်း ရှိမှာမဟုတ်တော့ဘူး။ မကြာခင် အီရတ်မှာ ငြိမ်းချမ်းတော့မယ်လို့ သုံးသပ်ရေးသားမှာဖြစ်တယ်။ အမေရိကန်တပ်တွေ ရုပ်သိမ်းသွားမှုဟာ ငြိမ်းချမ်းရေးရောင်ခြည်ပဲလို့ ထင်လိမ့်မယ်။



## အီရတ်ကိုလက်လွှတ်တာမဟုတ်

အင်တာနက်သတင်းလောက် ဖတ်ရုံမဟုတ်ဘဲ **အီရတ်ကိုဝင်မတိုက်**ခင်က အခြေအနေတွေ၊ ဝင်တိုက်ပြီးနောက် အခြေအနေတွေကိုပါ ပြန်လည်သုံးသပ်ကြည့်တတ်သူကတော့ အဲဒီလိုမြင်မှာ မဟုတ်ပါဘူး။ အမေရိကန်ရဲ့ အရှေ့အလယ်ပိုင်း ရေနံဒေသဆိုင်ရာ မဟာဗျူဟာနဲ့ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတွေကိုပါ ပြန်ကြည့်သူကတော့ အီရတ်က အမေရိကန်တပ် ရုပ်သိမ်းတယ်ဆိုတာဟာ အီရတ်ကို အမေရိကန်က လက်လွှတ်လိုက်တာမဟုတ်ဘူး။ ဗီယက်နမ်စစ်ပွဲမှာ အရှုံးကြီးရှုံးနေတဲ့အခါကျတော့ အမေရိကန်က နောက်ဆုတ်နေလိုက်ပြီး ဗီယက်နမ်လူမျိုးအချင်းချင်း တိုက်စေတဲ့ Vietnamization ဗီယက်နမ်မှု ပြုလုပ်လိုက်သလို အီရတ်အချင်းချင်းတိုက်စေမယ့် စစ်ဖန်တီးလိုက်တာပဲလို့ သုံးသပ်ရေးသားလိမ့်မယ်။

## အဝိုင်းကျဉ်းကလေးထဲမနေနဲ့

ဝေဖန်သုံးသပ်ချက် မှန်ကန်ဖို့ဆိုတာက လောလောဆယ်ဖြစ်ပျက်နေတဲ့ ကိစ္စတွေအပေါ်မှာချည်း ကြည့်လို့မဖြစ်ပါဘူး။ ရှေ့နောက် လှမ်းမျှော်ကြည့်နိုင်တဲ့ ဉာဏ်မျက်စိရှိဖို့လိုပါတယ်။ နောက်ပြီး ဘက်ပေါင်းစုံ အခြေအနေတွေကို လူပေါင်းစုံဆီက မေးမြန်းမှတ်သား စုဆောင်းဖို့လည်း လိုပါတယ်။ လူပေါင်းစုံနဲ့ မထိတွေ့ဘဲ ကိုယ့်အဝန်းအဝိုင်း ကျဉ်းကျဉ်းလေးထဲမှာပဲ ကျင်လည်နေရင် ကိုယ်ကြားချင်တဲ့စကားမျိုးတွေပဲ ကြားရမှာ သေချာတယ်။ ဘာ့ကြောင့်လဲဆိုတော့ 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့'ဆိုတဲ့စကားလို လူတွေဟာ ကိုယ်နဲ့တူရာတူရာ ချင်းသာ အပေါင်းအဖော်လုပ်တတ်ကြတာ မဟုတ်လား။ လက်ဖက်ရည်ဆိုင်ဝင်ထိုင်တာတောင်မှ ကိုယ်နဲ့ 'စကားကြော'တည့်သူတွေရှိတဲ့ဝိုင်းကို ရွေးပြီးမှ ထိုင်ကြတယ်လေ။ ဒါမှ ကိုယ်ပြောချင်တာ ပြောလို့ရပြီး ကိုယ်ကြားချင်တဲ့စကားမျိုးလည်း ကြားရမှာဖြစ်တယ်။

## ယောင်ယောင်သမားတွေ

မှန်တာရေးဖို့အတွက် မှန်တာကိုသိဖို့လိုတယ်။ မှန်တာသိဖို့ဆိုရင် ဘက်စုံအလွှာစုံက စကားတွေ နားထောင်ဖို့လိုတယ်။ ကိုယ်နဲ့ အမြင်မတူ



www.burmeseclassic.com

www.burmeseclassic.com

သူတွေဆီက စကားကို ပိုနားထောင်သင့်တယ်။ ကိုယ်နဲ့ အမြင်မတူသူကတော့ ကိုယ်ကြိုက်တဲ့စကားမျိုး ပြောမှာမဟုတ်တာ သေချာတယ်။ အလုံးစုံကိုနားထောင်ပြီးမှ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်သုံးသပ်လုပ်ရပါတယ်။ လူပြောများလို့ မှန်တယ်ဆိုတာ မဖြစ်စေရဘူး။ စာအုပ်ကြီးတွေထဲက ရေးထားလို့ မှန်တယ်ဆိုတာလည်း မဖြစ်စေရဘူး။ ဘယ်ပါမောက္ခကြီးက ပြောလို့ မှန်တာလည်း မဖြစ်စေရဘူး။ မြန်မာတွေပဲ မဟုတ်လား။ ကာလာမသုတ်ကို မကြားဖူးဘဲတော့ နေမှာမဟုတ်ပါဘူး။ မှန်တာဖြစ်ဖြစ် မှားတာဖြစ်ဖြစ် ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြစ်စေရမယ်။ ကိုယ်ပိုင်ဉာဏ်အမြင်နဲ့သိမှ ပြတ်ပြတ်သားသား၊ ဝံ့ဝံ့စားစား ပြောရဲတာဖြစ်တယ်။ ဒီအသိကမှလည်း ခေါင်းထဲမှာ စွဲမြဲနိုင်မှာတယ်။ ခဏခဏ စရိုက်ပြောင်းတတ်သူတွေ၊ ဘက်ပြောင်းတတ်သူတွေဟာ ကိုယ်ပိုင်အသိနဲ့မဟုတ်ဘဲ သူများယောင်လို့ လိုက်ယောင်တဲ့ ဟိုယောင်ယောင် ဒီယောင်ယောင်သမားတွေသာ ဖြစ်တယ်။

**ပုတ်သင်ညိုလည်းတွေ့ပါ**

လေးနက်တဲ့သတင်းစာဆရာ၊ လေးနက်တဲ့စာရေးဆရာ ဖြစ်ချင်သူအဖို့တော့ အဲဒီပုတ်သင်ညိုလို ယောင်ယောင်သမားတွေနဲ့လည်း တွေ့ဖို့လိုတာပါပဲ။ ဒါမှ လူတွေရဲ့စရိုက်၊ လူတွေရဲ့သဘာဝကို သိနိုင်မှာဖြစ်တယ်။ လူ့စရိုက်၊ လူ့သဘာဝနဲ့ လူ့စိတ္တဗေဒကို သေသေချာချာ နားလည်သိရှိထားမှ လေးနက်တဲ့ သုံးသပ်ဝေဖန်ချက်တွေ၊ လေးနက်တဲ့ ဝတ္ထုကြီးတွေ ရေးနိုင်မှာပါ။ လူတွေကို၊ လောကကို အရှိအတိုင်း၊ သဘာဝအတိုင်း မှန်မှန်ကန်ကန် ထိုးဖောက်သိမြင်နိုင်ဖို့ဆိုရင် ကိုယ်ပိုင်အသိဉာဏ် ရှိဖို့လိုပါတယ်။ အဲဒီအသိဉာဏ်ကို စာအုပ်တွေက မရနိုင်ဘူး။ အင်တာနက်က မရနိုင်ဘူး။ လောကကြီးထဲက လူတွေဆီကမှ ရနိုင်တယ်။ စာအုပ်တွေနဲ့ အင်တာနက်တွေကရတာက သတင်းနဲ့ အချက်အလက်တွေပဲ။ သတင်းနဲ့ အချက်အလက်သက်သက်က ပညာဖြစ်လာတာမဟုတ်ဘူး။ အသိဉာဏ်နဲ့ ဝေဖန်ပိုင်းခြားမှ ပညာဖြစ်လာတာပါ။ အဲဒီအသိဉာဏ်ရဖို့ လောကကြီးဆီက သင်ယူပါ။ လူမျိုးပေါင်းစုံဆီက လေ့လာပါ။ သင့်အိမ်တံခါးတွေကို ဖွင့်ထားလိုက်ပါ။

၄၊ ၈၊ ၂၀၀၉



# အောင်မြင်မှုဆိုတာ ရလဒ်လား၊ လုပ်ရပ်လား

အတော်များများက လူငယ်စာရေးဆရာ(လူငယ်တွေအကြောင်း ရေးတာကို ပြောတာပါ)အဖြစ် အသိအမှတ်ပြုထားကြပြီးတော့ လူငယ်တွေအကြောင်း စာရေးပေးဖို့ အမြဲလိုလိုတောင်းဆိုတတ်ကြတယ်။ အထူးသဖြင့် လူငယ်တွေအတွက် အောင်မြင်ရေးတို့၊ ဘဝလမ်းညွှန်တို့ဆိုတာမျိုးတွေကို လိုချင်ကြတာများတယ်။ အောင်မြင်ရေးဆိုတာ လူငယ်တိုင်းအတွက် ဘဝရည်မှန်းချက်လို့ သူတို့ယူဆထားကြပုံရပါတယ်။

**လမ်းမညွှန်တတ်**

နှစ်ပေါင်းနှစ်ဆယ်အစိတ် ကျောင်းဆရာလုပ်ခဲ့ဖူးတော့ ကျောင်းသားလူငယ်တွေနဲ့ လက်ပွန်းတတီး နီးစပ်မှုရှိပါတယ်။ လူငယ်တွေရဲ့ စရိုက်ကိုလည်း တော်တော်လေးနားလည်ပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ ပတ်သက်တဲ့စာမျိုးတွေ အရေးများတာဖြစ်တယ်။ ဒါပေမဲ့ အောင်မြင်ရေးစာပေမျိုး၊ ဘဝလမ်းညွှန်စာပေမျိုးတွေတော့ မဟုတ်ပါဘူး။ အဲဒါတွေကို နားလည်းမလည်ပါဘူး။ အောင်မြင်သူဘဝ တစ်ခါမှမရခဲ့ဖူးသလို၊ ဘဝလမ်းညွှန်လုပ်ဖို့ဆိုတာလည်း ကိုယ့်ဘဝကိုယ်တောင် လမ်းမညွှန်တတ်လို့ 'အသွားမတော် တစ်လှမ်း' ဆိုတဲ့ခရီးမျိုး ခဏခဏရောက်ခဲ့ဖူးတာလေ။ ဒီတော့ သူများတွေကို အောင်မြင်အောင် ဘယ်လမ်းညွှန်နိုင်မှာလဲ။

**သူများတာလို့ လိုက်မတာနဲ့**

ကိုယ်ရေးခဲ့တာတွေကို ပြန်စဉ်းစားမိတယ်။ အများစုက လူငယ်တွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းပြီး သူများကို အားကိုးလွန်းတာတွေ ပျောက်အောင်လုပ်ဖို့အကြောင်း၊ သူများ ကွန့်မြူးတာဆို လိုက်တာနိုက်။



www.burmeseclassic.com

www.burmeseclassic.com

သူများ အယ်လ်စီစီအိုင်ဆို လိုက်အိုင်လိုက်၊ သူများ ကိုရီးယားဆို လိုက်ယားလိုက် လုပ်မနေကြဘဲ ကိုယ်ဘာဝါသနာပါတာလဲ၊ ကိုယ်ဘာဖြစ်ချင် လုပ်ချင်တာလဲဆိုတာကို ကိုယ့်ဟာကိုယ် သေသေချာချာသိအောင်လုပ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ဖို့အကြောင်း၊ "Nothing is impossible under the sun" လောကကြီးမှာ မဖြစ်နိုင်တဲ့အရာ ဘာမှမရှိဆိုတာကို ယုံကြည်ဖို့အကြောင်း၊ လူဖြစ်လာခိုက်မှာ လူပီသအောင်နေဖို့အကြောင်း 'လူတိရစ္ဆာန်'(manimal)မဖြစ်စေသင့်ကြောင်းဆိုတဲ့ အကြောင်းတွေသာ များတာကို သတိထားမိပါတယ်။ ဒါမျိုးတွေကို အောင်မြင်ရေးစာပေလို့ မခေါ်နိုင်ဘူးထင်တာပါပဲ။

## ဆုံးရှုံးသူတွေလား

အောင်မြင်ရေးဆိုတဲ့စကား ပြောကြလွန်းတော့ အောင်မြင်ရေးဆိုတာ ဘာလဲဆိုတဲ့အကြောင်း စဉ်းစားကြည့်တယ်။ ပညာရေးမှာဖြစ်ဖြစ်၊ စီးပွားရေးမှာဖြစ်ဖြစ်၊ လူမှုရေးမှာဖြစ်ဖြစ် ထူးထူးချွန်ချွန်၊ ပေါက်ပေါက်မြောက်မြောက်ဖြစ်တာကို ဆိုလိုတာလား။ ဒါဆိုရင် တစ်ဖက်ဖက်မှာ 'လူတစ်လုံးသူတစ်လုံး'ဖြစ်မလာသူတွေက မအောင်မြင်တဲ့ 'ဆုံးရှုံးသူ'တွေလား။ တစ်သက်လုံး မျက်နှာငယ်ငယ်နဲ့ နေရမှာလား။ ဒီလိုတော့ မဟုတ်သေးဘူး ထင်တယ်။ လူ့လောကမှာ ထူးချွန်ပေါက်မြောက်ပြီး ထိပ်ဆုံးရောက်သူနဲ့ သူလိုငါလို အလယ်အလတ်နေရာလောက်ရောက်သူ ဘယ်သူကပိုများသလဲ။ စဉ်းစားဖို့တောင်မလိုဘူး။ လူတိုင်းသိပါတယ်။ လူများစုကြီးဖြစ်တဲ့ သူလိုငါလို အလယ်အလတ်သမားတွေကို ပစ်ပယ်ထားလိုက်ရင် ဘယ်နိုင်ငံ လူ့အဖွဲ့အစည်းမှ တိုးတက်ထွန်းကားမလာနိုင်ပါဘူး။ ထိပ်ဆုံးရောက် လူချွန်လူမွန်တွေနဲ့ချည်း လူ့လောက သာယာလှပအောင် ဖန်တီးလို့ မရပါဘူး။

## ဂျီပီလေးလည်းကောင်းတာပဲ

အောင်မြင်မှုကို အမှတ်ဘယ်လောက်ရသလဲ။ ရာထူးအဆင့် ဘယ်လောက်မြင့်သလဲဆိုတဲ့ ရလဒ်နဲ့ သတ်မှတ်တယ်ဆိုတာလည်း မှန်တယ်လို့ မထင်ဘူး။ ကမ္ဘာ့ထိပ်သီးစာရင်းဝင် နှလုံးအစားထိုးကုသမှု ဆရာဝန်ကြီးဖြစ်တာ ကောင်းပါတယ်။ တောကြိုအုံကြားမှာ မော်တော်ဆိုင်ကယ်လေးတစ်စင်းနဲ့ တစ်ရွာဝင်တစ်ရွာထွက် လူနာတွေလိုက်ကုပေးနေတဲ့ မိုးမိုး 'ဂျီပီဆရာဝန်'လေးလည်း အလားတူကောင်းတာပါပဲ။ ထူးထူးချွန်ချွန် မရှိလှလို့ MRCP, FRCS ဆိုတဲ့ တော်ဝင်ဘွဲ့ကြီးတွေလည်း မရ၊ အနောက်နိုင်ငံကြီးတွေဆိုတာလည်း မရောက်ခဲ့ရပေမယ့် ကျေးရွာဇနပုဒ်ကလေးတွေက ဆင်းရဲသူဆင်းရဲသားများအဖို့တော့ အဲဒီ ဂျီပီလေးဟာ တကယ့်လူအဖိုးတန်ဖြစ်ပါတယ်။ နှလုံးအတုကို ပထမဆုံး ပုံစံထုတ်ပြုလုပ်ပြီး လူနာကိုတပ်ဆင်ပေးခဲ့တဲ့ အမေရိကန်လူမျိုးဆရာဝန် ဒေါက်တာဂျားဗစ်ဆိုတာ အဲဒီတောသူတောင်သားများအဖို့တော့ ဘာမှမဟုတ်ပါဘူး။

## ဂျားဗစ်က သူတို့ဆီမလာ

ဘာ့ကြောင့်လဲဆိုတော့ ဒေါက်တာဂျားဗစ်က သူတို့ဆီလာတာမှ မဟုတ်တာ။ သူတို့ရဲ့တောဆရာဝန်လေးကတော့ ညကြီးမင်းကြီး ပိုးထိလို့ သွားခေါ်လည်း အိပ်ရာထဲကထပြီး လိုက်လာတာပဲ။ ရွာက လက်သည် မနိုင်တော့လို့ စောင်ပုခတ်ကြီးနဲ့သယ်လာတဲ့ မွေးလူနာကိုလည်း သူ့အိမ်ရှေ့ခန်းမှာပဲ စောင်ကာပြီး ညှပ်ဆွဲမွေးပေးလိုက်တာပဲ။ ထန်းလျှောလို့ ခါးကျိုးသွားတဲ့လူနာဆိုရင်လည်း သူကိုယ်တိုင် ထော်လာဂျီစီးပြီး မြို့ဆေးရုံအရောက် လိုက်ပို့ပေးလိုက်တာပဲ။ အခကြေးငွေတို့ ဘာတို့ စကားထဲထည့်ပြောနေတာ မဟုတ်ဘူး။ 'ထဖိုဦးထညက်'(ထန်းဖိုဦးထန်းလျက်)ကလေးဖြစ်ဖြစ်၊ ပဲပေါ်ချိန်ပဲ၊ နှမ်းပေါ်ချိန်နှမ်း၊ စပါးပေါ်ချိန်စပါး၊ တစ်တောင်းတလေ လက်ဆောင်ပေးကန်တော့လိုက်ရင် ပြီးတာပဲ။ ဒါကြောင့် ဒေါက်တာခရစ္စတီယန်ဘားနဒ်ကြီး ဘယ်လောက်တောင် တော်တော်၊ ဒေါက်တာဂျားဗစ် ဘယ်လောက်ချွန်ချွန် သူတို့အတွက်တော့ သူတို့ တောဆရာဝန်လေးလောက် အဖိုးမတန်ပါဘူး။

## လုပ်ရပ်နဲ့သတ်မှတ်သင့်

ဘဝမှာ အောင်မြင်တယ်၊ လူ့အဖိုးတန်ဖြစ်တယ်ဆိုတာကို ရလဒ်နဲ့ မသတ်မှတ်ဘဲ လုပ်ရပ်နဲ့သတ်မှတ်သင့်တယ်လို့ ထင်ပါတယ်။ အရေးကြီးတာက ကိုယ်က ဘာပဲဖြစ်နေဖြစ်နေ၊ ဘယ်နေရာဘယ်ဒေသပဲ ရောက်နေရောက်နေ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။ မာစတာဘွဲ့၊ ပါရဂူဘွဲ့တွေမရလို့ ပါမောက္ခကြီး ဖြစ်မလာ




www.burmeseclassic.com

www.burmeseclassic.com

ဘဲ တောကျောင်း မူလတန်းဆရာလေးပဲ ဖြစ်စေဦးတော့ ကျောင်းဆရာရဲ့ တာဝန်ကို ကျောင်းဆရာပီသစွာ ထမ်းဆောင်တယ်ဆိုရင် လူ့အဖိုးတန်လို့ သတ်မှတ်ရမှာပါပဲ။ ကျောင်းဆရာက ကျူရှင်ပြစားပြီး ချမ်းသာအောင် လုပ်နေရင်တော့ ဘွဲ့တွေ ဘယ်နှထပ်ကွမ်းပဲရနေရနေ၊ ဘာပါမောက္ခကြီးပဲ ဖြစ်နေဖြစ်နေ 'အာစရိယဂုဏော အနန္တော' ဆိုတဲ့ထဲ ထည့်ကြမှာမဟုတ် ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျောင်းဆရာမဟုတ်ဘဲ အသပြာဆရာ ဖြစ်သွားလို့ပါ။

## ရပိုင်ခွင့်လို့မထင်နဲ့

ကိုယ်တိုင်ရေးခဲ့တဲ့စာတွေက ဒီလိုမျိုးတွေပါ။ ကျောင်းဆရာလုပ်တုန်း ကလည်း ဒါမျိုးတွေပဲ သင်ခဲ့ပါတယ်။ လူဖြစ်လာရင်က လူ့တာဝန်ကျေဖို့ ကျောင်းဆရာက ကျောင်းဆရာတာဝန်ကျေဖို့၊ ဆရာဝန်က ဆရာဝန် တာဝန်ကျေဖို့၊ ဝန်ထမ်းက ဝန်ထမ်းတာဝန်ကျေဖို့ စတာတွေပါ။ ပြီးတော့ ဒီလိုတာဝန်ကျေတယ်ဆိုတာလည်း ကိုယ့်အလုပ်ကိုယ်လုပ်တာ ဖြစ်တဲ့ အတွက် ဘယ်သူ့ဆီကမှ ဘာအခွင့်အရေးကိုမှ ရယူပိုင်ခွင့်ရှိတယ်၊ ကျေးဇူးတင်ခံထိုက်တယ်လို့ မယူဆဖို့ဆိုတာမျိုးတွေပါ။ ကျောင်းသား တစ်ယောက်ရဲ့အောင်မြင်မှုနဲ့ အရည်အချင်းကို ရမှတ်နဲ့ အကဲမဖြတ်ရင် စာမေးပွဲမှာ ခိုးချတာတို့ တခြားမသမာမှုပြုတာတို့ ရှိမှာမဟုတ်ပါဘူး။ အလားတူပဲ လူတစ်ယောက်ရဲ့အောင်မြင်မှုနဲ့ အရည်အချင်းကို ရာထူး အဆင့်အတန်းတို့၊ ငွေကြေးနဲ့ စည်းစိမ်ချမ်းသာတို့နဲ့ အကဲမဖြတ်ရင်၊ လာဘ်စားတာတို့၊ အထက်ဖားအောက်ဖိလုပ်တာတို့ ရှိမယ်မဟုတ်ပါဘူး။ ဒါကြောင့် အောင်မြင်မှုပဲဖြစ်ဖြစ် လူ့အရည်အချင်းပဲဖြစ်ဖြစ်၊ လူ့တန်ဖိုးပဲ ဖြစ်ဖြစ် အကဲဖြတ်ရာမှာ ရလဒ်နဲ့မကြည့်ဘဲ လုပ်ရပ်နဲ့သာကြည့်သင့်တယ် လို့ ထင်မြင်ယူဆမိကြောင်းပါ ခင်ဗျား။

၁၂၊ ၈၊ ၂၀၀၉



# မတူပေမယ့်တွဲလို့ရပါတယ်

ကြာတော့ကြာပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကလို့ ထင်ပါတယ်။ ပန်းဝေသီမဂ္ဂဇင်းကို စာရေးဆရာကြည်လင်အေး ကိုင်ပေးနေတဲ့ အချိန် ကပါ။ ပန်းဝေသီမှာရေးခဲ့တဲ့ စာတစ်ပုဒ်နဲ့ပတ်သက်ပြီး စာရေးဆရာဆုဒိုနင် က သဘောမတူတဲ့အကြောင်း တုံ့ပြန်ရေးပါတယ်။ အဲဒီရေးတဲ့စာကို သူက မဂ္ဂဇင်းတိုက်မပို့ဘဲ လူယဉ်ကျေးပီသစွာ ကျွန်တော့်ဆီလာပေးပါတယ်။ ဖတ်ကြည့်ပြီး ဆရာခွင့်ပြုနိုင်မှ မဂ္ဂဇင်းတိုက်ကိုပေးလိုက်ပါ။ ဆရာခွင့်မပြု နိုင်ရင် ဒီအတိုင်းထားလိုက်ပါလို့ ပြောပါတယ်။

## မတူတာရှိသလို တူတာရှိ

သူ့စာကိုဖတ်ကြည့်ပြီးတဲ့အခါ 'ထည့်သင့်ပါတယ်' လို့ မှတ်ချက်ရေး လက်မှတ်ထိုးပြီး မဂ္ဂဇင်းတိုက်ကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ အကြောင်း ကြောင်းကြောင့် အဲဒီဆောင်းပါး မဂ္ဂဇင်းမှာ ပါမလာခဲ့ပါဘူး။ အဲဒီနောက် ဆုဒိုနင်နဲ့ အရင်ကထက်ပိုခင်သွားပါတယ်။ အဲဒီအချိန်က သူအလုပ်လုပ် နေတဲ့ ဌာနနဲ့လည်း နီးနေလေတော့ မကြာမကြာ သူရောက်လာလေ့ ရှိပါတယ်။ စာကြောင်းပေကြောင်း၊ နိုင်ငံရေးအကြောင်းတွေ ပြောဖြစ်ကြ ပါတယ်။ ကျွန်တော့်ဆောင်းပါးထဲက အယူအဆကို သူသဘောမတူလို့ မတူကြောင်းတုံ့ပြန်ရေးသားခဲ့ပေမယ့် စာပေသမားချင်းဆိုတော့ သဘော ထားချင်းတူညီတာတွေလည်း အများကြီးရှိပါတယ်။ နိုင်ငံ့အရေး ကမ္ဘာ့ အရေး စိတ်ဝင်စားတာချင်းတူကြတော့ အဲဒီနယ်ပယ်မှာလည်း သဘော တူတာတွေ ရှိသလို မတူတာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ သူနဲ့ စကား ပြောလို့ရပါတယ်။ ကိုယ့်ယုံကြည်မှုကို သူကလေးစားသလို၊ သူ့ယုံကြည်မှု ကိုလည်း ကိုယ်ကလေးစားလေတော့ မတူတဲ့အတွက် အခင်အမင်မပျက် ရုံသာမက သူက တုံ့ပြန်စာရေးပြီးမှ ပိုတောင်ခင်မင်ရင်းနှီးသွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပါဝါမာန်တက်လို့

တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူ၊ သဘောထားချင်း မတိုက်ဆိုင်တိုင်းသာ အငြင်းပွားရန်ဖြစ်နေကြရမယ်ဆိုရင် လူတွေမှာ မိတ်ဆွေဆိုတာ ဘယ်ရှိနိုင်တော့မှာလဲ။ မိဘနဲ့ သားသမီး၊ တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမရင်းများတောင် အကြိုက်ချင်း၊ စရိုက်ချင်း ဝါသနာချင်း တူကြတာမှမဟုတ်တာ။ အဲဒီလိုမတူတာတွေကို တူအောင် ဖွတ်အတင်းလုပ်ယူလို့လည်း မရနိုင်ပါဘူး။ ငါကြိုက်တာမှ ကောင်းတယ် သူကြိုက်တာ မကောင်းဘူးလို့လည်း ပြောလို့မရပါဘူး။ ဘိတ်သား ထားဝယ်သားက ပင်လယ်ငါးမှကောင်းတယ်ထင်သလို မန္တလေးသား မုံရွာသားကလည်း ရေချိုငါးမှ ကောင်းတယ်ထင်မှာပဲ။ ဒါ သဘာဝပဲ။ အငြင်းပွားနေလို့ ဘယ်ဖြစ်မှာလဲ။ ဒီသဘာဝကို နားလည်သဘောပေါက်ပြီး ကိုယ်ကြိုက်တာ ကိုယ်လုပ်သလို သူ့ကိုလည်း သူကြိုက်တာ သူလုပ်ခွင့် ရှိတယ်ဆိုတာ အသိအမှတ်ပြုလက်ခံဖို့သာ လိုပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက်ဖြစ်စေ၊ နိုင်ငံတစ်ခုနဲ့တစ်ခုဖြစ်စေ အငြင်းပွားကြ၊ တိုက်ကြ ခိုက်ကြ ဖြစ်လာရတဲ့အကြောင်းအရင်းက မတူတာတွေကို တူအောင် ဖွတ်အတင်းလုပ်ယူကြလို့ ဖြစ်တယ်။ ကိုယ့်အမြင်အတိုင်း သူမြင်လာအောင်၊ ကိုယ်ကြိုက်တဲ့အတိုင်း သူကြိုက်လာအောင် ဩဇာနဲ့အင်အား သုံးပြီး လုပ်ဆောင်နေကြခြင်းဖြစ်တယ်။ မတူတာကို တူအောင်လုပ်လို့ မရဘူးဆိုတာ မသိကြတာတော့မဟုတ်ဘူး။ သိသိကြီးနဲ့ ငါ့မှာအင်အား ရှိတယ်၊ ငါ့မှာ ဩဇာရှိတယ်ဆိုတဲ့ 'ပါဝါမာန်'တက်ပြီး ထင်ရာစိုင်းနေတာသာ ဖြစ်ပါတယ်။

## မိတ်ဆွေဖွဲ့တာကောင်းတယ်

လူတွေအချင်းချင်း မိတ်ဆွေအဖြစ် ရင်နှီးချစ်ခင်နေရတာ အင်မတန် စိတ်ချမ်းသာပါတယ်။ သူ့ဒုက္ခရောက်ရင် ကိုယ်ကကူလိုက်၊ ကိုယ်ဒုက္ခရောက်ရင် သူကကူလိုက်နဲ့ အပြန်အလှန် ရိုင်းပင်းကူညီနေရတာ မင်္ဂလာရှိလှပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်မိတိုင်း ရန်ဖြစ်ပြီး ရန်သူကြီးတွေလိုနေရတာက တကယ်တော့ ကိုယ့်အတွက်လည်း အလိုလိုနေရင်း စိတ်ဆင်းရဲနေရတာပါ။ ဘာမှ ကောင်းတာမရှိပါဘူး။ မိတ်ဆွေဖွဲ့တာ ကောင်းတယ်။ ရန်သူရှာတာ မကောင်းပါဘူး။ ကိုယ်နဲ့



မတူတာနဲ့ ရန်သူဖြစ်စရာမလိုပါဘူး။ မတူတာတွေကို အသာထားလိုက်ပြီး တူတာတွေကိုပဲ ပြောကြဆိုကြ အတူတွဲလုပ်ကြရင် ပျော်စရာကောင်းမှာပါ။ စာပေလောကသားတွေပဲ အခြေခံတရားကြီးက တူနေတယ်မဟုတ်လား။ စာရေးပြီး လူသားတွေရဲ့ စိတ်နှလုံးသိမ်မွေ့ယဉ်ကျေးလာအောင် လုပ်မယ်၊ လူ့လောကထဲက အကျည်းတန်အရုပ်ဆိုးတဲ့ အနိဋ္ဌာရုံအားလုံး ပျောက်ကွယ်သွားအောင်လုပ်မယ်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပြီး နေချင်ဖွယ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သဘောထားရည်ရွယ်ချက်တွေက စာရေးဆရာတိုင်းရဲ့ရင်ထဲမှာ အစဉ်ကိန်းအောင်းနေတဲ့ တရားတွေပဲဖြစ်တယ်။ ဒီတရားတွေနဲ့ ပြည့်စုံညီညွတ်တဲ့စာတွေ ရေးထုတ်ဖို့ စာရေးသူအားလုံး ကြိုးစားအားထုတ်နေကြတာပဲ။ ဘယ်ပုံစံနဲ့ ရေးရေး၊ ဘယ်စံနစ်ကို ကျင့်သုံးကျင့်သုံး အန္တိမရည်မှန်းချက်က အထက်ပါတရားတွေနဲ့ပြည့်စုံတဲ့ စာကောင်းပေမွန်တွေ ရေးထုတ်နိုင်ဖို့သာ ပဓာနဖြစ်ပါတယ်။

## စေတနာမပါစာကောင်းမထွက်

ဘာအခြေခံတရားမှလည်းမရှိ၊ အများအတွက်ဆိုတဲ့ စေတနာမျိုးလည်းမရှိတဲ့ သူမျိုးတွေကော မရှိနိုင်ဘူးလား။ အဲဒီလိုလူမျိုးတွေကို ဘယ်လိုသဘောထားမလဲလို့ မေးစရာရှိပါတယ်။ ဟုတ်ပါတယ်။ ရှိနိုင်ပါတယ်။ ရှိကိုရှိပါတယ်။ ကိစ္စမရှိပါဘူး။ မပူပါနဲ့။ ဒီလူစားမျိုးတွေနဲ့ သူတို့ရေးတဲ့စာမျိုးတွေက ဘယ်တော့မှ ဩဇာကြီးမားတဲ့နေရာကို မရောက်ပါဘူး။ စာဖတ်ပရိသတ်က ခွဲခြားသိနိုင်စွမ်းရှိကြပါတယ်။ စေတနာမပါရင် ဘယ်တော့မှ စာကောင်းမထွက်ပါဘူး။ အဲဒီစာမျိုးတွေနဲ့ ရေးသူတွေဟာလည်း သူ့လုပ်ရပ်နဲ့ ထိုက်တန်တဲ့နေရာကို သူ့ဟာသူရောက်သွားမှာပါ။ လေကုန်ခံပြီး ဘာမှဝင်ပြောနေစရာမလိုပါဘူး။

## လုပ်ရပ်ကြည့်ပြီးသိတယ်

စာပေမှာတင်မဟုတ်ဘူး။ လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်တို့မှာလည်း အလားတူပါပဲ။ အများအကျိုးအတွက်ဆိုတဲ့ စေတနာနဲ့ လုပ်သူမှန်သမျှ၊ လုပ်ရပ်မှန်သမျှကို လူအများက နှစ်လိုကြမှာဖြစ်ပါတယ်။ စေတနာပါ မပါဆိုတာလည်း လုပ်ရပ်ကိုကြည့်ပြီး သိပါတယ်။ actions speak louder than words လက်တွေ့လုပ်ရပ်က စကားလုံးတွေထက်



www.burmeseclassic.com

www.burmeseclassic.com

ပိုပြီးထင်ရှားတယ်ဆိုတဲ့ စကားလိုပါပဲ။ စေတနာပါလို့မဟုတ်ဘဲနဲ့ ကိုယ်ကျိုးစီးပွားမျှော်ကိုးပြီး လုပ်ပြရင်လည်း လူအများက တစ်ချိန်ချိန်မှာ သိလာကြမှာ သေချာပါတယ်။ လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်ဆိုတာက စာပေနယ်ထက်ကျယ်ပြန့်တာဖြစ်လေတော့ အခွင့်အရေးရှာတဲ့ အတုအယောင်သမားတွေ ပိုများပါလိမ့်မယ်။ မြန်မာနိုင်ငံမှာ ဒီလိုလူမျိုးတွေ ခေတ်အဆက်ဆက်မှာ အများကြီးရှိခဲ့သလို ကမ္ဘာမှာလည်း အများကြီးရှိနေပါတယ်။

## လူမိုက်လိုတယ်

ဒီလိုလူမျိုးတွေကိုကြည့်ပြီး လူမှုရေးလုပ်ရတာ နိုင်ငံရေးလုပ်ရတာ စိတ်ပျက်စရာကြီးပဲဆိုပြီး ကျောခိုင်းမသွားပါနဲ့။ ကိုယ့်စေတနာ၊ ကိုယ့်မေတ္တာ တွန့်တိုမသွားပါနဲ့၊ ပျက်ယွင်းမသွားပါနဲ့။ အများမိုးခါးရေသောက်တာပဲဆိုပြီး ကိုယ်ပါ မိုးခါးရေ လိုက်မသောက်ပါနဲ့။ လိုက်သောက်ရင် ကိုယ်ပါ အရူးဖြစ်သွားတာပဲ အဖတ်တင်ပါလိမ့်မယ်။ လူ ၁၀၀ မှာ ၉၉ သောက်ချင်သောက်ပါစေ။ တစ်ယောက်တည်းမသောက်ဘဲနေရင် မိုက်ရာကျမှာပေါ့လို့ ပြောချင်ပြောကြပါစေ။ လောကကြီးမှာ ဒီလိုလူမိုက်မျိုး တစ်ယောက်ပဲဖြစ်ဖြစ် ရှိနေဖို့လိုအပ်ပါတယ်။ အကုန်လုံး လူလိမ္မာတွေ လုပ်နေကြရင် အမှောင်တိုက်ကြီးထဲက ဘယ်လိုလုပ်ပြီး ဖောက်ထွက်နိုင်တော့မှာလဲ။ အရူးလုပ်မလား၊ လူမိုက်လုပ်မလားဆိုရင် သင်ဘာကို ရွေးချယ်မှာလဲ။ စဉ်းစားထားဖို့လိုပါတယ်။

## စာဖတ်သူကသတ်မှတ်တာ

လူဆိုတာ ကိုယ့်ဘဝကိုယ်ဖန်တီးကြတာ ဖြစ်တယ်။ ဘယ်သူကမှ ဖန်တီးပေးလို့မရဘူး။ ကိုယ့်ဖန်တီးမှု၊ ကိုယ့်လုပ်ရပ်ကိုကြည့်ပြီး ဘေးလူများက လူဆိုးလား၊ လူကောင်းလား၊ လူယဉ်ကျေးလား၊ လူရိုင်းလား သတ်မှတ်ကြတာ ဖြစ်တယ်။ စာရေးဆရာတစ်ယောက်ကိုလည်း သူရေးတဲ့ စာတွေကိုကြည့်ပြီး စာဖတ်ပရိသတ်က သူ့နေရာကို သတ်မှတ်ပေးမှာပဲ ဖြစ်တယ်။ အိမ်ဦးခန်းမှာထားမလား၊ ဧည့်ခန်းမှာထားမလား၊ ဖိနပ်ချွတ်မှာထားမလား၊ မရှိသေ့စကား အိမ်သာသုံးစက္ကူအဖြစ် ထားမလားဆိုတာ သူတို့ရေးခဲ့တဲ့စာတွေကိုကြည့်ပြီး စာဖတ်ပရိသတ်က ဆုံးဖြတ်ပါလိမ့်မယ်။



စာရေးဆရာရဲ့နေရာဆိုတာ ကိုယ့်ဟာကိုယ် တက်ယူလို့ရတာမျိုး မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်က တင်ပေးလို့လည်း မရပါဘူး။ စာဖတ်ပရိသတ်က သတ်မှတ်ပေးတာပါ။

## နမူနာကောင်း

လူတိုင်းဟာ သူ့လမ်းသူလျှောက်၊ သူ့သမိုင်းသူရေးကြတာချည်းပါပဲ။ သူ့လမ်းကိုယ့်လမ်း မတူလို့ဆိုပြီး ငြင်းခုန်နေလို့ အဖြေထွက်လာမှာ မဟုတ်ပါဘူး။ ငြင်းခုန်မယ့်အစား ဆွေးနွေးညှိနှိုင်းတာက ပိုကောင်းပါတယ်။ သူက လျှော့တန်တာလျှော့၊ ကိုယ်က ဆုတ်တန်တာဆုတ်ပေါ့။ ဒါမှ အဖြေထွက်လာနိုင်မှာပါ။ ညှိလို့မရသေးတဲ့ မတူခြားနားတာတွေကို အသာဖယ်ထားပြီး တူတာတွေကို အတူတူတွဲလုပ်နိုင်ပါတယ်။ ဒါမှလည်း အလုပ်လုပ်ဖြစ်မှာပါ။ မတူတာတွေကိုသာ ရှေ့တန်းတင်ပြီး ငြင်းခုန်နေရင်တော့ အချိန်ကုန်လူပန်းပြီး ဘယ်သူမှအကျိုးမရှိပါဘူး။ အတူတူတွဲလုပ်မယ်ဆိုရင်တော့ လုပ်ရင်းက တစ်ယောက်အကြောင်း တစ်ယောက်ပိုသိ၊ ပိုနားလည်လာပြီး အရင်က အမြင်မတူနိုင်ဖြစ်နေတာတွေပါ ပပျောက်ကောင်း ပပျောက်သွားနိုင်ပါတယ်။ ဒါက လူယဉ်ကျေးများရဲ့ နည်းပါ။ ဆောင်းပါးအစမှာ ပြောခဲ့သလို အမြင်မတူတာကို လူကြီးလူကောင်းတစ်ယောက်လို တုံ့ပြန်ခဲ့တဲ့အတွက် စာရေးဆရာဆူဒိုနင်နဲ့ အရင်ကထက် ပိုပြီးခင်မင်ရင်းနှီးသွားခဲ့ကြတယ်ဆိုတာက အထင်ရှားဆုံး နမူနာဖြစ်တယ် မဟုတ်ပါလားခင်ဗျာ။

၂၉၊ ၇၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဦးနတ်အစွဲနဲ့ ရောင်းကုန်စိတ်ဓာတ်

ဒီခေတ် ဂျာနယ်၊ မဂ္ဂဇင်းတွေဖတ်ရတာ တော်တော်အကုသိုလ်ဖြစ်ပါတယ်။ မြန်မာမိန်းကလေးတွေရဲ့ ဝတ်ပုံစားပုံ လော်လီတာတွေကြည့်ပြီး စိတ်ထဲက 'ဆတ်ဆလူးမလေးတွေပဲ'အစချီတဲ့ ဖရုသဝါစာစကားမျိုးတွေနဲ့ အသံမထွက်ဘဲ ကောက်ချက်ချမိပါတယ်။ ဒီတော့ အလကားနေရင်း အကုသိုလ်မဖြစ်ဘဲ ဘယ်နေတော့မှာလဲ။

## လွန်လွန်းနေပြီ

ကဲပုံတွေ ကြည့်ဦးလေ။ ကျောတစ်ပြင်လုံး ခါးထိအောင် ဟာလာဟင်းလင်း ဝတ်လိုဝတ်၊ အပေါ်ပိုင်းတစ်ခုလုံး ဗလာကျင်းထားတဲ့ 'ရင်လျား' ဝတ်စုံ ဝတ်လိုဝတ်နဲ့ သိပ်ကို နိုင်ငံတကာအဆင့်မီ ဖြစ်နေကြပါတယ်။ နိုက်ကလပ်လိုနေရာမျိုးသွားတဲ့အခါ ဝတ်ချင်ဝတ်ပါ။ ခုတော့ မင်္ဂလာဆောင်တို့၊ မွေးနေ့တို့လို နေ့ခင်းကြောင်တောင် လူပုံလယ်မှာလုပ်တဲ့ပွဲတွေကိုတောင် ဒါလောက်မျက်နှာပြောင်တိုက်ဝတ်ရဲကြတာတော့ တော်တော်ကို အံ့သြမိတယ်။ မော်ဒယ်ရှိုးတွေမှာ မီးမောင်းတွေထိုးထားပြီး ကိုယ်ဟန်ပြကြတာလည်း အမြင်ရိုင်းလှပါတယ်။ အဘိုးကြီးမို့ ဒိတ်အောက်ပြီး 'အန်းတစ်'ဖြစ်နေလို့ ပြောတာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်အစိတ်သုံးဆယ်လောက်ကတောင် မိန်းကလေးတွေ ဆံပင်တိုတိုညှပ်ပြီး ဘောင်းဘီဝတ်တာကို အားပေးခဲ့တာပါ။ အခုလည်း ဟစ်ဟော့ဂီတကို နှစ်သက်အားပေးနေသူပါ။ တချို့မိန်းကလေးတွေ အထူးသဖြင့် ဖျော်ဖြေရေးနယ်ပယ်က မိန်းကလေးတွေ(အနုပညာရှင်လို့ မပြောချင်ပါဘူး)ကတော့ လွန်လွန်းအားကြီးနေပြီလို့ ထင်ပါတယ်။



## မြန်မာမျက်စိနဲ့ကြည့်တာ

ဒါထက်ဆိုးတာ ရှိပါသေးတယ်။ အဲဒီနယ်ပယ်က မိန်းကလေးတွေပါပဲ။ လူရှေ့သူရှေ့ မရှက်မကြောက် တစ်ယောက်ပြီးတစ်ယောက် 'ထည်လဲ' တွဲပြလိုက်ကြ၊ ကွဲပြလိုက်ကြနဲ့ မြန်မာမိန်းကလေးတွေ မဟုတ်ကြသလိုပါပဲ။ နက်ဖြန်ယူတော့မှာလိုလို၊ သဘက်ခါယူတော့မှာလိုလိုနဲ့ နောက်လုံးဝမယူဖြစ်တော့ နစ်နာကျန်ရစ်ရတာက ဘယ်သူလဲ။ သူတို့တတွေက 'နိုင်ငံတကာအဆင့်မီ'တွေမို့ ရှက်ရကောင်းမှန်းမသိပေမယ့် ဒီနိုင်ငံက မြန်မာနိုင်ငံ၊ လူမျိုးက မြန်မာလူမျိုးတွေလေ။ ဒီတော့ 'နိုင်ငံတကာမျက်စိ' နဲ့ ဘယ်ကြည့်မှာလဲ။ မြန်မာမျက်စိနဲ့ကြည့်ပြီး မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ပဲ အကဲဖြတ်ကြမှာပေါ့။

ဒီခေတ်က ပါးစပ်နဲ့တီးတိုးသတင်းလွှင့်တဲ့ခေတ် မဟုတ်တော့ဘူး။ လက်ကိုင်ဖုန်းနဲ့ ဓာတ်ပုံရော၊ ဗီဒီယိုပါ ရိုက်ပြီး ချက်ချင်းအက်တာနက်ပေါ် တင်လို့ရတဲ့ခေတ် ဖြစ်နေပြီလေ။ ဖြောင်လိမ်လို့ရတဲ့ခေတ် မဟုတ်တော့ဘူး။

## ရောင်းမလွှတ်ပုံတွေ

'မမြင်ချင်ရင်မကြည့်နဲ့'လို့ ပြောလည်း စာနယ်ဇင်းတွေမဖတ်ဘဲ မနေနိုင်တော့ ဝယ်ရဖတ်ရတာပဲ။ စာနယ်ဇင်းအဖုံးတွေမှာကို အဲဒီလို 'ရင်လျား'ပုံတွေပါနေတော့ မကြည့်ဘဲလည်း မြင်နေရပါတယ်။ အတွင်းမှာလည်း ကိုယ်ဖတ်ချင်တဲ့စာကို အဲဒီလို မျက်နှာပြည့် ရောင်စုံပုံတွေကြားမှာ မနည်းလိုက်ရှာပြီး ဖတ်နေရတာဆိုတော့ ရှောင်လို့ကိုမရနိုင်ပါဘူး။ ဖက်ရှင်ဆိုတာ ဒီလိုပါပဲ၊ ခေတ်စားလိုက် ပျောက်သွားလိုက် ဖြစ်နေမှာပါ။ ရေးကြီးခွင်ကျယ်လုပ်ပြောမနေပါနဲ့လို့ ဆိုသူတွေရှိပေမယ့် မပြောဘဲနေဖို့ မသင့်ပါဘူး။ ဂျာနယ် မဂ္ဂဇင်းတွေထဲ ပါနေတယ်ဆိုတော့ လူတိုင်းမြင်တွေ့နေရတာဖြစ်တယ်။ ပြီးတော့ ဖျော်ဖြေရေးနယ်ပယ်က လူတွေဆိုတော့ ကလေးတွေက လိုက်အတုခိုးတတ်ကြပါတယ်။ ဝတ်ပုံစားပုံ အတုခိုးရုံတင်မက စာနယ်ဇင်းတွေထဲအမြဲပါနေတဲ့ ဖျော်ဖြေရေးသမားတွေရဲ့ 'ထည်လဲ ထည်ချွတ်'ကိစ္စတွေ၊ တွဲလိုက် ကွဲလိုက်၊ နောက်တစ်ယောက် ထပ်တွဲလိုက် ကိစ္စတွေကိုပါ အတုမြင်အတတ်သင်ဖြစ်ကုန်မှာ စိုးရပါတယ်။ ဒါကြောင့်ပြောရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဘီကီနီနဲ့ အားကစား

ဒီလိုအဝတ်အစားလော်လီကြတာ မြန်မာမိန်းကလေးတွေတင် မဟုတ်ပါဘူး။ သူတို့အနောက်နိုင်ငံသူတွေလည်း အတူတူပါပဲ။ ပိုတောင်ကဲပါသေးတယ်။ တစ်လောက ကျင်းပပြီးစီးသွားတဲ့ နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲတစ်ခုမှာ ဝါသနာပါတဲ့ မီတာ ၁၀၀ ပြိုင်ပွဲနဲ့ အမြင့်ခုန်၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွေကို ကြည့်ဖြစ်ပါတယ်။ အဲဒီမှာ သတိထားမိတာတစ်ခုက ယောကျ်ားအားကစားသမားတွေက အားကစားဘောင်းဘီ၊ အကျႌတွေနဲ့ လုံလုံခြုံခြုံဝတ်ကြပေမယ့် အမျိုးသမီးတွေကတော့ အပြေးသမားတွေကလည်း ဘီကီနီဝတ်စုံနဲ့၊ အခုန်သမားတွေကလည်း ဘီကီနီဝတ်စုံနဲ့ချည်း ဖြစ်နေပါတယ်။ နောက်တစ်ခါ စောင့်ကြည့်လေ့ရှိတဲ့ ကမ္ဘာ့ပတ်လည် တင်းနစ်ကစားပွဲတွေမှာလည်း ဖက်ဒဲရားတို့၊ နာဒယ်တို့လိုယောကျ်ားတွေက ဘောင်းဘီနဲ့ စပို့ရှပ်နဲ့ တင့်တင့်တယ်တယ်ခင်ဗျ။ ဝီလျံညီအစ်မတို့၊ ရှာရာပိုဗာတို့လို အမျိုးသမီးတွေကတော့ တင်ပါးကို ဖုံးရုံသာရှိတဲ့ စကတ်တိုနံ့နံ့လေးနဲ့ ချက်ပေါ်ဗိုက်ပေါ်အကျႌမျိုး ဝတ်ကြတယ်။ တင်ပါးဖုံးရုံသာဖုံးတဲ့ စကတ်တိုနဲ့ ကုန်းလိုက်ကွလိုက် ဘောလုံးရိုက်တဲ့မြင်ကွင်းဟာ ဘယ်လိုမှကို မတင့်တယ်ပါဘူး။

## မိန်းမဆိုတာရောင်းကုန်မဟုတ်

ဒီခေတ်ကြီးမှာ မိန်းကလေးတွေက ဘာ့ကြောင့်များ ယောကျ်ားလေးတွေထက်ပိုပြီး အရှက်နည်းနေရသလဲဆိုတာ စဉ်းစားလို့ကိုမရပါဘူး။ မိန်းမသားတို့ရဲ့ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဟာ လင်ကောင်းသားကောင်း ရဖို့ဆိုတဲ့ ရှေးခေတ်ကဆို ထားပါတော့၊ နားလည်နိုင်သေးတယ်။ အခုခေတ်က မိန်းမတွေလည်း ပညာသင်၊ အလုပ်လုပ်ပြီး ငွေရှာနိုင်တဲ့ခေတ် ဖြစ်နေပြီလေ။ ယောကျ်ားတွေကို ဆွဲဆောင်ညို့ယူဖမ်းစားဖို့ ကိုယ့်ကိုယ်ကိုယ် ရောင်းကုန်ပစ္စည်းလို ခင်းကျင်းပြသနေဖို့ မလိုတော့ပါဘူး။ မိန်းကလေးတွေကိုယ်တိုင်က ဒါကို သဘောမပေါက်ကြသေးတာလား မပြောတတ်ပါဘူး။ အမျိုးသမီးအခွင့်အရေးတို့၊ လွတ်မြောက်ရေးတို့ ကျယ်ကျယ်အော်နေတဲ့ အနောက်နိုင်ငံတွေမှာတောင် မယ်စကြာဝဠာပြိုင်ပွဲလို ပွဲတွေလုပ်နေတာ နားမလည်နိုင်တော့ပါဘူး။ ဒီလိုပြိုင်ပွဲတွေကို မြင်တိုင်း မျက်စိထဲမှာတော့ 'နွားပွဲ'တွေကိုပဲ ပြေးပြေးပြီးမြင်နေမိပါတော့တယ်။



## ယောကျ်ားကအိမ်ဦးနတ်မဟုတ်

အမျိုးသမီးလွတ်မြောက်ရေးဆိုတာ သူများဆီကတောင်းယူလို့ မရပါဘူး။ အမျိုးသမီးတွေကိုယ်တိုင် သူတို့ခေါင်းထဲမှာ အမြစ်တွယ်နေတဲ့ 'ရောင်းကုန်'စိတ်ဓာတ်ကို ဖယ်ရှားသုတ်သင်ပစ်ရပါမယ်။ ယောကျ်ားက အိမ်ထောင်ဦးစီး၊ မိန်းမက အိမ်ရှင်မဆိုတဲ့ အယူအဆကိုလည်း စွန့်လွှတ်ရပါမယ်။ ဒီခေတ်မှာ လင်ရော မယားပါ အလုပ်လုပ်၊ ပိုက်ဆံရှာနေကြရတာဖြစ်လေတော့ အိမ်ထောင့်တာဝန်ကိုလည်း ခွဲဝေယူကြရမှာ ဖြစ်ပါတယ်။ ယောကျ်ားက အိမ်ဦးနတ်ဆိုပြီး အိမ်ဦးခန်းမှာ မိန့်မိန့်ကြီးထိုင်ပြီး သတင်းစာဖတ်နေလို့ မရတော့ပါဘူး။ ရုံးချိန်အမီ ထမင်းချိုင့်ယူသွားနိုင်အောင်၊ ရေတ်သီးဝင်ထောင်းဖို့လိုရင် ထောင်းပေး၊ ချိုင့်ဆေးဖို့လိုရင် ဆေးပေး လုပ်ရမှာပါပဲ။ ဒါမှ ရာသက်ပန်သာယာနိုင်မြဲတဲ့ အိမ်ထောင်ဖြစ်မှာပါ။

## လုပ်အားခွဲဝေမှု

မိန်းမတွေက သူတို့စိတ်ထဲက 'ရောင်းကုန်'စိတ်ဓာတ်ဖျောက်ပစ်ဖို့လိုသလို ယောကျ်ားတွေကလည်း 'အိမ်ဦးနတ်'ဆိုတဲ့အစွဲကြီး ဖျောက်ပစ်ဖို့လိုပါတယ်။ ဒီနေ့ကမ္ဘာတစ်ခုလုံးမှာ ရှေးကလို 'ရာသက်ပန် ရိုးမြေကျ' ဆိုတာမျိုးကို သိပ်အလေးမထားကြတော့ဘဲ လင်မယားကွာရှင်းတာကို ထမင်းစားရေသောက်သဘောထားပြီး ကွာလိုက်ကြ၊ ထပ်ယူလိုက်ကြ၊ ထပ်ကွာလိုက်ကြဆိုတဲ့ ကိစ္စမျိုးတွေ အလွန်အင်မတန်ကို များပြားနေပါတယ်။ အများအားဖြင့်တော့ အိမ်ထောင်ရေးမှာ 'လုပ်အားခွဲဝေမှု'(Division of labor)မရှိတဲ့အတွက် ဖြစ်ကြရတာလို့ ယူဆပါတယ်။

## မကြိုက်ရင်သွားလို့ရတယ်

ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် သူတို့အနောက်လူ့အဖွဲ့အစည်းတွေမှာတော့ အိမ်ထောင်ရေးကိစ္စတို့၊ ဖိုမကိစ္စတို့ဆိုတာ ထမင်းစားရေသောက်ကိစ္စလောက်ပဲ သဘောထားကြတာဖြစ်လေတော့ ဘယ်သူ့ဘယ်သူမှ အပြစ်တင်မနေကြတော့ပါဘူး။ သူကြိုက်တာသူလုပ်၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပဲလေ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာနေတဲ့ မြန်မာလူမျိုးဆိုရင်တော့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ပစ်ပယ်လို့မရပါဘူး။ မကြိုက်



www.burmeseclassic.com

www.burmeseclassic.com

လည်း လိုက်နာရမှာပါပဲ။ မလိုက်နာနိုင်ဘူးဆိုရင်လည်း ရပါတယ်။ ကြိုက်တဲ့နေရာသွားပြီး နေချင်သလိုနေပါ။ ခုခေတ် ပတ်စပို့ရဖို့ မခက်ပါဘူး။ 'ရည်စားတစ်ထောင် လင်ကောင်တစ်ယောက်'ဆိုတဲ့ မြန်မာစကားက အမျိုးကောင်းသမီးများကိုပြောတာ မဟုတ်ဘူးဆိုတာတော့ မြန်မာပြည်မှာနေရင် သိထားကြဖို့လိုတယ်လို့ သတိပေးလိုက်ချင်ပါတယ်။

၂၂၊ ၉၊ ၂၀၀၉



# ဘယ်သူကပညာပေးခံသင့်တာလဲ

ဂျာနယ်တစ်စောင်ရဲ့ အယ်ဒီတာတစ်ယောက်က သူတို့ဂျာနယ်မှာ နိုင်ငံရေးတို့၊ ဒီမိုကရေစီရေးတို့၊ ရွေးကောက်ပွဲတို့နဲ့ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေးတဲ့စာတွေကို အထူးဆောင်းပါးများအဖြစ် ထည့်သွင်းဖော်ပြနေတာကြောင့် ဆောင်းပါးရေးပေးဖို့ တောင်းခံလာပါတယ်။ ဒါလည်း ခုတလောမှာ ဖက်ရှင်ဖြစ်နေတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ နိုင်ငံရေးစကား ဒီမိုကရေစီစကားဆိုတာ နှစ်ကိုယ်ကြားလေသံလေးနဲ့ တိုးတိုးပြောရတဲ့ အခြေအနေကနေ ခုလို ဂျာနယ်မဂ္ဂဇင်းတွေထဲမှာ လူသိရှင်ကြား ပြောဆိုရေးသားလာကြတယ်ဆိုတာ ကောင်းတဲ့လက္ခဏာတစ်ရပ်ဖြစ်လို့ ဝမ်းသာရပါတယ်။

## အပေးမတော်ရင်အဆိပ်ဖြစ်

စာဖတ်ပရိသတ်ပြည်သူလူထုကို နိုင်ငံရေးဗဟုသုတ၊ ရွေးကောက်ပွဲဗဟုသုတဖြန့်ဝေပေးတာ ကောင်းပေမယ့် ပေးပုံပေးနည်းမမှန်ကန်ရင် ကောင်းကျိုးထက် ဆိုးကျိုးတွေသာဖြစ်စေနိုင်တာမို့ အထူးသတိထားဖို့တော့ လိုပါတယ်။ ခုတလော စာနယ်ဇင်းတွေမှာလည်း ပညာပေးဆိုပြီး ဖော်ပြနေတာတွေ တော်တော်များများက နိုင်ငံရေးကို ပြည်သူတစ်ရပ်လုံး စိတ်ဝင်တစားပါဝင်ဆောင်ရွက်ကြဖို့ ဆော်ဩတဲ့သဘော မသက်ရောက်ဘဲ နိုင်ငံရေးဆိုတာ စက်ဆုပ်ဖွယ်ရာကိစ္စပဲလို့ ထင်မြင်ယူဆသွားစေနိုင်တဲ့ ဖော်ပြချက်တွေကို မြင်တွေ့နေရပါတယ်။ မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်က လွတ်မြောက်လာခဲ့တာ နှစ်ခြောက်ဆယ်ကျော်ခဲ့ပြီဖြစ်သလို နိုင်ငံရေးအစိုးရများရဲ့ ဩဇာရိပ်က ကင်းဝေးခဲ့တာလည်း နှစ်ပေါင်းငါးဆယ်နီးပါးတောင် ရှိပါပြီ။ ဒီခေတ်နဲ့ အဲဒီခေတ်တွေကြားမှာ ပြောင်းလဲတိုးတက်မှု



www.burmeseclassic.com

www.burmeseclassic.com

တွေဟာ နိုင်ငံရေးမျက်နှာစာမှာသာမက စီးပွားရေးမျက်နှာစာ၊ လူမှုရေး မျက်နှာစာ၊ နည်းပညာမျက်နှာစာ၊ စစ်ရေးမဟာဗျူဟာ မျက်နှာစာတွေ မှာပါ လိုက်မမီနိုင်အောင်ကို ရှိနေပါတယ်။ ဘယ်မျက်နှာစာမှာမှ ရှေး ခေတ်နဲ့ နှိုင်းနှိုင်းပြီး ပြောလို့မရတော့ပါဘူး။

## အတိတ်ဆိုတာ ရှေးလူကြီးတွေအတွက်

အဲဒီတော့ ဘာ့ကြောင့်ရှေးပဝေသဏီကအကြောင်းတွေကို ပြန်ပြီး ဖော်ပြနေကြတာလဲ။ ခုချိန်မှာပြောသင့်တာက အနာဂတ်အကြောင်းမဟုတ် လား။ ကြည့်သင့်တာကလည်း အတိတ်မဟုတ်ပါဘူး။ ပစ္စုပ္ပန်နဲ့ အနာဂတ် ဖြစ်ပါတယ်။ နောက်ကိုချည်း အမြဲတမ်းပြန်ပြန်ကြည့်နေရင် ဘယ်တော့ မှ ရှေ့ကိုရောက်မှာမဟုတ်တော့ပါဘူး။ အတိတ်ကို ပြန်တမ်းတတယ်ဆို တာက ရှေးလူကြီးတွေရဲ့အလုပ်ပါ။ ဒီခေတ်လူတွေနဲ့ ဒီခေတ်စာနယ်ဇင်း တွေကတော့ အနာဂတ်ကိုမျှော်ပြီး ရှေ့ကိုသာ တိုးသထက်တိုးသွားနေရမှာ ဖြစ်တယ်။ ဒီနေ့ဂျာနယ်တချို့မှာ ဖော်ပြနေကြတာတွေကိုကြည့်ပြီး လူငယ်တွေအမြင်မှာ ရှေးခေတ်နိုင်ငံရေးသမားတွေ ဘယ်သူမှမကောင်းဘူး ဆိုတဲ့အမြင်မျိုး ရောက်ရှိသွားနိုင်ပါတယ်။ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်း နဲ့တကွ ရဲဘော်သုံးကျိပ်ဝင်တွေနဲ့ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်မှာ အသက်စွန့်ခဲ့ကြရတဲ့ အာဇာနည်အပေါင်းကို စော်ကားရာရောက်သွား ပါလိမ့်မယ်။ လူငယ်တွေခေါင်းထဲမှာ အဲဒီအမြင်မျိုးတွေ ရောက်မသွားစေ သင့်ပါဘူး။

## ဘယ်သူတွေက ပညာပေးမှာလဲ

နောက်တစ်ခုပြောချင်တာက ဂျာနယ်မဂ္ဂဇင်းတွေမှာ ပြည်သူလူထု ကို နိုင်ငံရေး၊ ဒီမိုကရေစီရေး ပညာပေးဆိုတဲ့စာတွေကို ဘယ်သူတွေက ရေးကြမှာလဲဆိုတဲ့အချက် ဖြစ်ပါတယ်။ အရှင်မွေး နေ့ချင်းကြီးဆိုသလို နတ်ရေကန်ထဲကတက်လာတဲ့ ခါတော်မီ ဒီမိုကရေစီဂုရုတွေနဲ့တော့ မဖြစ်ပါဘူး။ ပြည်သူလူထုကို ပညာပေးမယ့်သူတွေဆိုတာ သူများတကာ ရေးထားတဲ့ စာအုပ်တွေထဲက စာတွေကို ဟိုကနုတ်ယူ၊ ဒီကနုတ်ယူပြီး ရေးတတ်ရုံနဲ့ မပြီးပါဘူး။ သူပညာပေးချင်တဲ့ စာဖတ်ပရိသတ်တွေထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အတွေ့အကြုံတွေ ကြွယ်ဝဖို့လိုသလို



ပညာရေးအရလည်း ပညာပေးနိုင်တဲ့ အခြေခံအရည်အချင်းရှိဖို့ လိုပါတယ်။ သံရုံးတွေက လက်ပူတိုက်ပေးတဲ့ သင်တန်းလေးတက်ဖူးရုံ၊ သံရုံးတွေက စင်တော်ကောက်ပြီး လွှတ်လိုက်လို့ သူတို့နိုင်ငံတွေမှာ ခဏတဖြုတ်သွား လေ့လာရုံနဲ့တော့ နိုင်ငံရေးသုခမိန်လုပ်လို့ မရနိုင်ပါဘူး။

## တွက်ကျော်မြင်တဲ့လူမျိုး

နောက်ပြီးတော့ မြန်မာလူထုက ရေဂန်လို ကောင်းဘွိုင်မင်းသားကို၊ အာနိုးလို စတန့်မင်းသားကို သမ္မတရွေး၊ ဘုရင်ခံရွေးပေးတဲ့အထိ နိုင်ငံ ရေးဗဟုသုတ နုံချာတဲ့လူမျိုး မဟုတ်ပါဘူး။ အဆမတန် အင်အားကြီးမား တဲ့ နယ်ချဲ့တွေနဲ့ ဖက်ဆစ်တွေကို သေနတ်ချင်းယှဉ်ပစ်ပြီး တိုက်ခိုက်ခဲ့ တဲ့ လူမျိုးပါ။ နယ်ချဲ့တွေ၊ ဖက်ဆစ်တွေရဲ့ ဒိုမိနီယံအုပ်ချုပ်ရေးတို့၊ အာရှ တိုက် သာတူညီမျှကောင်းစားရေးတို့ဆိုတဲ့ ပိုမ့်လုံးညာလုံးတွေကိုတောင် အမိမခံဘဲ သူတို့ထက်ကွက်ကျော်မြင်နိုင်ခဲ့တဲ့လူမျိုး ဖြစ်ပါတယ်။ ဖက်ဆစ် တွေသင်ပေးတဲ့ စစ်ပညာနဲ့ ဖက်ဆစ်တွေရဲ့လက်နက်ကို ကိုင်ဆွဲပြီး ဖက်ဆစ်တွေကို တော်လှန်တိုက်ထုတ် အောင်ပွဲခံခဲ့တဲ့လူမျိုးပါ။ ဒီလို လူမျိုးတွေကို အထင်မသေးပါနဲ့။ မစော်ကားပါနဲ့။ စီးပွားရေးကို လွတ် လွတ်လပ်လပ်လုပ်တဲ့ အတွေ့အကြုံနည်းပါးတာကြောင့် စီးပွားရေးအပိုင်း မှာ ကမ္ဘာနဲ့ရင်ပေါင်မတန်းနိုင်ပေမယ့်လို့ နိုင်ငံရေးမှာတော့ ကြိုက်တဲ့ နိုင်ငံကလူတွေနဲ့ ယှဉ်ပါ၊ မြန်မာလူမျိုးလောက် အတွေ့အကြုံကြွယ်ဝတာ ဘယ်နိုင်ငံ ဘယ်လူမျိုးမှမရှိဘူးလို့ ရဲရဲကြီးပြောဝံ့ပါတယ်။

## ပညာပေးခံရမှာ ဘယ်သူလဲ

ဒီလိုနိုင်ငံရေးသံသရာမှာ ရှင်ကြီးဝမ်းလည်းဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးခဲ့လို့ နိုင်ငံရေးပညာမှာ နောကျေနေတဲ့လူမျိုးကို ဘာနိုင်ငံရေး အတွေ့အကြုံမှ မရှိခဲ့ဘဲနဲ့ အခုမှ ခါတော်မီနိုင်ငံရေးစာအုပ်တွေ ရှာဖွေ ဖတ်ရှုနေတဲ့သူတွေက ပညာပေးနေကြတာ တော်တော်တော့ ရယ်စရာ ကောင်းတယ်။ တကယ်တော့ ပညာပေးခံရမှာက သူတို့ပါ။ ပြည်သူတွေ မဟုတ်ပါဘူး။ ပြည်သူတွေက နယ်ချဲ့လက်အောက်မှာ ဖက်ဆစ်လက် အောက်မှာ ကျောကော့အောင်ခံလာရတဲ့ အတွေ့အကြုံတွေ မနည်းပါဘူး။ သုံမနကျောမှာလေ ဒဏ်ရာတွေနဲ့ဆိုတဲ့ ပဂိုးမြို့ရဲ့ ငိုချင်းအတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

မလွတ်လပ်ခြင်းရဲ့အတွေ့အကြုံကို ခံစားဖူးမှ လွတ်လပ်ခြင်းရဲ့ တန်ဖိုးကို သိပါတယ်။ လက်သည်းခွံအခွာခံရဖူးမှ ဖက်ဆစ်ဝါဒရဲ့ ရက်စက်ကြမ်းကြုတ်မှုကို သိပါတယ်။ ခေတ်တိုင်းခေတ်တိုင်းမှာ အခွင့်ထူးခံ ရေပေါ်ဆီနေရာက နေလာခဲ့သူတွေက ဒီမိုကရေစီကို တန်ဖိုးထားတယ်ဆိုတာ ဘယ်လိုမှ ယုံနိုင်စရာမရှိပါဘူး။

## မိုးကြိုးပစ်မှာမကြောက်ဘူးလား

ခါတော်မီ ဒီမိုကရေစီယိမ်းကနေကြတဲ့ထဲမှာ အစကတည်းက ဝင်မပါခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ မြန်မာလူထုက နိုင်ငံရေးမှာ ကိုယ့်ထက်အတွေ့အကြုံကြွယ်ဝပြီး စွန့်လွှတ်မှုတွေလည်း ပိုပြီးကြီးမားတယ်လို့ ယူဆလို့ ဖြစ်ပါတယ်။ တကယ်က ပြည်သူတွေဆီကသာ ကျွန်တော်တို့က သင်ယူရမှာမဟုတ်လား။ အခုတော့ ဘာမှမသိ၊ ဘာမှနားမလည်တဲ့သူတွေက နိုင်ငံရေးအသိ အံ့ဩစရာကောင်းလောက်အောင်မြင့်မားတဲ့ ပြည်သူတွေကို ပညာပေးနေတာမြင်ရတာ 'ဘုရားကားအောက် မျောက်ကားအထက်'ဆိုသလို ရယ်စရာကြီးဖြစ်နေပါတော့တယ်။ မိုးကြိုးပစ်မှာမကြောက်ဘူးလားလို့လည်း သူတို့ကို မေးလိုက်ချင်ပါတယ်။

၂၄၊ ၆၊ ၂၀၀၉



# ဆရာမလုပ်နဲ့ လေနည်းနည်းလျှော့

မေလဆန်းပိုင်းက မိတ်ဆွေဟောင်း နိုင်ငံခြားသားနှစ်ယောက်နဲ့ တွေ့ရပါတယ်။ တစ်ယောက်က သတင်းစာဆရာတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ တက္ကသိုလ်ဆရာဖြစ်တယ်။ တစ်ယောက်စီ ရက်ခြားပြီး ရောက်လာကြတာပါ။ တက္ကသိုလ်ဆရာက အရင်လည်း မကြာခဏရောက်ဖူးတာကြောင့် တစ်ယောက်အကြောင်းတစ်ယောက် အတော်သိနေကြပြီလို့ ဆိုနိုင်ပါတယ်။ သတင်းစာဆရာကတော့ ဖနှစ်က တစ်ခါလာဖူးတာပဲ ရှိပါတယ်။ သိပ်အကြောင်းမသိပါဘူး။

## ငြင်းခုန်ရတဲ့အယူအဆ

နိုင်ငံခြားသားတွေရဲ့ထုံးစံအတိုင်း မြန်မာနိုင်ငံရဲ့ အခြေအနေကို သိချင်ကြတယ်။ တက္ကသိုလ်ဆရာကတော့ စာအုပ်တစ်အုပ်ရေးဖို့လည်း စိတ်ကူးရှိတာကြောင့် သုံးလေးခေါက်လာပြီး မေးမြန်းဆွေးနွေးတာတွေ လုပ်တယ်။ သူက ပညာရှင်တစ်ယောက်ဆိုတော့ သူ့အယူအဆကို ပြန်ပြီးဆွေးနွေးတာမျိုးလည်း လုပ်ပါတယ်။ သူပြောတဲ့ထဲက အချက်တစ်ချက်ကို ဘယ်လိုမှ လက်မခံနိုင်တာကြောင့် တော်တော်လေးငြင်းကြခုန်ကြရတယ်။ သူက မြန်မာလူမျိုးများဟာ နိုင်ငံရေးနဲ့ကင်းဝေးနေတာကြာတဲ့အတွက် နိုင်ငံရေးပညာပေးဖို့ အများကြီးလိုအပ်နေသေးတယ်။ မြန်မာနိုင်ငံမှာ အရပ်ဖက်လူ့အဖွဲ့အစည်းဆိုတာတွေလည်း ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ မရှိသေးဘူး။ ဒါကြောင့် ဒီမိုကရေစီသဘောတရားတွေ သေသေချာချာ နားမလည်နိုင်ကြသေးဘူး။ နိုင်ငံကိုဦးဆောင်မယ့် အရည်အချင်းပြည့်ဝသူတွေကို မှန်မှန်ကန်ကန်ရွေးချယ်တတ်ဖို့ အများကြီး ပညာပေးရဦးမယ်လို့ ပြောပါတယ်။ သူ့နောက်မှရောက်လာတဲ့ သတင်းစာဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း အလားတူသဘောထားအမြင်မျိုးပဲရှိပုံရတာ တွေ့ရတယ်။ သူကတော့ သတင်းစာဆရာပီသသူဖြစ်တာကြောင့် အခြေအတင် ငြင်းခုန်တာမျိုးမလုပ်ဘဲ သူသိချင်တာတွေကိုပဲ မေးပါတယ်။ ဒါပေမဲ့ သတင်းစာသမားချင်းဆိုတော့ သူ့ပါးစပ်ကထွက်လာတဲ့ စကားတစ်ခွန်း နှစ်ခွန်းကြားလိုက်တာနဲ့ပဲ သူ့အမြင်၊ သူ့သဘောထားကို ရိပ်စားမိပါတယ်။ ရှေ့ကရောက်လာတဲ့ တက္ကသိုလ်ဆရာနဲ့ ကစ်သဘောတည်းလိုလိုပါပဲ။

### အပေါ်စီးကအမြင်

တက္ကသိုလ်အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေ၊ သတင်းစာနယ်ပယ်ကသူတွေနဲ့ အမြဲမပြတ်ထိတွေ့နေလေတော့ နိုင်ငံခြားသားတွေရဲ့ အမြင်နဲ့ သဘောထားတွေကို နောကျေအောင် နားလည်နေပါတယ်။ နိုင်ငံခြားသားအားလုံးက မြန်မာလူမျိုးတွေကို ကြည့်တဲ့အခါမှာ အပေါ်စီးက 'မဟာလူမျိုးကြီးဝါဒ'အမြင်နဲ့ ကြည့်တတ်ကြတယ်။ သိပ်သနားစရာကောင်းတာပဲ၊ ပညာရေးချိန်၊ ယဉ်ကျေးမှုရေချိန် နိမ့်ကျသေးတာပဲဆိုတဲ့ သဘောထားမျိုး ရှိကြတယ်။ ဒါကြောင့် နိုင်ငံရေး၊ ဒီမိုကရေစီရေး ပညာပေးမှုတွေ အများကြီးလုပ်ဖို့ လိုသေးတယ်လို့ သဘောထားကြတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လူမျိုးကို သိပ်ညံ့တာပဲ၊ ဘာမှမသိနားမလည်ရှာဘူးဆိုတဲ့ သဘောထားကို လုံးဝလက်မခံပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှာပဲရှိသေးလို့ စက်မှုလက်မှုနဲ့ စီးပွားကုန်သွယ်ရေးလုပ်ငန်းတွေမှာ သူတို့နိုင်ငံကြီးတွေနဲ့စာရင် အများကြီးနိမ့်ကျနေသေးတာမှန်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအသိအမြင်နဲ့ ပတ်သက်လို့ကတော့ မနိမ့်ကျရှုံးသာမဟုတ်ပါဘူး၊ သူတို့နိုင်ငံတွေကလူတွေထက် အများကြီးသာတယ်လို့ ပြောနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့နိုင်ငံကလူတွေမှာ ကျွန်တော်တို့နိုင်ငံသားတွေလောက် နိုင်ငံရေးအတွေ့အကြုံ မကြွယ်ဝလို့ပါပဲ။ ကျွန်တော်တို့လူမျိုးက ကိုလိုနီနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်း ၁၀၀ လောက် ကျွန်အဖြစ်နဲ့ မျက်နှာဖြူမှန်သမျှကို စာသင်(ဆာဂျင်)နဲ့ ဒရိုင်ဘာကအစ သခင်ခေါ်ပြီး ဘုရားထူးနေခဲ့ကြရဖူးတယ်။ ဖက်ဆစ်ဂျပန်တွေရဲ့ လုံ့စွပ်အောက်မှာလည်း မာစတာ၊ မာစတာနဲ့ မိုးမွှန်အောင်ခေါ်ရင်းက ပါးရိုက်၊ နားရိုက်၊ လက်သည်းခွံခွာခံခဲ့ရဖူးပါတယ်။ မြန်မာအမျိုးသမီးငယ်တွေကို ခြေတော်တင်သွားခဲ့ကြတဲ့အတွက် လွတ်လပ်ရေးရပြီး နှစ်



ပေါင်း ခြောက်ဆယ်ကျော်ကြာခဲ့ပြီဖြစ်တဲ့ အခုအချိန်ထိတောင် မြို့တိုင်းရွာတိုင်းမှာ ကပြားတွေ၊ ကကတစ်တွေ အတော်ကျန်နေရစ်ပါသေးတယ်။ လွတ်လပ်ရေးရစ ကာလများကဆို မြန်မာတွေက 'ဗိုလ်ကြက်ချေး'လို့ခေါ်တဲ့ ကပြားတွေ၊ 'မန်ကျည်းသီး'လို့ခေါ်တဲ့ ကကတစ်တွေ ထောင်သောင်းချီကျန်ရစ်ခဲ့တာပါ။

### ပေးတာယူ၊ ကျွေးတာစား

ခံရတဲ့အတွေ့အကြုံတွေတင်ရှိတာ မဟုတ်ပါဘူး။ သီပေါမင်းတရားပါတော်မူချိန်ကစပြီး လွတ်လပ်ရေးရတဲ့အချိန်ထိ နယ်ချဲ့သမား ကုန်သည်ပွဲစားတွေရဲ့ ကြေးစားစစ်တပ်တွေကို ရရာလက်နက်ကိုင်စွဲပြီး တော်လှန်တိုက်ခိုက်ခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ဂျပန်ဖက်ဆစ်တွေကို သူတို့လက်နက်နဲ့ သူတို့ကိုပြန်တိုက်တဲ့ ပြောက်ကျားစစ်အတွေ့အကြုံတွေလည်း ကြွယ်ပိုးကြွယ်ဝရှိထားပါတယ်။ သူတို့အနောက်နိုင်ငံသားတွေက နိုင်ငံရေးကို သူများတွေရေးတဲ့စာအုပ်ကြီးတွေဖတ်ပြီး သိလာ၊ သင်ယူလာရတာပါ။ မြန်မာလူမျိုးတွေက ပါးရိုက်နားရိုက်ခံ၊ လက်သည်းခွံခွာခံပြီး သိလာ၊ နားလည်လာခဲ့တာပါ။ 'သုမနကျောမှာ ဒဏ်ရာတွေနဲ့'ဆိုတဲ့ သီချင်းလို ကျွန်တော်တို့မှာ ဒဏ်ရာတွေအပြည့်နဲ့ပါ။ မြေအောက်တော်လှန်ရေးတို့ ပြောက်ကျားစစ်တို့ဆိုတာ ဘာမှန်းမသိသူတွေက ကျောမှာ ဒဏ်ရာဒဏ်ချက်တွေအပြည့်နဲ့လူတွေကို နိုင်ငံရေးတို့၊ ဒီမိုကရေစီရေးတို့ ပညာပေးရဦးမယ်ပြောနေတာ တော်တော်ရယ်စရာကောင်းတယ်။

မြန်မာလူမျိုးတွေ ဘယ်လောက်ထိနိုင်ငံရေးပါးဝသလဲဆိုတဲ့ သာဓကတစ်ခု ပြလိုက်ချင်ပါတယ်။ သန့်ရှင်း-တည်မြဲ အကြီးအကျယ်ပြိုင်ကြတဲ့ ၁၉၅၀ ရွေးကောက်ပွဲတုန်းကပါ။ အဲဒီတုန်းက တည်မြဲတွေက စစ်တပ်ကျောထောက်နောက်ခံရှိတယ်ဆိုပြီး 'ရှုံးလည်း နိုင်ရမယ်၊ နိုင်လည်း နိုင်ရမယ်'လို့ မောက်မာစွာကြွေးကြော်ခဲ့ကြတာပါ။ နယ်တွေမှာဆို သေနတ်ပြ ခြိမ်းခြောက်မှုအမျိုးမျိုးတွေ လုပ်ခဲ့ကြတာပါ။ ရွေးကောက်ပွဲနေ့ရောက်တော့ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေ အားလုံး အလံနီတလူလူလွှင့်ထားတဲ့ ဂျစ်ကားတွေပေါ်မှာ ထမီနီဝတ်တွေချည်းပါပဲ။ တစ်မြို့လုံး 'ရဲပတောင်းထနေတယ်'လို့ကို ပြောစမှတ်ပြုခဲ့ရပါတယ်။ (တည်မြဲအမျိုးသမီးတွေက ထမီနီဝတ်ပြီး သန့်ရှင်းအမျိုးသမီးတွေက ထမီဝါဝတ်ပါတယ်)။ ထမီနီတွေ



www.burmeseclassic.com

www.burmeseclassic.com

က ရပ်ကွက်တွေထဲထိ ထမီနီတွေလိုက်ဝေထားပြီး မဲရုံအရောက် ဂျစ်ကားတွေနဲ့ လိုက်ပို့တာဆိုတော့ တစ်မြို့လုံး အနီရောင်လွှမ်းနေတော့တာပေါ့။

## အထင်မသေးကြနဲ့

ဒါပေမဲ့ ညဘက် မဲရေတွက်တဲ့အချိန်ရောက်တော့ တစ်နိုင်ငံလုံး ဝါသွားပါတော့တယ်။ တည်မြဲထိပ်သီးကြီးတွေဖြစ်တဲ့ ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေတို့ကိုယ်တိုင်တောင် မရှုမလှရှုံးနိမ့်သွားခဲ့ကြရပါတယ်။ အဲဒီမှာ လူတွေက 'လူတည်မြဲ မဲသန့်ရှင်း'လို့ ပြောခဲ့ကြတာဖြစ်တယ်။ လူကတော့ တည်မြဲပေးတဲ့အဝတ်ဝတ်၊ တည်မြဲလာခေါ်တဲ့ကားကိုစီး၊ တည်မြဲကျွေးတာစားပြီး မဲရုံထဲကျတော့ သန့်ရှင်းကိုပဲထည့်ခဲ့ကြတာကို ရည်ညွှန်းပြောဆိုကြတာပါ။ မဲဆန္ဒရှင်ပြည်သူလူထုက ကြောက်လို့ လုံချည်နီတွေဝတ်ပြီး သူတို့ခေါ်တဲ့ကားပေါ်တက်လိုက်ခဲ့ကြပေမယ့် ဘယ်သူမှမမြင်ရတဲ့ မဲရုံထဲကျတော့ သန့်ရှင်းကိုပဲ မဲပေးခဲ့ကြတာဟာ မဲဆန္ဒရှင်ပြည်သူလူထုက ဘယ်လောက်ထိနိုင်ငံရေးပါးဝတယ်ဆိုတာ ပြလိုက်တဲ့အချက်ပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးနဲ့ပတ်သက်ရင် မြန်မာလူမျိုးတွေကို အထင်မသေးနဲ့လို့ ထပ်ခါတလဲလဲပြောနေတာ ဖြစ်တယ်။ မြန်မာလူမျိုးတွေကို နိုင်ငံရေးတို့၊ ဒီမိုကရေစီရေးတို့နဲ့ပတ်သက်ပြီး ပညာပေးရမယ်လို့ ပါးစပ်က အမြှုပ်တစီစီထွက်အောင်ပြောတဲ့ သူတွေ၊ မင်နဲ့ စက္ကူတွေ အလကားရတိုင်း တစ်ရေးတည်း ရေးပြီး ကလောင်စွမ်းပြနေတဲ့ သူတွေထက် တိုက်ပွဲတွေအလီလီဖြတ်သန်းလာခဲ့ဖူးကြတဲ့ မြန်မာလူမျိုးတွေက နိုင်ငံရေးအကြောင်း၊ ဒီမိုကရေစီအကြောင်း အများကြီးပိုသိပါတယ်။

## မင်းသားကာသမ္မတဖြစ်

နိုင်ငံရေးအသိပညာ မြင့်မားလှတယ်၊ ယဉ်ကျေးမှုရေချိန် မြင့်မားလှတယ်ဆိုတဲ့ နိုင်ငံကြီးမှာတောင် ပိုက်ဆံနဲ့ နာမည်ကျော်ခြင်းကလွဲပြီး ဘာနိုင်ငံရေးအရည်အချင်းမှမရှိတဲ့ ရေဂန်လို၊ အာနီးလို ကောင်းဘွိုင်မင်းသားနဲ့ မောင်စကြာဝဠာမင်းသားမျိုးတွေကိုတောင် သမ္မတရွေးလိုရွေး၊ ပြည်နယ်ဘုရင်ခံရွေးလိုရွေး ဖြစ်နေကြသေးတယ် မဟုတ်လား။ ကမ္ဘာမှာ စီးပွားရေးတို့၊ ပညာရေးတို့မှာ အံ့မခန်းတိုးတက်ပါတယ်ဆိုတဲ့ ဂျပန်နိုင်ငံမှာလည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက နှစ်ပေါင်း ၆၀ နီးပါး ကာလတစ်လျှောက်လုံး ရောမကော်ပိုရေးရှင်းကြီးတွေရဲ့ လက်ကိုင်တုတ် LDP ပါတီတစ်ခုတည်းကိုပဲ ရွေးချယ်နေခဲ့ကြတာမဟုတ်လား။ ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ဝန်ကြီးချုပ်တွေအတော်များများကလည်း အကျင့်ပျက်ခြစားမှုတွေနဲ့ စွပ်စွဲခံရပြီး ရာထူးကဆင်းသွားခဲ့ရတာချည်း ဖြစ်တယ်။ သူတို့လူမျိုးတွေ တော်တော်များများနဲ့ တွေ့ဆုံပြောဆိုကြည့်တော့လည်း ကုမ္ပဏီအလုပ်တည်မြဲဖို့နဲ့ ဘောနပ်ကောင်းကောင်းရဖို့လောက်သာ ဂရုစိုက်နေကြတာ၊ နိုင်ငံရေးကို သိပ်စိတ်မဝင်စားကြဘူးလို့ ပြောကြတာချည်းပါပဲ။ အမေရိကန်သမ္မတဂျော့ဘုရှ်က သူ့မဟာမိတ် ပါကစ္စတန်နိုင်ငံက သမ္မတအမည်ကိုတောင် မသိပေမယ့် လမ်းပေါ်က သာမန်မြန်မာလူမျိုးတွေကတော့ အိမ်နီးချင်းနိုင်ငံတွေက ခေါင်းဆောင်တွေရဲ့ အမည်လောက်သာ မဟုတ်ပါဘူး။ ဖင်ဘာဘွေသမ္မတ မူဂါဘေးနဲ့ ဆဗန်ဂီရိုင်းကိုလည်း သိပါတယ်။ တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားကို သိသလို ဘစ်ရှော့ကြီးဒက်စမွန်တူးတူးကိုလည်း သိပါတယ်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟူးကိုလည်း သိပါတယ်။

## ဆရာမလုပ်နဲ့

အဲဒါကြောင့် နိုင်ငံရေးနဲ့ပတ်သက်ပြီး မြန်မာလူမျိုးတွေ ဘာမှမသိဘူး။ ဘာမှနားမလည်ဘူးလို့ ပြောတာမျိုးကို ဘယ်တော့မှ လက်မခံပါဘူး။ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးနိုင်ငံရေးသုခမိန်ပဲဖြစ်ဖြစ် မြန်မာ့အရေးကျွမ်းကျင်သူတို့၊ ပါရဂူတို့၊ ဂုရုတို့၊ ပညာရှင်တို့ဆိုပြီး ကိုယ့်ဟာကိုယ် တံဆိပ်ကပ်ထားတဲ့သူပဲဖြစ်ဖြစ် မြန်မာပြည်နိုင်ငံရေးနဲ့ပတ်သက်ပြီး ဆရာလုပ်ဖို့ စိတ်မကူးပါနဲ့။ တိုက်ပွဲတွေ အလီလီဖြတ်သန်းပြီး ကျောမှာ ဒဏ်ရာဒဏ်ချက်တွေအပြည့်နဲ့ မြန်မာလူမျိုးတွေလောက် မြန်မာ့နိုင်ငံရေးကို ဘယ်သူမှနားမလည်ပါဘူးလို့ ပြောလိုက်ချင်တယ်။ မြန်မာတွေက 'ပါးစပ်ဟာရင် အူမအဲထိမြင်နိုင်'တဲ့ လူမျိုးပါနော်။

၂၆၊ ၅၊ ၂၀၀၉




www.burmeseclassic.com

www.burmeseclassic.com

# လူဆိုးနဲ့လူယုတ်မာ

သူတော်ကောင်းနဲ့ လူကြီးလူကောင်းအကြောင်း ရေးပြီးတော့ ဆန့်ကျင်ဖက်လူတွေအကြောင်း ဆက်ရေးပါဦးမယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတော်ကောင်းနဲ့ လူကြီးလူကောင်းဆိုတာက ရှားတယ်။ တွေ့ခဲတယ်။ သူတို့နဲ့ ဆန့်ကျင်ဖက်လုံးလုံးဖြစ်တဲ့ လူဆိုးတို့၊ လူယုတ်မာတို့ဆိုတာကတော့ ပတ်ဝန်းကျင်မှာ လက်ညှိုးထိုးမလွဲအောင် ပေါများလွန်းလို့ နာရီစက္ကန့်မလပ် မြင်တွေ့နေရတာဖြစ်တယ်။

**စံနှုန်းတွေခြားနား**

လူဆိုးဆိုတာ ဘယ်လိုအစားလဲလို့ လွယ်လွယ်ပြောနိုင်ဖို့ခက်တယ်။ သတ်မှတ်ချက်စံနှုန်းက အမျိုးမျိုးကွဲပြားခြားနားမှုရှိတယ်။ ယေဘုယျအားဖြင့်တော့ သူခိုး၊ ဓားပြ၊ လူသတ်သမား စတဲ့ ရာဇဝတ်မှုကျူးလွန်သူများကို လူဆိုးလို့ ခေါ်လေ့ရှိတယ်။ အလားတူပဲ ကျောင်းမှာ စာမကြိုးစားဘဲ ကျောင်းပြေး၊ အတန်းထဲမှာ ဆရာကို ကလန်ကဆန်လုပ်၊ စည်းကမ်းမှန်သမျှ ဖောက်ဖျက်၊ ဆေးလိပ်ခိုးသောက်၊ ရန်အမြဲဖြစ် လုပ်လေ့ရှိတဲ့ ကျောင်းသားမျိုးကိုလည်း လူဆိုးလေးတွေလို့ သတ်မှတ်လေ့ရှိတယ်။ မိဘကို 'ကဏ္ဍကောစ'လုပ်၊ မူးယစ်ရမ်းကား၊ လောင်းကစားနဲ့မွေ့လျော်၊ ဒုက္ခအမျိုးမျိုးပေးနေတဲ့ သားသမီးကိုလည်း လူဆိုးလူမိုက်လို့ သတ်မှတ်ကြတယ်။

မြန်မာလူ့အဖွဲ့အစည်းမှာ ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက်ပြောင်းတာမျိုးကို ဆိုးတယ်လို့ပြောလေ့ရှိပေမယ့် အနောက်လူ့အဖွဲ့အစည်းတွေမှာတော့ ဘယ်သူကမှ ဆိုးတယ်လို့ အပြစ်တင်ကြမှာ မဟုတ်ပါဘူး။



**အရှေ့ကအရှေ့၊ အနောက်ကအနောက်**

မြန်မာမိန်းကလေးတစ်ယောက် အရက်သောက်ရင် ပျက်စီးနေတဲ့ မိန်းမဆိုးလို့ယူဆကြပေမယ့် အနောက်လူ့အဖွဲ့အစည်းတွေမှာတော့ အဖေ၊ အမေ၊ အဘိုး၊ အဘွားနဲ့ သားသမီးမြေးမြစ်တွေ တစ်ဝိုင်းတည်းထိုင်ပြီး သောက်ကြတာပဲ။ မြန်မာလူမျိုးတွေက ကိုယ်ဝန်ဖျက်ချတာကို ယုတ်မာရက်စက်မှု၊ ရာဇဝတ်မှုလို့ သတ်မှတ်ပေမယ့် အနောက်နိုင်ငံတွေမှာတော့ တချို့က ဆေးရုံတွေမှာ ဆရာဝန်တွေကိုယ်တိုင်က ဖျက်ချပေးနေပြီး တချို့ကျ ပြင်ပဆေးခန်းဆရာဝန်တွေက လုပ်ပေးကြတယ်။ ဥပဒေနဲ့ တားမြစ်ပိတ်ပင်ထားတဲ့ နိုင်ငံများမှာလည်း အစိုးရက မသိချင် မမြင်ချင် ယောင်ဆောင်နေကြတာပါပဲ။ အနောက်လူ့အဖွဲ့အစည်းရဲ့ အယူအဆတွေက မှန်တယ်၊ ကောင်းတယ်လို့ ပြောတာမဟုတ်ပါဘူး။ လူဆိုးဆိုတဲ့ သတ်မှတ်ချက်ဟာ လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု နိုင်ငံတစ်ခုနဲ့ တစ်ခု ကွဲပြားနေကြတဲ့အကြောင်း ပြောပြတာပါ။

**အားလုံးတူတဲ့အချက်**

'ယုတ်မာမှု'ဆိုတာကျတော့ အဲဒီလိုမဟုတ်ဘူး။ နိုင်ငံတွေ၊ လူမျိုးတွေ၊ ယဉ်ကျေးမှုတွေ ဘာသာအယူဝါဒတွေ ဘယ်လောက်ကွဲကွဲ 'လူယုတ်မာ'လို့ သတ်မှတ်တဲ့စံနှုန်းတွေကတော့ အားလုံးတူညီကြတာကို တွေ့ရတယ်။ အရွယ်မရောက်သေးတဲ့ မိန်းကလေးတစ်ယောက်ကို မတော်တရားပြုကျင့်တာကို မြန်မာလူမျိုးတွေက လူမဆန်အောင်ကို ယုတ်မာတဲ့ အမှုအဖြစ် သတ်မှတ်သလိုပဲ၊ ဖိုမကိစ္စကို သိပ်လွတ်လပ်ခွင့်ပေးတဲ့ အနောက်နိုင်ငံများမှာလည်း ယုတ်မာမှုလို့ သတ်မှတ်ကြတာပါပဲ။ ဂျူးတွေ၊ ဂျစ်ပစီတွေနဲ့ ကွန်မြူနစ်တွေကို မျိုးပြုတ်အောင်ဖြုတ်ပစ်ကြဆိုတဲ့ ဟစ်တလာနဲ့ နာဇီတွေရဲ့လုပ်ရပ်တွေကို မြန်မာတွေက အော့နှလုံးနာခဲ့ကြသလို အနောက်လူ့အသိုင်းအဝိုင်းကလည်း နှိုင်းယှဉ်စရာမရှိတဲ့ ရက်စက်ယုတ်မာမှုကြီးလို့ သတ်မှတ်ခဲ့ကြတာပဲ ဖြစ်တယ်။

**တီရှိုးမားနဲ့တူတဲ့အချက်**

ခရီးသည်တွေစီးနင်းလိုက်ပါလာတဲ့ လေယာဉ်ပျံကြီးတွေကို ပြန်ပေး ဆွဲပြီး လူတွေ သောင်းသိန်းချီနေတဲ့ အဆောက်အဦကြီးကို ဝင်တိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရပ်ကို လူသားအားလုံးက လူမဆန်တဲ့ ရက်စက်ယုတ်မာမှုကြီးလို့ပဲ သဘောထားကြပါတယ်။ အလားတူပဲ ဟီရိုရှီးမားနဲ့ နာဂါဆာကီမြို့ကြီးတွေပေါ်ကို အဏုမြူဗုံးကြဲချတိုက်ခိုက်ခဲ့တာကိုလည်း လူ့သမိုင်းမှာ အကြီးမားဆုံးရက်စက်ယုတ်မာမှုကြီးအဖြစ် စက်ဆုတ်ရွံရှာခဲ့ကြတာပါပဲ။ စစ်မြေပြင်ကို လူကိုယ်တိုင်သွားမတိုက်ရဲလို့ လူမပါတဲ့လေယာဉ်နဲ့ ဒါမှမဟုတ် အဝေးကြီးက ပဲ့ကိုင်ထိန်းချုပ်တဲ့ ဒုံးကျည်နဲ့ လှမ်းပြီးပစ်ခတ်တိုက်ခိုက်တာလည်း ရက်စက်ယုတ်မာမှုလို့ပဲ ယဉ်ကျေးတဲ့ လူသားအားလုံးက သတ်မှတ်ကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မူလတန်းကျောင်းလေးပေါ်ကျကျ၊ ဆေးရုံပေါ်ကျကျ၊ ဘိုးဘွားရိပ်သာပေါ်ကျကျ၊ လူတွေသေကြရင် ကြောက်လန့်သွားမှာပဲဆိုတဲ့ စိတ်ဓာတ်မျိုးက ဟီရိုရှီးမားပေါ် အဏုမြူဗုံးကြဲချတဲ့ စိတ်ဓာတ်နဲ့ အတူတူဖြစ်နေလို့ပါပဲ။

### ငတေမှန်ရင် လူယုတ်မာ

ခြုံပြီးပြောမယ်ဆိုရင် လက်နက်မရှိတဲ့သူကို လက်နက်အင်အားကြီးမားသူက၊ ကိုယ့်ကိုပြန်မလုပ်နိုင်အောင် အားနည်းချည့်နဲ့သူကို အားကြီးသူက လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ ယဉ်ကျေးမှုစံနှုန်း အားလုံးကို ချိုးဖောက်ဖျက်ဆီးပြီး 'ဘယ်သူသေသေ ငတေမာပြီးရော'လုပ်တဲ့ လုပ်ရပ်မှန်သမျှကို 'ယုတ်မာမှု'လို့ ခေါ်နိုင်မယ်ထင်ပါတယ်။ ထပ်ပြီးချုံ့မယ်ဆိုရင်လည်း ရပါသေးတယ်။ 'ငတေမှန်ရင် လူယုတ်မာ'လို့ ပြောလိုက်ရုံပါပဲ။

### အဝီစိ ချီးကပ်မယ့်သူတွေ

ကျောင်းလစ်လို့၊ စာမေးပွဲကျလို့၊ ရန်ဖြစ်လို့၊ ဆေးလိပ်ခိုးသောက်လို့ ကျောင်းမှာ လူဆိုးခေါ်ခံရတာက အလွန်ဆုံးရှိမှ စာမေးပွဲကျပြီး ပညာမတတ်ရုံပဲ။ ငရဲတော့ မကြီးပါဘူး။ အလားတူပဲ အရက်သောက်၊ ဖဲရိုက်၊ ရမ်းကားပြီး မိဘကို ပြုစုလုပ်ကျွေးမပြုသူကလည်း နတ်ပြည်မရောက်တာနဲ့ လူကောင်းအခေါ်မခံရတာပဲရှိမယ်။ အပါယ်တော့ မလားလောက်ဘူးထင်ပါတယ်။ မိဘကို စော်ကားမော်ကားမပြုရင်ပြောတာပါ။ ဒါပေမဲ့ လူယုတ်မာဆိုတာကတော့ အဝီစိချီးကပ်လိမ့်မယ်လို့ပဲထင်တယ်။ အင်္ဂုလိမာလဆိုတာ လက်ညှိုးပေါင်းတစ်ထောင်လောက်ထိ ဖြတ်ခဲ့တဲ့ လူဆိုးလူမိုက်ကြီးပဲ။ ဒါပေမဲ့ နောက်ဆုံး ကျွတ်တမ်းဝင်သွားခဲ့တယ်။ ဒေဝဒတ်



ကျတော့ ယုတ်မာမှုကြောင့် ငရဲအိုးချီးကပ်သွားခဲ့ရတာဖြစ်တယ်။ ဒေဝဒတ်ဆိုတာ ခေသူမဟုတ်ပါဘူး။ ရှင်ဘုရင့်သားပဲ။ သိဒ္ဓတ္ထလိုပဲ စည်းစိမ်ချမ်းသာတွေကိုစွန့်ပြီး ရဟန်းဝတ်ခဲ့သူဖြစ်တယ်။

### ယုတ်မာမှုက ငရဲကိုတွန်းပို့တာ

ရဟန်းဘဝမှာလည်း ဘုရားငယ်တစ်ဆူလောက်နီးနီး တန်ခိုးသြဇာကြီးမားခဲ့သူ ဖြစ်တယ်။ နောက်ဆုံးကျတော့ ယုတ်မာမှုက သူ့ကို ငရဲတွန်းပို့လိုက်တာပါပဲ။ အာဠာဝကဘီလူးကြီးတို့၊ နာဠာဂီရိဆင်မိုက်ကြီးတို့ဟာ ဘုရားကိုသတ်ဖို့ ကြံခဲ့ကြတာပါ။ ဒါပေမဲ့ နောက်ဆုံးမှာ အမြင်မှန်ရသွားခဲ့ကြပါတယ်။ ဒေဝဒတ်ကတော့ ဘုရားကို သတ်ဖို့ကြံတဲ့ပြစ်မှုလောက် မကပါဘူး။ မြတ်စွာဘုရားတည်ထောင်ခဲ့တဲ့ သံဃာ့အဖွဲ့အစည်းကြီးကို ဖျက်ဆီးဖို့အတွက် သံဃာကိုဂိုဏ်းခွဲတဲ့ အကြီးမားဆုံးပြစ်မှုကြီးကို ကျူးလွန်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ ကိုယ်ကျိုးအတွက်၊ တန်ခိုးသြဇာအတွက် အင်မတန်ယုတ်မာကောက်ကျစ်တဲ့ လုပ်ရပ်ကြီးကို လုပ်ခဲ့တာဖြစ်တယ်။ ယောက်ဖတော်ဖြစ်ပေမယ့် ဘုရားသခင်လည်း သူ့ကို မကယ်နိုင်ပါဘူး။ ကပ်ကမ္ဘာပေါင်းများစွာ အဝီစိမှာချီးကပ်နေရတော့မှာ ဖြစ်တယ်။

### ကျွဲသာ ရွှံ့အိုင်ထဲနေတာ

လူ့လောကမှာ သူတော်ကောင်းနဲ့ လူကြီးလူကောင်းတွေ ရှားသလောက် လူဆိုးနဲ့ လူယုတ်မာတွေကတော့ ရှောင်မလွတ်အောင်ကို ပေါပါတယ်။ ဘယ်နေရာကြည့်ကြည့် သူတို့ချည်းပါပဲ။ မီးများမီးနိုင်၊ ရေများရေနိုင်ဆိုတဲ့ သဘာဝအတိုင်း ကိုယ်ပါရောပါသွားနိုင်တဲ့ အန္တရာယ်ကြီးပါတယ်။ ရွှံ့နွံထဲမှာ ပျော်လို့လူးနေတဲ့ ကျွဲတွေကိုအားကျပြီး ရွှံ့အိုင်ထဲလိုက်ဆင်းရင် ကိုယ်ပါ ကျွဲဖြစ်သွားမှာပါပဲ။ လူပီသတဲ့လူအဖြစ်ကိုပဲ လိုချင်ရင်တော့ ကိုယ့်လမ်းကိုယ် တည့်တည့်မတ်မတ်ဆက်လျှောက်သွားပါ။ ရွှံ့ထဲမဆင်းပါနဲ့။ ကျွဲတွေသာ ရွှံ့အိုင်ထဲနေတာ။ လူက မနေဘူး။

### လူဆိုးသာအဖြစ်ခံလိုက်ပါ

'ဃရာဝါသ၊ သမ္မာဇော၊ ကိစ္စမြားမြောင် လူတို့ဘောင်၌'ဆိုသလို လူ့ရေးလူ့ရာ အဖြာဖြာတွေထဲမှာ ရှောင်ဖို့ရှားဖို့ခက်လွန်းတဲ့ အဖြစ်မျိုး ကြုံ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရင် မတတ်သာတဲ့အဆုံး လူဆိုးသာအဖြစ်ခံလိုက်ပါ။ လူယုတ်မာတော့ ဘယ်တော့မှ မဖြစ်ပါစေနဲ့။ လူဆိုးကို လူတွေက ခွင့်လွှတ်နိုင်ပေမယ့် လူယုတ်မာကိုတော့ ကပ်ကမ္ဘာဆုံးတိုင် ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။ အာဠဝကဘီလူးကြီးနဲ့ နာဠာဂီရိဆင်မိုက်ကြီးတို့ အမြင်မှန်ရတဲ့အခါ ကျွတ်တမ်းဝင်နိုင်သေးသလို လူဆိုး၊ သူခိုး၊ ဓားပြပဲဖြစ်ဖြစ်၊ ကျောင်းသားဆိုးကလေးပဲဖြစ်ဖြစ်၊ သားဆိုးသားမိုက်လေးပဲဖြစ်ဖြစ် အမြင်မှန်ရတဲ့တစ်နေ့ ကျွတ်တမ်းဝင်နိုင်ပါသေးတယ်။ လူယုတ်မာ ဒေဝဒတ်တွေကတော့ ငရဲအိုးမှာပဲ ခိုးကပ်ကြရမှာ သေချာလှကြောင်းပါဗျား။

၇၊ ၁၀၊ ၂၀၀၉



# လူယဉ်ကလူရိုင်းဖြစ်လာရခြင်းအကြောင်း

နေအိမ်မှာ ရှိနေသမျှကာလပတ်လုံး မနက်အိပ်ရာကထ ကော်ဖီသောက်၊ မုန့်စား လုပ်ပြီးတာနဲ့ သတင်းစာနဲ့ဂျာနယ်တွေဖတ်မြဲ ဖြစ်တယ်။ ရန်ကုန်ထုတ်သတင်းစာသုံးစောင်စလုံး ကိုယ်စားလှယ်ဆီက အစိုးရဈေးနှုန်းနဲ့ ရထားခဲ့ပေမယ့် ကိုယ်စားလှယ်ရဲ့ သတင်းစာပို့သမား လာပို့တဲ့ ဆယ့်နှစ်နာရီတစ်ချက်ထိ မစောင့်နိုင်တာနဲ့ မြန်မာ့အလင်းသတင်းစာကို အပ်လိုက်ပြီး အပြင်ဈေးနဲ့ အပြင်ဆိုင်ကပဲ ဝယ်ဖတ်ပါတယ်။ အင်္ဂလိပ်သတင်းစာနဲ့ ကြေးမုံပဲ ကိုယ်စားလှယ်ဆီက ဆက်ယူပါတယ်။

## စိတ်အပြောင်းအလဲ

သတင်းစာတစ်စောင်ယူလိုက်ရင် လုံးလောက်ပေမယ့် တစ်သက်လုံးသတင်းစာသမားလုပ်လာတဲ့အကျင့်က ဖျောက်လို့မရဘူး။ ထွက်သမျှအကုန်ဖတ်ချင်တာ။ ဖတ်တဲ့အခါမှာလည်း တရုတ်စာဖတ်သလို နာရေးစာမျက်နှာကစပြီး အမွေပြတ်စွန့်လွှတ်ခြင်းတို့၊ ကန့်ကွက်ကြောင်း ကြေညာခြင်းတို့ စတဲ့ကြော်ငြာတွေပါမကျန် ဖတ်တာပါ။ ကြော်ငြာနဲ့ သတင်းတွေကိုဖတ်ပြီးမှ ဆောင်းပါးတွေကိုဖတ်ပါတယ်။ အဲဒီလို စေ့စေ့စပ်စပ်ဖတ်ရင်းနဲ့ အခုတလော စိတ်ထဲမှာ အပြောင်းအလဲတချို့ပေါ်လာတာကို သတိပြုမိပါတယ်။ အရင်ကဆိုရင် သတင်းစာထဲမှာ အမြဲပါတဲ့ ဗုံးခွဲလို့လူသေတဲ့သတင်း၊ လေယာဉ်ပျက်လို့၊ သင်္ဘောမှောက်လို့၊ ကား ချောက်ထဲကျလို့၊ မီးရထားတိုက်လို့ သူတွေသေကြတဲ့ သတင်းမျိုးဆိုရင် စုတ်တသပ်သပ်နဲ့ မလွှတ်တမ်းဖတ်ပေမယ့် အခု ဒီဘက်ပိုင်းမှာ သတင်းအတော်များများကို ခေါင်းလောက်ပဲဖတ်ပြီး ကျော်သွားလိုက်တော့တယ်။ လူကိုးဆယ်တစ်ရာလောက်သေတဲ့ သတင်းမျိုးကို စိတ်ထဲက သတင်းလို့



www.burmeseclassic.com

www.burmeseclassic.com

မမှတ်ယူချင်တော့ဘူး။ လူသိန်းဂဏန်းအထိ သေကြေခဲ့ရတဲ့ အကြီးဆုံး နာဂစ်မုန်တိုင်းကြီးကို ကြုံတွေ့ခဲ့ရဖူးပြီကို။

## မိုင်းတိုက်မှုတွေ

အရင်ကဆို လူနှစ်ရာသုံးရာလောက် သေကြေပျက်စီးခဲ့ရတာမျိုးကို သတင်းကြီးလို့ မှတ်ယူခဲ့ကြတာ။ အခုတော့ နှစ်ရာသုံးရာမပြောနဲ့ နှစ်ထောင်သုံးထောင်သေတာတောင်မှ ဒုက္ခကြီးတစ်ခုလို့ မအောက်မေ့တော့ဘူး။ အသေးအဖွဲလောက်ပဲ ထင်တော့တာ။ လူတွေရဲ့ ဒီစိတ်သဘာဝကို လက်နက်ကုန်သည်ကြီးတွေ၊ ကုန်သည်ပွဲစားတွေနဲ့ နယ်ချဲ့စစ်ဝါဒီတွေက ကောင်းကောင်းကြီးအသုံးချပြီး စိတ်ဓာတ်ရေးရာမိုင်းတိုက်မှုတွေကို တွင်တွင်ကြီး လုပ်ခဲ့ကြတာပါလားလို့ သဘောပေါက်နားလည်ခဲ့ရတယ်။ သတ်တာဖြတ်တာ၊ တိုက်တာခိုက်တာအသားပေးတဲ့ ရုပ်ရှင်ကားတွေ ခေတ်တိုင်းခေတ်တိုင်း အဆက်မပြတ် မရပ်မနားထုတ်လုပ်ပြသနေကြတော့ လူသေတာ သတ်တာတွေဟာ လူတွေရဲ့မျက်စိထဲမှာ မဆန်းတော့ဘဲ ရိုးသွားပြီပေါ့။ ဒီလိုနဲ့ သတ်ပွဲဖြတ်ပွဲတွေဖြစ်၊ စစ်တွေဖြစ်ပြီး လက်နက်ကျည်ဆံတွေ ရောင်းကောင်းကြတယ်လေ။ အခု လူနှစ်ရာသုံးရာ သေတာတောင် သတင်းလို့ မမှတ်ယူတော့တဲ့သူဟာ ငယ်စဉ်ကတော့ ဒီလို မဟုတ်ပါဘူး။ စိတ်ဓာတ် ဒါလောက်ကြီး ခက်ထန်မာကျောမရှိပါဘူး။ သနားရမှန်း ကြင်နာရမှန်း သိပါသေးတယ်။

## ယဉ်ပါးမသွားအောင်

ငယ်စဉ်ကလေးဘဝက ဆရာတွေ၊ ဖာသာတွေနဲ့ ရုပ်ရှင်ကြည့်ရတာ ပြန်ပြီးအမှတ်ရမိတယ်။ 'ပညတ်တော်ဆယ်ပါး'လို၊ 'ဝတ်ရုံတော်'လို ခရစ်ဝင်ရုပ်ရှင်ကားကြီးတွေ ပြတဲ့အခါမျိုးမှာ ကျောင်းကဘုန်းကြီးတွေကိုယ်တိုင် ကလေးတွေကို လိုက်ပြလေ့ရှိတယ်။ ရုပ်ရှင်ထဲမှာ ပွေ့ဖက်နမ်းရှုပ်တာမျိုး၊ လူသတ်တာမျိုးတွေပြရင် ဘုန်းကြီးတွေက ကျောင်းသားတွေ ခေါင်းကို လက်နဲ့ဖိနှိမ်ပြီး ပါးစပ်ကလည်း 'ငုံ့ထား၊ ငုံ့ထား'လို့ ပြောကြတယ်။ သူတို့လည်း ခေါင်းငုံ့ထားတယ်။ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ ဖိုမကိစ္စတွေကို ကလေးတွေယဉ်ပါးမသွားအောင် ကာကွယ်တားဆီးတဲ့ သဘောဖြစ်တယ်။ ကျွန်တော်တို့တတွေ ကောလိပ်မရောက်ခင် ရည်းစား



မထားတတ်တာ၊ ရန်မဖြစ်တတ်တာတွေဟာ အဲဒီလိုတားဆီးစောင့်ရှောက်မှုတွေကြောင့်ပဲလို့ ထင်မိတယ်။ ကောလိပ်ရောက်တဲ့အခါကျတော့ 'ဖောင်းကလွတ်တဲ့မြင်း'တွေလိုဖြစ်ပြီး ငယ်ငယ်ကမကြည့်ရတဲ့ အင်္ဂလိပ် ရုပ်ရှင်ကားတွေကို ကားလဲတိုင်းကြည့်ကြပြီးတော့ ကျွန်တော်တို့စိတ်တွေလည်း 'ကောင်းဘွိုင်စိတ်'တွေ ဖြစ်ကုန်ကြပါတော့တယ်။ ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်းတွေပေါ့လေ။

## မီဒီယာလက်နက်အစွမ်း

အခုခေတ် မြန်မာမိန်းကလေးတွေ ရင်လျှားကြီးဝတ်ပြီး လူထဲသူထဲ ဆက်ကော့လက်ကော့လုပ်ရဲနေကြတာလည်း ရုပ်ရှင်တွေရဲ့ကောင်းမှုလို့ပဲ ယူဆတယ်။ မြင်ပါများတော့ မျက်စိထဲမှာ မဆန်းတော့ဘူးပေါ့။ ဒီလိုနဲ့ပဲ နူးညံ့သိမ်မွေ့မှုကို တန်ဖိုးထားတဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေနဲ့ မြန်မာစိတ်ဓာတ်တွေကို လျှပ်ပေါ်လော်လီမှုနဲ့ ခက်ထန်ကြမ်းတမ်းမှုတွေက ဖြည်းဖြည်းချင်း ဖုံးလွှမ်းနေတာကို မြင်တွေ့နေရပါတယ်။ ကလေးဘဝတုန်းက ခရစ်ယာန်တွေကို ခေါင်းဖြတ်သတ်တဲ့အခန်းမျိုးဆို မကြည့်ရဲခဲ့တဲ့ သူကိုယ်တိုင်တောင် အခုဆို လူနှစ်ရာသုံးရာလောက် သေတဲ့ကိစ္စမျိုးကို သတင်းလို့တောင် မထင်မှတ်တော့တဲ့အထိ ဖြစ်သွားခဲ့ပြီလေ။ စိတ်ရိုင်း စိတ်မိုက်တွေ လွှမ်းမိုးလာတတ်ပုံကို ပြောတာပါ။ ယဉ်ကျေးမှုစစ်မျက်နှာက ထိုးဖောက်တဲ့ မီဒီယာလက်နက်ရဲ့အစွမ်းဟာ ကြောက်စရာကောင်းလောက်အောင်ကို ကြီးမားလှပါတယ်။ သိသာထင်ရှားတဲ့ စစ်ရေးနယ်ချဲ့မှုထက် မသိသာတဲ့ ယဉ်ကျေးမှုနယ်ချဲ့နဲ့ ဆိုရှယ်နယ်ချဲ့(လူမှုရေးနယ်ချဲ့)က ပိုပြီးအန္တရာယ်ကြီးပါတယ်။

## ခက်ထန်ကြမ်းတမ်းလာ

ကိုယ့်စိတ်ဖြစ်ပျက်ပြောင်းလဲမှုကိုပဲ နမူနာထားပြောပါမယ်။ အခု အသက်အရွယ်က ခုနစ်ဆယ်တန်းအရွယ်ပါ။ သဘာဝအားဖြင့် စိတ်ရော လူပါ ပျော့ညံ့ချည့်နဲ့ဖြစ်တဲ့အရွယ်ပါ။ ဒါပေမဲ့ နူးညံ့သိမ်မွေ့ရမယ့်အစား စိတ်က တစ်နေ့တခြား ပိုပိုပြီး ခက်ထန်လာတယ်။ ရိုင်းချင်သလိုလို ဖြစ်လာတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘယ်မီဒီယာထဲကြည့်ကြည့်လိုက်ကြည့်လိုက် မြင်တွေ့နေရတာတွေက တိုက်တာခိုက်တာ၊ သတ်တာဖြတ်တာ၊ အဓမ္မ



www.burmeseclassic.com

www.burmeseclassic.com

အနိုင်ကျင့်တာ၊ ကြီးနိုင်ငယ်ညှဉ်း လုပ်တာတွေချည်းပဲလေ။ တစ်လော လေးက ရုပ်သံသတင်းတစ်ခုမှာ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းတစ်ခုဆို ကြည့်ရင်းကြည့်ရင်း အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ခဲ့ ရတယ်။ အာဖဂန်နစ္စတန်က မူလတန်းကလေးတွေ စာသင်ကြားနေတဲ့ စာသင်ကျောင်းလေးတစ်ခုမှာပါ။ ကျောင်းခေါင်မိုးပေါ်မှာ အလံဖြူတစ်ခု လွှင့်တင်ထားတာက တလူလူလွင့်လို့။ စာသင်ကျောင်းမှန်းသိစေချင်လို့ ထင်ပါရဲ့။ ဒါပေမဲ့ ခဏကြာတော့ မောင်းသူမဲ့ အမေရိကန်လေယာဉ် တစ်စင်း ပေါ်လာပြီး ဗုံးတွေတစ်လုံးပြီးတစ်လုံး ကြဲချသွားတယ်လေ။ ကျောင်းဝင်းထဲက ကလေးတွေ အတုံးအရုံး သွေးရဲရဲသံရဲရဲ၊ အော်ဟစ် ငိုကြွေးသံတွေကလည်း ပွက်ပွက်ညံလို့။ လူမပါတဲ့ လေယာဉ်ဆိုတော့ အလံဖြူလွှင့်ပျံနေတာလည်း ဘာအဓိပ္ပာယ်မှန်း ဘယ်လိုလုပ်သိမှာလဲ။ ကလေးလေးတွေမြင်လည်း မူလတန်းကျောင်းလေးမှန်း ဘယ်သိမှာလဲ။ လူချင်းရင်ဆိုင်တိုက်လို့ သေရတာဆိုခံသာသေးတယ်။ ခုတော့ သူ့ရဲဘော ကြောင်စွာ အဝေးကြီးက ခလုတ်နှိပ်ပြီး ဗုံးကြဲတာဆိုတော့ ခံပြင်းလိုက် တာ။

## ကောင်းဘွိုင်လိုပဲရင်ဆိုင်

အဲဒီလိုကောင်းဘွိုင်တွေကို လူယဉ်ကျေးစကားနဲ့ ဖျောင်းဖျနားချလို့ ရမယ်ထင်ရင်တော့ ဦးနှောက်ချို့ယွင်းနေတာပဲ ဖြစ်ရမယ်။ ကောင်းဘွိုင် ဆိုတာက လူယဉ်ကျေးမဟုတ်ဘူး။ သူလိုချင်တာကို သေနတ်ပြပြီး မရ ရအောင်ယူတဲ့ လူကြမ်းလူရိုင်းတွေ။ သူတို့က ဘာသာစကားတစ်မျိုးပဲ နားလည်တယ်။ ဘုရှ်တို့၊ အိုဘားမားတို့ဆိုတာက ဖာတ်ခုံပေါ်တက်က ရတဲ့ ဖာတ်ကောင်တွေသက်သက်ပဲ။ ဖာတ်ညွှန်းအတိုင်း သူတို့ ကနေကြ ရတာ ဖြစ်တယ်။ ဖာတ်ညွှန်းဆရာနဲ့ ဒါရိုက်တာတွေက ရေနံသူဌေးကြီး တွေနဲ့ လက်နက်ကုန်သည်ကြီးတွေ ဖြစ်ကြတယ်။ ဒါကြောင့် အိုဘားမား ဘယ်လောက်စိတ်ကောင်းရှိတယ် ပြောပြော၊ အာဖဂန်နစ္စတန်နဲ့ အီရတ် စစ်ပွဲ၊ ပါလက်စတိုင်း–အစ္စရေးဆွေးနွေးပွဲတွေ ရပ်စဲသွားအောင် မလုပ် နိုင်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့၊ ကုလသမဂ္ဂဆုံးဖြတ်ချက်တို့ ဆိုတာ တွေက မရဏကုန်သည်ကြီးတွေစိတ်ကြိုက် ဖန်တီးချက်တွေသာ ဖြစ်ပါ တယ်။ စစ်ပွဲရပ်ရင် စစ်နဲ့လုပ်စားတဲ့ မရဏကုန်သည်ကြီးတွေရဲ့ စက်ရုံ



ကြီးတွေ ပိတ်ကုန်ရမှာပေါ့။ အချိန်ဆွဲလေ သူတို့အကျိုးရှိလေ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းဘွိုင်တွေကို ကောင်းဘွိုင်လို ရင်ဆိုင်ခြင်းကလွဲပြီး တခြားနည်းလမ်းမရှိဘူးလို့ပဲ သတိပေးလိုက်ချင်ပါတယ်။

၁၆၊ ၁၁၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# နှောင်ကြိုးနဲ့မီဒီယာ၊ နှောင်ကြိုးမဲ့မီဒီယာ

'လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့အတွက် လွတ်လပ်တဲ့ မီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက်အထိအရေးပါသလဲ'

ဂျာနယ်တစ်စောင်က မိန်းကလေးတစ်ယောက် လာမေးတာဖြစ်ပါတယ်။

'ရွေးကောက်ပွဲက အရေးပါသလောက်ကို ပါပါတယ်'

## နိုင်ငံရေးကြော်ငြာတွေ

ဟုတ်ပါတယ်။ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့အတွက် မဲဆန္ဒရှင်ပြည်သူလူထုက သူတို့ကြိုက်နှစ်သက်ရာပါတီနဲ့ လူပုဂ္ဂိုလ်များကို လွတ်လပ်စွာ၊ သန့်ရှင်းစွာ၊ ဆန္ဒမဲပေး ရွေးချယ်ခွင့်ရှိဖို့ လိုပါတယ်။ အဲဒီလို ရွေးချယ်နိုင်ဖို့အတွက် မီဒီယာများရဲ့ကူညီပံ့ပိုးမှု မရှိမဖြစ်လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် နိုင်ငံရေးပါတီအသီးသီးက သူတို့ရဲ့ပေါ်လစီမူဝါဒတွေကို ပြည်သူလူထုသိရှိအောင်၊ စာရွက်စာတမ်းတွေ ရိုက်နှိပ်ထုတ်ဝေပြီး အသိပေးကြပါတယ်။ သူတို့ပါတီကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းများအကြောင်းကိုလည်း ဖော်ပြပေးကြပါတယ်။ အဲဒီလို ဖော်ပြကြော်ငြာရာမှာ ကြော်ငြာတို့ ထုံးစံအတိုင်း 'ကောင်းပေ့ညွှန့်ပေ့'ဆိုတာတွေချည်း ထည့်ရေးကြမှာဖြစ်ပါတယ်။ ဘယ်ပါတီမျိုးကမှ ကျွန်တော်တို့ကတော့ စုပေါင်းစပ်ပေါင်းခပ်ညံ့ညံ့ပါတီဖြစ်ပါတယ်ခင်ဗျားလို့ အမှန်အတိုင်းပြောကြရိုး မရှိပါဘူး။ အလားတူပဲ သူတို့ကိုယ်စားလှယ်လောင်းတွေအကြောင်းလည်း မှန်တဲ့အတိုင်း ဘယ်တော့မှမပြောပါဘူး။ တိုင်းချစ်ပြည်ချစ် မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ်ရွှန်းရွှန်းဝေအောင် အမွှန်းတင်တာမျိုးတွေပဲ ပြောကြရေးကြမှာပါ။



## နှောင်ကြိုးနဲ့မီဒီယာ

အဲဒီအခါမှာ ပါတီတွေကိုထောက်ခံအားပေးတဲ့၊ ဒါမှမဟုတ် ပါတီတွေက ထောက်ပံ့ပေးကမ်းထားတဲ့ မီဒီယာတွေကလည်း မလွဲမသွေရှိမြဲဖြစ်လေတော့ အဲဒီမီဒီယာမျိုးတွေက သူတို့တိမ်းညွတ်ရာပါတီများနဲ့ ကိုယ်စားလှယ်များဘက်က ဝါဒဖြန့် ရေးသားပေးကြပါလိမ့်မယ်။ မဲဆန္ဒရှင်များအတွက် စိတ်ထွေပြားစရာတွေ အများကြီးတွေ့ကြမှာ ဖြစ်တယ်။ စေတနာ့ဝန်ထမ်းပြီး... စတုတ္ထမဏ္ဍိုင်ပီသတဲ့ လွတ်လပ်ပြီး နှောင်ကြိုးလုံးဝကင်းစင်တဲ့ မီဒီယာတွေက ကြော်ငြာမှိုင်းအမျိုးမျိုးတွေကြားမှာ စိတ်ထွေပြားနေကြတဲ့ မဲဆန္ဒရှင်များကို ပါတီမျိုးစုံရဲ့ မူဝါဒပေါင်းစုံကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွေ ရေးသားဖော်ပြပေးခြင်းအားဖြင့် ကူညီရပါတယ်။ နောက်ကွယ်ကနေပြီး ဟိုနိုင်ငံဒီနိုင်ငံ၊ ဟိုအဖွဲ့အစည်း ဒီအဖွဲ့အစည်းတွေက ပေးကမ်းထောက်ပံ့ပေးပြီး နှောင်ကြိုးတွေနဲ့ ချည်နှောင်ထားတာမျိုးတွေရှိရင်လည်း ဖော်ထုတ်ဖွင့်ချပေးရပါတယ်။ ကိုယ်စားလှယ်လောင်း သောင်းခြောက်ထောင်ထဲမှာ ဖြူစင်ရိုးသားတဲ့ပုဂ္ဂိုလ်များ ပါရှိနိုင်သလို၊ လူကြီးလူကောင်းယောင်ဆောင်ထားတဲ့ 'တောက်ပြား'တွေလည်း ပါလာနိုင်ပါတယ်။ ရှေး နိုင်ငံရေးခေတ်ကလည်း နယ်မှာ ဓားပြတိုက်၊ လူသတ်၊ သူများမိန်းမကို မတော်တရော်ပြုကျင့်တဲ့ ပျူစောထီးဗိုလ်က အမတ်တက်ဖြစ်ရုံမက ပါလီမန်အတွင်းဝန်တို့ ဘာတို့အထိ တက်ဖြစ်သွားတာမျိုးတွေ ရှိခဲ့ဖူးပါတယ်။

## နှောင်ကြိုးမဲ့မီဒီယာ

တချို့ကျတော့ ခေတ်တစ်ခုပြောင်းတိုင်း အရောင်တစ်ရောင် လိုက်ပြောင်းပြီး အခွင့်အရေးကောင်းမှန်သမျှ ရအောင်ယူတတ်ကြပါတယ်။ မြန်မာပြည်မှာ ရှိရှိသမျှ နိုင်ငံရေးပါတီအကုန်လုံးမှာ မပါဖူးတဲ့ပါတီမရှိဆိုသူတွေတောင် ရှိခဲ့ဖူးတယ်။ အမတ်လောင်း ကိုယ်စားလှယ်လောင်းတွေရဲ့ ဘဝမှန်၊ အဖြစ်မှန်၊ အရောင်မှန်တွေကိုလည်း လွတ်လပ်တဲ့မီဒီယာတွေကမှ အမှန်အတိုင်း ရှာဖွေတင်ပြရေးသားကြမှာ ဖြစ်တယ်။ အစွဲနဲ့ နှောင်ကြိုးမကင်းတဲ့ မီဒီယာတွေကတော့ ဒါမျိုးတွေကို ဘယ်တော့မှ ရေးကြမှာမဟုတ်ဘူး။ သူတို့ကတော့ အပေါ်ယံရွှေမှုန်ကြဲသတင်းမျိုးတွေသာ ရေးကြမှာဖြစ်တယ်။ အဲဒါကြောင့် စတုတ္ထမဏ္ဍိုင်ပီသပြီး အစွဲနဲ့ နှောင်ကြိုးလုံးဝကင်းရှင်းတဲ့ မီဒီယာတွေဟာ မရှိမဖြစ်လိုအပ်တယ်။ ဒီလိုမီဒီယာမျိုး



www.burmeseclassic.com

www.burmeseclassic.com

တွေကမှ လုံးဝလွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အာမခံချက် ပေးနိုင်တာဖြစ်တယ်။ မီဒီယာတွေကလည်း ရိုးသားသန့်ရှင်းပြီး အမှန်တရားမျက်နှာ တစ်ခုတည်းကိုသာကြည့်တဲ့ လူငယ်သတင်းသမားတွေ များများစားစားပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးထားဖို့ လိုပါတယ်။ မီဒီယာတွေရဲ့ လောလောဆယ်အနေအထားကို ကြည့်ရတာကတော့ လွတ်လပ်တဲ့ ပုဂ္ဂလိကသတင်းစာတွေ ထုတ်ဝေခွင့်ပြုမယ့် နောင်တစ်ခေတ်အတွက် အဆင်သင့်ဖြစ်မှု အားနည်းနေသေးတယ်လို့ ထင်မြင်မိတယ်။

**နတ်ဆေးတော်ကြီးတဲ့**

ဘာ့ကြောင့် ဒီလိုပြောရတာလဲဆိုတော့ အခုလက်ရှိ စာနယ်ဇင်းတွေမှာ ရေးသားဖော်ပြနေကြတာတွေ ကြည့်လိုက်တော့ ရေးသူအားလုံးက ရွေးကောက်ပွဲဆိုတာ မဟာသြသဓ နတ်ဆေးတော်ကြီးဖြစ်လို့ ရောဂါအားလုံးကို ကုသပေးနိုင်လိမ့်မယ်။ အားလုံးမျှော်လင့်တောင့်တနေကြတဲ့ ရွှေပြည်တော်ကြီးရောက်ဖို့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်ဆိုတာမျိုးတွေပဲ ရေးသားနေကြတာတွေ့ရတယ်။ ဒီရေးသားမှုမျိုးက လူတွေကို မျှော်လင့်ချက်မှား(false hope)တွေ ပေးနေတာဖြစ်တယ်။ ရွေးကောက်ပွဲပြီးသွားလို့ မျှော်လင့်ထားတဲ့အတိုင်း ချက်ချင်းဖြစ်မလာရင် လူတွေက ရွေးကောက်ပွဲကိုသာမက ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ခုလုံးကိုပါ စိတ်ပျက်လက်ပျက် ဖြစ်သွားစေနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ ရွေးကောက်ပွဲဆိုတာ မဟာသြသဓနတ်ဆေးတော်ကြီး မဟုတ်ပါဘူး။ အရာရာကို ကုစားမပေးနိုင်ပါဘူး။ ဒီမိုကရေစီလုပ်ငန်းစဉ်တွေထဲက နည်းလမ်းတစ်ခုသာ ဖြစ်တယ်ဆိုတဲ့အကြောင်း မဲဆန္ဒရှင်ပြည်သူလူထုတွေသိအောင် အသိပေးတင်ပြထားဖို့ လိုပါတယ်။

**ထိလွယ်ရှလွယ်ကိစ္စတွေ**

အခုချိန်မှာ ရွေးကောက်ပွဲထက် ရွေးကောက်ပွဲလွန် နိုင်ငံရေး(Post-election Politics)အကြောင်းက ပိုစိတ်ဝင်စားဖို့ကောင်းပြီး ပိုပြီးသိမ်မွေ့တယ်လို့ ယူဆပါတယ်။ ရွေးကောက်ပွဲပြီးအစိုးရဟာ ဘယ်ပုံသဏ္ဍာန်မျိုးဖြစ်လာမလဲ။ လွှတ်တော်ဟာ ဘယ်လောက်အရေးပါတဲ့နေရာမှာရှိနေပြီး



ဘယ်လောက်ထိ လုပ်ပိုင်ခွင့်တွေရှိမလဲ။ တိုင်းရင်းသားလူမျိုးစု ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ရှိကြမယ့် အဆင့်ဆင့်သော လွှတ်တော်တွေရဲ့အခန်းကဏ္ဍ ဘယ်လိုရှိမလဲဆိုတာတွေက အင်မတန်သိမ်မွေ့ပြီး အင်မတန်လည်း 'ထိလွယ်ရှလွယ်'ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ကြိုတင်စဉ်းစားပြီး ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင် ဖြေရှင်းဖို့ နည်းလမ်းတွေလည်း ကြံဆထားဖို့လိုပါလိမ့်မယ်။

**ကြုံခဲ့ဖူးပါတယ်**

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲတွေ မရှိခဲ့ဖူးတာမဟုတ်ပါဘူး။ ဖဆပလခေတ်မှာ ရွေးကောက်ပွဲ သုံးကြိမ်လုပ်ခဲ့ဖူးပါတယ်။ နိုင်ငံရေးပြဿနာတွေ၊ လူမျိုးစုပြဿနာတွေ မဖြေရှင်းနိုင်ခဲ့တဲ့အတွက် လွတ်လပ်ရေးလွန် ၁၄ နှစ်ကာလမှာ စစ်တပ်အာဏာသိမ်းမှု နှစ်ကြိမ်ကြုံခဲ့ရပါတယ်။ နောက်ထပ်တစ်ခါ ၁၉၇၄ ခုနှစ်မှာလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမရှိဘဲ အုပ်ချုပ်နေတာထက် အခြေခံဥပဒေနဲ့အုပ်ချုပ်တာက ပိုကောင်းတာပေါ့ဆိုပြီး အတည်ပြုခဲ့ကြပါတယ်။ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲတွေလည်း လေးနှစ်တစ်ကြိမ် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ်မှာ စစ်တပ်က တတိယအကြိမ်ဝင်ရောက်ပြီး အာဏာထိန်းချုပ်ခဲ့ရပြန်ပါတယ်။ ဘယ်သူတွေမှားတယ်၊ ဘယ်သူတွေမှန်တယ်လို့ ပြောနေတာမဟုတ်ပါဘူး။

**အစွဲကင်းဖို့လို**

ရွေးကောက်ပွဲဆိုတာ ၉၆ ပါးရောဂါဝေဒနာမျိုးစုံကို 'ဥုံဖွ ပျောက်စေ' ဆိုပြီး ကုစားပေးနိုင်တဲ့ မဟာသြသဓနတ်ဆေးတော်ကြီး မဟုတ်ဘူးဆိုတာကို သိစေချင်တာပါ။ နတ်ဆေးတော်ကြီးသဖွယ် မျှော်လင့်ချက်မှားတွေ ပေးနေကြတာကို ဆင်ခြင်ကြစေချင်လို့ပါ။ နတ်ဆေးတော်ကြီးလို့ မှတ်ထင်နေကြပြီး နောက်ဆုံးကျမှ နတ်ဆေးတော်ကြီးမဟုတ်မှန်း သိကြရင် အရာအားလုံးကို စိတ်ပျက်လက်ပျက်ဖြစ်ပြီး ဘာကိုမှမယုံတော့ဘူး၊ ဘာကိုမှ မလုပ်ချင်တော့ဘူးဆိုတဲ့ အဆိုးမြင်စိတ်တွေ လွှမ်းမိုးသွားနိုင်ပါတယ်။ စတုတ္ထမဏ္ဍိုင်ပီသတဲ့ လွတ်လပ်တဲ့မီဒီယာသမားတွေက ပြည်သူလူထုကို မျှော်လင့်ချက်မှားတွေ မပေးရပါဘူး။ အခြေအနေမှန်၊ အဖြစ်မှန်ကို အစွဲ



www.burmeseclassic.com

www.burmeseclassic.com

ကင်းကင်းနဲ့ အမှန်အတိုင်း တင်ပြပေးရပါမယ်။ ဒါမှ မဲဆန္ဒရှင် ပြည်သူလူထုက မှန်မှန်ကန်ကန်သုံးသပ်ဝေဖန်ပြီး မှန်ကန်တဲ့ရွေးချယ်မှုကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်ပီသတဲ့ မီဒီယာသမားစစ်စစ်က ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖွတ်အတင်းရိုက်သွင်း ဝါဒဖြန့်တာ မလုပ်ရပါဘူး။ ဝါဒဖြန့်တယ်ဆိုတာက နိုင်ငံရေးပါတီတွေရဲ့အလုပ်သာ ဖြစ်ကြောင်းပါ။

၂၅၊ ၁၁၊ ၂၀၀၉



# မမွေနဲ့အစမွေကြားမှာ 'ဝင်း-ဝင်း' အဖြေရှိနိုင်သလား

၂၀၀၉ ခုနှစ်အတွင်းပြုလုပ်ခဲ့တဲ့ နိုင်ငံတကာအစည်းအဝေးမှန်သမျှမှာ အလေးထားဆုံး ဆွေးနွေးပွဲခေါင်းစဉ်တစ်ခုကတော့ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးဖို့ ကာဗွန်ဓာတ်ထုတ်လွှတ်မှု လျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို နိုင်ငံတိုင်းက အားသွန်ခွန်စိုက်ဆောင်ရွက်ကြရေး ဖြစ်တယ်။

## ထိပ်တန်းဦးစားပေးပြဿနာ

နှစ်စဉ်နှစ်တိုင်း အရေးကြီးဆုံးပြဿနာများအဖြစ် သဘောထားဆွေးနွေးခဲ့ကြတဲ့ အစွန်းရေး-ပါလက်စတိုင်းပြဿနာ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးပြဿနာ၊ ဆင်းရဲမွဲတေမှုနဲ့ အငတ်ဘေးပပျောက်ရေးပြဿနာ၊ နျူကလီးယားလက်နက် ထိန်းချုပ်ရေးပြဿနာ စတဲ့ခေါင်းစဉ်ဟောင်းများကို ကျော်လွန်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးက ထိပ်ဆုံးဦးစားပေးကိစ္စဖြစ်လာတာ ကောင်းပါတယ်။ ဝမ်းသာစရာပါ။ ကမ္ဘာကြီးတစ်ခုလုံးရဲ့ အခြေအနေ တစ်နေ့တခြား ဆိုးသထက်ဆိုးလာနေတယ်ဆိုတာ ကလေး လူကြီး မကျန် အားလုံးသိနေကြပါပြီ။ အခု ဆောင်းရာသီရောက်နေတာတောင် ဆောင်းမှန်းမသိရတော့ပါဘူး။ နှင်းမှုန်မှုန်ထဲမှာ အနွေးထည်ရောင်စုံတွေဝတ်ပြီး မနက်အစောကြီး လမ်းလျှောက်တဲ့သူတွေအစား၊ ဘောင်းဘီတိုစပို့ရှပ်နဲ့ ချွေးသံရွှဲရွှဲ လမ်းလျှောက်နေသူတွေပဲ မြင်တွေ့နေရတော့တယ်။ ညဦးပိုင်းတွေမှာ မိသားစုတစ်စုလုံး မီးလင်းဖိုဘေး စုဝေးဝိုင်းထိုင်ရင်း ခေါပုတ်ကင်စား၊ ထန်းပင်မြစ်ဖုတ်စား၊ ပဲပြုတ်ပြုတ်စားတဲ့ အညာဆောင်းမြင်ကွင်းတွေ ပျောက်ကွယ်သွားတာလည်း ကြာလှပါပြီ။ ဆောင်းမှာ သိပ်မအေးသလို၊ နွေမှာလည်း သိပ်မပူတဲ့ ရာသီဥတုမျှတပြီး နေလို့ကောင်းတဲ့ ရန်ကုန်မြို့ကြီးလည်း အခုဆို မန္တလေးနဲ့ အားလုံးအတူတူဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

'ရတနာဖုန်ထူ၊ နေပူခြင်ကိုက်၊ အလွန်အိုက် ဗွက်ပေါ' ဆိုတဲ့ စာချိုးနဲ့ ဘာမှမကွာခြားတော့ပါဘူး။

**ပရုတ်နံ့သင်းတဲ့လေနုအေး**

အောက်အရပ်ဒေသတွေသာ ဒီလိုဖြစ်တာမဟုတ်ဘူး။ တောင်ကြီး ကလော၊ ပြင်ဦးလွင်စတဲ့ တောင်ပေါ်ဒေသတွေမှာလည်း အတူတူပါပဲ။ သိသိသာသာ အပူရှိန်တွေမြင့်တက်လာခဲ့တယ်။ ရှေးက မေမြို့(ပြင်ဦးလွင်) တက်တဲ့အခါ နှစ်ဆယ့်တစ်မိုင်စခန်းလွန်တာနဲ့ ပရုတ်နံ့သင်းနေတဲ့ လေနုအေးကလေး ရှူရှိုက်လိုက်ရတာကြောင့် လူတိုင်း လန်းဆန်းရွှင်မြူးသွားကြမြဲဖြစ်တယ်။ အခုတော့ ပြင်ဦးလွင်မြို့ဝင်တဲ့အထိ ပရုတ်နံ့၊ ထင်းရှူးနံ့ မရှူရှိုက်ရတော့ဘူး။ ပါးစပ်က အငွေ့တထောင်းထောင်းထွက်အောင် အေးတဲ့ အရသာလည်း မခံစားရတော့ဘူး။ ပြင်ဦးလွင်ရဲ့ နွေနေ့ခင်းများဟာ မန္တလေးနဲ့ အကွာကြီးမဟုတ်တော့ဘူး။ ကောလိပ်ကျောင်းသားဘဝက ပြင်ဦးလွင်ကိုပဲ လွမ်းနေရတော့တယ်။

**မလုံလောက်သေးဘူးထင်တယ်**

အခုတလော ဝင်ရိုးစွန်းဒေသက ရေခဲတောင်ကြီးတွေ အရည်ပျော်ကျမှုနှုန်း ကြောက်စရာကောင်းလောက်အောင် မြန်ဆန်လာတာကြောင့် ကမ္ဘာကြီးတစ်ခုလုံးအပေါ် ကျရောက်လာမယ့် အန္တရာယ်မျိုးစုံကို လျစ်လျူရှု မနေနိုင်ကြတော့ဘူး။ အလေးထားပြောကြားလာကြရတော့တယ်။ နိုင်ငံတကာအစည်းအဝေးတိုင်းမှာလည်း ထည့်သွင်းဆွေးနွေးလာကြတယ်။ တက်ရောက်ပြောကြားတဲ့ ခေါင်းဆောင်တိုင်းကလည်း ဘန်ကီမွန်းကအစ၊ အိုဘားမားအလယ်၊ အဘီဆစ်အဆုံး ကာဗွန်ဓာတ်ထုတ်လွှတ်မှု လျှော့ချရေးကိစ္စ တစ်ကမ္ဘာလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းကို ထပ်တလဲလဲပြောကြားခဲ့ကြတယ်။ ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ ဒါပေမဲ့ ဒါလောက်နဲ့တော့ မလုံလောက်သေးဘူးထင်ပါတယ်။

**စီးပွားရေးသမားအလိုကျ**

ကာဗွန်ဓာတ်ထုတ်လွှတ်မှု လျှော့ချရေးအတွက်ဆိုပြီး လျှပ်စစ်မီးတွေ ပိတ်ထားရုံ၊ လေအေးပေးစက်တွေ မဖွင့်ရုံနဲ့တော့ ကမ္ဘာကြီးရဲ့အပူတွေ



လျှော့ကျသွားဖွယ် မရှိပါဘူး။ ပြဿနာတစ်ရပ်ကို ဖြေရှင်းဖို့ဆိုရင် အဲဒီ ပြဿနာဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို တွေ့အောင်ရှာပြီး ဖယ်ရှားရှင်းလင်းပစ်ရပါတယ်။ အခုဆိုရင် ကာဗွန်ဓာတ်တွေကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးဆက်တွေကိုလည်း လက်တွေ့ တော်တော်ကြီးခံစားနေကြရပြီ။ ဘာ့ကြောင့်ဖြစ်ရတယ်ဆိုတဲ့ အကြောင်းရင်းကိုလည်း သိနေကြပါပြီ။ ဒါပေမဲ့ အခုထိ လျှပ်စစ်မီးတွေ ပိတ်ထားဖို့ လေအေးပေးစက်တွေ မဖွင့်ဖို့ ဆိုတဲ့ 'ထမင်းရေပူလာ လျှာလွှဲ'တဲ့ လှုံ့ဆော်မှုတွေ လုပ်တာလောက်ပဲ ရှိပါသေးတယ်။ ဖန်လုံအိမ်အာနိသင်လျှော့ချရေးဆိုင်ရာ ကျိုတိုသဘောတူညီချက်ကြီးကနေ တစ်ဖက်သတ်ဖျက်သိမ်းပြီး အမေရိကန်နိုင်ငံ နုတ်ထွက်သွားတော့ အဲဒီအချိန်က သမ္မတဂျော့ဘုရှ်ပြောခဲ့တဲ့စကားက 'ကျိုတိုစာချုပ်ဟာ အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားကို ထိခိုက်စေတာကြောင့် လက်မခံနိုင်ဘူး'ဆိုတဲ့ စကားဖြစ်ပါတယ်။ ကောင်းပြီကောင်းရဲ့နဲ့ အစက လက်ခံသဘောတူခဲ့ပြီးမှ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေရဲ့ အလိုကျ မျက်နှာပြောင်တိုက်ပြီး ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။

**အလုံးစုံညီညွတ်ရေးဆိုတာမရှိ**

ကာဗွန်ဓာတ်တွေ အလုံးအရင်းနဲ့ လွှင့်ထုတ်ပေးနေတဲ့ သူဌေးတွေပိုင် စက်ရုံကြီးတွေကိုတော့ ထိန်းသိမ်းကွပ်ညှပ်ဖို့မလုပ်ဘဲ အိမ်ထဲမှာ လျှပ်စစ်မီးထွန်းတဲ့သူတွေနဲ့ လေအေးပေးစက်ဖွင့်တဲ့သူတွေကိုသာ လက်ညှိုးထိုးပြနေတဲ့ လုပ်ရပ်ကတော့ တော်တော်ရယ်စရာကောင်းနေပါတယ်။ ကမ္ဘာတစ်ခုလုံးက ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ပြီး မီးမထွန်းဘဲ မှောင်ထဲမှာ ငုတ်တုတ်ထိုင်နေကြလို့ ဝင်ရိုးစွန်းကရေခဲတောင်ကြီးတွေ အရည်ပျော်ကျမှု ရပ်စဲသွားမယ်ဆိုတာသေချာရင် ကျွန်တော်တို့ မှောင်ထဲမှာနေဖို့ အသင့်ပါ။ အဲဒီလိုမဟုတ်ဘဲနဲ့ သူဌေးကြီးတွေရဲ့ စက်ရုံကြီးတွေ အရှိန်အဟုန်မပျက် လည်ပတ်နေဖို့အတွက်တော့ ကျွန်တော်တို့ မီးတွေ မှိတ်မပေးနိုင်ပါဘူး။ အဲဒီလိုမျိုးလုပ်ဖို့လည်း ကျွန်တော်တို့ကို ညီညွတ်ပါ၊ ညီညွတ်ပါလို့ တဖွဖွလှုံ့ဆော်မနေပါနဲ့။ ညီညွတ်မှုဆိုတာ တူညီတဲ့ အကျိုးစီးပွားတစ်ခုအပေါ်မှာသာ တည်ဆောက်လို့ ရနိုင်တာမျိုးပါ။ အကြွင်းမဲ့လုံးဝဥဿုံ ကမ္ဘာ့သူကမ္ဘာ့သားအားလုံး ညီညွတ်ရေးဆိုတာ ဘယ်တော့မှ မရှိနိုင်ပါဘူး။ ဘယ်တုန်းကမှလည်း မရှိခဲ့ပါဘူး။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာစစ်ကြီးကိုပဲကြည့်ပါ။ ဂျာမနီ၊ အီတလီနဲ့ ဂျပန်ဆိုတဲ့ ဝင်ရိုးတန်း သုံးနိုင်ငံက ဖက်ဆစ်ဝါဒဆိုတဲ့ တူညီတဲ့ ဘုံရပ်တည်မှုအပေါ်မှာရပ်တည်ပြီး အတူတကွ ပူးပေါင်းညီညွတ်ခဲ့ကြတာဖြစ်သလို အနောက်အရင်းရှင်နိုင်ငံတွေနဲ့ ဆိုဗီယက်ယူနီယံတို့ကလည်း ဖက်ဆစ်ဝါဒဆန့်ကျင်ရေးဆိုတဲ့ ဘုံရပ်တည်ချက်အပေါ်မှာ ပူးပေါင်းပြီး မဟာမိတ်ဖွဲ့ခဲ့ကြတာ ဖြစ်တယ်။

### တူညီချက်အပေါ်ညီညွတ်တာ

မြန်မာနိုင်ငံမှာလည်း အလားတူပါပဲ။ တိုင်းပြည်လွတ်လပ်ရေးဆိုတဲ့ တူညီချက်တစ်ခုအပေါ်မှာ လူကြီးတွေနဲ့ လူငယ်တွေ၊ ဆိုရှယ်လစ်တွေနဲ့ ကွန်မြူနစ်တွေ ပူးပေါင်းညီညွတ်ခဲ့ကြတာဖြစ်တယ်။ ဒါတောင် အောင်ဆန်း အက်တလီစာချုပ်ကို ဂဠုန်ဦးစောတို့၊ သခင်ဗစိန်တို့က လက်မှတ်မထိုးဘဲနဲ့ ပြန်လာခဲ့ကြသေးတာပါ။ မြန်မာတစ်မျိုးသားလုံးရဲ့ ညီညွတ်ရေးစာချုပ်ကြီးဖြစ်တဲ့ ပင်လုံစာချုပ်ကြီးကို လက်မှတ်မထိုးခဲ့သူတွေလည်း ရှိခဲ့တာပါပဲ။ ဗြိတိသျှသခင်ကြီးတွေ ဘီလပ်ပြန်ရတော့ သခင်ကြီးတွေနဲ့ အတူ ဘီလပ်လိုက်သွားသူ၊ ဩစတြေးလျကိုထွက်ခွာသူ မြန်မာပြည်ပေါက်တွေလည်း ရှိခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ဂျပန်တွေကို ပြန်ပြီးတော်လှန်ကြတော့မယ်ဆိုတော့ ကိုယ့်ကို စစ်ပညာသင်ပေးတဲ့ ကျေးဇူးရှင်တွေကို ပြန်မတိုက်နိုင်ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ရဲဘော်သုံးကျိပ်ဝင်တောင် ရှိခဲ့တယ်လို့ ဖတ်ဖူးမှတ်ဖူးပါသေးတယ်။ အင်မတန် စည်းလုံးညီညွတ်ပါတယ်ဆိုတဲ့ ကျောင်းသားတွေထဲမှာလည်း ဒုတိယ ကျောင်းသားသပိတ်ကြီးမှာ သပိတ်လှန်ချင်တဲ့သူနဲ့ သပိတ်မှောက်ချင်သူ ဆိုပြီး သဘောထား အကြီးအကျယ်ကွဲခဲ့သေးတာပါပဲ။

### မျှော်လင့်ချက်မှားမပေးနဲ့

အကြွင်းမဲ့ လုံးဝဥဿုံရာနှုန်းပြည့် ညီညွတ်မှုဆိုတာ မရှိနိုင်ပါဘူး။ မရှိနိုင်တာ မဖြစ်နိုင်တာကို မျှော်လင့်ချက်မှား(false hope)တွေပေးပြီး လှုံ့ဆော်နေတာဟာ အချိန်တွေကို အချည်းအနှီးဖြုန်းပစ်နေတာနဲ့ တူပါတယ်။ လောကသားများရဲ့ လူ့ဘုံခန်းဝါမှာ လူသားအားလုံး သူတော်စင်တွေချည်း မဟုတ်ပါဘူး။ လူတိုင်းကို မိတ်ဆွေသဘောထားလို့ မရနိုင်ပါဘူး။ လောကလူသားများရဲ့အလယ်မှာ ဓမ္မနဲ့ အဓမ္မ၊ အဖြူနဲ့ အမည်း၊



အမှားနဲ့ အမှန်၊ လူဆိုးနဲ့ လူကောင်းဆိုတာ ရှိမြဲဖြစ်တယ်။ ဓမ္မနဲ့ အဖြူ၊ အမှန်နဲ့ လူကောင်းတို့ကို မိတ်ဆွေအဖြစ် ဖက်တွယ်ထားရမှာဖြစ်ပြီး အဓမ္မနဲ့ အမည်း၊ အမှားနဲ့ လူဆိုးကို ရန်သူအဖြစ် ဖယ်ရှားပစ်ရမှာ ဖြစ်တယ်။ ဟစ်တလာလိုလူ၊ ဆက်ဒမ်ဟူစိန်လိုလူ၊ အိုစမာဘင်လာဒင်လို လူတွေကို ပြတ်ပြတ်သားသား လူသတ်သမားတွေအဖြစ် ရှုတ်ချရမှာ ဖြစ်တယ်။ အမေရိကန်ပြည်သူတွေကိုလိမ်၊ လွှတ်တော်ကိုညာ၊ ကမ္ဘာတစ်ခုလုံးကိုလှည့်စားခဲ့တဲ့ နစ်ဆင်လို၊ ရေဂန်လို၊ ဂျော့ဘုရှ်လို၊ ကလင်တန်လိုလူမျိုးတွေကိုလည်း လူလိမ်လူညာတွေ၊ လူဆိုးတွေလို့ ပွင့်ပွင့်လင်းလင်း ပြောရမှာပဲဖြစ်တယ်။ ဒီလိုလူတွေကို လူကြီးလူကောင်းတွေလို၊ မိတ်ဆွေတွေလို သဘောမထားနိုင်ပါဘူး။

### မသူတော်မှန်းသိဖို့လို

လောကသားများရဲ့ လူ့ဘုံခန်းဝါမှာ သူတော်စင်တွေရှိသလို မသူတော်တွေလည်း ရှိပါတယ်။ သူတော်စင်ကို သူတော်စင်မှန်းသိဖို့၊ မသူတော်ကို မသူတော်မှန်းသိဖို့ အရေးကြီးပါတယ်။ ဒေဝဒတ်ကို ဆရာတင်မှားလို့ အဇာတသတ် ကံကြီးထိုက်ပြီး အဝီစိငရဲကျရတာကို လူငယ်တွေသိဖို့ လိုပါတယ်။ ဒေဝဒတ်ကို ဒေဝဒတ်မှန်းသိအောင် ပြောမပြဘူးဆိုရင် ဒေဝဒတ်လို ထင်ရာစိုင်းဖို့ အားပေးသလိုဖြစ်ပါလိမ့်မယ်။ အရိယာပုဂ္ဂိုလ် မဖြစ်သမျှကာလပတ်လုံး လူသားတိုင်းရဲ့စိတ်အစဉ်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေမှာပဲဖြစ်တယ်။ အဲဒီတော့ ဓမ္မရှိသလို အဓမ္မလည်း ရှိမှာပဲ။ သူတော်စင်သူတော်ကောင်းရှိသလို မသူတော်တွေလည်း ရှိမှာပဲ။ လူကောင်းရှိသလို လူဆိုးလည်းရှိမှာပဲ။ အဲဒီတော့ လူတိုင်းဟာ မိတ်ဆွေ မဖြစ်နိုင်ဘူး။ ဝေးဝေးကရှောင်ရှားရမယ့် လူဆိုးလူမိုက်လည်း ရှိမှာပဲ။ အပြီးတိုင် ဖယ်ရှားရှင်းလင်းပစ်ရမယ့် ဟစ်တလာလိုရန်သူမျိုးလည်း ရှိမှာပဲ။ ဟစ်တလာကို(ရန်–ငါ)ဆိုတဲ့အစွဲကြီးနဲ့ မကြည့်ပါနဲ့ပြောတာမျိုးကိုတော့ ဘယ်တော့မှ လက်သင့်မခံပါဘူး။ ဗုဒ္ဓဝါဒနဲ့ ဒေဝဒတ်ရဲ့ဝါဒကြားမှာ ခေတ်မီကြီးသား လူတွင်ကျယ်အီလစ်တွေ ခံတွင်းတွေ့နေကြတဲ့ Win-Win အဖြေဆိုတာ ရှိနိုင်ပါသလားလို့ပဲ မေးလိုက်ချင်ပါတော့တယ်။

၂၊ ၁၂၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# ချိန်ထိုးကြည့်စရာ ကျင့်ဝတ်နမူနာ

မကြာမီရက်ပိုင်းလေးအတွင်းမှာ ဂျာနယ်သတင်းသမားလေးတွေနဲ့ ပတ်သက်ပြီး မကြားချင်ထဲ့ သတင်းစကားနှစ်ခု ကြားသိခဲ့ရလို့ စိတ်မကောင်း ဖြစ်လိုက်ရတယ်။ အတွေ့အကြုံနုနယ်သေးတဲ့ လူငယ်လေးတွေပဲဆိုပြီး လျစ်လျူရှုနေလိုက်ချင်ပေမယ့် ကျင့်ဝတ်နဲ့ သိက္ခာဆိုင်ရာ ကိစ္စဖြစ်လို့ မပြောချင်ပေမယ့် ပြောရဦးတော့မယ်။

**ထပ်ရေးဖို့လိုနေသေးတာကြောင့်**

နှစ်ပေါင်းနှစ်ဆယ်အစိတ်လောက်အတွင်း ရေးခဲ့သမျှစာတွေရဲ့ သုံးပုံတစ်ပုံလောက်ဟာ စာနယ်ဇင်းကျင့်ဝတ်နဲ့ ပတ်သက်တာတွေဖြစ်လို့ အပ်ကြောင်းထပ်သလိုတောင် ဖြစ်နေပါပြီ။ ဒါပေမဲ့ ဘယ်လောက်ပဲရေးရေး ထပ်ရေးဖို့လိုနေသေးတာပဲ စိတ်မကောင်းစွာ တွေ့နေရတာကြောင့် ရေးလိုက်ရပြန်ပါတယ်။ ရိုးရိုးစာဖတ်ပရိသတ်များ သည်းခံဖတ်ပါလို့ တောင်းပန်ပါတယ်။ ဒီနေ့ စာနယ်ဇင်းလောကမှာ ဝင်ရောက်လုပ်ကိုင်လာကြသူ အများစုဟာ လူငယ်လုံမယ်လေးတွေ ဖြစ်ကြတယ်။ ဒါပေမဲ့ ကလေးတွေတော့ မဟုတ်ကြဘူး။ လုပ်ငန်းခွင်နယ်ပယ်ထဲ ရောက်နေကြပြီ ဖြစ်တယ်။ လုပ်ငန်းခွင်ဆိုတာတောင် သာမန်အသက်မွေးဝမ်းကျောင်း အလုပ်မျိုး ရိုးရိုးမဟုတ်ဘူး။ တိုင်းပြည်တစ်ပြည်ရဲ့ အရေးပါဆုံးမဏ္ဍိုင်ကြီး လေးခုထဲက စတုတ္ထမဏ္ဍိုင်လို့ သတ်မှတ်ခံထားရတဲ့ သတင်းမီဒီယာ လုပ်ငန်းကြီး ဖြစ်တယ်။ အသက်ဘယ်လောက်ငယ်ငယ် သတင်းမီဒီယာ သမားရယ်လို့ လုပ်ကတည်းက စတုတ္ထမဏ္ဍိုင်ကို ကိုယ်စားပြုသူတစ်ယောက် အနေနဲ့ သဘောထားပြီး ပြုမူနေထိုင်လုပ်ကိုင်ရမှာပဲ ဖြစ်တယ်။ အများပြည်သူအမြင်မှာ မလောက်လေးမလောက်စား လူငယ်လေးများအဖြစ်



မမြင်စေဘဲ သတင်းမီဒီယာသမားအဖြစ်ပဲ ဖြစ်စေရမှာဖြစ်တယ်။ ဒီလို မြင်ဖို့ ကိုယ်က လုပ်ရပ်နဲ့သက်သေပြဖို့ လိုပါတယ်။

**ရှိသေထိုက်တာလုပ်ရင်ရှိသေတယ်**

ရှိသေလေးစားမှုတို့၊ ယုံကြည်မှုတို့ဆိုတာက ပိုက်ဆံပေးပြီးဝယ်လို့ ရတာမျိုး မဟုတ်သလို၊ အတင်းအကြပ်ဖန်တီးယူလို့လည်း ရတာမဟုတ်ဘူး။ ကျင့်ဝတ် ဘယ်လောက်စောင့်ထိန်းသလဲ၊ သိက္ခာ ဘယ်လောက်ရှိသလဲဆိုတဲ့ စံနှုန်းနဲ့ကြည့်ပြီး လူအများက သတ်မှတ်ကြတာဖြစ်တယ်။ ကိုယ့်ဟာကိုယ်သတ်မှတ်လို့ရတာမျိုး မဟုတ်ဘူး။ ရှိသေထိုက်တာလုပ်ရင် ရှိသေမှာပဲ။ ရှိသေထိုက်တာမလုပ်ရင် မရှိသေပါဘူး။ တစ်လောကပြုလုပ်သွားတဲ့ ဖျော်ဖြေရေးတစ်ခုမှာ ဂျာနယ်သမားလူငယ်တချို့က လူတွေ ကြိတ်ကြိတ်တိုးဖြစ်နေတဲ့ ပွဲခင်းထဲကို ဝင်ခွင့်မရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပွဲစီစဉ်သူများနဲ့ မပြေမလည်ဖြစ်ခဲ့ကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီဂျာနယ်သမားလေးတွေက မကျေမနပ်ဖြစ်ပြီး ပြောကြဆိုကြ၊ ရေးကြသားကြ တိုင်တန်းကြလုပ်ကြတယ်။ ဖျော်ဖြေရေးလောကသားများနဲ့ ဖျော်ဖြေရေးသတင်းသမားများကြား ဒီလိုပြဿနာမျိုးတွေ မကြာခဏ ဖြစ်နေကြ၊ ကြားနေကြတာမို့ မဆန်းလှပါဘူး။ ဖျော်ဖြေရေးသတင်း ဖတ်လေ့ရှိတဲ့ ပရိသတ်လောက်ကလွဲပြီး ဘယ်သူမှလည်း သိပ်စိတ်ဝင်စားကြတာ မဟုတ်လို့ ရေးကြီးခွင်ကျယ်လုပ်ပြောစရာ မဟုတ်ပါဘူး။ အဲဒီကိစ္စအကြောင်း မပြောပါဘူး။

**အခွင့်ထူးခံလိုင်စင်မဟုတ်ဘူး**

စာနယ်ဇင်းနဲ့ဆိုင်တာပဲ ပြောပါမယ်။ လူတစ်ယောက်ကို အထင်ကြီးတယ်၊ အထင်သေးတယ်ဆိုတာ အဓိကအားဖြင့် အဲဒီလူရဲ့လုပ်ရပ်ကို ကြည့်ပြီး ဆုံးဖြတ်တာဖြစ်တယ်။ ကိုယ်က ဘာတံဆိပ်ပဲ တပ်ထားထား လုပ်ရပ်က အထင်အမြင်သေးစရာဖြစ်နေရင် လူတွေက အထင်သေးမှာပဲ။ တချို့က တံဆိပ်တစ်ခုတပ်ထားရတာကို အခွင့်ထူးခံစားခွင့်လိုင်စင် ရသလို အောက်မေ့ပြီး နေရာတကာ လူတွင်ကျယ်လုပ်ချင်တတ်ကြတယ်။ တံဆိပ်ဆိုတာ တပ်ထားသူရဲ့အလုပ်အကိုင် သက်သေခံအမှတ်အသား တစ်ခုထက် ဘာမှမပိုဘူး။ ဒါကြောင့် တံဆိပ်ပြပြီး ဘာအခွင့်အရေးမှ



www.burmeseclassic.com

www.burmeseclassic.com

ပိုပြီးရခွင့်မရှိပါဘူး။ စာနယ်ဇင်းသမားတံဆိပ်၊ ဒါမှမဟုတ် ကဒ်ပြားဆိုပါစို့။ ဒီတံဆိပ်/ကဒ်ပြားတပ်ထားရုံနဲ့ လူတကာမရတဲ့ အခွင့်ထူးရမယ်လို့ တောင်းဆိုပိုင်ခွင့်မရှိပါဘူး။ လူတကာသွားလာဝင်ထွက်ခွင့်ရှိတဲ့ နေရာမျိုးမှာ ဒီတံဆိပ်တပ်ထားလို့ဆိုပြီး ဘယ်သူကမှ တားဆီးပိတ်ပင်ခွင့်လည်း မရှိပါဘူး။ လွန်ခဲ့တဲ့လေးငါးနှစ်က 'သတင်းသမား ဖိတ်စာ လိုမလို'ဆိုတဲ့ ကိစ္စ အငြင်းပွားခဲ့ကြတာ မှတ်မိကြဦးမှာပါ။ သတင်းသမား သတင်းလိုက်တာ သတင်းယူတာကို တရားဥပဒေနဲ့ ကန့်သတ်တားဆီးလုပ်ထားတာ မဟုတ်ရင် ဘယ်သူမှ တားဆီးပိတ်ပင်ခွင့်မရှိပါဘူး။ ဘယ်သူ့ဆီကမှ ခွင့်ပြုချက်တောင်းနေဖို့လည်း မလိုပါဘူး။ ဖိတ်စာလည်း မလိုပါဘူး။ ဒါပေမဲ့ လူတစ်ဦးတစ်ယောက်ရဲ့ အိမ်ဝင်းထဲမှာပြုလုပ်တဲ့ အခမ်းအနား ပွဲလမ်းသဘင်တစ်ခုခုဆိုရင်တော့ ဖိတ်ကြားမခံရဘဲနဲ့ ဝင်ရောက်ခြင်း မပြုသင့်ပါဘူး။ ဒီကိစ္စက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်ပါတယ်။ အများပြည်သူလူထုအတွက် အရေးပါတဲ့သတင်းမျိုး မဟုတ်ပါဘူး။ သတင်းအကြောင်းပြချက်နဲ့ သူတစ်ပါးရဲ့ အိမ်ပိုင်နက် အတွင်း မဖိတ်ခေါ်ဘဲဝင်ရောက်ခွင့်မရှိပါဘူး။ ဒါကို သတိပြုသင့်ပါတယ်။

## တံစိုးလက်ဆောင်

နောက်ထပ်ပြောချင်တဲ့ အမြင်မတော်တာတစ်ခုကတော့ ဂျာနယ် တစ်စောင်မှာတွေ့လိုက်ရတာပါ။ နိုင်ငံခြားအားကစားပွဲ သွားပြီး သတင်း ယူကြမယ့် အားကစားသတင်းထောက်များက စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးပေးကမ်းတဲ့ ခရီးစရိတ် ဒေါ်လာ ၅၀၀ စီ လက်ခံရယူနေကြတဲ့ ဓာတ်ပုံနဲ့သတင်းပါ။ ဒီကိစ္စကတော့ တော်တော်လွန်တဲ့ကိစ္စဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်က လူပုံလယ် လေယာဉ်ကွင်းကြီးထဲမှာ ဘယ်သူမှ တရားဝင်ကိုင်ဆောင်ခွင့်မရှိတဲ့ ဒေါ်လာတွေအထပ်လိုက်ကိုင်ပြီး ဝေပေး နေတာက မသင့်တော်တာမှန်ပေမယ့် အပြစ်မတင်လိုပါဘူး။ စီးပွားရေး သမားတိုင်းက သတင်းမီဒီယာသမားများကို ကြော်ငြာအတွက် လက်သပ် မွေးဖို့ ကြိုးစားကြတာ လုပ်ရိုးလုပ်စဉ်သာ ဖြစ်တယ်။ အပြစ်တင်ရမှာက လက်သပ်မွေးခံတဲ့ မီဒီယာသမားများပါ။ အခုကိစ္စမှာ ဒေါ်လာ ၅၀၀ လက်ခံတဲ့ သတင်းသမားများအနေနဲ့ စာနယ်ဇင်းကျင့်ဝတ်ကို ချိုးဖောက် ရာကျပါတယ်။ စာနယ်ဇင်းသမားဆိုတာ ဘယ်လိုတံစိုးလက်ဆောင်မျိုး



ကိုမှ လက်မခံရပါဘူး။ စီးပွားရေးသမားရဲ့ ခါးပိုက်ဆောင်လက်ကိုင်တုတ် အဖြစ်မခံရသလို၊ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီနဲ့ အစိုးရတွေရဲ့ ခါးပိုက် ဆောင်လက်ကိုင်တုတ်လည်း အဖြစ်မခံရပါဘူး။ စာနယ်ဇင်းသမားမှန်ရင် ဘယ်သူ့'ကျေးဇူးကြွေး'မှ အတင်မခံသင့်ဘူး။ အကြွေးဆိုတာ တင်မိရင် တစ်နည်းနည်းနဲ့ ပြန်ဆပ်ရမြဲဖြစ်တယ်။ ပြန်မဆပ်ရတောင် မျက်နှာကို တော့ 'ငဲ့'ကြည့်ရမှာ သေချာတယ်။ စာနယ်ဇင်းသမားဆိုတာ စာဖတ် ပရိသတ် ပြည်သူလူထုရဲ့မျက်နှာကလွဲပြီး ဘယ်သူ့မျက်နှာကိုမှ ကြည့်လို့ မဖြစ်ပါဘူး။ ကျေးဇူးကြောင့် ငဲ့ကွက်ရတယ်ဆိုရင် စာနယ်ဇင်းအာပတ် သင့်ပါတယ်။

## သူများတွေကိုကြည့်

လက်ဆောင်ကို လက်ရှောင်ဖို့အကြောင်းရေးခဲ့တဲ့ အကြိမ်တွေ မနည်း တော့ပါဘူး။ အပ်ကြောင်းထပ်သလိုတောင် ဖြစ်နေပါပြီ။ ရိုးရိုး စာဖတ် ပရိသတ်များကို အားတောင်နာပါတယ်။ ဒါပေမဲ့ စာနယ်ဇင်းလောကထဲ အသစ်အသစ်ဝင်ရောက်လာတဲ့ လူငယ်တွေက နေ့စဉ်လိုရှိနေကြပြီး ရေးခဲ့ တဲ့စာတွေကိုလည်း ဖတ်ဖူးတွေ့ဖူးကြပုံမပေါ်တာကြောင့် မကြာခဏ ထပ် ထပ်ပြီး ရေးနေရတာပါ။ အခုလည်းကြည့်ပါဦး။ လူပုံအလယ်မှာ ပေးသူက ပေး၊ ယူသူကလည်းယူ လုပ်နေကြတာဆိုတော့ ဒီလုပ်ရပ်ဟာ မှားတယ် လို့တောင် သဘောထားကြပုံမရပါဘူး။ တော်တော်ကို စိတ်မကောင်းစရာ ဖြစ်ပါတယ်။ အဲဒါကြောင့် ထပ်ရေးရပြန်ပါတယ်။ ကိုယ့်အတ္တနောမတီကို မရေးတော့ပါဘူး။ အမေရိကန်နိုင်ငံက The Des Moine Register ဆိုတဲ့ သာမန်သတင်းစာလေးတစ်စောင်က သူ့တိုက်တွင်း စည်းကမ်းအဖြစ် ချမှတ်ထားတဲ့ ကျင့်ဝတ်များကိုပဲ ဖော်ပြလိုက်ပါတယ်။ ဒီနမူနာဖော်ပြ ချက်ကလည်း အရင်ကရေးပြီးသားပါ။ လိုအပ်ပြန်လို့ ထပ်ပြီးဖော်ပြလိုက် ရတာပါ။ ဖတ်ပြီးသူများ ခွင့်လွှတ်ကြပါတော့။

'ကျွန်ုပ်တို့သတင်းစာ၏ အုပ်ချုပ်ရေးပိုင်းနှင့် တခြားဝန်ထမ်းအားလုံး သည် အထူးအကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့ များနှင့် ကင်းကင်းရှင်းရှင်းရှိစေရမည်။ အကျိုးစီးပွားချင်း ထိပ်တိုက်ဖြစ် စေမည့် ကိစ္စများ၊ ယုံမှားသံသယဖြစ်ပေါ်စေနိုင်သည့် ကိစ္စများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှောင်ရှားရမည်။ သတင်းကိုစွဆောင်ရွက်ရင်း ထမင်းစားပွဲများ၊ အခြားညှော်ခံပွဲများ တက်ရောက်ရသည့်အခါတွင် ကိုယ့်စားစရိတ်ကို ကိုယ့်ဟာကိုယ် ပေးရမည်။ ချက်ချင်းပေးခွင့်မကြုံလျှင် နောင်တစ်ချိန်၌ ပေးဖြစ်အောင် ပြန်ပေးပါမည်။

- ❒ နိုင်ငံရေးဟောပြောပွဲများအတွက် ဖြစ်စေ၊ အားကစားအသင်းအဖွဲ့များနှင့် ဖြစ်စေ အတူလိုက်ပါ ခရီးသွားရသည့်အခါမျိုးတွင်လည်း ကိုယ့်စရိတ်ကိုယ်ပေးပြီး လိုက်ပါရမည်။
- ❒ မည်သည့်ဝန်ထမ်းမှ မည်သို့သော အခမဲ့လက်မှတ်၊ မေတ္တာလက်ဆောင် လက်မှတ်မျိုးကိုမှ လက်မခံရ။
- ❒ သတင်းစာတိုက်ဝန်ထမ်းများသည် မည်သည့်ပြင်ပလုပ်ငန်းများ၊ အသင်းအဖွဲ့များတွင်မှ ဒါရိုက်တာအဖွဲ့ဝင် စသည့်ရာထူးတာဝန်များယူပြီး ယင်းလုပ်ငန်းများအတွက် သတင်းဆောင်းပါးရေးပေးရသည့် တာဝန်များကို မယူရ။

ကဲ ... အဲဒီကျင့်ဝတ်တွေနဲ့သာ ချိန်ထိုးကြည့်ကြပါတော့ ခင်ဗျား။

၁၆၊ ၁၂၊ ၂၀၀၉



# ပုရစ်ကြော်နဲ့ ယုန်သားထောင်းအလွမ်းပြေ

တစ်နေ့က မန္တလေးနေ နှမတွေက ပုရစ်ကြော်တွေပို့လိုက်တယ်။ ကြိုက်တယ်ဆိုပြီး အများကြီးမစားနဲ့လို့လည်း ဖုန်းဆက်ပြောသေးတယ်။ ဩော် ...၊ တန်ဆောင်တိုင်တောင် ရောက်တော့မှာပါလားလို့ ပုရစ်ကြော်မြင်တာနဲ့ စိတ်ကတွေးမိတယ်။ ရန်ကုန်မှာနေရတာက သီတင်းကျွတ်လို့ ကျွတ်မှန်းမသိ၊ တန်ဆောင်တိုင်လို့ တိုင်မှန်းမသိ တော်တော်စိတ်ပျက်စို့ကောင်းလှတယ်။

## ရွှေဥဒေါင်းနဲ့သွားတူတာ

ပုရစ်ကြော်စားတော့ ဒေါ်ဒေါ်လူထုအမေမာကို ပြေးသတိရမိတယ်။ ဒေါ်ဒေါ်က သိပ်ကြိုက်တာ။ သူကြိုက်ရုံသာမဟုတ်သေးဘူး။ ပုရစ်ကြော်တွေပေါ်ပြီဆိုတာနဲ့ ချက်ချင်းပို့နိုင်းတာ။ အောင်ဒင်သရက်သီးပေါ်လည်း အတူတူပဲ။ ပေါ်ဦးပေါ်ဖျား ပို့ခိုင်းတာပဲ။ ဒေါ်ဒေါ်ကိုယ်တိုင် ဈေးသွားနိုင်တုန်းကဆို ပုရစ်ဝယ်ရင် ဥပါတဲ့အမတွေမှ ရွေးဝယ်တာ။ အိမ်ရောက်တော့လည်း ဂျင်း(ချင်း)နဲ့ ကြက်သွန်ဖြူထောင်းပြီး ဖင်ကဖောက်ထည့်ခိုင်းလိုက်သေးတယ်။ ဒေါ်ဒေါ်က သူ့ဦးလေးသိန်း(ဆရာကြီးရွှေဥဒေါင်း)နဲ့သွားတူတာ။ ဆရာကြီးလိုပဲ အစားကောင်းကြိုက်ပြီး ကြံကြံဖန်ဖန်တွေလည်း စားတတ်တယ်။ မေမြို့(ပြင်ဦးလွင်)မှာ နွေရက်တွေ အတူနေကြတော့ ဒေါ်ဒေါ့်အသက်က ၉၀ နားနီး ၉၀ ကျော်ဖြစ်နေပြီ။ ဒါလည်း ဒေါ်ဒေါ့်သမီးကြီး ဒေါက်တာမြမြဲ့ရဲ့မိတ်ဆွေတွေ ပခုက္ကူကပို့ပေးတဲ့ ပုတတ်ကြော်လည်း စားတုန်းပဲ။ မေမြို့မှာပဲရတဲ့ တောင်ပုစဉ်းကြော်လည်း စားတာပဲ။ အကြောင်းမသိသူတွေ သိပ်အံ့ဩကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပါးစပ်သချိုင်းတွေ

သမီး ပါမောက္ခသမားတော်ကြီးကလည်း သူကိုယ်တိုင်က အစားကောင်း အသောက်ကောင်း ကြိုက်သူဆိုတော့ အစားအသောက်နဲ့ ပတ်သက်ရင်တော့ ပိတ်ပင်တားဆီးမလုပ်ဘူး။ အလိုလိုက်တယ်။ တခြားဟာတွေသာ သူက ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ ပိတ်တာ။ အစားအသောက်ဆိုရင်တော့ ဒေါ်ဒေါ်ကြိုက်တတ်တာလေးတွေကို မရမက ရှာဖွေမှာယူပြီးကို ကျွေးတယ်။ ဒေါ်ဒေါ်ကလည်း သူများလူကြီးတွေလို မဟုတ်ဘူး။ သူကြိုက်ရင်စားတာပဲ။ သူ့မှာ တည့်တာမတည့်တာ မရှိဘူး။ ကြိုက်ရင်အကုန်တည့်တာပဲ။ ဦးလေးနဲ့တော့ လုံးဝတခြားစီဖြစ်တယ်။ ဦးလေးက အနေအထိုင်သန့်ရှင်းသလို အစားအသောက်မှာလည်း သိပ်သန့်ရှင်းတယ်။ မန္တလေးသားတွေလို ပေါက်တတ်ကရစားတာမဟုတ်ဘူး။ ဒေါ်ဒေါ် ပုရစ်ကြော်တွေ တကြွပ်ကြွပ်ဝါးစားနေပြီဆိုရင် နှာခေါင်းရှုံ့ပြီး 'မင်းတို့ပါးစပ်တွေကလည်း သချိုင်းကုန်းကျနေတာပဲ' လို့တောင် ပြောတတ်တာ။ ဒါပေမဲ့ အစားအသောက်သန့်ရှင်းပြီး ကျန်းမာရေးကို သိပ်ဂရုစိုက်တဲ့ဦးလေးက အရင်ကွယ်လွန်သွားရှာတယ်။

## ယုန်သားလည်းစားရပြီ

ပုရစ်ကြော်မစားရခင် တစ်ပတ်လောက်ကလည်း မန္တလေးကမိတ်ဆွေတစ်ယောက်က ကားဂိတ်ကတစ်ဆင့် ယုန်သားကင်ပို့ပေးလိုက်သေးတယ်။ ဘုတလင်ကို အလှူသွားရင်းရလာခဲ့လို့ ပို့လိုက်တာတဲ့။ ဝမ်းသာလိုက်တာ။ ယုန်သားကို တမ်းတနေရတာ ကြာလှပြီ။ ရန်ကုန်ရောက်ကတည်းက မစားရတာဆိုတော့ နှစ်ပေါင်းငါးဆယ်နီးပါးရှိနေပြီ။ ငယ်ငယ်ကတော့ တရုတ်တန်းဈေးမှာ အမြဲရတတ်တော့ အမေက ယုန်သားပြုတ်ထောင်းပြီး ကြက်သွန်နီနိုင်းချင်းနဲ့ သုပ်ပေးလေ့ရှိတယ်။ အရိုးတွေခပ်ထားတဲ့ ခွေးတောက်ရွက်ဟင်းချိုနဲ့ ယုန်သားထောင်းနဲ့ မရမ်းသီးထောင်းဆို သိပ်လိုက်ဖက်လွန်းလို့ ရန်ကုန်မှာ မရမ်းသီးထောင်းစားတိုင်း ယုန်သားကို လွမ်းခဲ့ရတာ။ ခုတော့ မိတ်ဆွေကောင်းမှုနဲ့ မြင်ရတော့တာ။ ရောက်ရောက်ချင်းပဲ ယုန်သားကို နူးအောင်ပြုတ်၊ ထောင်းပြီး ကြက်သွန်၊ ငရုတ်သီးနဲ့ ကြော်နိုင်းတယ်။ တစ်ပိုင်းကိုတော့ ငယ်ငယ်တုန်းကစားရသလို သုပ်စားလိုက်တယ်။ အရသာရှိလိုက်တာ။ ဘာသားနဲ့မှကို မတူဘူး။ ကြက်သား



လို ချိုတာချင်းတူပေမယ့် ကြက်သားထက်ပိုနူးညံ့တယ်။ ပို့လိုက်တဲ့ မိတ်ဆွေကို ကျေးဇူးတင်လိုက်ရတာ။

## စွဲစရာတွေများလို့ စွဲရတာ

မန္တလေးသားတွေ ဒေသစွဲသိပ်ကြီးတာပဲလို့ ကဲ့ရဲ့ကြတာ အဆိုးမဆိုပါဘူး။ စွဲစရာတွေကများလွန်းတော့ မစွဲဘဲဘယ်သူမှမနေနိုင်ပါဘူး။ စွဲစရာအစားအသောက်တွေဆိုတာ အောက်အရပ်ထက် ပိုပေါတာကိုး။ ပုရစ်ကြော်၊ တောင်ပုစဉ်းကြော်၊ ပုတတ်ကြော်၊ ပူးသား၊ ယုန်သား၊ မြွေသား၊ စာကလေးကြော်၊ မယ်ညို စတာတွေကလည်း ပေါတယ်။ ထနောင်းရွက်သုပ်၊ မန်ကျည်းရွက်သုပ်၊ မြူရွက်သုပ်၊ တရုတ်စကားပွင့်သုပ်၊ လက်ပံပွင့် စတဲ့ ရန်ကုန်မှာမရှိတဲ့ စားစရာတွေကလည်း ပေါတယ်။ သရေစာဆိုတာတွေကတော့ ပြောမနေနဲ့တော့။ ရန်ကုန်လို အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးနဲ့ ဘိန်းမုန့်လောက် ရှိတာမဟုတ်ဘူး။ ပွဲလမ်းသဘင်ဆိုတာလည်း ရှေးကဆို ဆယ့်နှစ်လစလုံး ပြတ်တာမဟုတ်ဘူး။ ခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းဆို အငြိမ့်စင်နဲ့ ဇာတ်စင်တွေကို ရှောင်ကွင်းသွားနေရတာနဲ့ ခရီးအတော်ဖင့်တာ။ ဒါကြောင့် မန္တလေးကို သဘင်တက္ကသိုလ်လို့တောင် ခေါ်ခဲ့ကြတာဖြစ်တယ်။

## သီးဖြူသီးဆားစိမ်နဲ့ ဘာလချောင်ကြော်

သတင်းသမားဆိုတော့ မြန်မာနိုင်ငံတစ်နံတစ်လျား အများကြီးသွားခဲ့ဖူးပါတယ်။ ပေါင်းတည်စွယ်တော်ပွဲ၊ အင်းလေးဖောင်တော်ဦးပွဲ၊ ရွှေကျင်မီးမျှောပွဲနဲ့ ကျိုက်မရောမီးမျှောပွဲတွေလည်း သိပ်ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ တန်ဆောင်တိုင်ပွဲတော်နဲ့ သကြန်မှာတော့ မန္တလေးလောက် ပျော်စရာကောင်းတာ ဘယ်မှာမှ ရှိမယ်မထင်ပါဘူး။ သကြန်ကတော့ လူတိုင်းသိနေတာမို့ မပြောတော့ပါဘူး။ တန်ဆောင်တိုင်ပွဲတော်ဆိုတာက တစ်မြို့လုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲကြတဲ့ပွဲဖြစ်တယ်။ ပွဲတော်ရက်တွေမှာဆို ရပ်ကွက်ထဲရှိ အိမ်တိုင်းက တတ်နိုင်သလောက် အကျွေးအမွေးလုပ်ကြတယ်။ တစ်အိမ်နဲ့တစ်အိမ် ကူးလူးပြီး ဝင်ထွက်စားသောက်ကြတာ ပျော်စရာကောင်းလှပါတယ်။ သိသိမသိသိ ဘယ်အိမ်ဝင်စားစား လာသမျှလူကျွေးကြတာပါ။ စားသောက်ပြီးရင်တော့



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်သုပ်၊ ချဉ်ရေဟင်းနဲ့အရော ဆီးဖြူသီးဆားစိမ်နဲ့ ဘာလချောင်ကြော်ကလည်း အိမ်တိုင်းမှာပါကြတယ်။ အဖိတ်နေ့ည စစ်ကိုင်းတောင်ရိုးမှာလည်း လမ်းဘေးမှာ ဆီးဖြူသီးဆားစိမ်နဲ့ ဘာလချောင်ကြော်လင်ပန်းတွေ တန်းစီနေတာပါပဲ။ တစ်ညလုံး တစ်ချောင်ဝင်တစ်ချောင်ထွက် သွားနေကြတာဆိုတော့ ဆီးဖြူသီးဆားစိမ်စားပြီး ရေသောက်ရတာ အင်မတန်အရသာရှိလှပါတယ်။

## မြိမ့်မြိမ့်သဲပွဲတွေကိုလွမ်းတာ

ဒါတွေက ကျွန်တော်တို့ ကောလိပ်ကျောင်းသားအရွယ်လောက်က ပျော်စရာတွေပါ။ ခုတော့ မတူတော့ပါဘူး။ အများကြီးပြောင်းလဲသွားပါပြီ။ အငြိမ့်တွေ၊ ဇာတ်တွေ၊ ဗလာဆိုင်းပွဲတွေနေရာမှာ စတိတ်ရှိုးပွဲတွေက နေရာယူသွားကြပြီ။ ခေတ်ကြီးတစ်ခေတ်လုံးကိုက ခုန်ပျံကျော်လွှား တိုးတက်ပြောင်းလဲသွားတာဆိုတော့ ရှေးဖြစ်ဟောင်းတွေကို လွမ်းဆွတ်တသနေလို့ မဖြစ်တော့ပါဘူး။ ဒါပေမဲ့ ခက်တာက အဟောင်းတွေနေရာမှာ ဝင်ရောက်အစားထိုးနေရာယူမယ့် အသစ်တွေက ပီပီပြင်ပြင် အုံနဲ့ကျင်းနဲ့ ရှိမလာတာပဲဖြစ်တယ်။ ကျွန်တော်တို့က လေဘာတီမမြရင်တို့၊ ဩဘာသောင်းတို့၊ လုကလေးစိန်တို့ကို လွမ်းနေတာမဟုတ်ပါဘူး။ မြိမ့်မြိမ့်သဲပွဲတော်ကြီးတွေကို လွမ်းတာပါ။ မီးရောင်တွေထိန်ထိန်ညီးတဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ကြီးတွေကို လွမ်းတာပါ။

## ကလေးတွေပျော်စေချင်တယ်

ဒီခေတ်လူငယ်တွေရဲ့ ရော့ခ်တွေ၊ ဟစ်ဟော့တွေကို ကျွန်တော်တို့ နှစ်သက်ပါတယ်။ ဒါပေမဲ့ သူတို့က အငြိမ့်တွေ၊ ဇာတ်တွေနေရာမှာဝင်ပြီး အစားထိုးနိုင်သေးတာမဟုတ်ဘူး။ ခုလောလောဆယ်မှာ အငြိမ့်တွေ၊ ဇာတ်တွေကတော့ တဖြုတ်ဖြုတ်နဲ့ကြွေနေကြတာ ခုဆို သဘင့်တက္ကသိုလ်လို့ ခေါ်ကြရတဲ့ မန္တလေးမြို့တော်ကြီးမှာတောင် အငြိမ့်တွေ၊ ဇာတ်တွေ များများစားစား မရှိတော့ပါဘူး။ အဟောင်းတွေချုပ်ငြိမ်းရတာ ဝမ်းနည်းစရာမို့ ဆန်းတယ်မထင်ပါဘူး။ ဒါပေမဲ့ အဟောင်းတွေနေရာမှာ အစားထိုးဝင်ရောက်နေရာယူမယ့် အသစ်ဆိုတာကလည်း ခုထိ ပီပီပြင်ပြင်ရှိမလာသေးတော့ ကွက်လပ်ကြီးဖြစ်နေတာ အတော်ကြာနေပြီ။ မီးရောင်တွေ



ထိန်ထိန်ညီးပြီး စည်ပြောသံတွေညံနေတဲ့ ပွဲလမ်းသဘင်တွေ ဆိတ်သုဉ်းနေပြီဆိုတော့ သနားစရာအကောင်းဆုံးကတော့ ကလေးလေးတွေပဲ။ ကျွန်တော်တို့ငယ်ငယ်ကလို သူတို့လေးတွေ မပျော်ကြရရှာဘူး။ ကလေးတွေ ပျော်အောင်လုပ်ပေးဖို့ ကျွန်တော်တို့လူကြီးတွေမှာ တာဝန်ရှိတယ် မဟုတ်လား ခင်ဗျာ။

၂၆၊ ၁၀၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# လူယဉ်ကျေးဖြစ်ချင်ပေမယ့်

'စာရေးတဲ့အခါ တစ်ဖက်သားကို တိုက်တဲ့ခိုက်တဲ့လေသံတွေ မပါ၊ ပါစေနဲ့။ ချိုချိုသာသာ ဖျောင်းဖျောင်းဖျဖျနဲ့ နားဝင်အောင်ပြောပါ၊ ရေးပါ'

နွေရက်တွေ မေမြို့(ပြင်ဦးလွင်)မှာ အတူနေကြတဲ့အခါ ကျွန်တော်စာရေးနေတာတွေ့တိုင်း ဒေါ်ဒေါ်(လူထုအမေမာ) အမြဲပြောလေ့ရှိတဲ့စကား ဖြစ်ပါတယ်။

## စာရေးမှုကြိုက်တဲ့မောင်နှံ

ကျွန်တော်စာရေးနေတာတွေ့ရင် ဒေါ်ဒေါ်က ပြုံးပြုံး ပြုံးပြုံးနဲ့ သိပ်သဘောကျတာ။ သူ့ဆီလာသမျှလူတိုင်းကိုလည်း စာရေးဖို့ အမြဲတိုက်တွန်း လေ့ရှိတယ်။ ဒီနေရာမှာတော့ ဦးလေး(လူထုဦးလှ)နဲ့ သိပ်တူတယ်။ ရန်ကုန်မှာနေစဉ်က စာပေလောကနဲ့ လုံးဝအဆက်ပြတ်နေတဲ့ ဆရာဦးကျော်ရင်နဲ့ ဆရာဦးလှရွှေတို့ဆို မန္တလေးတက္ကသိုလ်ရောက်လာမှ ဦးလေးစည်းရုံးမှုကောင်းတာကြောင့် စာပေလှုပ်ရှားမှုတွေထဲ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလာကြတာ ဖြစ်တယ်။ စာတွေလည်း ပြန်ရေးဖြစ်ကြတယ်။ ဆရာဒေါက်တာသန်းထွန်းဆို ရုပ်ရည်သန့်ပြန့်ပုံချင်းကလည်း တူကြတော့ စာပေဟောပြောပွဲတွေသွားတဲ့အခါ နယ်ခံတွေက ညီအစ်ကိုလားလို့တောင် မေးကြရတယ်။ အဲဒီလောက် ဦးလေးလှနဲ့ တတွဲတွဲနေတာ။ ဦးလေးလှကလည်း သူ့စာတွေက ယဉ်ကျေးသလို သူများစာတွေလည်း ယဉ်ကျေးစေချင်တယ်၊ လူငယ်တွေကို အမြဲတဖွဖွဆုံးမလေ့ရှိတယ်။

## လူထုဦးလှလက်သုံးစကား

'စကားလုံးကြမ်းကြမ်းတွေမသုံးဘဲ ယဉ်ယဉ်ကျေးကျေးလေးနဲ့လည်း နာအောင်နှက်လို့ရပါတယ်'



ဦးလေးရဲ့ လက်သုံးစကားပါ။ ဦးလေးက သူကိုယ်တိုင် ဘယ်သူ့ကိုမှ နာအောင်မနှက်ပါဘူး။ ဒါပေမဲ့ လူငယ်တွေရဲ့ အယူအဆရေးရာတိုက်ပွဲတွေကို ပိတ်ပင်ဟန့်တား ဘယ်တော့မှမလုပ်ပါဘူး။ မလုပ်ရုံသာ မဟုတ်ဘူး။ လိုအပ်ရင် သူကိုယ်တိုင် ရှေ့ကဦးဆောင်ပါတယ်။ အသစ်ပေါ်ထွက်လာတဲ့ လူငယ်တွေရဲ့ ခေတ်သစ်ပန်းချီကို စိတ္တပန်းချီဆိုပြီး ဝိုင်းရှုတ်ချကြတဲ့အချိန်မှာ လူထုတိုက်ကထွက်သမျှ စာအုပ်တွေကို ဦးလေးက ပေါ်ဦးသက်တို့၊ အုပ်ကြီးတို့ရဲ့ သရုပ်ဖော်ပန်းချီတွေနဲ့ချည်း ထုတ်ခဲ့ပါတယ်။ ကိုပေါ်ဦးနဲ့ အုပ်ကြီးရဲ့ ကာတွန်းတွေဆို လူတွေက ပါးစပ်ပြဲပြဲ သရဲတွေနဲ့တူလိုက်တာလို့ ကဲ့ရဲ့ကြပေမယ့် ဦးလေးက သူတို့ကာတွန်းတွေကို သတင်းစာမှာ နေ့စဉ်ထည့်ပါတယ်။

## လူငယ်တွေကိုအမြဲအားပေး

မန္တလေးလူငယ်ကဗျာဆရာတွေရဲ့ ကဗျာတွေကို ရန်ကုန်စာပေလောကတစ်ခုလုံးက 'ကဗျာမဟုတ်ဘူး၊ စကားပြေတွေပဲ'လို့ ဝိုင်းပြီးတိုက်ခိုက်နေကြတဲ့ ခြောက်ဆယ်ဦးပိုင်းကာလတွေမှာ ဦးလေးက လူထုသတင်းစာမှာ တစ်ပတ်တစ်ကြိမ် ကဗျာကဏ္ဍအချပ်ပိုထည့်ပြီး မောင်သာနိုး၊ မောင်စောလွင်၊ တင်မိုး၊ ကြည်အောင်၊ ဝေက်တို့ရဲ့ ကဗျာတွေကို အားပေးခဲ့ပါတယ်။ လူနားလည်အောင် လူတွေ သုံးကြပြောကြတဲ့အတိုင်း ရေးကြဖို့ လှုံ့ဆော်တဲ့ စကားပြောအရေးအသား လှုပ်ရှားမှုကြီးကိုလည်း ဆရာဒေါက်တာသန်းထွန်း၊ ဆရာဦးကျော်ရင်တို့နဲ့အတူ ရှေ့တန်းက ဦးဆောင်ခဲ့တာဖြစ်တယ်။

## ကလေးဆုံးမသလို

ဦးလေးနဲ့ ဒေါ်ဒေါ်နှစ်ယောက်စလုံးက စာကို မေတ္တာစိတ်နဲ့ ရေးကြသူတွေဖြစ်တယ်။ တကယ်ကို သူတော်ကောင်းကြီးတွေပါ။ ကျွန်တော်တို့တတွေကိုလည်း ယဉ်ကျေးလိမ္မာတဲ့စာမျိုးပဲရေးဖို့ အမြဲတဖွဖွ သွန်သင်ဆုံးမခဲ့ကြတာပါ။ နွေသုံးလေးလ ပြင်ဦးလွင်မှာ အတူနေကြတဲ့ကာလတစ်လျှောက်လုံး အသက်ခြောက်ဆယ်ကျော်တစ်ယောက်ကို ကလေးတစ်ယောက်ဆုံးမသလို စာကို ယဉ်ယဉ်ကျေးကျေးရေးဖို့ အမြဲမပြတ် သတိပေးဆုံးမတာပါ။ ကျွန်တော်တို့တတွေကလည်း ကိုယ့်ကြောင့် မိဘ



www.burmeseclassic.com

www.burmeseclassic.com

ဆရာသမားများရဲ့ ဂုဏ်သိက္ခာ မညှစ်နွမ်းရအောင် စာရေးတိုင်း သတိကြီးစွာထား ရေးကြပါတယ်။ အထူးသဖြင့် စာပေကို ခုတုံးသဖွယ်အသုံးပြုပြီး ကိုယ့်ဩဇာတူထောင်ဖို့၊ နာမည်ကြီးဖို့၊ ပိုက်ဆံရှာဖို့၊ ကိုယ့်ရည်မှန်းချက်အောင်မြင်ရေးအတွက် စာဖတ်ပရိသတ်ပြည်သူလူထုကို လက်တစ်လုံးခြားလှည့်စားပြီး ချောက်ထဲတွန်းမချဖို့ အမြဲတမ်းသတိထား ရေးခဲ့ကြပါတယ်။

### ရိုင်းသထက်ရိုင်းလာကြ

ဒါပေမဲ့ ခေတ်တာက ခေတ်ကြီးတစ်ခုလုံးကိုက ဆုတ်ကပ်ဆိုတဲ့အတိုင်း နေရာတကာ ဆုတ်ယုတ်ပျက်စီးလာနေတာဖြစ်တယ်။ လူတွေကလည်း ရိုင်းသထက်ရိုင်းလာကြတယ်။ ခရီးသည်တွေအပြည့်ပါတဲ့ လေယာဉ်ကြီးတွေကို ပြန်ပေးဆွဲပြီး လူတွေသောင်းချီရှိနေတဲ့ အဆောက်အဦကြီးကို ဝင်ဆောင့်ပစ်တဲ့ ရက်စက်ကြမ်းကြုတ်မှုမျိုး ဘယ်တုန်းက ကြားဖူးလို့လဲ။ ဘင်လာဒင်ဆိုတဲ့ လူတစ်ယောက်ကိုမိဖို့ အမိကပဲ၊ ဟိုနိုင်ငံကလူတွေ တစ်နိုင်ငံလုံး သေချင်သေပါစေဆိုတဲ့ ဂျော့ဘုရှ်ရဲ့ ဟစ်တလာစိတ်ဓာတ်မျိုး နေရာတိုင်းမှာ ပျံ့နှံ့နေတယ်မဟုတ်လား။ စီးပွားရှာကြတဲ့နေရာမှာလည်း 'ကြောင်ဖြူတာမည်းတာက အရေးမကြီးဘူး၊ ကြွက်မိဖို့သာ လိုရင်းပဲ' ဆိုတဲ့ 'ဘယ်သူသေသေ ငတေမာပြီးရော'စိတ်ဓာတ်တွေ နေရာတိုင်းမှာ လွှမ်းမိုးနေတာပဲ မဟုတ်လား။

### ခေတ်ပျက်သူဌေးတွေ

နောက်ပြီးတော့ ခေတ်ပျက်လို့ လူတွေဒုက္ခရောက်လေ စီးပွားရှာလို့ကောင်းလေဆိုတဲ့ လေရူးသုန်သုန်ဝတ္ထုကြီးထဲက ရက်ဘတ္တလာလိုလူစားတွေကလည်း ပွဲလန့်ပြီးဖျာခင်းဖို့လောက်ပဲ ကြံနေကြတာလေ။ အင်္ဂလိပ်တွေ စီးပွားပျက်တာကို အခွင့်ကောင်းယူပြီး ရုရှားခေတ်ပျက်သူဌေးက ချယ်လ်ဆီးဘောလုံးသင်းကို ဝယ်လိုက်တယ်။ ဒါကိုအတုယူပြီး မနေ့တစ်နေ့ကမှ ရေနံနဲ့ လူရာဝင်လာကြတဲ့ ရေနံသူဌေးတွေကပါ အင်္ဂလိပ်ဘောလုံးအသင်းတွေကို တစ်သင်းပြီးတစ်သင်း ဝယ်ဖို့ကြံနေကြတယ်။ မကြာခင်ကာလအတွင်းမှာ အင်္ဂလိပ်ပိုင်တဲ့ အင်္ဂလိပ်ဘောလုံးအသင်း တစ်သင်းမှ ရှိမှာမဟုတ်တော့ဘူးလို့တောင် အင်္ဂလိပ်တွေ စိတ်ပူနေကြရ



တယ်။ ရေနံသူဌေးတွေက ဘောလုံးပွဲတစ်ပွဲကြည့်ဖို့အတွက် နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတွေကို ကိုယ်ပိုင်ဂျက်လေယာဉ်ကြီးတွေနဲ့ တင်ခေါ်လာပြီး ပျော်ကြပါးကြတာ တစ်ခေါက်ကို ဒေါ်လာသန်းပေါင်းများစွာ ကုန်ပါတယ်။ အဲဒီလို သူတို့သုံးနိုင်ဖြုန်းနိုင်ဖို့အတွက် ရေနံဈေးတွေ မတက်တက်အောင် နည်းလမ်းမျိုးစုံသုံးပြီး လုပ်နေကြတယ်။ ရေနံဈေးတက်လေ သူတို့ ဖြုန်းနိုင်လေပေါ့။ ကမ္ဘာတစ်ခုလုံးက သာမန်လူသားတွေအတွက်တော့ ဒုက္ခတွေရောက်ပြီးရင်း ရောက်ကြလေပါပဲ။

### လိုဘပြည့်ဖို့ပဲကြည့်တယ်

ရက်ဘတ္တလာလို 'ငတေ'တွေက မေတ္တာဆိုတာ နားလည်တာမဟုတ်ဘူး။ လူသားချင်းစာနာထောက်ထားမှုဆိုတာလည်း ဘာမှန်းမသိဘူး။ စီးပွားရှာလို့ကောင်းအောင် ခေတ်ပဲပျက်စေချင်နေကြတာ။ ခေတ်ပျက်လို့ လူလူသူသူဖြစ်လာတဲ့ 'ရက်ဘတ္တလာ'တွေနဲ့ ရေနံသူဌေးတွေတင်မကဘူး ရှေးရိုးစဉ်လာ လုပ်ငန်းရှင်သူဌေးကြီးတွေကလည်း နေရာတကာ စစ်ပွဲတွေ ဖြစ်နေစေချင်ကြတာပဲ။ ဒါမှ စက်လက်နက်ပစ္စည်းတွေ ထရပ်ကားတွေ လေယာဉ်တွေ၊ သင်္ဘောတွေ ရောင်းလို့ကောင်းမှာကိုး။ ဒီလိုလူမျိုးတွေက သူတို့'လိုဘ'ပြည့်ဖို့ကလွဲပြီး ဘာမှဂရုစိုက်တာ မဟုတ်ဘူး။ 'ရသာရင် ဘနဖူးသိုက်တူး'ဆိုသလို ဘာမဆို အကုန်လုပ်တယ်။ ဘယ်သူ့မျက်နှာမှ ကြည့်တာမဟုတ်ဘူး။

### တန်ခိုးရှင်မျက်နှာတော့ကြည့်

အဲ ... မဟုတ်ဘူး။ သူတို့ကြည့်တဲ့ မျက်နှာတစ်ခုတော့ရှိတယ်။ 'တန်ခိုးရှင်'ရဲ့ မျက်နှာဖြစ်တယ်။ ဘယ်သူ့လက်ထဲမှာ 'တန်ခိုး'ရှိတဲ့ 'ကြိမ်စကြာ'ကိုင်ထားသလဲ။ အဲဒီ'တန်ခိုးရှင်'ကိုတော့ သိပ်ရိုကျိုးတာ။ လူတကာအပေါ် ခက်ထန်သလောက် တန်ခိုးရှင်ရှေ့မှာတော့ ပြားပြားဝပ်ပဲ။ အမြီးခြေထောက်ဖက်ထားတာ။ လူတွေ ဘယ်လောက်ဒုက္ခရောက်ရောက် ဂရုမစိုက်ဘူး။ တန်ခိုးရှင်မျက်နှာတစ်ချက်ညိုမှာပဲ အရိပ်တကြည့်ကြည့် ဂရုစိုက်နေတာ။ ဒီဆုပ်ကပ်ခေတ်ကြီးမှာ အဲဒီလိုလူမျိုးတွေ အတော်များတာ။ ဦးလေးတို့ ဒေါ်ဒေါ်တို့ခေတ်ကလို မဟုတ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ရက်ဘတ္တလာ'လိုလူစားတွေက လူကြီးလူကောင်းတွေမဟုတ်တော့ လူယဉ်ကျေးစကား၊ လူကြီးလူကောင်းစကားကို နားလည်ကြတာ မဟုတ်ဘူး။ သူတို့နဲ့ဆက်ဆံရတော့ သူတို့နားလည်တဲ့ ဘာသာစကားနဲ့ပဲ ပြောရတော့တာပဲ။ အာဖဂန်နစ္စတန်က သားသည်မိခင်တွေက မျက်ရည်စက်လက်နဲ့ ဘယ်လောက်ပဲ အသနားခံခံ ဂျော့ဘုရှ်က မူလတန်းကျောင်းရယ်၊ ဆေးရုံရယ် ရှောင်မနေဘဲ ဗုံးမိုးတွေရွာချခဲ့တာပဲ မဟုတ်လား။ ဒီတော့ အာဖဂန်လူမျိုးတွေက ကောင်းဘွိုင်ကို ကောင်းဘွိုင်နည်းနဲ့ပဲ ရင်ဆိုင်ကြရတော့တာပဲလေ။ ဒီလိုပါပဲ၊ လူကြီးလူကောင်းမဟုတ်တဲ့ 'ရက်ဘတ္တလာ'လိုလူစားတွေကို စကားပြောတဲ့အခါ ချိုသာယဉ်ကျေးပြောလို့ မရနိုင်ဘူး။ ဒီတော့ သူတို့နားလည်တဲ့ ဘာသာစကားမျိုးနဲ့ ပြောရတော့တာပဲ။ နားဝင်မချိုတဲ့ မယဉ်ကျေးတဲ့ စကားတွေနဲ့ပြောမိရေးမိလို့ ဦးလေးတို့၊ ဒေါ်ဒေါ်တို့ကို မျက်နှာမပြဲပါဘူး။ ဒါပေမဲ့ လူကြီးလူကောင်းစကားကို လူကြီးလူကောင်းတွေမှ နားလည်တာဆိုတော့လည်း . . .။

၁၇၊ ၁၀၊ ၂၀၀၉



# အိုက်ဒီယောလော်ဂျီချွတ်ခြုံကျမဖြစ်ဖို့ အရေးကြီးတယ်

စီးပွားရေးလောကသုံး 'ဒေဝါလီခံရတယ်'ဆိုတဲ့စကားကို တခြားနေရာမှာလည်း သုံးတတ်တယ်။ 'အိုက်ဒီယောလော်ဂျီ'ဒေဝါလီခံသွားရပြီလို့ ပြောကြတယ်။ မြန်မာစကား 'ချွတ်ခြုံကျတယ်'ဆိုတာကလည်း စီးပွားရေးမှာရော၊ အတွေးအခေါ်ပိုင်းမှာရော သုံးလေ့ရှိတယ်။

## ဖြူခါပြာခါကျ

စီးပွားရေးအရ ကုန်းကောက်စရာမရှိတော့လောက်အောင် 'ဖြူခါပြာခါ'ကျသွားတဲ့အဖြစ်ကို 'ချွတ်ခြုံကျ'သွားတယ်လို့ ပြောကြတယ်။ ပုဆိုးကိုချွတ်ပြီး ခြုံရတဲ့အထိ ဆင်းရဲမွဲတေသွားတယ်လို့ ဆိုတဲ့သဘောယူဆပါတယ်။ အလားတူပဲ 'အကြံတုံးဉာဏ်တုံး'ဖြစ်ပြီး ခေါင်းထဲက ဘာအကြံအစည် အတွေးအခေါ်မှ ထွက်မလာတော့တဲ့အဖြစ်ကိုလည်း 'အတွေးအခေါ် ချွတ်ခြုံကျသွားပြီ'လို့ ပြောလေ့ရှိကြတယ်။ ချွတ်ခြုံကျချင်းတူပေမယ့် စီးပွားရေးချွတ်ခြုံကျတာက အတွေးအခေါ် ချွတ်ခြုံကျသွားတာလောက် မဆိုးဘူး။ ကြောက်စရာလည်း မကောင်းဘူး။ ပြန်နာလန်ထူအောင် ကြိုးစားလို့ရသေးတယ်။ အတွေးအခေါ်ချွတ်ခြုံကျသွားတာကတော့ ပြန်ပြီးနာလန်ထူတာ မရှိသလောက်ပဲ။ အများအားဖြင့် အဖတ်ဆယ်လို့မရအောင်ကို ပျက်စီးကျဆုံးသွားတတ်တယ်။ သူ့ဟာသူ အဖတ်ဆယ်မရတာဆိုရင် ကိစ္စမရှိဘူး။ ဒီလူမျိုးတွေက သူများတွေကိုပါ အကြီးအကျယ် ဒုက္ခပေးလေ့ရှိကြတယ်။

## ချွတ်ခြုံကျဟစ်တလာ

စက်ဆုပ်ဖွယ်ကောင်းလှတဲ့ 'ဟစ်တလာ'ဟာ အတွေးအခေါ်ချွတ်ခြုံကျသွားသူတစ်ယောက်လို့ မြင်မိတယ်။ သူကိုင်စွဲတဲ့ 'အမျိုးသားရေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုရှယ်လစ်ဝါဒ'ဆိုတာက ဟိုမရောက်ဒီမရောက်နဲ့ အရင်းရှင်စံနစ်ကိုလည်း မပြိုင်နိုင်၊ ကွန်မြူနစ်စံနစ်ကိုလည်း မဖြိုခွင်းနိုင်ဖြစ်သွားတဲ့အခါမှာ အကြီကုန်ပြီး ရမ်းကားတော့တာပဲဖြစ်တယ်။ သူ့မှာရှိတဲ့ အရည်အချင်းနဲ့ အရင်းရှင် အိုက်ဒီယောလော်ဂျီ၊ ကွန်မြူနစ်အိုက်ဒီယောလော်ဂျီတို့နဲ့ စင်ပြိုင် အိုက်ဒီယောလော်ဂျီတစ်ခု၊ ဝါဒ(အစ်ဇင်)တစ်ခု ထူထောင်ဖို့လည်း မစွမ်းသာဘူး မဟုတ်လား။ နောက်ဆုံးတော့ သူဟာ 'ဖက်ဆစ်'ဖြစ်သွားတာပဲ။ တချို့ ချွတ်ခြုံကျခြင်းကျတော့ ဟစ်တလာလို မောက်မာထောင်လွှားပြီး ရန်လိုမင်းထက်(aggressive)လုပ်တဲ့ပုံစံ မဟုတ်ဘူး။ စိတ်ဓာတ်အဆုံးစွန်ကျဆုံးသွားပြီး ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုတဲ့စိတ်နဲ့ 'လည်စင်းခံ'တဲ့ submissive ပုံစံ ဖြစ်တယ်။

### ဦးနှောက်ကိုအရက်နဲ့နှိုးရမယ်

မြန်မာစာပေလောကမှာ အင်မတန်အရုပ်ဆိုးအကျည်းတန်တဲ့ 'အစွဲ' တစ်ခု ရှိခဲ့ဖူးတယ်။ ကဗျာဆရာ၊ စာရေးဆရာဆိုတာ ရှာနိဝင်စားနိုင်ဖို့အတွက် ဦးနှောက်ကို အရက်နဲ့ 'နှိုး'ပေးရတယ်ဆိုတဲ့ အစွဲဖြစ်တယ်။ ဒီအစွဲကို စပြီးထူထောင်ပေးလိုက်တာကတော့ စစ်ပြီးခေတ် ဝါဒရေးရာတိုက်ပွဲတွေကြားမှာ အိုက်ဒီယောလော်ဂျီ ချွတ်ခြုံကျသွားတဲ့ စာရေးဆရာတွေ ဖြစ်တယ်။ စစ်ပြီးခေတ်မှာ မြန်မာနိုင်ငံက လက်ဝဲနိုင်ငံရေးပါတီတွေ အားလုံး တောခိုသွားကြတယ်။ အဲဒီအချိန်မှာ ကိုယ့်ဟာကိုယ် ရဲရဲတောက်ဒေါင်ဒေါင်မြည်ကွန်မြူနစ်ကြီးတွေအဖြစ် ကြွေးကြော်ခဲ့ကြတဲ့ စာရေးဆရာ၊ ကဗျာဆရာတချို့က တောမခိုနိုင်ကြဘူး။ အဲ အခါခါတောခိုသူတွေက မခိုတဲ့သူတွေကို သစ္စာဖောက် အချောင်သမားတွေအဖြစ် ရှုတ်ချဝေဖန်တိုက်ခိုက်တာကို ခံကြရတယ်။ ဟုတ်နေတော့ သူတို့ ပြန်မချေနိုင်ကြဘူး။ ကိုယ့်ဟာကိုယ်လည်း သိမ်ငယ်စိတ်တွေဝင်လာတယ်။ တစ်ချိန်က လေကြီးမိုးကြီး အော်ခဲ့တာဆိုတော့ လူတွေနဲ့ မျက်နှာချင်းမဆိုင်ဝံ့တော့ဘူး။

### အရက်နံ့တထောင်းထောင်းစာတွေ

အဲဒီအခါ အရက်တွေဖိသောက်ပြီး လူတွေရှေ့က ထွက်ပြေးပုန်းအောင်းနေလိုက်ကြတယ်။ စာရေးဆရာတွေဆိုတော့ အရက်သောက်တာကိုပဲ ဆင်ခြေဆင်လက်တွေ အမျိုးမျိုးပေးပြီး ရေးလိုက်ကြသေးတယ်။ ငါးဆယ်ခုနှစ်များနဲ့ ခြောက်ဆယ်ခုနှစ်များအတွင်းမှာ အဲဒီလို စာရေးဆရာများရဲ့ အရက်နံ့တထောင်းထောင်းထနေတဲ့ စာအုပ်တွေ အများကြီးထွက်ခဲ့ကြတာပေါ့။ နာမည်ကျော်စာရေးဆရာတွေရဲ့ အရက်ဝတ္ထုတွေဖတ်ရတဲ့ လူငယ်လေးတွေက(မရင့်ကျက်ကြသေးတော့) အရက်သောက်မှ ရှုန်ဝင်စားပြီး ကဗျာတွေစာတွေ ရေးလို့ကောင်းတယ်လို့ အထင်ရောက်သွားကြပါတော့တယ်။ နောက်နှစ်ပေါင်း နှစ်ဆယ်အစိတ်ကြာသွားတဲ့အခါရောက်တော့ ရဲရဲတောက်ဒေါင်ဒေါင်မြည် အရက်ချိုးကြီးတွေဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ကို ကူးပြောင်းပြီး ပင်ပေါင်ဘောလုံးလောက်ရှိတဲ့ ပုတီးကြီးတွေ လည်ပင်းဆွဲထားတဲ့ ဟိုဂိုဏ်းဝင်ဒီဂိုဏ်းဝင် ဘိုးတော်တွေဖြစ်ကုန်တာ တွေ့ကြရပြန်တယ်။ အတွေးအခေါ်ချွတ်ခြုံကျသွားတာဟာ အဲဒီလောက်ကို ကြောက်စရာကောင်းတာမျိုး ဖြစ်တယ်။

### သခင်စိုးရဲ့သဘောတရားသစ်

အထူးသဖြင့် မြို့သားလူလည်ပညာတတ် 'အီလစ်'တွေ ဖောက်ပြန်ရင် ပိုဆိုးတယ်။ သူတို့က ပညာတတ်ကြတော့ သူတို့ရဲ့ဖောက်ပြန်မှုနဲ့ အတွေးအခေါ်ချွတ်ခြုံကျမှုကို ဆင်ခြေအမျိုးမျိုးပေး၊ သဘောတရားသစ်တွေ ထူထောင်ပြီး အကာအကွယ်ယူတတ်ကြတယ်။ အလံနီဆရာကြီး သခင်စိုးက သူ့ဟာသူ မိန်းမတစ်ယောက်ပြီးတစ်ယောက်ယူတာကို ကာကွယ်ဖို့အတွက် 'အချစ်ဆိုတာ အသစ်အသစ် အမြဲတမ်းဖြစ်ပေါ်နေတယ်' ဆိုတဲ့ သဘောတရားထူထောင်သလို လုပ်လေ့ရှိတယ်။

အခုခေတ်မှာလည်း အဲဒီဆရာကြီးလိုလူမျိုးတွေက ကိုယ့်ဟာကိုယ် အိုက်ဒီယောလော်ဂျီ ချွတ်ခြုံကျဖြစ်သွားတာကို ကာကွယ်ဖို့အတွက် ဘာမဆိုင်ညာမဆိုင်နဲ့ အိုက်ဒီယောလော်ဂျီခေတ် နိဂုံးချုပ်သွားပြီတို့ ဘာတို့ ပြောဆိုနေတာတွေ ကြားနေရပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနက ငှားထားတဲ့ ဖူကူးယာမက 'သမိုင်းနိဂုံးချုပ်ပြီ'လို့ ပြောခဲ့တာနဲ့ သွားတူနေတယ်။ ဖူကူးယာမကတော့ အဲဒီစာအုပ်ရေးပြီး အတော်ကြာတော့ 'သမိုင်း နိဂုံးမချုပ်သေး'ဆိုတဲ့ စာအုပ်ရေးလိုက်ပြန်တယ်။ အိုက်ဒီယောလော်ဂျီ နိဂုံးဆရာတွေလည်း နောက်သမိုင်းတစ်ကွေ့ရောက်ရင် အိုက်ဒီယောလော်ဂျီ နိဂုံးမချုပ်သေးလို့ ရေးကြဦးမှာ မြင်ယောင်မိသေးတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

**အိုက်ဒီယောလော်ဂျီကြောင့်ယဉ်ကျေးတာ**

လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးယဉ်ကျေးအောင် အိုက်ဒီယောလော်ဂျီ မျိုးစုံနဲ့ ထိန်းသိမ်းပေးထားတာဖြစ်တယ်။ ဘယ်တော့မှ နိဂုံးချုပ်မသွား နိုင်ဘူး။ အိုက်ဒီယောလော်ဂျီဆိုတာ လက်ဝဲအယူအဆတွေနဲ့ ဟို'အစ်ဇင်' ဒီ'အစ်ဇင်'ဆိုတာမျိုးတွေကိုသာ ဆိုလိုတာမှမဟုတ်တာ။ ဗုဒ္ဓအယူဝါဒ၊ ခရစ်တော်ရဲ့အယူဝါဒ၊ အစ္စလာမ်အယူဝါဒတွေလည်း အစ်ဇင်တွေ၊ အတွေး အခေါ် အိုက်ဒီယောလော်ဂျီတွေပဲ။ ဂျွန်မေးနဒ်ကိန်းရဲ့ ဈေးကွက်စီးပွားရေး အယူအဆတွေလည်း အိုက်ဒီယောလော်ဂျီပဲ။ သမ္မတရေဂန်ရဲ့ စီးပွားရေး အယူအဆတွေကိုလည်း "Reganomics" လို့ ခေါ်ခဲ့ကြသလို အင်္ဂလန် ဝန်ကြီးချုပ် မာဂရက်သက်ချာရဲ့ ဒေါင်ဒေါင်မြည် 'ကွန်ဖာ့းပတစ်' အတွေး အခေါ်တွေကိုလည်း "Thatcherism" လို့ ခေါ်ခဲ့ကြတာပဲ။

**ပြောင်းလဲတာနိယာမ**

သိပ္ပံပညာတွေ ထွန်းကားတိုးတက်လာတာနဲ့အမျှ အတွေးအခေါ်သစ်၊ အိုက်ဒီယောလော်ဂျီသစ်တွေ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာကြမှာဖြစ် တယ်။ နှစ်ဆယ့်တစ်ရာစုမှာ သူနဲ့ကိုက်ညီတဲ့ အိုက်ဒီယောလော်ဂျီသစ်တွေ မလွဲမသွေ ပေါ်ထွန်းလာရမှာပဲ။ ရာစုသစ်အဦးအစကာလမှာပဲ အရင်းရှင် စနစ်ရဲ့ ဈေးကွက်စီးပွားရေး အပြစ်အနာအဆာတွေ၊ ချို့ယွင်းချက်တွေ ပေါ်ထွက်လာခဲ့တာကြောင့် ကားလမတ်ရဲ့ အရင်းကျမ်းကြီးကိုတောင် ဖုတ်ဖက်ခါပြီး ပြန်ဖတ်သူတွေက ဖတ်နေကြတယ်မဟုတ်လား။ ဒီတော့ကာ နှစ်ဆယ့်တစ်ရာစုမှာ ကွန်မြူနစ်စနစ်၊ အရင်းရှင်စနစ်ဆိုတဲ့ စနစ်ကြီး နှစ်ခုစလုံးထက်ပိုကောင်းတဲ့ အိုက်ဒီယောလော်ဂျီအသစ်တွေ ပေါ်ထွက် မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ။ သိပ္ပံပညာတွေ တိုးတက်သလို အိုက် ဒီယောလော်ဂျီတွေလည်း တိုးတက်ပြောင်းလဲလာကြမှာပဲ။ ဒါ နိယာမဖြစ် တယ်။ အိုက်ဒီယောလော်ဂျီခေတ် နိဂုံးချုပ်ဆိုတာ မရှိဘူး။ အိုက်ဒီယော လော်ဂျီဟောင်းတွေ ချုပ်ငြိမ်းသွားတာပဲရှိမယ်။

**စီးပွားရေးချွတ်ခြုံကျချင်ကျပါစေ**

ချုပ်ငြိမ်းသွားတဲ့ အဟောင်းတွေနေရာမှာ အသစ်တွေ မလွဲမသွေ ပေါ်ထွန်းလာကြမှာပဲ။ အိုက်ဒီယောလော်ဂျီက ချွတ်ခြုံကျမသွားပါဘူး။ အသစ်အသစ်တွေ အမြဲတိုးပွားလာမှာသာ ဖြစ်တယ်။ အိုက်ဒီယောလော်ဂျီ ချွတ်ခြုံကျသွားသူတွေပဲ ရှိပါတယ်။ လက်ရှိရှိနေတဲ့ အရင်းရှင်စနစ်၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ်ဆိုတာတွေထက် ပိုကောင်းတဲ့စနစ်မျိုး တစ် နေ့မှာ မလွဲမသွေပေါ်လာမှာပဲ။ အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်နဲ့ တစ်ပါတီအာဏာရှင်စနစ် ရောနှောပေါင်းစပ်ပြီး ပေါ်ထွက်လာတာမျိုး ဖြစ်မလား၊ ကွန်မြူနစ်စနစ်နဲ့ အရင်းရှင်ပါလီမန် ဒီမိုကရေစီပေါင်းစပ်ပြီး ပေါ်ထွက်လာမလား၊ နှစ်မျိုးစလုံးကိုပစ်ပယ်ပြီး လုံးဝအသစ်ဖြစ်တဲ့ အိုက် ဒီယောလော်ဂျီမျိုးပဲ ပေါ်ထွက်လာမလားဆိုတာတော့ ဘယ်သူမှမသိနိုင် ကြဘူး။ အတွေးအခေါ်ဒေဝါလီခံရပြီး လုံးဝချွတ်ခြုံကျ ဖြစ်သွားပြီဆိုရင် တော့ ဘယ်လောက်ကောင်းတဲ့ အိုက်ဒီယောလော်ဂျီမျိုးကိုမှ လက်ခံနိုင် စွမ်း ရှိမှာမဟုတ်တော့ပါဘူး။ ဒါကြောင့် စီးပွားရေးချွတ်ခြုံကျချင်ကျပါ စေ၊ အတွေးအခေါ်ချွတ်ခြုံကျတော့ ဖြစ်မသွားပါစေနဲ့လို့ ပြောလိုက်ချင် ပါတယ်။

၄၊ ၁၁၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# ခဏအေး၊ အစဉ်ပူဖြေရှင်းနည်းရဲ့ အန္တရာယ်

'ယရာဝါသ၊ သမ္ဗန္ဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်၌'ဆိုတဲ့ စကားအတိုင်း လူ့လောကမှာ အမှုကိစ္စတွေ ထွေပြားလှတယ်။ အရှုပ်တစ်ခု ပြီးမယ်မကြံသေးဘူး၊ နောက်တစ်ခုက အပေါင်းအဖော်တွေပါခေါ်ပြီး ရောက်လာတတ်မြဲဖြစ်တယ်။ အရှုပ်တစ်ခုတွေ့လိုက် ဖြေရှင်းလိုက်၊ နောက်အရှုပ်တစ်ခုပေါ်လိုက်၊ နောက်တစ်ခါဖြေရှင်းလိုက်နဲ့ပဲ လူတွေဟာ အရှုပ်တွေကြားက ရုန်းမထွက်နိုင်တော့လောက်အောင် ဖြစ်နေကြရတယ်။

## တစ်ယောက်တည်းနေလည်းပြဿနာရှိ

အဆိုးထဲကအကောင်း၊ အရှုံးထဲကအမြတ်လို့ ဆိုနိုင်တာကတော့ လူတွေဟာ အရှုပ်တွေ၊ ပြဿနာတွေကို ဖြေရှင်းရင်း ဖြေရှင်းရင်းနဲ့ အတွေ့အကြုံတွေကြွယ်ဝပြီး စဉ်းစားဉာဏ်တွေ ရင့်သန်ထက်မြက် တိုးတက်လာကြတာ ဖြစ်တယ်။ တိုးတက်ထက်မြက်လာလို့ ပြဿနာတွေ မရှိတော့တာတော့မဟုတ်ဘူး။ လူတွေရှိနေသမျှ အရှုပ်တွေ၊ ပြဿနာတွေက ရှိနေမှာပဲ။ လူမရှိသူမရှိ ကျွန်းတစ်ကျွန်းပေါ်မှာ တစ်ယောက်တည်းနေလည်း ပြဿနာကတော့ ရှိနေမှာသေချာတယ်။ လူဆိုတာ ပြဿနာဖြစ်စရာလူ မရှိရင် ကိုယ့်ဟာကိုယ်တစ်ယောက်တည်း ဖြစ်နေမှာပဲ။ ကိုယ့်စိတ်နဲ့ကိုယ် ဖြစ်မယ်။ ဒါမှမဟုတ် မနက်တုန်းကကိုယ့်စိတ်နဲ့ နေ့လယ်ပိုင်းကိုယ့်စိတ် ပဋိပက္ခဖြစ်မယ်။ ဒါမှမဟုတ်လည်း သဘာဝပတ်ဝန်းကျင်နဲ့ ပြဿနာဖြစ်မယ်။ လူနဲ့ပြဿနာ ခွဲလို့မရဘူး။ လူရှိနေသမျှ ပြဿနာရှိနေမှာဖြစ်တယ်။

## လာမယ့်ဘေး ပြေးတွေ့

အရှုပ်အထွေးတို့ ပြဿနာတို့ဆိုတာ ရှောင်လို့မရဘူး။ ဘယ်လောက် ရှောင်ရှောင်၊ ရှောင်တဲ့နေရာကို လိုက်လာမှာပဲ။ ရှောင်မရတဲ့ပြဿနာကို



ရှောင်ဖို့ကြိုးစားခြင်းဟာ ပြဿနာကိုပိုပြီးကြီးလာစေဖို့ပဲရှိတယ်။ ကြီးလာရင် ဖြေရှင်းဖို့ ပိုခက်သွားတယ်။ ပိုပြီးတန်ဖိုးကြီးကြီး ပေးရလိမ့်မယ်။ အကောင်းဆုံးပြဿနာဖြေရှင်းနည်းက 'လာမယ့်ဘေး ပြေးတွေ့'ဆိုတဲ့ စကားအတိုင်း ပြဿနာကို ရဲရဲကြီးရင်ဆိုင်ပြီး ဖြေရှင်းလိုက်ခြင်းသာ ဖြစ်တယ်။ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် သူ့အလိုအလျောက်ပြေလည်သွားတယ်လို့ မရှိဘူး။ နောင်တော့ သူ့ဟာသူ ပြေလည်သွားမှာပေါ့ဆိုပြီး စောင့်နေတာ၊ ဒါမှမဟုတ် အမြင်မတော်တဲ့သူက ဝင်ဖြေရှင်းလိမ့်မယ်ပေါ့ဆိုပြီး ကယ်တင်ရှင်မျှော်နေတာမျိုးလောက် မိုက်မဲတာ ဘာမှမရှိဘူး။ ကိုယ့်ပြဿနာကို ကိုယ့်ဟာကိုယ်ရှင်းမှရတယ်။ ပြဿနာဆိုတာ နှင်းဘောလုံးနဲ့တူတယ်။ လိမ့်ရင်းလိမ့်ရင်း ကြီးသွားတာ။ ပြဿနာကို ရှောင်ပြေးရင်း ပြေးရင်းနဲ့ ကြီးလာပြီး မပြေးနိုင်တဲ့အခါကျတော့ ပြဿနာကြီးအောက် ပြားပြားမှောက်ဖြစ်သွားရော။

## မရှင်းလို့ရှုပ်တာ

ပြဿနာဆိုတာ ကြောက်စရာမဟုတ်ဘူး။ ပြဿနာရှိရင် ဖြေရှင်းတဲ့နည်းလမ်းရှိတယ်။ မရှာသေးတာနဲ့ မတွေ့သေးတာပဲဖြစ်တယ်။ ကြည့်ရင် မြင်တယ်။ သွားရင် ရောက်တယ်။ ရှာရင် တွေ့တယ်။ ဒါ ဖြစ်ရိုးဖြစ်စဉ်ပဲ။ ဘာမှဆန်းတာမဟုတ်ဘူး။ ပြဿနာရှိနေတယ်ဆိုတာ မဖြေရှင်းလို့ ရှိနေတာပေါ့။ ရှင်းရှင်းလေးပဲ။ မကြည့်လို့ မမြင်တာ၊ မသွားလို့ မရောက်တာ၊ မရှာလို့ မတွေ့တာနဲ့ အတူတူပဲဖြစ်တယ်။ မရှင်းလို့ ရှုပ်တာပေါ့၊ ရှင်းရင် ရှုပ်ပါ့မလား။

## ရှင်းသလိုနဲ့ရှုပ်အောင်လုပ်

ဒီနေရာမှာ တစ်ခုပြောစရာရှိတာက ရှင်းသလိုလိုနဲ့ ရှုပ်အောင်လုပ်တဲ့ လူတွေအကြောင်း။ ဒီလူမျိုးတွေက ရှုပ်လေအလုပ်ဖြစ်လေဆိုတဲ့ လူစားတွေ။ အစ္စရေးနိုင်ငံရယ်လို့ ပေါ်ပေါက်လာပြီးကတည်းက ဂျူးတွေနဲ့ ပါလက်စတိုင်းတွေကြား ပြဿနာတွေ တစ်ခုပြီးတစ်ခု၊ စစ်ပွဲကြီးတွေ တစ်ပွဲပြီးတစ်ပွဲဖြစ်လာခဲ့တာ နှစ်ပေါင်းခြောက်ဆယ်တောင် ကျော်ခဲ့ပြီ မဟုတ်လား။ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာတွေ လုပ်ခဲ့တဲ့အကြိမ်တွေလည်း မနည်းတော့ဘူး။ ကုလသမဂ္ဂဆုံးဖြတ်ချက် ဆိုတာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုံတစ်ပင်။ ပြဿနာပြေလည်မယ့် မျှော်လင့်ချက်ရောင်ခြည်ဆိုတာ ဘယ်နေမှန်း မသိရသေးဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့၊ ဟိုဆုံးဖြတ်ချက် ဒီဆုံးဖြတ်ချက်တို့ ဆိုတာတွေက ရှင်းသလိုလိုနဲ့ ရှုပ်အောင်လုပ်နေကြတာတွေချည်းပါပဲ။ ပါလက်စတိုင်းနဲ့ ဂျူးတွေအကြား ငြိမ်းချမ်းရေးရသွားရင် တိုက်လေယာဉ်တွေ၊ တင့်ကားတွေ၊ အမြောက်တွေ၊ ဒုံးကျည်တွေ ထုတ်လုပ်ရောင်းချတဲ့ စက်ရုံကြီးတွေပိတ်ပစ်ကြရမယ်လေ။ စီးပွားရေးသမားကြီးတွေက ဘယ်ဒီလိုအဖြစ်ခံမှာလဲ။ သွေးချောင်းစီးတာက သူတို့သွေးတွေမှ မဟုတ်တာ။

## ခဏအေး၊အစဉ်ပူဖြေရှင်းနည်း

နောက်ထပ်ပြောစရာတစ်ခုရှိသေးတယ်။ ပြဿနာကို ပြီးပြီးရောသဘောနဲ့ ပြီးစလွယ်ရှင်းတဲ့လူမျိုး။ အခိုက်အတန့်တော့ ရှင်းသွားသလိုပဲ။ ဒါပေမဲ့ နောင်မှာဖြေရှင်းဖို့ ခက်သထက်ခက်သွားစေတဲ့ 'ခဏအေး အစဉ်ပူ' ဖြေရှင်းနည်းမျိုး ဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်သုံးဆယ်လောက်က အာဖဂန်နစ္စတန်မှာဘုရင်စနစ် ဖယ်ရှားခံရပြီးတဲ့နောက် ဆိုဗီယက်စစ်တပ်တွေ ဝင်ရောက်စိုးမိုးခဲ့ဖူးတယ်။ အဲဒီတော့ စီအိုင်အေက ပါကစ္စတန်စစ်ထောက်လှမ်းရေးနဲ့ပေါင်းပြီး တာလီဘန်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့တယ်။ လိုအပ်တဲ့လက်နက်နဲ့ ငွေကြေးအားလုံးကို အမေရိကန်က တာဝန်ယူပြီး ပါကစ္စတန်စစ်ထောက်လှမ်းရေးက လေ့ကျင့်သင်ကြားမှု တာဝန်ယူတယ်။ တာလီဘန်တွေအပြင် ဒေသအသီးသီးက လူမျိုးစုခေါင်းဆောင်တွေကို စီအိုင်အေကသိမ်းသွင်းပြီး ငွေကြေးလက်နက်ပံ့ပိုးပေးပြီး ဆိုဗီယက်တပ်တွေကို တိုက်စေခဲ့တယ်။ နောက်ဆုံး(လောလောဆယ် အမေရိကန်စစ်တပ်တွေ အီရတ်က ဆုတ်ခွာသွားသလို)ဆိုဗီယက်တပ်တွေ အာဖဂန်နစ္စတန်ကတော့ ဆုတ်ခွာသွားပါရဲ့၊ ပြဿနာတွေက တစ်ပြုံကြီးကျန်ရစ်နေခဲ့ပါတော့တယ်။ အခု အမေရိကန်နဲ့ အပေါင်းပါ နေတိုးတပ်တွေ တိုက်နေကြရတဲ့ တာလီဘန်တွေဟာ တစ်ချိန်က အမေရိကန်တွေကိုယ်တိုင် လေ့ကျင့်သင်ကြားပေးပြီး ငွေနဲ့လက်နက်တွေ ထောက်ပံ့ပေးခဲ့တဲ့ တာလီဘန်တွေပဲ ဖြစ်တယ်။ ဆိုဗီယက်တပ်တွေကို ရင်ဆိုင်ဖို့ဆိုတဲ့ မျက်မှေးတစ်ထောက်အကြည့်လေးနဲ့ ကြည့်ပြီး လုပ်ဆောင်လိုက်လို့ ခဏတော့ အေးသွားပါတယ်။ ဒါပေမဲ့ ရေရှည်ကျတော့ တာလီဘန်ကိစ္စ ဘယ်



လိုရှင်းရမှန်းမသိအောင် ခေါင်းခြောက်နေရပြီလေ။ ခဏအေး၊ အစဉ်ပူလို့ ဒါ့ကြောင့်ပြောခဲ့တာ ဖြစ်တယ်။

## ဆန္ဒရှိရင်အဖြေရှိ

ဘယ်အရွတ်၊ ဘယ်ပြဿနာမဆို ဘယ်လောက်ပဲကြီးကြီး၊ နှစ်တွေ ဘယ်လောက်ကြာကြာ၊ ရှင်းချင်တဲ့ဆန္ဒ အမှန်တကယ်ရှိတယ်ဆိုရင် ရှင်းလို့ရပါတယ်။ အင်မတန်ရှုပ်ထွေးတယ်ဆိုတဲ့ ပါလက်စတိုင်းနဲ့ အစ္စရေးပြဿနာ တကယ်ပြေလည်ချင်ရင် ကုလသမဂ္ဂကဆုံးဖြတ်ထားတဲ့အတိုင်း ၁၉၆၇ ခုနှစ်မတိုင်မီကရှိခဲ့တဲ့ နယ်နိမိတ်မျဉ်းကြောင်းများအတိုင်း တပ်တွေဆုတ်ပေး၊ အစ္စရေးနိုင်ငံတည်ရှိမှုကို အာရပ်တွေက အသိအမှတ်ပြု၊ ဂျော်ဒန်မြစ်အနောက်ဖက်ကမ်းနဲ့ ဂါဇာဒေသမှာ ပါလက်စတိုင်းနိုင်ငံ ထူထောင်ခွင့်ပေးဆိုတဲ့ အချက်တွေအတိုင်း လုပ်ကြရုံပါပဲ။ ဒီအချက်တွေကို အစ္စရေးရော၊ ပါလက်စတိုင်းတွေပါ မူအားဖြင့် လက်ခံထားကြတယ်လေ။ ဒါနဲ့တောင် ဘာ့ကြောင့်မဖြေရှင်းနိုင်သေးတာလဲ။ တရားခံက ပါလက်စတိုင်းတွေ မဟုတ်သလို၊ အစ္စရေးလူမျိုးတွေလည်း မဟုတ်ဘူး။ ငြိမ်းချမ်းသွားရင် ဈေးကွက်ပျောက်ပြီး စက်ရုံတွေပိတ်ပစ်ရမှာစိုးတဲ့ လက်နက်ကုန်သည်တွေ။ သူတို့က နှစ်ဖက်စလုံးမှာ အလိုတော်ရိတွေမွေးထားပြီး ပြဿနာတွေကို ရှင်းသလိုလိုနဲ့ ရှုပ်အောင်လုပ်နေကြလို့ ဖြစ်တယ်။ ဒီနေ့ ကမ္ဘာပေါ်မှာရှိသမျှ ပြဿနာအားလုံးဟာ ဒီလိုကိုယ်ကျိုးကြည့်သမားတွေကြောင့် ဖြေရှင်းလို့မရနိုင်တာဖြစ်တယ်။ အထူးသဖြင့် လက်နက်နဲ့ ကြီးပွားတဲ့ လက်နက်ကုန်သည်ဆိုတာက နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ဩဇာတိက္ကမ အလွန်ကြီးမားကြတယ်။ သမ္မတတွေ၊ ဝန်ကြီးတွေ၊ ပါလီမန်အမတ်တွေကိုတောင် အိတ်ကပ်ထဲထည့်ထားနိုင်သူတွေဖြစ်လို့ အလွန်အန္တရာယ်ကြီးသူတွေ ဖြစ်ကြတယ်။

## သားစဉ်မြေးဆက်ခံရမယ်

ဘာပြဿနာပဲဖြစ်ဖြစ် အမှန်တကယ်ဖြေရှင်းချင်ရင် အဲဒီလို ကိုယ်ကျိုးကြည့်သမားတွေရဲ့ ရှင်းသလိုလိုနဲ့ ရှုပ်အောင်လုပ်တာတွေကို အရင်ဆုံး ရှင်းလင်းဖယ်ရှားပစ်ရလိမ့်မယ်။ သူတို့ကတော့ သူတို့အကျိုးစီးပွားတွေကို ထိန်းသိမ်းဖို့ ကာကွယ်စောင့်ရှောက်ဖို့အတွက် နောက်ဆုံးအချိန်ထိ မီးကုန်



www.burmeseclassic.com

www.burmeseclassic.com

ယမ်းကုန် 'ကလိမ်စေ့ငြမ်းဆင်' လုပ်နေကြမှာ ဖြစ်တယ်။ ဒီလို ဉာဏ်နီ ဉာဏ်နက်တွေကိုလည်း ကြိုတင်တွက်ဆထားနိုင်ဖို့ လိုပါတယ်။ အကြီးဆုံး အန္တရာယ်ကတော့ ကြိုတင်တွက်ဆဖို့မလွယ်လှတဲ့ စီအိုင်အေက တာလီဘန်ကို မွေးထုတ်ပေးခဲ့တဲ့ 'ခဏာအေး၊ အစဉ်ပူ' ဖြေရှင်းနည်းဖြစ်တယ်။ ဒီနည်းမျိုးကို ကျင့်သုံးမိပြီဆိုရင်တော့ ဒီနေ့ အာဖဂန်နစ္စတန်မှာ ဖြစ်နေသလို သားစဉ်မြေးဆက် ဒူးနဲ့မျက်ရည်သုတ်နေရတဲ့အဖြစ်မျိုး မလွှဲမသွေ ကြုံတွေ့ရလိမ့်မယ်လို့ သတိပေးနိုးဆော်လိုက်ပါရစေ။

၉၊ ၁၁၊ ၂၀၀၉



# မှန်ကန်ပြီးတရားမျှတစွာကစားတဲ့ပြိုင်ပွဲကြည့်ချင်တာပါ

ကစားနည်းမှန်သမျှမှာ သတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေ (rule of the game) တွေ ရှိပါတယ်။ မရှိရင် ကစားလို့မဖြစ်ပါဘူး။ ကစားကြတဲ့ အခါမှာ ဥပဒေစည်းကမ်းတွေကို စည်းကြပ်ဖို့ ဒိုင်လူကြီးတွေ ထားပေးရ ပါတယ်။ အရပ်ထဲမှာ ကလေးတွေ ထုပ်စည်းတိုးတမ်းကစားတာတောင်မှ အငြင်းပွားမှုတွေ ဖြေရှင်းဆုံးဖြတ်ပေးဖို့ နှစ်ဖက်စလုံးက ရိုသေလေးစား ရတဲ့ လူကြီးတစ်ယောက်ကို ဒိုင်အဖြစ်ထားကြပါတယ်။

## ဒိုင်လူကြီးဆိုတာ အရည်အချင်းရှိရတယ်

ပြိုင်ပွဲကြီး ပြိုင်ပွဲငယ်မှန်သမျှမှာလည်း သက်ဆိုင်ရာကစားနည်းရဲ့ ဥပဒေစည်းကမ်းတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်သိနားလည်တဲ့ ဒိုင်လူကြီးတွေက စည်းကြပ်ပေးရပါတယ်။ ဒိုင်လူကြီးတစ်ယောက်ဖြစ်ဖို့ အတွက် သင်တန်းတက်ရတာတွေ၊ အရည်အချင်းစစ် စာမေးပွဲဖြေရတာ တွေ ရှိပါတယ်။ ဒိုင်တွေမှာလည်း ပထမတန်းအဆင့်၊ ဒုတိယတန်းအဆင့်၊ တတိယတန်းအဆင့်ဆိုပြီး အဆင့်ဆင့်ရှိပါတယ်။ နိုင်ငံတကာ အားကစား ပြိုင်ပွဲကြီးတွေမှာဆိုရင် တော်ပေ့ကောင်းပေ့ဆိုတဲ့ နိုင်ငံတကာအဆင့် လက်မှတ်ရ ထိတ်ထိတ်ကြဲဒိုင်လူကြီးတွေသာ လုပ်ခွင့်ရှိတာဖြစ်တယ်။ ဒါပေမယ်လို့ ပြိုင်ပွဲရဲ့သဘာဝအရ ဘယ်လိုပြိုင်ပွဲမျိုးမဆို အငြင်းပွားမှု တွေနဲ့ အမှားအယွင်းတွေကတော့ ကင်းတယ်လို့ မရှိပါဘူး။ သိကြားမင်း ကြီးဆင်းပြီး ဒိုင်လာလုပ်ရင်တောင် ပြဿနာတစ်ခုမဟုတ်တစ်ခု ရှိနေမှာပဲ ဖြစ်တယ်။ ပြဿနာတွေထဲမှာ ကစားသမားတွေကြောင့်ဖြစ်ရတဲ့ ပြဿနာ တွေရှိသလို ဒိုင်ကြောင့်ဖြစ်ရတဲ့ ပြဿနာတွေလည်း ရှိပါတယ်။ တစ်ခါ တလေ ပွဲကြည့်ပရိသတ်ကြောင့် ပြဿနာဖြစ်ရတာမျိုးလည်း ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### မသမာတဲ့ဒိုင်တွေရှိတတ်တယ်

ကစားသမားကြောင့်ဖြစ်ရတဲ့ ပြဿနာတွေထဲမှာ အများအားဖြင့် အနိုင်ရလိုဇောကြောင့် စည်းလွတ်ဝါးလွတ်ကစားကြရာက ရန်ဖြစ်ပြီး ထိုးကြ ကြိတ်ကြ ဖြစ်ကြတာမျိုးရှိသလို၊ ရန်ဖြစ်တဲ့အဆင့်မရောက်ပေမယ့် အားကစားသမားမပီသတဲ့ အပြုအမူများကြောင့် အနီကဒ်ပြ အထုတ်ခံရတာမျိုးလည်း ရှိပါတယ်။ ဒါပေမယ်လို့ ကစားပွဲတိုင်းမှာ ဒိုင်မြင်လို့ ပြစ်ဒဏ်သတ်မှတ်ခံရတဲ့ အဖြစ်များထက် ဒိုင်မမြင်လို့ ပြစ်ဒဏ်သတ်မှတ်မခံရတဲ့ စည်းကမ်းချိုးဖောက်မှုတွေက ပိုများလေ့ရှိပါတယ်။ ကစားသမားတွေက ဒိုင်မမြင်အောင်လုပ်တဲ့ နည်းမျိုးစုံကို ကျွမ်းကျင်နေကြတာကိုး။ ဒိုင်ကို အပြစ်တင်လို့လည်း မရပါဘူး။ တစ်ခါတလေကျတော့လည်း အားကစားသမားကြောင့် ပြဿနာမဖြစ်ရဘဲ ဒိုင်ကြောင့် ပြဿနာကြီးတွေ ဖြစ်သွားတတ်ပါတယ်။ မကျွမ်းကျင်လို့ အရည်အချင်းမပြည့်မီလို့ ဖြစ်ရတာမျိုးထက် ပေါ့ပေါ့ဆဆကိုင်တွယ်လို့၊ တမင်သက်သက် မသမာစိတ်နဲ့ ဆုံးဖြတ်လို့ ဖြစ်ရတာမျိုးက ပိုများပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အရည်အချင်းစစ်စာမေးပွဲတွေ အောင်ထားလို့ ဒိုင်လုပ်ခွင့်ရထားသူ မဟုတ်လား။ မတော်ဘူး၊ မတတ်ဘူးလို့ ဘယ်ပြောလို့ရမှာလဲ။ မမြင်လိုက်လို့ ပြစ်ဒဏ်မပေးတာ၊ ရှုပ်ရှုပ်ထွေးထွေးကြားမှာမို့ မှားယွင်းဆုံးဖြတ်လိုက်တာဆိုတာမျိုးတွေက မလွှဲမရှောင်သာကိစ္စမျိုးတွေမို့ ဒိုင်ရဲ့အပြစ်မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အီတလီတို့၊ ဂျာမနီတို့မှာဖြစ်ခဲ့တဲ့ ဘောလုံးဒိုင်လူကြီးတွေ လာဘ်စားပြီး မမှန်မကန်လုပ်တာမျိုးတွေကို ပြောတာပါ။

### သိပေမယ့်အရေးမယူနိုင်တာမျိုး

ဥပဒေစည်းကမ်းတွေ ဘယ်လိုပဲရှိရှိ တစ်ခါတလေမှာ မှားမှန်း၊ အပြစ်ကျူးလွန်မှန်း သိပါလျက်နဲ့ အရေးယူလို့မရတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဥပမာ လူတစ်ယောက် လူသတ်တယ်ဆိုတာ သိနေပေမယ့် လူသက်သေ၊ ပစ္စည်းသက်သေ အခိုင်အမာမရှိလို့ အရေးယူလို့မရတာမျိုး၊ အရေးယူရုံးတင်စစ်ဆေးပြီးမှ လွတ်သွားတာမျိုးတွေ ရှိတတ်ပါတယ်။ ဘောလုံးပွဲမှာလည်း အလားတူပဲ၊ မှားနေမှန်း၊ အပြစ်ကျူးလွန်မှန်း သိပါလျက်နဲ့ ဘာမှလုပ်လို့မရတာမျိုးတွေ ရှိပါတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်



(ဖီဖာ)က ဥပဒေစည်းကမ်းတွေ တော်တော်ကိုချထားပါတယ်။ ကစားပွဲတစ်ခုမှာ ဘောလုံးသမားတစ်ယောက် လွန်လွန်ကဲကဲ အားကစားသမားမပီသတဲ့ အပြုအမူလုပ်ခဲ့လို့ ဒိုင်က အနီကဒ်ပြထုတ်ပစ်ခဲ့ရင် ဒါလောက်နဲ့တင် ပြီးမသွားစေဘဲ ဆိုင်ရာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွေက ဝင်ပြီး ပြင်းထန်တဲ့ ပွဲပယ်ဒဏ်၊ ငွေဒဏ်ချမှတ်တာတွေပါ လုပ်စေပါတယ်။ ဒါပေမယ်လို့ မကြာမီကဖြစ်ခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပြင်သစ်အသင်းခေါင်းဆောင် 'သီယာရီအွန်နရီ'ကျူးလွန်ခဲ့တဲ့ အပြစ်ကိုတော့ အွန်နရီကိုယ်တိုင်က လုပ်ခဲ့တာမှန်ကြောင်း ဝန်ခံပြောကြားခဲ့ပေမယ့် ဘယ်လိုမှအရေးမယူနိုင်ခဲ့တာကြောင့် အိုင်ယာလန်နိုင်ငံအသင်းဟာ ဝမ်းနည်းကြေကွဲစွာနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ကို စွန့်လွှတ်လိုက်ရပါတယ်။

### ဘုရားပေးသောလက်ကိစ္စ

တစ်ချိန်တုန်းကလည်း မာရာဒိုနာရဲ့ 'ဘုရားပေးသောလက်'ကြောင့် အင်္ဂလန်ဘောလုံးအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲက ထွက်ခဲ့ရဖူးပြီ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အိုင်ယာလန်အသင်းက ပြန်ကစားခွင့်ပေးဖို့ 'ဖီဖာ'ကို စောဒကတက်ပါတယ်။ မရတော့ 'နောက်တိုးသင်း'အဖြစ် သက်ညှာစွာနဲ့ ဝင်ကစားခွင့်ပေးဖို့ အယူခံဝင်ပါတယ်။ 'ဖီဖာ'က ခွင့်မပြုခဲ့ပါဘူး။ ခွင့်မပြုတာလည်း မှန်ပါတယ်။ ဒီကိစ္စခွင့်ပြုလိုက်ရင် နောင်မှာ ပြဿနာတွေ တစ်သီတစ်တန်းကြီး ပေါ်ထွက်လာမှာ သေချာပါတယ်။ ဥပမာ ဂိုးစည်းကျော်တယ်လို့ ဒိုင်ကဆုံးဖြတ်ပြီး ဂိုးအဖြစ်သတ်မှတ်ပေးလိုက်တာကို နောက် ဗီဒီယိုပြန်ကြည့်တဲ့အခါမှာ ဂိုးစည်းမကျော်ဘူးဆိုတာ တွေ့ရလို့ ပြန်ကစားခွင့်တောင်းတာမျိုး၊ ဂိုးစည်းအတွင်း လက်ထိတယ်ဆိုပြီး ပယ်နယ်တီပေးခဲ့တာကို ဗီဒီယိုမှာ လုံးဝမထိတာတွေ့လို့ ဂိုးပယ်ဖျက်ပေးဖို့ တောင်းဆိုတာမျိုးတွေ ပြီးဆုံးနိုင်တော့မှာကို မဟုတ်ပါဘူး။ ဒါကြောင့် 'ဖီဖာ'ရဲ့ဆုံးဖြတ်ချက် မှန်တယ်လို့ဆိုခဲ့တာပါ။

### ဆောကိုးပဲပြောနိုင်တယ်

ကစားပွဲမှန်သမျှမှာ ကစားသမားတွေက ဘယ်လောက်ပဲ အားကစားစိတ်ဓာတ်ရှိနေပေမယ့် ဒိုင်လူကြီးက မသမာသူဖြစ်နေရင် ကစားပွဲဟာ ပွဲကောင်းတစ်ခု မဖြစ်နိုင်ပါဘူး။ ကစားသမားတွေရော ဒိုင်လူကြီးတွေပါ



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေစည်းကမ်းကို လိုက်နာကြတယ်ဆိုပေမယ့် မူလဥပဒေစည်းကမ်း(rule of the game)ကိုက မမှန်မကန်ဖြစ်နေရင်၊ ဒါမှမဟုတ် အားနည်းပြီး ပျော့ကွက်ဟာကွက်တွေ ရှိနေရင်းလည်း ကစားပွဲဟာ မှန်ကန်တရားမျှတတဲ့ ကစားပွဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ပြင်သစ်နဲ့ အိုင်ယာလန်ပွဲမှာ အွန်နရီရဲ့လက်ပုတ်ဘောကို ပရိသတ်တွေမြင်တွေ့ရသလို အွန်နရီ ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ပါတယ်။ ပြန်ကစားခိုင်းသင့်ပါတယ်လို့တောင် သူက ပြောပါသေးတယ်။ ဗီဒီယိုကနေပြီး ဖီဖာက တာဝန်ရှိလူကြီးတွေ အားလုံးလည်း မြင်ကြပါတယ်။ ဒါပေမဲ့ ပွဲအတွင်းမှာ ဒိုင်လူကြီးက ပြစ်ဒဏ်ဘော မပေးခဲ့တာကြောင့် ဘာမှလုပ်လို့မရတော့ပါဘူး။ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနဲ့တကွ တာဝန်ရှိလူကြီးတွေအားလုံးက အိုင်ယာလန်အသင်းကို ဆောရီးလို့ပဲ ပြောနိုင်ခဲ့ကြပါတယ်။ အွန်နရီကလည်း ဆောရီးပြောခဲ့ပါတယ်။ ဒါပေမဲ့ အိုင်ယာလန်အသင်းကတော့ ထွက်သွားခဲ့ရပါပြီ။

### မြင်နိုင်တန်ပါပြီ

ကစားပွဲမှာ ပါဝင်ကစားတဲ့သူတွေ ဘယ်လောက်ကောင်းကောင်း၊ ဒိုင်လူကြီးတွေ ဘယ်လောက်တော်တော်၊ ဖီဖာလူကြီးတွေ စာနာစိတ် ဘယ်လောက်ရှိရှိ ရှိနေတဲ့ဥပဒေစည်းကမ်း(rule of the game)ကိုက မှားနေပြီဆိုရင်တော့ ဘယ်တော့မှ မှန်ကန်တဲ့၊ တရားမျှတတဲ့ကစားပွဲ ဖြစ်မလာနိုင်ပါဘူး။ ဒီ rule of the game ကို ပြုပြင်ပစ်မှ အားကစားပွဲကောင်းတွေ ကြည့်ရမှာဖြစ်ပါတယ်။ ဘောလုံးကို ငယ်စဉ်ကလေးဘဝကတည်းက စွဲလမ်းခဲ့သူတစ်ယောက်အနေနဲ့ကတော့ မှန်မှန်ကန်ကန်နဲ့ တရားသဖြင့် မျှမျှတတကစားတဲ့ ဘောလုံးပွဲကောင်းတွေ ကြည့်ချင်တာပါပဲ။ လက်ရှိ rule of the game နဲ့တော့ သန့်ရှင်းတဲ့ပွဲမျိုးတွေ မျှော်လင့်လို့ မရနိုင်တာ သေချာပါတယ်။ ဆပ်ဘလတ္တာလည်း ကောင်းကောင်းသိနေပါပြီ။ အဲဒီတော့ ဒီအတိုင်းလက်ပိုက်ကြည့်မနေကြဘဲ rule of the game အသစ်နဲ့ အစားထိုးဖို့အချိန်တန်ပြီလို့ ဖီဖာလူကြီးတွေကို တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ကျွန်တော်တို့က သန့်ရှင်းပြီး တရားမျှတစွာ ယှဉ်ပြိုင်ကစားတဲ့ကစားပွဲမျိုး ကြည့်ချင်ရုံသက်သက်ပါပဲ။

၈၊ ၁၂၊ ၂၀၀၉



## နှစ်သစ်အဓိဋ္ဌာန်ပြုတဲ့အခါ

နှစ်ဟောင်းတစ်ခုကုန်လို့ နှစ်သစ်တစ်ခုရောက်ပြန်ပြီ။ လူတိုင်းလိုလို လုပ်လေ့လုပ်ထရှိတဲ့ အရာတစ်ခုကတော့ နှစ်သစ်စတဲ့နေ့မှာ အဓိဋ္ဌာန်ပြုခြင်းဖြစ်တယ်။ နေ့စဉ်မှတ်တမ်း ရေးကျင့်ရှိသူများကတော့ ပထမဆုံး စာမျက်နှာမှာ ဒီနှစ်အတွင်း ဘာတွေဖြစ်အောင်လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ချလေ့ရှိတယ်။ တချို့ကတော့ ဒီနေ့ကစပြီး အရက်ဘယ်လောက်လျှော့သောက်မယ်၊ ဆေးလိပ်ဘယ်လိုဖြတ်မယ်ဆိုတဲ့ သစ္စာအဓိဋ္ဌာန်တွေ ချတတ်တယ်။

### ဆင်ခြေဆင်လက်အမျိုးမျိုးနဲ့

ကျောင်းသူကျောင်းသား ကလေးသူငယ်တွေကလည်း စာမေးပွဲနီးပြီ၊ ဇန်နဝါရီတစ်ရက်နေ့ကစပြီး တစ်ရက်ကို ဘယ်နနာရီစာကျက်ပြီး ဘယ်နနာရီအိပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ချလေ့ရှိတယ်။ ဒါပေမဲ့ လူ့လောကမှာ နှစ်ပေါင်း ၅၀ လောက် နေလာခဲ့တဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ ဒီလိုနှစ်သစ်အဓိဋ္ဌာန်ဆိုတာမျိုးတွေဟာ ကြာကြာမခံတတ်ဘူးဆိုတဲ့အချက်ဖြစ်တယ်။ တချို့က တစ်ပတ်လောက် လိုက်နာစောင့်ထိန်းမယ်။ တချို့က တစ်လလောက်ထိခံမယ်။ နှစ်ပေါက် လိုက်နာစောင့်ထိန်းသူရယ်လို့ မတွေ့ဖူးသလောက်ပါပဲ။ ကိုယ်တိုင်လည်း ငယ်ငယ်တုန်းက တစ်နေ့ ဘယ်နနာရီစာကျက်မယ်ဆိုပြီး ကျောင်းကပေးတဲ့ ဒိုင်ယာရီ ပထမဆုံးစာမျက်နှာမှာ နှစ်စဉ်လိုရေးခဲ့ပါတယ်။ တစ်နှစ်မှ လက်တွေ့ဖြစ်မလာပါဘူး။ အကြောင်းအမျိုးမျိုး၊ ဆင်ခြေဆင်လက် အမျိုးမျိုးပေးပြီး အဓိဋ္ဌာန်ပျက်သွားတာချည်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**အကျင့်စရိုက်ဖြစ်သွားနိုင်တယ်**

ငယ်ငယ်ကတော့ ပေါ့ပေါ့ပါပဲ။ ဘာမှ သိပ်စဉ်းစားတာမဟုတ်ပါဘူး။ ကလေးဘဝအစိဋ္ဌာန်ဆိုတာ ဘာမှကြီးကျယ်တာမဟုတ်တော့ ဘယ်သူ့ကိုမှလည်း ထိခိုက်တာမရှိသလို ကိုယ့်အတွက်လည်း ပြောပလောက်အောင် ဘာမှဖြစ်တာမဟုတ်ပါဘူး။ စဉ်းစားတွေးခေါ်တတ်တဲ့ အရွယ်ရောက်မှ စဉ်းစားကြည့်လိုက်တော့ ဒီလို ကိုယ်ပြုခဲ့တဲ့ သစ္စာအဓိဋ္ဌာန်ကို ကိုယ်တိုင်ပြန်ပြီးဖောက်ဖျက်ခြင်းဟာ မကောင်းတဲ့အကျင့်တစ်ခုဖြစ်တယ်။ ဒီအကျင့်ဆိုး စွဲသွားပြီး စရိုက်ဝသီအဖြစ်ရောက်သွားမယ်ဆိုရင် နောင်မှာ ကတိတွေခဏခဏပေးပြီး ပေးပြီးတိုင်းဖျက်ပယ်တတ်တဲ့ လူလိမ်လူညာတစ်ယောက်အဖြစ် ရောက်သွားနိုင်တယ်ဆိုတာ သတိပြုလိုက်မိပါတယ်။ သတိပြုမိတဲ့အချိန်ကစပြီး နှစ်ကူးအဓိဋ္ဌာန်ဆိုတာမျိုး ဒိုင်ယာရီမှာ မရေးတော့ပါဘူး။ နောက် အကြိမ်ကြိမ် ထောင်ထဲရောက်ဖူးသွားတဲ့အခါကျတော့ ဒိုင်ယာရီရေးတဲ့အကျင့်ပါ လုံးဝဖျောက်ပစ်လိုက်ပါတော့တယ်။

**အဖြူရောင်မုသားတဲ့လား**

အသက်ကလေးနည်းနည်းရလာတော့ သစ္စာအဓိဋ္ဌာန်ဆိုတာ ကိုယ့်သဘောနဲ့ကိုယ်ပြုပြီးခါမှ ဘာ့ကြောင့် ကိုယ့်သဘောနဲ့ကိုယ် ပြန်ပြီးဖျက်နေကြတာလဲဆိုတဲ့အချက်ကို အလေးအနက်ထားပြီး စဉ်းစားမိတယ်။ တချို့က တော်တော်ကိုဆိုးပါတယ်။ လျှာအရိုးမရှိဆိုတဲ့အတိုင်း လွယ်လွယ်လေးကတိပေးပြီး လွယ်လွယ်လေးချိုးဖောက်တတ်ကြတယ်။ မုသားမပါ လင်္ကာမချောဆိုတဲ့စကားကို ခုတုံးလုပ်ပြီး လိမ်တာညာတာကိုပဲ အပြစ်မရှိသယောင် ပြောကြတယ်။ တချို့ ပညာတတ်လူလည်တွေကျတော့ လိမ်တာကိုပဲ 'အဖြူရောင်မုသား'(White Lies)လို့ စကားလုံးလှလှလေး သုံးပြီး ဆင်ခြေပေးကြတယ်။ စကားတန်ဆာပဲပြောပြော၊ အဖြူရောင်မုသားပဲဆိုဆို လိမ်တာက လိမ်တာပါပဲ။ လူတွေဟာ ဆင်ခြင်ဉာဏ်မရှိလို့သာ လိမ်ကြညာကြတာပါ။ သေသေချာချာ စဉ်းစားတတ်မယ်ဆိုရင် အလိမ်ခံရသူ ထိခိုက်နစ်နာနေတာထက် လိမ်သူထိခိုက်နစ်နာမှုက ပိုဆိုးတယ်ဆိုတာ သိနိုင်ပါတယ်။ အလိမ်ခံရသူက တစ်ကြိမ်တစ်ခါသာ ထိခိုက်နစ်နာသွားပါတယ်။ လိမ်သူအဖို့တော့ ဘဝတစ်ခုလုံး လူလိမ်ဆိုတဲ့ အမည်းကွက်ကြီးက မပျောက်တော့ပါဘူး။ တစ်ခါလိမ်ဖူးရင် နောင်မှာ



မှန်တဲ့အတိုင်းပြောရင်တောင် ဘယ်သူကမှ မယုံကြတော့ပါဘူး။ 'လူလိမ်တစ်ခါဖြစ်ရင် တစ်သက်လုံးလူလိမ်ပဲ' (once a crook always a crook) ဆိုတဲ့ ဆိုရိုးစကား အရှိသားမဟုတ်ပါလား။

**လုပ်နိုင်တာကိုသာအဓိဋ္ဌာန်ပြု**

အဲဒီလို လူလိမ်(crook) ဖြစ်မသွားဖို့အတွက် ငယ်စဉ်ကတည်းက သစ္စာအဓိဋ္ဌာန်တွေ ကတိတွေကို လွယ်လွယ်ပြုပြီး လွယ်လွယ်ဖောက်ဖျက်တဲ့ အကျင့်ကို မစမိဖို့လိုပါတယ်။ စမိပြီဆိုရင်လည်း မဖြစ်မနေစောင့်ထိန်းရပါမယ်။ လိုက်နာစောင့်ထိန်းနိုင်ဖို့အတွက် အစကနဦးကတည်းက အမှန်တကယ်လုပ်နိုင်၊ စောင့်ထိန်းလိုက်နာနိုင်တဲ့ သစ္စာအဓိဋ္ဌာန်နဲ့ ကတိမျိုးတွေကိုသာ ပြုဖို့လိုပါတယ်။ ဥပမာ ကျောင်းသားတစ်ယောက်ဟာ အမှန်တကယ်လိုက်နာဖို့ခက်တဲ့ တစ်နေ့ ၈ နာရီ စာကျက်မယ်ဆိုတဲ့ အဓိဋ္ဌာန်အစား သေချာပေါက်လိုက်နာနိုင်လောက်တဲ့ တစ်နေ့ ၂ နာရီ စာမှန်မှန်ကျက်မယ်ဆိုတဲ့ အဓိဋ္ဌာန်မျိုးပဲ ပြုသင့်တယ်။ ပိုကျက်နိုင်တဲ့နေ့ ပိုချင်သလောက် ပိုပါစေ၊ အဓိဋ္ဌာန်ပြုထားတာအောက်တော့ လုံးဝလျော့မသွားအောင် စောင့်ထိန်းပါ။ ဘယ်လိုအကြောင်းပြချက်နဲ့မှ မပျက်ပါစေနဲ့။ ငယ်စဉ်ကတည်းက 'ဆိုခဲ့စေမြဲစေ' အကျင့်လုပ်သွားရင် ကြီးတဲ့အခါ မလိမ်မညာတတ်တဲ့သူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

**မြောင်းထဲရောက်သွားမယ်**

သိပ်မဝေးတော့တဲ့ကာလမှာ နိုင်ငံရေးပါတီတွေ အများကြီးပေါ်ထွက်လာပြီး ရွေးကောက်ပွဲအတွက် မဲဆွယ်တာတွေလုပ်လာကြဖို့ ရှိပါတယ်။ လူတစ်ကိုယ် တစ်လဝင်ငွေငါးရာနဲ့ တိုက်တစ်လုံး၊ ကားတစ်စီး ပိုင်ရမယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ ကတိကဝတ်တွေပေးခဲ့တဲ့ ဖဆပလအဖွဲ့ကြီး နှစ်လေးဆယ် တည်မြဲရမယ်လို့ ကြွေးကြော်ခဲ့ပေမယ့် ဆယ့်လေးနှစ်နဲ့ ပြိုကွဲပျက်စီးသွားရတာကို သင်ခန်းစာယူသင့်ကြတယ်။ မစားရဝခမန်း အလိမ်အညာစကား ကတိတွေပေးကာ မဲဆွယ်ခဲ့ကြပြီး နောင်ကျတော့ ဘာမှလည်း လုပ်ပေးကြတာမဟုတ်တော့ လူထုကနိုင်ငံရေးသမားတွေကို အယုံအကြည်မရှိတော့လောက်အောင် သိက္ခာကျဆင်းခဲ့ကြရတယ်။ ဒီနေ့ခေတ်လူငယ်ထုက အလိမ်အညာခံရပါများလို့ ကောင်းကောင်းကြီးမနှပ်



www.burmeseclassic.com

www.burmeseclassic.com

လိမ္မာနေကြပြီး လိမ်လို့ညာလို့မရတော့ပါဘူး။ ဒါကြောင့် မလုပ်နိုင်တဲ့ အမိန့်ဒ္ဒာန်တွေနဲ့ လူထုကို လှည့်စားဖို့ကြိုးစားရင်တော့ လှည့်စားသူဟာ ခေတ်စကားနဲ့ပြောရရင် မြောင်းထဲရောက်သွားမှာ သေချာတယ်လို့ပဲ သတိပေးလိုက်ချင်ပါတယ်။

၂၃၊ ၁၂၊ ၂၀၀၉



# သူခိုးသေဖော်ညှိစာမျိုးတွေ

ခရစ္စမတ်နေ့က ကျောင်းသားဟောင်းတစ်ယောက်လာပြီး ဆုတောင်း မေတ္တာပို့ပါတယ်။ ရှပ်အင်္ကျီနဲ့ ပုဆိုးအပြင် ခုခေတ်မြို့ပြရဲ့ပြယုဂ် ဘူးစုံ ပုလင်းစုံ ခြင်းကလည်းပါသေးတယ်။ နက်စ်ကော်ဖီ၊ တူတံဆိပ်ထောပတ်၊ ခရတ်ဖ်ချိစ်၊ စပရိုက် စတာတွေအပြင် အာလူးကြော်ဘူး၊ နာနတ်ယိုဘူး လိုက်ချီးဘူးဆိုတာတွေလည်း ပါတယ်။ စုံနေတာပါပဲ။ တပည့်ဟောင်းကို တွေ့ရလို့ ဝမ်းသာရတယ်။ သူယူလာတဲ့ပစ္စည်းတွေအတွက်တော့ ထူးထူး ခြားခြား ခံစားမှုမဖြစ်ပါဘူး။

### မက်မောရတဲ့အရာတွေ

သူနဲ့ထိုင်စကားပြောနေဆဲမှာပဲ ဆန်ကောကြီးနှစ်ချပ်အပြည့်ထည့် လာတဲ့ အသီးအရွက်တွေ မပြီး ကလေးတွေက ယူလာပြကြတယ်။ အလုံ တောင်ကြီးကားဂိတ်က သွားယူပြီးပြန်လာကြတာပါ။ ဇန်းတွေထဲမှာလည်း စုံနေတာပါပဲ။ စူကာသီး၊ စူကာညွှန့်၊ မုန်ညင်း၊ မုန်လာ၊ ပန်းမုန်လာ၊ ပဲပုပ်၊ ဆီတို့ဟူး၊ ထောပတ်သီး၊ မိုးမျှော်ငရုတ်သီး အစိုထုပ်၊ အခြောက် ဆုပ်၊ ၊ ခေါ်ပုတ်၊ ခဲလံချောင်း၊ ဖရုံစေ့ထုပ်၊ နေကြာစေ့ထုပ်၊ လက်ဖက် ခြောက်၊ ကြက်သွန်ဖြူ၊ နှစ်ပြန်ကြော်အပြည့်ပါတဲ့ ဘူးကြီးကတစ်ဘူး၊ တောင်ကြီးပဲစို၊ ပဲကြော် အမျိုးစုံအမယ်စုံပါ။ ဆိုင်ခင်းရောင်းရင်တောင် ရလောက်တယ်။ လတ်လတ်ဆတ်ဆတ် အသီးအရွက်တွေမြင်ရတာ ဝမ်း သာလိုက်တာ။ တစ်ခုချင်းကောက်ကိုင်ကြည့်ပြီး ကိုယ့်ဟာကိုယ်ကျေနပ်နေ မိတယ်။ ဒီပစ္စည်းတွေဟာ စောစောကလက်ဆွဲခြင်းထဲက ပစ္စည်းများရဲ့ လေးပုံတစ်ပုံတောင် တန်ဖိုးရှိမယ်မထင်ဘူး။ ဒါပေမဲ့ ပိုပြီးမက်မောမိတယ်။ နှစ်မျိုးစလုံးက မေတ္တာနဲ့ပေးတဲ့ပစ္စည်းပါ။ ဒါပေမဲ့ ခြင်းတောင်းထဲက ပစ္စည်းတွေက ပိုက်ဆံရှိရင် အချိန်မရွေးဝယ်လို့ရတယ်။ တောင်ကြီးကပို့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေက ရန်ကုန်မှာ ဝယ်လို့မရနိုင်တဲ့ပစ္စည်းမျိုး။ ဥပမာ စူကာညွန့် (ကော်ရခါးညွန့်)ဆိုပါတော့ တကယ်ကိုအညွန့်လေးတွေ။ ရန်ကုန်မှာ တွေ့ရသလို အရွက်ကြမ်းကြီးတွေမဟုတ်ဘူး။ မုန်ညင်းတွေ၊ မုန်လာတွေလည်း အလားတူပဲ။ လတ်လတ်ဆတ်ဆတ် နုဖတ်နေတာတွေပါ။

## တိုက်တိုက်ဆိုင်ဆိုင်

ညနေကျတော့ ချက်ချင်းပဲ ပါလာတဲ့ဆန်ခေါက်ဆွဲကို အလုပ်နိုင်းပြီး ရွှေပဲရွက်နိုင်းချင်းထည့် စားလိုက်တယ်။ ရန်ကုန်မှာ ဆန်ခေါက်ဆွဲစားလို့ ရပေမယ့် ရွှေပဲရွက်က ရနိုင်တာမဟုတ်ဘူးလေ။ တိုက်ဆိုင်ချင်ပြန်တော့ နောက်တစ်နေ့မှာပဲ မန္တလေးကနေမတွေ့ပို့လိုက်တဲ့ အသီးအရွက်တွေ ဘူးနှစ်ဘူးနဲ့ရောက်လာပြန်တယ်။ သူတို့ထဲမှာလည်း ရွှေပဲရွက်တွေပါလာသေးတယ်။ သုပ်ပြီး တစ်ဝကြီးစားရတော့မယ်။ ဝမ်းသာလိုက်တာ။ သူတို့ပို့တဲ့ထဲမှာလည်း မုန်ညင်းမုန်လာတွေအပြင် ခွေးတောက်ရွက်၊ တစောင်းခါး၊ တိုင်းခရမ်းချဉ်သီး၊ ပဲမြစ် စတဲ့အညာစာတွေပါသေးတယ်။ ဆောင်းတွင်းစားစရာတွေ တိုက်တိုက်ဆိုင်ဆိုင် မြို့နှစ်မြို့ကရောက်လာတာဆိုတော့ လှိုင်ဘောလယ်နေတော့တယ်။ ဆောင်းဆိုတော့ ကားနဲ့ပို့လည်း စိမ်းစိုလန်းဆန်းနေတုန်း။ ရန်ကုန်မှာလည်း နှစ်ရက်သုံးရက်တော့ ကောင်းကောင်းခံသေးတယ်။ ဒါကြောင့် ဆောင်းရာသီကိုကြိုက်ရတာ။ အညာသားဖြစ်ပြီး အပူနဲ့မတည့်တဲ့ရောဂါအတွက်လည်း ဆောင်းကာလဆိုနေရထိုင်ရသက်သာတယ်။ ခရစ္စမတ်အလွန်မှာ အအေးကလေးပိုလာတော့ အနွေးထည်ဝတ်ရလောက်အောင် မဟုတ်ပေမယ့် ဆောင်းမှန်းသိသာလို့ ကျေနပ်မိတယ်။ ဆောင်းရာသီကုန်ဆုံးသွားမှာကို နှမြောနေမိတယ်။

## အရှေ့ကအရှေ့ အနောက်ကအနောက်

မြန်မာလူမျိုးက ဆောင်းရာသီဟာ ချစ်စရာအကောင်းဆုံးလို့ ယူဆပေမယ့် အနောက်ကလူတွေကတော့ ဆောင်းကို တော်တော်စိတ်ပျက်ရှာကြမှာ။ သစ်ပင်ပန်းပင်တွေမရှိ၊ လမ်းတွေပေါ်နှင်းတွေခဲပြီး ကားတွေပိတ်ဆို့နေလို့ သွားလို့လာလို့မရဖြစ်ကြတယ်။ သူတို့ဆီမှာ ဘာသစ်ပင်ပန်းပင်မှ မရှိတဲ့အချိန်မှာ မြန်မာပြည်မှာတော့ ပန်းတွေအပွင့်ဆုံး၊ ဟင်းသီးဟင်းရွက်တွေ အပေါဆုံးဖြစ်နေတယ်။ မြန်မာပြည်ကလူတွေ ကျောကော့အောင် လိုမ့်ခံကြရတဲ့ နွေအခါ မေလကျတော့ သူတို့က အလှဆုံး အချစ်ဆုံးပန်းတွေ အပွင့်ဆုံးတဲ့။ အရှေ့နဲ့အနောက်ကတော့ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်နေကြတာပဲ။ ဒီမနက်ပဲ သတင်းစာထဲမှာ အအေးလွန်လို့ ဥရောပတစ်ဝန်းမှာ သေဆုံးသူပေါင်း ငါးဆယ်နီးပါးရှိတယ် ဆိုတဲ့သတင်းဖတ်လိုက်ရသေးတယ်။ လေယာဉ်တွေ၊ မီးရထားတွေ၊ မော်တော်ကားတွေလည်း မထွက်နိုင်ကြလို့ မြို့တကာနယ်တကာမှာ ခရီးသည်တွေ ထောင်သောင်းချီပြီး သောင်တင်နေကြသတဲ့။ မြန်မာလူမျိုးချစ်တဲ့ ဆောင်းဟာ သူတို့အတွက်တော့ စိတ်ပျက်စရာပေါ့။ သူတို့ချစ်တဲ့ မေကျတော့လည်း မြန်မာလူမျိုးတွေက ကြောက်လိုက်တာ။ ဒါကြောင့်လည်း အရှေ့ကအရှေ့၊ အနောက်ကအနောက်ပဲလို့ စာရေးဆရာကြီး မတ်တွိန်းက ပြောခဲ့တာနေမှာ။

## ဘာထိပ်တိုက်တိုးတာလဲ

ဒါနဲ့တောင် လူတွေက အနောက်ကအရာမှန်သမျှကို ဘာ့ကြောင့်များကောင်းလှချည်ရဲ့ဆိုပြီး ခေါင်းပေါ်တင်ထားချင်နေကြတာလဲ။ အနောက်က လူတွေ ပြောသမျှစကားလုံးတိုင်း၊ စာကြောင်းတိုင်းကို ဘာ့ကြောင့်များ ထာဝရဖန်ဆင်းရှင်ရဲ့ နှုတ်ကပတ်တော်များသဖွယ် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှပါပေတယ်လို့ ပြောနေကြတာလဲ။ သူတို့နိုင်ငံမှာ ယဉ်ကျေးမှုတွေချင်း ထိပ်တိုက်တိုးနေကြတာနဲ့ပဲ ဒီမှာလည်း ထိပ်တိုက်တိုးစရာလား။ ဒီမှာက ဆင္ဖမသဂါယနာတင်ခဲ့တဲ့ မင်းတုန်းမင်းကြီးကတောင် အမေရိကန်သာသနာပြုတွေအတွက် ကျောင်းဆောက်ပေးခဲ့သလို၊ အစ္စလာမ်ဘာသာဝင်တွေအတွက်လည်း ဝတ်ပြုစရာဗလီဝတ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့တာပါ။ ပြည်ကြီး(တရုတ်)က ဝင်လာသူတွေ၊ မူလွတ်(အိန္ဒိယ)က ရောက်လာသူတွေနဲ့လည်း ဆွေလိုမျိုးလိုနေခဲ့ကြတာ နှစ်ပေါင်းရာချီကြာခဲ့ပါပြီ။ ဘာယဉ်ကျေးမှုတွေမှ ထိပ်တိုက်မတိုးခဲ့ဖူးပါဘူး။ သူတို့ဆီမှာကတော့ ကမ္ဘာပေါ်မှာရှိရှိသမျှ လူမျိုးတစ်ရာ့တစ်ပါးနဲ့ ဒေသခံတွေက အရေအတွက်အားဖြင့် 'ပိန်မသာ လိန်မသာ' ရှိနေကြရာမှာ၊ မဟာလူဖြူတွေက အသားမဖြူတဲ့လူတွေဆိုရင် ဘယ်သူ့မဆို ဒုတိယတန်းစားလူမျိုးတွေလို့ ခွဲခြားထားကြလေတော့ ပြဿနာကြီးတွေ မဖြစ်ဘဲနေပါတော့မလား။



www.burmeseclassic.com

www.burmeseclassic.com

### စပါးတကောပ်လိုတုံ့ပြန်မှုပါ

လူမည်းတွေ၊ လူညို၊ လူဝါတွေက ရောက်စတော့ လူနည်းစုမို့ ငုံ့ခံနေကြရတာဖြစ်တယ်။ နောင်နှစ်တွေကြာပြီး ကိုယ့်အင်အားက များသထက်များလာကြတဲ့အခါ ကောင်းကောင်းပြန်အစွမ်းပြကြတယ်လေ။ ဒီတော့ ပြဿနာတွေက ပဋိပက္ခတွေဖြစ်၊ နောက်တစ်ဆင့်တက်တော့ လူမျိုးရေး၊ ဘာသာရေး ရန်ပွဲကြီးရန်ပွဲငယ်တွေအထိ ဖြစ်လာကြရတော့တာပါပဲ။ ဒါကို ယဉ်ကျေးမှုချင်း ထိပ်တိုက်တိုးတာလို့ ပြောတာပါ။ တကယ်က ယဉ်ကျေးမှုချင်း ထိပ်တိုက်တိုးတာမဟုတ်ပါဘူး။ ကာလရှည်ကြာစွာ အနှိမ်ခံ၊ အဖိနှိပ်ခံနေရာမှာ နေခဲ့ကြရသူတွေက ဗိုလ်ကျမောက်မာ ဖိနှိပ်သူတွေကို တူညီတဲ့နည်းနဲ့ လက်တုံ့ပြန်ကြတာဖြစ်ပါတယ်။ အနောက်ဖက်နဲ့ အနောက်မြောက်ဖက် တောကြီးမျက်မည်းဒေသတွေဖြတ်ပြီး ရထားလမ်းဖောက်ဖို့ ကျွန်ကုန်ကူးသူတွေဆီက တဆင့်ခေါ်ယူခဲ့တဲ့ တရုတ်လူမျိုးတွေကို၊ ဘယ်လိုထားပြီး ဘယ်လိုနိုင်းခဲ့ကြသလဲ။ ကြာပွတ်နဲ့ တရှမ်းရှမ်းရိုက်ပြီး ရောမခေတ်က ကျွန်တွေကိုဆက်ဆံသလို ဆက်ဆံခဲ့ကြတာပဲ မဟုတ်လား။ နောက်ဆုံးကျတော့ ရောမခေတ်မှာ 'စပါးတကပ်'တို့ တုံ့ပြန်ခဲ့သလို တုံ့ပြန်ခဲ့ကြတာပါ။ ဘာယဉ်ကျေးမှုချင်း ထိပ်တိုက်တိုးခြင်းမှ မဟုတ်ပါဘူး။

### သူခိုးသေဖော်မညှိနဲ့

ဒီလိုတုံ့ပြန်မှုတွေကို သေးသိမ်အောင် မဟာကော်ပိုရေးရှင်းကြီးများရဲ့ ကိုယ်စားလှယ်တွေက ဘာမှမဟုတ်တဲ့ ယဉ်ကျေးမှုချင်းထိပ်တိုက်တိုးမှုအဖြစ် ရေးသားဝါဒဖြန့်နေကြတာ ဖြစ်တယ်။ အဲဒီဝါဒဖြန့်ချီချက်တွေကို နားစွန်နားဖျားကြားဖူးတဲ့၊ မျက်နှာဖြူအရှင်သခင်ကြီးမှန်သမျှကို ဖန်ဆင်းရှင်စေလွှတ်လိုက်တဲ့ တမန်တော်အလား ကိုးကွယ်ဆည်းကပ်နေသူများက ဘာရည်ရွယ်ချက်နဲ့ ပြည်တွင်းမှာ တစ်ဆင့်ဝါဒဖြန့်ချိပေးနေကြတာလဲဆိုတာ သိသာပါတယ်။ ကမ္ဘာကြီးအကြောင်းကို မြန်မာတွေ သိစေချင်လို့ဆိုတဲ့ အကြောင်းပြချက်ခိုင်မာစေဖို့ တော့ဖလာတို့၊ ပီကာဒရပ်ကားတို့၊ ဖူကူးယာမတို့၊ ဟန်တင်တန်တို့၊ စတစ်ဂလစ်တို့လိုပဲ ထင်ရှားကျော်ကြားတဲ့ နုံးချွမ်စကီးတို့၊ အက်ဒဝပ်ဆာအစ်တို့၊ မီလန်ကွန်ဒဲရားတို့၊ ဂွန်ပီးလ်ဂါးတို့လို ပါမောက္ခကြီးတွေရဲ့ စာအုပ်တွေကိုလည်း ဘာကြောင့်ဘာသာမပြန်ကြတာပါလဲ။ မဟာကော်ပိုရေးရှင်းကြီးတွေကြီးစိုးတဲ့ စနစ်ကြီးရဲ့ သရုပ်မှန်



ကို အမှန်အတိုင်း ခွဲခြမ်းစိတ်ဖြာပြထားတဲ့ စာမျိုးတွေ ဖြစ်နေလို့မဟုတ်ဘူးလား။ ဘယ်သူမဆို ကိုယ်ရေးချင်တာ ရေးခွင့်ရှိပါတယ်။ ကိုယ်ကြိုက်တာ ဘာသာပြန်ခွင့်ရှိပါတယ်။ ကိုယ့်ဝါဒဖြန့်ချင်တာ ဖြန့်နိုင်ပါတယ်။ ကိုယ့်ဟာကိုယ် ရိုးရိုးသားသားလုပ်ပါ။ ဘယ်သူကမှ မတားဆီးပါဘူး။ တားဆီးခွင့်လည်း မရှိပါဘူး။ ဒါပေမဲ့ မြန်မာတွေ ကြားဖူးစေချင်လို့၊ ဖတ်ဖူးစေချင်လို့ ဗဟုသုတရှိစေချင်လို့ဆိုတဲ့ စေတနာယောင်ဆောင် 'သူခိုးသေဖော်ညှိ' စကားတွေနဲ့တော့ လူတွေကိုမလှည့်စားပါနဲ့။ အဲဒီစကားတွေဟာ လူတွေအားလုံးကို သိမ်းကြုံးပြီး 'နလပိန်းတုံး'တွေမို့ ပညာပေးနေရတာလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။

### ဘယ်သူနဲ့မဆိုယှဉ်ရဲတယ်

မြန်မာလူမျိုးက သမိုင်းရဲ့ အလှည့်အပြောင်း၊ အကွေ့အကောက်တိုင်းမှာ ဆန်ကောထဲထည့်ပြီးလှည့်တဲ့ ဆီးဖြူသီးလို ခလောက်ဆန်အောင်ခံခဲ့ရတဲ့ အတွေ့အကြုံတွေ များလှတဲ့လူမျိုးပါ။ လူတစ်ယောက်ပါးစပ်ဟလိုက်တာနဲ့ အူမထိအောင် ဖောက်ထွင်းမြင်နိုင်တဲ့လူမျိုး ဖြစ်ပါတယ်။ ကျွန်ဘဝမှာနေခဲ့ရချိန်တွေများလွန်းလို့ စီးပွားရေးတို့၊ ဘာတို့ ကောင်းကောင်းမလုပ်တတ် မကိုင်တတ်သေးပေမယ့် နိုင်ငံရေးအသိစိတ်ဓာတ်နဲ့ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအမြင်တို့မှာတော့ ခေါ်လာစမ်းပါ။ ဘယ်သူနဲ့မဆို ယှဉ်ရဲပါတယ်။ ကိုယ်တိုင်မကြုံဖူး၊ ကိုယ်တိုင်မခံစားဖူး၊ ကိုယ်တိုင် လူတွေနဲ့အတူလက်တွဲပြီး ဖြတ်သန်းကျော်လွှားမပြဖူးသူတွေက ဘာသိမှာလဲ။ ဘာနားလည်မှာလဲ။ နိုင်ငံရေးဆိုတာ စာအုပ်ကြီးတွေဖတ်ပြီး လုပ်ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ လူတွေကြားနေပြီး၊ လူတွေနဲ့အတူ လက်ချင်းတွဲလုပ်ဆောင်ရတာမျိုး ဖြစ်တယ်။ ဟမ်ဘာဂါစားပြီး ဝီစကီလေးစုပ်ချင်သူများနဲ့တော့ လားလားမှအပ်စပ်တဲ့အရာ မဟုတ်ကြောင်းပါဗျာ။

၂၉၊ ၁၂၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# အထီးကျန်ဝေဒနာ မြန်မာပြည်မှာမရှိ

ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ငယ်သူငယ်ချင်း ၅ ယောက် အချိန်းအချက်လုပ်ပြီး ရောက်လာကြတယ်။ ရေကြည်မှာ အခြေချနေထိုင်တဲ့ သူငယ်ချင်း ဆရာဝန်က လာမယ်လို့ ဖုန်းကြိုဆက်ထားတဲ့အတွက် ရန်ကုန်မှာ လက်လှမ်းမီတဲ့ သူငယ်ချင်း ၄ ယောက်နဲ့ ချိန်းပြီး ရောက်လာကြတာဖြစ်တယ်။

## မင်းငါပြောရတဲ့အရသာ

သူငယ်ချင်းအားလုံးက မန္တလေးဖားသားလဖုန်းကျောင်းမှာ အတူနေခဲ့ကြသူတွေဖြစ်တော့ အခုထိ တစ်ယောက်နဲ့တစ်ယောက် နာမည်ပြောင်တွေနဲ့ပဲခေါ်ပြီး ပြောကြဆိုကြဆဲ ဖြစ်တယ်။ အချင်းချင်းတွေ့လိုက်တာနဲ့ 'ဟော့ဖြိုး'၊ 'ဟော့ဗိန္ဒော'၊ 'ဟော့ဆင်ကြီး'လို့ပဲ အားပါးတရ နှုတ်ဆက်ကြတာဖြစ်တယ်။ အားလုံးဟာ ၇၀ တန်းတွေချည်းပါပဲ။ မြေးက ကောလိပ်ရောက်သူတောင် ရှိနေပါပြီ။ ဒီအရွယ်မှာ တစ်ယောက်နဲ့တစ်ယောက် ဟန်လုပ်မနေရဘဲ မင်းနဲ့ ငါနဲ့ အားရပါးရခေါ်ပြီး စကားပြောရတဲ့ အရသာ ဘယ်လောက်ချိုမြိန်တယ်ဆိုတာ ကြုံဖူးသူတွေမှ သိနိုင်ကြတာ ဖြစ်တယ်။ ဒီအသက်အရွယ်မှာ ဒီလို မင်းနဲ့ ငါနဲ့ပြောလို့ရတဲ့ သူငယ်ချင်း ဒါလောက် များများစားစားရှိတာ ဝမ်းသာစရာသိပ်ကောင်းတယ်။ ဒါတောင် အဆက်အသွယ်ပြတ်နေကြလို့။ ရန်ကုန်မှာတင် လဖုန်းကျောင်းသားဟောင်းတွေ အတော်များများရှိတယ်။ တချို့က မသိလို့ မဆက်သွယ်မိတာ။ တချို့ကျတော့ သိပေမယ့် လက်လှမ်းမမီဖြစ်ပြီး အဆက်ပြတ်နေကြတာဖြစ်တယ်။

## ဆရာကန်တော့ပွဲကျေးဇူး

အခု သူငယ်ချင်းငါးယောက်ဆုံပြီး ရောက်လာကြတာတောင် တကယ်တော့ ဆရာကန်တော့ပွဲကျေးဇူးကြောင့် ဖြစ်တယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၁ ရက်နေ့က မန္တလေးမှာ ၁၂ ကြိမ်မြောက် ဆရာကန်တော့ပွဲ လုပ်ကြတယ်။ အဲဒီရက်မတိုင်ခင်မှာ မန္တလေးမှာနေတဲ့ အသက် ၇၀ ကျော် ကျောင်းသားဟောင်းကြီးတွေက ပြန်ဆုံနိုင်အောင် ကြိုးစားကြပါလို့ လှမ်းပြီးတိုက်တွန်းကြတယ်။ ဒုက္ခိတမို့ ကိုယ်က မသွားနိုင်ပေမယ့် ကျန်သူငယ်ချင်းတွေကို အကြောင်းကြားပြီး ဆော်သြပေးလိုက်တယ်။ ဒါပေမဲ့ ရက်သိပ်ကပ်နေမှ သိရတော့ မစီစဉ်နိုင်ကြဘူး။ ကန်တော့ပွဲပြီးသွားတော့ ရန်ကုန်က တာဝန်ယူ လှုပ်ရှားဆောင်ရွက်ပေးကြတဲ့ လူငယ်ပိုင်း ကျောင်းသားဟောင်းတွေ ရောက်လာပြီး ဆရာကန်တော့ပွဲအကြောင်း သတင်းပေးပြောကြားရင်း နောက်နှစ်မှာ သွားဖြစ်အောင်သွားကြဖို့ တိုက်တွန်းကြတယ်။ ဒါနဲ့ နောက်တစ်ပတ်မှာ သူတို့လူငယ်အုပ်စုနဲ့ဆုံဖို့ သူငယ်ချင်းလေးယောက်ကို ချိန်းလိုက်တယ်။ အဲဒီလိုဆုံကြရင်း ရေကြည်က သူငယ်ချင်းကိုပါ ဖုန်းဆက်ပြီး တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြတာကြောင့် သူငယ်ချင်းက မနေနိုင်တော့ဘဲ ရန်ကုန်ကို ပေါက်ချလာတာဖြစ်တယ်။

## မြန်မာပြည်မှာနေရတာ ကျေနပ်တယ်

ဆရာကန်တော့ပွဲဆိုတာ ဆရာတွေကို ကျေးဇူးဆပ် ကန်တော့ကြရုံသာမက သူငယ်ချင်းဟောင်းတွေပါ ပြန်လည်ဆုံတွေ့စေတာကြောင့် အင်မတန်မှကို တန်ဖိုးရှိတဲ့ပွဲမျိုး ဖြစ်တယ်။ ခေတ်ရဲ့လိုအပ်ချက်အရ အခုခေတ်မှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာတာဖြစ်လို့ လူငယ်တွေကို ကျေးဇူးတင်စရာကောင်းလှပါတယ်။ နေ့စဉ်သတင်းစာတွေ လှန်လိုက်တဲ့အခါတိုင်း အနယ်နယ်အရပ်ရပ်က ကျောင်းအသီးသီးရဲ့ ဆရာကန်တော့ပွဲသတင်းတွေ သုံးလေးပုဒ်မပါတဲ့နေ့ရယ်လို့ မရှိပါဘူး။ အင်မတန်ကြည်နူးဝမ်းမြောက်ရတဲ့ မင်္ဂလာသတင်းမျိုး ဖြစ်ပါတယ်။ ကမ္ဘာမှာ ဒီလိုပွဲမျိုး ဘယ်နိုင်ငံမှာမှမရှိဘဲ မြန်မာတစ်နိုင်ငံတည်းမှာပဲ တွေ့နိုင်တာဖြစ်လို့လည်း မြန်မာနိုင်ငံမှာနေရတာ ကျေနပ်အားရဖြစ်ရပါတယ်။

## အထီးကျန်သူငယ်ချင်း

ငယ်သူငယ်ချင်းတွေနဲ့ ဆုံတွေ့ပြီး မင်းတစ်လုံး ငါတစ်လုံးနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေပြောရတာ အနည်းဆုံး အသက်တစ်နှစ်လောက်တော့ ပိုရှည်သွားမယ်ထင်တယ်။ သူတို့အားလုံး ပြန်သွားကြတဲ့ အခါကျ





www.burmeseclassic.com

www.burmeseclassic.com

တော့ ဒီလိုသူငယ်ချင်းမျိုးတွေမရှိလို့ အထီးကျန်ရာကနေပြီး အရက်အိုးကြီး ဘဝနဲ့ နိဂုံးချုပ်သွားခဲ့ရတဲ့ ကောလိပ်မှာ အတန်းတူတက်ခဲ့ရတဲ့ သူငယ်ချင်း တစ်ယောက်ကို ပြေးပြီးသတိရလိုက်မိပါတယ်။ သူငယ်ချင်းက နိုင်ငံခြား သွား ပညာသင် ပါရဂူဘွဲ့ရပြီး နိုင်ငံခြားမှာပဲ အလုပ်လုပ်နေထိုင်ပါတယ်။ အလုပ်တူလုပ်တဲ့ နိုင်ငံခြားသူနဲ့အကြောင်းပါပြီး သားသမီးတွေပွားစီးပါတယ်။ ကြီးလာတော့ သားသမီးတွေက သူတို့ကိုယ်ပိုင်ဘဝတွေ ထူထောင်ပြီး ဟိုရောက်ဒီရောက် ရောက်ကုန်ကြလို့ ဇနီးမောင်နှံနှစ်ယောက်ပဲ ကျန်ပါ တယ်။ နှစ်ယောက်တည်းကျန်တဲ့အခါကျတော့ နဂိုက အရက်ကြိုက်တဲ့ သူငယ်ချင်းက ပိုသောက်ပြီး ပိုမူးပါတယ်။ အဲဒီတော့ လင်မယား တကျက် ကျက်ဖြစ်ပြီး ကွာကြရှင်းကြတဲ့အထိ ဖြစ်သွားပါတယ်။

### ဖုံးငှားတဲ့အလုပ်

တစ်ယောက်တည်းဖြစ်သွားတော့ သူငယ်ချင်းက တခြားနိုင်ငံတစ်ခုက တက္ကသိုလ်တစ်ခုကိုပြောင်းပြီး အလုပ်လုပ်ပါတယ်။ အဲဒီနိုင်ငံမှာနေရင်း မကြာခဏ ဖုန်းဆက်တတ်တယ်။ တစ်ခါဆက်ရင် တစ်နာရီကြာအောင် စကားတွေပြောပါတယ်။ တစ်ခါတလေ စကားပြောရင်းကနေပြီး မူးမူးရူးရူးနဲ့ ရှိုက်ကြီးတငင် ငိုချင်ငိုချလိုက်တာပါ။ ငါ့မှာ စကားပြောစရာ မင်းတစ်ယောက် ပဲရှိလို့ ခွင့်လွှတ်ပြီး နားထောင်ပေးပါ သူငယ်ချင်းရာလို့လည်း သတိဝင် တဲ့အခါ တောင်းပန်လေ့ရှိပါတယ်။ ကျောင်းဆရာဘဝနဲ့ နှစ်ပေါင်း နှစ်ဆယ်အစိတ်လောက် 'ပခုံးငှား'တဲ့အလုပ် ကျင့်သားရနေပြီ ဖြစ်လေ တော့ သူဖုန်းဆက်တဲ့အခါတိုင်း စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့ပါ တယ်။ ဒီလိုနဲ့ပဲ သူဖုန်းဆက်တဲ့အကြိမ်တွေ စိပ်စိပ်လာပြီး ဆက်တိုင်းလည်း ရှိုက်ကြီးတငင်ငိုတာချည်းပါပဲ။ နောက်ဆုံးကျတော့ သူဟာ အရူးကြီး တစ်ယောက်လိုဖြစ်ပြီး ဆွေဝေးမျိုးဝေး၊ သူ့မိသားစုနဲ့ဝေးတဲ့ နိုင်ငံတစ်ခု မှာ ကွယ်လွန်သွားရှာပါတယ်။

### အထီးကျန်ဝေဒနာ

အထီးကျန်ဝေဒနာနဲ့ ကွယ်လွန်ရတာပါ။ ပညာတွေတတ်ပြီး စားဝတ် နေရေး မပူပင်မကြောင့်ကြရပေမယ့် အသက်ကြီးလို့ အဖော်လိုအပ်ချိန် မှာ သူ့ခမျာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ အထီးကျန်တစ်ကောင်ကြွက်



ဖြစ်နေရှာတယ်။ တိုင်ပင်ဖော် တိုင်ပင်ဖက် မိသားစုနဲ့ကလည်းဝေး၊ ရင် ဖွင့်စရာ သူငယ်ချင်းအပေါင်းအဖော်ကလည်း မရှိဆိုတော့ စိတ်ညစ်ညစ် နဲ့ အရက်ကိုပဲ အဖော်လုပ်နေခဲ့ရတယ်။ နောက်ဆုံး ကြီးရာမရဖြစ်တဲ့အခါကျ မြန်မာပြည်ကသူငယ်ချင်းဆီ ဖုန်းဆက်ပြီး ရင်ဖွင့်ရှာတယ်။ အိုမင်းချိန်မှာ သူသာ မြန်မာပြည်မှာရှိနေမယ်ဆိုရင် ဒီလိုအထီးကျန်ဝေဒနာနဲ့ သေရမှာ မဟုတ်ပါဘူး။ မြန်မာပြည်ဆိုတာက အပေါင်းအသင်းကို အင်မတန်ခင် တတ်ကြတာ။ ပြီးတော့ ရပ်ဆွေရပ်မျိုးဆိုတဲ့ စိတ်ဓာတ်ကလည်း သိပ်ကြီး ကြတာ။ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်ဖြစ်စေဦးတော့ အထီးကျန်တော့ ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး။ အိမ်နီးနားချင်း၊ အခန်းနီးချင်းတွေက မိတ်ဆွေဖွဲ့ပြီး ရင်းရင်းနှီးနှီးနေကြမှာပဲ။ ဟိုဘက်အိမ်က ဟင်းတစ်ခွက်၊ ဒီဘက်အိမ်က လက်ဖက်တစ်ရိုးတော့ ကမ်းလာ ပို့လာကြမှာ သေချာတယ်။ ဒီလိုနဲ့ပဲ အိမ်နီးချင်းတွေဟာ နှစ်အိမ့်တစ်အိမ်ဖြစ်ပြီး ဆွေတွေမျိုးတွေလို နေနေကြတာ မဟုတ်လား။

### အသက်ရှည်ဆေး

သူငယ်ချင်းအပေါင်းအသင်းတို့၊ ငယ်ပေါင်းကြီးဖော်တို့ ရပ်ဆွေရပ်မျိုး တို့ ဆိုတာတွေဟာ အသက်ရှည်ဆေးတွေပါ။ အိုမင်းချိန်မှာ အင်မတန် မှကို အဖိုးတန်လှတဲ့အရာတွေဖြစ်တယ်။ အဲဒီအရာတွေဆီကရတဲ့ 'မေတ္တာ' ဆိုတာမျိုး ပေါပေါများများနဲ့ အလျှံပယ် အခမဲ့ရနိုင်တဲ့နေရာဆိုလို့ မြန်မာ တစ်နိုင်ငံတည်းပဲ ရှိလိမ့်မယ်ထင်ပါတယ်။ မြန်မာပြည်မှာနေရတာ သိပ် စိတ်ချမ်းသာရပါတယ်။

၂၊ ၂၊ ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com

# ဖယောင်းလိုပျော့ပျောင်းတဲ့သံမဏိလူသား

(လူထုဦးလှ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ဆောင်းပါး)

လူ့လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေရှိတယ်။ တချို့က လူနဲ့ မှုနဲ့ တစ်ထပ်တည်းကျပြီး တချို့က လူတခြားမှုတခြား လုံးဝကွဲပြားခြားနားကြတယ်။ သိသာထင်ရှားသူနှစ်ဦးကို နှိုင်းယှဉ်ပြရမယ်ဆိုရင် သခင်စိုးနဲ့ သခင်ဗဟိန်းကို ပြရပါလိမ့်မယ်။ သခင်စိုးက လူပုံကြမ်းတမ်းသလို စိတ်ဓာတ်ပိုင်း မှုပိုင်းဆိုင်ရာမှာလည်း အင်မတန်ကြမ်းတမ်းသူဖြစ်တယ်။ သခင်ဗဟိန်းကျတော့ လူက လူချောလူချည်သန့်၊ အနုအလှလေးတွေကို ချစ်တတ်သလို အနေအထိုင် အပြောအဆိုလည်း သိမ်မွေ့ယဉ်ကျေးတယ်။ ဒါပေမဲ့ ယုံကြည်ချက်အပိုင်း၊ မှုအပိုင်းမှာတော့ အင်မတန်ပြတ်သားတယ်။

## ဗိုလ်ချုပ်စိတ်မကောင်းဖြစ်ရတဲ့ကိစ္စ

ဘယ်လောက်ထိ နိုင်မာပြတ်သားသလဲဆိုရင် ကွယ်လွန်ခါနီး ဆေးရုံပေါ်ရောက်နေတဲ့အချိန်မှာ ကွန်မြူနစ်ပါတီကို ဖဆပလက ထုတ်ပယ်လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး လူမမာလာမေးချင်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုတောင် သူ့ဆီခေါ်မလာနဲ့ မတွေ့ချင်ဘူးလို့ ပြတ်ပြတ်သားသား ပြောခဲ့တာဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး တော်တော်စိတ်မကောင်းဖြစ်ခဲ့ရာတယ်။ ဦးနုကျတော့ နာမည်နဲ့လိုက်အောင် လူနုပြီး လူတစ်ယောက်သားကို ဘယ်တော့မှ နင်ပဲငဆ ပြောလေ့မရှိဘူး။ စိတ် အင်မတန်နူးညံ့တယ်။ လူတိုင်းကျေနပ်အောင် အမြဲကြိုးစားတယ်။ အဲဒီတော့ လူတိုင်းကျေနပ်အောင်လိုက်လုပ်ရင်း နောက်ဆုံးကျ ဘယ်သူမှ ကျေနပ်ကြမှာမဟုတ်ဘူးဆိုတဲ့ သိုးဆောင်းစကား ဆိုရိုးရှိတဲ့အတိုင်း ဘယ်သူ့ကျေနပ်မှုကိုမှ မရခဲ့ရှာဘူး။



## လောကဓံရဲ့ကျီစားမှု

ဦးလေးလှက သခင်ဗဟိန်းလိုလူစားမျိုး။ နာမည်နဲ့လိုက်အောင် လူက လူချောလူလှဖြစ်သလို၊ စိတ်လည်း အင်မတန်လှတယ်။ အင်မတန်မှလည်း နူးညံ့သိမ်မွေ့တယ်။ ဆရာဒဂုန်တာရာပြောတဲ့စကားအတိုင်း သူ့ဘက်ကတော့ 'မုန်းသူမရှိ ချစ်သူသာရှိ၊ ရန်သူမရှိ မိတ်ဆွေသာရှိ' ဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါပေမဲ့ သူက မုန်းသူမရှိ၊ ရန်သူမရှိသဘောထားပေမယ့် သူ့ကို ရန်သူလိုသဘောထားသူတွေရှိလေတော့ နာမည်ကျော် ပုဒ်မ ၅ နဲ့ အကျဉ်းထောင်ထဲမှာ လေးနှစ်နီးပါး သွားနေခဲ့ရပါတယ်။ ဒီနေရာမှာ လောကဓံတရားရဲ့ ပြက်ရယ်ပြုမှုလို့ ပြောရမလား၊ အကျီစားသန်မှုလို့ ဆိုရမလားမသိတဲ့ အချက်ကတော့ ဦးလေးလှကို ထောင်ထဲပို့ခဲ့တဲ့ ဖဆပလအဖွဲ့ကြီးကို စတင်တည်ထောင်သူတွေထဲမှာ သူဟာ တစ်ယောက်အပါအဝင်ဖြစ်ခဲ့ရုံတင်မက ဂျပန်အပြေး၊ အင်္ဂလိပ်တွေဝင်ဝင်ချင်း ဖဆပလအဖွဲ့ကြီးရဲ့ ဆိုင်းဘုတ်ကို မန္တလေးမှာ ပါမောက္ခဦးကျော်ရင်နဲ့အတူ အရင်ဆုံးတင်ခဲ့သူ ဖြစ်တယ်ဆိုတာပါပဲ။ ရန်ကုန်မှာတောင် အဲဒီအချိန်က ဖဆပလအဖွဲ့ ပြန်မဖွဲ့နိုင်သေးပါဘူး။

## ဦးနုရဲ့တောင်းပန်စကား

သူ့ကို ထောင်ထဲထည့်ခဲ့ပေမယ့် ဦးလေးလှက ဘယ်သူ့အပေါ်မှာမှ အာဃာတမထားခဲ့ပါဘူး။ မေတ္တာလည်းမပျက်ခဲ့ပါဘူး။ ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်းဦးနုက 'နှစ် ၉၀ ပြည့် လူထုဦးလှ' စာအုပ်မှာ အမှတ်တရဆောင်းပါးတစ်ပုဒ် ရေးသားပေးပို့ခဲ့ပါတယ်။ အဲဒီမှာ ...

*'ကိုလှရေ ကိုလှဒုက္ခရောက်အောင် ကျွန်တော်လုပ်ခဲ့တဲ့အပြစ်ဟာ မသေးပါဘူး။ အင်မတန်ကြီးမားပါတယ်။ ကျွန်တော်ဝမ်းနည်းပါတယ်။ ကျွန်တော်တောင်းပန်ပါတယ် အစရှိတဲ့ စကားတွေကိုပြောရုံမျှနဲ့ ကျေအေးနိုင်လောက်တဲ့ အပြစ်မဟုတ်ပါဘူး။ ကိုလှဟာ ကျွန်တော့်ထက်ကြီးရင် ကျွန်တော်က ကိုလှကို ထိုင်ပြီးရှိခိုးတောင်းပန်ရမယ့် အပြစ်မျိုးဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် အနူးအညွတ်တောင်းပန်ပါရစေ။ အပြစ်တွေရှိသမျှ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ကျွန်တော့်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါ ...'*

လို့ ရေးခဲ့ပါတယ်။ အဲဒီစကားတွေကို မန္တလေးဘူတာကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com

ရထားထွက်အံ့ဆဲဆဲ ဦးလုကို ရုတ်တရက်တွေ့လိုက်ရတုန်း ဦးနုက သွားပြောခဲ့တာပါတဲ့။ ဒီစကားတွေကိုပြောချင်တာ ကြာပြီဖြစ်ပေမယ့် မပြောဖြစ်ခဲ့လို့ ခုလို ကြုံကြိုက်တုန်း ကတိုက်ကရိုက်သွားပြောခဲ့ရတာလို့လည်း ဦးနုက ရေးပြထားပါတယ်။

### သဘောထားကြီးတဲ့သူ

ဦးနုက အဲဒီလိုတောင်းပန်သလို နောက် ဖဆပလဝန်ကြီးတစ်ဦးကလည်း သူကိုယ်တိုင် အထိန်းသိမ်းခံဘဝကလွတ်လာတော့ အိမ်တိုင်ရာရောက်ကို အရောက်လာပြီး တောင်းပန်ကန်တော့ပါတယ်။ အဲဒီလို မတောင်းပန်လည်း ဦးလေးလုက သင်ပုန်းချေပြီးသားပါ။ ဘယ်သူ့အပေါ်မှာမှ မုန်းစိတ်၊ အာဃာတစိတ် လုံးဝမရှိခဲ့ပါဘူး။ နိုင်ငံရေးလုပ်တယ်ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်တာမဟုတ်ဘူး၊ သဘောထားကွဲကြ၊ စကားများကြ၊ အပြန်အလှန် ဝေဖန်တိုက်ခိုက်ကြဆိုတာတွေ ဖြစ်မြဲထုံးစံပဲလို့ ဦးလေးလုက ကောင်းကောင်းကြီး နားလည်သဘောပေါက်ပြီးသားဖြစ်ပါတယ်။ ဦးလေး သဘောထားကြီးတာ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာမှ မဟုတ်ပါဘူး။ ထောင်ကျတဲ့အကြိမ်တွေ မရေမတွက်နိုင်လောက်အောင် များနေပြီဖြစ်တဲ့ သူမျိုးအပေါ်မှာလည်း သဘောထားကြီးရုံမက မေတ္တာစေတနာထားနိုင်သူ ဖြစ်ပါတယ်။ ကိုယ်တွေ့ အဖြစ်ကလေးတစ်ခု ရေးပြပါမယ်။

### ပိုက်ဆံခဏခဏတောင်းတဲ့သူ

ဦးလေးထောင်ထဲနေတော့ ဘီကလပ်သမားတွေနိုင်းစေဖို့အတွက် ထောင်ကျတစ်ဦးပေးထားပါတယ်။ အဲဒီလူကို ဦးလေးက ကျွေးမွေးစောင့်ရှောက်ထားပြီး ဦးလေးထောင်ကလွတ်တော့ရေးတဲ့ ထောင်ဝတ္ထုတွေထဲမှာ သူ့အကြောင်းလည်း ထည့်ရေးထားပါတယ်။ အဲဒီထောင်သား လွတ်လာတော့ ဦးလေးဆီလာတွေ့လို့ ဦးလေးက ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားဆိုပြီး ထောက်ပံ့ပေးကမ်းလိုက်ပါတယ်။ ကောင်းကောင်းလုပ်စားမစားတော့မသိဘူး ခဏခဏတော့လာပြီး လက်ဖြန့်တောင်းလေ့ရှိပါတယ်။ လာတိုင်းလည်း ဦးလေးက ဆုံးမစကားပြောပြီး ပေးလိုက်တာချည်းပါပဲ။ နောက်တော့ သူပျောက်သွားပြန်ပါတယ်။ ထောင်ထဲပြန်ရောက်သွားတယ်



နဲ့ တူပါတယ်။ သူ့အကြောင်းကို ဆရာမြသန်းတင့်ကလည်း 'ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း'ဆိုတဲ့နာမည်နဲ့ ရေးခဲ့ပါသေးတယ်။ နှစ်အတော်ကြာပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလမှာ ကျွန်တော်က ရန်ကုန်တိုက်ခွဲကို ရောက်လာပါတယ်။ အဲဒီအချိန်မှာ သူကလွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ လွတ်လာပြီး တိုက်ခွဲလာ ပိုက်ဆံတောင်းပါတယ်။ ဦးလေးဆီဖုန်းဆက်ပြောတော့ ကြည့်ပေးလိုက်ပါကွယ်လို့ ပြောတဲ့အတွက် အသင့်အတင့် ပေးလိုက်ပါတယ်။

### မတွန့်တိုတတ်သူ

တစ်ခါနဲ့မပြီးပါဘူး။ သူက ခဏခဏလာတောင်းပါတယ်။ အကြောင်းအမျိုးမျိုး လုပ်ကြံပြောဆိုပြီး တောင်းတာပါ။ တောင်းလွန်းအားကြီးတော့ အသက်နှစ်ဆယ်ကျော်ပဲရှိသေးတဲ့ လူငယ်ဆိုတော့ စိတ်မရှည်တော့ပါဘူး။ တစ်ခါတလေ မပေးဘဲ ငေါက်ငမ်းလွှတ်လိုက်ပါတယ်။ အဲဒီအကြောင်းကို ဦးလေးကိုပြောပြတော့ . . .

'မင်းဆီကမရရင် တခြားလူတွေဆီသွားပြီး လိမ်တောင်းနေဦးမှာပဲ။ တခြားလူတွေ အလိမ်မခံရအောင် အသင့်အတင့်တော့ ပေးလိုက်ပါကွယ်။ ဒီအတိုင်းတော့ ပြန်မသွားပါစေနဲ့'လို့ ပြောခဲ့သူ ဖြစ်ပါတယ်။ လိမ်ညာပြီး တောင်းမှန်းသိနေတာတောင်မှ မေတ္တာမပျက်၊ ကရုဏာမပျက် သည်းခံနိုင်သူ ဖြစ်ပါတယ်။ ထောင်ထွက်တစ်ဦးအပေါ်မှာတောင် ဒီလိုစေတနာထားသူဆိုတော့ မိတ်ဟောင်းဆွေဟောင်း လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားအိုကြီးတွေ၊ စာရေးဆရာအိုကြီးတွေအပေါ် စေတနာထားပုံတွေကလည်း ပြောလို့ကုန်နိုင်ဖွယ်မရှိပါဘူး။ ဦးလေးရှိတဲ့ မန္တလေးဆိုတာ မပြောနဲ့တော့၊ ရန်ကုန်တိုက်ခွဲမှာ လာကြတာတွေကိုက မနည်းပါဘူး။ လူငယ်ပီပီ တစ်ခါတလေ ကိုယ်က စေတနာတွန့်တိုမိပေမယ့် ဦးလေးကတော့ ဘယ်တော့မှ မတွန့်တိုပါဘူး။ 'အသင့်အတင့်တော့ ကြည့်ပေးလိုက်ပါကွယ်'ဆိုတဲ့ လက်သုံးစကားကိုသာ ပြောမြဲဖြစ်ပါတယ်။

### နှလုံးကြီးသူ

ဦးလေးလုဟာ အပြောအဆိုအနေအထိုင်၊ အစားအသောက် နေရာတကာ ယဉ်ကျေးသူ၊ နှလုံးကြီးသူဖြစ်ပါတယ်။ ဖဆပလခေတ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးချုပ်ဦးနု မန္တလေးရောက်တိုင်း ဦးလေးကိုခေါ်တွေ့ပြီး စကားစမြည် ပြောလေ့ရှိပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း အဲဒီအချိန်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်နေဝင်း မန္တလေး ရောက်တာနဲ့ ဦးလေးလှကိုခေါ်တွေ့ပြီး စကားစမြည်ပြောတာပါပဲ။ တစ်ခါတလေ ဦးလေးလှ ရန်ကုန်ရောက်လာရင်လည်း ရောက်ပြီးမကြာခင် အိမ်တော်က အခေါ်ရောက်လာမြဲ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ရေးမှာတော့ ဦးလေးလှဟာ အင်မတန်မှကို ပျော့ပျောင်းနူးညံ့ပါတယ်။ ဒါပေမဲ့ လူထုသတင်းစာရဲ့ မူဝါဒနဲ့ပတ်သက်တာဆိုရင်တော့ နည်းနည်းမှ အလျှော့မပေးပါဘူး။ စာဖတ်ပရိသတ်ရဲ့ မျက်နှာတစ်ခုတည်းကိုသာ ကြည့်ပါတယ်။ ဒါကြောင့်လည်း စာဖတ်ပရိသတ်အပေါင်းက လူထုဦးလှကို ချစ်ကြတာဖြစ်ပါတယ်။ မန္တလေးသားစစ်စစ်မဟုတ်ပေမယ့် မန္တလေးတစ်မြို့လုံး ကလေးလူကြီးမရွေး ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကအစ ချစ်ကြပြီး အားကိုးအားထားပြုကြတဲ့ ပုဂ္ဂိုလ်ဆိုလို့ ဦးလေးလှ တစ်ယောက်သာရှိလိမ့်မယ် ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြို့နဲ့ ပတ်သက်သမျှ ဝေယျာဝစ္စတိုင်းမှာ ဦးလေးလှမပါတဲ့ကိစ္စ မရှိလို့ပဲဖြစ်ပါတယ်။ ဗထူးကွင်း အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး လုပ်ခဲ့သလို၊ တက္ကသိုလ်ဆီးနိတ်အဖွဲ့ဝင်လူကြီးလည်း လုပ်ခဲ့ပါတယ်။ အရပ်ထဲက ကြက်တောင်ရိုက်အသင်းလူကြီး ဖြစ်သလို၊ မန္တလေးတောင်ခြေ ဖေါက်ကွင်းလူကြီးလည်း ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် လူကြီးတွေအတွက် စာအုပ်တွေမျိုးစုံရေးခဲ့သလို၊ ကလေးတွေအတွက် ပုံပြင်စာအုပ်တွေချည်း ၄၆ အုပ်တောင် ရေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဦးလေးလှဟာ ဦးနုတို့၊ ဗိုလ်ချုပ်နေဝင်းတို့ရဲ့ မိတ်ဆွေဖြစ်ခဲ့သလို ကလေးတွေရဲ့ မိတ်ဆွေလည်းဖြစ်တယ်လို့ ပြောရင်း နိဂုံးချုပ်လိုက်ပါတယ်။

၁၃၊ ၁၊ ၂၀၀၉



# ရယ်စရာတွေများပြီးဟာသရှားတယ်

လူတွေကို ငိုအောင်လုပ်ဖို့လွယ်သလောက် ရယ်အောင်လုပ်ဖို့ ခက်ပါတယ်။ စာပေမှာလည်း အလွမ်းဝတ္ထု၊ အချစ်ဝတ္ထုရေးတာက ဟာသဝတ္ထုရေးရတာထက် ပိုလွယ်ပါတယ်။ ဟာသအတတ်ပညာကို အဆင့်မြင့်ပညာရပ်တစ်ခုအဖြစ်တောင် သတ်မှတ်ကြပါတယ်။ နိုင်ငံတကာမှာလည်း လူပြက်တို့၊ လူရွှင်တော်တို့ပေါပေမယ့် ဟာသပညာရှင် ရှားပါတယ်။ စာပေမှာလည်း ဟာသစာပေ ရှားပါတယ်။ ရယ်စရာတွေသာ များတာပါ။

## သမားစဉ်ကျင့်ဝတ်ရှိတယ်

မြန်မာနိုင်ငံမှာလည်း ရယ်စရာစာအုပ်တွေများပေမယ့် ဟာသစာပေ ရှားသထက်ရှားလာပါတယ်။ ဒီနှစ်အတွင်းမှာ ရယ်စရာစာအုပ်တွေနဲ့ ရယ်စရာရုပ်ရှင်ဗီဒီယိုတွေ အထွက်များတာကို ကြည့်ပြီး ဟာသပညာ ထွန်းကားတယ်လို့တော့ မဆိုနိုင်ပါဘူး။ သတိထားမိသလောက် အများစုက ဟာသပညာလို့ ပြောဖို့ခက်တာမျိုးတွေ ဖြစ်ပါတယ်။ ရယ်စရာအဆင့် တောင်မရှိတဲ့ ဇရုတ်သုက္ခတွေလည်း တွေ့ရပါတယ်။ တချို့ဆို မလှောင်အပ် မပြောင်အပ်တာတွေကိုတောင် စောင့်စည်းရမှန်းမသိဘဲ သရော်လှောင်ပြောင်ကြတာ တွေ့ရပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာချို့ယွင်းချက်တစ်ခုခုကို ဘယ်တော့မှ မလှောင်ရမပြောင်ရဆိုတဲ့ ရှေးသမားစဉ်ကျင့်ဝတ်ရှိပါတယ်။ မျက်စိတစ်လုံးပျက်နေသူကို 'ဟဲ့ ကန်း'လို့ ခေါ်တာမျိုး၊ ခြေတစ်ဖက်ဆာနေသူကို 'ငကျိုး'လို့ ခေါ်တာမျိုး မလုပ်အပ်ပါဘူး။

## မျက်နှာပူရမယ့်ကိစ္စ

ဒါထက်ဆိုးတဲ့ မလှောင်အပ်မပြောင်အပ်တဲ့ ကိစ္စဆိုရင် ရယ်စရာစာတိုင်းလိုလို၊ ရုပ်ရှင်တိုင်းလိုလိုမှာကို မြင်တွေ့နေရပါတယ်။ အဲဒါကတော့



www.burmeseclassic.com

www.burmeseclassic.com

'ခယ်မနဲ့ ခဲအို'ကိစ္စနဲ့ 'ယောက္ခမနဲ့ သမက်'ကိစ္စများကို ရယ်စရာလိုလို အတည်လိုလိုနဲ့ ပြောဆိုရေးသားနေကြတာ ဖြစ်တယ်။ မိသားစုတိုင်းမှာ ခယ်မနဲ့ ခဲအိုရှိကြပါတယ်။ အရင်းမရှိတောင် တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ ရှိကြပါတယ်။ မြန်မာဓလေ့အတိုင်း မိဘအိမ်မှာ တစ်စုတဝေးနေလေ့ရှိပါတယ်။ ခယ်မနဲ့ ခဲအိုကို ရယ်စရာသမားတိုင်းက တွဲပြီး ပြက်လုံးထုတ်လေ့ရှိပါတယ်။ တစ်အိမ်တည်းအတူနေကြရတဲ့ ခယ်မနဲ့ ခဲအိုတွေ ဘယ်လောက် အနေခက်ကြမလဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်မျက်နှာပူလိုက်ကြမလဲ စဉ်းစားကြည့်သင့်ကြပါတယ်။ ခယ်မကိုကြိုတဲ့ ခဲအိုမရှိဘူးလို့ မပြောပါဘူး။ ရှိနိုင်ပါတယ်။ ဒါပေမဲ့ လူတိုင်းတော့ အဲဒီလိုအကျင့်ပျက်နေကြတာ မဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ ဓမ္မတာသဘောဆိုပေမယ့် ဒီကိစ္စမျိုးက သမီးရှင်တွေ တိုးတိုးတိတ်တိတ် ကြိတ်ပြီးဆုံးမရမယ့် ကိစ္စပါ။

## အဂါရဝတွေ

နောက်တစ်မျိုးက 'ယောက္ခမနဲ့ သမက်'ကိစ္စ။ တချို့က သမက်နဲ့ ယောက္ခမ ဘုကျကြတဲ့အကြောင်း ရယ်စရာလုပ်တယ်။ တချို့က ယောက္ခမဆိုးနဲ့ သမက်အကြောင်း ရယ်စရာလုပ်တယ်။ ရယ်စရာလုပ်ရင်း လွန်ကဲပြီး လူကြီးသူမများကို 'အဂါရဝ' စော်ကားမော်ကား ပြုမူပြောဆိုတာတွေ အများကြီးပါလာကြတယ်။ လောကမှာ မကောင်းတဲ့ယောက္ခမ ရှိသလို၊ ဆိုးသွမ်းမိုက်မဲတဲ့ သမက်တွေလည်း ရှိတာပါပဲ။ ဘာပဲဖြစ်ဖြစ် ယောက္ခမဆိုတာ ကိုယ့်ဇနီးရဲ့ မိဘဖြစ်တယ်။ ကိုယ်မိဘကို ကိုယ်လေးစားသလို သူလည်း သူ့မိဘကို လေးစားမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ် ရှိရပါမယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် မလေးစားနိုင်ရင်တောင် စော်ကားမော်ကားတော့ မလုပ်ပါနဲ့။ ပြက်ချော်ချော်နဲ့ သရော်လှောင်ပြောင်လည်း မလုပ်ပါနဲ့။ နှိမ်းစိုင်းတဲ့ အမူအရာအပြောအဆိုတွေ မပါဘဲနဲ့ ရယ်အောင်လုပ်နိုင်မှ ဟာသပညာခေါ်နိုင်ပါတယ်။

## ပေါ်တာရကြွယ်ပါတယ်

'အောက်ပိုင်းပါမှ ရယ်ရတယ်'ဆိုတဲ့ အယူအဆကို ဒီခေတ်ပညာတတ် လူငယ်လေးတွေခေတ်မှာ လုံးဝစွန့်ပစ်လိုက်ကြသင့်ပါပြီ။ ရှေးကလို မှောင်ထဲကနေ ပွဲကြည့်၊ ရုပ်ရှင်ကြည့်တဲ့ခေတ် မဟုတ်တော့ဘူး။ ညှော်ခန်းထဲက မီးရောင်အောက်မှာ အဘိုးအဘွားရော မြေးကလေးတွေရော အိမ်ရှိလူကုန်ပိုင်းထိုင်ပြီး ရုပ်မြင်သံကြားကြည့်တဲ့ခေတ်ပါ။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရ မိဘနဲ့သားသမီး၊ မောင်နဲ့နှမ၊ ခဲအိုနဲ့ခယ်မ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ဝံ့အောင် မလုပ်သင့်ပါဘူး။ မြန်မာစကားဟာ ဝေါဟာရ အင်မတန်ကြွယ်ဝပါတယ်။ ယဉ်ယဉ်ကလေးနဲ့ လူတစ်ယောက်ငိုအောင်ပြောလို့ရသလို ရယ်အောင်လည်း ပြောလို့ရပါတယ်။ ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ လူ့လောကကြီးဟာလည်း ပိုပိုပြီး ရှုပ်ထွေးထွေလီလာပါတယ်။ အဲဒီတော့ လှောင်စရာပြောင်စရာ ရယ်သွမ်းသွေးစရာ ကိစ္စတွေလည်း အများကြီးရှိလာပါတယ်။ အောက်ပိုင်းကိစ္စတွေမပါဘဲနဲ့ ရယ်အောင်လုပ်စရာတွေ များမှများပါပဲ။ နေ့စဉ်သတင်းစာနဲ့ ဂျာနယ်တွေ မှန်မှန်ဖတ်ရုံနဲ့တင် ရယ်စရာတွေအများကြီး တွေ့ရမှာဖြစ်တယ်။ 'ကြည့်သောသူ မြင်၏'ဆိုတဲ့ စကားအတိုင်းပေါ့။

## ဟာသဉာဏ်ရှင်တဲ့လူမျိုး

ခေတ်က တက်သုတ်ရိုက်အမြန်ခေတ်ဆိုတော့ လူတိုင်း ဖတ်ဖတ်မောလှုပ်ရှားရုန်းကန်နေကြရပါတယ်။ စိတ်ညစ်စရာတွေလည်း များပါတယ်။ အဲဒီတော့ မွန်းကျပ်မှုတွေပြေလျော့စေဖို့ ဟာသကို ပိုပြီးလိုအပ်လာပါတယ်။ မြန်မာလူမျိုးဟာ ဗီဇကိုက ဟာသဉာဏ်ရှင်တဲ့လူမျိုး ဖြစ်တယ်။ ဘယ်လိုဒုက္ခမျိုးကြုံကြုံ ရယ်သွမ်းသွေးပြီး ဖြေဖျောက်ပစ်ဖို့ ဝန်မလေးကြဘူး။ ဒါကြောင့်လည်း အနောက်နိုင်ငံတွေမှာလို စိတ်ရောဂါကု ဆရာဝန်တွေ များများစားစား လိုအပ်မနေတာလို့ ထင်ပါတယ်။ လူတိုင်းမှာ ဟာသအခြေခံရှိကြလေတော့ တော်ရုံတန်ရုံပြက်လုံးမျိုး မတိုးနိုင်ဘူး။ ဟာသစာရေးဆရာတွေနဲ့ လူရွှင်တော်တွေ ကြိုးစားနိုင်လွန်းမှ ပရိသတ်က လက်ခံတာ။ နောက်ပြီးတော့ မြန်မာလူမျိုးတို့ရဲ့ ဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုက အနောက်တိုင်းနဲ့မတူတာတွေ အများကြီးရှိတယ်။ ဒီခေတ် အနောက်တိုင်းက လူတွေက လွတ်လပ်ခွင့်ကို အကြွင်းမဲ့၊ အကန့်သတ်မဲ့ အသုံးချတာကို သိပ်ဦးစားပေးကြတယ်။

## ရှင့်လင်းတိုင်းမကောင်း

မြန်မာ့လူ့အဖွဲ့အစည်းကတော့ မပြုအပ်မမြင်အပ်တဲ့ ကိစ္စ၊ မကြားဝံ့




www.burmeseclassic.com

www.burmeseclassic.com

မနာသာကိစ္စ ဆိုတာမျိုးတွေကို စောင့်ထိန်းကြတယ်။ လုပ်ချင်တိုင်း မလုပ်ဘူး။ လူကြီးသူမများကိုလည်း နတ်နေကိုင်းချုန်သလို ဝေဖန်ပုတ်ခတ်တာ၊ သရော်လှောင်ပြောင်တာမလုပ်ဘဲ ချန်လှပ်ထားလေ့ရှိတယ်။ စောင့်ထိန်းသင့်တာ စောင့်ထိန်း၊ ချုပ်တီးသင့်တာ ချုပ်တီးတာမျိုးကို မြန်မာလူမျိုးက ယဉ်ကျေးမှုလို့ သဘောထားတယ်။ လောကမှာ လူမြင်သူမြင် မပြုအပ်တဲ့ ကိစ္စတွေနဲ့ လူကြားသူကြား မပြောအပ်တဲ့စကားတွေကိုလည်း ရှောင်ကြဉ်ကြတယ်။ ပွင့်လင်းလွတ်လပ်မှုကို နေရာတိုင်း ကျင့်သုံးလို့ မဖြစ်ဘူးလို့ ယူဆကြတယ်။ အနောက်ယဉ်ကျေးမှုက ပွင့်လင်းလွတ်လပ်မှုကို အလေးထားတာ လွန်ကဲပြီး နေရာတိုင်း 'ဒါ လူ့သဘာဝပဲ'ဆိုပြီး ထိန်းချုပ်မှု နည်းနည်းမှလုပ်ချင်ကြတာမဟုတ်ဘူး။

**မေတ္တာရပ်ခံချက်**

အခြေခံ ယဉ်ကျေးမှုစံနှုန်းတွေနဲ့ တန်ဖိုးထားမှုတွေက အများကြီးကွာခြားလွန်းတော့ နေရာတကာမှာ အနောက်ရဲ့ပုံစံတွေကို အတုယူပြီး လုပ်လို့၊ ပြောလို့ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် ရယ်စရာရေးတဲ့သူတွေ ရယ်စရာလုပ်ပြသူတွေအနေနဲ့လည်း မမြင်အပ်မကြားအပ်တဲ့ ကိစ္စ၊ မပြုအပ်တဲ့ကိစ္စမျိုးတွေကို ရှောင်ရှားပြီး မောင်နဲ့ နှမ၊ သားနဲ့ အမိ အတူ ဝိုင်းထိုင်ပြီး ရဲရဲကြည့်နိုင်တဲ့ ရယ်စရာတွေပဲ ဖန်တီးကြပါလို့ မေတ္တာရပ်ခံလိုက်ချင်ပါတယ်။

၅၊ ၁၊ ၂၀၁၀



## ၁၀၁ ကြိမ်မြောက်သတိပေးနှိုးဆော်ခြင်း

မြန်မာပြည်မှာနေတဲ့ မြန်မာလူမျိုးတွေဖတ်ဖို့ထုတ်တဲ့ စာနယ်ဇင်းတွေမှာ မြန်မာစာရေးဆရာများက မြန်မာလိုစာရေးကြပါတယ်။ မြန်မာလိုရေးရင်းကနေပြီး အင်္ဂလိပ်စာလုံးတွေ စာကြောင်းတွေ ဖောဖောသီသီကြီး ထည့်ရေးတတ်ကြတယ်။ မြန်မာစာတွေမှာတောင် သတ်ပုံအမှားတွေ၊ အကျအပေါက်တွေ စင်အောင်မလုပ်နိုင်ကြတဲ့အထဲမှာ အင်္ဂလိပ်စာတွေဆိုတော့ ကွန်ပျူတာရိုက်သူတွေ 'သွက်သွက်ခါ'အောင် မှားကြလေတော့ တစ်ခါတလေမှာ တွေးယူလို့ အဓိပ္ပာယ်မပေါက်တာတွေ အများကြီးတွေ့နေရတယ်။

**ပြည်တွင်းဖြစ်ဘီလပ်သား**

ဒီအကြောင်း ရေးပေါင်းများပါပြီ။ တခြားစာရေးဆရာများလည်း မကြာခဏ ရေးကြပါတယ်။ ဒါပေမယ့်လို့ 'ပြည်တွင်းဖြစ် နိုင်ငံခြားအရက်' ဆိုတဲ့စကားလို 'ပြည်တွင်းဖြစ် ဘီလပ်သား' စာရေးဆရာများကတော့ နည်းနည်းမှ လျော့မသွားပါဘူး။ မလျော့ရုံသာမဟုတ်ဘူး။ ဒီသုံးလေးလ အတွင်း ပိုတောင်ဆိုးလာတာတွေ့ရတယ်။ ဘယ်လိုဆိုးလာတာလဲဆိုတော့ အတွင်းစာသားထဲမှာတင် မကတော့ဘဲ သတင်းခေါင်းစဉ်တပ်တဲ့ နေရာအထိ အင်္ဂလိပ်စာလုံးတွေ ထည့်ရေးလာကြတယ်။ ဥပမာ 'ယူနက်စကို' လို့မရေးဘဲ UNESCO လို့ သတင်းခေါင်းတပ်လိုက်တာမျိုး၊ 'နေတိုး'လို့ မရေးဘဲ NATO လို့ ရေးလိုက်တာမျိုးတွေ ဖြစ်တယ်။ အရင်က ဒီလို မဟုတ်ပါဘူး။ အခုသုံးလေးလအတွင်း ပိုဆိုးလာတာဖြစ်ပါတယ်။ ဒီကိစ္စဟာ မသင့်တော်ဘူးလို့ ထင်ပါတယ်။ ဂျပန်သတင်းစာတွေ၊ တရုတ်သတင်းစာတွေမှာ ဒီလိုရေးတာမျိုးတွေ မတွေ့ရပါဘူး။ ကျွန်တော့်အဖို့ ထူးခြားနေတာထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### မျက်မှန်းကျိုးလို့မဟုတ်

အလကားနေရင်း အင်္ဂလိပ်၊ အမေရိကန်တွေကို မျက်မုန်းကျိုးနေလို့ ပြောတာမဟုတ်ပါဘူး။ သူလိုငါလို မြန်မာလူမျိုးတစ်ယောက်ထက် ပိုပြီး အမျိုးချစ်စိတ် ထက်သန်နေလို့လည်း မဟုတ်ပါဘူး။ မှန်တာပြောရရင် ကိုယ်တိုင် နေ့စဉ်ဖတ်နေတဲ့ စာတွေထဲမှာ မြန်မာစာထက် အင်္ဂလိပ်စာက တောင် ပိုများပါသေးတယ်။ တိုင်း၊ နယူးစ်ဝိခ်၊ အီကောနော့မစ်၊ ရီးဒါး ဒိုင်ဂျက်စ်လို စာအုပ်တွေက အမြဲမပြတ်ဖတ်နေတဲ့ စာအုပ်တွေဖြစ်ပါတယ်။ မြန်မာသတင်းစာက ဖတ်စရာ နှစ်စောင်ပဲရှိပေမယ့် အင်္ဂလိပ်ဘာသာနဲ့ ကတော့ ဘန်ကောက်ပို့စ်၊ နေရှင်း၊ စထရိတ်တိုင်း၊ ဟယ်ရယ်ထရီဗြူန်း စသဖြင့် လေးငါးစောင်တော့ အမြဲဖတ်ပါတယ်။ ဘာသာစကားဆိုတာ နယ်နိမိတ်အပိုင်းအခြားတွေကို ကျော်လွန်ပြီး ကူးလူးယှက်နွယ်နေကြတယ်။ ပေါင်းစပ်နေကြတယ်။ အသစ်အသစ်တွေ နေ့စဉ်ပေါ်ထွန်းနေကြတယ်ဆိုတဲ့ သဘောသဘာဝတွေကိုလည်း သဘောပေါက် နားလည်ပါတယ်။ နိုင်ငံတကာအထိ ပေါက်ရောက်အောင်ရေးကြတဲ့ မြန်မာစာရေးဆရာတွေရဲ့ အင်္ဂလိပ်ဘာသာနဲ့ စာအုပ်တွေကိုလည်း မရမက ရှာဖွေဖတ်ရှုပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကို လေးလည်းလေးစားပါတယ်။

### အရသာပျက်တယ်

ဘာသာစကားတိုင်းမှာ သူ့အလှနဲ့သူ ရှိကြပါတယ်။ အင်္ဂလိပ်စာ ဖတ်တဲ့အခါမှာ အင်္ဂလိပ်စာရဲ့အလှကို အရသာခံပြီးဖတ်သလို မြန်မာစာ ဖတ်တဲ့အခါမှာလည်း မြန်မာစာရဲ့အလှကို အရသာခံပြီး ဖတ်ချင်ပါတယ်။ မြန်မာလိုတွေးပြီး အင်္ဂလိပ်လိုရေးတဲ့ အင်္ဂလိပ်စာမျိုးဖတ်ရတာ အရသာ ပျက်သလို မြန်မာစာထဲမှာ အင်္ဂလိပ်စာတွေ ညှပ်ရေးထားတာတွေ့ရင်လည်း အရသာပျက်ပါတယ်။ ရေးသူတွေကိုယ်တိုင်လည်း အရသာခံစားလို့ ရမယ် မထင်ပါဘူး။ ဘာသာစကားနှစ်ခုကို အခုလို အလွယ်လိုက်ပြီး ရောထွေး သုံးပါများရင် စင်ကာပူသားတွေပြောတဲ့ ဟိုမရောက်ဒီမရောက် 'စင်းဂလစ်' ဆိုတဲ့စကားလို ဖြစ်သွားနိုင်ပါတယ်။ သူတို့စကား ဘယ်သူမှနားမလည် ပါဘူး။ အင်္ဂလိပ်စကားပြောရင် အင်္ဂလိပ်လို မှန်မှန်ကန်ကန် ဌာန်ကရိုဏ်း ကျကျ ပြောတတ်ဖို့လိုသလို မြန်မာစကားပြောရင်လည်း မြန်မာပီပီသသ ဖြစ်မှ ကောင်းပါတယ်။



### လူမျိုးရဲ့တံခွန်

သူ့ကျွန်ဘဝနေရစဉ်က မြို့ကြီးပြကြီးက အင်္ဂလိပ်စာတတ် မြန်မာ တော်တော်များများက စကားပြောတာနဲ့ 'အိုင်ဆေး'အစချီပြီး မြန်မာ တစ်ဝက် ဘိုစကားတစ်ဝက် ရောရောပြီးပြောလွန်းလို့ အဲဒီလူမျိုးတွေကို 'ဘိုရူး'တွေလို့ အများကခေါ်ခဲ့ကြပါတယ်။ 'မြန်မာစာသည် တို့စာ'၊ 'မြန် မာစကားသည် တို့စကား'ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ 'တို့ဗမာအစည်း အရုံး'ကြီး ပေါ်ပေါက်လာရတာက အဲဒီလို 'ဘိုရူး'တွေ များသထက်များ လာနေတာကြောင့် ဖြစ်တယ်။ ဘာသာစကားနဲ့ စာပေဆိုတာ လူမျိုး တစ်မျိုးရဲ့ 'တံခွန်'ဖြစ်တယ်။ ဘာသာစကားနဲ့ စာပေ ကွယ်ပျောက်သွား ရင် လူမျိုးပါကွယ်ပျောက်သွားမှာဖြစ်တယ်။ ဒါကြောင့် 'တို့ဗမာအစည်း အရုံး'ကြီး ပေါ်ပေါက်လာခဲ့ရတာပါ။ အခု လေးငါးဆယ်နှစ်အတွင်း မြန်မာစာနယ်ဇင်းတွေထဲမှာ အင်္ဂလိပ်စကားလုံးတွေ ထည့်ထည့်ရေးတာ တော်တော်များလာတာ တွေ့ရတယ်။ ဒါတင်မက အင်္ဂလိပ်အသံထွက် အတိုင်း မြန်မာစာနဲ့ရေးတဲ့ ဟိုမရောက်ဒီမရောက် 'ကကတစ်စကားလုံး' တွေပါ လွန်လွန်ကဲကဲ တွေ့လာရတယ်။ ပြောသူတွေ ဘယ်လောက်ပြော ပြော ရေးသူတွေ ဘယ်လောက်ရေးရေး၊ 'ပြောလေကဲလေ၊ မန်းလေ ပြဲလေ'ဆိုသလိုသာ ဖြစ်နေတာတွေ့ရတယ်။ 'ဒုတိယ တို့ဗမာအစည်း အရုံး' ပြန်လည်ဖွဲ့စည်းရမလိုတောင် ဖြစ်နေပြီလား ထင်မိပါတယ်။

### အကြံခတ်ခံရတယ်

ပညာရပ်ဆိုင်ရာစာစောင်တွေမှာ ပညာရပ်ဆိုင်ရာ စာတွေရေးတဲ့အခါ အင်္ဂလိပ်စာတွေ အများကြီးထည့်ရေးတာမျိုးကို ပြောတာမဟုတ်ပါဘူး။ အစအဆုံး အင်္ဂလိပ်လိုရေးထည့်လိုက်လည်း ကိစ္စမရှိပါဘူး။ ပညာရှင်တွေ အတွက်ရေးပြီး ပညာရှင်တွေပဲ ဖတ်ကြတာကိုး။ သာမန်လူတွေဖတ်တဲ့ စာနယ်ဇင်းတွေထဲ ရေးကြတာတွေကိုသာ ပြောတာပါ။ စာသားထဲတင်မက သတင်းခေါင်းတပ်တဲ့နေရာထိတောင် အင်္ဂလိပ်စာလုံးတွေနဲ့ World Bank နဲ့ IMF ပူးတွဲအစည်းအဝေးကျင်းပ ဆိုတာမျိုးတွေ လုပ်လာကြလို့ပါ။ ဒီလို အလွယ်လိုက်ပြီးလုပ်တာဟာ စာဖတ်ပရိသတ်ကို နည်းနည်းလေးမှ ထည့် စဉ်းစားတဲ့သဘော ဖြစ်တယ်။ စာဖတ်ပရိသတ်ကို စော်ကားခြင်းဖြစ် တယ်။ စာဖတ်ပရိသတ်ကို လေးစားရကောင်းမှန်းမသိတဲ့ စာနယ်ဇင်းများနဲ့



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူများဟာ ဘယ်တော့မှ သက်ဆိုးမရှည်ကြပါဘူး။ စာဖတ်ပရိသတ်ရဲ့ ဒဏ်ခတ်ခြင်းကို မလွှဲမသွေ ခံခဲ့ကြရပါတယ်။ သာဓကတွေ မရေမတွက်နိုင်လောက်အောင်ကို အများကြီးရှိတယ်ဆိုတာ သတိပြုသင့်ကြောင်း တစ်ရာ့တစ်ကြိမ်မြောက် နှိုးဆော်လိုက်ရပါတယ်ခင်ဗျား။

၂၀၊ ၁၊ ၂၀၀၀



# သက်သတ်လွတ်စားတဲ့ကျားရှိသလား

ဒီနှစ် မရမ်းသီးပေါ်တာနောက်ကျတယ်။ ဇန်နဝါရီတစ်ဝက်ကျိုးမှ စပေါ်တယ်။ ခါတိုင်းနှစ်တွေဆို ဒီဇင်ဘာမကုန်ခင်စပေါ်တာ။ စပေါ်တဲ့နေ့မှာ ဈေးက တစ်ဆယ်သား ၂၀၀၀ ကျပ်တဲ့။ မနှစ်ကထက် ငါးရာပိုများတယ်။ တရရနဲ့ တစ်မေးတည်းမေးနေတာကြောင့် စတွေ့တဲ့နေ့မှာပဲ ကလေးတွေက ဝယ်လာကြတယ်။ ဈေးထဲမှာ ရှိသေးသလားမေးတော့ ရှိတော့ရှိသေးတယ်။ သိပ်များများတော့ မဟုတ်ဘူးတဲ့။

## ပေါ်ဦးပေါ်ဖျား

အဲဒါကြောင့် ပြေးဝယ်စမ်းပါဦးဟဲ့ဆိုပြီး ချက်ချင်းသွားဝယ်နိုင်းရတယ်။ ရခဲ့လို့ တော်ပါသေးတယ်။ ဒါတောင် ငါးဆယ်သားရဖို့ သုံးဆိုင်ခွဲဝယ်ခဲ့ရတာတဲ့။ ပေါ်ဦးပေါ်ဖျားဆိုတော့ ရှားတယ်လေ။ ပေါ်ဦးပေါ်ဖျားဆိုတာက အိမ်နားက ဘိုကလေးဈေးနဲ့ ၃၈ လမ်းဈေး တစ်ခုခုမှာ စရောင်းတဲ့နေ့ကို ပြောတာပါ။ တခြားနေရာများတော့ မသိနိုင်ပါဘူး။ မရမ်းသီးပဲ ပေါ်ပေါ်၊ သရက်ကင်းလေးတွေပဲ စတွေ့တွေ့၊ ဦးဦးဖျားဖျား မန္တလေးက ဒေါ်ဒေါ်လူထုဒေါ်အမာဆီ ပို့မြဲဖြစ်လေတော့ ဒီဝတ္တရားကို မပျက်ကွက်ချင်ဘူး။ ဒေါ်ဒေါ်ရှိစဉ်က မန္တလေးမှာ တမာရွက်ပဲပေါ်ပေါ်၊ ပုရစ်ပဲပေါ်ပေါ်၊ ပေါ်ဦးပေါ်ဖျား ဒေါ်ဒေါ်က နှစ်တိုင်း မပျက်မကွက်ပို့ ခိုင်းတတ်တာဖြစ်တယ်။ အောင်ဒင်သရက်သီးဆိုလည်း နှစ်စဉ်ပျက်တယ်မရှိရပါဘူး။ ဒေါ်ဒေါ်မရှိတော့လည်း သမီးတွေက ဝတ္တရားမပျက်ရှာကြဘူး။ သမီးကြီးကပို့လိုက်၊ သမီးငယ်နှစ်ယောက်ကပို့လိုက်နဲ့ တစ်လနှစ်ကြိမ်လောက်ကတော့ အနည်းဆုံး အောင်ဆန်းကွင်းကားဂိတ်ကို သွားယူနေရတာ။ ကိုယ့်ဘက်ကတော့ သရက်ကင်းလေး၊ မရမ်းသီးလေး ပေါ်ဦးပေါ်ဖျား တစ်နှစ်တစ်ခါလောက် ပို့ရတာ။ မန္တလေးက တော်တော်လေးနောက်ကျမှ ပေါ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com

### တုံ့လှယ်မေတ္တာ

ဒီကြားထဲ လူကြုံကောင်းလို့ ထည့်ပေးလိုက်တာမျိုးတွေကလည်း ပြတ်တယ်မရှိဘူး။ နှမတွေဆီပို့ရင်နဲ့ တစ်လက်စတည်း ယုန်သားကင်ပို့ပေးတဲ့ မိတ်ဆွေအတွက်ပါ ထည့်ပေးလိုက်ရသေးတယ်။ တုံ့လှယ်မေတ္တာဆိုတဲ့သဘောက ရှိတယ်မဟုတ်လား။ မြန်မာပီပီ မေတ္တာတန်ခိုးတော့ ကောင်းကောင်းယုံတယ်။ ကိုယ်က သူတစ်ပါးအပေါ် စစ်မှန်တဲ့မေတ္တာထားရင် ကိုယ့်အပေါ် စစ်မှန်တဲ့မေတ္တာထားသူတွေလည်း ရှိလာမြဲဖြစ်တယ်။ အခု ဒီစာရေးရင်းတောင် မန္တလေး VEC ကျောင်းက ဆရာမကြီး ဒေါ်ဝင်းဝင်းမေပို့လိုက်တဲ့ ချော်ထမနဲစားရင်း ကော်ဖီသောက်နေတာ။ အဲဒီဆရာမကြီးကလည်း လူကြုံရှိတိုင်း စားသောက်ဖွယ်ရာလေးတွေ ပို့နေကျ။ သူတို့တင်မကပါဘူး။ တစ်ခါမှမမြင်ဖူး မတွေ့ဖူးတဲ့ စာဖတ်ပရိသတ်များဆီကလည်း သူတို့ဒေသထွက် စားကောင်းသောက်ဖွယ်တွေ မကြာခဏရောက်လာတတ်ပါတယ်။ အညာဒေသ ကျောက်ပန်းတောင်းကရောက်လာလိုက်၊ မကွေးကရောက်လာလိုက်၊ ရှမ်းပြည်တောင်ကြီးက ရောက်လာလိုက်၊ ပြင်ဦးလွင်နဲ့ သီပေါ၊ ကျောက်မဲက ရောက်လာလိုက်နဲ့ သိပ်မပြတ်လှပါဘူး။

### မေတ္တာတွေအနန္တကြောင့်

'မေတ္တာကို ကိုက်စားလို့မရဘူး။ ပိုက်ဆံရှိမှ ဝမ်းဝတာ'လို့ တချို့ပြောတတ်ကြတယ်။ ပိုက်ဆံရှိလို့ ဗိုက်ဝပေမယ့် အသက်ရှည်အောင်တော့ လုပ်မပေးနိုင်ဘူး။ မေတ္တာနဲ့ ထမင်းမဝပေမယ့် အသက်ရှည်ပြီး စိတ်ချမ်းသာအောင်တော့ တတ်နိုင်တယ်လို့ ပြောချင်တယ်။ ကိုယ်တွေ့ပါ။ ကိုယ်တိုင်က သုံးကြိမ်သုံးခါ သေရွာပြန်ပါ။ အပယိကဖြစ်တာတွေကတော့ မရေတွက်နိုင်တော့ဘူး ပြောရမှာပါ။ တစ်သက်လုံး သတင်းစာအလုပ်ထဲ စွဲမြဲနေတာကြောင့် ဘာရောဂါထူးအာဏာမျိုးမှလည်း မရှိခဲ့ဖူးပါဘူး။ လူတိုင်းက သေမယ်လို့ထင်ခဲ့ကြတဲ့ အကြိမ်တွေလည်း မနည်းပါဘူး။ ဒါပေမဲ့ အောက်စီဂျင်ပိုက်တန်းလန်းနဲ့ တစ်နေ့ ဆေးအမျိုးပေါင်း ၁၇ မျိုးသောက်ပြီး နေလာခဲ့တာ အခု အသက် ၇၀ ထဲရောက်ပါပြီ။ မှန်တာပြောရရင် ဆေးတွေကြောင့် အသက်ရှင်နေတာလို့ ကိုယ့်ဟာကိုတော့ မထင်ဘူး။ မေတ္တာတွေအနန္တကြောင့် ခုထိအောင်အသက်ရှည်နေတာလို့ ထင်ပါတယ်။



### ကဲ... ဘာလိုသေးလဲ

ကြည့်လေ။ အထူးကုသမားတော်ဆရာဝန်မလေးက ပင်ပန်းမှာစိုးလို့ဆိုပြီး သူ့အနားယူတဲ့ တနင်္ဂနွေနေ့တိုင်း အိမ်အရောက်လာပြီး ကြည့်ပေးတာ။ ခွဲဖို့စိတ်ဖို့ ကိစ္စပေါ်လာတော့လည်း ခွဲစိတ်ဆရာဝန်ကြီးက တစ်ပြားတစ်ချပ်မှမယူဘဲ မေတ္တာနဲ့ ခွဲကုပေးတာ။ သွေးစစ်၊ သလိပ်စစ်၊ ဆီးစစ် စတဲ့ စစ်ဆေးမှုတွေလုပ်ဖို့ လိုတော့လည်း စာရေးဆရာ မောင်ညိုပြာက လူလွှတ်ယူခိုင်းပြီး အားလုံးလုပ်ကိုင်ပြီးမှ အိမ်တိုင်ရာရောက်လာပို့ပေးတယ်။ ဓာတ်မှန်ရိုက်ဖို့လိုတော့လည်း ဖုန်းဆက်လိုက်တာနဲ့ အိမ်အရောက်လာရိုက်ပေးသူက အသင့်၊ ဒီကြားထဲ ဆင်းရဲသားများရဲ့ မိတ်ဆွေ၊ စာရေးဆရာများရဲ့ ဇီဝက ဆရာလေးတင်စံဦးကလည်း ပြတ်တယ်လို့မရှိ။ ကဲ ဘာလိုသေးလဲ။ အနယ်နယ်အရပ်ရပ်က စာဖတ်ပရိသတ်များကလည်း ဖုန်းနဲ့တစ်မျိုး၊ စာနဲ့တစ်ဖုံ မေတ္တာတွေ၊ စေတနာတွေ အလျှံပယ် ပို့ပေးနေကြတာ ကြည်နူးပီတိဖြစ်စရာတွေချည်းပါပဲ။

### ရွှေနဲ့စက်ဝယ်လို့မရဘူး

ဒီလိုကြည်နူးပီတိမျိုးတွေကို ပိုက်ဆံနဲ့ဝယ်လို့ ရနိုင်သလား။ ရာထူးအာဏာအရှိန်အဝါနဲ့ ဖန်တီးယူလို့ ရနိုင်သလား။ ဈေးကွက်စီးပွားရေးခေတ်မှာ ဘာမဆို ပိုက်ဆံနဲ့ဝယ်လို့ရနိုင်ပေမယ့် မေတ္တာစေတနာကိုတော့ ရွှေနဲ့စက်ဝယ်လို့လည်း မရပါဘူး။ အတင်းအဓမ္မပေးခိုင်းလို့လည်း မရပါဘူး။ မေတ္တာကို မေတ္တာနဲ့သာ ဖလှယ်လို့ရပါတယ်။ စေတနာကို စေတနာနဲ့သာ တုံ့ပြန်ရိုးဖြစ်ပါတယ်။ ဒီလိုပြောလို့ မေတ္တာဝါဒီကြီး၊ သူတော်စင်ကြီးလို့တော့ မထင်ပါနဲ့။ မေတ္တာရဲ့ တန်ခိုးစွမ်းအားကို ယုံကြည်ပေမယ့် လူ့လောကမှာ မေတ္တာဆိုတာ ဘာမှန်းမသိ၊ စေတနာဆိုတာ နားမလည်၊ ကရုဏာဆိုတာ မကြားဖူးတဲ့ မေတ္တာနဲ့မထိုက်တန်သူမျိုးတွေလည်း ရှိတယ်ဆိုတာ ယုံကြည်လက်ခံထားသူ ဖြစ်ပါတယ်။

### ကျောက်ရမ်းရှက်ရမ်း

စာသင်ကျောင်းတွေပေါ် ဗုံးမကြဲဖို့ အီရတ်နဲ့ အာဖဂန်နစ္စတန်က မိခင်တွေက အသနားခံတောင်းပန်နေကြပေမယ့် အချည်းနှီးပဲမဟုတ်လား။ မူလတန်း ကျောင်းသူကျောင်းသားငယ်လေးတွေ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

သေဆုံးနေကြဆဲပါပဲ။ လူမပါတဲ့ လေယာဉ်တွေနဲ့တော့ 'ကြောက်ရမ်း ရှက်ရမ်း' ရမ်းပြီး ဗုံးမကြဲပါနဲ့လို့ မဟာမိတ်အာဖဂန်သမ္မတကိုယ်တိုင်က တောင်းပန်ပေမယ့်လည်း ဂရုမစိုက်ပါဘူး။ 'မကောင်းသူထိပ် ကောင်းသူ ထိပ်'ဆိုတဲ့သဘောနဲ့ မောင်းသူမဲ့လေယာဉ်တွေပေါ်ကနေပြီး ဗုံးတွေ တရကြမ်းကြဲချနေကြဆဲပါပဲ။ သေနတ်ပြောင်းဝကထွက်လာတဲ့ ဘာသာစကားကလွဲပြီး ဘယ်လိုဘာသာစကားမျိုးကိုမှ နားမလည်တဲ့ အဲဒီလို အရိုင်းအစိုင်း ကောင်းဘွိုင်လူစားမျိုးတွေကိုတော့ သွားပြီး မေတ္တာပို့နေလို့ ရပါဘူး။ လောကမှာ သက်သတ်လွတ်စားတဲ့ကျား မရှိပါဘူး။ အလားတူပါပဲ။ လူကြီးလူကောင်းစကားနားလည်တဲ့ ကောင်းဘွိုင်သေနတ်သမားမျိုး ဘယ်တုန်းကမှမရှိပါဘူး။ နောင်လည်း ဘယ်တော့မှရှိလာမှာ မဟုတ်ပါဘူး။

### သူ့နေရာသူနေ၊ ကိုယ့်နေရာကိုယ်နေ

မေတ္တာတရားကို ယုံတယ်။ ဒါပေမဲ့ ကျားက သက်သတ်လွတ်စားတယ်ဆိုတာတော့ မယုံပါဘူး။ ဒါကြောင့် ကျားရှေ့မှာ ဒူးတုပ်ထိုင်ပြီး မေတ္တာပို့တာမျိုးတော့ မလုပ်နိုင်ပါဘူး။ ပုထုဇဉ်ဆိုတော့ ပုထုဇဉ်လိုပဲ စဉ်းစားပြီး ပုထုဇဉ်လိုပဲ တုံ့ပြန်ရမှာပဲ။ ကိုယ်ကတော့ သက်သက်မဲ့ ကျားနားရွက်ဆွဲပြီး တံတွေးမဆွတ်ပါဘူး။ သူ့စည်းကိုယ့်စည်းဆိုတာ နားလည်ပါတယ်။ ကျားက ကျားနေရာနေ၊ လူက လူ့နေရာနေရင် ပြီးတာပါပဲ။ ကျားက လူသားစားချင်လို့ စည်းဖောက်ပြီး လူ့ရပ်ရွာထဲ ကျူးကျော်ဝင်ရောက်လာရင်တော့ ဘယ်သည်းခံနိုင်မှာလဲ။ ဓားဆွဲတန်ဆွဲ၊ တုတ်ဆွဲတန်ဆွဲ လုပ်သင့်တာတော့ လုပ်ရမှာပဲ။ သက်သတ်လွတ်စားတဲ့ ကျား ရှိပါတယ်လို့တော့ လာမပြောနဲ့၊ ဘယ်တော့မှာ ယုံမှာမဟုတ်ဘူး။ မေတ္တာတရားကိုတော့ ယုံတယ်။ ဒါပေမဲ့ ကျားကိုတော့ မယုံဘူး။

၂၇၊ ၁၊ ၂၀၁၁



## မြန်မာအခေါ်ခံရလို့ မထိုက်တန်တဲ့သူတွေ

ဖေဖော်ဝါရီ ၂၃ ရက်နေ့က ကျောင်းသူဟောင်းသုံးယောက် ရောက်လာတယ်။ တစ်ယောက်က တိုကျို၊ တစ်ယောက်က ထိုက်ပေ၊ နောက်တစ်ယောက်ကတော့ ထိုက်ပေမှာ လေးငါးနှစ်သွားနေပြီးမှ ရန်ကုန် ပြန်လာနေသူဖြစ်တယ်။ ထိုက်ပေကတစ်ယောက်ကတော့ တရုတ်နှစ်သစ်ကူးအချိန်ရောက်တိုင်း ပြန်လာနေကျဖြစ်ပေမယ့် ဂျပန်ကတစ်ယောက်ကတော့ ထွက်သွားပြီးကတည်းက အခုမှပထမဆုံးအကြိမ် ပြန်တွေ့ရတာဖြစ်တယ်။

### ဗမာစကားပီသတဲ့သူတွေ

သုံးယောက်သားချိန်းပြီး အတူရောက်လာကြတာဆိုတော့ စကားတွေပြောလို့မကုန်အောင် ဖြစ်နေကြတယ်။ အဲဒီလို စကားပြောကြရင်းက တစ်ခုသတိထားလိုက်မိတယ်။ ဂျပန်ကလာတဲ့ တပည့်မက မြန်မာစကားကို ဘာသံမှမဝဲဘဲ ပီပီသသကြီးပြောနေတဲ့ အချက်ဖြစ်တယ်။ အခုတလောရေဒီယိုကနေ ကြားကြားနေရတဲ့ ဂျပန်ရောက် ဗမာတွေရဲ့စကားပြောသံတွေဟာ ဂျပန်သံ ဝဲဝဲနေကြတာ တွေ့ရတယ်။ စကားပြောရင်း နောက်ဆုံးစကားလုံးကျရင် အသံကို သံရှည်ဆွဲသွားပြီးမှ ရုတ်တရက်ရပ်ပစ်လိုက်ကြတယ်။ ဂျပန်စကားပြောနေကျမို့နေမှာပဲလို့ မှတ်ထင်နေခဲ့တယ်။ ဟောအခုတစ်ယောက်ကတော့ ဘာသံမှမဝဲဘဲ ဗမာစကားကို ဗမာလိုပဲ ပီပီသသကြီးကို ပြောနေလိုက်တာ၊ အံ့သြတောင်သွားရတယ်။ တကယ်တော့ သူက ဗမာတောင်မဟုတ်ပါဘူး။ လားရှိုးဇာတိ မြန်မာပြည်ပေါက် တရုတ်မလေးပါ။ စက်မှုတက္ကသိုလ်က ဘွဲ့ရပြီး ၁၉၈၈ မတိုင်မီကတည်းက ဂျပန်ကိုထွက်သွားတာ ဖြစ်ပါတယ်။ အခုရောက်လာတဲ့ သုံးယောက်စလုံး တရုတ်မလေးတွေပါ။ ထိုက်ပေမှာနေသူကလည်း ဟိုမှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ။ ဘာသံမှ မဝဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ဗမာစကားမပီတဲ့ဗမာတွေ

အသံ မပဲရုံတင်မဟုတ်ဘူး။ သူက မြန်မာပြည်ကိုလည်း ချစ်ပါတယ်။ နှစ်ကူးချိန်ရောက်တိုင်း တစ်နှစ်တစ်ခေါက် ရောက်အောင်ပြန်ပါတယ်။ ရောက်တာနဲ့ သူ့ဇာတိ ဇီးကုန်းကိုပြန်ပြီး ငယ်စဉ်က ဆရာသမားတွေကို လိုက်လံတွေ့ဆုံပြီး ကန်တော့ပါတယ်။ ဘုန်းကြီးကျောင်းတွေ ဘာတွေကိုလည်း လှူဒါန်းမှုတွေလုပ်ပါတယ်။ သူက ထိုက်ပေက အဆင့်မြင့်နိုင်ငံတကာဟိုတယ်ကြီးတစ်ခုမှာ မန်နေဂျာအဆင့်ရာထူး ရထားပါတယ်။ ဒါပေမဲ့ သူများတကာတွေလို မိဘဆွေမျိုးတွေပါခေါ်ပြီး ဟိုမှာမနေပါဘူး။ တစ်ယောက်တည်းပဲ နေပါတယ်။ သူတို့တတွေလို နှစ်ပေါင်းနှစ်ဆယ် အစိတ် နိုင်ငံခြားသွားနေတဲ့ မြန်မာပြည်ပေါက် တရုတ်မလေးတွေက ဗမာစကားပီပီသသပြောပြီး မြန်မာပြည်ကို ချစ်နေကြပေမယ့် လွန်ခဲ့တဲ့ လေးငါးဆယ်နှစ်ကမှ နိုင်ငံခြားရောက်သွားတဲ့ ဗမာစစ်စစ်တွေက ဗမာစကားကို နိုင်ငံခြားသံဝဲပြီး ပြောနေကြတာကိုတော့ ဘယ်လိုမှ နားမလည်နိုင်တာ အမှန်ပါပဲ။

## မြန်မာပြည်နဲ့မတန်ဘူးတဲ့

တချို့များ ဗမာစကားကို နိုင်ငံခြားသံဝဲပြီး ပြောရုံတောင်မကပါဘူး။ သူတို့တတ်ထားတဲ့ပညာတွေဟာ မြန်မာပြည်နဲ့မတန်အောင် မြင့်နေတဲ့အတွက် ပြန်လာလည်း အချည်းနှီးပဲလို့တောင် ပြောတတ်ကြသေးတယ်။ တတ်ထားတဲ့ပညာနဲ့ လူသားတွေကို အကျိုးပြုနေဖို့ပဲလိုတယ်။ ဘယ်နိုင်ငံသားဖြစ်ရမယ်ဆိုတဲ့ ကျဉ်းမြောင်းတဲ့အမြင်မျိုး မထားသင့်ဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ဂလိုဘယ်အမြင်ရှိဖို့လိုတယ်။ ဟိုနိုင်ငံသား ဒီနိုင်ငံသားဆိုတဲ့ သတ်မှတ်ချက်တွေဟာ ခေတ်နဲ့မညီတော့ဘူး။ လူသားအားလုံးဟာ ကမ္ဘာ့သူကမ္ဘာ့သားတွေပဲလို့ ကြည့်တတ်မြင်တတ်ရမယ်လို့ [illegible] ပြောလေ့ရှိကြတယ်။ အရှက်မရှိလို့ မျက်နှာပြောင်တိုက်ပြီး ပြော[illegible]တာပါ။ ကိုယ့်ရပ်ကိုယ့်ရွာက ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းကို[illegible] အကျိုးပြုချင်တဲ့ စေတနာမရှိတဲ့သူမျိုးက ကမ္ဘာ့လူသားတွေကို အကျိုး[illegible]မယ်လို့ ပြောနေတာကို ဘယ်သူကယုံမှာလဲ။ လူတွေက အရူး[illegible]တာ။



## သူများတွေပါအမြီးပြတ်စေချင်လို့

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း ကိုယ်နေချင်ရာနေ၊ ကိုယ်လုပ်ချင်တာလုပ် ကိုယ့်အပူမဟုတ်လို့ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ဟာကိုယ် အမြီးပြတ်တာကို ဆိတ်ဆိတ်မနေဘဲ သူများတွေပါ အမြီးလိုက်ဖြတ်ဖို့ တောင်ပြောမြောက်ပြော လျှောက်ပြောနေတာတွေတော့ သည်းမခံနိုင်ဘူး။ ဒါပေမဲ့ တော်ပါသေးတယ်။ အဲဒီလို အမြီးပြတ်တွေက လက်တစ်ဆုပ်စာလောက်သာရှိလို့။ နိုင်ငံခြားရောက် မြန်မာလူငယ်တွေ အများစုကတော့ သူတို့လိုမဟုတ်ကြဘူး။ ကြိုးစားပမ်းစား အလုပ်တွေလုပ်ပြီး မိဘတွေကို ကျေးဇူးဆပ်နေကြရှာတာပါ။ တချို့များ အလုပ်နှစ်မျိုးပြောင်းပြီး တစ်နေ့ကို ၁၆ နာရီလောက်အထိကို လုပ်ကြရရှာတာ။ တချို့ကျတော့လည်း အလုပ်တစ်ဖက်လုပ်ရင်းနဲ့ ကျောင်းတက်ပညာသင်လိုက်ကြသေးတယ်။ ဒီကြားထဲကတောင် မိဘတွေဆီ လစဉ်မပျက်မကွက် လှမ်းပြီးကန်တော့နေကြတာ ချီးကျူးစရာကောင်းလှတယ်။

## တွဲတေးသိန်းတန်ကြိုက်ကြလွန်းလို့

နိုင်ငံခြားသွားမယ့်သူတွေကို အနှစ်နှစ်ဆယ်အစိတ် အင်္ဂလိပ်စကားပြောသင်တဲ့ ဆရာလုပ်ခဲ့တာဆိုတော့ ကမ္ဘာ့နိုင်ငံအတော်များများမှာ ကျောင်းသူကျောင်းသားတွေ ထောင်နဲ့ချီပြီး ရှိနေကြပါတယ်။ မြန်မာပြည်ဟာ သူတို့ပညာနဲ့ မထိုက်တန်သေးလို့ ပြန်မလာဘူးလို့ ပြောတဲ့သူ ကိုယ့်ကျောင်းသူကျောင်းသားထဲက လေးငါးယောက်ထက် မပိုပါဘူး။ အများစုက မြန်မာပြည်ကို လွမ်းတသသနဲ့ နေနေကြတာချည်းပါ။ တွဲတေးသိန်းတန်နဲ့ ဟင်္သာတထွန်းရင် သီချင်းခွေတွေကို ကိုယ်ကသာ နားမထောင်တာ၊ တပည့်တွေမှာလို့ ခဏခဏဝယ်ပို့နေရတယ်။ တချို့များ ကြံကြံဖန်ဖန် ကျောက်ငရုတ်ဆုံနဲ့ လဲမှို့ခေါင်းအုံးတောင်မှာလို့ ပို့ရတယ်။ အမေရိကန်မှာ မွေးပြီး ဟိုမှာပဲကြီးတဲ့ တစ်ဦးတည်းသော မြေးယောကျ်ားလေးကတောင် မြန်မာပြည်က အချဉ်ထုပ်တွေနဲ့ လက်ဖက်သုပ်ကို သိပ်ကြိုက်တာ။ 'မွှားများနဲ့ မြန်မြန်ပို့ပါ ဘိုးဘိုး'လို့ ဖုန်းဆက်တိုင်း ပြောလေ့ရှိပါတယ်။

## သူတို့ပြန်လာကြမှာပါ

အမေဗမာ၊ အမေဗမာဆိုတော့ မြေးကလေးရဲ့ကိုယ်ထဲမှာ စီးဆင်း



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့သွေးတွေက ဗမာသွေးတွေချည်းမဟုတ်လား။ ဇာတိသွေးဆိုတာ ပျောက်ခဲပါတယ်။ ဗမာသွေးမနှောတဲ့ တပည့်မလေးတွေတောင် မြန်မာ့မြေမှာမွေး၊ မြန်မာ့လေကိုရှူ၊ မြန်မာ့ရေကိုသောက်ပြီး မြန်မာ့ဆန်ကို စားခဲ့ကြတာဖြစ်လေတော့ မြန်မာပြည်ကိုပဲ လွမ်းတသသ ဖြစ်နေကြတာပါ။ အခွင့်သာတိုင်း မြန်မာပြည်ကို ပြန်လာကြပါတယ်။ ကိုယ့်နိုင်ငံအပြင်ထွက်ပြီး နိုင်ငံစုံရောက်ဖူးလေလေ မြန်မာပြည်လောက် နေချင်စရာကောင်းတဲ့၊ ပျော်စရာကောင်းတဲ့နိုင်ငံ မရှိဘူးဆိုတာ သိလေလေဖြစ်တာကြောင့် တစ်နေ့မှာ သူတို့ပြန်လာကြမှာပါ။ မြန်မာပြည်ဟာ သူတို့ပညာနဲ့ မထိုက်တန်သေးဘူးဆိုတဲ့ လူတွေကိုလည်း စကားတစ်ခွန်းပြောချင်ပါတယ်။ သူတို့ရဲ့စိတ်ဓာတ်မျိုးတွေဟာ မြန်မာလူမျိုးဖြစ်ဖို့ ထိုက်တန်တဲ့အဆင့် မဟုတ်ဘူးဆိုတာပဲ ဖြစ်ပါတယ်။

**အနတ္တကိုဦးထိပ်ထား**

မြန်မာလူမျိုးဖြစ်ဖို့ဆိုတာ လွယ်တယ်ထင်သလား။ ဗြဟ္မစိုရ်တရားနဲ့ ဟိရိဩတ္တပ္ပတရားတွေကို နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးမှ မြန်မာလူမျိုးစစ်တာ။ နိုင်ငံခြားမှာ ဘယ်လောက်အကြာကြီးနေနေ ဒီတရားတွေကို လိုက်နာကျင့်ကြံနေသရွေ့ မြန်မာလူမျိုးလို့ ခေါ်နိုင်တယ်။ ဒီတရားတွေကို လုံးဝပစ်ပယ်ပြီး 'ဘယ်သူသေသေ ငတေမာပြီးရော'ဆိုတဲ့ စိတ်ဓာတ်မျိုးထားသူဆိုရင်တော့ မြန်မာနိုင်ငံတွင်းမှာနေလည်း မြန်မာလူမျိုးလို့ အခေါ်ခံရဖို့ မထိုက်တန်ပါဘူး။ မြန်မာစိတ်၊ မြန်မာစရိုက်ရဲ့ အနှစ်သာရက 'အတ္တ'ကို ပယ်ခွာခြင်းဖြစ်တယ်။ ဗုဒ္ဓဆုံးမခဲ့တဲ့ 'အနတ္တ'တရားကို ဦးထိပ်ထားကြတယ်။ 'ဘယ်သူသေသေ ငတေမာပြီးရော'စိတ်က 'အတ္တ' လွန်ကဲမှုဖြစ်တယ်။ လူအများဘာဖြစ်ဖြစ် 'ငါ'ကောင်းစားဖို့သာ အဓိကဆိုတဲ့ စိတ်ဖြစ်တယ်။ ဒီလူမျိုးတွေက မျောက်ပြဆန်တောင်းလုပ်တာမျိုးကိုလည်း ရှက်ရကောင်းမှန်းမသိဘူး။ ကြောက်ရကောင်းမှန်းလည်း မသိဘူး။ မေတ္တာ၊ ကရုဏာ၊ စေတနာဆိုတာတွေလည်း နားမလည်ပါဘူး။ ဒီလူမျိုးတွေဟာ မြန်မာလို့အခေါ်ခံရဖို့ မထိုက်တန်သူတွေပါ။

၂၄၊ ၂၊ ၂၀၁၀



# ပရဟိတနဲ့ မီးရှိလို့မီးခိုးထွက်တဲ့ကိစ္စ

နယ်မှာနေတဲ့ ကျောင်းသားဟောင်းတစ်ယောက် တစ်နေ့က ရောက်လာပါတယ်။ မတွေ့တာ တစ်နှစ်ကျော်လောက် ရှိနေပြီဖြစ်တဲ့အတွက် ဘာ့ကြောင့်လဲလို့ မေးလိုက်ပါတယ်။ သူက နယ်မှာနေပေမယ့် ရန်ကုန်ကို တစ်နှစ်မှာ နှစ်ခေါက်သုံးခေါက်တော့ ရောက်လေ့ရှိပါတယ်။

**စေတနာဆရာလေး**

သူ ရန်ကုန်မရောက်တာ ၁၅ လရှိပြီလို့ သူကပြောပါတယ်။ အလုပ်တွေတစ်အားများနေလို့ ထွက်လို့ကိုမရဘူးလို့လည်း ဆက်ပြောပါတယ်။ သူက တက္ကသိုလ်ပညာရေးပြီးဆုံးတာနဲ့ နယ်ပြန်သွားပြီး စေတနာဆရာလုပ်နေတာပါ။ မိဘစီးပွားရေးက အဆင်ပြေပြီး တစ်ဦးတည်းသောသားဖြစ်တာကြောင့် ဘာအလုပ်မှမလုပ်ဘဲ နေနိုင်ပါတယ်။ နယ်ပြန်ရောက်ကတည်းက ရပ်ကွက်ထဲက ကျောင်းမနေနိုင်တဲ့ကလေးတွေကို ဘုန်းကြီးကျောင်းမှာစုပြီး စေတနာ့ဝန်ထမ်း စာသင်ပေးပါတယ်။ လေးငါးယောက်ကစလိုက်တာ နောက်တော့ ကျောင်းသူကျောင်းသား သုံးလေးဆယ်ဖြစ်လာပါတယ်။ သူ့ကိုလည်း 'ဆရာလေး၊ ဆရာလေး'နဲ့ လူကြီးလူငယ်မရွေး လေးစားချစ်ခင်ကြလို့ သူပျော်နေပါတယ်။

**နိုင်ငံခြားထွက်ဖို့ပဲ လုံးပမ်းကြ**

သူလုပ်နေတာတွေအကြောင်း စာရေးလို့ဖြစ်စေ၊ ဖုန်းဆက်လို့ဖြစ်စေ အမြဲတမ်း အသိပေးတိုင်ပင်လေ့ရှိပါတယ်။ မဂ္ဂဇင်းတွေ၊ စာအုပ်တွေ စုဆောင်းဖို့ သုံးလေးလတစ်ကြိမ် ရန်ကုန်ရောက်လာတဲ့အခါလည်း အသေးစိတ် ရှင်းလင်းပြောကြားတတ်ပါတယ်။ သင်တန်းမှာလာတက်ကြတဲ့ လူငယ်အများစုက နိုင်ငံခြားထွက်ဖို့ပဲ လုံးပမ်းနေကြတဲ့ခေတ်ကာလမှာ



www.burmeseclassic.com

ကိုယ့်နယ်ကိုပြန်ပြီး ပရဟိတလုပ်ငန်းလုပ်တဲ့ သူလိုလူငယ်မျိုး ရှိပါသေးလားဆိုပြီး ဝမ်းသာအားတက်ရပါတယ်။ အတန်းထဲမှာ သူ့အကြောင်း မကြာမကြာပြောပြပြီး လူငယ်တွေကို 'အတ္တ'သမားတွေ ဖြစ်မသွားအောင် နှိုးဆော်ရပါတယ်။

### ဦးနှောက်ခြောက်ခမ်းမှု

သူ့ကျောင်းသူကျောင်းသားတွေအတွက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပြဋ္ဌာန်းစာအုပ် စတာတွေလည်း သင်တန်းသူသင်တန်းသားတွေက စုဆောင်းပြီး သူလာတိုင်းပေးကြပါတယ်။ တစ်ဖက်ကလည်း တစ်ကမ္ဘာလုံးမှာ ဖြစ်ပွားနေတဲ့ ဦးနှောက်ယိုစီးမှု(brain drain) ပြဿနာအကြောင်း ပြောပြရပါတယ်။ အဲဒီခေတ်ကာလက ပညာတတ်လူငယ်တိုင်း နည်းမျိုးစုံနဲ့ နိုင်ငံခြားထွက်ဖို့ပဲ ကြိုးစားနေကြတာကြောင့် brain drain တောင်မကတော့ဘဲ (brain dry) ဦးနှောက်ခြောက်ခမ်းမှုဖြစ်မှာကို စိုးရိမ်ရတဲ့အကြောင်းလည်း အမြဲမပြတ် ပြောပြရပါတယ်။

### ကျေးရွာအထိအောင်မြင်

နှစ်ပေါင်းနှစ်ဆယ်ကျော် စာသင်တဲ့အလုပ်လုပ်ခဲ့ရာမှာ အခု နယ်ကလာတဲ့လူငယ်လို လူငယ်လုံမငယ်လေးတွေ အနည်းအကျဉ်းတော့ ပေါ်ထွက်လာတာကြောင့် ကျေနပ်အားရပီတိဖြစ်ရပါတယ်။ တပည့်ဟောင်းက သူ့အလုပ်တွေ အောင်မြင်ပုံအကြောင်းများ ပြောပြတာကြားရတော့လည်း ပိုပြီး ပီတိဖြစ်ရပါတယ်။ သူ့အလုပ်မှာ မြို့က လူကြီးလူငယ် စေတနာရှင်တွေရဲ့ ငွေအားလူအား ဝိုင်းဝန်းကူညီမှုကြောင့် တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှုတွေ ရသထက်ရလာခဲ့ပါတယ်။ ရပ်ကွက်ထဲက စေတနာကျောင်းလေးအပြင် မြို့တွင်း တခြားရပ်ကွက်သုံးခုမှာလည်း ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။ ဒါတင်မက ပတ်ဝန်းကျင်က ကျေးရွာ ၁၀ ရွာမှာပါ စေတနာကျောင်းတွေ ဖွင့်ထားနိုင်ပါတယ်။ မြို့က စေတနာရှင်လူငယ်တွေက အလှည့်ကျ ရွာတွေကိုသွားပြီး သင်ပေးကြပါတယ်တဲ့။

### စာကြည့်တိုက်တွေထူထောင်

ကျောင်းဖွင့်စာသင်တဲ့အလုပ် အတော်လေးအောင်မြင်နိုင်နင်းလာ



တော့ ကျောင်းတွေနဲ့တွဲပြီး ကျေးရွာစာကြည့်တိုက်တွေပါ ထူထောင်ကြပါတယ်။ လူငယ်တွေရဲ့ စေတနာနဲ့လုပ်အားကို မြင်တွေ့ကြတဲ့ မြို့လူထုကလည်း ငွေအား၊ ပစ္စည်းအားနဲ့ ဝိုင်းပြီး ထောက်ပံ့ကူညီကြပါတယ်။ မြို့ခံ နယ်ခံ ပြည်သူလူထုရဲ့ လှူဒါန်းကူညီမှုကလွဲပြီး တခြားဘယ်အကူအညီကိုမှ သူတို့က လက်မခံပါဘူး။ ဆရာတော်သံဃာတော်များရဲ့ ကျောင်းရိပ်ကို ခိုလှုံပြီး သင်ကြားကြတာဖြစ်လို့ ဘာကုန်ကျစရိတ်မှလည်း မရှိပါဘူး။ စေတနာဆရာ ဆရာမလေးများရဲ့ စားရေးသောက်ရေးကိုလည်း ဆရာတော်သံဃာတော်များကပဲ တာဝန်ယူ စီမံပေးပါတယ်။

### ကျန်းမာရေးလည်းဝင်လုပ်ရ

ကျေးရွာတွေအနှံ့ စာလိုက်သင်ရင်း၊ စာကြည့်တိုက်တွေဖွင့်ရင်း တွေ့ကြုံလာရတဲ့ အတွေ့အကြုံတွေကြောင့် ကျေးလက်တောရွာတွေမှာလည်း ကျန်းမာရေးစောင့်ရှောက်မှု အထူးလိုအပ်ကြောင်း သိရှိလာခဲ့ကြပါတယ်။ အဲဒီတော့ လူငယ်တွေထဲမှာ ပါဝင်ကူညီနေတဲ့ ဆရာဝန်လေးတွေက ကျေးရွာတွေကို စက်ဘီးကိုယ်စီနဲ့ လှည့်ပြီး ကျန်းမာရေးပညာပေး ဟောပြောတာတွေ၊ ဆေးဝါးကုသတာတွေ လုပ်ပေးကြပါတယ်။ အမြဲတမ်းဆေးခန်းတွေတော့ လောလောဆယ်မှာ မဖွင့်နိုင်သေးပါဘူး။ အခြေအနေပေးရင်တော့ ဖွင့်လှစ်ဖို့ ရည်ရွယ်ထားကြပါတယ်။

### သဘာဝဝန်းကျင်ကိစ္စလည်းပါ

ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေအပြင် ကျေးလက်တောရွာတွေမှာ သစ်တောသစ်ပင်ပြုန်းတီးမှုတွေကလည်း တစ်နေ့တခြား ပိုဆိုးလာလေတော့ လူငယ်လေးတွေ ဝင်ပါကြရပြန်ပါတယ်။ ရန်ကုန်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းတွေဆီလာပြီး လေ့လာ မေးမြန်းမှတ်သားရ၊ စာရွက်စာတမ်းတွေ ရှာဖတ်ရ လုပ်ကြရပါတယ်။ နောက်တော့ ရွာတွေမှာ ဟောရပြောရ လုပ်ကြပါတယ်။

### ဗွက်တွင်းထဲရေလောင်းထည့်သလို

'လုပ်ရင်း၊ လုပ်ရင်းနဲ့ လုပ်စရာတွေက တိုးတိုးလာလိုက်တာ ဆရာရယ်၊ ခုဆို မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး ပညာပေးဟောပြောရတာတွေ၊



www.burmeseclassic.com

www.burmeseclassic.com

ကွန်ဒုံးဝေပေးရတာတွေနဲ့ အချိန်ပြည့်ကို အလုပ်ရှုပ်နေကြတာ'

တပည့်ကျောင်းသားဟောင်းက သူတို့အလုပ်များပုံတွေအကြောင်း ရှင်းပြတာပါ။

'လုပ်စရာတွေက ဘယ်လောက်လုပ်လုပ် လျော့သွားတယ်လို့ကို မရှိပါဘူး။ လုပ်ရင်းလုပ်ရင်းနဲ့ ကျွန်တော်တို့အားနဲ့တောင် မနိုင်တော့ဘူး။ ကြွက်တွင်းထဲ ရေလောင်းထည့်သလိုပဲ ပြည့်တယ်လို့ကို မရှိတော့ဘူးခင်ဗျ' နောက်ဆုံးတော့ သူ့ခမျာ ညည်းချင်းပဲ ချနိုင်ပါတော့တယ်။ သူ့ခမျာ ကျောင်းပြီးကတည်းက ပရဟိတလုပ်ငန်းတွေချည်း လုပ်လာခဲ့တာနှစ်တွေ နည်းသလားလို့။ ဒါပေမဲ့ အဆုံးသတ်နိုင်တယ်လို့ကို မရှိပါဘူး။

## လုပ်နိုင်သလောက်အကျိုးရှိ

ဒီကိစ္စ သူစိတ်ဓာတ်မကျအောင် ရှင်းပြဖို့လိုပါတယ်။ အဲဒါကြောင့် သူလုပ်နေတဲ့ ပရဟိတလုပ်ငန်းတွေဆိုတာက လူအများရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြစ်လို့ ပြီးဆုံးအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ လုပ်သလောက် အကျိုးရှိစေတာဖြစ်ကြောင်း၊ လူတစ်ယောက်နှစ်ယောက်အတွက် ဆောင်ရွက်ရလည်း ထိုလူတစ်ယောက်နှစ်ယောက်အတွက် အကျိုးရှိစေတာဖြစ်ကြောင်း ပြောပြလိုက်ပါတယ်။ အဲဒါအပြင် သူပြောတဲ့ ဘယ်လောက်လုပ်လုပ် လျော့သွားတယ်လို့ကို မရှိဘူးဆိုတဲ့ ပြဿနာတွေအကြောင်းလည်း ရှင်းပြရပါတယ်။

## မီးမခိုးအောင် မီးကိုသတ်

ပြဿနာတစ်ခုဖြစ်လာတယ်ဆိုတာဟာ 'မီးရှိလို့ မီးခိုးထွက်'ဆိုတဲ့ သဘောမျိုးပါ။ အကြောင်းတရားတစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ဖြစ်ပါတယ်။ မီးခိုးမထွက်အောင် မီးကိုငြိမ်းသတ်သလို အကျိုးတရားပပျောက်စေချင်ရင် မူလအခြေခံအကြောင်းတရားကို ရှင်းလင်းဖယ်ရှားပစ်ရပါတယ်။ ဘာ့ကြောင့် ပြဿနာဖြစ်လာရသလဲဆိုတဲ့ မူလအခြေခံအကြောင်းတရားကို မရှာဘဲနဲ့ ဘယ်လောက်နည်းလမ်းတွေအများကြီးရှာပြီး ဖြေရှင်းဖြေရှင်း ပြေလည်လိမ့်မယ်မဟုတ်ပါဘူး။ အချိန်ကုန် လူပန်းရုံသာ ရှိပါလိမ့်မယ်။ ပရဟိတလုပ်ငန်းတွေလုပ်ရုံနဲ့လည်း လူ့လောကရဲ့ ပြဿနာတွေ ရှင်းလင်းသွားမှာမဟုတ်ပါဘူး။



## ထောက်ပံ့ပေးကမ်းရုံနဲ့ မပြီးသေး

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး စတင်တည်ထောင်ပြီးကတည်းက ဆင်းရဲမွဲတေမှုနဲ့ အငတ်ဘေးပပျောက်ရေးတွေ အမျိုးမျိုးလုပ်ခဲ့တာပဲ။ ကမ္ဘာ့ဘဏ်တို့ အိုင်အမ်အက်ဖ်တို့နဲ့တကွ အဖွဲ့အစည်းပေါင်းစုံတွေက ကူညီထောက်ပံ့ငွေတွေ၊ ချေးငွေတွေ ကုဋေသိန်းသန်းချီပြီး ပေးလာခဲ့တာ နှစ်ပေါင်း ခြောက်ဆယ်ကျော်ခဲ့ပြီပဲ။ ဆင်းရဲမွဲတေမှုနဲ့ အငတ်ဘေးကတော့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးလာတာပဲရှိတယ် မဟုတ်လား။ အဲဒါကြောင့် ပရဟိတလုပ်ငန်းတွေလုပ်ရုံ၊ ထောက်ပံ့ပေးကမ်းရုံ၊ ငွေတွေချေးရုံနဲ့တော့ ကမ္ဘာ့ပြဿနာတွေ ပြေလည်မသွားနိုင်ပါဘူး။ ပြဿနာတွေဖြစ်ပေါ်လာရတဲ့ အခြေခံအကြောင်းရင်းကိုရှာပြီး အမြစ်ပါမကျန်အောင် ဆွဲနှုတ်ပစ်မှ တကယ်ပပျောက်မှာဖြစ်တယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ရှင်းပြပြီး သူလုပ်နေတဲ့အလုပ်က ပရဟိတအလုပ်ဖြစ်တယ်။ ပြဿနာဖြေရှင်းတဲ့အလုပ်မဟုတ်ဘူး။ အဲဒါကြောင့် ပြဿနာတွေမဖြေရှင်းနိုင်တာကို စိတ်ဓာတ်ကျစရာ အကြောင်းမရှိဘူး။ စောစောကပြောခဲ့သလို တစ်ယောက်ကို ကူညီနိုင်လည်း တစ်ယောက်အတွက် အကျိုးရှိစေတာဖြစ်ကြောင်း အားပေးလိုက်ရပါတယ်။

၁၀၊ ၇၊ ၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com

# ခြင်္သေ့မှန်ရင်မြက်မစားဘူး

'ပညာသည်တွေလည်း လူတွေပဲ။ ထမင်းစားရတယ်။ အိမ်နဲ့နေရတယ်။ ပြီးတော့ ပညာသည်တွေလည်း နာစေးချောင်းဆိုး ဖြစ်တတ်ပါတယ်။ ဒီသဘာဝကို နားလည်ပေးပါ။ အခါခပ်သိမ်း ပညာသည်မပီသနိုင်တာကို သိပ်ပြီးအပြစ်မတင်ပါနဲ့'

**ခေတ်ရဲ့လက်သုံးစကား**

ပညာသည်ဆိုတာ ကိုယ့်ပညာကို တန်ဖိုးထားရတယ်။ ပညာသည်မာနဆိုတာ ရှိရတယ်လို့ ရေးခဲ့တာနဲ့ပတ်သက်ပြီး ကျောင်းနေဖက်ငယ်သူငယ်ချင်းတစ်ယောက်က ပြောတဲ့စကားပါ။ သူလည်း ပညာတတ်တစ်ယောက်ဖြစ်ပါတယ်။ တက္ကသိုလ်ဆရာဘဝက အငြိမ်းစားယူခဲ့သူဖြစ်တယ်။ သူပြောတဲ့စကားမျိုး လူပေါင်းများစွာကလည်း ပြောချင်ကြလိမ့်မယ်။ ပြောနေကြလိမ့်မယ်လို့ ထင်ပါတယ်။ 'အူမတောင့်မှ သီလစောင့်နိုင်တယ်'ဆိုတဲ့စကားဟာ ဒီခေတ်ရဲ့ လက်သုံးစကား ဖြစ်နေပါပြီ။

**အဆောင်တစ်ခုသဖွယ်**

'စကားနောက် တရားပါ'ဆိုတဲ့ စကားရှိပါတယ်။ စကားအဖြစ်ပြောရာကနေပြီး ကာလကြာတော့ ပြောတဲ့စကားအတိုင်း ဘယ်ဖြစ်သွားတာကို ပြောတာပါ။ အူမတောင့်မှ သီလစောင့်နိုင်တယ်ဆိုတဲ့ စကားဟာလည်း ဒီခေတ်မှာ လူတိုင်းပြောနေကြပါတယ်။ ကိုယ့်အပြစ်ကို ကာကွယ်ဖို့အတွက် ရေလဲနဲ့သုံးနေတဲ့ 'အဆောင်'တစ်ခုသဖွယ် ဖြစ်နေပါတော့တယ်။ 'ငါ့ဝမ်းပူဆာမနေသာ'လို့ အကျင့်ပျက်ရတာထက် 'လောဘဇော'လွှန်ကဲလို့ အကျင့်ပျက်ရတာက ပိုပြီးများနေတယ်လို့ ယူဆပါတယ်။



**ရှက်စရာလို့မယူဆ**

လာဘ်ပေးလာဘ်ယူကိစ္စမျိုး ဆိုပါစို့။ ရှေးကတော့ ပေးသူကလည်း စာအိတ်ကလေးထဲထည့်၊ ဒါမှမဟုတ် မုန့်ပုံးတို့၊ ပုဆိုးတို့ထဲ ထည့်ပြီး သိုသိုသိပ်သိပ်လေး ပေးကြပါတယ်။ ယူသူကလည်း စာအိတ်ပါတာကို မမြင်ချင်ယောင်ဆောင်ပြီး အိန္ဒြေမပျက် လက်ခံလေ့ရှိပါတယ်။ ကာလကြာတော့ သိုသိုသိပ်သိပ်တောင် မလုပ်တော့ပါဘူး။ ပြောင်ပြောင်ပေး ပြောင်ပြောင်ယူ ဖြစ်လာပါတယ်။ နောက်တစ်ဆင့်ကျတော့ ဘယ်ငွေ ဘယ်မျှပေးမှ လုပ်ပေးမယ်လို့ပြောတာမျိုးကို ရှက်စရာလို့တောင် မယူဆကြတော့ပါဘူး။ လုပ်ရိုးလုပ်စဉ် ကိစ္စတစ်ခုလို့ပဲ သဘောထားကြပါတော့တယ်။

**ရပိုင်ခွင့်သဖွယ်**

နောက်ဆုံးတစ်ဆင့်ကတော့ အဆိုးဆုံးပါပဲ။ လာဘ်ယူလာဘ်တောင်းတာကို အပြစ်တစ်ခုလို့ လုံးဝမယူဆတော့ဘဲ ကိုယ့်အလုပ်၊ ကိုယ့်ရာထူးဌာနနဲ့ရအလျောက် 'ရပိုင်ခွင့်'တစ်ခုအဖြစ် သဘောထားကြပါတော့တယ်။ ရုံးကိစ္စတစ်ခုသွားလုပ်တဲ့အခါမျိုးမှာ ပိုက်ဆံပေးရရုံတင်မကဘဲ ကိုယ့်ဆီကပိုက်ဆံယူတဲ့သူကပဲ မျက်နှာကြောတင်းတင်းကြီးနဲ့ အော်တာငေါက်တာကို ခံလိုက်ရပါသေးတယ်။ ရုံးဝန်ထမ်းအများစုဟာ ရုံးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ လစာပေးပြီး ခန့်ထားခံရတဲ့(public servant) ပြည်သူ့ဝန်ထမ်းတွေ ဖြစ်ကြပါလားဆိုတဲ့ အသိမျိုးတောင် မရှိကြတော့ပါဘူး။

**အပိုင်စားရသလို**

ရုံးဝန်ထမ်းဖြစ်တာနဲ့ ရှေးရှင်ဘုရင်တွေခေတ်က ရွာစား၊ မြို့စားများလို အပိုင်စားပေးသနားခံရတယ်လို့ အထင်ရောက်ကာ လူတွေကို ကိုယ့်ကျေးတော်မျိုး၊ ကျွန်တော်မျိုးသဖွယ် သဘောထားပြီး ဩဇာအာဏာပြချင်တိုင်း ပြကြပါတော့တယ်။ ဝန်ထမ်းသေးသေးလေးပဲဖြစ်စေ၊ ခပ်ကြီးကြီးပဲဖြစ်စေ အားလုံးဟာ public servant တွေဖြစ်ကြပြီး သူတို့ကို လစာလခပေးနေတာက အများပြည်သူတွေဖြစ်ကြပါလားဆိုတဲ့ အသိမျိုး လုံးလုံးကို မရှိကြတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

**သိက္ခာနဲ့ရိက္ခာဝယ်မရတဲ့**

လာဘ်ပေးလာဘ်ယူကိစ္စ၊ အကျင့်ပျက်မှုကိစ္စများကို ပြောတဲ့အခါတိုင်း 'အူမတောင့်မှ သီလစောင့်နိုင်'ဆိုတဲ့စကားကို အားလုံးကပဲ တညီတညွတ်တည်း သံပြိုင်ပြောကြပါတယ်။ သီလကို အကျိုးအပျက်မခံဘူး၊ အသက်သာ အသေခံမယ်ဆိုတဲ့ သီလရက္ခိတ သတ္တိသားစိတ်ဓာတ်မျိုးဆိုတာ ကြားဖူးကြဟန်တောင် မရှိပါဘူး။ 'သိက္ခာကို ရိက္ခာနဲ့ မလဲဘူး' ဆိုတဲ့ ခေတ်စကားကိုလည်း အတော်များများက 'သိက္ခာနဲ့ ရိက္ခာဝယ်လို့မရဘူး' လို့ အပြောင်အပြက်လိုလိုနဲ့ ပြောတတ်ကြပါသေးတယ်။

**ကမ္ဘာပျက်ကြီး**

ဒီနေ့ ကမ္ဘာတစ်ခုလုံး ဘယ်နေရာကိုကြည့်ကြည့် လူသားတို့ရဲ့ ကိုယ်ကျင့်တရားတွေ ကြောက်စရာကောင်းလှအောင်ကို ယိုယွင်းပျက်စီးလာတာ တွေ့မြင်နေရပါတယ်။ အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုက သမ္မတတစ်ဦးဆိုရင် မုဒိမ်းမှုနဲ့ စွပ်စွဲခံရလို့ မကြာမီလေးကပဲ ရာထူးကဆင်းပေးလိုက်ရပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း စစ်လက်နက်ပစ္စည်းရောင်းရဖို့အတွက် ဆော်ဒီမင်းသားတစ်ပါးကို ဒေါ်လာသန်းထောင်ချီပြီး လာဘ်ပေးခဲ့တယ်ဆိုတဲ့ ကိစ္စကြီးပေါ်ပေါက်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်ခုက ဝန်ကြီးချုပ်ဟောင်းတစ်ဦးဆိုရင် နိုင်ငံ့ဘဏ္ဍာကို ဒေါ်လာသန်းထောင်နဲ့ချီပြီး အလွဲသုံးစားလုပ်တဲ့အမှုနဲ့ စွဲချက်တင်ခံထားရပါတယ်။

**ညောင်လေးပင်တောရဆရာတော်ကြီးလို**

အများက မိုးခါးရေသောက်နေတာ ကိုယ်ကမသောက်ရင် မိုက်ရာကျမှာပေါ့ဆိုတဲ့စကားကလည်း လက်သုံးစကားဖြစ်နေပါတယ်။ ဆေးရုံကုတင်ပေါ်မှာ ပက်လက်ကလေးဖြစ်နေတဲ့ အခြေအနေရောက်တာတောင်မှ ဝိနည်းကျိုးပေါက်မှာစိုးလို့ ပိုက်နဲ့အာဟာရသွင်းတာကို လက်မခံဘဲ ငြင်းပယ်ခဲ့တဲ့ ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီးလိုပုဂ္ဂိုလ်မျိုးရဲ့ အကြောင်းကို ကျောင်းဖတ်စာအုပ်တွေထဲ ထည့်သွင်းဖို့ကောင်းပါတယ်။ စိတ်ကောင်းစိတ်မြတ်ဆိုတာ ဘယ်လိုဟာလဲဆိုတာ လူငယ်တွေသိအောင် လုပ်ပေးသင့်ပါတယ်။ ဒီလိုဆုတ်ကပ်ကြီးထဲမှာတောင် ဒီလိုအာဇာနည်ပုဂ္ဂိုလ်မျိုးတွေ ရှိပါသေးလားဆိုတာလည်း လူငယ်တွေ သိစေချင်ပါတယ်။



**လိပ်ပြာခြောက်တယ်**

အကျင့်ပျက်ခြစားမှုနဲ့ ထောင်ထဲရောက်ရသူများဟာ လိမ်လည်မှု မုဒိမ်းမှုတို့နဲ့ ထောင်ထဲရောက်ရသူများနဲ့ တန်းတူထားပြီး တခြားထောင်သားများရဲ့ စက်ဆုပ်ရွံရှာတာကို ခံရလေ့ရှိပါတယ်။ အပြင်မှာ ကျန်ရစ်တဲ့ သားသမီးများလည်း လူတောထဲမတိုးရဲအောင် မျက်နှာငယ်ရရှာပါတယ်။ လူမမိလို့ ဘာမှမဖြစ်ဘူးပဲထား၊ လူပုံအလယ်မှာ ခေါင်းမော့ရင်ကော့ပြီး လျှောက်နိုင်ဖို့တော့ တော်တော်ခက်ပါလိမ့်မယ်။ ကိုယ့်လိပ်ပြာက ကိုယ့်ကို အမြဲတမ်း ပြန်ခြောက်နေမှာကိုး။

**အသက်အသေခံမယ်**

လိပ်ပြာခြောက်တာမခံရဖို့ ညမှာ အေးအေးချမ်းချမ်းနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ဖို့အတွက် အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ စကားကို လုံးလုံးကြီးမေ့ပစ်လိုက်ဖို့ လိုပါတယ်။ ကေသရာဇာခြင်္သေ့မှန်ရင် ဘယ်တော့မှ မြက်မစားဘူး၊ အသက်သာအသေခံမယ်ဆိုတဲ့ စကားအတိုင်း လူတော်လူကောင်းမှန်ရင် အသက်သာအသေခံမယ် သီလကိုတော့ အပျက်မခံဘူးဆိုတဲ့ စိတ်ဓာတ်မျိုး မွေးနိုင်အောင်လည်း ကြိုးစားဖို့ လိုပါတယ်။

၃၊ ၄ ၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com

## မစားကောင်းမသောက်ကောင်းတဲ့အရာ

သကြၤန်ပြီးစတစ်ရက်မှာ ကျောင်းသူလေးတစ်ယောက် လက်ဆောင်တွေနဲ့ ရောက်လာပါတယ်။ ပုသိမ်ဟာလဝါ၊ ပုဖွန်ခြောက်၊ ငါးခြောက်တွေ ပါလာတာကြောင့် ချောင်းသာကပြန်လာတာလားလို့ မေးလိုက်မိပါတယ်။

### စိတ်ဆုံပွဲ

အမှန်ပါပဲ။ ချောင်းသာက ပြန်လာတာပါ။ သူတို့ရုံးက တစ်နိုင်ငံလုံးရှိ ရုံးခွဲဝန်ထမ်းတွေအားလုံး နှစ်ပတ်လည်မိတ်ဆုံပွဲကို ဒီနှစ် ချောင်းသာမှာ လုပ်တဲ့အတွက် ရုံးပိတ်ရက် ၁၀ ရက် ရပေမယ့် သူ မန္တလေးကို မပြန်ရတဲ့အကြောင်း ညည်းညည်းညူညူနဲ့ပြောပါတယ်။ သူက INGO လို့ ခေါ်ကြတဲ့ နိုင်ငံတကာလူမှုကူညီစောင့်ရှောက်ရေး အဖွဲ့ဘစ်ဖွဲ့မှာ ဝင်လုပ်နေတဲ့ ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။ ရုံးချုပ်ကဝန်ထမ်း ဖြစ်လေတော့ ခရီးစဉ်အတွက် တာဝန်ယူစီစဉ်ပေးရတဲ့ အဖွဲ့ထဲမှာ တာဝန်ပေးခံရပါတယ်။ အဲဒါကြောင့် သကြၤန်ပိတ်ရက်တိုင်း ပြန်နေကျ မန္တလေးက မိဘများဆီကို မသွားရတော့ပါဘူး။

### လူပေါင်း၃၅၀ဆုံတွေ့ကြ

ချောင်းသာကမ်းခြေ အပန်းဖြေမိတ်ဆုံပွဲဆိုပေမယ့် လူအားလုံး စုစုပေါင်း ၃၅၀ ကျော်ရဲ့ နေရေးထိုင်ရေး စားသောက်ရေးတွေ စီစဉ်ရတာကြောင့် ပင်လယ်ရေတောင် ဝအောင်မစိမ်ခဲ့ရပါဘူးလို့ ပြောပါတယ်။ ရုံးက အကြီးတန်းလခကြီးစား နိုင်ငံခြားသူ၊ နိုင်ငံခြားသားများရဲ့ မိသားစုနဲ့ ကလေးတွေလည်း ပါလာကြလေတော့ ပိုပြီးအလုပ်ရှုပ်ရပါတယ်လို့လည်း ညည်းပါတယ်။ လူပေါင်း ၃၅၀ ကျော်အတွက် ဟိုတယ်ခပ်ကြီးကြီးနှစ်ခုကို အပြတ်ယူထားရတယ်လို့ သိရပါတယ်။





နယ်ကလူတွေက ကိုယ့်စားရိတ်နဲ့ကိုယ်လာရတာလားလို့ မေးကြည့်တော့ 'ဘယ်ဟုတ်မှာလဲ ဆရာရယ်၊ ရုံးက တစ်ယောက်ကို ဒေါ်လာ ၁၀၀ နှုန်း အကုန်အကျခံပြီး စီစဉ်ပေးတာပါ'လို့ ရှင်းပြပါတယ်။ ဒါက ချောင်းသာ အသွားအပြန် သယ်ယူပို့ဆောင်ခ၊ ၃ ရက် နေထိုင်စားသောက်စားရိတ်ပဲ ဖြစ်ပါတယ်။ လူ ၃၅၀ နဲ့ပဲတွက်ရင် စုစုပေါင်း ဒေါ်လာ ၃၅၀၀၀၊ မြန်မာငွေနဲ့ဆို အကြမ်းဖျင်း သိန်း ၄၂၀ လောက်ရှိမယ်ထင်ပါတ[illegible] ဒါတင်မကသေးပါဘူး။ မြန်မာပြည် ဒေသပေါင်းစုံကလူတွေ ရန်ကုန်အသွားအပြန်စားရိတ်၊ တည်းခိုနေထိုင် စားသောက်စားရိတ် ဆိုတာတွေလည်း ရှိပါသေးတယ်။ ဒါတွေလည်း ရုံးချုပ်က ပြန်ထုတ်ပေးရမှာ ဖြစ်ပါတယ်။

### ကလေး၁၀၀၀ကျောင်းနေနိုင်

သူတို့ရဲ့ ချောင်းသာကမ်းခြေ ၃ ရက်ကြာ အပန်းဖြေခရီးတစ်ခေါက် ကုန်ကျစားရိတ်ဟာ တောလက်ကျေးရွာတွေမှာ ပိုက်ဆံမရှိလို့ ကျောင်းမနေနိုင်တဲ့ မူလတန်းရွယ် ကလေးပေါင်း ၁၀၀၀ လောက်ကို တစ်နှစ်တော့ ကျောင်းထားပေးနိုင်လောက်တယ် ထင်ပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြားမှာ ဒီလိုကလေးမျိုးတွေ မနည်းလှပါဘူး။ ကျောင်းနေရမယ့် အရွယ်လေးတွေ ကျောင်းမနေနိုင်ဘဲ ကြုံရာကျပန်းလုပ်ကိုင်နေရတာတွေ မြင်တွေ့ရတိုင်း ရင်ထဲမကောင်း ဖြစ်ရပါတယ်။

### တောင်ပေါ်ကကလေးတွေ

စကားပြောသင်တန်းလေးဖွင့်ထားစဉ်က သင်တန်းမှာ တောင်ပေါ်က ရှမ်း၊ ပအိုဝ်း ဦးပဉ္ဇင်းလေးတွေ ဆယ့်လေးငါးပါး အမြဲရှိပါတယ်။ သူတို့ တွေ တစ်နှစ်တစ်ခေါက် တောင်ပေါ်ပြန်ပြီး ပြန်လာတဲ့အခါများမှာ ကလေးငါးယောက်ခြောက်ယောက်တော့ အမြဲပါလာတတ်ပါတယ်။ ရွာမှာ ကျောင်းမရှိလို့၊ ဒါမှမဟုတ် မိဘဆင်းရဲလို့၊ ကျောင်းမနေနိုင်လို့ဆိုတဲ့ ကလေးမျိုးတွေ ခေါ်လာကြတာပါ။ စောစောပိုင်းကတော့ ယောက်ျားလေးတွေဆို ဦးပဉ္ဇင်းလေးတွေကခေါ်ထား၊ မိန်းကလေးတွေဆို သီလရှင်ကျောင်း ပို့ထားနဲ့ အဆင်ပြေပါတယ်။ နောက်ပိုင်းကျတော့ ဘုန်းကြီးကျောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

သီလရှင်ကျောင်းတွေမှာလည်း နှစ်စဉ်တိုးလာနေတဲ့ ကလေးတွေကို လက်ခံနိုင်အား မရှိတော့ဘူး။

### ဝိုင်းဝန်းတာဝန်ယူ

ကလေးတွေခေါ်လာပြီး တလည်လည်ဖြစ်နေကြတဲ့ ဦးပဉ္ဇင်းလေးတွေကို ကူညီဖို့ ကျောင်းသူကျောင်းသားတွေကို လှုံ့ဆော်ပြီး ဝိုင်းဝန်းတာဝန်ယူကြပါတယ်။ တချို့က နှစ်ယောက်သုံးယောက်တောင်ခေါ်ပြီး ကျောင်းထားပေးကြပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်ကစပြီး ကျန်းမာရေး ဆိုးသထက်ဆိုးလာလို့ သင်တန်းလေး ရပ်စဲလိုက်ရတဲ့အခါမှာတော့ ဦးပဉ္ဇင်းလေးတွေကို မကူညီနိုင်တော့ပါဘူး။ ပါလာတဲ့ကလေးတွေကို မြင်တိုင်း ရင်ထဲဆို့နင့်ခံစားရပါတယ်။ ကိုယ့်အိမ်မှာလည်း သုံးလေးယောက် ရှိနေပြီးဖြစ်တော့ ထပ်ပြီးခေါ်မထားနိုင်တော့ပါဘူး။ စိတ်ထဲမှာတော့ ဘယ်ကောင်းနိုင်မှာလဲ။

### ညှိုးငယ်တဲ့မျက်နှာလေးတွေ

အဲဒီလို စိတ်အခံကရှိထားလေတော့ လူမှုရေးကူညီစောင့်ရှောက်ဖို့ဆိုတဲ့ အဖွဲ့အစည်းမျိုးက အဖွဲ့ရဲ့ ငွေကြေးရန်ပုံငွေထဲက သိန်းလေးငါးရာကို အပန်းဖြေခရီးထွက်ဖို့ ခပ်လွယ်လွယ်သုံးစွဲလိုက်တာ ကြားရတဲ့အခါ ဦးပဉ္ဇင်းလေးတွေနဲ့ပါလာတဲ့ ရှမ်းကလေးတွေ၊ ပအိုဝ်မလေးတွေရဲ့ ညှိုးငယ်တဲ့ မျက်နှာလေးတွေဟာ အလိုလိုနေရင်း မျက်စိထဲပေါ်လာကြပါတော့တယ်။ အဲဒီနောက် တစ်ဆက်တည်း ပုပ်ရဟန်းမင်းကြီး အိန္ဒိယကို အလည်အပတ်ရောက်လာပြီး အပြန်မှာ သူစီးဖို့ တကူးတကသယ်လာခဲ့တဲ့ ကျည်ဆံခံကားကြီးကို မာသာထရီဇာစီးဖို့ စွန့်ကြဲခဲ့ပါတယ်။ သူတော်ကောင်းမကြီး မာသာထရီဇာက ကားကြီးကို ချက်ချင်းရောင်းပစ်လိုက်ပြီး ရငွေနဲ့ ဆေးရုံဆောက်ပစ်လိုက်ပါတယ်။ ပရဟိတစိတ်ဓာတ်ဆိုတာ ဒါမျိုးပါလားလို့ သိရှိလိုက်ရပါတယ်။

### ဆက်နွှယ်အတွေး

မာသာထရီဇာအကြောင်းတွေးမိရာက ဆက်နွှယ်ပြီး သတင်းစာဆရာကြီး မြန်မာ့အလင်းဦးသန်းညွန့် စကားစပ်မိတိုင်း ပြောလေ့ရှိတဲ့ ဦး



BURMESE CLASSIC .com

လေးတင်(မြန်မာ့အလင်းဦးတင်)ရဲ့ ပရဟိတစိတ်ဓာတ်အကြောင်း တွေးမိပြန်ပါတယ်။ စစ်ကြီးပြီးစက ဒေါ်ဦးဖွန်းတည်ထောင်ခဲ့တဲ့ သင်္ဃန်းကျွန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ စောင့်ရှောက်သူမဲ့ ဖြစ်နေကြပါတယ်။ ဒါကို ဦးလေးတင်က ဦးဆောင်စောင့်ရှောက်ပြီး လူသူလေးပါးနဲ့ အလှမ်းဝေးတဲ့ သင်္ဃန်းကျွန်းကနေ မြို့နဲ့နီးတဲ့ လက်ရှိ ကုက္ကိုင်းနေရာကို ပြောင်းရွှေ့ခဲ့ပါတယ်။

### ဦးလေးတင်ရဲ့ကျင့်ဝတ်သီလ

ကုက္ကိုင်းရောက်တဲ့အချိန်ကစပြီး ဦးလေးတင်ဟာ မနက်တိုင်း ဘိုးဘွားရိပ်သာမှာ ရုံးထိုင်ပြီး ဆောင်ရွက်စရာကိစ္စတွေ ဆောင်ရွက်ပါတယ်။ အဲဒီကပြီးမှ မြန်မာ့အလင်းတိုက်ကို သွားပါတယ်။ ကုက္ကိုင်းကို ရောက်စမှာ ဝန်ထမ်းတွေက ဦးလေးတင်ရောက်တာနဲ့ ကော်ဖီတို့၊ မုန့်တို့နဲ့ ဝတ်ပြုကြပါတယ်။ ဦးလေးတင်က ပြန်ယူသွားခိုင်းပြီး 'ကျုပ်အတွက် ဘာမှ လုပ်မပေးပါနဲ့။ လူတွေက လှူကြတမ်းကြတာဟာ ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်ဖို့ဖြစ်တယ်။ ကျုပ်တို့အတွက်မဟုတ်ဘူး။ ကျုပ်လည်း မစား မသောက်ဘူး။ ဘယ်သူမှလည်း မစားမသောက်ကြပါနဲ့။ မစားကောင်း မသောက်ကောင်းပါဘူး'လို့ ဝန်ထမ်းတွေကို မှာကြားပါတယ်။

### ရေတစ်ခွက်တောင်မသောက်

အချိန်တန်တော့ ဦးလေးတင်ဟာ သူ့အိမ်ကယူလာတဲ့ ဓာတ်ဘူးထဲက ကော်ဖီကို ထုတ်သောက်ပြီး ရေနွေးကြမ်းကိုလည်း သူ့ဓာတ်ဘူးထဲကပဲ သောက်ပါတယ်။ ဘိုးဘွားရိပ်သာမှာ နှစ်ပေါင်းများစွာ တာဝန်ယူဆောင်ရွက်ခဲ့စဉ် ကာလတစ်လျှောက်လုံး ဦးလေးတင်ဟာ ဘိုးဘွားရိပ်သာက ရေတစ်ခွက်တောင် မသောက်ခဲ့ဘူးဆိုတဲ့ အကြောင်းကို ဦးလေးတင်ရဲ့ အန္တေဝါသိကတပည့်ရင်း မြန်မာ့အလင်းခြံပေါက် ဆရာဦးသန်းညွန့်က မကြာခဏ သူ့ကျေးဇူးရှင်ကို လွမ်းတသသနဲ့ ပြောပြတတ်ပါတယ်။

### ပရဟိတသမားစစ်စစ်များပေါ်စေချင်

ဦးလေးတင်လို ကျင့်ဝတ်သီလ မြဲမြံတဲ့ပုဂ္ဂိုလ်၊ ဒေါ်ဦးဖွန်းတို့လို ရှိသမျှ စည်းစိမ်ချမ်းသာကို ပရဟိတလုပ်ငန်းအတွက် လှူဒါန်းသည့်ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

မာသာထရီဇာလို ချည်ထည်ဆာရီကိုဝတ်ပြီး ဖိနပ်မပါဘဲ လမ်းကြိုလမ်းကြား လျှောက်သွားကာ ဒုက္ခသည်တွေကို ကယ်တင်တဲ့ပုဂ္ဂိုလ် အဲဒီလို သူတော်ကောင်း ပရဟိတသမားစစ်စစ်တွေ ပေါ်ထွန်းလာပါစေလို့ပဲ မျှော်လင့်တောင့်တနေရပါတော့တယ်။

၃၀၊ ၄၊ ၂၀၀၇



# ဝါးတားဂိတ်အစ၊ မော်နီကာအလယ်၊ သက်ဆင်ဂိတ်အဆုံး

'လူ့လောကရဲ့ အကျင့်ပျက်မှုတွေကို ပပျောက်အောင် လုပ်နိုင်ပါ့မလား'

ဒီနေ့ခေတ် လူကြီးလူငယ်စကားဝိုင်းမှန်သမျှမှာ အပြောများဆုံး အကြောင်းအရာတစ်ခုရှိပါတယ်။ နိုင်ငံတကာမှာလည်း ဒီကိစ္စကို 'ပြောမဆုံးပေါင် တောသုံးထောင်' ဖြစ်နေတာပါပဲ။ စာနယ်ဇင်းတွေမှာလည်း ဒီကိစ္စနဲ့ပတ်သက်တဲ့ သတင်းဆောင်းပါးတွေ အမြဲမပြတ် တွေ့မြင်ဖတ်ရှုနေရပါတယ်။

## မြင်ပါများတော့ရိုးနေပြီ

'နမ်းပါများတော့ပြယ်၊ မြင်ပါများတော့ငယ်'ဆိုတဲ့ စကားအတိုင်း ဒီကိစ္စဟာ မြင်ဖန်ကြားဖန်များလွန်းတော့ အထူးအဆန်းပြဿနာကြီး တစ်ခုအဖြစ် မမြင်ကြတော့ဘဲ သာမန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စလေးတစ်ခုအဖြစ် သာ သဘောထားရှုမြင်သုံးသပ်နေကြတာ ကမ္ဘာတစ်ခုလုံးမှာလိုလို ဖြစ်ပါတယ်။ အထက်ကရေးခဲ့တဲ့ မေးခွန်းကို မေးသူများဟာ စကားအဖြစ် မေးမယ့်သာမေးကြတာပါ သူတို့မှာ ကြိုတင်တွက်ဆထားပြီးသား အဖြေက ရှိနေပြီးဖြစ်ပါတယ်။ သူတို့အဖြေက 'မလုပ်နိုင်တော့ပါဘူး'ဆိုတာပဲ ဖြစ်ပါတယ်။

## အထောက်အထားတွေရှိ

ဒီလိုကောက်ချက်မျိုးချဖို့ သူတို့မှာ လုံလောက်တဲ့အကြောင်းပြချက်တွေ ရှိနေကြပါတယ်။ မကြာသေးမီကပဲ နာမည်ကျော်တောင်ကိုရီးယားက ဒေဝူးသူဌေးကြီး ငွေကြေးမသမာမှုများ ပြုလုပ်ခဲ့မှုကြောင့် ထောင်အထိ-



www.burmeseclassic.com

www.burmeseclassic.com

အနှစ် ၂၀ ကျော် ချမှတ်ခံရတာကို ထောက်ပြကြပါတယ်။ ဒါတင်မက လောလောလတ်လတ်ပေါ်ထွက်လာတဲ့ ကိစ္စတစ်ရပ်ကိုလည်း လက်ညှိုးထိုးပြကြပါတယ်။ အဲဒါကတော့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျင့်ပျက်မှုမဟုတ်ဘဲ အစိုးရအဖွဲ့ကြီးတစ်ဖွဲ့ရဲ့ မသမာမှုဖြစ်ပါတယ်။

## အစိုးရမသမာမှု

အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန် ပြုတ်ကျမသွားခင်အချိန်မှာ ဩစတြေးလျအစိုးရက ကုလသမဂ္ဂရဲ့ ရေနံနဲ့ အစားအစာ လဲလှယ်ရေးအစီအစဉ်အရ အီရတ်နိုင်ငံကို ဂျုံများ တင်ပို့ရောင်းချခွင့်ရရှိဖို့အတွက် ဆက်ဒမ်ဟူစိန်အစိုးရကို ဒေါ်လာ သန်းနဲ့ချီတဲ့ လာဘ်ငွေတွေ ပေးခဲ့ရတယ်ဆိုတဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ လက်ရှိ ဩစတြေးလျဝန်ကြီးချုပ် အပါအဝင် ထိပ်တန်းခေါင်းဆောင်အများအပြား စုံစမ်းစစ်ဆေးမှု ခံယူနေကြရတာများကိုလည်း ထောက်ပြကြပါတယ်။ အာဏာသိမ်းခံလိုက်ရတဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မိသားစုကြီးရဲ့ အစိုးရအာဏာ အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာဖွေကြပုံများဟာလည်း အကောင်းဆုံးသာဓကတစ်ခု ဖြစ်နေပါတော့တယ်။

## ဝါးတားဂိတ်ကသက်ဆင်ဂိတ်အထိ

ဒီအထောက်အထားများဟာ များလှစွာသော မသမာအကျင့်ပျက်မှုတွေထဲက နောက်ဆုံးဖြစ်ရပ်များသာ ဖြစ်ပါတယ်။ ကမ္ဘာသိကျော်ကြားခဲ့တဲ့ ဝါးတားဂိတ်နဲ့ သမ္မတနစ်ဆင်၊ အီရန်ဂိတ်နဲ့ သမ္မတရေဂန်၊ မော်နီတာဂိတ်နဲ့ သမ္မတကလင်တန် စတဲ့ကိစ္စတွေဟာလည်း နိုင်ငံ့ထိပ်သီးခေါင်းဆောင်ကြီးတွေကိုယ်တိုင် အကျင့်ပျက်ခဲ့ကြတဲ့ မသမာမှုများပဲ ဖြစ်ပါတယ်။ အာရှမှာလည်း ချွန်ဒူးဟွမ်ရဲ့ မသမာမှု၊ မားကို့စ်လင်မယားရဲ့ အကျင့်ပျက်မှု၊ ဆူဟာတိုနဲ့ သားသမီးများရဲ့ ကိုယ်ကျိုးရှာမှု၊ နောက်ဆုံး သက်ဆင်ရဲ့ မသမာမှု စတဲ့ စတဲ့ သာဓကတွေ များစွာရှိခဲ့ပါတယ်။

## နောက်ဆုံးမှာဖော်ထုတ်ခံရ

မသမာမှုတွေ အများကြီးရှိခဲ့တာ၊ ရှိနေတာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီမသမာမှုတွေအားလုံး နောက်ဆုံးမှာ ဖော်ထုတ်အရေးယူခြင်းခံကြ



ရတာချည်းဖြစ်တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သေမာမှုများကို ပြောက် အောင် လုပ်ဆောင်မရနိုင်တော့ဘူးလို့ အဆိုးမြင်ကောက်ချက်ချခြင်းဟာ မမှန်ဘူးဆိုတာ တွေ့နိုင်တယ်။ မနေ့တနေ့က ကွယ်လွန်သွားတဲ့ ချီလီသမ္မတ ပင်နိုချေးဆိုရင်လည်း ပြည်ပရောက်နေတာတောင် အရေးယူခံရတဲ့ သာဓကမျိုးလည်း အကောင်းမြင်စရာရှိနေပါတယ်။

## အမြတ်ရဖို့အဓိက

ဒီနေ့ လူ့အဖွဲ့အစည်းမှာ နေရာတကာ ပညာရေးကိစ္စ၊ ကျန်းမာရေးကိစ္စပါမကျန်အောင် 'တရားလွန် စီးပွားရေးဆန်လွန်းမှု'(hyper commercialization) လွှမ်းကဲနေပါတယ်။ ဘယ်နည်းနဲ့ရရ အမြတ်ရရေးအဓိကဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျင့်သုံးနေကြပါတယ်။ 'ကြောင် ဖြူတာ မည်းတာက ပဓာနမဟုတ်ဘူး။ ကြွက်မိဖို့သာ လိုရင်းဖြစ်တယ်' ဆိုတဲ့ အတွေးအခေါ်ရဲ့ လွှမ်းမိုးမှုကို ခံနေကြရတယ်။ အားကစားပွဲတွေမှာတောင် အားကစားစိတ်ဓာတ်ဆိုတာ မမြင်မတွေ့ရတော့ဘူး။ ဘယ်နည်းနဲ့နိုင်နိုင် အနိုင်ရဖို့ အဓိကဆိုသလို ဖြစ်နေတော့တယ်။

## တရားဥပဒေစိုးမိုးရေးသာလိုအပ်

အမြတ်ရဖို့အဓိက၊ အနိုင်ရဖို့အဓိကဆိုတဲ့ စိတ်ဓာတ်ကြောင့် ဘက်ပေါင်းစုံမှာ မသမာမှုတွေ၊ လာဘ်ပေးလာဘ်ယူကိစ္စတွေ ကြောက်စရာကောင်းလောက်အောင် ကြီးထွားလာတာတွေ့ရတယ်။ ဒါပေမဲ့ စိတ်ပျက်အားလျော့ဖွယ်ရာတော့ မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းတစ်ရပ်မှာ တရားဥပဒေစိုးမိုးရေး(rule of law)သာ အခိုင်အခံ့ မှန်မှန်ကန်ကန် တည်ရှိနေတယ်ဆိုရင် ဘယ်လိုမသမာမှုမျိုးဖြစ်စေ ကြာရှည်ကြာမြီ ဖုံးကွယ်ထားလို့မရဘဲ နောက်ဆုံးမှာ ဖော်ထုတ်အရေးယူခြင်းခံရမှာ အသေအချာ ဖြစ်ပါတယ်။ အမှန်တရားဟာ နောက်ဆုံးမှာ အောင်ပွဲခံရမြဲဆိုတာ ယုံကြည်စေချင်တယ်။

## လှုလှုကြီး ခံကြရ

အထက်မှာ သာဓကဆောင်ခဲ့တဲ့ နစ်ဆင်၊ ရေဂန်၊ ကလင်တန်၊ ပင်နိုချေး၊ ချွန်ဒူးဟွမ်၊ မားကို့စ်၊ ဆူဟာတို၊ သက်ဆင် တို့အားလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမှာ တရားဥပဒေရဲ့ ဒဏ်ခတ်ခြင်း၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းရဲ့ ဒဏ်ခတ်ခြင်းကို လှလှကြီးခံခဲ့ကြရတာချည်း ဖြစ်ပါတယ်။ အရေးကြီးတာက 'တရားဥပဒေစိုးမိုးရေး' အခြေခံနိုင်မြဲအောင် တည်ဆောက်ထူထောင်ထားနိုင်ဖို့သာ ဖြစ်တယ်။ ဘယ်စံနစ်မျိုး၊ ဘယ်အစိုးရမျိုးနဲ့ အုပ်ချုပ်သည်ဖြစ်စေ တရားဥပဒေစိုးမိုးရေး အခြေခံနိုင်ခဲ့တဲ့နိုင်ငံဟာ ငြိမ်းချမ်းသာယာမှုရှိပါတယ်။ လောကပါလတရား ထွန်းကားပါတယ်။

## ဥပဒေရဲ့အထိန်းအကြပ်ဖြစ်ဖို့လို

နိုင်ငံရဲ့တရားဥပဒေအပေါ် နိုင်ငံသူနိုင်ငံသားတိုင်းက ယုံကြည်မှုအပြည့်အဝရှိလာတဲ့အခါမှာ နိုင်ငံသူနိုင်ငံသားများကိုယ်တိုင်ပင်လျှင် တရားဥပဒေကို စောင့်ထိန်းသော အစောင့်အကြပ်များ ဖြစ်လာကြပါလိမ့်မယ်။ အဲဒီလို နိုင်ငံသူနိုင်ငံသားများက တရားဥပဒေရဲ့ အထိန်းအကြပ်၊ အစိုးရယန္တရားရဲ့ အထိန်းအကြပ်အဖြစ် တည်ရှိတဲ့နိုင်ငံဟာ ငြိမ်းချမ်းသာယာသော၊ စည်ပင်ဝပြောသောနိုင်ငံအဖြစ် မလွဲမသွေ ရောက်ရှိမှာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံသူနိုင်ငံသားတိုင်း တရားဥပဒေရဲ့ အထိန်းအကြပ် (guardian)အဖြစ် ရောက်ရှိအောင် ဆောင်ရွက်နိုင်တဲ့အခါမှာ အကျင့်ပျက်မသမာမှုတွေ ပပျောက်အောင် လုပ်ဆောင်နိုင်ပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါတယ်။

၁၂၊ ၁၂၊ ၂၀၀၆

BURMESE CLASSIC .com



www.burmeseclassic.com